

အဂ္ဂါဘိဝံ၊ ရွှေကျင်သာသနာပိုင်၊ သက်ရာကျော်

စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး

အား ပူဇော်သည့်

# သီတဂူ တရားပေါင်းချုပ်

သီတဂူဆရာတော်

## ဒေါက်တာ အရှင်ဉာဏိဿရ

ဟောကြားတော်မူသည်

ကိုးသွဲ့ ၇ ဆရာတော် အရှင် အာစာရာလင်္ကာရ တည်းဖြတ် ထုတ်ဝေသည်

2011.GRAPHIC DESIGN : KYAW MINN MOUNG

စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် အဂ္ဂါဘိဓေ
သက်တော်ရှည် ဆရာတော်ဘုရားကြီး၏
မွေးနေ့ပွဲများတွင် ဟောကြားအပ်သော

# ဝိဇာတမင်္ဂလာ တရားတော်များ

ဒေါက်တာ အရှင်ဉာဏိဿရ

ဟောကြားပူဇော်သည်

၂၅၅၅ ၁၃၇၃ ၂၀၁၁

အမှတ် ၂၇၇၇၂
ရက်စွဲ

# ဝိဇ္ဇာဟာ မင်္ဂလာတရားတော်များ ထုတ်ဝေမှုမှတ်တမ်း

စာမူခွင့်ပြုချက် ■ ၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀
ထုတ်ဝေသူ ■ သာသနာရေးဦးစီးဌာန
စီစဉ်သူ ■ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ
မျက်နှာဖုံးပန်းချီ ■ ကိုကျော်မင်းမောင်
မွမ်းမံပြင်ဆင် ■ မြေလတ်မင်းလွင်၊
ဖုန်း-၀၉ ၅၀ ၃၀၆၉၆
အတွင်းအပြင်အဆင် ■ ဝင်းဝင်းရွှေ
အတွင်းဖလင် ■ ပုံရိပ်ရှင်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ■ ကိုတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်
(၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
အုပ်ရေ ■ ၁၀၀၀
ထုတ်ဝေသည့်လ ■ ၂၀၁၁-ခုနှစ်၊ နိုဝင်ဘာလ
ထုတ်ဝေသည့်အကြိမ် ■ ဒုတိယအကြိမ်
တန်ဖိုး ■ ဓမ္မဒါန
ဖြန့်ချိရေး ■ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊
စစ်ကိုင်းမြို့။
■ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်
ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊
ရန်ကုန်မြို့။

# မာတိကာ


- ကိုးဘွဲ့ရဆရာတော်
  အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟင်္သာ)၏
  ကျေးဇူးကန်တော့ပန်းလွှာစာတမ်း ... ၄

၁။ အောင်မြင်ကြီးပွား ခြေလှမ်းများ
(ပထမပိုင်း) (ဒုတိယပိုင်း) ... ၇

၂။ အမြတ်ဆုံးရတနာ ကိုးကွယ်ပါ ... ၁၀၁

၃။ သံဃာ့ဂုဏ်ရည် ... ၁၆၃

၄။ ကဿပဂုဏ်ရည် ... ၁၉၅

၅။ တရားစောင့်သူတို့အကြောင်း ... ၂၇၉

၆။ ပညာရှိတစ်ဆူကို ပူဇော်ခြင်း ... ၃၆၉

၇။ မမေ့တတ်သူမှ မမေ့အပ်သူသို့ ... ၄၁၃

၈။ သီတဂူအဆိုအမိန့်များ ... ၄၃၃

ကိုးဘွဲ့ရဆရာတော်
အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟင်္သာ)၏
**ကျေးဇူးကန်တော့ပန်းလွှာစာတမ်း**

သမိုင်းပြောင်မည့်ညိုးသည့် စစ်ကိုင်းတောင်ရိုး ဆိုသည်မှာ **သာတံတိုင်း-စစ်ကိုင်းတည်** ဆိုသည်နှင့်အညီ မြန်မာနှစ် ၆၇၇ ခုနှစ်၌ စစ်ကိုင်းမြို့ကို အသင်္ချယာစောယွမ်းမင်းက စ,မတည်မီကတည်းကပင် ဘာသာ၊ သာသနာနှင့်စပ်လျဉ်း၍ ရှေးသူတော်ကောင်းတို့၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သတင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝန်း အထူးထင်ရှား ကျော်ကြားခဲ့ပါသည်။

ခေတ်အဆက်ဆက် စစ်ကိုင်းတောင်ရိုးတွင် သူတော်စင် သူတော်ကောင်းများ ကိန်းအောင်းစံပျော်တော်မူကြပြီး ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့တာဝန်များကို အားသွန်ကာ ကြိုးပမ်း၍ ထမ်းဆောင်တော်မူခဲ့ကြပါသည်။

သာသနာသုံးရပ်တွင် ပဓာနအကျဆုံး အရေးအကြီးဆုံးဖြစ်သည့် **ပရိယတ္တိ သာသနာ့တာဝန်** (စာသင်-စာချ-တရားဟော-တရားပြ- စာရေးစသည့်တာဝန်) များကို စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့်ကာ ဆရာတော်ဘုရားကြီးမှအစ ယခုလက်ရှိ ပဓာန-နာယက-စာချ-စာသင် ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရဟန်းသာမဏေများအထိ နိုင်ရာ တာဝန်ထမ်းကာ သာသနာပြုလုပ်ငန်းကြီးများကို ဆရာတပည့် စဉ်ဆက်ထမ်းရွက်လာကြသည်မှာ ယခုအခါ **(၇၅)နှစ်ပြည့် စိန်ရတုသဘင်ပွဲတော်** အခါသို့ပင် ရောက်ရှိလို့လာခဲ့ပါပြီ။

စိန်ရတုသဘင်ပွဲတော်ကြီး ကျင်းပကြဖို့ရန် စာရေးသူက စတင်၍ **နှီးဆော်တိုက်တွန်းလွှာ** စာတမ်းရေးကာ အကြံဉာဏ်ပြု တင်ပြခဲ့ပါသည်။ ရွှေဟင်္သာပဓာနနာယက ဆရာတော်နှင့် စာချဆရာတော်များ၊ ရွှေဟင်္သာနွယ်ဝင် သံဃာတော်များအားလုံးကပါ လှိုက်လှိုက်လှဲလှဲ အားရဝမ်းသာ နိုင်ရာတာဝန်ယူကာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။

အထူးသဖြင့် ကျေးဇူးရှင်သီတဂူဆရာတော်ဘုရားကြီး ဦးဆောင်စီစဉ်သဖြင့် ပို၍စည်ကား ခမ်းနား သိုက်မြိုက်ရပါသည်။ စိန်ရတုသဘင်ပွဲတော်တွင် စာရေးသူသည် ကိုယ်အား၊ ဉာဏ်အား၊ လုံ့လဝီရိယစွမ်းအား၊ စေတနာသဒ္ဓါတရား၊ ပစ္စည်းဝတ္ထုများအပြင် အောက်ပါ ၉ ချက်ကိုလည်း သီးသန့်တာဝန်ယူ ပူဇော်ပေးခွင့် ရခဲ့ပါသည်။

၁။ ရွှေဟင်္သာဆရာတော်ကြီး၏ ဘဝနှင့်စာပေ-ထေရုပ္ပတ္တိကျမ်း စာအုပ် ရိုက်နှိပ်ထုတ်ဝေပေးရန်၊

၂။ ရွှေဟင်္သာဆရာတော်ကြီးအကြောင်း တစေ့တစောင်း-ဆောင်းပါးပေါင်းချုပ် စာအုပ် ရိုက်နှိပ်ထုတ်ဝေပေးရန်၊

၃။ မဟာဝိဇ္ဇာဘွဲ့ယူ+ဒေါက်တာဘွဲ့ယူ ရွှေဟင်္သာဆရာတော်ကြီး အကြောင်း ကျမ်းစာအုပ်များ ရိုက်နှိပ် ထုတ်ဝေပေးရန်၊

၄။ ရွှေဟင်္သာထေရပူဇာ-သီတဂူတရားပေါင်းချုပ်စာအုပ်ကြီး ရိုက်နှိပ် ထုတ်ဝေပေးရန်၊

၅။ စိန်ရတုကျောက်စာ-ရေးသားပေးရန်၊

၆။ ဝတ္ထုငွေ သိန်း ၅၀-မတည်လှူဒါန်းပေးရန်၊

၇။ သံဃာအပါး(၅၀၀) ဆွမ်းလောင်းလှူဒါန်းပေးရန်၊

၈။ သီလရှင်အပါး(၅၀၀) လှူဖွယ်ဝတ္ထု လှူဒါန်းပေးရန်၊

၉။ တရားပွဲ-(၃)ည ပင့်ဆောင် ပွဲစီစဉ်နှင့် ပြက္ခဒိန်ရိုက်နှိပ် ပေးရန်။

အထက်ပါ ၉ ချက်စလုံးကို ဦးအာစာရာလင်္ကာရတစ်ပါးတည်းက (အတတ်နိုင်ဆုံး) လှူဒါန်း-ဆောင်ရွက်ပေးပါမည်ဟု ကတိပြုခဲ့ပါသည်။

မတည်ဝတ္ထုငွေ လှူဒါန်းပေးခြင်း၊ ကျမ်းစာအုပ်ကြီး (၄)အုပ် ရိုက်နှိပ်ထုတ်ဝေခြင်း၊ သံဃာတော်အပါး (၅၀၀)နှင့် သီလရှင်အပါး(၅၀၀) တို့အား ဆွမ်းလောင်းလှူဒါန်းပေးခြင်း၊ ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေပေးခြင်း စသည်တို့အတွက် စုစုပေါင်း ကုန်ကျစရိတ် ကျပ်သိန်းပေါင်း (၁၅၀) နီးပါးခန့် ဖြစ်ပါလိမ့်မည်။

အထက်ပါ ကိုယ်အား၊ ဉာဏ်အား၊ စေတနာ သဒ္ဓါတရားအား ပစ္စည်းဝတ္ထုများဖြင့် စာရေးသူအား နှစ်ပေါင်း(၃၀)ခန့် စား ဝတ် နေရေး ပညာပေးကာ လူလားမြောက်အောင် ကျွေးမွေးပြုစု စောင့်ရှောက်တော်

မှူခဲ့ပါသော ကျေးဇူးတော်ရှင် အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီးနှင့်တကွ ကျောင်းတိုက်ကြီးအား ပူဇော်ကန် တော့အပ်ပါကြောင်း ရိုသေလေးမြတ်စွာ မှတ်တမ်းပြု တင်ပြအပ်ပါသည်။

တပည့်
အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ)
ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်
၄၂–ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်။
၉–၉–၂၀၁၁၊ သောကြာနေ့။
ည (၉)နာရီတိတိ။

# အောင်မြင်ကြီးပွားခြေလှမ်းများ (ရှုင္ဋေဂါသိဂ်သုတ္တန်)
# တရားတော်

ဒေါက်တာအရှင်ဉာဏိဿရ

၁၃၅၁ ခုနှစ် သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် မဟာဓမ္မ ဗိမာန်တော်ကြီးမှာ ဆင်ယင်ကျင်းပတဲ့ ရွှေကျင်နိကာယ (၁၃)ကြိမ်မြောက် သံဃာ့အစည်းအဝေးပွဲကြီး၌ ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော

# အောင်မြင်ကြီးပွားခြေလှမ်းများ (ရှုဋ္ဌဂေါသိဂ်သုတ္တန်) တရားတော်

## တရားဖွင့်ပြီ မေတ္တာစည်

**မေတ္တာနိသာကရော လောကေ၊**

**သမ္မာ ဘာတု သုခံကရော။**

**မေတ္တာသီတလရံသီဟိ၊**

**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ၊** သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိသာကရော၊** မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်။ **သမ္မာ၊** သတ္တဝါတစ်တွေ အေးမြစေဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော၊** သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု၊** ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်၊ **မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။

**ဖုသိတာ၊** အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ၊** ကမ္ဘာ့ခေတ်ဖွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု၊** ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြာဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန် ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ဓမ္မသဘင် စတင်ပါပြီ

သာသနာတော်နှစ် ၂၅၃၃ ခုနှစ်၊ ကောဇာနှစ် ၁၃၅၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁) ရက်နေ့ည စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ် ကျောင်းတိုက်အတွင်းမှာ ဆင်ယင်ကျင်းပအပ်တဲ့ ဗုဒ္ဓသာသနာ တော်လုံးဆိုင်ရာ ရွှေကျင်နိယာက ဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ အစည်း အဝေးကြီး၌ နာယကအဖွဲ့ အစည်းအဝေးကြီးအား ပူဇော်တဲ့အနေအားဖြင့် ဆင်ယင်ကျင်းပတဲ့ ဂဏပူဇာ နိကာယပူဇာ ဓမ္မသဘင်၌ ဟောကြား အပ်သော **"မဇ္ဈိမ နိကာယ် မူလပဏ္ဏာသ ပါဠိတော်"** မှာ လာရှိသည့် **"စူဠဂေါသိင်္ဂသုတ္တန် တရားတော်"**။

ဒီ စူဠဂေါသိင်္ဂသုတ္တန် ဒေသနာတော်နဲ့ ဗုဒ္ဓသာသနာတော်လုံး ဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယကဆရာတော်ကြီးများ၊ ရွှေကျင်နိကာယ ရဋ္ဌညျမဟာနာယက (သံဃပိတာ) သံဃာ့ခမည်း တော်များ ဖြစ်တော်မူကြတဲ့ ဆရာတော်ဘုရားကြီးများ။

အထူးသဖြင့် ဒီအစည်းအဝေးကြီးကို အဘက်ဘက်က ဦးဆောင် လမ်းညွှန်မှုပြုပြီးတော့ အဆုံးအမ ဩဝါဒအရပ်ရပ်ကို အထပ်ထပ် ပေး သနားတော်မူပြီးသကာလ ချီးမြှောက်စောင့်ရှောက်တော်မူကြတဲ့ ဘုန်းကြီး တို့ရဲ့ ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး အမှူးရှိတဲ့ ဆရာတော် သံဃာတော်များနှင့်တကွ ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင် ဆရာတော်များရဲ့ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူကြတဲ့ ဂုဏ်ရည်ကို မှန်းဆပြီး ပူဇော်တဲ့အနေအားဖြင့် ဆင်ယင်ကျင်းပတဲ့ ဒီဓမ္မသဘင်မှာ -

မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်မှာ လာရှိတဲ့ စူဠဂေါသိင်္ဂသုတ္တန် ဒေသနာတော်နဲ့ ဘုန်းကြီးတို့ ဒီကနေ့ ပူဇော်ပါ့မယ်။ ဒီ စူဠဂေါသိင်္ဂသုတ္တန်ကို ကြားနာကြရတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေဟာ မြတ်စွာဘုရားရဲ့ ရွှေလက်ထက်တော်ကာလက အဂ္ဂသာဝက၊ မဟာသာဝက မထေရ်ကြီးများရဲ့ ကျင့်ထုံးနဲ့ ကျင့်သုံးတော်မူကြပုံတွေကို နှလုံးမူလိုက်နာပြီး ကျင့်သုံးဆောင်ရွက်တော်မူနေကြတဲ့ ဘုန်းကြီးတို့ ရွှေကျင်ဂိုဏ်းကြီးရဲ့ ကျင့်ထုံးကို ဒီသုတ္တန်ကနေ တစ်စိတ်တစ်ဒေသ နားလည်ပြီးတော့ ကြည်ညိုကြရအောင်ပါ။

## ရွေးချယ်စရာ သုတ္တန်မှာ

ဂေါသိင်္ဂသုတ္တန်ဟာ -

၁။ **စူဠဂေါသိင်္ဂသုတ္တန်နဲ့**

၂။ **မဟာဂေါသိင်္ဂသုတ္တန်** ရယ်လို့ သုတ္တန်နှစ်ခု ရှိပါတယ်။ ဒီကနေ့မှာတော့ ဘုန်းကြီးတို့ စူဠဂေါသင်္ဂသုတ္တန်ကို ဟောဖို့ စီစဉ်ထားပါတယ်။

ဒီကနေ့ညမှာ တစ်ပိုင်း၊ မနက်ဖြန်ညမှာ တစ်ပိုင်း ဆိုပြီးတော့ နှစ်ပိုင်းခွဲကာ ဆရာတော်ဘုရားကြီးတွေရဲ့ ဂုဏ်ရည်ကို ရည်မှန်းပြီး ပူဇော်ကြရအောင်ပါ။

**"ဂေါသိင်္ဂ"** ဆိုတဲ့ စကားလုံးဟာ "နွားဦးချို" လို့ အဓိပ္ပာယ်ရတယ်။ ဝဇ္ဇီတိုင်း လိစ္ဆဝီမင်းတို့ရဲ့ နယ်ပယ် ဝေသာလီမြို့တော်နဲ့ တော်တော်လေး ဝေးတဲ့နေရာမှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာရဲ့ နာမည်ကို **"နာတိက"** ရွာလို့ ခေါ်တယ်။

တောင်တန်းကြီး နှစ်ခုကြားကနေ ရေတွေက ထိုးပြီးတော့ စီးဆင်းလာတာ။ အဲဒီ တောင်တန်းကြီးနှစ်ခုရဲ့ ထိပ်ကနေ ပိတ်လိုက်တဲ့အခါ

ဆည်ကြီးတစ်ခု ရလိုက်တယ်။ အဲဒါမျိုးကို ရှေးဟောင်းမြန်မာစကားမှာ **တစ်ဘက်ဆည်ကန်** လို့ ခေါ်ရတယ်။

အဲဒီ ဆည်ကြီးရဲ့ထိပ်နားမှာ ရှေးတုန်းက တောင်ကျရေတွေ စီးဆင်းသွားတဲ့ ချောင်းတွေ၊ မြောင်းတွေ ရှိမှာပေါ့။ ဆည်ကြီး မတည်ဆောက်ခင်ကတော့ တောင်ကျရေတွေ ဒီလိုပဲ စီးဆင်းလာကြတဲ့နေရာ ချောင်းတွေ၊ မြောင်းတွေ၊ စမ်းချောင်းတွေ ဆိုပါတော့။

နောက် အဲဒါတွေကို စနစ်တကျ ဆည်ကြီးတစ်ခု တည်ဆောက်လိုက်တော့ ရေတွေစီးဆင်းစရာ မရှိတော့ဘူး။ စနစ်ကျတဲ့ ရေမြောင်းကြီးတွေ ဖြစ်လာကြတယ်။ အဲဒီ ရေမြောင်းတွေကို "**မာတိကာ**" လို့ ခေါ်တယ်။ "**နာတိကာ**"လို့လည်း ခေါ်ရတယ်။ ရေသွယ်မြောင်း ဆိုပါတော့။

ဆည်ကထွက်တဲ့ ရေတွေကို စိုက်ဖို့၊ ပျိုးဖို့ သွယ်ယူတဲ့ ရေမြောင်းတွေကို **နာတိကာ**။

အဲဒီ ရေမြောင်းတွေရဲ့ အကြားမှာ တည်ဆောက်တဲ့ရွာကိုလည်းပဲ **နာတိကာရွာ** လို့ပဲ ခေါ်ကြတယ်။ အဲဒီ နာတိကာရွာ အနီးနားလေးမှာ ဝဇ္ဇီတိုင်းသားတွေက ဘုရားရှင် ကြွတော်မူလာတဲ့အခါ တည်းခိုဖို့ နားနေဖို့ ဆိုပြီးတော့ ကျောင်းတိုက်ကြီးတွေ တည်ဆောက်ပေးထားကြတယ်။

ခြူးပန်း၊ ခြူးခက်တွေ၊ စုလစ်မွန်းချွန်တွေ၊ အထွဋ်တွေ တပ်ဆင်ပြီးတော့ ခြင်္သေ့၊ သစ်၊ ကျား စတဲ့ သားရဲရုပ်တွေ ဘာတွေနဲ့ အလှဆင်ပြီးတော့ တည်ဆောက်ထားတဲ့ အလွန်တရာ ကြီးကျယ်ခံ့ညားတဲ့ အုတ်တိုက်ကျောင်းကြီးပေါ့။ အဲဒီ အုတ်တိုက်ကျောင်းကြီးကို ပါဠိလို **ဂိဉ္စကာ ဝသထ** လို့ ခေါ်တယ်။

## သမင်ပေါတဲ့ ဘေးမဲ့တော

ဝဇ္ဇီတိုင်း နာတိကာရွာနားက အုတ်တိုက်ကျောင်းကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေစဉ်တုန်းမှာ -

အဲဒီ နာတိကာရွာရဲ့ အစွန်အဖျား တစ်ဖက်နား တောစပ်တစ်နေရာမှာ ဝဇ္ဇီတိုင်းသား လူအများဟာ အထူးသဖြင့် ဝဇ္ဇီမင်းတွေ စိုက်ပျိုးပြီး စောင့်ထိန်းထားကြတဲ့ ဥယျာဉ်ကြီးတစ်ခုလည်း ရှိနေသေးတယ်။ အင်ကြင်း

တောကြီးပေါ့။ အင်ကြင်းဥယျာဉ်ကြီးပေါ့။ ပါဠိလို "**သာလဝန**" လို့ ခေါ်တယ်။

အဲဒီ အင်ကြင်းဥယျာဉ်ကြီးဟာ ဝန္ဒိမင်းတွေ အပန်းဖြေကြတဲ့နေရာလည်း ဖြစ်တယ်။ ပျော်ပွဲစားထွက်တဲ့ နေရာလည်းဖြစ်တယ်။ သာယာကြည်နူးမှုကို ရယူလိုတဲ့သူတွေ အပန်းဖြေလှည့်လည်ပြီးသွားကြဖို့ နေရာလည်း ဖြစ်တယ်ပေါ့လေ။

အဲဒီ တောထဲက ဥယျာဉ်ကြီးထဲမှာ သားကောင်တွေကိုလည်း ဘေးမဲ့ ပေးထားတယ်။ ငှက်တွေကိုလည်း ဘေးမဲ့ပေးထားတယ်။ ရေကန်ကြီးတွေ တူးပြီးတော့ ရေထဲက ငါးတွေကိုလည်း ဘေးမဲ့ပေးထားတယ်။

အဲဒီ အင်ကြင်းတောကြီးထဲမှာ အင်ကြင်းပင်ကြီးတစ်ပင်ဟာ မြေကြီးထဲကနေ ထောင်ပြီးတော့ ပေါက်နေလိုက်တာ မြေပေါ်တော်တော်လေး ရောက်နေတဲ့နေရာမှာ အခွကြီး နှစ်ခွဖြစ်ပြီး ကောင်းကင်ကို ထောင်တက် သွားလိုက်တာ နွားဦးချိုကြီး နှစ်ခုလိုပဲ။ အင်ကြင်းပင်ကြီးရဲ့ ပင်စည်ကြီးဟာ နွားချိုလို ဖြစ်နေတာ။

အဲဒါကြောင့် နွားချိုနဲ့တူတဲ့ အင်ကြင်းပင်ကြီးကို **ဂေါသိင်္ဂ** အင်ကြင်းပင်လို့ ခေါ်ကြတယ်။ အဲဒီ အင်ကြင်းပင်ကြီးရှိရာ ဥယျာဉ်ကြီးကိုလည်း **ဂေါသိင်္ဂအင်ကြင်းဥယျာဉ်** လို့ပဲ ခေါ်ကြတယ်။

အဲဒီ ဂေါသိင်္ဂအင်ကြင်းတော ဥယျာဉ်ကြီးထဲမှာ-

၁။ အရှင်အနုရုဒ္ဓါရယ်၊

၂။ အရှင်နန္ဒိယရယ်၊

၃။ အရှင်ကိမိလရယ် -

ဆိုပြီးတော့ ရဟန္တာအရှင်မြတ် သုံးပါး သီတင်းသုံးနေတော်မူကြတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့ ဟို နာတိကရွာနားက အုတ်ကျောင်းတိုက်ကြီးမှာ ကိန်းအောင်းတော်မူနေတယ်။

အဲဒီအချိန်မှာ အခု ဘုန်းကြီးတို့ဟောပြမယ့် စူဠဂေါသိင်္ဂသုတ္တန်နဲ့ မဟာဂေါသိင်္ဂသုတ္တန် ဆိုတဲ့ သုတ္တန်ကြီး နှစ်ခုဟာ ဒီနေရာမှာ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒါဟာ သုတ္တန်ကြီးဖြစ်ပေါ်ရာ မှတ်တမ်းသမိုင်း အကျဉ်းချုပ်ပေါ့။ အဲဒါကို ပါဠိတော်မှာ မှတ်တမ်းထိုးတဲ့အခါကျတော့ -

**"ဧကံ သမယံ ဘဂဝါ နာတိကေ ဝိဟရတိ ဂိဉ္ဇကာဝသထေ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**ဧကံ သမယံ**၊ အခါတစ်ပါးမှာ။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ (ပါဠိတော်မှာ ဘယ်တိုင်းရယ်လို့ မဖော်ပြထားပေမယ့် အဋ္ဌကထာက) **ဝဇ္ဇီသု**၊ ဝဇ္ဇီတိုင်းတို့၌။

**နာတိကေ**၊ နာတိက ဆိုတဲ့ ရွာကြီးမှာ။ **ဂိဥ္ဇကာဝ သထေ**၊ အုတ်ကျောင်းတိုက်တော်ကြီးမှာ။ **မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ**၊ များစွာသော ရဟန်းအပေါင်းတို့နှင့် အတူတကွ။ **ဝိဟရတိ**၊ လျောင်းထိုင်ရပ်သွား လေးပါးဣရိယာ သာယာရွှင်ပျော် သီတင်းသုံး နေထိုင်တော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## မထေရ် သုံးဖော် ရွှင်ပျော်ပျော်

ဂူဋ္ဌဂေါသိင်္ဂသုတ္တန် ဒေသနာတော် ဖြစ်ပေါ်တဲ့အချိန်တုန်းက ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝဇ္ဇီတိုင်း နာတိကဆိုတဲ့ ရွာကြီးမှာ အဲဒီ နာတိကရွာက ရွာသူ ရွာသားတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ အုတ်ကျောင်းတိုက်ကြီးမှာ သံဃာတော်ပေါင်း မြောက်မြားစွာခြံရံပြီး ကိန်းအောင်မွေ့လျော် ပျော်တော်မူနေတုန်းမှာ ဟို... ဂေါသိင်္ဂ အင်ကြင်းတောကြီးထဲမှာ သံဃာ ဘယ်နှပါးရှိသလဲ။

"သုံးပါးရှိပါတယ် ဘုရား"

"ဘယ်သူတွေ ဘယ်သူတွေလဲ"

"အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ပါ ဘုရား"

"အဲဒီအချိန် ဘုရားရှင် သီတင်းသုံးနေတော်မူတာကရော ဘာရွာပါလဲ"

"နာတိကာရွာပါ ဘုရား"

"ရွှေဟင်္သာတိုက်သစ်များလား နော်"

**"တေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော ဂေါသိင်္ဂသာလဝနဒါယေ ဝိဟရန္တိ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**အထခေါ**၊ အဲဒီလို မြတ်စွာဘုရား ဝဇ္ဇီတိုင်း နာတိကာရွာ အုတ်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေတော်မူတဲ့အခိုက်မှာ။ **အာယသ္မာ စ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးသည်လည်းကောင်း။ **အာယသ္မာ စ နန္ဒိယော**၊ အရှင်နန္ဒိယ မထေရ်မြတ်ကြီးသည်လည်းကောင်း။ **အာယသ္မာ စ ကိမိလော**၊ အရှင်ကိမိလ မထေရ်မြတ်ကြီးသည်လည်းကောင်း။ (**ဉာတိ**၊ ဤသို့လျှင်။ **တယော ကုလပုတ္တာ**၊ သုံးပါးကုန်သော အမျိုးကောင်းသားကြီးတို့သည်။) **ဂေါသိင်္ဂသာလဝနဒါယေ**၊ ဂေါသိင်္ဂလို့ခေါ်တဲ့ အင်ကြင်းတောကြီးထဲမှာ။ **ဝိဟရန္တိ**၊ ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးစံပျော်နေတော်မူကြလေကုန်သတည်း

သာဓု - သာဓု - သာဓုပါ ဘုရား။

## လိစ္ဆဝီလူမျိုး ရှာပုံတော်

အင်ကြင်းပင်ကြီးတစ်ပင်ဟာ အခက်အခွ နှစ်ခွထွက်ပြီး နွားဦးချိုကြီးလို အထက်ကို ထောင်တက်သွားတဲ့အတွက်ကြောင့် နွားဦးချိုအသွင် အင်ကြင်းပင်ကြီး ဖြစ်နေတယ်။

တခြားသစ်ပင်တွေ၊ အင်ကြင်းပင်တွေလည်း တစ်တောလုံးမှာ များစွာပဲ ရှိနေသေးတာပေါ့လေ။ ဒါပေမဲ့ ဒီ အင်ကြင်းပင်ကြီးက အလွန်ထူးခြားတဲ့အတွက်ကြောင့် **ဂေါသိင်္ဂ** လို့ ခေါ်ရကြောင်းကို ဘုန်းကြီးတို့ပြောပြခဲ့ပြီးပြီ။

အဲဒီတောထဲမှာ ရှိနေတဲ့ သားကောင်တွေ အကုန်လုံးကို အစာကျွေးပြီး ဘေးမဲ့ပေး မွေးထားတဲ့အတွက်ကြောင့်လည်းပဲ **မိဂဒါယ** လို့ခေါ်နိုင်ပြန်တယ်။ သားကောင်တွေတင်ပဲ ဘေးမဲ့ပေးထားတာလား။ ရေကန်ထဲက ငါးတွေရော မပါဘူးလား။ ကောင်းကင်က ငှက်တွေရော မပါဘူးလား။ မြေပေါ်က၊ ရေထဲက၊ ကောင်းကင်က သားတွေ၊ ငါးတွေ၊ ငှက်တွေအားလုံးကို ဘေးမဲ့ပေးပြီး မွေးထားတဲ့အတွက်ကြောင့် အဲဒါ အင်ကြင်းတောကို **မိဂဒါယ** လို့ ခေါ်ရတယ်။

အေး... အဲဒါ ဘယ်သူတွေ မွေးထားတာလဲဆိုတော့ ဝဇ္ဇီလူမျိုးတွေတဲ့။ (ပရိသတ်ရေ) ပြော... ဘယ်လူမျိုးတွေလဲ။

''ဝဇ္ဇီလူမျိုးတွေပါ ဘုရား''

ဝဇ္ဇီတိုင်းဆိုတော့ ဝဇ္ဇီလူမျိုးတွေလို့ပဲ ပြောရမှာပေါ့။ ဒါပေမယ့် ဝဇ္ဇီတိုင်းမှာ ထင်ရှားတာက လိစ္ဆဝီလူမျိုးဆိုတာ အထင်ရှားဆုံးပဲ။ ဝဇ္ဇီတိုင်းက လိစ္ဆဝီလူမျိုးတွေ မွေးထားတာဆိုကြပါစို့။

ရှမ်းပြည်ဆိုတော့ ရှမ်းလူမျိုးအများစု ထင်ရှားတာကိုပြောတာ။ ဒါပေ မယ့် ရှမ်းပြည်မှာ ရှမ်းလူမျိုးတွေအပြင် ပအို့ဝ်တွေ၊ ပလောင်တွေ အများကြီး ရှိသေးတယ်။ ချင်းပြည်ဆိုရင်လည်း ထင်ရှားတာကတော့ ချင်းပဲ။ ဒါပေမဲ့ တခြားလူမျိုးတွေလည်း အများကြီးရှိသေးတယ်။ နာဂ လူမျိုးတို့၊ ဘာတို့ရှိလိမ့်ဦးမယ်။ ဒီလိုပါပဲ ဝဇ္ဇီတိုင်း လိစ္ဆဝီလူမျိုးလို့ ပြောပေမယ့် တခြားလူမျိုးတွေလည်း ရှိနေဦးမယ်ဆိုတာ သေချာပေါက် မှတ်ထားလိုက်ပေါ့ ဟုတ်လား။ ယုံရဲ့လား။ မယုံရင် ကိုယ့်ဘာသာကိုယ် သွားကြည့်ကြပေါ့။

ဘုန်းကြီးကတော့ သွားကြည့်ခဲ့ပြီးပြီ။

"မင်းတို့ လိစ္ဆဝီလူမျိုးလား" ဆိုတော့...

"အို... ကျုပ်တို့ လိစ္ဆဝီဆိုတာ ကြားတောင် မကြားဖူးဘူး"တဲ့။ (ရယ်သံများ)

ပရိသတ်ရေ... ဒီကနေ့မှာတော့ ဝဇ္ဇီတွေ၊ လိစ္ဆဝီတွေ ဘယ်ရောက်ကုန်ကြမှန်း မသိတော့ဘူး။ အခုရှိနေတဲ့သူတွေက သူတို့ကြားတောင် မကြားဖူးဘူးတဲ့လေ။

## ဥယျာဉ်စောင့်ရဲ့ တာဝန် (၃)ရပ်

အရှင်အနုရုဒ္ဓါက တစ်ပါးနေ ကျောင်းငယ်လေးတစ်ကျောင်း၊ အရှင်နန္ဒိယက တစ်ပါးနေ ကျောင်းငယ်လေးတစ်ကျောင်း၊ အရှင်ကိမိလက တစ်ပါးနေ ကျောင်းငယ်လေးတစ်ကျောင်း ဆိုပြီးတော့ တစ်ပါးတစ်ကျောင်း၊ တစ်ပါးတစ်ကျောင်း ကိန်းအောင်းပြီး ဧကစာကျင့်သုံးရင်း အဲဒီ ဝဇ္ဇီတိုင်း နာတိကရွာနား ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ သီတင်းသုံးနေတော်မူကြတယ်။

အဲဒီတောထဲမှာ သားကောင်တွေလည်းရှိတယ်။ ငှက်တွေလည်း ရှိတယ်။ ငါးတွေလည်း ရှိတယ်။ အဲဒီ သတ္တဝါတွေအားလုံး ဘေးမဲ့ဖြစ်စေဖို့ ဆိုပြီးတော့ မင်းတွေက ဥယျာဉ်ကြီးကို လုံခြုံအောင်ကာရံ၊ စည်းရိုးတွေ

ခတ်ပြီး ဝင်ပေါက်တွေ၊ ထွက်ပေါက်တွေနဲ့ စနစ်တကျထားတယ်။ အဲဒီ ဥယျာဉ်ရဲ့ ဝင်ပေါက်မှာ အစောင့်အရှောက်တွေရှိတယ်။

"အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ ဆိုတဲ့ မထေရ်မြတ်ကြီးသုံးပါး ဒီဥယျာဉ်ထဲမှာ ချမ်းချမ်းသာသာ နေကြပါစေ၊ သားကောင်ကို ပစ်ခတ်မယ့် မုဆိုး စတာတွေ၊ ဟင်းသီးဟင်းရွက်ကို ခူးမယ့် တောသူတောင်သားတွေလည်း ဝင်ရောက်လို့ မနှောင့်ယှက်ကြပါစေနဲ့" လို့ ဒီလိုရည်ရွယ်ချက်မျိုးတွေနဲ့ ဥယျာဉ်ကြီးကို အစောင့်ထားပေးရတာ။

ဥယျာဉ်ကြီးထဲဝင်ပြီး သားကောင်တွေ ပစ်ခတ် သတ်ဖြတ်မယ့်ဘေးရန်တွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ပန်းမာလ်တွေခူးပြီး အရှင်မြတ်တွေ သမာဓိပျက်အောင်လုပ်မယ့်သူတွေရဲ့ ရန်ကနေ ကာကွယ်တားဆီးဖို့ အစောင့်ထားရတယ်။

ဘုန်းကြီးတို့ သီတဂူ အာယုဒါန ဆေးရုံတော်မှာ ဥယျာဉ်တွေ တည်ဆောက်တော့ စောင့်ရှောက်ရတဲ့ တာဝန်တွေက အတော့်ကိုမလွယ်လှဘူး။ ဒါတောင် အုတ်တံတိုင်းပေါ်ကနေ ဝုန်းခနဲ ခုန်ချပြီး ဝင်လာတဲ့သူက အတော်များများ ရှိနေသေးတာ။ **ဒါယပါလ** ဥယျာဉ်စောင့်ရဲ့ တာဝန်ဟာ တော်တော် အရေးကြီးတယ်။

၁။ ဥယျာဉ်ကြီး မပျက်စီးစေဖို့။

၂။ သားကောင်တွေကို မဖမ်းဆီး၊ မသတ်ဖြတ်နိုင်စေဖို့။

၃။ မထေရ်မြတ်ကြီး သုံးပါး တရားနှလုံး ကျင့်သုံးတော်မူနေကြရာမှာ အထူးသဖြင့် သမာဓိကို ပျက်စေတဲ့ အနှောင့်အယှက် မဖြစ်စေဖို့။

ဆိုတဲ့ ရည်ရွယ်ချက် သုံးမျိုးနဲ့ လိစ္ဆဝီမင်းတွေက ဥယျာဉ်ကြီးရဲ့ အပေါက်ဝမှာ အစောင့်ချထားပေးတယ်။ အဲဒီ ဥယျာဉ်စောင့်ကို ပါဠိလို "**ဒါယပါလ**" လို့ ခေါ်ရတယ်။ **ဒါယ**-ဆိုတဲ့ပုဒ်ဟာ **တောလို့လည်း အဓိပ္ပာယ်ရတယ်။ ဥယျာဉ်လို့လည်း** အဓိပ္ပာယ်ရတယ်။ ဒါကြောင့် တောဥယျာဉ်စောင့်ကို **ဒါယပါလ** လို့ ဒီနေရာမှာသုံးတယ်။

တခြားသုတ္တန် တခြားနေရာတွေမှာတော့ **ဥယျာနပါလ** လို့ **သုံးတတ်တယ်။** ဒီသုတ္တန်ကျမှ "ဒါယပါလ" လို့ လာသုံးထားတယ်။ **အဓိပ္ပာယ်ကတော့** အတူတူပဲ။

## သာကီဝင် ညီနောင်တို့ရဲ့ ရှင်ပြုပွဲ

အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ ဆိုတာတွေက သာကီဝင်မင်းမျိုးကနေ ရဟန်းပြုလာကြတဲ့သူတွေ။ သကျသာကီဝင်မင်းမျိုးမင်းနွယ်တွေ၊ သာမန်အမျိုး မဟုတ်ကြဘူး။ ဘုရားမြတ်စွာ ကပိလဝတ်ရွှေမြို့တော်ကို ပထမတစ်ခေါက် ရောက်တုန်းက ကပိလဝတ်နန်းတော်ကနေပြန်လည်ထွက်ခွာပြီး "အနုပိယ" သရက်တောမှာ သီတင်းသုံးနေတော်မူတုန်း...

၁။ အနုရုဒ္ဓါ မင်းသားရယ်၊

၂။ နန္ဒိယ မင်းသားရယ်၊

၃။ ကိမိလ မင်းသားရယ်၊

၄။ ဘဒ္ဒိယ မင်းသားရယ်၊

၅။ အာနန္ဒ မင်းသားရယ်၊

၆။ ဒေဝဒတ္တ မင်းသားရယ်၊

၇။ ဥပါလိ ဆတ္တာသည်ရယ်-

ဆိုပြီး စုစုပေါင်း ခုနစ်ယောက် ဘုရားထံမှာ ရဟန်းပြုခဲ့ကြတယ်။ ရဟန်းပြုတုန်းကတော့ ဒီခုနစ်ယောက် အတူတူပဲ။

ဒီအထဲမှာ ရှေ့ခြောက်ယောက်က သကျသာကီဝင် မင်းမျိုးမင်းနွယ်တွေချည်းပဲ။ ဥပါလိ ဆတ္တာသည်ကသာ အဲဒီ မင်းသားတွေရဲ့ ဆံပင်ရိတ်၊ မုတ်ဆိတ်ရိတ်၊ နှုတ်ခမ်းမွေးသ၊ ခန္ဓာကိုယ်သန့်ရှင်းပေး။ ဒီလိုအလုပ်မျိုးတွေ လုပ်ရတာဆိုတော့ အလုပ်အကျွေးမျိုးဆိုပြီး သူတို့ခေတ်သုံးနဲ့ ပြောရရင်တော့ ညံ့သလိုလိုတော့ရှိတာပေါ့။

အဲဒီ မင်းသားခြောက်ယောက် ရဟန်းပြုကြတော့မယ်ကြဲတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်။

"မြတ်စွာဘုရား... တပည့်တော်တို့ မင်းမျိုးမင်းနွယ်တွေ ဆိုတာဟာ အလွန် မာန်မာနကြီးကြပါတယ် ဘုရား။ တပည့်တော်တို့ တစ်သက်လုံး ဥပါလိဆတ္တာသည်ကို ခိုင်းလာခဲ့ကြတာ။ အခု ရဟန်းပြုတဲ့အခါမှာလည်း သူသာ နောက်မှ ရဟန်းပြုရင် တပည့်တော်တို့ကို ဆက်လက်ပြုစုနေရပါဦးတော့မယ် ဘုရား။ ဒါကြောင့် အလွန်ကြီးမားတဲ့ တပည့်တော်တို့ရဲ့ မာန်မာနတွေကို ကျစေရအောင် ဥပါလိကို အရင် ရဟန်းပြုပေးပါဘုရား။

သူ ရဟန်းပြုပြီးတော့မှ တပည့်တော်တို့ ရဟန်းပြုကြပါမယ် ဘုရား” တဲ့။

ဒီလိုနဲ့ ဆတ္တာသည် ဥပါလိဟာ အရင်ရဟန်းပြုခွင့် ရလိုက်တဲ့ အတွက်ကြောင့် သူက အားလုံးထက် သိက္ခာ, ဝါကြီးသွားတယ်။ ဟို သာကီဝင်မင်းသားခြောက်ယောက်က နောက်မှ ရဟန်းပြုကြတာဆိုတော့ ရဟန်းသိက္ခာ သူ့ထက် ငယ်ကြတယ်။ ဒါကြောင့် နောက်မှ ရဟန်းပြုလို့ ရဟန်းသိက္ခာ ငယ်သူတွေက ရဟန်းသိက္ခာကြီးသူကို ဘာလုပ်ရမလဲ။ ရှိခိုးရမယ်။ လုပ်ကျွေးရမယ်၊ အရိုအသေ ပေးရမယ်။

ရဟန်းလည်း ဖြစ်လာကြရော ဒီ အရှင်အနုရုဒ္ဓါ၊ နန္ဒိယ၊ ကိမိလ၊ အာနန္ဒာ၊ ဒေဝဒတ္တ အားလုံးတို့ဟာ အရှင်ဥပါလိ မထေရ်ကြီးကို ရဟန်း သိက္ခာ ကြီးတဲ့အတွက်ကြောင့် ရှိခိုးကြရတယ်။ အရိုအသေ ပေးကြရတယ်။ အဲဒါမှ မင်းမာန်ကျတယ်တဲ့နော်။ ဒါဟာ ရှေးထုံးရှေးနည်းပါပဲ။ ဟုတ်လား။

အဲဒီလို ရဟန်းပြုလာကြတဲ့ ပုဂ္ဂိုလ် ခုနစ်ယောက်ထဲက ဒီသုတ္တန်နဲ့ သက်ဆိုင်တာက မထေရ်ကြီးသုံးပါးပဲ။ အဲဒီအထဲမှာ...

၁။ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက ဒိဗ္ဗစက္ခုတေဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီး ဖြစ်တယ်။

၂။ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ကတော့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်ကြီးတွေ ဖြစ်လာကြတယ်။

ဒီ မထေရ်ကြီးသုံးပါးဟာ ဂေါသင်္ဂ အင်ကြင်းတောထဲမှာ တစ်ပါး တစ်ကျောင်း တစ်ပါးတစ်ကျောင်း ကိန်းအောင်း သီတင်းသုံးနေတော်မူ ကြတာ။ အဲဒါကို ဟို- ဝဇ္ဇီတိုင်းမှာရှိတဲ့ လိစ္ဆဝီမင်းမျိုးတွေက “သာကီဝင် မင်းမျိုးကနေ ရဟန်းပြုလာကြတဲ့ ဒီရဟန်းတော် သုံးပါးဟာ မင်းမျိုးမို့လည်း ရိုရိုသေသေ လေးလေးစားစား၊ ရဟန်းဖြစ်လို့လည်း ရိုရိုသေသေ လေးလေး စားစားပေါ့။

ကိုင်း... တောထဲမှာ ချမ်းချမ်းသာသာ နေကြရပါစေ၊ တို့များ တာဝန်ယူ စောင့်ရှောက်ကြမယ်” ဆိုပြီးတော့ လိစ္ဆဝီတွေက ဥယျာဉ် စောင့်ပါ ချပြီးတော့ အစောင့်ချပေးထားတာ။ အဲဒီ ဥယျာဉ်စောင့်ကို **ဒါယပါလ** လို့ ခေါ်တယ်။ အဒီ အစောင့်အရှောက်တွေ ပေးထားတာမျိုးကို တခြားသုတ္တန်တွေမှာ ဘယ်လိုပြောတုန်းဆိုတော့...

"ဓမ္မိကံ ရက္ခာ ဝရဏ ဂုတ္တိံ"

ပရိသတ်ရေ...

၁။ **ဓမ္မိက ရက္ခ** = တရားနှင့်လျော်ညီတဲ့ စောင့်ရှောက်မှုရယ်၊

၂။ **ဓမ္မိက အာဝရဏ**= တရားနှင့်လျော်ညီတဲ့ တားမြစ်မှုရယ်၊

၃။ **ဓမ္မိက ဂုတ္တိံ** = တရားနှင့် လျော်ညီတဲ့ လုံခြုံမှုရယ်။

ဒီသုံးချက်ကို လိစ္ဆဝီမင်းတွေက တာဝန်ယူပေးထားတာနော်။

"ဟော့... ဒီဥယျာဉ်ထဲကို ဟင်းရွက်ခူးတဲ့သူတွေ မလာကြနဲ့၊ ထင်းခွေတဲ့သူတွေ မလာကြနဲ့၊ သားကောင်ကို သတ်ဖြတ်မယ့်သူတွေ မလာကြနဲ့" ဆိုပြီးတော့ ခြံစည်းရိုးတွေကာ၊ ဂိတ်တွေ၊ တံခါးတွေတပ်၊ အစောင့်တွေချထား၊ ဟုတ်လား။ အဲဒီလိုနော်။

"မထေရ်မြတ်ကြီးသုံးပါး သားကောင်တွေကြောင့် အန္တရာယ် မဖြစ်ကြပါစေနဲ့၊ တောထဲက လူဆိုးဓားပြတွေကြောင့် အသက်အန္တရာယ် မဖြစ်ကြပါစေနဲ့၊ ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူး၊ သားကောင်ပစ် မုဆိုးတွေကြောင့် အရှင်မြတ်တွေ သမာဓိပျက်ပြားမှု မရှိကြပါစေနဲ့" ဆိုပြီးတော့ ဝဇ္ဇီတိုင်းက လိစ္ဆဝီမင်းတွေက အစောင့်ချထားကြတာ။ အဲဒါကြောင့်...

**အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော၊** အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ ဆိုတဲ့ ဒီမထေရ်ကြီးသုံးပါးတို့သည်။ **ဂေါသိင်္ဂသာလဝနေ ဒါယေ (မိဂဒါယေ)၊** ဂေါသိင်္ဂအင်ကြင်းဆိုတဲ့ သားသမင်အပေါင်းကို ဘေးမဲ့ပေးပြီး ကျွေးမွေးစောင့်ရှောက်ရာ အင်ကြင်းဥယျာဉ်ကြီးထဲ၌။ **ဝိဟရန္တိ၊** ဣရိယာပထလေးလီ မျှညီရှင်ပြုံး သီတင်းသုံး နေတော်မူကြလေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တစ်နေ့ ခြောက်ခါ ကြည့်တဲ့အခါ

ဘုရားမြတ်စွာက နာတိကရွာ အုတ်ကျောင်းတိုက်မှာ မထေရ်မြတ်သုံးပါးက ဂေါသိင်္ဂအင်ကြင်းတော ဥယျာဉ်ထဲက တစ်ပါးနေ ကျောင်းလေးတွေမှာ မျှတစ်ပျော် သီတင်းသုံးနေတော်မူနေကြတုန်း...

"**အထခေါ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဂေါသိင်္ဂသာလဝနဒါယော တေနုပသင်္ကမိ**"

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**အထခေါ**၊ ထိုအခါ။ **ဘဂဝါ**၊ ဘုရားမြတ်စွာသည်။ **သာယန္ဟသမယံ**၊ ညနေချမ်းကာလမှာ။ **ပဋိသလ္လာနာ**၊ တစ်ပါးတည်း ကိန်းအောင်းတော်မူရာ ကျောင်းငယ်မှ။ **ဝုဋ္ဌိတော**၊ ထတော်မူလာခဲ့၍။

တစ်ခုသော ညနေချမ်းကာလ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ တစ်ပါးတည်း ကိန်းအောင်းတော်မူရာ၊ ဖလသမာပတ် ဝင်စားတော်မူရာ ကျောင်းငယ်မှ ထတော်မူလာခဲ့တယ်။

နေ့လယ်အချိန် ဘုရားရှင်ကိုယ်တော်မြတ်ဟာ အရပ်ရှစ်မျက်နှာက ရောက်လာကြတဲ့ ဒကာ၊ ဒကာမအပေါင်းတွေကို တရားဒေသနာ ဟောပြောပြီးတော့ ညနေချမ်းကာလမှာ နေမြဲကျောင်းငယ်ကလေးမှာ နားနေတော်မူလို့ ညနေစောင်း အညောင်းပြေ အညာပြေ အပန်းဖြေပြီးတဲ့အခါ အရပ်ရှစ်မျက်နှာကို၊ အရပ်ဆယ်မျက်နှာကို ဉာဏ်တော်နဲ့ ကြည့်တော်မူတယ်။

နေ့စဉ် နေ့စဉ် ဘုရားရှင်ဟာ လောကကို စောင့်ရှောက်ဖို့ တစ်နေ့ ခြောက်ကြိမ်တိုင်တိုင် ကြည့်တော်မူတယ်။

ပရိသတ်ရေ...

၁။ နေထွက် တစ်ကြိမ်၊

၂။ နေမွန်းတည့် တစ်ကြိမ်၊

၃။ နေဝင် တစ်ကြိမ်၊

၄။ ညဉ့်ဦးယံ တစ်ကြိမ်၊

၅။ သန်းခေါင်ယံ တစ်ကြိမ်၊

၆။ မိုးသောက်ယံ တစ်ကြိမ်။

လို့ တစ်နေ့မှာ ခြောက်ကြိမ်တိတိ ကြည့်တော်မူတယ်။ အဲဒီနေ့ နေဝင်ခါနီး တစ်ပါးနေ ကျောင်းလေးထဲကနေ "ဒီကနေ့ ငါ ဘယ်သတ္တဝါကို ချီးမြှောက်ရပါ့မလဲ" လို့ ကြည့်လိုက်တော့ ဂေါသိင်္ဂ အင်ကြင်းတောထဲမှာ သီတင်းသုံးနေတော်မူကြတဲ့ မထေရ်ကြီး သုံးပါးကို မြင်တော်မူတယ်။

၂၇၇၃၂

မထေရ်ကြီး သုံးပါးရဲ့ ထူးထူးခြားခြား သီတင်းသုံးနေကြပုံကို မြတ်စွာဘုရား မြင်တော်မူတော့...

"ဩော်... ဒီမထေရ်ကြီး သုံးပါး သီတင်းသုံးနေကြပုံဟာ ထူးခြားလွန်းလို့ နောင်လာနောက်သားတွေ သာသနာကို ကြည်ညိုသူ အပေါင်းတွေ အတုယူဖွယ် ဖြစ်ပေတယ်။ ဒါကြောင့် ဒီမထေရ်မြတ်ကြီး သုံးပါးကို ချီးမြှောက်ခြင်းဟာ အနာဂတ်သာသနာကို ချီးမြှောက်တာနဲ့ အတူတူပဲ။ ဒါကြောင့် အနာဂတ်သာသနာကို ချီးမြှောက်ဖို့ရာ ငါဘုရား ကြွတော်မူမယ်" ဆိုပြီးတော့ (ပရိသတ်ရေ) မြတ်စွာဘုရား ကြွတော် မူမယ်နော်။ ဘယ်ကို ကြွမှာပါလဲ။

"ဂေါသိင်္ဂ အင်ကြင်းတောကို ကြွမှာပါဘုရား"

အေး... ဒီကနေ့မှာလည်း မြန်မာနိုင်ငံတစ်ခွင်လုံးမှာ သီတင်းသုံး နေတော်မူကြတဲ့ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်အရှင်မြတ်များ မန္တလေးမြို့ (အဘိဓဇ မဟာရဋ္ဌဂုရု) ပိုက်ကျုံးဆရာတော်ဘုရားကြီး အစရှိတဲ့ ရွှေကျင် နိကာယ သမ္မုတိ သံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးတွေ ကြွရောက်တော်မူနေကြပြီ။

ညီညွတ်သူတွေနေတဲ့ နေရာကို ဘုရား အစရှိတဲ့ အရှင်ကောင်း အရှင်မြတ်တွေ ကြွတော်မူလေ့ရှိတာဟာ ရှေးထုံးပါပဲ ဆိုတာကို ပရိသတ် ကြီးက မှတ်ခဲ့ကြ။

အနာဂတ်သာသနာကို ချီးမြှောက်ဖို့ဆိုပြီးတော့ မြတ်စွာဘုရားက ကြွတော်မူမယ်။ အလွန်တရာမှ ကျယ်ဝန်းတဲ့ ဂေါသိင်္ဂအင်ကြင်းတောကြီးထဲ မှာ အရှင်မြတ်သုံးပါးက တစ်ပါးတစ်ကျောင်း ကိန်းအောင်းပြီးတော့ နေနေ တာ။ ပြီးတော့ ဥယျာဉ်အပေါက်ဝမှာလည်း အစောင့်တွေ လုံခြုံရေးတွေ လည်း ချထားသေးတာဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က စဉ်းစားတယ်။

## မထင်မရှား သွားရခြင်းအကြောင်း

"ငါ ဂေါသိင်္ဂအင်ကြင်းတောထဲကို သံဃာတော်တွေ အခြံအရံ များစွာနဲ့ ကြွရရင် ကောင်းမလား၊ ဒါမှမဟုတ် တစ်ပါးတည်း ကြွရရင် ကောင်းမလား။ ဒ့ါအပြင် **ဗျာမပ္ပဘာ** = ဆိုတဲ့ တစ်လံမျှလောက်ရှိတဲ့

ရောင်ခြည်တော် ခြောက်သွယ်ကို ထင်ရှားလွှတ်ပြီးမှ ကြွရရင်ကောင်းမလား။ ဒါမှမဟုတ် ရောင်ခြည်တော် ခြောက်သွယ်ကို ကွယ်ဝှက်ပြီးမှ ကြွရရင်ကောင်းမလား။

ဘာ့ကြောင့် ဒီလိုစဉ်းစားရတာတုန်းဆိုတော့ သံဃာတော်တွေ အခြံအရံပေါင်း မြောက်မြားစွာနဲ့ ကြွတော်မူမယ်ဆိုရင် တောထဲမှာ တစ်ပါးတည်း တစ်နေရာဆီမှာ ဝိဝေကသုခကို ခံစားတော်မူနေကြတဲ့ အရှင်မြတ်တွေ ဝိဝေကသုခ ပျက်ကြရော့မယ်။

ဒါ့အပြင် ရောင်ခြည်တော်ခြောက်သွယ် လွှတ်ပြီး ကြွသွားရင်လည်း လမ်းမှာ တွေ့ကြတဲ့လူတွေက ''မြတ်စွာဘုရား ဂေါသိင်္ဂအင်ကြင်းတောထဲကို ကြွတယ်''ဆိုတာ သိသွားကြလိမ့်မယ်။ အဲဒီလိုသိပြီး ဘုရားနောက်ကို လူအုပ်ကြီးက လျှောက်လိုက်လာကြမယ်ဆိုရင်လည်း ဟို-ဥယျာဉ်ထဲက တိတ်ဆိတ်မှုတွေ ပျက်စီးသွားလိမ့်မယ်နော်။

ဆိတ်ငြိမ်တဲ့ အရသာကို ''ဝိဝေက''လို့ ပါဠိလို ခေါ်ကြည့်လိုက်ကြ။

''ဝိဝေကသုခ ဝိဝေကရသနဲ့ နေတော်မူကြတဲ့ မထေရ်မြတ်ကြီးသုံးပါးဟာ ပရိသတ်စည်စည်ကားကားနဲ့ ငါဘုရား ကြွသွားတော်မူခြင်းဖြင့် သူတို့ကို နှောင့်ယှက်ရာကျပေတော့မယ်''

ဒီလို စဉ်းစားတော်မူပြီးတော့ သံဃာတော် အခြံအရံကိုလည်း တစ်ပါးမှ မခေါ်တော့ဘူး။ ခန္ဓာကိုယ်က ရောင်ခြည်တော်တွေကိုလည်း ပုံမှန်ထွက်ရှိနေတဲ့ တစ်လံမျှလောက်သော ''ဗျာမပ္ပဘာ'' ရောင်ခြည်တော်တွေကိုလည်း သင်္ကန်းခြုံထဲမှာ ဝှက်ထားတော်မူလိုက်တယ်။

ဘာကြောင့်လဲဆိုတော့ ဝိဝေကရသ ဝိဝေကသုခကို ခံစားပြီး တစ်ပါးစီနေတော်မူကြတဲ့ အရှင်မြတ်သုံးပါး ပရိသတ်တွေအများကြီးနဲ့ ဆူဆူညံညံဖြစ်ပြီးတော့ အနှောင့်အယှက်ပေးရာလည်း ကျချင်ကျသွားလိမ့်မယ်။

နောက်တစ်ခုက ဝန္နီတိုင်းက လိစ္ဆဝီမင်းတွေ စောင့်ရှောက်ထားတဲ့ ဒီဥယျာဉ်ကြီးထဲကိုလည်းပဲ ဟိုလူ ဒီလူတွေ ဝင်ရောက်လာကြလို့ရှိရင် ပန်းချိုး တဲ့သူကချိုး၊ သစ်ပင်နုတ်တဲ့သူက နုတ်၊ သစ်သီးခူးတဲ့သူက ခူးနဲ့ လိစ္ဆဝီမင်းတွေ စောင့်ရှောက်ထားတဲ့ ဒီဥယျာဉ်ကြီးဟာလည်း (ဘာဖြစ်သွားနိုင်သေးလဲ)။ ပျက်စီးသွားနိုင်သေးတယ်နော်။

အဲဒါကြောင့် . . .

၁။ ဥယျာဉ်ကြီးကို စောင့်ရှောက်ဖို့၊

၂။ မထေရ်မြတ်သုံးပါးရဲ့ ဝိဝေကရသ ခံစားနေတာကို စောင့်ရှောက်ဖို့၊

မြတ်စွာဘုရားဟာ ပရိသတ်ကိုလည်း အသိမပေးတော့ဘူး။ သံဃာတော်တွေ အလုပ်အကျွေးတွေကိုလည်း မခေါ်တော့ဘူး။ ရောင်ခြည်တော်တွေကိုလည်း ကွယ်ဝှက်ပြီးတော့ တစ်ပါးတည်း ဂေါသိင်္ဂအင်ကြင်းတောဆီကို ကြွသွားတော်မူတယ်။

ပရိသတ်ရေ . . . ဒီလို စောင့်ရှောက်တယ်ဆိုတာ သိပ်လိုတယ်နော်။ အခုလည်းပဲ ဒီ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးထဲမှာ ပရိသတ်တွေ အတော်များများ စည်ကားနေပြီး တရားပွဲဖိတ်လိုက်တယ်ဆိုတော့ ပရိသတ်တွေက တော်တော့်ကို စည်ကားသွားပြီ။ ပြီးတော့ တရားပွဲက နက်ဖြန်တစ်ညလည်း ရှိသေးတယ်ဆိုတော့ သဘာက်ခါကျရင်တော့ ကြည့်ရမှာပဲ။

ဘယ်ပန်းပင် ဘယ်လောက်ပျက်စီးသွားပြီလဲ။ ဆွမ်းကျောင်းမှာ ပန်းကန်ဘယ်နှစ်လုံး ပျောက်သွားပြီလဲ။ ဖိနပ်ပျောက်တာ ဘယ်နှစ်ယောက်ရှိပြီလဲ ဆိုတာကို ဟုတ်လား။ ဒါ အရေးကြီးတယ်။ သတိတော့ထားရမှာပဲ။ ဒါ လုံခြုံရေးအပိုင်းနော်။ ဘုန်းကြီးတို့လည်း ဒီမှာ လုံခြုံရေးတွေကို နေရာတကာမှ ချထားရတယ်။ လျှပ်စစ်မီးကအစ ပန်းကန်ခွက်ယောက်ကအစ လုံခြုံရေးတွေ အဆင့်ဆင့် ချထားရတယ်။

အေး . . . ဟို ဝဋ္ဋီတိုင်းက အင်ကြင်းတောမှာတော့ လုံခြုံရေးအတွက် လိစ္ဆဝီမင်းတွေက အစောင့်အရှောက် လုံခြုံရေးဆိုပြီးတော့ **ဒါယပါလ** တောစောင့်ဥယျာဉ်စောင့်ကို ချထားပေးတယ်။ စီမံပေးထားတယ်။

**“အထ ခေါ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဂေါသိင်္ဂသာလဝနံ ဒါယော၊ တေနုပသင်္ကမိ”**

(မူလပဏ္ဏာသ၊ နှာ-၂၂၆)

**အထခေါ**၊ ထိုအခါ၌။ **ဘဂဝါ**၊ ဘုရားမြတ်စွာသည်။ **သာယန္ဟသမယံ**၊ ညနေချမ်းကာလမှာ။ **ပဋိသလ္လာနာ**၊ တစ်ပါးတည်း ကိန်းအောင်းတော်မူနေရာမှ။ **ဝုဋ္ဌိတော**၊ ထ,တော်မူလာခဲ့၍။ **ယေန**၊ အကြင်အရပ်၌။

**ဂေါသိင် သာလဝနဒါယော**၊ ဂေါသိင်္ဂခေါ်တဲ့ အင်ကြင်းတောသည်။ **အတ္ထိ**၊ ရှိပါပေ၏။ **တေန**၊ ထိုဂေါသိင်္ဂအင်ကြင်းတောရှိရာအရပ်သို့။ **ကောကော**၊ အဖော်မမှီး တစ်ပါးတည်းသာလျှင်။ **အဒုတိယဝေသေန**၊ မထင်ရှားတဲ့ ရဟန်းတစ်ပါး အသွင်အားဖြင့်။ (ရောင်ခြည်တော်တွေကို သင်္ကန်းခြုံထဲ ဝှက်ပြီးတော့ မထင်မရှား အသွင်အားဖြင့်။) **ဥပသင်္ကမိ**၊ ကြွမြန်းတော်မူခဲ့ ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## လှမ်းမြင်လိုက်ပြီ ဘုရားဆီ

မြတ်စွာဘုရားဟာ သပိတ်သင်္ကန်းကို ကိုယ်တော်တိုင် ထမ်းပြီး တော့ သံဃာတော်အရှင်မြတ်တွေကို တစ်ပါးမှ အသိမပေးဘဲ ရုတ်တရက် ကြွသွားတော်မူတယ်။ ကောင်းကင်ကနေ ရှာန်ပျံကြွသွားတာလည်း မဟုတ်ဘူး။ မြေပြင်ကနေ ခြေလျင်ကြွသွားတော်မူတယ်။

နာတိကရွာ အုတ်ကျောင်းနဲ့လည်း သိပ်မဝေးလှဘူး။ ရောင်ခြည်တော်တွေလည်း လွှတ်မထားဘူး။ လမ်းမှာ သစ်ခုတ်သမားတွေ လူတွေက လည်း တွေ့တော့ တွေ့ကြတာပဲ၊ အဲဒီ တွေ့သမျှလူတွေကလည်း နေဝင် ဖျိုးဖျ မိုးချုပ်စအချိန်ဖြစ်နေတော့ ဘုရားကို ဘုရားမှန်း မသိလိုက်ကြဘူး။ ဘုရားကို ဘုရားမှန်း မသိလိုက်ကြတော့ ဘုရားနောက်ကို ဘယ်သူမှ လိုက်မသွားကြဘူး။

ဥယျာဉ်ပေါက်ကို ရောက်ပြီဆိုတော့ မြတ်စွာဘုရားဟာ ဘယ်သူနဲ့ အရင်ဆုံး တွေ့ရသလဲ။ ဥယျာဉ်စောင့် **ဒါယပါလ** နဲ့ အရင်တွေ့ရတယ် နော်။

**"အဒ္ဒသာ ခေါ ဒါယပါလော ဘဂဝန္တံ ဒူရတောဝ အာဂစ္ဆန္တံ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**ဒါယပါလော**၊ ဥယျာဉ်စောင့်သည်။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက် ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **ဒူရတောဝ**၊ အဝေးမှသာလျှင်။ **အာဂစ္ဆန္တံ**၊ ကြွလာတော်မူသည်ကို။ **အဒ္ဒသာ ခေါ**၊ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ပေတော့သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ကိုယ့်ကျိုးကို တကယ်လုပ်ချင်ရင်

ဥယျာဉ်ပေါက်မှာ စောင့်နေတဲ့ လုံခြုံရေးတာဝန်ယူရတဲ့ ဥယျာဉ်စောင့်က ခပ်ဝေးဝေးက ကြွလာတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို လှမ်းပြီးတော့ မြင်လိုက်ပြီ။ တဖြည်းဖြည်းနဲ့ မြတ်စွာဘုရားက နီးကပ်နီးကပ်လာတဲ့အခါ ကြည့်လည်း ကြည့်လိုက်ရော။ "ဒါ ရဟန်းတစ်ပါးပဲ"လို့ ဥယျာဉ်စောင့် နားလည်သွားတယ်။ ဘုရားရှင်ဖြစ်မှန်း ဥယျာဉ်စောင့်က မသိဘူးနော်။ ဒီလိုဖြစ်သွားတာ။

"ဟာ... ဘုန်းကြီးတစ်ပါးတော့ လာပြီ။ ဒါမှမဟုတ် ရသေ့တစ်ပါးတော့ လာပြီ။ ဒါမှမဟုတ် ပရိဗိုဇ်တစ်ပါးတော့ လာပြီ" အဲဒီလိုပဲ သူနားလည်လိုက်တယ်။

ဥယျာဉ်ပေါက်ဝကို ဘုရားလည်း ကပ်လာရော၊ သူက သူ့တာဝန်ကို ကျေပွန်တယ်ပဲဆိုရမှာပေါ့။ တစ်နည်းအားဖြင့် ဘုရားမှန်းမသိလို့ ပြုမူတယ်ဆိုလို့ရင်လည်း ဆိုပေါ့။ ဥယျာဉ်စောင့်က အဲဒီမှာ ဘုရားကို ပြောလိုက်တာက...

**"မာ သမဏ ဧတံ ဒါယံ ပါဝိသ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**သမဏ**၊ နေထိုင်ပုံအသွင်ဆန်းတဲ့ အို... ရှင်ရဟန်း၊ **တွံ**၊ သင်သည်။ **ဧတံ ဒါယံ**၊ ဒီဥယျာဉ်ထဲကို။ **မာပါဝိသိ**၊ မဝင်လိုက်ပါနဲ့။

"ကိုယ်တော် ဒီဥယျာဉ်ထဲကို မဝင်လိုက်ပါနဲ့" လို့ ဥယျာဉ်စောင့်က ကြိုပြီးပြောလိုက်တယ်။ ဒီလိုပြောလိုက်၊ တားလိုက်တဲ့နေရာမှာ စဉ်းစားလို့ ရတာ အဓိပ္ပာယ် နှစ်ခုရှိတယ်။

၁။ သူဟာ ဘုရားကို ဘုရားမှန်း မသိဘူး။

၂။ ဘုရားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဥယျာဉ်ထဲကို အခွင့်မရရင် မဝင်နဲ့ဆို ဝင်ကို မဝင်ရဘူးပေါ့။

"ကိုယ်တော် ဒီ ဥယျာဉ်ထဲကို မဝင်နဲ့နော်။ ဒီနေရာမှာပဲ ရပ်လိုက်" လို့လည်းဆိုရော မြတ်စွာဘုရားက ဥယျာဉ်ပေါက်ဝမှာ ရပ်လိုက်ရရော။ ပြီးတော့ သူက ထပ်ပြောတယ်။

**"သန္တေတ္ထ တယော ကုလပုတ္တာ အတ္တကာမရူပါ ဝိဟရန္တိ၊ မာ တေသံ အဖာသု မကာသိ"** (မူလပဏ္ဏာသ၊ နှာ-၂၆၆)

**သမယာ၊** နေထိုင်ပုံအသွင်ဆန်းပါတဲ့ အိုရဟန်း။ **ဧတ္ထ၊** ဒီဥယျာဉ်ထဲမှာ။ **တယော ကုလပုတ္တာ၊** အမျိုးကောင်းသား(သုံးယောက်)တို့သည်။ **အတ္တကာမရူပါ၊** မိမိတို့ရဲ့ကောင်းကျိုးစီးပွားကို လိုလားတဲ့သဘောရှိကြကုန်သည်ဖြစ်၍။ **ဝိဟရန္တိ၊** နေနေကြတယ်ဘုရား။

"အရှင်ဘုရား ဒီဥယျဉ်ထဲမှာ ကိုယ်ကျိုးကိုလိုလားတဲ့ အမျိုးကောင်းသားသုံးယောက် ရှိကြပါတယ်ဘုရား"

ဒီစကားလေးသုံးနွန်းပုံ တယ်ကောင်းတယ်နော်။ **အတ္တကာမရူပ**-ကိုယ့်အကျိုး ကိုယ့်စီးပွားကို လိုလားတဲ့ပုဂ္ဂိုလ်တွေ ဒီဥယျာဉ်ထဲမှာ နေနေကြတာတဲ့။ ပရိသတ်ရေ… ကိုယ့်အကျိုး ကိုယ့်စီးပွားကို တကယ်လိုလားတယ်ဆိုရင် ဘယ်လိုနေရမလဲဆိုတာ တိုတိုလေးပြောပြမယ်။

၁။ **မကောင်းမှုတွေမှန်သမျှ အကုန်လုံးရှောင်ပါ။**

မကောင်းတဲ့ အကျင့်တွေ၊ အပြောတွေ၊ အကြံတွေ အားလုံးကို ရှောင်လိုက်ခြင်းဟာ ကိုယ့်အကျိုးစီးပွားကို တကယ်လိုလားလို့ပါပဲ။

၂။ **ကောင်းမှုတွေမှန်သမျှ အကုန်ကျင့်သုံးပါ။**

ကိုယ့်အကျိုးစီးပွားကို တကယ်လိုလားတယ်ဆိုရင် ကောင်းတာတွေ မှန်သမျှ ကျင့်ကြ၊ ပြောကြ၊ ကြံကြရမယ်ပေါ့နော်။

ကိုယ့်အကျိုးစီးပွားကို လိုလားတယ်လဲဆိုသေး၊ ကောင်းတဲ့အကျင့်တွေကိုလည်း မကျင့်ဘူးဆိုရင် ကောင်းကျိုးစီးပွားကို တကယ်လိုလားရာမရောက်ဘူးနော်၊ ဟုတ်လား။ ကိုယ်ကျင့်တဲ့ ကောင်းတဲ့အကျင့်ဟာ ကိုယ့်ကောင်းကျိုးအတွက်ပဲဆိုတာ နားလည်လိုက်ရမယ်။ အဲဒီအဓိပ္ပာယ်ကို ရည်ရွယ်ပြီးတော့ သူပြောနေတာ။

"အရှင်ဘုရား၊ ဒီဥယျာဉ်ထဲမှာ ကိုယ့်အကျိုးစီးပွားကို တကယ်လိုလားတဲ့ အမျိုးကောင်းသား သုံးယောက်တို့ နေနေကြပါတယ်။ အရှင်ဘုရား ဝင်သွားတယ်ဆိုရင် ဟို… အရှင်မြတ်တွေ သမာဓိပျက်စီးကုန်လိမ့်မယ်"

## တောစောင့်တားခြင်း အကြောင်းရင်း

သူ့ရဲ့ ရည်ရွယ်ချက် နောက်တစ်ခုကို အဋ္ဌကထာက ဖွင့်ပြသေးတယ်။

ဘုရားကြွတာက နေဝင်ဖျိုးဖျ မိုးချုပ်စမှာ။ ဟိုမှာက ရဟန်းသုံးပါး နေနေကြတယ်။ တစ်ပါးတစ်ကျောင်းစီ နေနေကြတာ။ အဲဒီကျောင်းလေးတွေဟာ တစ်ပါးနေကျောင်းလေးတွေဖြစ်တာကြောင့် နှစ်ပါးဆိုရင် နေကို မနေလောက်ဘူး။ တစ်ပါးစီနေကြတဲ့ တစ်ပါးနေ ကျောင်းလေးတွေမှာ နှစ်ပါး မနေလောက်ဘူး။ ခုလို မိုးချုပ်စ အချိန်လွန်ပါမှ ကြွလာတော်မူတာဆိုတော့ ဥယျာဉ်စောင့်က မြတ်စွာဘုရားကို ကြည့်လိုက်တယ်။

"ဟာ... ဒီပုဂ္ဂိုလ်ကိုကြည့်ရတာ သာမန်ပုဂ္ဂိုလ်တော့ မဟုတ်ဘူး။ သူ့ဥပမိရုပ်သွင်ကြည့်ရတာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ပဲ။ ဥပမိရုပ်သွင် ကြည့်ရတာ လေးစားအပ်တဲ့ ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ် ဖြစ်ဟန်ရှိတယ်။ ဒီပုဂ္ဂိုလ်သာ ဥယျာဉ်ထဲ ဝင်သွားလိုက်မယ်ဆိုရင် ဥယျာဉ်ထဲမှာရှိနေကြတဲ့ မထေရ်သုံးပါးက "ကြွပါ-ကြွပါ" ဆိုပြီး နေရာပေးကြရမယ်ဆိုရင် တစ်ပါးသာနေလောက်တဲ့ ကျောင်းကလေးမှာ ဘယ်လိုလုပ် နေရာပေးကြမလဲ။ ကြွလာတဲ့ အာဂန္တုပုဂ္ဂိုလ်က လေးစားလောက်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဒီမှာရှိတာက သုံးကျောင်းတည်းရယ်"

"ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ကြွလာတယ်ဆိုတော့ ဟိုကျောင်းမှာရှိနေကြတဲ့ ပုဂ္ဂိုလ်တွေက 'ကိုင်း... အရှင်ဘုရား ဒီမှာပဲ သီတင်းသုံးပါ၊ တပည့်တော်တို့ ကျောင်းပေါ်က ဆင်းပေးပါ့မယ်' ဆိုတာမျိုး ဖြစ်သွားရင် ဒီဥယျာဉ်ထဲမှာ ကိုယ်ကျိုးစီးပွားအတွက် ကျင့်ကြံနေကြတဲ့ အရှင်မြတ်တွေကို အနှောင့်အယှက်ပေးရာလည်း ရောက်သွားမယ်" ပရိသတ်ကြီးရေ... ဥယျာဉ်စောင့်က တွေးတာနော်။

နေရာထိုင်ခင်းဆိုတာ ဒီလိုပဲ အခြေအနေအရ ဖြစ်ရတယ်။ အခုလည်း မြန်မာပြည်တစ်ဝန်းလုံးက ဂိုဏ်းလုံးဝန်ဆောင် ဆရာတော်ဘုရားကြီးတွေ အပါး (၃၀၀)ကျော် (၄၀၀)နီးပါး ကြွတော်မူကြတယ်။ အဲဒီ သံဃာတော်တွေအတွက် နေရာထိုင်ခင်း စီမံကြရတယ်ဆိုတာ တော်တော် တာဝန်ကြီးတယ်နော်။

ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်မှာရှိတဲ့ သံဃာတော်တွေရဲ့ တာဝန်က မသေးဘူးနော်။ ကျောင်းတိုက်မှာနေတဲ့ သံဃာတော်တွေ နေရာဖယ်ပေးကြရတယ်။ အာဂန္တုကဝတ်ကိုလည်း ကျေပွန်အောင် ပြုကြရတယ်။ "ဒီနေရာမှာ သီတင်းသုံးပါ၊ ဒီနေရာမှာ သီတင်းသုံးပါ" ဆိုပြီး

တော့ တစ်ခါတည်း လိုက်လိုက်လဲ့လဲ့ ဝမ်းပန်းတသာ နေရာထိုင်ခင်း ပေးကြရတာဟာ တယ်တာဝန်ကြီးကိုဗျာ့ နော်။

အဲဒီလိုပဲ။ အဲဒီလို တာဝန်ကြီးမှာကို ဟို ဥယျာဉ်စောင့်က လှမ်း တွက်ပုံရတယ်။ ဥယျာဉ်စောင့်က သူ့ရဲ့တာဝန်ကို သူ တာဝန်ကျေကျေ ပွန်ပွန်ထမ်းပြီးတော့ ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ သီတင်းသုံးနေ တော်မူကြတဲ့ သံဃာတော် (၃)ပါး ချမ်းသာရေးကို ကြည့်ရှုစောင့်ရှောက် တော်မူလိုတဲ့အတွက်ကြောင့် ကြွလာတဲ့ ဘုရားကိုလည်း ဘုရားမှန်း မသိတဲ့ အတွက်ကြောင့် . . .

"အရှင်ဘုရား . . . ဥယျာဉ်ထဲမှာ အမျိုးကောင်းသားတွေ တရား နှလုံး ကျင့်သုံးတော်မူနေကြတယ်။ မဝင်ပါနဲ့၊ ဒီမှာပဲရပ်" လို့ဆိုတော့ ဘုရားကလည်း ရပ်နေတယ်။

"ဝင်ပါရစေကွာ" လို့လည်း အတင်းဝင်မယ်လို့ မလုပ်ဘူး။

"အေး . . . မင်းက ဒီဘက်ကတားရင် ငါက ကောင်းကင်က တန်ခိုးနဲ့ ခုန်ဝင်မယ်ကွာ၊ ဒါမှမဟုတ် မင်း မမြင်အောင် မြေလျှိုးပြီး ဝင်မယ်ကွာ" စသဖြင့်လည်း ဒီလိုမလုပ်ဘူး။ "မဝင်နဲ့"ဆိုတော့ မဝင်ဘဲ အပေါက်ဝမှာ ရပ်နေတယ်။

## ဘုရားမြတ်စွာ ကြွလာပြီ

ဥယျာဉ်ပေါက်ဝမှာ မြတ်စွာဘုရားနဲ့ ဥယျာဉ်စောင့်တို့ အပြန် အလှန် ပြောနေကြတဲ့စကားကို ဂေါသိင်္ဂအင်ကြင်းတောထဲက အရှင်အနုရုဒ္ဓါ ကိုယ်တော်ကြီးက ကြားတော်မူတယ်။ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးရဲ့ ကျောင်းက မိန်းတံခါးကြီးရဲ့ တည့်တည့်ဖြစ်နေတော့ အသံကြားလို့ ကျောင်း တံခါးလေး ဖွင့်ကြည့်လိုက်တော့မှ ကြွလာတာဟာ ဘုရားရှင်ကိုယ်တော် မြတ်ကြီးမှန်း လှမ်းသိတော်မူလိုက်တယ်။

**"အဒ္ဒသာ ခေါ အာယသ္မာ အနုရုဒ္ဓေါ ဒါယပါလဿ ဘဂဝတာ သဒ္ဓိံ မန္တယမာနဿ၊ သုတွာန ဒါယပါလံ ဧတဒဝေါစ၊ မာ အာဝုသော ဒါယပါလ ဘဂဝန္တံ ဝါရေသိ၊ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တောတိ"**

**အာယသ္မာ အနုရုဒ္ဓေါ၊** အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်သည်။ **ဒါယ ပါလဿ၊** ဥယျာဉ်စောင့်ရဲ့။ **ဘဂဝတာ သဒ္ဓိံ၊** ဘုရားရှင်ကိုယ်တော်

မြတ်နဲ့ အတူတကွ။ **မန္တယမာနဿ၊ (သဒ္ဒံ)၊** တိုင်ပင်နေတဲ့ အသံကို။ **အဿောသိ ခေါ၊ (အဿောသိ ဧဝ)၊** ကြားသိတော်မူလိုက်လေ၏။

ဥယျာဉ်အပေါက်မှာ စကားပြောသံကြားရတယ်ဆိုပြီးတော့ အရှင်အနုရုဒ္ဓါက ကျောင်းတံခါး ပြတင်းပေါက်လေး ဖွင့်ပြီးတော့ ကြည့်လိုက်တော့ ဘုရားရှင်မှန်း သိလည်းသိရော။ အဲဒါနဲ့ ဥယျာဉ်စောင့်ကို လှမ်းပြောလိုက်တယ်။

**အာဝုသော ဒါယပါလ၊** ဟဲ့... ဥယျာဉ်စောင့်၊ **တွံ၊** သင်သည်။ **ဘဂဝန္တံ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **မာ ဝါရေသိ၊** မတားမြစ်လိုက်ပါနဲ့။ **နော၊** ငါတို့ရဲ့။ **သတ္ထာ၊** ဆရာတစ်ဆူဖြစ်တော်မူတဲ့။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ။ **အနုပ္ပတ္တော၊** ဆိုက်ရောက် ကြွလာတော်မူခဲ့လေပြီ။

**ဣတိ၊** ဤသို့။ **ဒါယပါလံ၊** ဥယျာဉ်စောင့်ကို။ **ဧတံ ဝစနံ၊** ဤစကားကို။ **အာဝေါစ၊** ကောင်းစွာမသွေ ပြောကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ညီညီညာညာ ကြိုကြပါစို့

"ဟဲ့... ဥယျာဉ်စောင့်၊ ငါတို့ရဲ့ဆရာ ဘုရားမြတ်စွာ ဒီဥယျာဉ်ကို ကြွလာတော်မူတာ။ ဒါကြောင့် သင် မတားလိုက်ပါနဲ့"

ပရိသတ်ကြီးရေ... ပြောပုံလေးက အတော်ကောင်းတယ်နော်။ "ဘုရားရှင်ကို သင် မတားလိုက်ပါနဲ့။ အဲဒါ တို့ဆရာကွယ့်၊ တို့ဆရာကြွလာတာ" ပရိသတ်ရေ။

"**သတ္ထာ နော အနုပ္ပတ္တော၊** တို့ရဲ့ဆရာ ကြွလာတော်မူတာ" ဟုတ်လား။

ဒီကနေ့လည်း စစ်ကိုင်းရွှေဟသ်ာတိုက်သစ် ကျောင်းတိုက်ကြီးအတွင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တစ်ဝန်းလုံးက ရွှေကျင်နိကာယ သာသနာ့ထိပ်ခေါင်တင် အရှင်မြတ်ကြီးတွေ ကြွလာတော်မူကြတာဟာ (ပရိသတ်ရေ) အဲဒါ "တို့ဆရာတွေ ကြွလာတော်မူကြတာ" လို့ တို့ပရိသတ်ကြီးက ဒီလို သဘောပေါက်လိုက်ကြရမယ်နော်။

အဘိဓဇမဟာရဋ္ဌဂုရု ပိုက်ကျုံးဆရာတော်ဘုရားကြီးတို့၊ အဂ္ဂမဟာပဏ္ဍိတ ကြခတ်ဝိုင်းဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ သာသနာ့မဏ္ဍိုင် ဆရာတော်ဘုရားကြီး၊ ဆားလင်းကြီးဆရာတော်ဘုရားကြီး၊ ဝက်လက်နယ်က သက်တော်ရှည် ဆရာတော်ဘုရားကြီး စတဲ့ မထေရ်မြတ်ကြီးတွေ ကြွရောက်တော်မူလာကြတာဟာ (ပရိသတ်ရေ) ဥယျာဉ်စောင့်ကို အရှင်အနုရုဒ္ဓါ လှမ်းပြောလိုက်သလိုပါပဲ။

"တို့ဆရာတွေ ကြွလာကြတာပါ"နော်။

ဒါကြောင့် အရှင်အနုရုဒ္ဓါက...

"ဟဲ့... ဥယျာဉ်စောင့်၊ အဲဒါ တို့ဆရာ ကြွလာတာကွဲ့၊ မင်း မတားနဲ့၊ တံခါးဖွင့်ပေးလိုက်" လို့ ပြောတော့မှ ဥယျာဉ်စောင့် "ကဲ... ဒါဆိုလည်း ကြွပါဘုရား" ဆိုပြီး တံခါးဖွင့်ပေးလိုက်လို့ မြတ်စွာဘုရား လည်း ဥယျာဉ်ထဲကို ဝင်ခွင့်ရသွားတယ်။ မြတ်စွာဘုရား ဂေါသိင်္ဂ အင်ကြင်းတောကြီးထဲကို ဝင်ကြွသွားပြီနော်။ ဒီလို ဆရာဘုရား ဂေါသိင်္ဂ အင်ကြင်းတောကြီးထဲကို ကြွလာတယ်ဆိုတဲ့အကြောင်းကို အရှင်ဆုံး သိတော်မူတာ ဘယ်သူလဲ။

အရှင်အနုရုဒ္ဓါနော်။ ဟိုကျောင်းတွေထဲမှာ ဘယ်သူတွေ ရှိသေးသလဲ။ အရှင်နန္ဒိယနဲ့ အရှင်ကိမိလ ဆိုတဲ့ မထေရ်သူမြတ်နှစ်ပါးလည်း ရှိနေတော်မူကြသေးတယ်။ အဲဒီ မထေရ်မြတ် နှစ်ပါးက မြတ်စွာဘုရား ဂေါသိင်္ဂအင်ကြင်း တောထဲကို ကြွလာတယ်ဆိုတဲ့အကြောင်းကို သိတော် မမူကြသေးဘူး။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက ဘုရားကို အရင်ဆုံးတွေ့မြင်ပြီ ဆိုပြီး ကျောင်းပေါ်ကနေ ခပ်သုတ်သုတ် ပြေးဆင်းပြီးတော့ "ကြွတော်မူပါ ဘုရား။ ဒီနေရာမှာ ထိုင်တော်မူပါ။ ဒါက သောက်တော်ရေပါ၊ ဒါက သုံးရေပါ" ဆိုပြီးတော့ သပိတ် သင်္ကန်းကို လှမ်းယူပြီး ဘုရားဆီ ချက်ချင်း ပြေးလို့ ခရီးဦး ကြိုဆိုတာမျိုး မလုပ်သေးဘူးတဲ့။

ဒါလေးကို ထူးထူးခြားခြား မှတ်သားခဲ့ကြရမယ်နော်။ "ငါကပဲ အရင် ကြိုဆိုလိုက်မယ်။ ပြီးမှ ဟိုကိုယ်တော်နှစ်ပါးကို အသိပေး လိုက်မယ်" ဒီလို မလုပ်ဘဲနဲ့ ညီညွတ်စွာ တာဝန်ယူကြတဲ့ ရှေးထုံးလေးကို ကျင့်သုံးတော်မူကြတယ်။

## တစ်ကိုယ်ကောင်းဆန်ရင် ဘာဖြစ်မလဲ

အဲဒီ ကျင့်ထုံးလေးကို နည်းယူပြီး ဒီကနေ့လည်း ကြိုဆိုရေး၊ နေရာချထားရေး၊ ဧည့်ခံရေး စတာတွေကိုလည်း သူ့တာဝန်နဲ့သူ ပေးထားတာ။

"အလွန်တရာ ဂုဏ်သိက္ခာကြီးမားတော်မူကြတဲ့ ဆရာတော်ဘုရားကြီးတွေကို ဘယ်သူ့ကိုမှ အသိမပေးဘဲ ငါပဲ ရှေးဦးစွာ ပြေးပြီးတော့ မျက်နှာရအောင် ခရီးဦးကြိုဆိုလိုက်မယ်" ဆိုတာမျိုး မလုပ်ဘူး။ မှျမှျတတ ဝေဝေငှ သာမဂ္ဂီရသရှိစွာ ကျင့်သုံးကြပုံလေးက ဒီနေရာမှာ ပေါ်လာတယ်။ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးဟာ ဘုရားထံကို ချက်ချင်းမသွားဘဲနဲ့ အရှင်နန္ဒိယနဲ့ အရှင်ကိမိလ ဆိုတဲ့ မထေရ်မြတ်ကြီး နှစ်ပါးရှိရာကို ခပ်သုတ်သုတ်လေး ကြွသွားပြီးတော့ လျှောက်ထားတယ်။

"အရှင်ဘုရား နန္ဒိယနှင့် ကိမိလတို့၊ ကြွတော်မူကြပါဘုရား၊ ကြွတော်မူကြပါဘုရား။ တပည့်တော်တို့ရဲ့ ဆရာအရှင်မြတ်ကြီး ကြွလာတော်မူပြီ ဘုရား။ အဲဒါ တညီတညွတ်တည်း ဝိုင်းပြီး ခရီးဦးကြိုဆိုကြရအောင်ပါ ဘုရား"

ခုလည်း မန္တလေး ဝိသုဒ္ဓါရုံ ဝါဆိုဆရာတော်ဘုရားကြီး အရှင်အဋ္ဌိယ အရှင်မြတ်က စစ်ကိုင်းရွှေဟသ်ာ ဆရာတော်ဘုရားကြီးကို "ဆရာတော်ဘုရား၊ ဒီအစည်းအဝေးပွဲကြီးကို ဆရာတော်ဘုရားကြီးပဲ ကြီးမှူးပြီး ဆရာတော် ဘုရားကြီးရဲ့ ကျောင်းတိုက်ထဲမှာပဲ ကျင်းပတော်မူပါ ဘုရား" လို့ လျှောက်ထား တောင်းပန်လိုက်တော့ ဆရာတော်ဘုရားကြီးကလည်း လက်ခံတော်မူလိုက်တယ်။

လက်ခံတော်မူပြီးတော့ စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ ရွှေကျင်နိကာယမှာ ပဓာနကျတဲ့ ဆရာတော်တွေ အားလုံးကို ဒီကျောင်းတိုက်ကြီးထဲကို ပင့်ဖိတ်ပြီးတော့ ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိတယ်။

"ဟေ့… ရွှေကျင်နိကာယ သံဃသန္နိပါတ၊ သံဃာ့အစည်းအဝေးပွဲကြီးကို ဒီကျောင်းတိုက်ထဲမှာ ကျင်းပကြမယ်။ မြန်မာပြည်တစ်ဝန်းလုံးက စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေတဲ့ မထေရ်မြတ်ကြီးတွေ ကြွလာတော်မူကြတယ်ကွယ့်။ အဲဒါကြောင့် တို့တစ်တွေ ဝိုင်းပြီးတော့ တညီတညွတ်တည်း ခရီးဦးကြိုဆိုပြီး ပြုစုလုပ်ကျွေးကြရအောင်" လို့ ဆရာတော်

ဘုရားကြီးက အမိန့်ရှိလို့ ဘုန်းကြီးတို့လည်း အခုလို ဝိုင်းဝန်းပြီး ဆောင်ရွက်ခွင့်ရကြတာ။

"ငါ တတ်နိုင်သားပဲ၊ ငါတစ်ယောက်တည်း တာဝန်ယူလုပ်လိုက်မယ်။ မင်းတို့ကို အသိမပေးဘူး" ဆိုရင်လည်း ဖြစ်တော့ဖြစ်သားပဲ။ ဒီလိုဆိုရင် ဘုန်းကြီးတို့ ပြုစုလုပ်ကျွေးခွင့် ရလိုက်တော့မှာ မဟုတ်တော့ဘူးပေါ့။

အဲဒီလိုပဲပေါ့။ အရှင်အနုရုဒ္ဓါ မထေရ်ကြီးက "ငါ ဘုရားရှင်ကို အရင်ဆုံး တွေ့လိုက်ရတာပဲ။ ဟိုကိုယ်တော် နှစ်ပါးကို အသိမပေးဘဲနဲ့ ငါ တစ်ပါးတည်းပဲ သွားကြိုလိုက်မှပဲ" ဆိုပြီးတော့ သွားကြိုလိုက်မယ်ဆိုရင် နောက်မှ သိလိုက်ရတဲ့ ကိုယ်တော်နှစ်ပါးဟာ စိတ်ကောင်းနိုင်မှာ မဟုတ်တော့ဘူးပေါ့၊ ပရိသတ်ရေ... နော်။

## အနာဂတ် သာသနာအတွက် ကြွလာတာ

"ဟာ... ဘုရားရှင်ကြွလာတာ တို့ကိုတောင် အသိမပေးဘူးကွာ။ သူတစ်ယောက်တည်း သွားကြိုပြီးတော့မှ နောက်မှ တို့ကိုအသိပေးတယ်" အဲဒီလိုလေးများ စိတ်ထဲမှာ ဖုခနဲ ထစ်ခနဲ ဖြစ်သွားခဲ့ရင် (ပရိသတ်ရေ) သူတို့တစ်တွေ ညီညွတ်ချင်မှ ညီညွတ်တော့မှာနော်။

အဲဒီလို အနာဂတ်သာသနာကို ချီးမြှောက်စောင့်ရှောက်တော်မူချင်လို့ အနာဂတ်သာသနာကို ချီးမြှောက်ဖို့ ဒီကျင့်ထုံးတွေကို သိစေချင်လို့ ဘုရားရှင် တမင် ကြွလာတော်မူတာ။

အဲဒီလို သာမဂ္ဂီရသ ဖြစ်ဖို့ရန်အတွက်ပဲ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က ကျန်မထေရ် နှစ်ပါးကို သွားခေါ်နေတာ။ အဲဒါကို "သူအရင်တွေ့တာ၊ သူပဲကြိုလိုက်ရင် ပြီးတာ၊ ကျန်တဲ့ ကိုယ်တော်တွေကို သွားခေါ်နေရသေးတယ်" လို့ အပြစ်မပြောသင့်ဘူးနော်။

အဲဒါကြောင့် အရှင်အနုရုဒ္ဓါ မထေရ်မြတ်က...

**"အထခေါ အာယသ္မာ အနုရုဒ္ဓေါ အာယသ္မန္တံ စ နန္ဒိယံ အာယသ္မန္တံ စ ကိမိလံ တေ ဒဝေါစ အဘိက္ကမထာ အာယသ္မန္တော အဘိက္ကမထာ ယသ္မန္တော၊ သတ္တာ နော ဘဂဝါ အနုပ္ပတ္တောတိ"**

**အထခေါ**၊ ထိုအခါမှာ။ **အာယသ္မာ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါ အရှင်မြတ်ကြီးက။ **အာယသ္မန္တံ စ နန္ဒိယံ** - **အာယသ္မန္တံ စ ကိမိလံ**၊

အရှင်နန္ဒိယနဲ့ အရှင်ကိမိလ အရှင်မြတ်နှစ်ပါးကို။ **အာယသ္မန္တော၊** အရှင်ဘုရားတို့။ **အဘိက္ကမထ၊** ကြွတော်မူကြပါဘုရား။ **အဘိက္ကမထ၊** ကြွတော်မူကြပါဘုရား။

**နော၊** တပည့်တော်တို့ရဲ့။ **သတ္ထာ၊** ဆရာတစ်ဆူဖြစ်တော်မူတဲ့။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ။ **အနုပ္ပတ္တော၊** ဒီဥယျာဉ်ကြီးထဲကို ကောင်းစွာမသွေ ကြွရောက်တော်မူနေပြီဘုရားရယ်လို့။ **အဝေါစ၊** ကောင်းစွာမသွေ လျှောက်ထားတော်မူလိုက်ပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ညီညီညာညာ ကြိုကြပါတယ်

အဲဒီလို ဘုရားရှင်ကြွလာတော်မူတဲ့အကြောင်းကို အရှင်အနုရုဒ္ဓါက လျှောက်ထားလိုက်တယ်ဆိုရင်ပဲ ကျန်တဲ့ မထေရ်မြတ်တွေဟာ အားလုံး တညီတညွတ်တည်း ထွက်ကြွလာပြီး ဘုရားရှင်ကို တညီတညွတ်တည်း ကြိုဆိုတော်မူကြတယ်။ သုံးပါးလုံး ပြိုင်တူ ညီညွတ်စွာ ကြိုတော်မူကြတာနော်။

"အရှင်ဘုရားတို့... ဘုရားရှင်ကြွတော်မူတယ်၊ ကြိုဆိုကြပါစို့ဘုရား"လို့ လျှောက်လိုက်တဲ့အခါ ကိုယ်တော်တစ်ပါးက...

"တပည့်တော် နေမကောင်းလို့ ဘုရား"

"တပည့်တော်က ကျောင်းမှာ အလုပ်တွေများနေလို့ဘုရား"

"တပည့်တော်က ခန္ဓာကိုယ် ကိုယ်လက်မအီမသာ ဖြစ်နေလို့ဘုရား"

စသဖြင့် ငြင်းဆန်တဲ့ပုဂ္ဂိုလ်များ ရှိသေးလား။ မရှိဘူးနော်။ အားလုံး ညီညွတ်စွာ ကြိုဆိုတော်မူကြတယ်။ ဒါ သာမဂ္ဂီရသပါပဲ။ သာသနာ့တာဝန်အတွက်ဆိုရင် ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့။ အစည်းအဝေးကြီး တစ်ခုဖြစ်ရင် တညီတညာတည်း အစည်းအဝေးရှိရာကို တစ်ပြိုင်နက် ကြွတော်မူကြရတယ်။ တစ်ပြိုင်နက် အစည်းအဝေးကနေ ထ,တော်မူကြရတယ်။ နောက်ကျမှလာ၊ နောက်ကျမှ ပြန်၊ ရှေ့ကလာ၊ ရှေ့ကပြန် ဆိုတာမျိုးဆိုရင် ဒါ **သမဂ္ဂ-** ညီညွတ်မှု မဖြစ်နိုင်ဘူးပေါ့။

**"အထခေါ အာယသ္မာ စ အနုရုဒ္ဓေါ စ နန္ဒိယော အာယသ္မာ စ ကိမိလော ဘဂဝန္တံ ပစ္စုဂ္ဂန္တွာ ဧကော ဘဂဝတော ပတ္တစီဝရံ ပဋိဂ္ဂဟေသိ၊ ဧကော အာသနံ ပညပေသိ၊ ဧကော ပါဒေါဒကံ ဥပဋ္ဌာပေသိ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**အထခေါ**၊ ထိုအခါမှာ။ **အာယသ္မာ စ အနုရုဒ္ဓေါ, အာယသ္မာ စ နန္ဒိယော, အာယသ္မာ စ ကိမိလော**၊ အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ ဆိုတဲ့ အရှင်မြတ်သုံးပါးတို့ဟာ။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **ပစ္စုဂ္ဂန္တွာ**၊ ခရီးဦးကြိုဆိုကြပြီး၍။

**ဧကော**၊ မထေရ်တစ်ပါးက။ **ဘဂဝတော**၊ မြတ်စွာဘုရားရဲ့။ **ပတ္တ စီဝရံ**၊ သပိတ်နဲ့ သင်္ကန်းကို။ **ပဋိဂ္ဂဟေသိ**၊ လှမ်းပြီးတော့ ယူလိုက်တယ်။ **ဧကော**၊ နောက်တစ်ပါးကတော့။ **အာသနံ**၊ နေရာကို။ **ပညပေသိ**၊ ကြိုတင် ခင်းထားပေးလိုက်တယ်။ **ဧကော**၊ နောက်တစ်ပါးကတော့။ **ဘဂဝတော**၊ ဘုရားရှင်အတွက်။ **ပါဒေါဒကံ**၊ ခြေဆေးရေကို။ **ဥပဋ္ဌပေသိ**၊ ထည့်ထားပေးလိုက်တယ်။

ဒီကနေ့မှာလည်း ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် ဆရာတော်ဘုရားကြီးတွေလည်း ကြွလာတော်မူကြတာ စုံသလောက်ရှိပါပြီ။ နက်ဖြန်ဆိုရင်တော့ အားလုံး စုံတော်မူကြမှာပါ။ အဲဒီလို ကြွတော်မူကြတဲ့ အရှင်မြတ်တွေကို ရွှေဟင်္သာဆရာတော်ကြီး မိန့်တော်မူတဲ့အတိုင်း ဘုန်းကြီးတို့အားလုံး တာဝန်တွေ အသီးသီး ခွဲဝေပြီးတော့ ထမ်းနေကြပါတယ်။

၁။ စီမံအုပ်ချုပ်ရေး ဆရာတော်ဘုရားများအဖွဲ့နဲ့

၂။ ဝန်ဆောင်ဆရာတော်များအဖွဲ့ ဆိုပြီး အဖွဲ့တွေ ဖွဲ့ပြီး တာဝန်ထမ်းဆောင်နေကြတာပါ။

**ဘာရနိတ္ထာရက** = ဆိုတာ ကျရာတာဝန်တွေကို ဝေခြမ်းပြီးတော့ သူ့တာဝန်နဲ့သူ ဆောင်ရွက်နေကြတာ။ ဒီအဖွဲ့ကို ခေတ်စကားနဲ့ပြောချင်ရင်တော့ (E.C) လို့ ခေါ်ချင်ရင်လည်း ခေါ်ပေါ့။ အလုပ်အမှုဆောင်အဖွဲ့လို့ ခေါ်ချင်ရင်လည်း ခေါ်ပေါ့။ အဲဒီအဖွဲ့ကနေ တာဝန်ချထားပေးတာတွေကို အောက်ခြေအဖွဲ့တွေ အားလုံးကလည်း တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းပြီး ဆောင်ရွက်နေကြတာနော်။

ဟို... အင်ကြင်းဉယျာဉ်ကြီးထဲမှာ တစ်ပါးက သပိတ်သင်္ကန်းကို လှမ်းယူတယ်။ တစ်ပါးက နေရာပြေးခင်းတယ်။ တစ်ပါးက ခြေဆေးဖို့ ရေအိုးလေး တည်ထားတယ်။ တညီတညွတ်တည်း ဆောင်ရွက်နေကြတာ နော်။

တကယ်လို့သာ အရှင်အနုရုဒ္ဓါက "ငါ အရှင်တွေ့တာ" ပဲ ဆိုပြီးတော့ နေရာလည်း သူပဲခင်းမယ်၊ သောက်ရေ သုံးရေလည်း သူပဲ တည်လိုက်မယ် ဆိုရင် ဟိုမှာ ကျန်တဲ့ကိုယ်တော်တွေက "ငါတို့တော့ ဒါတွေ မလုပ်လိုက်ရလေခြင်း" ဆိုပြီး စိတ်မကောင်းဖြစ်ချင် ဖြစ်သွားမှာ။ အဲဒါကို ငဲ့ပြီး သွားခေါ်ရတာ။

## ကြိုလိုက်ရတာ ပီတိဖြာ

သွားခေါ်ပြန်တော့လည်း ကျန်တဲ့ကိုယ်တော်တွေက "တပည့်တော်တို့တော့ မအားသေးဘူး၊ အရှင်ဘုရားပဲ ကြည့်လုပ်လိုက်ပါတော့" လို့ မပြောကြဘူး။ အားလုံးက ဝိုင်းပြီးတော့ တညီတညွတ်တည်း မြတ်စွာဘုရားကို ကြိုဆိုတော်မူကြတယ်။

**နိသီဒိ ဘဂဝါ ပညတ္တေ အာသနေ၊**
**နိသဇ္ဇ ခေါ ဘဂဝါ ပါဒေ ပက္ခာလေသိ။**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **ပညတ္တေ**၊ ခင်ထားအပ်ပြီးသော။ **အာသနေ**၊ ဘုရားနေရာတော်၌။ **နိသီဒိ**၊ ထိုင်တော်မူလိုက်တယ်။ **ဘဂဝါ**၊ ဘုရားမြတ်စွာသည်။ **နိသဇ္ဇ**၊ ထိုင်တော်မူပြီးတော့မှ။ **ပါဒေ**၊ ခြေတော်နှစ်ဖက်တို့ကို။ **ပက္ခာလေသိ**၊ ဆေးကြောတော်မူလိုက်တယ်။

ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပြီးတဲ့အခါ ဘုရားမြတ်စွာက ခြေတော်ကို ဆေးတော်မူတယ်။ ဒီတော့ ခြေဆေးရေလေး ကပ်လိုက်ရတဲ့ ကိုယ်တော်ကလည်း "ကြီးကျယ်တဲ့ မဟာပုည ကုသိုလ်ကြီးကို ငါ ရလိုက်ပြီ" ဆိုပြီး သိပ်ဝမ်းသာသွားတာနော်။ နေရာခင်းပေးခွင့်ရတဲ့ ကိုယ်တော်ကလည်း "ငါခင်းထားတဲ့ နေရာလေးမှာ ဘုရားရှင် သီတင်းသုံးတော်မူတာ ဝမ်းသာလိုက်တာ" ဒီလို မဟုတ်လား။

သပိတ်၊ သင်္ကန်းကို လှမ်းယူခွင့်ရလိုက်တဲ့ ကိုယ်တော်ကလည်း "ဘုရားရဲ့ သပိတ် သင်္ကန်းကို ငါလှမ်းယူခွင့်ရလိုက်တယ်" ဆိုပြီးတော့ သိပ်ဝမ်းသာသွားတာ။ ဝမ်းသာခြင်းတွေ တညီတည်း ဖြစ်သွားတာ။ ဒါ အရသာပဲနော်။

ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိတယ်။

"ဟော့... အကျိုးအမြတ်တော့ တခြားမမြတ်ချင် ရှိပစေ၊ မြန်မာပြည်အရပ်ရပ်မှာ ရှိနေကြတဲ့ ညီတော်၊ နောင်တော်တွေကို ခရီးဦး ကြိုဆိုခြင်း၊ နေရာတွေ ခင်းပေးခြင်း၊ သောက်ရေ သုံးရေ တည်ပေးခြင်း၊ တစ်ပါးရဲ့ မျက်နှာကို တစ်ပါးက သုံးရက်လောက် ဖူးမြင်ခွင့်ရခြင်းသည် ပင်လျှင် နည်းတဲ့ အခွင့်အရေးတွေ မဟုတ်ကြဘူး။ ဒါ အရသာပဲ။ တပည့်တို့ တာဝန်ထမ်းကြ" ဆိုပြီးတော့ မိန့်တော်မူတာ။

အမြဲမပြတ် စည်းဝေးခြင်း (အဘိဏှသန္နိပါတ) ဆိုတာ သာသနာ့ ကျက်သရေ တစ်ခုပါ။

**"တေပိ ခေါ အာယသ္မန္တော ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ ဧတ ဒဝေါစ။**

**ကစ္စိ ဝေါ အနုရုဒ္ဓါ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ပိဏ္ဍကေန န ကိလမိတ္ထ"** (မူလပဏ္ဏာသ၊ နှာ-၂၆၆)

**တေပိ အာယသ္မန္တော**၊ ထိုအရှင်မြတ် သုံးပါးတို့ဟာလည်းပဲ။ **ဘဂဝန္တံ**၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ **အဘိဝါဒေတွာ**၊ အလွန် ရိုသေစွာ ရှိခိုးပြီး၍။ **ဧကမန္တံ**၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့နေရာ မှာ။ **နိသီဒိံသု**၊ ထိုင်နေတော်မူကြတယ်။ **ဧကမန္တံ**၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့နေရာမှာ။ **နိသိန္နံ**၊ ထိုင်နေတော်မူတဲ့(မူကြတဲ့)။ **အာယသ္မန္တံ အနုရုဒ္ဓံ**၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကို (အရှင်အနုရုဒ္ဓါ မထေရ်သူမြတ် အစရှိတဲ့ မထေရ်မြတ် သုံးပါးကို)။ **အဝေါစ**၊ မိန့်တော်မူလိုက်တယ်။

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါ၊ နန္ဒိယနဲ့ ကိမိလို့။ **ကိစ္စိ**၊ ဘယ်လို ပါလဲ။ **ဝေါ**၊ သင်တို့သည်။ **ခမနီယံ**၊ ဣရိယာပုတ်လေးပါးမှာ ခံ့ခံ့ခိုင်ခိုင်

ရှိကြပါကုန်လော။ **ကစ္စိ**၊ ဘယ်လိုပါလဲ။ **တုမ္ဟေ**၊ သင်တို့တစ်တွေဟာ။ **ယာပနီယံ**၊ အသက်နှင့် ခန္ဓာ မျှတမှုရှိကြပါရဲ့လော။ **ကိစ္စိ**၊ ဘယ်လိုပါလဲ။ **တုမ္ဟေ**၊ သင်တို့တစ်တွေဟာ။ **ပိဏ္ဍကေန**၊ ဆွမ်းဖြင့်။ **န ကိလမိတ္ထ**၊ မပင်ပန်း မဆင်းရဲဘဲ ချမ်းသာ လွယ်ကူကြပါကုန်ရဲ့လားရယ်လို့။ **ဘဂဝါ**၊ ဘုရား မြတ်စွာက။ **အဝေါစ**၊ ကောင်းစွာမသေွ မေးမြန်းတော် မူလိုက်ပါပေ သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ခမနီယံ ခန့်ကျန်းကြရဲ့လား

"ချစ်သားတို့... ဘယ်လိုလဲ။ သင်တို့တစ်တွေဟာ လျှောင်း ထိုင် ရပ် သွား ဣရိယာပုတ် လေးပါး ခိုင်ခိုင်ခံ့ခံ့ ရှိကြပါရဲ့လား။

(ပရိသတ်ရေ) လူတစ်ယောက် မတ်တတ်ရပ်တာကြာနေရင် ကြာတော့ မတ်တတ် မရပ်နိုင်တော့ဘူး။ အဲဒီတော့ ဘာလုပ်ပေးရမလဲ။ ထိုင်ပေးရတယ်။ ထိုင်တာကြာလာတော့ ညောင်းလာပြန်ရော။ ဒီတော့ လျှောင်းပေးရ လှဲပေးရပြန်တယ်။ အိပ်နေတာ ကြာပြန်တော့ မတ်တတ်ပြန် ရပ်ပြီး လမ်းလျှောက်ပေးရပြန်တယ်။

(ပရိသတ်ရေ) ဒါဟာ ဣရိယာပုတ်တွေ မခိုင်ခံ့တဲ့သဘောကို ပြောနေတာနော်။

ဒီအစည်းအဝေးပွဲကြီးမှာလည်း ရပ်ဝေးက ကြွလာတော်မူကြတဲ့ သက်တော်ရှည် ဆရာတော်ဘုရားကြီးတချို့ကို ဘုန်းကြီးတို့ရဲ့ အာယုဒါန ဆေးရုံတော်ကို အရင်ပင့်သွားပြီးတော့ ချမ်းသာရာအခန်းမှာ ခေတ္တထားပေး တယ်။ တခြား ထူးခြားတဲ့ ဆရာတော်ဘုရားကြီးတွေအတွက်လည်း ထူးခြား တဲ့ အစီအစဉ်လေးတွေ ရုတ်တရက် စီစဉ်ပေးရတယ်။ ပြီးတော့မှ နေရာ တကျ ဖြစ်ပြီဆိုတော့မှ ကျန်းမာရေးအတွက် ဆရာဝန်တွေဆီ လှမ်း အကြောင်းကြားလိုက်တယ်။

"ဆရာဝန် ဆရာမတွေ ကြွကြပါ။ ခင်ဗျားတို့ ဒီမှာ ကုသိုလ် ထူးကို ယူကြပါဦး" ဆိုပြီးတော့ လှမ်းအကြောင်းကြားတော့မှ ဆရာဝန်၊ ဆရာမကြီးတွေက ဆရာတော်ဘုရားကြီးတွေကို ဝတ်ကြီးဝတ်ငယ် လာပြုစု ကြတာ။ ဒါ ခမနီယံ သဘော။ သိပ်အရေးကြီးတယ်နော်။

ပရိသတ်ကြီးရေ...အစည်းအဝေးဆိုတာမျိုးက ကြာတတ်တဲ့ သဘော ရှိတယ်။ အဲဒီ အစည်းအဝေးမှာ ကြာကြာထိုင်ဖို့ သိပ်မလွယ်ဘူး။ ဘုန်းကြီးတို့ ပရိသတ်လည်း အခု နှစ်နာရီလောက်ထိုင်ပြီး တရားနာလိုက်ရ တာတောင် လွယ်ရဲ့လား။

"မလွယ်ပါ ဘုရား"

"ကဲ... မလွယ်ရင်လည်း တော်ပြီ။ လွယ်ရင်တော့ ဆက် ဟောဦးမယ်"

ဒီတော့ ခမနီယံ ဆိုတာ သိပ်အရေးကြီးတဲ့ သဘောရှိတယ်။ တချို့ဆို မထိုင်နိုင်ဘူး။ တချို့ဆို မရပ်နိုင်ဘူး။ တချို့ဆို အိပ်လို့ကို မရဘူး။ တချို့ဆို လမ်းမလျှောက်နိုင်ဘူး။ ဒီလိုတွေ ရှိတတ်ကြတယ်နော်။ "ဣရိယာပုတ် ခိုင်ခံ့ပါရဲ့လား"ဆိုတာ ဒီသဘောကို လှမ်းမေးနေတာနော်။

နောက်တစ်ခါ ဘုရားက ဆက်မေးပြန်တယ်။

"ချစ်သားတို့...

သင်တို့ရဲ့ အသက်နဲ့ခန္ဓာကို ရောဂါက မနှိပ်စက်ဘဲ ကြံ့ကြံ့ခိုင်ခိုင် ရှိကြပါရဲ့လား။

ဣရိယာပုတ် လေးပါးကတော့ ကြံ့ခိုင်ပြီ။

ဒါ့အပြင် သင်တို့ရဲ့ ခန္ဓာကိုယ်ကို ရောဂါဝေဒနာ တစ်စုံတစ်ခုက မနှိပ်စက်ဘဲ ကျန်းမာရေးမှ ကောင်းကြပါရဲ့လား။ ဘုရားက မေးတော်မူတာ နော်။

အခုလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ကျောင်းတိုက်ကြီး အတွင်းမှာ မြန်မာပြည်တစ်ဝန်းလုံးက ဆရာတော်ဘုရားကြီးတွေ ကြွရောက် တော်မူလာကြတဲ့အတွက်ကြောင့် ခရီးဦးကြိုဆိုပြီး မေးမြန်းခွင့်ရကြရတယ်။ တကယ်လို့သာ တွေ့ဆုံဖူးမြော်ခွင့်သာ မရရင် ဒီလို မေးမြန်းခွင့်၊ ပြုစုခွင့် ရကြမှာ မဟုတ်ဘူး။

## ကျန်းမာကြ ဆွမ်းလောက်ကြရဲ့လား

"ကျန်းမာတော်မူကြပါရဲ့လား"

"ဣရိယာပုတ် လေးပါး မျှတတော်မူကြပါရဲ့လား"

"ပရိယတ္တိ ဘယ်လိုဆောင်ရွက်တော်မူကြပါသလဲ"

ဘာသာရေး၊ သာသနာရေးကို ဘယ်လို ဆောင်ရွက်တော်မူကြပါသလဲဆိုတာတွေကို ခုတော့ တွေ့ဆုံမေးမြန်းခွင့် ရလိုက်ကြပါပြီ။

ဒါ အခွင့်အရေးတစ်ရပ်ပါပဲနော်။ နောက်တစ်ခါ တတိယမြောက် မေးခွန်းတစ်ခုကို မြတ်စွာဘုရားက မေးမြန်းတော်မူပြန်တယ်။

ချစ်သားတို့၊ သင်တို့မှာ ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိကြပါရဲ့လား။ ဆွမ်း ကွမ်း ပြည့်စုံလုံလောက်ကြရဲ့လား။ ဒီလို မေးတာနော်။

အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ မထေရ်မြတ်သုံးပါးဟာ ဂေါသိင်္ဂ အင်ကြင်းတောကြီးထဲမှာ သီတင်းသုံးနေတော်မူကြတယ်။ ဆွမ်း, ကွမ်း အမှီပြုရာ အရပ်ကတော့ ဝဇ္ဇီတိုင်း နာတိကရွာပေါ့။ ဒါကြောင့် ဒီတောထဲမှာနေတဲ့ ကိုယ်တော်တွေ "ဆွမ်းလောက်အောင် ရကြလားကွယ့်" ဆိုပြီး ဘုရားက မေးနေရတာနော်။

ဒီကနေ့မှာလည်း အနယ်နယ် အရပ်ရပ်က ကြွလာတော်မူကြတဲ့ ဆရာတော်ဘုရားကြီးတွေကို ကြုံရခဲ့တဲ့ အခွင့်အရေးကြီးကို ကြုံရခိုက် ဒီလိုပဲ မေးမြန်းလျှောက်ထားကြရမယ်။

"ဆရာတော်တို့ ကျန်းမာကြပါရဲ့လား ဘုရား"

"ဣရိယာပုတ် လေးပါး မျှတကြပါရဲ့လား ဘုရား"

"စာမေးပွဲအောင်ချက်တွေရော ကောင်းကြရဲ့လားဘုရား"

"ဆန်တွေ ဆီတွေရော လုံလောက်ရဲ့လားဘုရား"

ဟုတ်လား။ ခေတ်က ဒီလိုဖြစ်လာတော့ ဆွမ်းကွမ်း လုံလောက်ရဲ့လားလို့ မေးရုံနဲ့ မလုံလောက်တော့ဘူး။ ဆန်တွေ၊ ဆီတွေပါ လုံလောက်ရဲ့လားလို့ မေးရတော့မယ်။ ဒါလည်း တွေ့ခွင့် ဆုံခွင့်ရလို့ မေးမြန်းခွင့်ရတာ။ ဘုရားတောင် မေးသေးတာပဲ။ ဘုန်းကြီးတို့လည်း မေးရမှာပေါ့။

ဘုန်းကြီးတို့ ပရိသတ်လည်း နက်ဖြန်ကျရင် ဆရာတော်ကြီးအပါး (၃၀၀)ကျော်ထံကို ဆွမ်းကပ်ပြီး လိုက်မေးကြ။ "ဆရာတော်တို့ ဆွမ်းလုံလောက်ရဲ့လားဘုရား" ဆိုပြီး လိုက်မေးလိုက်ကြ။

တော်ကြာ မလောက်ဘူးဆိုလိုက်ရင် သူတို့လှူရမှာစိုးတာနဲ့ သူတို့ မမေးချင်တော့ဘူး ထင်တယ်နော်။

နယ်ကကြွလာတဲ့ ဆရာတော်တွေကလည်း စစ်ကိုင်းတောင်ရိုးက ဆရာတော်တွေ၊ သီလရှင်တွေကို မေးဖို့ကောင်းတယ်။

"ကိုယ်တော်တို့ကို မလွန်ဆန်လျှုအသင်းက ဆန်မှ တော်တော် များများ လှူရဲ့လား"လို့။

ဒီအမေးကိုတော့ ဘုန်းကြီးတို့က မဖြေဘူး။ မလွန်ဆန်လျှုအသင်း ကြီးက ဖြေလိမ့်မယ်နော်။ အဲဒီလို မေးကြ၊ ဖြေကြ ပျော်ရွှင်ဝမ်းမြောက်စွာ တွေ့ဆုံကြခြင်းဟာ သာမဂ္ဂီရသပါပဲ။ ညီညွတ်ခြင်းရဲ့ အရသာဟာ ဒါပါပဲ" လို့ တို့ပရိသတ်တွေ သဘောပေါက်ကြပါ။

**ခမနီယံ ဘဂဝါ၊ ယာပနီယံ ဘဂဝါ၊**

**န စ မယံ ဘန္တေ ပိဏ္ဍကေန ကိလမာမ။**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**ဘန္တေ**၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာ ဘုရား။ **မယံ**၊ တပည့်တော်တို့ ညီနောင်သုံးပါးဟာ။ **(ဣမ ဂေါသိင်္ဂသာလဝသနဒါယေ၊** ဒီဂေါသင်္ဂ အင်ကြင်းတောကြီးထဲမှာ)။ **ခမနီယံ**၊ ဣရိယာပုတ် လေးပါး ခိုင်ခိုင်ခံ့ခံ့ ရှိကြပါသည် မြတ်စွာဘုရား။

**ယာပနီယံ**၊ အသက်နဲ့ခန္ဓာကို ရောဂါက မနှိပ်စက်ဘဲ မျှတစွာ ရှိနေကြပါသည် မြတ်စွာဘုရား။ **ပိဏ္ဍကေန စ**၊ ဆွမ်းဖြင့်လည်း။ **မယံ**၊ တပည့်တော်တို့ ညီနောင်သုံးပါးတစ်တွေဟာ။ **န ကိလမာမ**၊ မပင်မပန်း ချမ်းချမ်းသာသာ လုံလုံလောက်လောက် ရှိကြပါကုန်သည် မြတ်စွာဘုရား ရယ်လို့။ **အာယသ္မာ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်သည်။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **အဝေါစ**၊ ရွှေနားတော်ကြားအောင် လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ရွှေဟင်္သာဆရာတော်ကြီးရဲ့ ဘုန်းကံတွေ

"မြတ်စွာဘုရား... တပည့်တော်တို့ ညီနောင်သုံးပါးလုံးဟာ ဣရိယာပုတ်လေးပါး ခိုင်ခိုင်ခံ့ခံ့ ရှိကြပါတယ်ဘုရား။ အသက်နဲ့ ခန္ဓာကိုယ် ကို ရောဂါဝေဒနာတွေက မနှိပ်စက်ဘဲ မျှမျှတတလည်း ရှိကြပါတယ် ဘုရား။ ဆွမ်း, ကွမ်း စတာတွေနဲ့လည်း ပြည့်စုံလုံလောက်ကြပါတယ် မြတ်စွာဘုရား"လို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က ဘုရားရှင်ကို ပြန်လျှောက် ထားတာနော်။

ဒီတော့ ဘုန်းကြီးကလည်း ဒီကနေ့ အစည်းအဝေးကြီးမှာ တာဝန်ယူဆောင်ရွက်နေကြတဲ့ ရွှေဟင်္သာ ကပ္ပိယကာရက အဖွဲ့ကြီးကို မေးကြည့်တယ်။

"ဒကာကြီးတို့... ဘယ်လိုတုန်း၊ ဆွမ်းကွမ်းလုံလောက်ရဲ့လား"

"လုံလောက်ပါတယ် ဘုရား"

"ဘယ်လောက် ကျွေးရသတုန်း"

"သံဃာတော်ရော၊ လှူပရိသတ်ပါဆိုရင် အားလုံး (၈၀၀)လောက် ကျွေးရပါတယ် ဘုရား"

"ဘယ့်နှယ်တုန်း၊ ဒကာကြီးတွေ နိုင်နိုင်နင်းနင်း လုံလုံလောက်လောက်ရှိရဲ့လား"

"မှန်ပါ့။ တပည့်တော်တို့ဘက်က ပရိသတ် (၈၀၀)မက (၈၀၀၀) ဆိုလည်း ကျွေးချင်ပါတယ်။ ကျွေးဖို့ကလည်း လုံလုံလောက်လောက် ရှိပါတယ် ဘုရား" တဲ့။

ပရိသတ်ကြီးရေ... ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဘုန်းကံနဲ့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ကပ္ပိယကာရကအဖွဲ့ရဲ့ ဝီရိယတရားတွေ ပေါင်းစပ်ထားတာကြောင့် ဆွမ်းကွမ်း ဘာမှ လိုတယ်မရှိရဘူး။ အားလုံး ပြည့်စုံလုံလောက်တယ်နော်။

နေရာထိုင်ခင်းတွေလည်း ပြည့်ပြည့်စုံစုံရှိတယ်။ ကျန်းမာရေးအတွက်လည်း အဆင်သင့်ပဲ။ ဘာမှ ပူစရာမရှိအောင် စီစဉ်ထားတယ်။ ဒါ ဘုရားရှင် ကိုယ်တော်မြတ်က ဂေါသိင်္ဂအင်ကြင်းတောထဲက မထေရ်မြတ်သုံးပါးကို မေးသလို ဘုန်းကြီးတို့လည်း မေးကြရမှာနော်။

ဘုရားရှင်ကိုယ်တော်မြတ်က အရှင်မြတ်သုံးပါးကို ကျန်းမာရေးနဲ့ အာဟာရကိစ္စ ဒီနှစ်ချက်ကို မေးမြန်းပြီးတဲ့အခါမှာ နောက်တစ်ချက်က နေရေး၊ ထိုင်ရေး၊ သာသနာရေးကို မေးမြန်းတော်မူလိမ့်မယ်။

**"ကစ္စိ ပန ဝေါ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရထ"**

**(မူလပဏ္ဏာသ၊ နှာ-၂၆၆)**

မြတ်စွာဘုရားက အရေးကြီးတဲ့ မေးခွန်းတွေကို မေးတော်မူတော့တယ် ပရိသတ်ရေနော်။ ဒါကြောင့် အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနဲ့ အရှင်

ကိမိလတို့ သီတင်းသုံး နေထိုင်တော်မူကြတဲ့ ဟို ဂေါသိင်္ဂအင်ကြင်း တောကြီးထဲကို လှမ်းပြီး ကြည့်ညိုကြည့်လိုက်ကြနော်။ ဥယျာဉ်အပေါက်ဝမှာ ဥယျာဉ်စောင့်က သူ့တာဝန်ကို သူကျေပွန်အောင် ထမ်းဆောင်လို့နေနေတယ်။

ဘုရားရှင် ဥယျာဉ်ကြီးထဲကို ကြွဝင်တော်မူသွားတဲ့အချိန်က နေအတော်စောင်းလို့ မိုးချုပ်ချိန်တောင်ရောက်နေပြီ။ မှောင်ရီသန်းသွားပြီ။ ဥယျာဉ်စောင့်ကတော့ သူ့တာဝန် သူထမ်းနေတယ်။

## ဘုရားမေးတဲ့ စကားငါးချက်

အဲဒီအချိန်လေးမှာ မြတ်စွာဘုရားက မေးမြန်းတော် မူလိုက်တယ်။

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါ, နန္ဒိယနဲ့ ကိမိလတို့။ **ကစ္စိ**၊ ဘယ်လိုပါလဲ။ **ဝေါ (တုမှေ)**၊ သင်တို့တစ်တွေဟာ။

၁။ **သမဂ္ဂါ**၊ ကိုယ်စိတ်နှစ်ဝ ညီညွတ်ကြကုန်သည်ဖြစ်၍။ **ဝိဟရထ**၊ နေနိုင်ကြကုန်၏လော။

၂။ **သမ္မောဒမာနာ**၊ အချင်းချင်း တစ်ပါးနှင့်တစ်ပါး အမြဲတမ်း ဝမ်းပန်းတသာ ဝမ်းမြောက်ပြီးတော့မှ။ **ဝိဟရထ**၊ နေနိုင်ကြကုန်၏လော။

၃။ **အဝိဝဒမာနာ**၊ အချင်းချင်း တစ်ပါးနှင့်တစ်ပါး ငြင်းခုန်ခြင်း ဝါဒကွဲခြင်း မရှိကြကုန်သည်ဖြစ်၍။ **ဝိဟရထ**၊ ရှိမြဲ ရှိနေမြဲ နေနိုင်ကြပါကုန်၏လော။

၄။ **ခီရောဒကီဘူတာ**၊ နွားနို့နှင့်ရေ ရောသလို တစ်သဘောတည်း၊ တစ်စိတ်တည်း တစ်ပါးနှင့်တစ်ပါး ပစ္စည်းနဲ့လည်း ရောနှော၊ တရားနဲ့လည်း ရောနှော ဆက်ဆံကြကုန်သည်ဖြစ်၍။ **ဝိဟရထ**၊ နေနိုင်ကြကုန်၏လော။

၅။ **တုမှေ**၊ သင်တို့တစ်တွေဟာ။ **အညမညံ**၊ အချင်းချင်း (ဝါ) တစ်ပါးကတစ်ပါးကို။ **ပိယစက္ခူဟိ**၊ ချစ်အပ်သော မျက်လုံးအစုံတို့ဖြင့်။ **သမ္ပဿန္တော**၊ ကြည့်ရှု ဆက်ဆံတော်မူကြကုန်သည်ဖြစ်၍။ **ဝိဟရထ**၊ နေနိုင်ကြကုန်၏လော။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားမြတ်စွာလည်း။ **အာယသ္မန္တံ အနုရုဒ္ဓံ**၊ အရှင်အနုရုဒ္ဓါ အမျိုးရှိတဲ့ မထေရ်သူမြတ် သုံးပါးကို။ **အဝေါစ**၊ ကောင်းစွာ မသွေ မေးမြန်းတော်မူလိုက်ကြပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ကိုယ်ရော စိတ်ပါ ညီကြရဲ့လား

''ချစ်သားတို့...

၁။ သင်တို့တစ်တွေမှာ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ ဆိုတဲ့ ကိုယ်ရော စိတ်ပါ ညီညွတ်မှု ရှိကြပါရဲ့လား။

ပရိသတ်ရေ... ညီညွတ်မှုဆိုတာ နှစ်မျိုးရှိတယ်နော်။ ကိုယ်၏ ညီညွတ်ခြင်းရယ်၊ စိတ်၏ညီညွတ်ခြင်းရယ် ဆိုပြီးတော့ပေါ့။

လုပ်ငန်းဆောင်တာ ဆောင်ရွက်ဖို့ရာ လူဘယ်နှစ်ယောက်၊ သံဃာ ဘယ်နှစ်ပါး ဒီလုပ်ငန်းထဲမှာ ရှိရမယ်ဆိုရင် အဲဒီ အရေအတွက်အတိုင်း အဲဒီ လုပ်ငန်းဆောင်တာကို ဆောင်ရွက်ဖို့ရာ အားလုံး တညီတညွတ်တည်း ကြွတော်မူကြမယ်။ (၂) တောင့်ထွာလောက်အနီးရောက်အောင် ကြွရောက် တော်မူကြမယ်ဆိုရင် ဒါ ကာယသာမဂ္ဂီ (ကိုယ်ညီညွတ်ပြီ)လို့ ပြောလို့ ရတယ်။

အားလုံး ကြွရောက်တော်မူကြပြီးတော့ စိတ်အားဖြင့်လည်း တစ်သဘောတည်းရှိကြ၊ သဘောတူကြတယ်ဆိုရင် ဒါ စိတ္တသာမဂ္ဂီ (စိတ်ညီညွတ်မှုလည်း ရှိကြပြီ)လို့ ပြောလို့ရသွားပြန်တယ်။

ဒါကို ကာယသာမဂ္ဂီ + စိတ္တသာမဂ္ဂီ၊ ကိုယ်စိတ် နှစ်ရပ် ညီညွတ် တယ်လို့ ခေါ်ကြရတယ်နော်။ တစ်ခါတလေ ဖြစ်တတ်တာက လူချင်းတော့ နီးကပ်တယ်။ စိတ်ချင်း မနီးစပ်ကြဘူး။ (ဒါဆို စိတ္တသာမဂ္ဂီ မဖြစ်ဘူး။ ကာယသာမဂ္ဂီပဲ ဖြစ်တယ်။)

နောက်တစ်ခါ လူချင်းကတော့ ဝေးကွာနေကြတယ်။ ဒါပေမယ့် စိတ်ချင်းကျတော့ နီးစပ်နေကြပြန်တယ်။ (ဒါဆိုလည်း စိတ္တသာမဂ္ဂီပဲ ရတယ်။ ကာယသာမဂ္ဂီ မရပြန်ဘူး။)

တကယ်တော့ ဒီလိုမဟုတ်ရဘူး။ ကိုယ်ရော စိတ်ပါ ညီညွတ် ကြပါမှ သာမဂ္ဂီ နှစ်ပါးလုံးကိုရပြီး ညီညွတ်ကြတာ။ ဘုန်းကြီးတို့ ရွှေကျင်

ဂိုဏ်းကြီးကတော့ အဲဒီ သာမဂ္ဂီ နှစ်ပါးကို အစဉ်အဆက်အားဖြင့် အစဉ်အလာကောင်းစွာနဲ့ ရရှိတော်မူလာခဲ့ကြတာဆိုတော့ ဒါ အင်မတန် ဝမ်းသာစရာကောင်းတဲ့ အချက်ပါ။

## အချစ်မျက်လုံး အပြုံးသက်သေ

နောက်တစ်ခါ မေးခွန်းကို ဘုရားက ဆက်မေးပြန်တယ်။

"ချစ်သားတို့...

၂။ သင်တို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ပါးနဲ့တစ်ပါး တွေ့ကြ ဆုံကြတဲ့အခါ တကယ်ပဲ လိုက်လိုက်လှဲလှဲ ဝမ်းပန်းတသာ ရှိကြပါရဲ့လား။

၃။ သင်တို့တစ်တွေဟာ ငြင်းခုံခြင်းတွေ ဝါဒကွဲခြင်းတွေ မရှိဘဲ ညီညွတ်စွာ နေနိုင်ကြပါရဲ့လား။

ဝါဒကွဲတာတွေ၊ ငြင်းခုံနေတာတွေ မရှိဘဲ အေးအေးဆေးဆေး ညီညီညွတ်ညွတ် ရှိကြပါရဲ့လား။ မေးခွန်း ဘယ်နှစ်ခု ရှိသွားပြီလဲ။ သုံးခု ရှိသွားပြီနော်။ နောက်တစ်ခါ ကျန်နေတဲ့ မေးခွန်းတွေကို ဆက်မေးတော်မူပြန်တယ်။

"ချစ်သားတို့...

၄။ သင်တို့တစ်တွေဟာ နို့နဲ့ရေ ရောနှောလိုက်သလို တစ်သဘောတည်း ရှိကြပါရဲ့လား"

နွားနို့အိုးထဲကို ရေထည့်လိုက်ရင်ပဲဖြစ်ဖြစ်၊ ရေထဲကို နွားနို့ထည့်လိုက်ရင်ပဲဖြစ်ဖြစ် ပေါင်းသွားတာပဲ။ ရောသွားတာပဲ။ ခွဲလို့ကို မရတော့ဘူး။ ဒီလိုပါပဲ။ သင်ချစ်သားတို့ ညီနောင် သုံးပါးဟာလည်း နွားနို့ထဲမှာ ရေရောလိုက်သလို တစ်ပါးနှင့်တစ်ပါး ရောနှောကြ၊ ပေါင်းသင်းကြ၊ ဆက်ဆံကြရဲ့လား ဆိုတာကို ဘုရားရှင်က မေးတော်မူနေတာ။ နောက်ဆုံး ပဉ္စမြောက် မေးခွန်းကို ဆက်မေးတော်မူပုံက...

"ချစ်သားတို့...

၅။ သင်တို့တစ်တွေဟာ တစ်ပါးက တစ်ပါးကို ချစ်ခင်သော မျက်လုံးအစုံတွေနဲ့ ကြည့်ရှုလျက် နေနိုင်ကြပါကုန်၏လော"

တစ်ပါးနဲ့တစ်ပါး ရန်လိုတဲ့စိတ်ထား၊ ရန်လိုတဲ့ မျက်လုံးတွေနဲ့ မကြည့်ကြဘဲ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုး ကောင်းကျိုးလိုလားတဲ့ မျက်လုံးတွေနဲ့ ကြည့်နိုင်ကြရဲ့လား ချစ်သားတို့။

ပရိသတ်ကြီးရေ... ဘုရားရှင်က အရှင်အနုရုဒ္ဓါကို မေးနေတာ။ ဒီတော့ အရှင်အနုရုဒ္ဓါက ပြန်ဖြေတယ်။ ပြီးတော့ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ကိုပါ ဆက်မေးသေးတာ။ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ကလည်း ပြန်ဖြေတော်မူတယ်။ တစ်ပါးတည်းကို ကွက်ပြီးတော့မေးတာ မဟုတ်ဘူးနော်။ အရှင်မြတ်အားလုံးကို မြတ်စွာဘုရားက မေးတော်မူနေတာ။

## မေးတာလေးတွေ စုလိုက်ရင်

စုစုပေါင်းလိုက်ရင် ဘုရားမေးတဲ့ မေးခွန်းတွေ ဘယ်နှစ်ခု ရှိခဲ့ပြီလဲ ပရိသတ်ရေ။ မမှတ်မိတော့ရင် နောက်ရက် ဆက်ဟော၊ နောက်ရက်ဆက်ဟော ခုနစ်ရက်လောက်မှ ဖြစ်မယ်ထင်တယ်။ မကောင်းဘူးလား။ ချစ်သားတို့...

၁။ ကာရိယာပုတ် လေးပါး ခိုင်ခိုင်ခံ့ခံ့ ရှိကြရဲ့လား။

၂။ အသက်နဲ့ ခန္ဓာကိုယ်ကို ရောဂါဝေဒနာတွေက မနှိပ်စက်ဘဲ ရှိကြရဲ့လား။

၃။ ဆွမ်းကွမ်း အာဟာရတွေ လုံလုံလောက်လောက် ရှိကြပါရဲ့လား။

၄။ ကိုယ်စိတ်နှစ်ရပ် ညီညီညွတ်ညွတ် ရှိကြပါရဲ့လား။

၅။ တစ်ပါးနှင့်တစ်ပါး ဝမ်းပန်းတသာ နေနိုင်ကြပါရဲ့လား။

၆။ တစ်ပါးနှင့်တစ်ပါး ငြင်းခုံတာတွေ၊ ဝါဒကွဲတာတွေ မရှိဘဲ တညီတညွတ်တည်း ရှိကြပါရဲ့လား။

၇။ တစ်ပါးနှင့်တစ်ပါး နို့နှင့် ရေ ရောလိုက်သလို မကွဲမပြား တစ်သားတည်း ရှိကြပါရဲ့လား။

၈။ အချင်းချင်း တစ်ပါးက တစ်ပါးကို ချစ်ခင်တဲ့ မျက်လုံးအစုံနဲ့ ကြည့်ရှုနိုင်ကြပါရဲ့လား။

"ပရိသတ်ကြီးရေ... ဘုရားမေးတာ ဘယ်နှစ်ချက်လဲ"

"ရှစ်ချက်ပါ ဘုရား"

“အေး... ခုလိုပြောပြလိုက်တော့လည်း မှတ်မိသွားပဲ။ နို့မို့ဆို သူတို့ ဖြေနိုင်မှာမဟုတ်ဘူးနော်။

## ညလုံးပေါက်တရားပွဲက (၅)ရက်တစ်ကြိမ်

မြတ်စွာဘုရားရဲ့ မေးခွန်းကို ဖြေတဲ့အဖြေတွေထဲမှာ...

**“ပဉ္စာဟိကံ ခေါ ပန မယံ ဘန္တေ သဗ္ဗရတ္တိကံ ဓမ္မိယာ ကထာယ သန္နိသီဒါမ”** (မူလပဏ္ဏာသ၊ နှာ-၂၆၆)

ဆိုတဲ့ စကားတစ်ပိုဒ် ပါလာလိမ့်ဦးမယ်။

**ဘန္တေ**၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ **မယံ**၊ တပည့်တော်တို့ ညီနောင်သုံးပါးတစ်တွေဟာ။ **ပဉ္စဟိကံ**၊ ငါးရက်တစ်ကြိမ်။ **သဗ္ဗရတ္တိကံ**၊ ညဥ့်သုံးယာမ်တို့ ကာလပတ်လုံး။ **ဓမ္မိယာ ကထာယ**၊ တရားစကား ပြောကြား ဟောကြား နာကြားကြခြင်းဖြင့်။ **သန္နိသီဒါမ**၊ ထိုင်နေကြပါကုန်သည် မြတ်စွာဘုရားလို့ စာတစ်ပိုဒ် ပါလာလိမ့်ဦးမယ်။

“တပည့်တော်တို့ ညီနောင်သုံးပါးဟာ (၅)ရက်တစ်ကြိမ် ညလုံးပေါက် တရားဟောကြ၊ တရားနာကြပါတယ် မြတ်စွာဘုရား” တဲ့။

အဲဒီလိုလျှောက်ထားတဲ့ စကားလေးဟာ နောက်နားလေးမှာ ပါလာ သေးတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့လည်း ဒီတရားပွဲကို (၇)ရက်လောက် ဆက်တော့မှ ကောင်းမှာနော်။ (၂)ရက်တည်း ဟောရမှာဆိုတော့ အစည်းအဝေးက ရက်တိုနေသေးတယ်။ (၇)ရက်လောက် ဆက်ဟောမယ်ဆိုရင် ဆွမ်းကွမ်း ပြည့်စုံရဲ့လားလို့တော့ ကပ္ပိယကာရကအဖွဲ့ကို ကြိုတင်မေးထားဖို့ လိုလိမ့်မယ်။

“လုံလောက်ပါတယ်ဘုရား”ဆိုရင်တော့ (၅)ရက်တစ်ကြိမ် ညလုံးပေါက် ဟောရုံပါပဲ။

(၅)ရက်တစ်ကြိမ်ထဲမှာ ဘာပါသေးသလဲဆိုတော့ လဆန်း (၈)ရက်၊ လပြည့်ကျော် (၈)ရက်၊ လဆန်း (၁၄/၁၅)ရက်၊ လပြည့်ကျော် (၁၄/၁၅) ရက် ဆိုတာတွေက ပုံမှန်ဟောနေကျ တရားပွဲတွေဆိုတော့ အဲဒီရက်တွေက အစောကြီးကတည်းက ပါပြီးသား။ အဲဒီရက်တွေအတွင်း

မှာမှ (၅)ရက် တစ်ကြိမ် တရားပွဲ ဆိုတာတွေက ဝင်လာတာနော်။ ဂေါသိင် အင်ကြင်းတောကြီးထဲမှာ အရှင်မြတ်သုံးပါးတည်းနဲ့ အဲဒီလို ညလုံးပေါက် တရားပွဲကြီးတွေ ကျင်းပနေကြတာနော်။

အဲဒါကြောင့် တို့ပရိသတ်ကြီးလည်း ည ၁၀ နာရီထိုးနေတာမှန်ပေမယ့် မပြန်ကြရသေးဘူး။ ဒီမှာပဲ အိပ်ကြတာပေါ့။ မိုးလင်းရင် မနက်စာ အားလုံးကို ကျွေးမှာပါ။ အဲသလို ဟောကြ၊ နာကြရရင် မကောင်းဘူးလား။ ကိုင်း... ရှိစေ။ တရားတော်ကို ဆက်ကြရအောင်။

အဲဒီလို မေးခွန်းတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မေးတော်မူတော့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က ရှေးဦးစွာ ဖြေတော်မူတယ်။

**"တဂ္ဃ မယံ ဘန္တေ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီ ဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရာမ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၇)

**ဘန္တေ**၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ **မယံ**၊ ဘုရားတပည့်တော်တို့ ညီနောင်သုံးပါးတို့သည်။ **(ဣမ ဂေါသိင်္ဂသာလဝနဒါယေ၊ ဒီ ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ) တဂ္ဃ**၊ စင်စစ်ဧကန် အမှန်အားဖြင့်။ **သမဂ္ဂါ**၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်ဖြစ်၍။ **သမ္မောဒမာနာ**၊ တစ်ပါးနှင့်တစ်ပါး ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည် ဖြစ်၍။ **အဝိဝဒမာနာ**၊ ငြင်းခုံခြင်း ဝါဒကွဲခြင်း မရှိကြကုန်သည်ဖြစ်၍။

**အညမညံ**၊ အချင်းချင်း (ဝါ) တစ်ပါးကို တစ်ပါးက။ **ပိယစက္ခူဟိ**၊ ချစ်ခင်အပ်သော မျက်လုံးအစုံတို့ဖြင့်။ **သမ္ပဿန္တာ**၊ ကြည့်ရှုဆက်ဆံကြကုန်လျက်။ **ဝိဟရာမ**၊ နေနေကြပါကုန်သည် မြတ်စွာဘုရားရယ်လို့။ **အာယသ္မာ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်က။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **အဝေါစ**၊ ရွှေနားတော်ကြားအောင် ကောင်းစွာမသွေ လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဘယ်လိုနေလို့ ညီညာတာလဲ

"မြတ်စွာဘုရား... တပည့်တော်တို့ ညီနောင်သုံးပါးဟာ

ဒီဂေါသိင် အင်ကြင်းတောကြီးထဲမှာ တစ်ပါးနဲ့တစ်ပါး ညီညီညွတ်ညွတ် ဝမ်းပန်းတသာ ငြင်းခုံခြင်း မရှိကြပါဘဲ နို့နှင့်ရေ ရောသလို ရောနှော ဆက်ဆံပြီး တစ်ပါးက တစ်ပါးကို ချစ်သောမျက်လုံးတွေနဲ့သာ ကြည့်ပြီး တော့ နေထိုင်ကြပါတယ် ဘုရား'' လို့ ညီညွတ်ခြင်းအရသာ (သာမဂ္ဂီရသ) ကို လျှောက်ထားတော်မူလိုက်တယ်။

အဲဒီလို လျှောက်ထားလိုက်တဲ့ အရှင်အနုရုဒ္ဓါကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘယ်လို ဘယ်လို ညီညွတ်စွာနေကြသလဲဆိုတာ သိချင် တာကြောင့် စကားတစ်ခွန်းကို ဆက်မေးတော်မူပြန်တယ်။

**''ယထာ ကထံ ပန တုမှေ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရထ''** (မူလပဏ္ဏာသ၊ နှာ-၂၆၇)

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါ, နန္ဒိယနဲ့ ကိမိလတို့။ **တုမှေ**၊ သင်တို့တစ်တွေဟာ။ **ယထာကထံ ပန**၊ အဘယ်သို့လျှင်။ **သမဂ္ဂါ**၊ ကိုယ် စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်ဖြစ်၍။ **သမ္မောဒမာနာ**၊ ဝမ်းမြောက်ကြကုန် သည်ဖြစ်၍။ **အဝိဝဒမာနာ**၊ ငြင်းခုံခြင်းမရှိကြကုန်သည်ဖြစ်၍။ **ခီရော ဒကီဘူတာ**၊ နို့နှင့်ရေ ရောသလို ရောနှောကြကုန်သည်ဖြစ်၍။ **အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ**၊ တစ်ပါးက တစ်ပါးကို ချစ်အပ်သော မျက်လုံး အစုံတို့ဖြင့် ကြည့်ရှုကြကုန်လျက်။

**ဝိဟရထ**၊ နေထိုင်ကြကုန်သနည်းရယ်လို့။ **အာယသ္မန္တံ အနုရုဒ္ဓံ**၊ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်ကို။ **ဘဂဝါ**၊ ဘုရားရှင်ကိုယ်တော်မြတ် ကြီးက။ **အပုစ္ဆိ**၊ မေးမြန်းတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## နှစ်နာရီပြည့်လို့ တော်ကြစို့

''ချစ်သားတို့... သင်တို့တစ်တွေဟာ ညီညွတ်စွာ၊ ဝမ်းမြောက် စွာ ငြင်းခုံမှုမရှိဘဲ နို့နှင့်ရေ ရောသလို ချစ်သောမျက်လုံးတွေနဲ့ကြည့်ပြီး နေကြပါတယ်'' လို့ သင်တို့ လျှောက်ထားကြတယ်။

''သင်တို့တစ်တွေဟာ ဘယ်ပုံဘယ်နည်းအားဖြင့် ညီညွတ်စွာ နေနိုင်ကြလေသလဲ'' လို့ ဆက်ပြီး မေးတော်မူတာ။

အဲဒီလို မေးတော်မူချက်တွေကို အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်က စတင်ပြီး ဖြေဆိုတော်မူတယ်။

ကဲ... ဟောလာတာ ၂ နာရီတိတိပြည့်ပြီမို့ ဒီကနေ့သည ဒီမှာ ခေတ္တ ရပ်နားထားကြရအောင်။ နက်ဖန်ကျမှပဲ အရှင်အနုရုဒ္ဓါရဲ့ အဖြေတွေကို ဆက်ကြတာပေါ့။

ကဲ... မေတ္တာပို့စာပိုဒ်လေးတွေကို ဆိုလိုက်ကြ။

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန့်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

၁၃၅၁ ခုနှစ် သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် မဟာမေ့ ဗိမာန်တော်ကြီးမှာ ဆင်ယင်ကျင်းပတဲ့ ရွှေကျင်နိကာယ (၁၃)ကြိမ်မြောက် သံဃာ့အစည်းအဝေးပွဲကြီး၌ ဟောကြားတော်မူအပ်သော
**အောင်မြင်ကြီးမွားခြေလှမ်းများ (ရှုဥဂေါ်သိဂ်သုတ္တန်)**
**တရားတော် (ဒုတိယပိုင်း)**

**တရားဖွင့်ပြီ မေတ္တာစည်**

မေတ္တာနိသာကရော လောကေ၊
သမ္မာ ဘာတု သုခံကရော။
မေတ္တာသီတလရံသီဟိ၊
သုခန္တု ဖုသိတာ ပဇာ။

**လောကေ**၊ သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ် ကမ္ဘာ အတွင်း၌။ **မေတ္တာနိသာကရော**၊ မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီး သည်။ **သမ္မာ**၊ သတ္တဝါတစ်တွေ အေးမြစေဟု အသရေရွှန်းကာ ကောင်း မွန်စွာ၊ **သုခံကရော**၊ သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု**၊ ရန်လည်းကင်းဝေး ဘေးလည်း မခ အအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင် သည့် အရောင်အဝါတို့ဖြင့်၊ **မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေး ဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ**၊ အဖုံဖုံလွှမ်း ထုံမွမ်း မလပ် တွေ့ထိအပ်ကုန်သော။

**ပဇာ**၊ ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေ များစွာ သတ္တဝါ တို့သည်။ **သုခန္တု**၊ ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာစာတ်တွေ ပို့လွှတ်ကြရအောင်။

- ❑ **ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- ❑ **မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။**
- ❑ **မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။**
- ❑ **မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။**
- ❑ **ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။**
- ❑ **ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။**
- ❑ **တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။**

## ချမ်းသာဖို့အကြောင်း အကျင့်ကောင်း(၄)ရပ်

**သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။**

**သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။**

**စောေန သစ္စဝစ္ဆေန၊ သုခိတာ ဟောန္တု သာဓဝေါ။**

**ဗုဒ္ဓါနံ၊** သဗ္ဗညုဗုဒ္ဓ အမည်ရကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တို့၏။ **ဥပ္ပါဒေါ၊** ဖြစ်ထွန်းပေါ်ပေါက်၍ လာခြင်းသည်။ **ပဌမော၊** လက်မွန်အစ ပထမ ဖြစ်သော။ **သုခေါ၊** ချမ်းသာခြင်းစင်စစ် ဖြစ်ပါပေ၏။

**သဒ္ဓမ္မဒေသနာ၊** ရှင်တော်ဘုရား ဟောကြားတော်မူသည့် တရားတော်များကို ပြန်လည်ဟောကြားရ၊ နာကြား၍ နေရခြင်းသည်။ **ဒုတိယာ၊** နှစ်ခုမြောက်ဖြစ်သော။ **သုခါ၊** ချမ်းသာကြောင်း စင်စစ်ဖြစ်ပါပေ၏။

**သံဃဿ၊** ရှင်ပေါင်း လူအပေါင်း ရှင်လူအပေါင်း၏။ **သာမဂ္ဂီ၊** ကိုယ်စိတ် နှစ်ရပ် ညီညွတ်ကြခြင်းသည်။ **တတိယာ၊** သုံးခုမြောက်ဖြစ်သော။ **သုခါ၊** ချမ်းသာကြောင်း စင်စစ်ဖြစ်ပါပေ၏။

**သမဂ္ဂါနံ၊** ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သော ရှင်လူအပေါင်းတို့သည်။ **တပေါ၊** ဘာသာရေး, သာသနာရေး, တိုင်းရေး, ပြည်ရေးကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းဆိုတဲ့ လုပ်ငန်းမှန်သမျှသည်။

**စတုဗ္ဗော**၊ လေးခုမြောက်ဖြစ်သော။ **သုခေါ**၊ ချမ်းသာခြင်းစင်စစ် တကယ်ပင်ဖြစ်ပေ၏။ **တေန သစ္စဝဇ္ဇေန**၊ ဤသို့ နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို ဆိုရလေသောကြောင့်။

**သာဓဝေါ**၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြသည့် သူတော်စင် ပရိသတ်အပေါင်းတို့သည်။ **သုခိတာ**၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြ ကုန်သည်။ **ဟောန္တု**၊ ဖြစ်ကြပါစေကုန်သတည်း။

**နိဒ္ဒုက္ခာစ**၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ **ဟောန္တု**၊ ဖြစ်ကြပါစေကုန်သတည်း။ **နိဗ္ဘယာစ**၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ **ဟောန္တု**၊ ဖြစ်ကြပါစေကုန်သတည်း။

**အသောကာစ**၊ မညှိုးမမှိန် တန်ခိုးရှိန်လျက် စိုးရိမ်မနှောင့် ကြောင့်ကြ ပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ **ဟောန္တု**၊ ဖြစ်ကြပါစေကုန်သတည်း။

**ဟောန္တု**၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာစာတ် အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြ ပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## မနေ့ကနေရာ ပြန်စမှာ

မနေ့ညက ဘုရားရှင်ကိုယ်တော်မြတ်က ဂေါသိင်္ဂအင်ကြင်းတော ကြီးထဲမှာ သီတင်းသုံးနေတော်မူကြတဲ့ အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလဆိုတဲ့ မထေရ်သူမြတ်ကြီး သုံးပါးတို့ကို ''ဂေါသိင်္ဂအင်ကြင်း တောကြီးထဲမှာ ဘယ်လိုနေကြသလဲ'' လို့ နေနည်း ထိုင်နည်းကိုမေးတဲ့ မေးခွန်းမှာ ရပ်ထားခဲ့ကြတာဆိုတော့ ဒီကနေ့ အဲဒီကနေပဲ ပြန်စလိုက်ကြ ရအောင်ပါ။

မြတ်စွာဘုရားဟာ ဂေါသိင်္ဂအင်ကြင်းတောထဲကို တစ်ပါးတည်း မထင်မရှားတဲ့ (အညတရဝေသပေါ့လေ)အသွင်ကို ဆောင်ယူပြီးတော့ သာမန် ရဟန်းတော်တစ်ပါးလို ကြွလာတော်မူတော့ ဥယျာဉ်ပေါက်မှာ စောင့်နေတဲ့ ဥယျာဉ်စောင့်က အပေါက်ဝကနေ လှမ်းတားတယ်။

**''မာ သမဏ ဧတံ ဒါယံ ပါဝိသိ''**

"အရှင်ဘုရား... ဒီဥယျာဉ်ထဲကို ဝင်မသွားပါနဲ့ဘုရား"

"ဘာကြောင့်လဲကွယ်"

**"သန္တေတ္ထ တယော ကုလပုတ္တာ အတ္တကာမရူပါ ဝိဟရန္တိ"**

"မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားကို လိုလားတောင့်တတော်မူကြတဲ့ အရှင်မြတ်သုံးပါးတို့ဟာ ဒီဥယျာဉ်ထဲမှာ သီတင်းသုံး နေနေကြတယ် ဘုရား"

**"မာ တေသံ အဖာသုကံ အကာသိ"**

"အရှင်ဘုရား... အဲဒီအရှင်မြတ် သုံးပါး ကိုယ်စိတ်နှစ်ဖြာ မချမ်းသာအောင် မလုပ်ပါနဲ့"

အဲဒီလို ဥယျာဉ်စောင့်က တားမြစ်နေတဲ့ အသံကို အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက ကြားတော့ လှမ်းကြည့်လိုက်တဲ့အခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးမှန်း မှတ်မိသွားတော့...

"ဟော့... ဥယျာဉ်စောင့် မင်း မတားနဲ့ကွ၊ ဝင်ခွင့်ပေးလိုက်ပါ။ အဲဒါ ငါတို့ရဲ့ဆရာ ဘုရားမြတ်စွာပဲ"

အဲဒီတော့မှ ဘုရားရှင်ကိုယ်တော်မြတ်လည်း ဝင်ခွင့်ရသွားတော့ တယ်။ မြတ်စွာဘုရား ဂေါသိင်္ဂအင်ကြင်းတောကြီးထဲ ဝင်လာတယ်ဆိုရင်ပဲ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက အရှင်နန္ဒိယနဲ့ အရှင်ကိမိလဆိုတဲ့ ကျန်တဲ့ မထေရ်ကြီးနှစ်ပါးကို သွားပြီးတော့ နှိုးဆော်တယ်။

**"အဘိက္ကမထာ ယသ္မန္တော အဘိက္ကမထာ ယသ္မန္တော။**

**သတ္ထာ နော ဘဂဝါ အနုပ္ပတ္တော"**

"အရှင်ဘုရားတို့... ကြွတော်မူကြပါဦးဘုရား။ တပည့်တော် တို့ရဲ့ ဆရာ ဘုရားမြတ်စွာ ကြွတော်မူလာပါတယ်။ လာကြိုကြပါဘုရား" ဆိုပြီးတော့ သွားနှိုးဆော်လိုက်သေးတယ်။

"တို့ဆရာ ကြွလာတာ၊ တို့ပဲကြိုဆိုမယ်" ဆိုတာမျိုး မလုပ်ဘဲနဲ့ ကျန်တဲ့ အရှင်မြတ်တွေကိုပါ သွားရောက်နှိုးဆော်ပြီး သုံးပါးလုံး တညီ တညွတ်တည်း ကြိုဆိုကြတယ်။

တစ်ပါးက သပိတ်နဲ့ သင်္ကန်းကို လှမ်းယူတယ်။ တစ်ပါးက သောက်ရေ သုံးရေ ကမ်းတယ်။ တစ်ပါးက နေရာခင်းတယ်။ ဘုရားရှင် ကိုယ်တော်မြတ် ခြေတော်ကို ရေဆေးလို့ ထိုင်တော်မူပြီးတဲ့အခါမှာ အဲဒီ

အရှင်မြတ်သုံးပါးကို ဘုရားရှင်က အစဉ်အတိုင်း မေးခွန်းတွေ မေးတော်မူတော့တာ။

မနေ့ညက မေးခွန်းလေးခုကို စီစဉ်ပြီးတော့ ပြောခဲ့တာ။ သုံးခု ပြောဆိုလို့ ပြီးခဲ့ပြီးပြီ။ ဒီကနေ့ အဖြေမပေးရသေးတဲ့ နံပါတ်(၄) မေးခွန်းဆီကို ဆက်ကြရအောင်။

## ပြန်ပြောပြပါ ညီညာတာ

**"ကစ္စိ ပန ဝေါ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရထ"**

**အနုရုဒ္ဓါ**၊ အနုရုဒ္ဓါနှင့် နန္ဒိယ၊ ကိမိလတို့...

**ကစ္စိ**၊ အသို့ပါနည်း။ **ဝေါ**၊ သင်တို့သည်။ **သမဂ္ဂါ**၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်ဖြစ်၍။ **သမ္မောဒမာနာ**၊ အချင်းချင်း ဝမ်းမြောက်ရွှင်လန်းသော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍။ **အဝိဝဒမာနာ**၊ ငြင်းခုံခြင်း အလျဉ်း မရှိကြကုန်ဘဲ။ **ခီရောဒကီဘူတာ**၊ နို့နှင့်ရေ ရောသလို ပစ္စယ သမ္ဘောဂ ဓမ္မသမ္ဘောဂ ဤနှစ်ပါး၌ ဆက်ဆံရောနှောကြကုန်သည်ဖြစ်၍။ **အညမညံ**၊ အချင်းချင်း (ဝါ) တစ်ပါးနှင့်တစ်ပါး။ **ပိယစက္ခူဟိ**၊ ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့်။

**သမ္ပဿန္တာ**၊ ကြည့်ရှုဆက်ဆံကြကုန်လျက်။ **ဝိဟရထ(အပိနု)**၊ နေများနေနိုင်ကြပါကုန်၏လောရယ်လို့။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ **အာယသ္မန္တံ အနုရုဒ္ဓံ**၊ အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလ အရှင်မြတ်ကို။ **အပုစ္ဆိ**၊ သိလိုရေးနှင့် မေးမြန်းတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ချစ်ခင်လှစွာ နေကြပါတယ်

"ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့...

ဟောဒီ ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ သင်ချစ်သားတို့ တစ်တွေ တစ်ပါးနှင့်တစ်ပါး ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်ဖြစ်၍ တစ်ပါးနဲ့တစ်ပါး ပစ္စည်းနဲ့ တရား ဒီနှစ်ပါးမှာ ဆက်ဆံရောနှောကြကုန်

သည်ဖြစ်၍ တစ်ပါးနဲ့တစ်ပါး ချစ်ခင်တဲ့ မျက်လုံးအစုံတွေနဲ့ ကြည့်ရှု ဆက်ဆံနိုင်ကြကုန်သည်ဖြစ်၍ နေနိုင်ကြကုန်၏လော။

ညီညွတ်ရေး၊ ဝမ်းသာရေး၊ တစ်ပါးနှင့်တစ်ပါး ချစ်ခင်ရေးတို့ ရည်ညွှန်းပြီး ဘုရားရှင်ကိုယ်တော်မြတ်က မေးတော်မူလိုက်တဲ့ မေးခွန်းပဲ။

ဒါက စတုတ္ထ မေးခွန်း။

အဲဒီလို ဘုရားရှင်က မေးတော်မူတဲ့အခါမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ, အရှင်ကိမိလရယ်လို့ မထေရ်မြတ်ကြီး သုံးပါးရှိရာမှာ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က အကြီးဆုံးဆိုတော့ သူကပဲ ခေါင်းဆောင်ပြီး ဖြေကြားတော်မူလိမ့်မယ်။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးကို ဘုရားမြတ်စွာက အကြီးဆုံး မထေရ်မို့လို့ဦးတည်ပြီး မေးလိုက်တဲ့အခါ အကြီးဆုံးမထေရ်က ခေါင်းဆောင်လုပ်ပြီး ဖြေလိုက်တော့ ကျန်တဲ့ မထေရ်နှစ်ပါးက ဖြေစရာ မလိုတော့ဘူးလို့တော့ ပရိသတ်က ဒီလို မတွက်လိုက်ကြပါနဲ့။

အရှင်အနုရုဒ္ဓါ မထေရ်က အကြီးဆုံးမို့ ဦးဆောင်ဖြေသွားတဲ့ အခါမှာ ကျန်တဲ့ အငယ်မထေရ် နှစ်ပါးက...

"ဟာ... တို့များရဲ့ နောင်တော်ကြီး အနုရုဒ္ဓါ ဘုရားမြတ်စွာ မေးတာတွေကို သူက ဦးဆောင်ဖြေဆိုလို့သာ တို့က နေလိုက်ရတာ။ တချို့ အဖြေတွေဟာ တို့ရဲ့သဘောနဲ့ မကိုက်ညီဘူး၊ မတိုက်ဆိုင်ဘူး၊ မညီညွတ်ဘူး"

လို့ ကန့်ကွက်ကြမယ်လို့များ ပရိသတ်တချို့က တွေးထင်မယ်ဆို တွေးထင်စရာရှိတယ်။

ဒါကြောင့် မြတ်စွာဘုရားက မထေရ် သုံးပါးလုံးကို စုံအောင် စေ့အောင် မေးမြန်းတော်မူပါတယ်။

မထေရ်သုံးပါးလုံးကလည်း ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အမေးတွေကို တညီတညွတ်တည်း တစ်လေသံတည်း ဖြေကြားတော်မူကြတယ်။ ဖြေပြီးပြီဆိုတော့မှ မထေရ်သုံးပါးရဲ့ အဖြေသုံးခုကို တိုက်ကြည့်လိုက်တော့ အဖြေက တစ်မျိုးတည်း၊ တညီတညွတ်တည်း ဖြစ်နေတာကို တွေ့ရ ပါတယ်။ အဲဒါဟာ သာမဂ္ဂီပါပဲ။

အဲဒီတော့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက...

"တဋ္ဌ မယံ ဘန္တေ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရော ဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရာမ"

(မူလပဏ္ဏာသ၊ နှာ-၂၆၇)

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **တဋ္ဌ**၊ တကယ်စင်စစ်။ **မယံ**၊ တပည့်တော်တို့တစ်တွေသည်။ **ဂေါသိင်္ဂ သာလဝနေ**၊ ဂေါသိင်္ဂ ခေါ်တဲ့ အင်ကြင်းတောကြီးထဲမှာ။ **သမဂ္ဂါ**၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်ဖြစ်၍။ **သမ္မောဒမာနာ**၊ အချင်းချင်း ဝမ်းမြောက် ရွှင်လန်းသော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍။ **အဝိဝဒမာနာ**၊ ငြင်းခုံခြင်း ဝါဒကွဲခြင်း အလျဉ်းမရှိကုန်ဘဲ။

**ခီရောဒကီဘူတာ**၊ နို့နှင့်ရေ ရောသလို အချင်းချင်း ရောနှော ဆက်ဆံ၍ နေကြကုန်သည်ဖြစ်၍။ **အညမညံ**၊ အချင်းချင်း။ **ပိယစက္ခူဟိ**၊ ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့်သာလျှင်။ **သမ္ပဿန္တာ**၊ ကြည့်ရှုဆက်ဆံ နိုင်ကြကုန်သည်ဖြစ်၍။ **ဝိဟရာမ**၊ နေကြပါကုန်သည် မြတ်စွာဘုရားလို့။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **အာယသ္မာ အနုရုဒ္ဓေါ**။ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်ကြီးက။ **အဝေါစ**၊ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အဖြေ (၅)ချက် စဉ်တိုင်းတက်

မြတ်စွာဘုရားက...

၁။ တပည့်တော်တို့ ညီနောင်သုံးပါးဟာ ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ ကိုယ်စိတ်နှစ်ရပ် ညီညွတ်စွာနေကြပါတယ် ဘုရား။

၂။ တစ်ပါးနှင့်တစ်ပါး အစဉ်သဖြင့် ဝမ်းမြောက်၍သာ နေကြပါတယ် ဘုရား။

၃။ တစ်ပါးနဲ့တစ်ပါး ငြင်းခုံမှု ဝါဒကွဲမှုတွေ မရှိဘဲ ညီညွတ်လျက်နေကြပါတယ် မြတ်စွာဘုရား။

၄။ တစ်ပါးနှင့်တစ်ပါး ပစ္စယသမ္ဘောဂ ဓမ္မသံဘောဂ ဒီနှစ်ပါးမှာ နှီးနှော ရောနှောဆက်ဆံကာ နေကြပါတယ် မြတ်စွာဘုရား။

၅။ တစ်ပါးနှင့်တစ်ပါး ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့် ကြည့်ရှု လျက် နေကြပါတယ် မြတ်စွာဘုရား''

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မေးခွန်းကို အရှင်အနုရုဒ္ဓါ မထေရ်မြတ်က အဲဒီလို ဖြေပြလိုက်တော့ မြတ်စွာဘုရားက...

**''ယထာ ကထံ ပန တုမှေ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရထ''** (မူလပဏ္ဏာသ၊ နှာ-၂၆၇)

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။ **တုမှေ**၊ သင်ချစ်သားတို့တစ်တွေသည်။ **ယထာကထံပန**၊ အဘယ်သို့လျှင် (ဝါ) ဘယ်နည်းဘယ်ပုံ။ **သမဂ္ဂါ**၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်ဖြစ်၍။ **သမ္မောဒမာနာ**၊ အချင်းချင်း ဝမ်းမြောက်ရွှင်လန်းသော စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍။

**အဝိဝဒမာနာ**၊ ငြင်းခုံခြင်း အလျဉ်းမရှိကြကုန်ပဲ။ **ခီရောဒကီဘူတာ**၊ နို့နှင့်ရေ ရောသလို ပစ္စယ သမ္ဘောဂ, ဓမ္မသမ္ဘောဂ ဤနှစ်ပါး၌ ဆက်ဆံ ရောနှောကြကုန်သည်ဖြစ်၍။ **အညမညံ**၊ အချင်းချင်း (ဝါ) တစ်ပါးနှင့်တစ်ပါး။ **ပိယစက္ခူဟိ**၊ ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့်။ **သမ္ပဿန္တာ**၊ ကြည့်ရှု ဆက်ဆံကြကုန်လျက်။ **ဝိဟရထ**၊ နေကြကုန် သနည်းလို့။

**အာယသ္မန္တံ အနုရုဒ္ဓံ**၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကို။ **ဘဂဝါ**၊ ဘုရားရှင်ကိုယ်တော်မြတ်က။ **အပုစ္ဆိ**၊ သိလိုရေးနှင့် မေးမြန်းတော်မူလိုက်ပါ ပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

''ချစ်သားတို့...

သင်တို့တစ်တွေ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ ရောနှောပြီး တစ်ယောက်နဲ့တစ်ယောက် ချစ်စဖွယ် မျက်လုံး တွေနဲ့ကြည့်ကာ ညီညွတ်စွာ နေနိုင်ကြတယ်ဆိုတာ ဘယ်လို နေကြတာ တုန်းကွယ့်၊ ပြောပါဦး''

အဲဒီလို သာမဂ္ဂီရသကို ခံစားပြီး ညီညွတ်စည်းလုံး ချစ်ခင်စွာ နေနိုင်ကြပုံ၊ နေပုံနေနည်းကို ဘုရားရှင် ထပ်မေးတော့ အရှင်အနုရုဒ္ဓါက

ထပ်ပြီးတော့ အသေးစိတ် လျှောက်ထားပါတယ်။ အဲဒီ လျှောက်ထားချက်တွေဟာ ဘုန်းကြီးတို့နှင့်တကွ တို့ပရိသတ်အပေါင်း သူတော်ကောင်းအားလုံးအတွက် လိုက်နာကျင့်သုံးစရာ ကျင့်ထုံးကြီးတစ်ခုပဲပေါ့။ နယူပဒေသကြီးပဲပေါ့။

## ညီညွတ်ရေးအတွက် အတွေးနှစ်ရပ်

**"ကစ္စ မယံ ဘန္တေ ဧဝံ ဟောတိ"**

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **ဣဓ**၊ ဤဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ။ **မယှံ**၊ ဘုရားတပည့်တော်ရဲ့။ **စေတသော ပရိဝိတက္ကော**၊ စိတ်ထဲက အကြံအစည်သည်။ **ဧဝံ ဟောတိ**၊ ဤသို့ ဖြစ်ပါသည် ဘုရား။

အရှင်အနုရုဒ္ဓါက စတင်လျှောက်ထားတယ်။

"ဟောဒီ ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ တပည့်တော်တို့ ညီနောင်သုံးပါး အတူနေကြရာမှာ တပည့်တော် ဒီလိုစိတ်နဲ့ နေပါတယ် ဘုရား"

"ဘယ်လိုစိတ်နဲ့ နေတာတုန်းကွယ့်"

"**လာဘာ ဝတ မေ၊ သုလဒ္ဓံ ဝတ မေ၊ ယော ဟံ ဧဝရူပေဟိ သဗြဟ္မစာရီဟိ သဒ္ဓိံ ဝိဟရာမိ။**

**ယော ဟံ**၊ အကြင် ငါသည်။ **ဧဝရူပေဟိ**၊ ဤသို့သဘောရှိကုန်သော။ **သဗြဟ္မစာရီဟိ**၊ သီတင်းသုံးဖော် သံဃာတော်များနှင့်။ **သဒ္ဓိံ**၊ အတူတကွ။ **ဝိဟရာမိ**၊ နေရပါပေ၏။

**တဿ မေ**၊ ဤသို့လျှင် ဤမထေရ်နှစ်ပါးနှင့် အတူနေခွင့်ရတဲ့ ထိုဘုရားတပည့်တော်သည်။ (ထိုဘုရားတပည့်တော်အတွက်)။ **လာဘာ ဝတ**၊ အရတော်လေစွတကား။ **သုလဒ္ဓံ ဝတ**၊ ကောင်းစွာရအပ်ပေစွာ့တကား၊ (ဝါ) အခွင့်ကောင်းတစ်ရပ်ကို ကောင်းစွာ ရအပ်ပါပေစွတကား။

ပရိသတ်ရေ... ဒီစကားရပ်နှစ်ခုကို စဉ်းစားကြရအောင်။

၁။ **လာဘာ ဝတ**၊ အရတော်ပေစွတကား။

၂။ **သုလဒ္ဓံ ဝတ**၊ အခွင့်ကောင်းတစ်ရပ်ကို ကောင်းစွာရအပ်ပါပေစွတကား။

ပရိသတ်ရေ... ချီးမွမ်းလိုက်တာ နှစ်ချက်နော်။

“အရတော်တယ်၊ အခွင့်ကောင်းကိုရတယ်” ဆိုတဲ့နေရာမှာ ဘာတွေကို အရတော်ပြီးတော့ ဘယ်လိုအခွင့်ကောင်းတွေကို ရသလဲ”လို့ မေးလိုက်ရင် အဖြေက...

**“ယွာဟံ ဝေရူပေတိ သဗြဟ္မစာရိဟိ သဒ္ဓိံ ဝိဟရာမိ”**

“တပည့်တော် အနုရုဒ္ဓါဟာ အရှင်နန္ဒိယ၊ အရှင်ကိမိလ ဆိုတဲ့ ညီနောင်နှစ်ပါးနဲ့ အတူနေထိုင်ခွင့်ရတာဟာ အရတော်တာပဲဘုရား၊ အခွင့်ကောင်းကြီးကို ရလိုက်တာပဲဘုရား” တဲ့။

ဒီလို နှလုံးသွင်းက ရှားတယ်နော်။ ဒါ သိပ်မလွယ်ဘူး။ ဒါ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးရဲ့ နှလုံးသွင်းပါ။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးဟာ အရှင်နန္ဒိယနဲ့ အရှင်ကိမိလနဲ့ အတူနေခွင့်ရတာကို “အရတော်တယ်”လို့ တွက်ဆတယ်။ “အခွင့်ကောင်း ရတယ်”လို့ သူတွေးတယ်။ ဒါ သာမဂ္ဂီ (ညီညွတ်ရေး)အတွက် နှလုံးသွင်း အတွေးလေးပါ။ ဒီလိုမှမဟုတ်ဘဲ...

“ဟာ... ဒီကိုယ်တော်တွေနဲ့ အတူနေရတာကွာ၊ ငါ့မှာ အနေရ အထိုင်ရ ကျပ်လိုက်တာ” အဲဒီလို နှလုံးမသွင်းဘူးနော်။

ဆိုကြပါစို့။

## နှလုံးသွင်းက အရေးကြီးတယ်

“အရှင်နန္ဒိယဆိုရင် အဟောကောင်းတယ်၊ အပြောကောင်းတယ်၊ ဆက်ဆံရေးကောင်းတယ်၊ ပေါင်းသင်းရေးကောင်းတယ်၊ ဘုန်းကံလည်းကြီးတယ်၊ တန်ခိုးလည်းကြီးတယ်၊ ထင်ပေါ်ကျော်ကြားခြင်းလည်း ရှိတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ အတူနေရတာ ငါ့မှာ အနေရကျပ်လိုက်တာ”လို့ သူ နှလုံး မသွင်းဘူးတဲ့။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီး စွမ်းသလို အရှင်နန္ဒိယလည်း စွမ်းချင်မှ စွမ်းမယ်၊ အရှင်နန္ဒိယ စွမ်းရာမှာလည်း အရှင်အနုရုဒ္ဓါ အရှင်မြတ်က စွမ်းချင်မှ စွမ်းမယ်၊ အရှင်အနုရုဒ္ဓါရော၊ အရှင်နန္ဒိယပါ စွမ်းတဲ့ ကိစ္စမျိုးမှာ အရှင်ကိမိလမထေရ်က စွမ်းချင်မှ စွမ်းမယ်။ တစ်ပါးတစ်ပါးမှာ အစွမ်းသတ္တိ တစ်မျိုးစီ ရှိပါတယ်နော်။

ဆိုကြပါစို့။

အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခုအဘိညာဏ်မှာ အလွန်စွမ်းတယ်။

အရှင်နန္ဒိယက ပုဗ္ဗေနိဝါသာနုဿတိ အလွန်စွမ်းတယ်။

အရှင်ကိမိလက စေတောပရိယ အလွန်စွမ်းတယ်။

အရှင်မြတ်သုံးပါး ပေါင်းလိုက်တော့ စွမ်းရည်သတ္တိ သုံးပါးလုံး စုံညီနေကြပါတယ်ဆိုရင် အဲဒီနေရာမှာ ဒိဗ္ဗစက္ခုအဘိညာဏ်မှာ စွမ်းတဲ့ ကိုယ်တော်က ဒိဗ္ဗသောတအဘိညာဏ်မှာ စွမ်းတဲ့ကိုယ်တော်ကို...

"ဟာ... ဒီကိုယ်တော်နဲ့ ငါအတူတူနေရတာ အနေရကျပ်လိုက်တာ၊ ငါက ဒိဗ္ဗစက္ခုစွမ်းတာ၊ သူက ဒိဗ္ဗသောတမှာ စွမ်းနေတယ်။ ငါ မစွမ်းတဲ့ကိစ္စမှာ သူက စွမ်းနေတာ။ ဒီကိုယ်တော်နဲ့ အတူတူနေရတာ ငါ့မှာ အနေရခက်လိုက်တာ။ ဒီကိုယ်တော်က ငါမသိတာတွေ သူသိနေတယ်။ ဒီတော့ ဒီကိုယ်တော် ဒီမှာမရှိတာဘဲကောင်းတယ်"လို့ ဒီလိုစိတ်မျိုး မကူးဘူးတဲ့။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကတော့ အဲဒီလို မထေရ်မြတ်တွေနဲ့ အတူနေခွင့်ရတာကိုပဲ "အရတော်လိုက်တာ၊ အခွင့်ကောင်းကို ရလိုက်တာ" လို့ ဝမ်းမြောက်ဝမ်းသာ လျှောက်ထားနေပါတယ်။ ဒါ သာမဂ္ဂီလို့ ခေါ်တဲ့ ညီညွတ်ရေးအတွက် အရေးကြီးတဲ့ နှလုံးသွင်းပါပဲ။

"သူရှိနေတာ အနေရ အထိုင်ရကျပ်တယ်။ သူမရှိမှ ကောင်းမယ်" ဆိုတဲ့ စိတ်ကူးမျိုးတော့ သာမဂ္ဂီခေါ်တဲ့ ညီညွတ်ရေးဖြစ်ဖို့ နှလုံးသွင်း မဟုတ်ပါဘူး။

အဲဒီတော့ သာမဂ္ဂီဖြစ်ချင်ရင် နံပါတ်(၁) "အစွမ်းသတ္တိ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ရှိချင်လည်းရှိ၊ မရှိချင်လည်းနေ သိက္ခာကာမ သတင်းသုံးဖော်တွေနဲ့ အတူနေခွင့် ပေါင်းသင်းဆက်ဆံခွင့် ရတာကိုကပဲ ငါတို့အတွက် အရတော်တဲ့ အခွင့်ကောင်းကြီးပဲ"လို့ နှလုံးသွင်းကြရမယ်။

## မျက်မှောက် မျက်ကွယ် မေတ္တာချယ်

နောက်တစ်ခါ...

**"တဿ မယှံ ဘန္တေ ဣမေသု အာယသ္မန္တေသု**

**မေတ္တံ ကာယကမ္မံ ပစ္စုပဋ္ဌိတံ အာဝိ စေဝ ရဟော စ၊**

**မေတ္တံ ဝစီကမ္မံ ပစ္စုပဋ္ဌိတံ အာဝိ စေဝ ရဟော စ၊**
**မေတ္တံ မနောကမ္မံ ပစ္စုပဋ္ဌိတံ အာဝိ စေဝ ရဟော စ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၇)

**ဘန္တေ၊** ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **တဿ မယှံ၊** ထိုတပည့်တော်မှာ။ **ဧဝံ၊** ဤသို့။ **ပရိဝိတက္ကော၊** အကြံအစည်တစ်ခုသည်။ **ဥဒပါဒိ၊** ဖြစ်ပါသေးသည် ဘုရား။

**ဘန္တေ၊** မြတ်စွာဘုရား။ **ဣမေသု အာယသ္မန္တေသု၊** ဤအရှင်မြတ်နှစ်ပါးတို့ရဲ့အပေါ်မှာ။ **မယှံ၊** တပည့်တော်သည်။ **မေတ္တံ ကာယကမ္မံ၊** မေတ္တာ ကာယကံကို။ **မေတ္တံ ဝစီကမ္မံ၊** မေတ္တာဝစီကံကို။ **မေတ္တံ မနောကမ္မံ၊** မေတ္တာ မနောကံကို။ **အာဝိ စေဝ၊** မျက်မှောက်မှာပဲဖြစ်ဖြစ်။ **ရဟော စ၊** မျက်ကွယ်မှာပဲဖြစ်ဖြစ်။ (**အာဝိ စေဝ ရဟော စ၊** မျက်မှောက် မျက်ကွယ် ဘယ်နေရာမှာမဆို)။ **ပစ္စုပဋ္ဌိတံ၊** ကောင်းစွာဖြစ်စေအပ်ခဲ့ပါပြီ ဘုရားလို့။ **အာယသ္မာ အနုရုဒ္ဓေါ၊** အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်က။ **ဘဂဝန္တံ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **အဝေါစ၊** ရှေ့နားတော်ကြားအောင် လျှောက်ထားလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ခန္ဓာကိုယ်နဲ့ မေတ္တာပွားမယ်

"မြတ်စွာဘုရား...

ဘုရားတပည့်တော်ဟာ ဒီမထေရ်မြတ် နှစ်ပါးအပေါ်မှာ မျက်မှောက်မှာပဲဖြစ်စေ၊ မျက်ကွယ်မှာပဲဖြစ်စေ...

၁။ မေတ္တာ ကာယကံ၊

၂။ မေတ္တာ ဝစီကံ၊

၃။ မေတ္တာ မနောကံ -

ဆိုတဲ့ ကံသုံးမျိုးစလုံးကို ဖြစ်စေခဲ့ပါပြီ ဘုရား။

ပရိသတ်ရေ... ဒီစကားရပ်လေးကို အဋ္ဌကထာက ဖွင့်ပြပုံလေးတွေထဲက တစ်ချက် နှစ်ချက်လောက်ကို မှတ်လိုက်ကြရအောင်။

၁။ မျက်မှောက် မေတ္တာကာယကံ ဆိုတာ ဘယ်လိုပါလဲဆိုရင် ဆိုကြပါစို့။

အရှင်အနုရုဒ္ဓါ မထေရ်ကြီးကို အရှင်နန္ဒိယက "အရှင်ဘုရား... တပည့်တော်ရဲ့ ပိတ်ချည်ကြမ်း သင်္ကန်းကြီးကို လျှော်မလို့ ရေစိမ်ထားတာ၊ အဲဒါ အလွန်လေးလှတာကြောင့် ရေညှစ်ရခက်နေပါတယ်။ အရှင်ဘုရား ကူညီပါဦး"လို့ ဆိုလိုက်ရင် အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက "ဟာ... ကိုယ်တော် တပည့်တော်လည်း သင်္ကန်းလျှော်နေတာပဲ၊ မအားသေးဘူး"လို့ ဘယ်တော့မှ မပြောဘူး။

သူ့ရဲ့ လျှော်လက်စ သင်္ကန်းကို ခဏချထားခဲ့ပြီးတော့ အကူအညီ တောင်းလာတာကို ချက်ချင်းလိုက်ပါပြီးတော့ သူ့ရဲ့သင်္ကန်းကို ဆွဲကိုင်ပြီး ရေညှစ်ပေးလိုက်တယ်။ သဘောက အဲဒီလိုနော်။

အဲဒါကို "မျက်မှောက် မေတ္တာကာယကံ"လို့ ခေါ်တယ်။

ဒီလောက်ဆိုရင် ဉာဏ်ရှိသလောက် ချဲ့ထွင် စဉ်းစားပြီးတော့ ကြည့်ရင် သိနိုင်ပါပြီ။ နှစ်ပါး, သုံးပါး အတူတူနေကြတဲ့အခါ တစ်ပါးနှင့် တစ်ပါး ကိုယ်နဲ့ကူညီပြီးနေတာကို "မေတ္တာကာယကံ" လို့ ခေါ်ရတယ်။

"တပည့်တော် သင်္ကန်းမညှစ်နိုင်လို့ ကူပါဦးဘုရား"

"တပည့်တော် ဒီမှာ လျှော်နေတာ မအားသေးဘူး ဘုရား"

"တပည့်တော် သင်္ကန်းချုပ်ချင်လို့ သင်္ကန်းအဖျားအနားလေးကို ကိုင်ပေးပါဦး ဘုရား"

"ဟာ... တပည့်တော်လည်း ဒီမှာချုပ်နေတာ မအားသေးဘူး ကိုယ်တော်"လို့ဆိုရင် ဒါ မျက်မှောက် မေတ္တာကာယကံ ဆိုတာကို မရနိုင်တော့ဘူးပေါ့နော်။

တစ်ပါးက အကူအညီတောင်းလာတဲ့အခါ "ဟာ... ရပါတယ် ဘုရား၊ လာ... လာ တပည့်တော် ကူညီပေးမှာပေါ့ ဘုရား" ဆိုပြီးတော့ သူ့အလုပ်ကို ခဏချထားပြီးတော့ ချက်ချင်းကူညီဆောင်ရွက်ပေးလိုက်တာ မျိုးကို မျက်မှောက် မေတ္တာကာယကံလို့ ခေါ်ရပါတယ်။

နောက်တစ်ခါ...

၂။ မျက်ကွယ် မေတ္တာကာယကံ ဆိုတာကတော့ ဆိုကြပါစို့။

အရှင်နန္ဒိယ ကိုယ်တော်ကြီးက သင်္ကန်းကို လျှော်ဖွပ်ပြီး နေလှန်း ထားခဲ့တယ် ဆိုပါတော့။ ကျောင်းထဲမှာရှိတဲ့ သပိတ်၊ သင်္ကန်း၊ ပရိက္ခရာ တွေကိုပါ အပြင်ထုတ် နေလှန်းထားခဲ့တယ် ဆိုပါတော့။ ပြီးတော့ သူက

ဆွမ်းခံကြွသွားတယ်။ ဒါမှမဟုတ် တရားထိုင်နေတယ်။ အဲဒီအချိန်မှာမှ "မြုန်း" ဆို မိုးတွေက ရွာချလိုက်တော့ ဆွမ်းခံကြွနေတဲ့၊ ဒါမှမဟုတ် တရားထိုင်နေတဲ့ အရှင်နန္ဒိယက သူ့သပိတ်၊ သင်္ကန်း၊ ပရိက္ခရာတွေ မိုးထဲမှာ လှန်းထားခဲ့တာကို ရုတ်တရက် သတိမရလိုက်ဘူး။ အဲဒီအချိန်မှာ လေတွေ၊ မိုးတွေ သင်္ကန်း သပိတ် ပရိက္ခရာတွေကို ထိသွားတယ်။

အဲဒါကို အရှင်အနုရုဒ္ဓါက တွေ့လိုက်တယ်။ အရှင်ကိမိလ ကလည်း တွေ့လိုက်တယ်။ အဲဒီတော့ အဲဒီ အရှင်မြတ်နှစ်ပါးက...

"ဩော်... တို့ သီတင်းသုံးဖော် ကိုယ်တော်ကြီးရဲ့ ပစ္စည်းတွေ မိုးရေထဲမှာ မပျက်စီးပါစေနဲ့" ဆိုပြီးတော့ ရုတ်သိမ်းပေးလိုက်မယ်ဆိုရင် ဒါမျိုးကို မျက်ကွယ် မေတ္တာကာယကံလို့ ဆိုရတယ်။

မျက်မှောက်မှာ ကိုယ်ထိလက်ရောက် အကူအညီပေးတာက မျက်မှောက် မေတ္တာကာယကံ။ မျက်ကွယ်မှာ ကိုယ်ထိလက်ရောက် အကူ အညီပေးတာက စောင့်ရှောက်တာက မျက်ကွယ် မေတ္တာကာယကံ။

ဥပမာ... အရှင်နန္ဒိယက သပိတ်ရေဆေးပြီး နေလှန်းထားခဲ့ တာကို အရှင်ကိမိလက တွေ့တော့ တွေ့သားပဲ။ နေဝင်မိုးချုပ်သွားတာ မှန်ပေမယ့် "ဟာ... သူ့ပစ္စည်း သူ့ဘာသာ သိမ်းလိမ့်မပေါ့ကွာ၊ ငါနဲ့မှ မဆိုင်တာပဲ" ဆိုပြီး ပစ်ထားခဲ့ရင် ဒါဆို မျက်ကွယ် မေတ္တာကာယကံကို မရနိုင်တော့ဘူး။ ဒါမျိုး မဖြစ်သင့်ဘူး။

တစ်စုံတစ်ယောက်က တစ်စုံတစ်ခုကို သတိမေ့လျော့ပြီးတော့ ကျန်ရစ် ထားရစ်ခဲ့မိတဲ့ ပစ္စည်းတွေကို ကိုယ်ကတွေ့ရင် ကောက်ယူ သိမ်းဆည်းပေးတော့ ကူညီစောင့်ရှောက်ပေးတာဟာ "မျက်ကွယ် မေတ္တာကာယကံ" ကို ဆောင်ရွက်ခြင်းပါ။

## နှုတ်စကားနဲ့ မေတ္တာပွားမယ်

၃။ မျက်မှောက် မေတ္တာဝစီကံ ဆိုတာလည်း ဒီသဘောပါပဲ။
အရှင်မြတ်နှစ်ပါး ဆွမ်းခံကြွသွားကြတဲ့အခါ တစ်ပါးနှင့်
တစ်ပါး မျက်နှာချင်းဆိုင်ပြီး ဆုံမိကြတဲ့အချိန်မှာ...

"အရှင်ဘုရား... အရှင်ဘုရားမှာ ဘာများ အကူအညီလိုပါ သေးလဲ။ တပည့်တော် ဘာကူညီဆောင်ရွက်ပေးရမလဲ။ အရှင်ဘုရားရဲ့

ကျန်းမာရေးရော ဘယ့်နှယ်နေလဲ။ တပည့်တော်မှာ ဒီဆေးဝါးတွေ ရှိတယ်ဘုရား။ အရှင်ဘုရား ဘယ်လိုခတ်စာများ စားချင်ပါသလဲဘုရား။ တပည့်တော်မှာ ဒါလေးတော့ဖြင့် ရှိပါတယ်။ ယူသုံးပါဘုရား''လို့ ပြောလိုက်ရင် ဒါ မျက်မှောက် မေတ္တာဝစီကံပေါ့။

၄။ မျက်ကွယ် မေတ္တာဝစီကံ ဆိုတာကတော့ ရှင်းပါတယ်။

အရှင်နန္ဒိယကို အရှင်အနုရုဒ္ဓါက တွေ့တော့ မတွေ့ဖြစ်ဘူးပေါ့လေ။ မျက်ကွယ် တစ်နေရာကနေပေါ့။

**''အာယသ္မာ နန္ဒိယော အဝေရော ဟောတု၊ အဗျာပဇ္ဈော ဟောတု၊ အနီဃော ဟောတု၊ သုခီတော ဟောတု၊ ဒုက္ခာ မုစ္စတု''**

''အရှင်နန္ဒိယ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ ကိုယ်စိတ်ဆင်းရဲခြင်း ကင်းပါစေ၊ ချမ်းသာပါစေ၊ ဒုက္ခကင်းပါစေ'' ဒီလို ကွယ်ရာကနေ ဝစီကံနဲ့ မေတ္တာပို့ရှတ်နေမယ်ဆိုရင် ဒါကို မျက်ကွယ် မေတ္တာဝစီကံလို့ ခေါ်ရပါတယ်။ မျက်မှောက် နှစ်ပါးဆုံရာမှာ တကယ့် ဂုဏ်ကျေးဇူးစကားတွေကို ပြောပြီးတော့ မျက်ကွယ် ရောက်သွားတဲ့အခါမှာလည်း ဂုဏ်ကျေးဇူးစကားတွေကိုပဲ ပြောနေတာမျိုးဆိုရင် ဒါကို မျက်မှောက်၊ မျက်ကွယ် မေတ္တာဝစီကံလို့ ခေါ်ရမှာပေါ့နော်။

အေး... တစ်ခါတစ်ရံ မျက်မှောက် တွေ့တုန်း၊ ကြုံတုန်း၊ ဆုံတုန်း မျက်နှာချင်းဆိုင်မှာတော့ သူ့ရဲ့ဂုဏ်ကျေးဇူးစကားတွေ ပြောပြီးတော့ ကွယ်ရာမှာတော့ ကဲ့ရဲ့စကားတွေ ပြောနေမယ်ဆိုရင် မျက်မှောက် မေတ္တာဝစီကံ ရပေမယ့် မျက်ကွယ် မေတ္တာဝစီကံတော့ ရမှာမဟုတ်ပါဘူး။ အရှင်မြတ်တွေဟာ ဒီလို မဟုတ်ကြဘူး။

အဲဒါကြောင့် ဒီနေရာမှာ မှတ်ချက်လေး နှစ်ခု မှတ်ခဲ့ကြမယ်။

၁။ တပည့်တော်တို့ ညီနောင် သုံးပါးဟာ တစ်ပါးနဲ့တစ်ပါး အတူနေရတာအပေါ်မှာ အနေရ အထိုင်ရ ကျဉ်းကျပ်တယ်၊ ဘာညာ စသဖြင့် ဟိုဟိုသည်သည် မတွေးတောဘဲ အရတော်တယ်၊ အခွင့်ကောင်း တစ်ရပ်ကို ရတယ်လို့ စဉ်းစားကြပါတယ် ဘုရား။

၂။ မျက်မှောက်မှာရော မျက်ကွယ်မှာပါ မေတ္တာကာယကံ၊ မေတ္တာ ဝစီကံ၊ မေတ္တာမနောကံနဲ့ နေကြပါတယ်ဘုရား။

**သူတို့အလိုကျ နေပြပါ့မယ်**

ပရိသတ်ရေ... နှစ်ချက် မှတ်ထားခဲ့ကြနော်။ နောက် တတိယ လျှောက်ထားချက်ကို ကြည့်ရအောင်။

**"တဿ မယ့ံ ဘန္တေ ဧဝံ ဟောတိ၊ ယံနူနာ ဟံ သကံ စိတ္တံ နိက္ခိပိတွာ ဣမေသံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တေယျံ"**

(မူလပဏ္ဏာသ၊ နာ-၂၆၇)

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **တဿ မယှံ**၊ ထိုဘုရားတပည့်တော်မှာ။ **ဧဝံ ဟောတိ**၊ ဤသို့လည်း စိတ်ထဲမှာ အကြံရှိပါ သေးသည် ဘုရား။ တပည့်တော်စိတ်ထဲမှာ ဒီလိုလည်း တွေးထားသေးတယ် ဘုရား။ ဘယ်လို တွေးထားသေးသလဲဆိုတော့...

**ဘန္တေ**၊ မြတ်စွာဘုရား။ **အဟံ**၊ တပည့်တော်သည်။ **ဣမေသံ ယေဝ အာယသ္မန္တာနံ**၊ ဤအရှင်မြတ် နှစ်ပါးတို့၏သာလျှင်။ **စိတ္တဿ ဝသေန**၊ စိတ်အလိုအတိုင်း။ **ဝတ္တေယျံ**၊ ကျင့်သုံးနေထိုင်ရပါမူကား။ **ယံနူနာ (အဟော သာဓု)**၊ ဩော်... ကောင်းလေစွတကား။

ပရိသတ်ကြီးရေ... အရှင်မြတ်ကြီးရဲ့ နှလုံးသွင်းပုံကို ပြန် နားထောင်ကြည့်နော်။

"ငါဟာ ကျန်တဲ့ အရှင်မြတ် နှစ်ပါးတို့ရဲ့ စိတ်အလိုဆန္ဒအတိုင်း နေရမယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲ"

ဒီ မထေရ်တွေအလိုကျ စိတ်တိုင်းကျ ငါနေပေးရရင်ကောင်းမယ် တဲ့။ အရှင်အနုရုဒ္ဓါ စဉ်းစားနေတာနော်။ ကျင့်ဖို့တော့ တော်တော်ခက်မယ် နော်။ ဒါပေမဲ့ ခက်လို့ မလွယ်လို့ မကျင့်ဘူးဆိုရင်တော့ သာမဂ္ဂီ (ညီညွတ် ရေး) ဆိုတာကို ရဖို့ မလွယ်တော့ဘူးပေါ့။

အရှင်အနုရုဒ္ဓါ တွေးထားတာက "ငါဟာ ကျန်တဲ့ အရှင်မြတ် နှစ်ပါးရဲ့အလိုကျ စိတ်တိုင်းကျနေရရင် ကောင်းမှာပဲ"တဲ့။ သူ့အလိုကျ သူ့စိတ်တိုင်းကျ နေမှာမဟုတ်ဘူး။ ကျန်တဲ့ မထေရ်နှစ်ပါး အလိုကျအတိုင်း နေလိုက်ရရင် ကောင်းမှာပဲလို့ နှလုံးသွင်းထားတာနော်။ တော်တော် မလွယ်တဲ့ ကိစ္စပါ။

အဲဒီလို အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးဟာ ကျန်တဲ့ မထေရ် နှစ်ပါးရဲ့ အလိုဆန္ဒတွေကိုပဲ ဖြည့်ဆည်းပေးမယ်ဆိုတဲ့ အလိုဆန္ဒ အဓိပ္ပာယ်

ရှိတယ်။ ကိုယ့်ရဲ့ အလိုဆန္ဒအတိုင်း မနေဘဲနဲ့ ကျန်တဲ့ မထေရ်နှစ်ပါးရဲ့ အလိုဆန္ဒအတိုင်း နေတော်မူတယ်။ ဒါဆိုရင် သူ့စိတ်ကို ဘယ်လိုလုပ်ထား သလဲ။

"သကံ စိတ္တံ နိက္ခိပိတွာ"

**သကံစိတ္တံ**၊ မိမိစိတ်ကို (ဝါ) မိမိရဲ့ အလိုဆန္ဒ မှန်သမျှတွေကိုကို။ **နိက္ခိပိတွာ**၊ ချထားပြီးတော့ လျှော့ထားပြီးတော့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က မိမိရဲ့ အလိုဆန္ဒတွေကို လျှော့ချထားပြီးတော့ ကျန် မထေရ်ကြီးနှစ်ပါးရဲ့ အလိုဆန္ဒကိုပဲ ဖြည့်ပြီးတော့ နေလိုက်တော့မယ်တဲ့။

## သုံးကိုယ့်တစ်စိတ် နေပါတယ်

ပထမဆုံး အရှင်အနုရုဒ္ဓါ မေးနေတာနော်။ ကျန်တဲ့ မထေရ်နှစ်ပါး ကိုလည်း မေးဖို့ ကျန်သေးတယ်။ နောက်တစ်ခါ အရှင်အနုရုဒ္ဓါက လျှောက် ထားပြန်တယ်။

"နာနာ ဟိ ခေါ နော ဘန္တေ ကာယာ။

ဧကံ စ ပန မညေ့ စိတ္တံ" (မူလပဏ္ဏာသ၊ နှာ-၂၆၇)

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **နော**၊ တပည့် တော်တို့ရဲ့။ **ကာယာ**၊ ခန္ဓာကိုယ်တွေကတော့။ **နာနာ**၊ တသီးတခြားစီ တသီး တခြားစီပါပဲ ဘုရား။ **စ ပန**၊ ဒါပေမဲ့။ **နော**၊ တပည့်တော်တို့ တစ်တွေရဲ့။ **စိတ္တံ**၊ စိတ်တွေကတော့။ **ဧကံမညေ**၊ တစ်စိတ်တည်းလိုပါပဲ ဘုရား။

"မြတ်စွာဘုရား... တပည့်တော်တို့တစ်တွေ နေကြတာကတော့ ခန္ဓာကိုယ် တသီးတခြားစီ တသီးတခြားစီပါပဲဘုရား။ ဒါပေမယ့် စိတ် ကတော့ တစ်စိတ်တည်းလိုပါပဲ ဘုရား။

ဇရပ်ကလေးတစ်ဆောင်မှာ သီလရှင်လေး သုံးပါး အတူနေကြ တယ်။ ထမင်းကျတော့ တစ်အိုးစီ ခွဲချက်စားတယ်ဆိုတာမျိုးဆိုရင်တော့ ဒီစာနဲ့ ကိုက်မှာမဟုတ်ဘူးပေါ့။ ဒီလောက်ဆို ရှင်းရောပေါ့နော်။ ဒီထက် ရှင်းရင်လည်း ဘယ်ကောင်းတော့မလဲ ဟုတ်လား။

ဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ သီတင်းသုံးတော်မူနေကြတာက အရှင်မြတ်သုံးပါးနော်။ အဲဒီအထဲက အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက

''ဒါ အဖြူပဲ''လို့ ပြောလိုက်ရင် ကျန်တဲ့ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ ကလည်း ''ဟုတ်ပါ့ဘုရား၊ ဖြူပါတယ်ဘုရား'' လို့ တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီတော်မူကြတယ်။

ကိုယ်ကတော့ ဘယ်တူကြပါ့မလဲနော်။ ဉပမာ- အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက အသားခပ်ဖြူဖြူ၊ အရှင်နန္ဒိယက အသားခပ်ဝါဝါ၊ အရှင် ကိမိလက အသားခပ်ညိုညို ဆိုပါစို့။ အရပ်ကလည်း တစ်ပါးက မြင့်မယ်၊ တစ်ပါးက နိမ့်မယ်၊ တစ်ပါးကျတော့ မနိမ့်မမြင့် ဖြစ်မယ်ပေါ့။

ဒီလိုမှ မဟုတ်ရင်လည်း တစ်ပါးက ခပ်ဝဝ၊ တစ်ပါးက ခပ်ပိန်ပိန်၊ ကျန်တစ်ပါးက အလယ်အလတ်။ **နာနာကာယ** = ကိုယ်အားဖြင့်တော့ မတူကြဘူးပေါ့နော်။ ဒါပေမဲ့ စိတ်သဘောထားချင်းကျတော့ တူကြတယ်။ တစ်ပါးက ''အဖြူ'' ဆိုရင် ကျန် အရှင်မြတ်တွေကလည်း လိုက်ဖြူကြတယ်။

ဒီလိုမှမဟုတ်ဘဲ တစ်ပါးက ''အဖြူ'' ဆိုရင် ကျန်တစ်ပါးက ''အမည်းရောင်လေးမှ ကြိုက်တယ်'' ကျန်တစ်ပါးက ''မီးခိုးရောင်လေးမှ ကြိုက်တယ်'' ဆိုတာမျိုး ဖြစ်နေကြမယ်ဆိုရင် နာနာကာယတင် မကဘဲ နာနာစိတ္တပါ ဖြစ်ကြပြီ ဟုတ်လား။ ဂေါသိင်္ဂအင်ကြင်းတောထဲက အရှင်မြတ်တွေကတော့ ဒီလို မဟုတ်ကြဘူးနော်။

ဒီကျင့်ထုံးကြီးကို အခု ရွှေကျင်ဂိုဏ်းကြီးကလည်း ဆက်လက်ကျင့်သုံးတော်မူကြပါတယ်။ သာသနာ့ထိပ်ခေါက်တင် ဂိုဏ်းထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများက ဂိုဏ်းအစည်းအဝေးကြီး ဆိုပေမယ့် ဆရာတော်ကြီးတွေက...

''ဒီကိစ္စ ဒီလိုလုပ်လိုက်ကြပါကွာ''ဆိုရင်...

''မှန်ပါ့၊ ကောင်းပါတယ်။ သာဓုပါဘုရား'' ဆိုပြီးတော့ ငယ်ရွယ်တဲ့ တပည့်တွေက ညီညွတ်စွာ သဘောတူတော်မူကြတယ်။

နာနာကာယ (ကိုယ်ချင်းကွဲပြား) ဖြစ်ပေမယ့် စိတ်သဘောထားချင်းကတော့ ဧကစိတ္တ (တစ်စိတ်တည်း) တူညီတော်မူကြတယ်။ ဒါ ချမ်းသာတဲ့ ကျင့်စဉ်တစ်ရပ်ပေါ့နော်။ ဒီလိုပဲ ကျင့်ကြရမယ်။

တစ်ပါးက ''အဖြူလေး ကောင်းမလားဘုရား''လို့ ဆိုလိုက်ရင် တစ်ပါးက ''အမည်းရောင်မှ ကောင်းတယ်''၊ တစ်ပါးက ''ပန်းရောင်

လေးမှ ကောင်းတယ်''၊ တစ်ပါးက ''အနက်လေးမှ ကြိုက်တယ်''၊ တစ်ပါးက ''အစိမ်းလေးမှ ပိုကောင်းတာ''လို့ ဆိုနေရင် နာနာကာယ (ကိုယ်ကွဲ) နာနာစိတ္တ (စိတ်ကွဲ) ဖြစ်မကုန်ဘူးလား။ အဲဒီလိုဆိုရင်တော့ မချမ်းသာဘူးနော်။

## ညီညွတ်ခြင်းရဲ့ ချမ်းသာနှစ်မျိုး

နာနာကာယ ဖြစ်ပေမယ့် ဧကစိတ္တ ဖြစ်ကြမယ်ဆိုရင် ဒါချမ်းသာကြောင်း အကျင့်ကောင်းပဲနော်။ ဒါ့ကြောင့်လည်း ဘုန်းကြီးတို့ ဓမ္မပလ္လင် စတင်ဖွင့်လှစ်တော့ **သုခလေးပါး** ဆိုပြီးတော့ ဆိုခဲ့ပါသေးတယ်။

၁။ **ဗုဒ္ဓုပ္ပါဒသုခ** = ဘုရားပွင့်တာ ချမ်းသာတယ်။

၂။ **ဓမ္မဒေသနာသုခ** = တရားဟောတာ တရားနာတာ သိပ်ချမ်းသာတယ်။

၃။ **သာမဂ္ဂီသုခ** = ညီညွတ်တာ ချမ်းသာတယ်။

၄။ **တပသုခ** = ညီညွတ်တဲ့ အကျင့်ဟာ ချမ်းသာတယ်။

အဲဒီလို သုခလေးပါး ချမ်းသာလေးဖြာကို ဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူတဲ့နေရာမှာ သာမဂ္ဂီသုခရယ်၊ သာမဂ္ဂီတပသုခရယ်လို့ ညီညွတ်ခြင်းနဲ့ ပတ်သက်ပြီး ချမ်းသာနှစ်ပါးကို ဟောထားခဲ့တာ ရှိပါတယ်။

အဲဒီ သုခနှစ်ပါးကို နာနာကာယ = နာနာစိတ္တ ဖြစ်နေကြရင် ဘယ်မှာရနိုင်ကြမှာလဲ။ ကိုယ်ကာယက တသီးတခြားစီ ဖြစ်ကြပေမယ့် လည်း စိတ်ထဲက တစ်စိတ်တည်း ဖြစ်နေကြပါမှ ဒီသုခမျိုးကို ရမှာ ပေါ့နော်။ အဲဒါကြောင့် . . .

**''နာနာ ဟိ ခေါ နော ဘန္တေ ကာယာ၊**
**ဧကံ စ ပန မညေ စိတ္တံ''** (မူလပဏ္ဏာသ၊ နှာ-၂၆၇)

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **ခေါ**၊ စင်စစ်ကေန် အမှန်တကယ်။ **နော**၊ ဘုရားတပည့်တော်တို့၏။ **ကာယာ**၊ ကိုယ်ကာယတွေကတော့။ **နာနာ**၊ အထူးထူး အပြားပြား တခြားစီ ဖြစ်ကြပါကုန်၏။ **စပန**၊ ဒါပေမဲ့။ **စိတ္တံ**၊ တပည့်တော်တို့ရဲ့ စိတ်တွေကတော့။ **ဧကံမညေ**၊ တစ်စိတ်တည်းလိုပဲ ဖြစ်နေကြပါတယ် ဘုရားရယ်လို့။

**အာယသ္မာ အနုရုဒ္ဓါ**၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကို။ **အဝေါစ**၊ ရွှေနားတော်ကြားအောင် ကောင်းစွာမသွေ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## စစ်ကိုင်းတောင်ကြီးလည်း လှနေပြီ

အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးက ဘုရားမြတ်စွာကို သာမဂ္ဂီ (ညီညွတ်ခြင်း)နဲ့ ပတ်သက်ပြီး အချက်လေးချက် လျှောက်တင်လိုက်တယ်။

ဘုရားမြတ်စွာ အရှင်အနုရုဒ္ဓါကို မေးတော်မူပြီးတဲ့အခါမှာ အရှင်နန္ဒိယကို မေးတော်မူပြန်တယ်။ အရှင်နန္ဒိယကို မေးတော်မူပြီးတော့ နောက်တစ်ခါ အရှင်ကိမိလကို မေးတော်မူပြန်တယ်။

အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ကို မေးတော်မူတဲ့အခါမှာလည်း အဲဒီ အရှင်မြတ် နှစ်ပါးလုံးက ထို အရှင်အနုရုဒ္ဓါ မထေရ်မြတ် ဖြေဆိုတော်မူတဲ့အတိုင်း ဆက်လက် ဖြေဆိုတော်မူကြတယ်။

နောက်ထပ် အရှင်မြတ်နှစ်ပါး ဖြေတဲ့ အဖြေတွေကလည်း အရှင်အနုရုဒ္ဓါ မထေရ်မြတ်ဖြေတဲ့ အဖြေနဲ့ တစ်ထပ်တည်း သွားတူနေတယ်။ တစ်လုံးမှ မကွဲပြားဘူး။ နာနာကာယ ဖြစ်ပေမယ့် ဧကစိတ္တ ဖြစ်နေတော့ အဖြေဟာလည်း တစ်ထပ်တည်း လာကျတာပဲပေါ့နော်။

အဲဒီတော့ အရှင်နန္ဒိယနဲ့ အရှင်ကိမိလကို ဘုရားမေးတဲ့ မေးခွန်းတွေ ဘုရားရှင်အား အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့က ဖြေဆိုတဲ့ အဖြေလွှာတွေကို ထပ်မံပြောပြ ရွတ်ပြနေစရာ မလိုတော့ဘူးပေါ့နော်။

တိုချင်ရင် ရွှေမန်းတင်မောင်ပြောသလို ပြောရင် ရတာပေါ့။ "ကျန်သူတွေ ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း" ဆိုတာလိုပဲပေါ့။ ဒါ ရွှေမန်းတင်မောင် ပြောသွားတာ။

ရှည်ချင်သေးရင်တော့ ဒါလေးကိုပဲ ဝေ့လည် ဝေ့လည် လုပ်နေရင် ရတာပါပဲ။ ကဲ... တော်ပါပြီနော်။

အဲဒီတော့ မြတ်စွာဘုရားက သာမဂ္ဂီနဲ့ပတ်သက်တဲ့ ပြောကြားချက်လေးခုကို ဘယ်လို ချီးမွမ်းတော်မူသလဲဆိုတာ ကြည့်ကြရအောင်။

"သာဓု သာဓု အနုရုဒ္ဓါ၊
သောဘန် ဝတ ဂေါသိင်္ဂသာလဝန်"

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။ **သာဓု သာဓု**၊ ကောင်းပါပေစွ, ကောင်းပေစွ။

**တုမှာကံ**၊ သင်တို့ရဲ့။ **ဝိဟရဏံ**၊ သာမဂ္ဂီ အရသာကို ခံစားလို့ နေကြခြင်းသည်ကား။ **သာဓု သာဓု**၊ ကောင်းပါပေစွ, ကောင်းပေစွ။ **ဂေါသိင်္ဂသာလဝန်**၊ ဂေါသိင်္ဂအင်ကြင်းတောကြီးသည်။ **သောဘန် ဝတ**၊ ကျက်သရေရှိလို့ တင့်တယ်ပါပေစွတကား။

ပရိသတ်ရေ... ဘုရားရှင်ကိုယ်တော်မြတ်က ညီညွတ်သူတွေကို ချီးမွမ်းတော်မူနေတာနော်။ ညီညွတ်သူတွေ နေတဲ့အတွက် ဟောဒီ ဂေါသိင်္ဂ အင်ကြင်းတောကြီး ကျက်သရေရှိလို့ တင့်တယ်နေလိုက်တာ။

ဘာကြောင့် ဂေါသိင်္ဂအင်ကြင်းတောကြီး ကျက်သရေ သိပ်ရှိတာလဲ။ ကိုယ်တော်သုံးပါး ညီညွတ်ကြလို့နော်။

အဲဒါကြောင့်...

ဒီကနေ့ စစ်ကိုင်းတောင်ရိုးကြီး တစ်ခုလုံး ကျက်သရေရှိပြီး လှပတင့်တယ်နေတယ် ဆိုတာဟာလည်း သာသနာ့ထိပ်ခေါင်တင် ဂဏ ထိပ်ခေါင်တင် ဆရာတော်အရှင် မထေရ်မြတ်ကြီးတွေရဲ့ အမိန့်ဩဇာကို နာခံပြီးတော့ နာနာကာယ ဖြစ်ကြပေမယ့် ဧကစိတ္တကို ကျင့်သုံးတော်မူကြတဲ့အတွက်ကြောင့်လည်းပဲ ဂေါသိင်္ဂအင်ကြင်းတောကြီး ကျက်သရေရှိလို့ လှပတင့်တယ်နေပါပေစွလို့ ပြောဖို့ကောင်းနေပါပြီနော်။ အဲဒါဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂေါသိင်္ဂ အင်ကြင်းတောနဲ့ မထေရ်မြတ် သုံးပါးကို ချီးမွမ်းတော်မူနေပုံပါပဲ။

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။ **သာဓု သာဓု**၊ ကောင်းပါပေစွ။ **ဂေါသိင်္ဂသာလဝန်**၊ ဂေါသိင်္ဂအင်ကြင်းတောကြီးသည်။ **သောဘန် ဝတ**၊ ကျက်သရေရှိလို့ တင့်တယ်ပါပေစွတကား။ **ဣတိ**၊ ဤသို့။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ **အဘိတ္ထဝိ**၊ ကောင်းစွာမသွေ ချီးမွမ်းတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

**နောက်ထပ်တစ်ခါ အမေးလာ**

ပရိသတ်ရေ... သာမဂ္ဂီသဘောကို ဒီလောက်နဲ့ ရပ်ထားခဲ့ကြပြီး တော့ နောက်ထပ်တစ်ခါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မေးခွန်းတစ်ခုကို စတင် ကြည့်ရအောင်။

**"ကစ္စိ ပန ဝေါ အနုရုဒ္ဓါ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထ"**

အနုရုဒ္ဓါ၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။

**ကစ္စိပန**၊ အသို့ပါနည်း။ **တုမှေ**၊ သင်တို့သည်။ **ဂေါသိင် သာလဝနေ**၊ ဂေါသိင် အင်ကြင်းတောကြီးထဲမှာ။ **အပ္ပမတ္တာ**၊ မမေ့မလျော့။ **အာတာပိ နော**၊ ကိလေသမာရ် သူပုန်ရန်ကို ပူပန်စေတတ် ခြောက်ခြား စေတတ်တဲ့ လုံ့လဝီရိယတွေ ရှိသည်ဖြစ်၍။ **ပဟိတတ္တာ**၊ နိဗ္ဗာန်ကို ပို့လွှတ် ထားသော စိတ်ဓာတ်တွေ ရှိကြကုန်သည်ဖြစ်၍။ **ဝိဟရထ (အပိနု)**၊ နေများနေကြပါကုန်၏လော့။

၁။ အပ္ပမတ္တာ ဝိဟရထ

၂။ အာတာပိနော ဝိဟရထ

၃။ ပဟိတတ္တာ ဝိဟရထ

လို့ ဒီလို သုံးပုဒ် ခွဲထားသင့်တယ်။

၁။ မမေ့မလျော့ နေကြပါရဲ့လား။

၂။ လုံ့လ ဝီရိယနဲ့ နေကြပါရဲ့လား။

၃။ ကိုယ့်ရဲ့ စိတ်ဓာတ်တွေကို နိဗ္ဗာန်ကို ပို့လွှတ်နေကြပါရဲ့လား။

ပရိသတ်ကြီးရေ... ဟို ဂေါသိင်အင်ကြင်းတောထဲမှာ မထေရ် မြတ်သုံးပါး သီတင်းသုံးနေတော်မူကြတာနော်။ သုံးပါးဆိုပေမယ့် တစ်စိတ် တည်း နေနေကြတာကြောင့် သုံးကိုယ် တစ်စိတ်တည်း နေနေကြတာပါ။ တို့ပရိသတ်ရော ဘယ်နှစ်ကိုယ် ဘယ်နှစ်စိတ်နဲ့ နေနေကြလဲ။ ရိုးရိုးပဲပြော။ မှန်တာပဲ ပြောနော်။ မိုးရွာလာလိမ့်မယ် ဟုတ်လား။

ဟိုမှာကတော့ သုံးကိုယ် တစ်စိတ်ရယ်။ အကယ်၍ အဲဒီ အရှင်မြတ် တွေဟာ (၁၀)ကိုယ်လောက် ရှိကြမယ်ဆိုရင်လည်း (၁၀)ကိုယ် တစ်စိတ် ပါပဲနော်။ အေး... တို့ပရိသတ်မှာတော့ တစ်ကိုယ်တည်းနဲ့ (၁၀)စိတ် (၁၅)စိတ်လောက် ဖြစ်နေရင်တော့ တော်တော်ဆင်းရဲလိမ့်မယ်နော်။

နာနာကာယ = ဇကေစိတ္တရဲ့ ချမ်းသာပုံကို (ပရိသတ်ရေ) ဒီလို သိလိုက်ကြပါ။ အကျယ်တဝင့်ဆိုရင် တခြားဇာတ်တော်တွေ သွင်းပြီးတော့ ပြောမယ်ဆိုရင်တော့ အလွန်ကောင်းပေ့ါ။ သုတ္တန်ကြီး ပြီးအောင်တောင် ဘုန်းကြီးတို့ မနည်းပြောရဦးမှာပါနော်။

ခု ဆက်လက်ပြီးတော့ ဘုရားရှင် မေးတော်မူတာက...

၁။ မမေ့မလျော့ သတိနဲ့ နေကြပါရဲ့လား။

၂။ ကိလေသာမာရ် သူပုန်ရန်ကို နှင်ထုတ်နိုင်တဲ့ လုံ့လ ဝီရိယ တွေနဲ့ နေကြပါရဲ့လား။

၃။ ချစ်သားတို့ရဲ့ စိတ်တွေကို ကာမဂုဏ်အာရုံတွေထဲမှာ မပို့ လွှတ်ဘဲနဲ့ နိဗ္ဗာန်ကို ပို့လွှတ်ကာ နေကြပါရဲ့လား။

ပရိသတ်ရေ... ဒီကနေ့ခေတ်မှာ "နှစ်ကိုယ် တစ်စိတ်"ဆိုတဲ့ စကားပဲ သူတို့ ပြောနေတတ်ကြတယ်။ သုံးကိုယ်တစ်စိတ်ဆိုတာ သူတို့ မကြားဖူးကြသေးဘူးနော်။ အေး... ခုတော့ သုံးကိုယ်တစ်စိတ် ဆိုတာကို ကြားဖူးကြပြီပေ့ါ။

အဲဒီ သုံးကိုယ် တစ်စိတ် အရှင်မြတ်တွေကို ဘုရားရှင်က မေးခွန်း သုံးချက် ဆက်မေးတော့ အဲဒီမေးခွန်းကို အရှင်အနုရုဒ္ဓါမထေရ်မြတ်က စပြီးတော့ ဖြေဆိုတယ်။

**"တဂ္ဃ မယံ ဘန္တေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရာမ"** (မူလပဏ္ဏာသ၊ နှာ-၂၆၇)

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... တပည့်တော်တို့ ညီနောင်သုံးပါးဟာ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ သတိနဲ့ မမေ့ မလျော့ နေနေကြပါတယ် ဘုရား"

"မြတ်စွာဘုရား... တပည့်တော်တို့ ညီနောင်တစ်တွေဟာ ကိလေသာကို နှင်ထုတ်နိုင်တဲ့ လုံ့လ ဝီရိယ စိတ်ဓာတ်တွေနဲ့ နေနေကြ ပါတယ် ဘုရား"

"မြတ်စွာဘုရား... တပည့်တော်တို့ ညီနောင်တစ်တွေဟာ နိဗ္ဗာန်ကို စေလွှတ်ထားတဲ့ စိတ်ထားတွေနဲ့ နေနေကြပါတယ် ဘုရား"

ပရိသတ်ရေ... မိမိတို့ရဲ့ စိတ်တွေကို နိဗ္ဗာန်ကို စေလွှတ်ထားရမှာ နော်။ အဲဒါ နိဗ္ဗာန်ကို မစေလွှတ်ဘဲ စိတ်တွေကို ဆန်ကိစ္စတွေ၊ ဆီကိစ္စတွေ၊

တခြား တခြားသော ကိစ္စတွေ၊ အဲဒီကိစ္စအမျိုးမျိုးတွေမှာ လွှတ်လွှတ်ထားနေကြမယ်ဆိုရင်တော့ သိပ်မဟုတ်သေးဘူးထင်တယ်နော်။

## နိဗ္ဗာန်ဝေးတဲ့ ပုဂ္ဂိုလ်လေးယောက်

ဒီတော့ နိဗ္ဗာန်ကို တကယ်ရောက်ချင်၊ ရချင်ပါတယ်ဆိုရင် နိဗ္ဗာန်ကို ကိုယ့်စိတ် စေလွှတ်ထားကြရမယ်။ နိဗ္ဗာန်မှတစ်ပါး တခြားအလုပ်ကိစ္စတွေမှာ စိတ်ကိုစေလွှတ်ပြီး အလုပ်ထဲမှာ ပျော်နေကြမယ်ဆိုရင် ဒါကို **"ကမ္မာရာမတာ"** လို့ ခေါ်ရတယ်။ နိဗ္ဗာန်နဲ့ ဝေးတယ်ဆိုတာ ဒီလို အသေးအဖွဲကိစ္စလေးတွေထဲမှာ အားကြီးပျော်မွေ့နေကြလို့ နိဗ္ဗာန်နဲ့ ဝေးနေကြရတာ။

၁။ **ကမ္မာရာမတာ** = အသေးအဖွဲ့ အလုပ်လေးတွေထဲမှာ ပျော်နေရင် နိဗ္ဗာန်နဲ့ဝေးတယ်။

၂။ **ဘဿာရာမတာ** = စကားပြောနေရတာကို အလွန်ပျော်နေတယ်ဆိုရင် နိဗ္ဗာန်နဲ့ ဝေးတယ်။

၃။ **နိဒ္ဒါရာမတာ** = အိပ်ချင်တယ်၊ ငိုက်မျဉ်းတယ်၊ တလူးလူး တလိမ့်လိမ့်လေးနေရမှ ကျေနပ်တယ်ဆိုရင် ဒီလူ နိဗ္ဗာန်နဲ့အဝေးကြီးပဲ။

၄။ **သင်္ဂဏိကာရာမတာ**=အပေါင်းအသင်းတွေနဲ့ နေရမှ ပျော်နေတယ်ဆိုရင်လည်း နိဗ္ဗာန်နဲ့ ဝေးတော့တာပဲ။

အဲဒီ **'တာ'**လေးချက်ထဲမှာ ပျော်နေတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့ ဝေးတော့တာပဲ။ မိမိရဲ့စိတ်ကို နိဗ္ဗာန်သို့ ဘယ်လိုပဲ လွှတ်ထားတယ်ပြောပြော ဒီ လေးခုထဲမှာ ရောက်နေရင် နိဗ္ဗာန်ကို ဘယ်လိုရောက်နိုင်ကြမှာလဲ။ နိဗ္ဗာန်နဲ့ ဝေးနေကြရဦးမှာပါပဲ။

"မြတ်စွာဘုရား... ဘုရားတပည့်တော်တို့ ညီနောင် သုံးပါးတစ်တွေဟာ အသေးအဖွဲ အလုပ်ကိစ္စလေးတွေထဲမှာလည်း မပျော်မွေ့ကြပါဘုရား။ စကားပြောဟော တသောသောလည်း မနေကြပါဘုရား။ အိပ်ချင်ငိုက်မျဉ်းခြင်း ကင်းပြီးတော့ ကြည်လင်တဲ့စိတ် ထိနမိဒ္ဓကင်းတဲ့ စိတ်ထားတွေနဲ့ နေကြပါတယ် ဘုရား"

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **မယံ**၊ ဘုရားတပည့်တော်တို့ ညီနောင်သုံးပါးတစ်တွေဟာ။ **ဂေါသိင်္ဂသာလဝနေ**၊ ဂေါသိင်္ဂ အင်ကြင်းတောကြီးထဲမှာ။ **အပ္ပမတ္တာ**၊ မမေ့မလျော့ မပေါ့မဆ ထက်သန်သော သတိ လက်ကိုင်ရှိကြကုန်သည်ဖြစ်၍။ **အာတာပိနော**၊ ကိလေသာမာရ် သူပုန်ရန်ကို ပုပန်စေတတ် ခြောက်ခြားစေတတ်တဲ့ သမ္မပ္ပဓာန် လုံ့လ ဝီရိယ ရှိသည်ဖြစ်၍။ **ပဟိတတ္တာ**၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ဓာတ်တွေ ရှိကြကုန်သည်ဖြစ်၍။ **ဝိဟာရာမ**၊ နေကြပါကုန်သည် မြတ်စွာဘုရား ရယ်လို့။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **အဝေါစ**၊ ရှေ့နားတော်ကြားအောင် လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အပ္ပမာဒနဲ့ နေတော်မူကြတယ်

ဒါက တစ်ခန်းသတ်သတ်ပါ။ "**အပ္ပမတ္တ အာတာပိ ပဟိတတ္တ**" မမေ့မလျော့တာ၊ ဝီရိယရှိတာ၊ နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်တာဆိုတဲ့ အချက်သုံးချက်ကို မြတ်စွာဘုရား မေးပင် မေးသော်လည်း တကယ်တော့ ပဓာန အချက်ဟာ "**အပ္ပမာဒ**" တစ်လုံးတည်းပဲ။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ဆက်ပြီး မေးတော်မူတယ်။

"**ယထာကထံ ပန တုမှေ အနုရုဒ္ဓါ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထ**" (မူလပဏ္ဏာသ၊ နှာ-၂၆၇)

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ၊ ကိမိလတို့။ **တုမှေ**၊ သင်တို့သည်။ **ယထာကထံ ပန**၊ အဘယ်သို့လျှင်။ **အပ္ပမတ္တာ**၊ မမေ့မလျော့။ **အာတာပိနော**၊ ပြင်းထန်တဲ့ ဝီရိယနဲ့။ **ပဟိတတ္တာ**၊ နိဗ္ဗာန်ကို စေလွှတ်တဲ့ စိတ်ထားတွေ ရှိကြကုန်သည်ဖြစ်၍။ **ဝိဟရထ (အဝိနု)**၊ နေကြကုန်သနည်း။

"ချစ်သားတို့... မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိ၊ ဝီရိယတွေနဲ့ နေကြတယ်လို့ သင်တို့လျှောက်တယ်။ အပ္ပမာဒနဲ့ သင်တို့ ဘယ်လို ဘယ်ပုံ နေကြသတုန်းလို့ အပ္ပမာဒ ကျင့်ထုံးကျင့်နည်းလေးကို မြတ်စွာဘုရားက မေးတော်မူတာ။

ပရိသတ်ရေ… အပ္ပမာဒ ကျင့်ထုံးဆိုတာက အလွန်များတယ်။ ကျောင်းတိုက်မှာ နေတယ်ဆိုရင် ကျောင်းတိုက်ရဲ့ ဝတ်ကို ဆောင်ရွက်ခြင်း၊ သေနာသနဝတ်ကို မမေ့ရဘူး။ ဆွမ်းစားကျောင်း တက်လိုက်တယ်ဆိုရင်လည်း ဆွမ်းစားကျောင်းမှာ ဆောင်ရွက်ရတဲ့ ဘတ္တဂ္ဂဝတ် ဆိုတာတွေကို မမေ့ရဘူး။

ကုဋီတက်တယ်ဆိုရင်လည်း ဝစ္စကုဋီမှာ ဆောင်ရွက်စရာ ဝတ္တရား ဆိုတာ ရှိတယ်။ စေတီတော်နားမှာ နေတယ်ဆိုရင်လည်း စေတီတော်မှာ ပြုရမယ့် စေတိယင်္ဂဏဝတ်၊ ဗောဓိပင်နားနေတယ် ဆိုရင်လည်း ဗောဓိပင်မှာ ပြုရမယ့် ဗောဓိယင်္ဂဏဝတ်၊ ဒီဝတ်တွေကအစ မမေ့သော သတိနဲ့ နေတာကို အပ္ပမာဒလို့ ခေါ်ရတယ်။ အပ္ပမာဒဆိုတာ အဲဒီလို အလွန်တရာ ကျယ်ပြန့်တယ်။ အပ္ပမာဒဆိုတဲ့ သတိက ခန္ဓာထဲမှာ ဉာဏ်စိုက်ပြီးတော့ ရုပ်တရား၊ နာမ်တရားရဲ့သဘောကို မမေ့သောနေခြင်းဖြင့် နိဗ္ဗာန်ကို အာရုံ ပြုနေမယ်ဆိုရင် သူက အဆင့်ဆင့် မြင့်တက်သွားလိမ့်မယ်။

ဒီတော့ အပ္ပမာဒနဲ့ဆိုင်ရာ ပြောစရာရှိတာတွေသာ ပြောရရင် အခြေခံတာဝန်ဝတ္တရား ဆောင်ရွက်တာကစပြီး နိဗ္ဗာန်ရောက်တဲ့အထိ အပ္ပမာဒက အရာကျယ်တယ်။ ကျယ်ပြန့်တယ်။ မထေရ်မြတ်ကြီး သုံးပါးက အကျဉ်းအမြွက်မျှလေး လျှောက်ထားတော့ မြတ်စွာဘုရားကလည်း သဘောပေါက် လက်ခံတော်မူတယ်။ ဒီအကျဉ်းချုပ် အမြွက်မျှ လျှောက်ထားတာကိုပဲ တို့ပရိသတ်က "ဪ… အရှင်မြတ်တွေဟာ ဒီလောက်တောင် သတိနဲ့ နေတော်မူကြတာကိုး"လို့ အကျယ်ချဲ့ပြီးတော့ သိလိုက်ကြပေတော့နော်။

## နေကြသည့်ပုံ အစုံစုံ

ဒီတော့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က ဘုရားရှင်ကို ဆက်ပြီးတော့ လျှောက်ထားတယ်။

**"ဣဓ ဘန္တေ အမှာကံ ယော ပဌမံ ဂါမတော ပိဏ္ဍာယ ပဋိက္ကမတိ၊ သော အာသနာနိ ပညပေတိ၊ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတိ၊ အဝက္ကာရပါတိံ ဥပဋ္ဌာပေတိ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၇)

**ဘန္တေ၊** ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **ဣဓ၊** ဤဂေါသိင်္ဂအင်ကြင်းတော်မှာ။ **အမှာကံ၊** တပည့်တော်တို့ ညီနောင်သုံးပါးတို့တွင်။ **ယော၊** အကြင်တစ်ပါးပါးက။ **ပဌမံ၊** ရှေးဦးစွာ။ **ဂါမတော၊** ဆွမ်းခံတဲ့ရွာမှာ။ **ပဋိက္ကမတိ၊** ထွက်ခွာပြန်လာခဲ့တယ် ဆိုပါစို့။

**သော၊** အဲဒီလို ဆွမ်းခံအရင်ပြန်လာတဲ့ အရှင်မြတ်က။ **အာသနာနိ၊** နေရာတို့ကို။ **ပညပေတိ၊** ခင်းထားမြဲပါဘုရား။ **ပါနီယံ ပရိဘောဇနီယံ၊** သောက်ရေ, သုံးဆောင်ရေတွေကိုလည်း။ **ဥပဋ္ဌာပေတိ၊** တည်ထား, ခပ်ထားပေးမြဲပါဘုရား။ **အဝက္ကာရပါတိံ၊** ပိုနေတဲ့ဆွမ်းကို ပေါင်းစရာ ဆွမ်းပေါင်းအိုးကို။ **ဥပဋ္ဌာပေတိ၊** တည်ထား ချထားမြဲပါ ဘုရား။

အရှင်မြတ်သုံးပါး ဆွမ်းခံကြွတော်မူကြတဲ့ အခါမှာလည်း တစ်ပါးနှင့်တစ်ပါး အတူတွဲပြီး တန်းစီလို့ ကြွသွားကြတာ မဟုတ်ဘူး။ ညကျိန်းစက်ရာက ထ၊ မနက်ခင်း ကမ္မဋ္ဌာန်းဘာဝနာတွေကို ရှုမှတ်ပြီးတော့ သေနာသနဝတ် စတာတွေကိုပြု၊ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ် စတာတွေကို ပြည့်ပြည့်စုံစုံ ပြုပြီးတော့မှ တစ်ပါးက တစ်ရွာကို ဆွမ်းခံကြွတော့ ကျန်တစ်ပါးက ကျန်တစ်ရွာကို ကြွတော်မူတယ်။

တစ်ပါးနဲ့တစ်ပါး တန်းစီကြွမယ်ဆိုပြီး ချိန်းဆိုပြီးတော့ မသွားကြဘူး။ ချိန်းဆိုပြီးတော့ တန်းစီကြွတယ်ဆိုတာ တစ်ခါတစ်ခါကျတော့ တစ်ပါးက အစောကြီးရောက်နေပြီးတော့ ကျန်တစ်ပါးက နောက်ကျနေတတ်တယ်။ ဝတ္တရားဆောင်ရွက်တာ မပြီးဆုံးသေးလို့ဖြစ်စေ၊ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ ဆောင်ရွက်စရာကိစ္စတွေ မပြီးဆုံးသေးလို့ပဲဖြစ်စေ တစ်ပါးက နောက်ကျနေတဲ့အချိန်မှာ ကျန်တစ်ပါးက ဆွမ်းခံကြွဖို့ သင်္ကန်းတောင်ရုံပြီးနေပြီ။ ဆွမ်းခံထွက်ဖို့ အဆင်သင့်စောင့်နေတယ်။

တံမြက်စည်းလှည်းတာ မပြီးဆုံးသေးလို့ ကျန်ကိုယ်တော်နှစ်ပါးက စောင့်နေရတယ်ဆိုရင် ကိစ္စမပြီးဆုံးသေးတဲ့ ကိုယ်တော်က ကျန်ကိုယ်တော်နှစ်ပါးကို အလိုလို ညှဉ်းဆဲတဲ့သဘော သက်ရောက်သွားတယ်နော်။ အဲဒါကြောင့် နှစ်ပါး ချိန်းမသွားကြတာ။ သုံးပါးတွဲ ချိန်းမသွားကြတာ။

စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ သေနာသနဝတ်၊ အာစရိယဝတ်၊ ဝစ္စကုဋိဝတ် စတာတွေကို ပြီးဆုံးအောင် ဆောင်ရွက်ပြီးတော့ ကိုယ့်

ဝတ္တရားပြီးတာနဲ့ ကိုယ့်သပိတ်ကိုယ်ပိုက်ပြီး တစ်ပါးတစ်ရွာစီ၊ တစ်လမ်းစီ ဆွမ်းခံကြွတော်မူကြတာ။

## ဆွမ်းစားကျောင်းမှာတောင် မမေ့တာ

အဲဒါကြောင့် ဆွမ်းခံပြီး ကျောင်းပြန်ရောက်တဲ့အခါ တစ်ပါးနဲ့ တစ်ပါး အတူတကွ ပြန်ရောက်မလာနိုင်ကြဘူး။ တစ်ပါးက စောရောက်ချင် ရောက်မယ်၊ တစ်ပါးက နောက်ကျနေတာမျိုးလည်းရှိမယ်။ အဲဒီလို စော တာ၊ နောက်ကျတာမျိုး ဖြစ်လာခဲ့ရင် ဆွမ်းစားကျောင်းကို အရင်တက်တဲ့ ပုဂ္ဂိုလ်က ဘတ္တဂ္ဂဝတ်ကို ဘယ်လိုဆောင်ရွက်ပါတယ်ဆိုတဲ့အကြောင်းကို လျှောက်ထားနေတာပါ။

ဆွမ်းစားကျောင်းကို အရင်ရောက်တဲ့ အရှင်မြတ်က တံမြက်စည်း လှည်းရတယ်။ "ငါအကြီးအကဲပဲ" ဆိုပြီးတော့ "တံမြက်စည်း မကိုင်ဘူး" ဆိုတာမျိုး မလုပ်ရဘူးနော်။ တံမြက်စည်းလှည်းတယ်။ ပြီးတော့ နေရာထိုင်ခင်းတွေ ခင်းထားပေးလိုက်ရတယ်။ ပြီးတော့ သောက်ရေ သုံးရေ တွေပါ ထည့်ထားချထားပေးရတယ်။

ကိုယ် အရင်ရောက်တယ်ဆိုရင် နောက်မှရောက်လာကြမယ့် အရှင်မြတ်တွေအတွက်ပါ နေရာကြိုခင်းပေးထားရတယ်။ သောက်ရေ သုံးရေတွေလည်း ကြိုတင်ထည့်ထား ချထားပေးရတယ်။

ဒါဟာ ဆွမ်းစားကျောင်းမှာ ပြုရမယ့် ဝတ္တရားမို့လို့ ဘတ္တဂ္ဂဝတ်လို့ ခေါ်တယ်။ ဒါတောင် အနည်းအပါးလောက် ပြောပြတာ။ အဲသလောက် ကလေးကိုတောင်မှ သတိမလွတ် မချွတ်အောင် ပြုနေကြတယ်ဆိုရင် တခြားကိစ္စတွေမှာလည်း ဘယ်လောက်တောင် အပ္ပမာဒတရားနဲ့ ပြည့်စုံ တော်မူကြမယ်ဆိုတာကို မှန်းဆကြည့်လိုက်ကြပေတော့။

အဋ္ဌကထာက ရေ့နေလိုက်ပြီးတော့ တိုအောင် ချုံးထားပေးတာ တယ်ကောင်းတယ်နော်။ (ပရိသတ်ရေ) တိုအောင်ပြောရင် တို့ပရိသတ် လည်း ကောင်းတာပဲ မဟုတ်လား။

နောက်တစ်ခါ ပါဠိတော်မှာလာတာက "**အဝက္ကာရပါတိံ ဥပဋ္ဌာပေတိ**"တဲ့။ ဆွမ်းအပိုအလျှံကို ထည့်ဖို့ ခုခေတ်လိုတော့ ဇလုံ ခပ်ကြီးကြီးတစ်လုံးကိုလည်း တည်ထား၊ ချထားပေးရမယ်။

ပရိသတ်ရေ ဆွမ်းခံ အရင်ရောက်တဲ့ အရှင်မြတ်က လုပ်စရာတွေ မှတ်ကြမယ်နော်။

၁။ တံမြက်လှည်းရတယ်။

၂။ နေရာခင်းရတယ်။

၃။ သောက်ရေ ထည့်ရတယ်။

၄။ သုံးရေ ထည့်ရတယ်။

၅။ ဆွမ်းအပိုတွေထည့်ဖို့ ဇလုံကြီးတွေ ချထားရတယ်။

ဥပမာ- အရှင်အနုရုဒ္ဓါက ဆွမ်းခံအရင်ရောက်တယ် ဆိုကြပါစို့။ "ငါ့သပိတ်ထဲမှာ ဆွမ်းက နှစ်ပါးစာတောင် ပါလာတယ်။ ပိုနေတဲ့ တစ်ပါးစာကို ချန်ပေးထားဦးမှ" ဆိုပြီးတော့ ကိုယ်မစားမီကတည်းက ကိုယ့်သပိတ်ထဲကနေ ထုတ်ပြီးတော့ ဟို ဇလုံကြီးထဲ ထည့်ထားလိုက်ရတယ်။

မစားမီ ထမင်းကို ကြိုတင်ပြီး ထည့်ရတာနော်။ ကိုယ်စားပြီးလို့ ကျန်တာလေးကျမှ သွားပုံလိုက်တာမျိုး မဟုတ်ဘူး··· ဘတ္တဂ္ဂဝတ်ဆိုတဲ့ အထဲမှာ အဲဒါတွေလည်း ပါတယ်။

"မစားမီ ရှေးဦးစွာ ကိုယ်စားနိုင်လောက်တဲ့ ပမာဏကနေ ပိုနေတဲ့ ဆွမ်းပိုတွေကို နောက်မှရောက်လာမယ့် အရှင်မြတ်နှစ်ပါးမှာ အကယ်၍များ ဆွမ်းလုံလောက်အောင် မရခဲ့ရင် ဒီဆွမ်းကို ဘုဉ်းပေးပါစေ" ဆိုပြီးတော့ အဲသလို ထည့်ပေးရတာနော်။ အကျန်ကို ထည့်တာမဟုတ်ဘူး။ မစားမီ ဆွမ်းအသစ်ကို ထည့်ရတာပါ။

အဲဒါ သာမဂ္ဂီဆိုတဲ့ ညီညွတ်ရေးစိတ်ဓာတ်ပါပဲ။ ဒီလိုစိတ်ဓာတ်တွေ ရှိပါမှလည်း ညီညွတ်ရေးက အင်အားကောင်းပါတယ်။

အဲဒီတော့ အရင်ရောက်တဲ့ အရှင်မြတ်တွေက နေရာခင်း၊ သောက်ရေ၊ သုံးရေတည်၊ ဆွမ်းပိုကို ကြိုထည့်ပြီးတော့ ဆွမ်းစားပြီးတော့ ပြန်ကြွသွား။ နောက်မှကြွလာတဲ့ အရှင်မြတ်တွေက ဆွမ်းမလုံလောက်ခဲ့ရင် ကိုယ့်ရှေ့က ကိုယ်တော်ထားခဲ့တဲ့ ဆွမ်းပိုကို ယူပြီးတော့ ဝေပြီးတော့ ဘုဉ်းပေးတော်မူကြတယ်။

ဒါဆိုရင် နောက်ကျတဲ့ ကိုယ်တော်တွေက ဘာလုပ်ရမလဲ။ ဆွမ်းစားကျောင်းမှာ စောစောက ခင်းထားခဲ့တဲ့ နေရာထိုင်ခင်းတွေကို

ပြန်သိမ်းရမယ်။ သောက်ရေ၊ သုံးရေအိုးတွေကိုလည်း သို့မှီးသိမ်းဆည်းရမယ်။ ဆွမ်းစားကျောင်းကိုလည်း တံမြက်လှည်းပြီးတော့မှ ဆင်းခဲ့ရမယ်။ ကိုယ်စားလို့ နောက်ဆုံးကျန်နေတဲ့ ဆွမ်းကျန် ဟင်းကျန်တွေ အကုန်လုံးကိုလည်း မြက်၊ သစ်ပင် မပေါက်တဲ့၊ စိမ်းစိုတဲ့ သစ်ပင်မရှိတဲ့အရပ်မှာ သွားပြီးတော့ စွန့်ပစ်ရမယ်။

ပိုးကောင် မွှားကောင်လေးတွေ မရှိတဲ့ ရေထဲမှာ သွားပြီးတော့ မျှောပစ်လိုက်ရမယ်။ အဲဒီလို လုပ်ရတာဟာ ဘာအဓိပ္ပာယ်တုန်းဆိုတော့ စိမ်းတဲ့မြက် သစ်ပင်ကလေးတွေရှိတဲ့ နေရာမှာ ပိုးကောင်မွှားကောင်လေးတွေ ရှိနေတဲ့ ရေထဲမှာ ဆွမ်းကျန် ဟင်းကျန်တွေ စွန့်ပစ်ခဲ့မယ်ဆိုရင် စိမ်းစိုတဲ့ သစ်ပင်ငယ်လေးတွေလည်း သေသွားနိုင်တယ်။ ဟင်းတွေထဲမှာ ပါတဲ့ ပိတ်ချင်းတို့၊ ချင်းတို့၊ ငရုတ်ကောင်းတို့ စတဲ့ ပူစပ်တာတွေကြောင့်လည်း ရေအိုင်လေးတွေ၊ စမ်းချောင်းလေးတွေထဲမှာရှိတဲ့ ပိုးကောင်လေးတွေ သေသွားနိုင်သေးတယ်။ ဒါကြောင့် စိမ်းစိုတဲ့ သစ်ပင်မရှိရာ ပိုးကောင် မွှားကောင်လေးတွေရှိတဲ့ ရေတွေထဲမှာ ဆွမ်းကျန် ဟင်းကျန်တွေကို စွန့်ပစ်တော်မမူကြတာပါ။

အရှင်မြတ်တွေဟာ အဲဒီလောက်အထိ အပ္ပမာဒ သတိရှိတော်မူကြပါတယ်။ ဒါလောက်ဆိုရင် ဒီအရှင်မြတ်တွေရဲ့ သန္တာန်မှာ အပ္ပမာဒသတိ ဘယ်လောက်တောင် ရှိနေမယ်ဆိုတာကို မှန်းဆပြီးတော့သာ ကြည်ညို ကြည့်လိုက်ကြပေတော့။

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **မယံ**၊ တပည့်တော်တို့ ညီနောင်သုံးပါးတို့ဟာ။ **ဣဓ**၊ ဤဂေါသိင်္ဂအင်ကြင်းတောကြီးထဲမှာ။ **တထ္ထ**၊ စင်စစ်ကေန် အမှန်တကယ်။ **ဧဝံ**၊ ဤသို့လျှင်။ **အပ္ပမတ္တာ**၊ မမေ့မလျော့။ **အာတာပိနော**၊ ပြင်းထန်တဲ့ ဝီရိယတွေနဲ့။ **ပဟိတတ္တာ**၊ နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်ပြီးတော့။ **ဝိဟာရာမ**၊ နေကြပါကုန်သည် ဘုရားလို့။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ **အာယသ္မာ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်ကြီးက။ **အဝေါစ**၊ ရှေ့နားတော် ကြားအောင် လျှောက်ထားလိုက်ပါပေတော့သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အော်ကြီးဟစ်ကျယ် မခေါ်ရ

"**ယော ပဿတိ ပါနီယဃဋ္ဋံဝါ ပရိဘောဇနီယဃဋ္ဋံဝါ ဝစ္စဃဋ္ဋံဝါ ရိတ္တံ တုစ္ဆံ၊ သော ဥပဋ္ဌာပေတိ**" (မူလပဏ္ဏာသ၊ နှာ-၂၆၈)

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **ယော**၊ အကြင်သူသည်။ **ပါနီယဃဋ္ဋံဝါ**၊ သောက်ရေအိုးကိုပဲဖြစ်ဖြစ်။ **ပရိဘောဇနီယ ဃဋ္ဋံဝါ**၊ သုံးရေအိုးကိုပဲဖြစ်ဖြစ်။ **ဝစ္စဃဋ္ဋံဝါ**၊ ကုဋီမှာ သုံးနေတဲ့ ရေအိုးကိုပဲဖြစ်ဖြစ်။ **ရိတ္တံ တုစ္ဆံ**၊ ရေမရှိဘဲနဲ့ အချည်းနှီးဖြစ်နေတာကို။ **ပဿတိ**၊ တစ်ပါးပါးက တွေ့မြင်လိုက်တယ်ဆိုပါစို့ ဘုရား။

**သော**၊ အဲဒီလို မြင်တဲ့ရဟန်းက။ **တံ**၊ ထိုလိုအပ်နေတဲ့ သောက်ရေ သုံးရေ ကုဋီရေတွေကို။ **ဥပဋ္ဌာပေတိ**၊ တည်ထား ခပ်ထားပေးကြပါတယ် မြတ်စွာဘုရား။

ရဟန်းတစ်ပါးပါးက သောက်ရေ၊ သုံးရေ၊ ကုဋီရေ တစ်ခုခုလျော့နေတာ ကုန်နေတာတွေ့ခဲ့ရင် အဲဒီတွေ့တဲ့ ရဟန်းကပဲ ကိုယ်တိုင်ခပ်ပြီးတော့ ရေဖြည့်လိုက်တယ်။

အကယ်၍ ရေအိုးကြီးက ကြီးလွန်းနေလို့ တစ်ယောက်တည်း မမနိုင်ဘူးဆိုရင်တော့ အဖော်ကို ခေါ်ရမှာပေါ့။ ရေကုန်နေတာကို တွေ့ပေမယ့် "ဒါ ဘယ်သူ့တာဝန်ပဲကွာ၊ ငါနဲ့မဆိုင်ဘူး" ဆိုပြီးတော့ ပစ်မထားခဲ့ရဘူး။ ရှောင်လွှဲမသွားရဘူး· ခပ်ခဲ့ရမယ်။ ဖြည့်ခဲ့ရမယ်။ တစ်ယောက်တည်း မနိုင်လို့ အဖော်ကို ခေါ်ရတဲ့အခါမှာလည်း...

"**ဟတ္ထဝိကာရေန ဒုတိယံ အာမန္တေတွာ**
**ဟတ္ထဝိလင်္ဃကေန ဥပဋ္ဌာပေမ**" (မူလပဏ္ဏာသ၊ နှာ-၂၆၈)

**ဟတ္ထဝိကာရေန**၊ လက်အမူအရာဖြင့်။ **ဒုတိယံ**၊ တခြား အဖော်ရဟန်းတစ်ပါးကို။ **အာမန္တေတွာ**၊ အသိပေးလိုက်ပြီး၍။

သောက်ရေအိုးကြီးက ကြီးလွန်းနေလို့ အဖော်တစ်ပါးကို ခေါ်ရတော့မယ်ဆိုပါတော့ ဘယ်လိုခေါ်မလဲ။

"အရှင်ဘုရားတို့... ဒီမှာ ရေအိုးကြီး မမနိုင်လို့ ကြွတော်မူကြပါဦး" လို့ တစ်ကျောင်းလုံးကြားအောင် အော်လိုက်ရမှာလား။

ဒီလို ရေအိုးလေးတစ်လုံး မမနိုင်တာကြောင့် တစ်တိုက်လုံးကြားအောင် မအော်လိုက်ရဘူး။ "သောက်ရေအိုးထဲမှာ ရေမရှိလို့ ဘယ်သူတွေ၊

ဘယ်ဝါတွေ လာခပ်ကြပါဦး''လို့ တောရွာတွေမှာ အသံချဲ့စက်ကြီးတပ်ပြီး တော့ အကျယ်ကြီး အော်ကြတာတွေ ရှိတယ်နော်။ အဲဒီလိုလုပ်ရင် ဒီလူတွေ ဝတ္တရားမကျေတာ၊ ဝတ္တရားပျက်တာတွေ အကုန်လုံး သိကုန်ရောပေါ့နော်။ ဒီလို မလုပ်သင့်ဘူးတဲ့။ ဒါဆို ဘယ်လိုလုပ်ရမလဲဆိုတော့...

''ဟတ္ထဝိကာရေန ဒုတိယံ အာမန္တေတွာ''

အသံမထွက်စေနဲ့၊ ဝတ္တရားပျက်တာ ကိုယ်ချို့ယွင်းတာတွေကို လူမသိစေနဲ့။ လက်အမူအရာနဲ့ပဲ အဖော်တစ်ယောက်ယောက်ကို လှမ်းခေါ် လိုက်ရမှာ။ အသံထုတ်ပြီးတော့ ''အရှင်နန္ဒိယရေ... ရေခပ်ရအောင် ကြွပါဦး'' လို့ အော်ခေါ်လိုက်မယ်ဆိုရင်...

**အော်ခေါ်ရင်ဖြစ်လာမယ့် ဒုက္ခနှစ်မျိုး**

၁။ အရှင်နန္ဒိယရဲ့နားမှာ ဆင်းရဲသွားတယ်။ သူ့ကို အကျယ်ကြီး အော်ခေါ်တာကိုး။ သူ့ရဲ့နားလည်း မချမ်းသာဘူး။ ပြီးတော့ သူ့ကို သမာဓိ ပျက်အောင် နှောင့်ယှက်ရာလည်းကျတယ်။

သူက ပရိတ်ရွတ်နေမယ်၊ တရားထိုင်နေမယ်၊ တရားနှလုံးသွင်း နေမယ် စသဖြင့် လုပ်နေတာကို ကိုယ်က အော်ပြီးတော့လည်း ခေါ်လိုက် ရော ခုနက သူ့စိတ်ထဲမှာ နှလုံးသွင်းထားတာလေးတွေ အကုန်လုံး ပျက် မသွားနိုင်ပေဘူးလား။ အဲဒီလို အနှောင့်အယှက်ဖြစ်မှာစိုးလို့ မအော်ပါနဲ့တဲ့။

နောက်အဓိပ္ပာယ်တစ်ခုက...

၂။ အဲဒီလို ကိုယ်ခေါ်တဲ့ အရှင်နန္ဒိယကိုယ်တော်ကြီး စိတ် အနှောင့်အယှက်မဖြစ်ရင်တောင်မှ တခြား မဆိုင်တဲ့ ကိုယ်တော်တွေအကုန်လုံး အနှောင့်အယှက် ဖြစ်နိုင်ပြန်တယ်။ အဲဒါကြောင့် မအော်ပါနဲ့တဲ့။

ဒါဆိုရင် ဘယ်လိုခေါ်ရမလဲဆိုတော့ လက်အမူအရာလေးနဲ့ ခေါ်ရ မယ်။ ကိုယ် ရေခပ်ချင်ရင် ရေအိုးနားကနေ စောင့်ကြည့်နေ။ ဘယ်သူ ကြွလာမလဲ။ ကြွလာတဲ့ ကိုယ်တော်ကို လက်ယပ်ခေါ်လိုက်။ ဘယ်သူမှ မသိစေနဲ့။ (ပရိသတ်ရေ) တိတ်ဆိတ်မှုဟာ သာသနာတော်ရဲ့ အရသာ တစ်မျိုးပါပဲနော်။

**ဟတ္ထဝိလင်္ဃကေန**၊ လက်ချင်းယှက်သိုင်း မပြီးတော့။ **ဉပဋ္ဌာပေမ**၊ ရေအိုးကို ခပ်ကြ မကြ တည်ကြပါတယ် ဘုရား။

အဖော်ရဟန်းတစ်ပါးကို လက်ယပ်ခေါ်ပြီး သူရောက်လာတဲ့အခါ ရေအိုးကြီးကို နှစ်ပါး လက်ချင်းယှက်ကာ မ,ပြီးတော့ ရေခပ်ကြ၊ တည်ထားကြတယ်။

သတိများ အဲဒီလောက် ထားတော်မူကြတာ။ ကုဋီရေလေးခပ်တာ တောင်မှ ဒီလောက်တောင် သတိရှိတော်မူနေကြတယ်ဆိုရင် ကိုယ့်ခန္ဓာထဲမှာ ဘယ်လောက်တောင် သတိရှိမယ်ဆိုတာဟာ (ပရိသတ်ရေ) ပြောဖို့တောင် မလိုတော့ပါဘူးနော်။

"မြတ်စွာဘုရား... တပည့်တော်တို့တစ်တွေဟာ အဲဒီလို ရေအိုး လေးတစ်လုံးကို မမနိုင်ခြင်းဆိုတဲ့ အကြောင်းမျိုးတွေကြောင့် အမှိုက် တောင်းလေးတစ်တောင်းကို မမနိုင်ခြင်းဆိုတဲ့ အကြောင်းလေးတွေကြောင့်၊ တံမြက်စည်းလေးတစ်ချက်လောက်တောင် မလှည်းနိုင်ခြင်းဆိုတဲ့ အကြောင်း လေးတွေကြောင့် အသေးအဖွဲ့ သာမန်ကိစ္စလေးတွေကြောင့် တစ်ရပ်လုံး၊ တစ်ရွာလုံး၊ တစ်ကျောင်းလုံးကြားအောင် တပည့်တော်တို့ စကားမပြောကြ၊ မအော်ကြပါ ဘုရား။

**"န တွေဝ မယံ ဘန္တေ တပ္ပစ္စယာ ဝါစံ ဘိန္ဒာမ"**

**(မူလပဏ္ဏာသ၊ နှာ-၂၆၈)**

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **မယံ**၊ တပည့် တော်တို့ ညီနောင်သုံးပါးတစ်တွေဟာ။ **တပ္ပစ္စယာ**၊ အဲဒီလို ရေအိုးလေး တစ်လုံးလောက်ကို မ,ချီမနိုင်ခြင်း တည်းဟူသော အကြောင်းကြောင့်။ **ဝါစံ**၊ နှုတ်မြွက်စကားတွေကို။ **န တွေဝ ဘိန္ဒာမ**၊ တပည့်တော်တို့ မအော်ကြ, မပြောကြပါ ဘုရား။

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **မယံ**၊ တပည့် တော်တို့တစ်တွေဟာ။ **ဣဓ**၊ ဤဂေါသိင်္ဂ အင်ကြင်းတောကြီးထဲမှာ။ **ဧဝံ**၊ အဲဒီလို။ **အပ္ပမတ္တာ**၊ မမေ့မလျော့။ **အာတာပိနော**၊ ပြင်းထန်တဲ့ ဝီရိယရှိရှိ။ **ပဟိတတ္တာ**၊ နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်ပြီးတော့။ **ဝိဟရာမ**၊ နေကြပါကုန် သည် မြတ်စွာဘုရားလို့။ **အာယသ္မာ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါ မထေရ် မြတ်က။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကို။ **အဝေါစ**၊ လျှောက်ထားတော်ကြားအောင် လျှောက်ထားလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## လောကကြီးကို လှစေချင်ရင်

အရှင်အနုရုဒ္ဓါ မထေရ်မြတ်က သူတို့ညီနောင်တစ်တွေ အပ္ပမာဒ တရားကို ဘယ်လိုကျင့်သုံးကြပုံကို အဲဒီလို အတိုချုံးပြီးတော့ ပြောပြတယ်။ လျှောက်ပြတယ်။ နောက်တစ်ခါ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ကို မေးပြန် တော့လည်း ဒီအတိုင်းပဲ လျှောက်ထားပြန်တယ်။

ဒီတော့ မြတ်စွာဘုရားကို အရှင်မြတ်သုံးပါး လျှောက်ထားတာ ဟာ တက်ထပ်တည်း တူမနေပေဘူးလား။ နာနာကာယ (ကိုယ်ကွဲ) ဖြစ်ပေမယ့် ဧကစိတ္တ (တစ်စိတ်တည်း) ဖြစ်တော်မူကြတယ်။

အဲဒီတော့ မြတ်စွာဘုရားက...

"သာဓု - သာဓု အနုရုဒ္ဓါ"

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။ **သာဓု သာဓု**၊ ကောင်းပါပေစွ ကောင်းပေစွ။ **ဂေါသင်္ဂသာလဝနံ**၊ ဂေါသိင် အင်ကြင်းတောကြီးသည်။ **သောဘနံ ဝတ**၊ ကျက်သရေရှိလို့ တင့်တယ် လှပါပေစွတကားရယ်လို့။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက။ **အဘိတ္ထဝိ**၊ ကောင်းစွာမသွေ ချီးမွမ်းတော်မူခဲ့ပါ ပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အဲဒီလို အပ္ပမာဒနဲ့ နေပုံနေနည်းစနစ်တွေကို အသေးစိတ် အကုန်လုံး ကိုမဟုတ်တောင် တော်တော်ကြီးကို ပြည့်စုံအောင် လျှောက်ထားတော် မူလိုက်တယ်။ ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ထပ်မံပြီးတော့ မေးတော်မူပြန်တယ်။

**"အတ္ထိ ပန ဝေါ အနုရုဒ္ဓါ ဧဝံ အပ္ပမတ္တာနံ အာတာပီနံ ပဟိ တတ္တာနံ ဝိဟရန္တာနံ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿန ဝိသေသော အဓိဂတော ဖာသုဝိဟာရော"** (မူလပဏ္ဏာသ၊ နှာ-၂၆၈)

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။ **ဧဝံ**၊ အဲဒီလို။ **အပ္ပမတ္တာနံ**၊ မမေ့မလျော့။ **အာတာပီနံ**၊ ပြင်းထန်တဲ့ လုံ့လ ဝီရိယတွေ ရှိကြကုန်သည်ဖြစ်၍။

**ပဟိတတ္တာနံ**၊ နိဗ္ဗာန်ကို စေလွှတ်ထားတဲ့ စိတ်ထားတွေ ရှိကြကုန် သည်ဖြစ်၍။ **ဝိဟရန္တာနံ**၊ နေကြကုန်သော။ (**ဝေါ** တုမှာကံ၊ သင်တို့မှာ)

**(ကောစိ၊** တစ်စုံတစ်ခုသော။) **ဥတ္တရိမနုဿဓမ္မော၊** လူတို့၏ ကုသိုလ် ကမ္မပထ တရား ၁၀ ပါးထက် လွန်ကဲထူးမြတ်သော။

**အလမရိယ ဉာဏဒဿန ဝိသေသော၊** အရိယာအဖြစ်ကို ပြုခြင်းငှာ စွမ်းနိုင်တဲ့ ဉာဏ်အမြင်အထူးကို။ **အဓိဂတော၊** ရရှိသည်ဖြစ်၍။ **ဖာသုဝိဟာရော၊** ချမ်းသာစွာ နေထိုင်ကြတယ်ဆိုတာမျိုးသည်။ **အတ္ထိပန၊** ရှိများရှိလေသလောလို့။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က။ **အာယသ္မန္တံ အနုရုဒ္ဓံ၊** အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကို။ **အပုစ္ဆိ၊** သိလိုရေးနှင့် မေးမြန်းတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တရားထူးများ ရသလားကွဲ့

"ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ၊ ကိမိလတို့ ဒီဂေါသိင်္ဂအင်ကြင်း တောကြီးထဲမှာ ဒီလောက်တောင် သတိ၊ ဝီရိယတွေနဲ့ ပြည့်စုံစွာ ကျင့်သုံးနေကြတဲ့ ချစ်သားတို့တစ်တွေမှာ လူတွေ ကျင့်သုံးရိုးဖြစ်တဲ့ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက် လွန်ကဲထူးမြတ်တဲ့ အရိယာအဖြစ်ကို ပြုခြင်းငှာ စွမ်းနိုင်တဲ့ ဉာဏ်အမြင်အထူး တစ်စုံတစ်ခုကို ရရှိခံစားပြီးတာများ ရှိလေသလား။

စာပေမှာ လာတဲ့အတိုင်းပြောတော့ တို့ပရိသက်က နားလည်ဖို့ ခက်နေတယ်။

"ချစ်သားတို့... ဒီလောက် သတိ ဝီရိယတွေနဲ့နေတဲ့ သင်တို့မှာ တရားထူး တရားမြတ် တစ်စုံတစ်ခု ရတာများရှိသလား"

"ချစ်သားတို့... ဘာတရားထူးရတာ ရှိသလဲ"

အဲဒီလို ဘုရားရှင်ကမေးတော့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က တရားထူးရတယ်ဆိုတဲ့အကြောင်း အဆင့် ဆယ်ဆင့်နဲ့ ဖြေတယ်။ အဲဒီ အဆင့် ဆယ်ဆင့်ကိုတော့ ချုံပြီးတော့ ပြောပြမယ်။

၁။ တပည့်တော်တို့ ဒီဂေါသိင်္ဂ အင်ကြင်းတောမှာ ဒီလောက် တောင် သတိဝီရိယ ပြည့်စုံစွာနဲ့ ကျင့်သုံးနေထိုင်ကြတဲ့အခါမှာ "ပထမ ဈာန်" ဆိုတဲ့ တရားထူးတစ်ဆင့်ကို ရရှိပြီးတော့ ဈာန်ချမ်းသာကို ဝင်စားလို့ နေနိုင်ပါပြီ ဘုရား။

''အဲဒီ ပထမစျာန် ချမ်းသာထက် လွန်ကဲထူးမြတ်တဲ့ တခြား ချမ်းသာတာကိုရော ဘာရသေးလဲ''

၂။ ဒုတိယစျာန်ကို ရပါသေးတယ်ဘုရား။

''ဒါထက် လွန်ကဲတာရော ဘာရသေးလဲ''

၃။ တတိယစျာန်ချမ်းသာကို ရပါသေးတယ်ဘုရား''

''ဒီထက်လွန်ကဲတာရော''

၄။ ရူပါဝစရ စတုတ္ထစျာန်ချမ်းသာကို ရပါသေးတယ် ဘုရား။

''အဲဒါထက် ထူးကဲလွန်မြတ်တဲ့ ဉာဏဒဿန ဝိသေသကိုရော ဘာများ ရသေးတုန်း'' ဆိုတော့...

၅။ အာကာသာနဉ္စာယတနစျာန်ကို ရမယ်။

၆။ ဝိညာဏဉ္စာယတနစျာန်ကို ရမယ်။

၇။ အာကိဉ္စညာယတနစျာန်ကို ရမယ်။

၈။ နေဝသညာ နာသညာယတနစျာန်ကို ရမယ်။

ဆိုတော့ ရူပစျာန် လေးပါး၊ အရူပစျာန် လေးပါး စုစုပေါင်း ဘယ်လောက် ဖြစ်သွားပြီလဲ။ ရှစ်ပါး ဖြစ်သွားပြီနော်။ အဲဒါကို လောကီ သမာပတ်ရှစ်ပါးလို့ ခေါ်ရတယ်။ အရှင်မြတ်သုံးပါးကို ဘုရားရှင်က အစဉ်အတိုင်း မေးလို့ အရှင်မြတ်ညီနောင် သုံးပါးတို့က လျှောက်ထား ကြတယ်။ ဒီတော့ ဘုရားရှင်က...

''ဒါဆိုရင် ချစ်သားတို့၊ ချစ်သားတို့မှာ ဒီသမာပတ် ရှစ်ပါးထက် ထူးကဲ လွန်မြတ်တဲ့ ဉာဏဒဿန ဝိသေသကိုရော ဘာများရသေးတုန်း''

''မြတ်စွာဘုရား...

၉။ သညာဝေဒယိတနိရောဓ လို့ ဆိုရတဲ့ နိရောဓ သမာပတ် ကိုလည်း ဘုရားတပည့်တော်တို့ ရကြပါသေးတယ် ဘုရား။

''ချစ်သားတို့ ဒီထက်ပိုတာရော ရှိသေးလား''

၁၀။ ''မှန်ပါ့။ ဒီထက်ပိုပြီးတော့ အာသဝက္ခယဉာဏ်ကိုလည်း ရရှိတော်မူကြပါသေးတယ် ဘုရား''

ပရိသတ်ရေ...

* ရူပစျာန် လေးပါးရယ်၊

* အရူပစျာန် လေးပါးရယ်၊

* နိရောဓသမာပတ်ရယ်၊
* အာသဝက္ခယဉာဏ်ရယ်။

စုစုပေါင်း တရားထူး (၁၀)ဆင့် ရပြီနော်။

အဲဒီလို အရှင်အနုရုဒ္ဓါ မထေရ်မြတ်က မြတ်စွာဘုရားရှင်ကို လျှောက်ထားပြတော့ ဘုရားရှင်ကိုယ်တော်မြတ်က...

"သာဓု သာဓု အနုရုဒ္ဓါ"

**အနုရုဒ္ဓါ**၊ ချစ်သား အနုရုဒ္ဓါနဲ့ နန္ဒိယ, ကိမိလတို့။ **သာဓု သာဓု**၊ ကောင်းပါပေစွ၊ ကောင်းပေစွ။ **ဂေါသိင်္ဂသာလဝန်**၊ ဂေါသိင်္ဂ အင်ကြင်းတောကြီးသည်။ **သောဘနံ ဝတ**၊ ကျက်သရေရှိလို့ တင့်တယ်လှပါပေစွတကားရယ်လို့။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက။ **အဗ္ဘာနုမောဒိ**၊ ကောင်းစွာမသွေ ဝမ်းမြောက်တော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ပြန်ကြွသွားပြီ အုတ်ကျောင်းဆီ

မထေရ်မြတ်ညီနောင် သုံးပါးတို့က သူတို့တစ်တွေ တရားထူး တရားမြတ် အဆင့် (၁၀)ဆင့် ရရှိတယ်ဆိုတဲ့အကြောင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လျှောက်ထားပြကြတာ။

အဲဒီတော့ မြတ်စွာဘုရားက မထေရ်မြတ်တွေကို ချီးကျူးတော်မူပြီးတော့ "သြော်... ဂေါသိင်္ဂအင်ကြင်းတော်ဟာ ဒါကြောင့် ကျက်သရေရှိလို့ လှပတင့်တယ်နေတာ"လို့ ချီးမွမ်းတော်မူတယ်။ အဲသလို ချီးမွမ်းတော်မူပြီးတော့မှ...

**"အထခေါ ဘဂဝါ အာယသ္မန္တဉ္စ အနုရုဒ္ဓံ အာယသ္မန္တဉ္စ နန္ဒိယံ အာယသ္မန္တဉ္စ ကိမိလံ ဓမ္မိယာ ကထာယ သန္ဒဿေတွာ သမာဒပေတွာ သမုတ္တေဇေတွာ သမ္ပဟံသေတွာ ဥဋ္ဌာယာသနာ ပက္ကာမိ"**

**(မူလပဏ္ဏာသ၊ နှာ-၂၇၀)**

**အထခေါ**၊ ထိုနောင်မှ။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ **အာယသ္မန္တဉ္စ အနုရုဒ္ဓံ**၊ အရှင်အနုရုဒ္ဓါကိုလည်းကောင်း။ **အာယသ္မန္တဉ္စ နန္ဒိယံ**၊ အရှင်နန္ဒိယကိုလည်းကောင်း။

**အာယသ္မန္တ ကိမိလံ**၊ အရှင်ကိမိလကိုလည်းကောင်း။ **ဓမ္မိယာ ကထာယ**၊ တရားစကားဖြင့်။ **သန္ဒဿေတွာ**၊ ကောင်းစွာ ပြတော်မူ၍။ **သမာဒပေတွာ**၊ ကောင်းစွာ ဆောက်တည်စေတော်မူ၍။ **သမုတ္တေဇေတွာ**၊ ကောင်းစွာ ထက်သန်စေတော် မူ၍။ **သမ္ပဟံသေတွာ**၊ ကောင်းစွာ ရွှင်လန်းစေတော်မူ၍။ **ပတ္တစီဝရံ**၊ သပိတ်နှင့် သင်္ကန်းကို။ **အာဒါယ**၊ ဆွဲကိုင်တော်မူ၍။ **အာသနာ**၊ နေရာမှ။ **ဥဋ္ဌာယ**၊ ထ,တော်မူ၍။ **ပက္ကာမိ**၊ ကောင်းစွာမသွေ ပြန်ကြွတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## မပြောလိုဘူး တရားထူး

တရားထူး တရားမြတ် (၁၀)ချက်ရတာကို ဘုရားမြတ်စွာအား မထေရ်ညီနောင်သုံးပါးက လျှောက်ထားကြတဲ့အခါမှာ ဘုရားမြတ်စွာက သာဓု အကြိမ်ကြိမ်ခေါ် ချီးမွမ်းတော်မူပြီးတော့မှ သပိတ်ကိုလွယ်၊ သင်္ကန်းကိုတင်ပြီးတော့ ဘုရားမြတ်စွာ ပြန်ကြွတော်မူတယ်။

(ပရိသတ်ရေ) ဘုရားမြတ်စွာ ဂေါသိင်္ဂအင်ကြင်းတောကနေ ပြန်ကြွသွားပြီနော်။ ဒီကနေ့ နေ့လယ်ခင်းမှာ သံဃာ့အစည်းအဝေးကြီး ပြီးဆုံးလို့ ဆုံးဖြတ်ချက်တွေ အကြိမ်ကြိမ် ချပြီးတော့ ဆရာတော်ဘုရားကြီးတွေလည်း မူလနေရာကို ပြန်ကြွတော်မူကြပြီနော်။

ဘုရားရှင်ကိုယ်တော်မြတ် ပြန်ကြွတော်မူပြီဆိုတော့ အရှင်အနုရုဒ္ဓါတို့၊ အရှင်နန္ဒိယတို့၊ အရှင်ကိမိလတို့ ညီနောင် သုံးပါးလုံး နောက်နားကနေ သပိတ်သင်္ကန်းကိုကိုင်ပြီး မြတ်ဘုရားရဲ့ နောက်နားကနေ လိုက်ပါနှုတ်ဆက် ပို့ဆောင်တော်မူကြတယ်။

ဥယျာဉ်ကြီးထဲက ထွက်ပြီးတော့မှ ဟို တောစပ်အလွန်ရောက်ပြီ ဆိုတဲ့ အခါကျတော့ မထေရ်မြတ်ညီနောင် သုံးပါးလုံး ဥယျာဉ်ထဲ ပြန်ကြွဝင်လာတယ်။ ဘုရားမြတ်စွာကတော့ တစ်ပါးတည်း ကြွတော်မူသွားပြီး ညီနောင်သုံးပါးလုံး ဥယျာဉ်ကြီးထဲလည်း ပြန်ရောက်ကရော အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့က အရှင်အနုရုဒ္ဓါကို လျှောက်ကြတယ်။

"အရှင်ဘုရား... အရှင်ဘုရားက မြတ်စွာဘုရားကို အကုန်လုံး ဖွင့်လျှောက်တာကိုး ဘုရား"

"ဘာတွေ ဖွင့်လျှောက်မိလို့လဲကွယ့်"

"မြတ်စွာဘုရားကို အရှင်ဘုရားက တပည့်တော်တို့တစ်တွေ ရူပဈာန် လေးပါး၊ အရူပဈာန် လေးပါး၊ နိရောဓသမာပတ် အာသဝက္ခယ အဘိညာဏ် ဒီ (၁၀)ချက်ရကြောင်း လျှောက်လိုက်တာကိုး ဘုရား့"

"အဲဒီတော့ ဘာဖြစ်တုန်းကွယ့်"

"အို... အရှင်ဘုရားကလည်း ကိုယ်တိုင်ရတာကို ကိုယ့်ဘာသာ လျှောက်ထားရင် အကောင်းသား။ ခုတော့ တပည့်တော်တို့ရတဲ့ ဥစ္စာကိုပါ အရှင်ဘုရားက တပည့်တော်တို့ကိုယ်စား အကုန်လျှောက်လိုက်တာကိုး ဘုရား။ တပည့်တော်တို့ ဒါတွေ ရထားပါတယ်လို့ အရှင်ဘုရားကို ပြောထားဖူးသလား ဘုရား။

အဲဒီလိုလေး ဝိုင်းလျှောက်ကြတယ်။ အရှင်မြတ်ကြီးတွေဟာ တရားထူး တရားမြတ်ကို အလွန်သိုသိပ်တော်မူကြတယ်။ အဲဒီအချိန်မှာ အဲဒီ ဂေါသိင်္ဂ အင်ကြင်းတောထဲမှာ နတ်ဘီလူးလေးတစ်ယောက် ရောက်နေတယ်။

## ထောက်လှမ်းရေး နတ်သားလေး ဒီဃ

**"အထခေါ ဒီဃော ပရဇနော ယက္ခော ယေနဘဂဝါ တေနုပသင်္ကမိ"**

**အထခေါ**၊ ထိုအခါမှာ။ **ဒီဃောပရဇနောယက္ခော**၊ "ဒီဃပရဇန" အမည်ရှိတဲ့ နတ်ဘီလူးတစ်ယောက်သည်။ **တေသံ အာယသ္မန္တာနံ**၊ ထိုအရှင်မြတ်သုံးပါးတို့၏။ **မန္တယမာနသဒ္ဒံ**၊ တိုင်ပင်ဆွေးနွေး ပြောကြားနေတဲ့ အသံကို။ **အသောသိ**၊ ကြားနေရတယ်။

(ပရိသတ်ရေ) မြင်းမိုရ်တောင်ရဲ့ မြောက်အရပ်မှာ ဝေဿဝဏ် နတ်မင်းကြီး အုပ်ချုပ်တယ်။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ နယ်ပယ်က ကမ္ဘာ့ မြောက်ဘက်ခြမ်းမှာရှိတာ။ အဲဒီမှာ ဘီလူးတွေ အနေများတယ်။

အဲဒီ ဝေဿဝဏ် နတ်တွေထဲက အုပ်စုထဲမှာ "ဒီဃပရဇန" ဆိုတဲ့ နတ်ဘီလူးလေးတစ်ယောက်လည်း ရှိတယ်။ အဲဒီ နတ်ကလေးက အခုမှ ဒီဥယျာဉ်ထဲ ရောက်နေတယ်။ သူ ဘယ်လိုရောက်လာတာလဲဆိုတော့ မြတ်စွာဘုရား တစ်ပါးတည်း ညနေချမ်း နေဝင်ဆည်းဆာ အချိန်လေးမှာ

ကိုယ်တိုင် သပိတ်ကိုလွယ်၊ သင်္ကန်းလေးကိုတင်ပြီး အဖော်မပါ ဘာမပါ ဘဲနဲ့ ရောင်ခြည်တော်တွေကိုလည်း သင်္ကန်းရုံထဲမှာ အသာလေး ဖွက်ထားပြီး တစ်ပါးတည်း တိတ်တိတ်ကလေး ကြွသွားတာကို ဝေဿဝဏ်နတ်မင်းကြီးက သိလိုက်တယ်။ မြင်လိုက်တယ်။ မြင်လိုက်တော့ ဝေဿဝဏ်နတ်မင်းကြီးက...

"ဟော့... ဒီဃ"

(ပရိသတ်ရေ) အခေါ်လွယ်အောင် ပရဇုနဆိုတဲ့ ပုဒ်ကလေးကို အသာထားခဲ့ဦး ဟုတ်လား။

"ဟော့... ဒီဃ ဟိုမှာ မြတ်စွာဘုရားတစ်ပါးတည်း တိတ်တိတ်ကလေး ဂေါသိင်္ဂ အင်ကြင်းတောကြီးကို ကြွသွားတယ်။ ဘာလုပ်မလဲ မသိဘူး၊ ဟော့... ဒီဃ မင်း လိုက်စမ်းကွာ"

ဝေဿဝဏ်နတ်မင်းကြီးက ဒီဃနတ်ကလေးကို ခိုင်းလိုက်တာ။ အဲဒီတော့ မြတ်စွာဘုရား ဥယာဉ်ထဲဝင် ကြွသွားတယ်ဆိုရင်ပဲ ဒီဃပရဇုန ဆိုတဲ့ နတ်ဘီလူးကလည်း ဘုရားနောက်ကနေ ထပ်ချပ်မကွာ လိုက်ချလာတယ်။ သူလည်း ဝင်လိုက်တယ်။ သူ့ကိုကျတော့ ဥယျာဉ်မှူးက မတားဘူးနော်။ ဘယ်တားမလဲ၊ ဘီလူးလေးဝင်သွားတာကို ဥယျာဉ်စောင့်က သိမှ မသိလိုက်တာ။

အဲဒီတော့ ဥယျာဉ်ထဲလည်းရောက်ရော မြတ်စွာဘုရားနဲ့ အရှင်မြတ်တွေ ဘာများပြောကြ ဆိုကြမလဲ ဆိုပြီးတော့ နတ်ဘီလူးလေးက ဘေးကနေ နားထောင်နေတာ။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ တာဝန်ပေးချက်အရ သူက တိတ်တဆိတ် ဝင်ရောက်လာပြီး ဘေးက နားထောင်နေတာ။ ဒီလိုရှိတယ်နော်။

ဂေါသိင်္ဂ အင်ကြင်းတောကြီးထဲမှာ ဆွေးနွေးတိုင်ပင်တော်မူနေကြတာက ဘယ်နှစ်ပါးလဲ။ (ပရိသတ်ရေ)။

၁။ မြတ်စွာဘုရားရယ်၊

၂။ အရှင်အနုရုဒ္ဓါရယ်၊

၃။ အရှင်နန္ဒိယရယ်၊

၄။ အရှင်ကိမိလရယ်

ပေါင်း လေးပါးနော်။

လေးပါး တိုင်ပင်ဆွေးနွေးနေတဲ့ ကိစ္စကို ဝေဿဝဏ်နတ်မင်းကြီးက လွှတ်လိုက်တဲ့ တာဝန်အရ ရောက်လာရတဲ့ နတ်ဘီလူးလေးက တိတ်တိတ်လေး ဝင်လာပြီး ဘေးက နားထောင်သွားတယ်။ ခုတော့ မြတ်စွာဘုရားကလည်း ပြန်ကြွသွားပြီ။ အဲဒီတော့မှ အရှင်မြတ်နှစ်ပါးက အရှင်အနုရုဒ္ဓါကို...

"အရှင်ဘုရား... တပည့်တော်တို့ တရားထူး တရားမြတ် (၁၀)ဆင့် ရတယ်ဆိုပြီး အရှင်ဘုရားက မြတ်စွာဘုရားကို အားလုံးလျှောက်လိုက်တယ်။ အဲဒါ တရားထူး တရားမြတ်ကို တပည့်တော်တို့ ရတယ်ဆိုတဲ့ အကြောင်းကို တစ်ခါမှလည်း မပြောဖူး၊ မလျှောက်ဖူးပဲ အရှင်ဘုရားက ဘယ်လိုလုပ်သိပြီး ဘယ်လိုသဘောနဲ့ လျှောက်လိုက်တာလဲ ဘုရား"လို့ ဝိုင်းမေးကြတာ။

အဲဒီတော့ အရှင်အနုရုဒ္ဓါ အထေရ်မြတ်ကြီးက...

"ငါ့ရှင် နန္ဒိယနဲ့ ကိမိလတို့... ငါ့ညီတော်နှစ်ပါး ရထားတဲ့ တရားထူး တရားမြတ်ကို ငါကိုယ်တိုင်လည်း စေတောပရိယ အဘိညာဏ်နဲ့ ငါ့ညီတွေရဲ့စိတ်ကို ထိုးထွင်းပြီးတော့ သိထားခဲ့ပြီးပြီ"

"ပြီးတော့ ဟောဒီ ဂေါသိင်္ဂအင်ကြင်းတောထဲမှာ နေနေကြတဲ့ ရုက္ခစိုးနတ်တွေကလည်း လာပြီးတော့ ပြောကြတယ်။ 'အရှင်ဘုရားရဲ့ ညီတော်နှစ်ပါးမှာ ဒီလို-ဒီလို တရားထူး တရားမြတ်တွေ ရထားတယ် ဘုရား' လို့ နတ်တွေကလည်း လာပြောကြဖူးတယ်။ ဒါ့ကြောင့် ငါ့ညီတွေ ရထားတဲ့ တရားထူး တရားမြတ်ကို ငါသိနေတာ။ ဒါကြောင့် လျှောက်လိုက်တာကွယ့်"

"အရှင်ဘုရားကလည်း သိတဲ့အတိုင်း လျှောက်ရမလား ဘုရား"

"ငါ့ညီတို့... ဘုရားရှင်ကိုယ်တော်မြတ်ဆိုတာ လောကလိုပြောမယ်ဆိုရင် တို့တစ်တွေရဲ့ နောင်တော်ကြီးလည်း ဖြစ်နေတယ်။ ဆွေတော်မျိုးတော် အဖြစ်နဲ့လည်း တော်စပ်နေကြတယ်"

"သာသနာအနေနဲ့ ပြောမယ်ဆိုရင်လည်း...

၁။ **ဓမ္မိဿရ** = တရားအစိုးရ

၂။ **ဓမ္မသာမိ** = တရား အရှင်သခင်

၃။ **ဓမ္မရာဇာ** = တရားဘုရင် တရားရှင် ဖြစ်တော်မူတဲ့အတွက်

ကြောင့် တရားပိုင်ရှင်က မေးတဲ့ကိစ္စမှာ တို့များက မခြွင်းမချန် ဖြေခွင့်ရှိတယ်ကွယ့်။

ငါ ကြွားလိုတဲ့စိတ်နဲ့ တခြား ပုထုဇဉ်တွေကို ပြောနေတာမျိုးမှ မဟုတ်ဘဲ။ တရားဘုရင် ဘုရားရှင်က မေးလို့ ဖြေနေတာပါ။ ပြောကောင်းပါတယ်။ အပြစ်မရှိပါဘူးနော်။

အဲဒီလို မေးနေ ဖြေနေကြတာကို ခုနက နတ်ဘီလူးလေးက နားထောင်ရင်းနဲ့ ဘယ်လိုသဘောပေါက်သွားသလဲဆိုတော့...

## တစ်လောကလုံး ကြားအောင်ပြောမယ်

"ဩော်... ဒီကိုယ်တော် သုံးပါးကလည်း သူတို့ရတဲ့ တရားထူး တရားမြတ်တွေကို လူသိမှာစိုးလွန်းလို့ နောင်တော်ကြီးဘုရားကိုတောင်မှ အသိမပေးလိုကြဘူး။ တယ်လည်း ကွယ်ဝှက်ချင် သိုသိပ်ချင်တဲ့ ကိုယ်တော်တွေပဲ။ ဒီလောက်တောင် သိုသိပ် ကွယ်ဝှက်ချင်တာ ဒီတစ်ခါတော့ သိရောပေါ့ကွာ" လို့တွေးပြီး တစ်ခါတည်း အကြီးအကျယ် ကြွေးကြော်ပစ်လိုက်တာ။

"ဒီလောက်တောင် သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ်နဲ့ တောထဲမှာ တိတ်တိတ်ဆိတ်ဆိတ်လေး တရားလာကျင့်နေတဲ့ ဒီကိုယ်တော်တွေမှာ ဒီလောက်တောင် ဂုဏ်သတင်းတွေရှိနေတာကို လူတွေ၊ နတ်တွေ မသိကြဘူး။ အားလုံးသိအောင် ငါပဲ ကြွေးကြော်လိုက်တော့မယ်" ဆိုပြီး ကိုယ်တော်သုံးပါးရဲ့ ဂုဏ်သတင်းကို ဒီဃပရဇနဆိုတဲ့ နတ်ဘီလူးလေးက တစ်ခါတည်း အဲဒီမှာ အော်ပြောလိုက်တာ။

"ဒီအရှင်မြတ် သုံးပါးရဲ့သန္တာန်မှာ ဒီလိုဂုဏ်ထူးတွေ ရှိတယ်ဗျို့" လို့ အော်ပြောလိုက်တဲ့ ဒီဃပရဇန နတ်ဘီလူးလေးရဲ့ အသံကို ဘုမ္မစိုးနတ်တွေက ကြားပြီး ဆက်ကာဆက်ကာ ဆင့်ကာဆင့်ကာ ကြွေးကြော်လိုက်ကြပြန်သတဲ့။

ဘုမ္မစိုးနတ်တွေရဲ့ ကြွေးကြော်သံကို ကြားပြီး ရုက္ခစိုးနတ်တွေ၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ၊ ဝသဝတ္တိနတ်ပြည်က နတ်တွေ ဆက်ကာဆင့်ကာ ကြွေးကြော်လိုက်ကြတာ။

နတ်ပြည်မှာ ဒီကိုယ်တော်တွေရဲ့ ဂုဏ်သတင်းတွေ ပျံ့နှံ့ကျော်ကြား သွားတယ်။ မိမိရဲ့ ဂုဏ်သတင်းကို ကွယ်ဝှက်တော်မူကြတဲ့ အရှင်မြတ်တွေရဲ့ ဂုဏ်သတင်းကို နတ်ပြည်ခြောက်ထပ်က နတ်တွေနဲ့ ဗြဟ္မာပြည်က နတ်တွေ အဆင့်ဆင့် အဆက်ဆက် လက်ဆင့်ကမ်း ကြွေးကြော်လိုက်ကြတာ (ဘယ်ကို ရောက်သွားသလဲဆိုရင်) အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပေါ်လွင်ထင်ရှားသွားတယ်နော်။

နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာ့ပြည် (၂၀) ရှိရာမှာ အသညသတ်ဗြဟ္မာနဲ့ အရူပဗြဟ္မာတွေကို ချန်ထား။ ခန္ဓာမစုံတဲ့ ဒီဗြဟ္မာတွေကတော့ ဒီအရှင်မြတ်တွေရဲ့ ဂုဏ်သတင်းကို မကြားဘူးပေါ့ဗျာနော်။

အလွန်တရာ ညီညွတ်တော်မူကြတဲ့ တရားထူး တရားမြတ်ရရှိတော်မူကြတဲ့ ဒီအရှင်မြတ်ညီနောင် သုံးပါးရဲ့ ဂုဏ်သတင်းဟာ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ကျော်ကြားသွားတာ တကယ့်ကို အံ့သြစရာကောင်းတယ် နော်။

ဒီလို ဂုဏ်သတင်းတွေ ကျော်ကြားဖို့အတွက် ဒီမထေရ်ညီနောင် သုံးပါးဟာ ကျော်ကြားအောင် ကိုယ်တိုင် ကြိုးစားအားထုတ်ကြဖို့ လိုသေးသလား၊ မလိုတော့ဘူးနော်။ သိမှာစိုးလို့တောင် တမင်တကာ လျှို့ဝှက်နေတော်မူကြတာ။ အဲဒီတော့ ဒီအရှင်မြတ်တွေရဲ့ ဒီဂုဏ်သတင်းတွေကို အနားမှာ ကပ်နေတဲ့ နတ်ဘီလူးလေးတစ်ယောက်က စတင်ပြီး ကြော်ငြာပေးလိုက်တာ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ကျော်ကြားသွားတာနော်။

ဒီတော့ ထင်ပေါ်ကျော်ကြားခြင်းဆိုတာဟာ တမင်တကာ လုပ်နေစရာ မလိုဘူးဆိုတာ ဒီဇာတ်လမ်းလေးက သာဓကတစ်ရပ်ပါပဲနော်။ ဂုဏ်သိတဲ့ ပုဂ္ဂိုလ်ဟာ သူ့ဘာသာသူ ကြွေးကြော် ကြော်ငြာသွားတာကြောင့် ထင်ရှားသွားတာပါပဲ။

ဒီတော့ 'ဒီဃပရ' ဆိုတဲ့ နတ်ဘီလူးလေးက သိပ်ကျေနပ်သွားတယ်။

''ဒီလောက်တောင် သူတို့ ဂုဏ်သတင်းတွေ လျှို့ဝှက်ထားချင်ကြတဲ့ မထေရ်ညီနောင်တွေ ငါလိုက်ပြီး အော်ဟစ်ပြောလိုက်တာ ခုတော့ ဗြဟ္မာ့ပြည်ရောက်အောင် အားလုံး သိသွားကြပြီ'' ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ် ပြီးတော့ နတ်ဘီလူးလေးက မြတ်စွာဘုရားရဲ့ နောက်နားကနေ

ကပ်လိုက်သွားတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ဘယ်မှာရှိနေသလဲ။ ပြောပြော။ မြန်မြန်ပြော။

(ပရိသတ်ရေ) အချိန်က စေ့တော့မယ်နော်။ မေ့နေရင်လည်း အစကနေ ပြန်ပြောလိုက်ရဦးမယ်။

**"တေ် သမယံ ဘဂဝါ နာတိကေ ဝိဟရတိ ဂိဉ္ဇကာဝသထေ"**

(မူလပဏ္ဏာသ၊ နှာ-၂၆၆)

**တေ် သမယံ**၊ အခါတစ်ပါးမှာ။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ဟာ။ **နာတိကေ**၊ နာတိကရွာနားက။ **ဂိဉ္ဇကာဝသထေ**၊ အုတ်ကျောင်းတိုက်ကြီးမှာ။ **ဝိဟရတိ**၊ သီတင်းသုံးနေ နေတော်မူတာနော်။

နာတိက အနားက အုတ်ကျောင်းတော်အထိ အဲဒီ နတ်ဘီလူး လေးက လိုက်သွားပြီးတော့ မြတ်စွာဘုရားကို သူက ပြန်လျှောက်တင်တာ။

**"လာဘာ ဝတ ဘန္တေ ဝဇ္ဇီနံ၊**

**သုလဒ္ဓလာဘာ ဝဇ္ဇိပဇာယ"** (မူလပဏ္ဏာသ၊ နှာ-၂၇၁)

**ဘန္တေ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **ဝဇ္ဇီနံ**၊ ဝဇ္ဇီတွေ အတွက်။ **လာဘာ ဝတ**၊ အရတော်ပေစွတကား။

**ဝဇ္ဇိပဇာယ**၊ ဝဇ္ဇီတိုင်းသား လူအပေါင်းတွေအတွက်။ **သုလဒ္ဓလာဘာ ဝတ**၊ အခွင့်အရေးတစ်ရပ်ကို ကောင်းစွာမပြတ် ရအပ်ပါပေစွ တကား။

"မြတ်စွာဘုရား... ဝဇ္ဇီတိုင်းက လိစ္ဆဝီမင်းတွေဟာ အရတော် လိုက်တာ ဘုရား။ အခွင့်ကောင်းတစ်ရပ်ကို ရလိုက်ကြတာပဲပေါ့ ဘုရား"

"ဟေ့... ဒီဃပရဇနေ နတ်ကလေး... ဝဇ္ဇီတိုင်းက လိစ္ဆဝီ မင်းတွေ အရတော်တယ်လို့တော့ မင်းပြောတယ်၊ ဘာအရတော်တာ တုန်းကွယ့်"

"မြတ်စွာဘုရား ဂေါသိင်္ဂအင်ကြင်းတောထဲမှာ မထေရ်မြတ် သုံးပါး ညီညွတ်စွာနဲ့ တရားထူး တရားမြတ် (၁၀)ဆင့် (၁၀)ထပ်ရတာ၊ ပြီးတော့ အဲဒီ မထေရ်တွေဟာ ဝဇ္ဇီတိုင်းက နယ်မြေမှာ သီတင်းသုံးနေ နေတာကြောင့် ဝဇ္ဇီတိုင်းက လိစ္ဆဝီမင်းတွေ အရတော်တာ အခွင့်ကောင်းကြီး တစ်ရပ်ကို ကောင်းစွာ ရတာပေါ့ဘုရား"

## အမျိုးကောင်းသား နှစ်ယောက်ဆိုတာ

အဲဒီလို နတ်ဘီလူးလေးက မြတ်စွာဘုရားကို လျှောက်ထားတော့ ဒီနေရာမှာ ကြားဖြတ်ပြောစရာလေး တစ်ခုရှိလာပြန်တယ်။ လောကမှာ အမျိုးကောင်းသားဆိုတာ နှစ်မျိုးရှိတယ်။

"အမျိုးကောင်းသား" ဆိုတာကို ပါဠိလို **ကုလပုတ္တ** လို့ ခေါ်တယ်။ **ကုလပုတ္တ** ဆိုတာမှာလည်း...

၁။ ဇာတိ ကုလပုတ္တရယ်၊

၂။ အာစာရ ကုလပုတ္တရယ်လို့ နှစ်မျိုးရှိပြန်တယ်။

၁။ အမျိုးဇာတ်အားဖြင့် ကောင်းနေတဲ့ ပုဂ္ဂိုလ်တွေကို ဇာတိကုလပုတ္တလို့ ခေါ်ရတယ်။

၂။ အမျိုးဇာတ်အား မကောင်းချင်နေပါစေ။ အကျင့်စာရိတ္တအားဖြင့် ကောင်းတဲ့အမျိုးကိုတော့ အာစာရကုလပုတ္တလို့ခေါ်တယ်။

အရှင်အင်္ဂုလိမာလ ကိုယ်တော်မြတ်ကြီးဆိုတာ ဇာတ်အားဖြင့်တော့ တယ် မကောင်းသလိုရှိတယ်။ တစ်သက်လုံး သူတစ်ပါးအသက်တွေကို သတ်ဖြတ်နှိပ်စက်လာခဲ့တာ။ ဒါပေမယ့် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်လာပြီ ဆိုတဲ့အခါကျတော့ သူဟာ အာစာရကုလပုတ္တ ဖြစ်သွားပြီ။

သဘောနားလည်အောင် ဒီလိုပြောပြတာနော်။ လောကမှာ တချို့က မုဆိုး၊ တံငါ ရှေ့ပိုင်းမှာ လုပ်ခဲ့တယ်။ နောက်ပြီးတော့ အကျင့်တွေ သိပ်ကောင်းသွားတဲ့ လူကောင်းတွေရှိသေးတယ်။ ဒါမျိုးကို အာစာရကုလ ပုတ္တ၊ တချို့ကျတော့ မိမျိုး၊ ဖမျိုး၊ ဘိုးမျိုး၊ ဘီမျိုး၊ ဘင်, ဘောင် အစဉ်အဆက်ကတည်းကိုက ကောင်းလာတာမျိုး ရှိခဲ့ကြတယ်။ သူတို့ကို တော့ "ဇာတိကုလပုတ္တ"လို့ ခေါ်ရတယ်။

အဲဒီလို ဇာတိကုလပုတ္တ၊ အာစာရကုလပုတ္တ နှစ်မျိုးထဲက တစ် ယောက်ယောက်ပုဂ္ဂိုလ်ဟာ လူ့ဘောင်ကို ခွာရှောင်ပြီး ရဟန်းပြုပြီး တရားထူး ရတယ်လို့ ဆိုကြပါစို့။ အခု ဂေါသိင်္ဂအင်ကြင်းတောထဲမှာ သီတင်းသုံးနေတော် မူကြတဲ့ အရှင်မြတ် သုံးပါးကတော့ သူတို့ညီနောင်တွေ ဟာ ဇာတိကုလပုတ္တတွေလည်း ဖြစ်တော်မူကြတယ်။

သူတို့သုံးပါးစလုံးဟာ မြတ်ဘုရားသာသနာတော်အတွင်းမှာ ရဟန်းပြုကြပြီး ဂေါသိင်္ဂအင်ကြင်းတောထဲမှာ တရားထူး တရားမြတ်

အဆင့်(၁၀) တင့်အထိ ရတော်မူကြတယ်။ ဒီသတင်းတွေကို နတ်တွေက ကြွေးကြော်လိုက်ကြတာ ဗြဟ္မာ့ပြည်တိုင်အောင် ဂုဏ်သတင်းတွေ ကျော်ကြားသွားကြတာ။ ဒီတော့ မြတ်စွာဘုရားက နတ်ကလေးကို ပြောတယ်။

"ဟေ့... ဒီဃပရဇနေ နတ်ကလေး။ ဒီလို အမျိုးကောင်း အာဇာနည်ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာလို့ ရှိရင် အဒီအမျိုးဟာ သိပ်ပြီးတော့ ဂုဏ်ကျက်သရေ ရှိတယ်ကွဲ့"

## အာဇာနည်တွေပေါ်လာတာ ကျက်သရေရှိတယ်

(ပရိသတ်ရေ) တစ်ယောက်သောပုဂ္ဂိုလ် ထင်ရှားတဲ့အတွက်ကြောင့် တစ်မျိုးလုံး (ဘာဖြစ်လဲ)။ ဂုဏ်ကျက်သရေ ရှိတယ်နော်။

သံဃပိတာ သံဃပရိဏာယကလို့ ဆိုရတဲ့ သံဃာ့ခမည်းတော်၊ သံဃာ့ထိပ်ခေါင်တင်၊ ပရိယတ္တိ ပဋိပတ္တိမာမက ဆရာတော်ဘုရားကြီးတွေ ဒီကနေ့ ရွှေကျင်ဂိုဏ်း သာသနာမှာ ပေါ်ပေါက်တော်မူလာတဲ့အတွက်ကြောင့် တစ်ဂိုဏ်းလုံး တစ်သာသနာလုံး ကျက်သရေ ရှိလာရတာမျိုးပေါ့နော်။

နောက်တစ်ခါ ရွာတစ်ရွာမှာ အာဇာနည်ပုဂ္ဂိုလ်တစ်ယောက် ထွန်းထွန်းကားကား ပေါ်ပေါက်လာရင် အဲဒီရွာတစ်ရွာလုံး ဂုဏ်ကျက်သရေ ရှိတာပေါ့။ ထူးချွန်ထက်မြက်တဲ့ အာဇာနည်ပုဂ္ဂိုလ်တစ်ယောက် ထွန်းကား ပေါ်ပေါက်လာခဲ့ရင် အဲဒီရွာ၊ အဲဒီမြို့၊ အဲဒီတိုင်းပြည်ဟာလည်း ကျက်သရေ ရှိပြီး လှပတင့်တယ်သွားတော့တာပဲပေါ့။

မြတ်စွာဘုရားက အဆင့်ဆင့် မိန့်တော်မူသွားတာနော်။ ဒီတော့ မြတ်စွာဘုရားကတော့ "သုက္ကပက္ခ" လို့ ခေါ်တဲ့ သန့်ရှင်းဖြူစင်တဲ့ အကောင်းဘက်ကချည်း ပြောသွားတာနော်။ "ကဏှပက္ခ"လို့ ဆိုရတဲ့ အဆိုးဘက်ကျတော့ ဘုရားက ထည့်မပြောတော့ဘူး။ ဒီတော့ ဒါလေးကို ပရိသတ်က ထည့်စဉ်းစားလိုက်ကြပါ။

လူမျိုးတစ်မျိုးမှာ တစ်ယောက်ယောက် ဆိုးသွမ်းပြီဆိုရင် အဲဒီ တစ်မျိုးလုံး ကျက်သရေပျက်တော့တာနော်။ မြို့တစ်မြို့မှာ၊ တိုင်းတစ်တိုင်းမှာ၊ တိုင်းပြည်တစ်ပြည်မှာ တစ်ယောက်ယောက် ဆိုးသွမ်းရမ်းကားပြီဆိုရင်

အဲဒီ မြို့တွေ တိုင်းတွေ တိုင်းပြည်တွေ အကုန်လုံးလည်း ဂုဏ်သိက္ခာကျရ တော့တာပဲ ဟုတ်လား။ ဒါကြောင့် ဒါတွေကိုလည်း "ကဏှ" ဘက်ကနေ ထည့်ထွက်ထားကြရမှာ။ ဒီမှာတော့ မြတ်စွာဘုရားက "သုက္က" လို့ ခေါ်တဲ့ အကောင်းဘက်ကချည်း မိန့်တော်မူသွားတာ။

ဒီဃပရဇနနတ်ဘီလူးလေးကို ဝေဿဝဏ်နတ်မင်းကြီးက "ဟော့... ဘုရားရှင် အထင်မရှားအသွင်နဲ့ တောထဲ တစ်ပါးတည်းကြွသွား တယ်။ ဘာလုပ်မှာလဲ မသိဘူး။ မင်းသွား ထောက်လှမ်းချေ" လို့ မှာလိုက်လို့ နောက်ကနေ တိတ်တဆိတ်လိုက်လာ၊ ဥယျာဉ်ထဲရောက်တော့ မြတ်စွာဘုရားနဲ့ အရှင်မြတ်တွေ ဆွေးနွေး တိုင်ပင်နေတဲ့ အချက်အလက်တွေ အကုန်လုံးကို သတင်းရသွားတယ်။ မြတ်စွာဘုရား ကျောင်းတော်ကို ပြန်တော့ "မြတ်စွာဘုရားက ဘာများပြောမလဲ"လို့ လိုက်လျှောက်တယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ဒီမထေရ်မြတ် သုံးပါးအတွက် (ဘာပြောလဲ)။ ဂုဏ်ကျေးဇူးတွေကိုပဲ ပြောတယ်။ ဒီလိုနော်။

## တစ်လောကလုံးအတွက် ကျင့်နေတာ

အေး... အဲဒါတွေ အကုန်လုံးကို ဒီဃပရဇနနတ်ဘီလူးလေးက မှတ်သားပြီးတော့ ဝေဿဝဏ်နတ်မင်းကြီးဆီကို သူက သတင်းပို့ရမှာ။ ဒါ သူ့အလုပ်ပဲ ဟုတ်လား။ ဒါကြောင့် သူသတင်းပို့တယ်။ ဒီတော့မှ ဘုရားရှင် ကိုယ်တော်မြတ်က...

**"ပဿ ဒီဃ ယာဝ စေတေ တယော ကုလပုတ္တာ ဗဟုဇန ဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ"** (မူလပဏ္ဏာသ၊ နှာ-၂၇၂)

**ဒီဃ**၊ ဒီဃခေါ်တဲ့ အို-အမောင်နတ်ဘီလူး။ **ပဿ**၊ ရှုစမ်းပါလော့။ **စေတေ တယော ကုလပုတ္တာ**၊ ဒီ အမျိုးသား သုံးယောက်တို့ဟာ။

၁။ **ဗဟုဇနဟိတာယ ပဋိပန္နာ**၊ များစွာသော လူအပေါင်းရဲ့ ကောင်းကျိုးစီးပွား ဖြစ်ခြင်းငှာ ကျင့်ကြံတော်မူနေကြတာ။

၂။ **ဗဟုဇနသုခါယ ပဋိပန္နာ**၊ များစွာသော လူအပေါင်းတို့ရဲ့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ချမ်းသာဖို့ရန် ကျင့်ကြံကြိုးကုတ် ဒီလောက် တောင် သူတို့တွေ အားထုတ်လို့နေနေကြတာ။

ဒီအရှင်မြတ်သုံးပါးဟာ သူတို့သုံးပါးရဲ့ ကောင်းကျိုးအတွက်သာ လျှင် ကျင့်ကြံတော်မူနေကြတာ မဟုတ်ဘူး။ တစ်လောကလုံး အကျိုးစီးပွား ဖြစ်ဖို့ တစ်လောကလုံး ချမ်းသာဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနေ ကြတာ။ (ဘယ်သူက ပြောတာလဲ)။ မြတ်စွာဘုရားက ပြောနေတာနော်။ ''ဒီဃပရဇန နတ်အမြင်မှားသွားမှာစိုးလို့ ပြောနေရတာနော်။ မင်း ဒီဉယျာဉ်ထဲမှ တိတ်တဆိတ် နားထောင်သွားတာ ကောင်းကောင်း မှတ်သွား ပါကွာ၊ မဟုတ်တာတွေ မှတ်မသွားပါနဲ့''တဲ့။

၃။ **လောကာနုကမ္ပာယ ပဋိပန္နာ**၊ တစ်လောကလုံးကို စောင့် ရှောက်ဖို့ ကျင့်နေကြတာ။

ဒီအရှင်မြတ်တွေဟာ တစ်လောကလုံး စီးပွားဖြစ်ဖို့ တစ်လောက လုံး ချမ်းသာဖို့ တစ်လောကလုံးကို စောင့်ရှောက်ဖို့ ဒီလောက်တောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်လို့နေနေကြတာ။

၄။ **ဒေဝမနုဿာနံ အတ္ထာယ ဟိတာယ သုခါယ ပဋိပန္နာ**၊ နတ် လူ ဗြဟ္မာ သတ္တဝါတွေရဲ့ ကောင်းကျိုးဖြစ်ဖို့ စီးပွားဖြစ်ဖို့ ချမ်းသာ ကြစေဖို့ ဒီလောက်တောင် လွန်လွန်ကဲကဲ အားထုတ်တော်မူနေကြတာ ရယ်လို့။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်။ **တံ ဒီဃပရဇနယက္ခံ**၊ ထို ဝေဿဝဏ် နတ်မင်းကြီး စေလွှတ် လိုက်တဲ့ ဒီဃပရဇနခေါ်တဲ့ နတ်ဘီလူးကို။ **အဝေါစ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာမသွေ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်က ဒီအရှင်မြတ် သုံးပါး ဒီလောက် တောင် ဂေါသိင်္ဂအင်ကြင်းတောထဲမှာ ကျင့်နေကြတာဟာ...

၁။ သတ္တဝါတွေမှာ ကောင်းကျိုးစီးပွားဖြစ်စေဖို့၊

၂။ သတ္တဝါတွေမှာ ချမ်းသာကြစေဖို့၊

၃။ တစ်လောကလုံးကို စောင့်ရှောက်ဖို့၊

၄။ နတ် လူအများရဲ့ ကောင်းကျိုးစီးပွား ချမ်းသာများကြစေဖို့ ကျင့်နေကြတာ ဖြစ်တယ်လို့ မိန့်တော်မူလိုက်တဲ့အခါ...

''**အတ္တမနော ဒီဃော ပရဇနော ယက္ခော ဘဂဝတော ဘာသိတံ အဘိနန္ဒိ**''

**ဒီဃော ပရဇနော ယက္ခော**၊ ဝေဿဝဏ်နတ်မင်းကြီးရဲ့ စေတမန်ဖြစ်တဲ့ ဒီဃပရဇနခေါ်တဲ့ နတ်ဘီလူးသည်။ **ဘဂဝတော**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **ဘာသိတံ**၊ မိန့်ခွန်းတော်ကို။ **အဘိနန္ဒိ**၊ အလွန် နှစ်သက်ခဲ့လေပြီ။

**အဘိနန္ဒိတွာ**၊ အလွန်နှစ်သက်သည်ဖြစ်၍။ **အနုမောဒိတွာ**၊ အလွန့်အလွန် ဝမ်းမြောက်သည်ဖြစ်၍။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကို။ **အဘိဝါဒေတွာ**၊ လက်အုပ်ချီမိုး ရှိခိုးလျက်။ **ပဒက္ခိဏံ ကတွာ**၊ အရိုအသေပြု၍ (ဝါ) လက်ျာရစ် လှည့်လည်ပြီး၍။ **ပက္ကာမိ**၊ ကောင်းစွာမသွေ ထွက်ခွာတော်မူပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ပရိသတ်ကြီးရေ... ဒီဃပရဇနခေါ်တဲ့ နတ်ဘီလူးလေး မြတ်စွာဘုရားရဲ့ စကားကိုကြားပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ပြန်သွားပါပြီတဲ့။ (ပရိသတ်ရေ) နတ်ကလေး ပြန်ပြီလား။

"ပြန်ပါပြီ ဘုရား"

အေး... နတ်ကလေးတောင် ပြန်ပြီဆိုမှတော့ ပရိသတ်ကြီးရော ပြန်ဖို့ကောင်းပြီပေါ့ဗျာနော်။ ခုနကပဲ နာရီစင်ကြီးက နာရီထိုးသံ ကြားလိုက်ရသေးတယ် မဟုတ်လား။ အေး... တမင် တိုင်ပင်ကိုက်အောင် ဘုန်းကြီးတို့ ကြိုးစားထားရတာပါနော်။ ဒီဃပရဇန နတ်ဘီလူးလေးလည်း ပြန်သွားပြီ။ (ဘယ်ရောက်ပြီလဲ)။ ဂိဇ္ဈကာဝသထ လို့ခေါ်တဲ့ ဟို- ဝေဿဝဏ်နတ်မင်းကြီးထံကို သူလည်း ပြန်သွားပြီနော်။

ကိုင်း... ဒီကနေ့ သံဃာ့အစည်းအဝေးကြီး ပြီးဆုံးပြီဆိုတော့ ဆရာတော်ဘုရားကြီးတွေလည်း ပြန်ကြွတော်မူကြပါပြီ။ ဒီတော့ ပရိသတ်ကြီးကလည်း ဒီသုတ္တန်ရဲ့ နိဂုံးမှာ အားလုံးဝမ်းမြောက်ဝမ်းသာနဲ့ သာမဂ္ဂီရသကို ခံစားပြီးတော့ ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ကျောင်း၊ ကိုယ့်ဇရပ်ကို ပြန်ကြဖို့ပါပဲ ဟုတ်လား။

ကဲ... မေတ္တာပို့စာပိုဒ်လေးတွေ အားလုံး ဆိုလိုက်ကြ။

- ☐ **ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- ☐ **မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။**
- ☐ **မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။**

▢ မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
▢ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
▢ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
▢ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

**မေတ္တာနိသာကရော လောကေ၊**
**သမ္မာ ဘာတု သုခံကရော။**
**မေတ္တာသီတလ ရံသီဟိ၊**
**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ**၊ သတ္တဝါအလီလီ ခိုမှီပေါ်လတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိသာကရော**၊ မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်။ **သမ္မာ**၊ သတ္တဝါတစ်တွေ အေးမြစေ,ဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော**၊ သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု**၊ ရန်လည်းကင်းဝေး ဘေးလည်းမခ အအေး ရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်၊ **မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ**၊ အဖုံဖုံလွှမ်းထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ**၊ ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု**၊ ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

သာဓု - သာဓု - သာဓုပါ ဘုရား။

# အမြတ်ဆုံးရတနာကိုးကွယ်ပါ
# တရားတော်

ဒေါက်တာအရှင်ဉာဏိသသရ

၁၃၅၂ ခုနှစ် နတ်တော်လဆန်း (၇)ရက် ညချမ်းကာလ
စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်
သက်တော်ရှည် ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့
ဂုဏပူဇာ ဝိဇာတမင်္ဂလာအခါတော် အထိမ်းအမှတ်အဖြစ်
ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော

## အမြတ်ဆုံးရတနာကိုးကွယ်ပါ
## တရားတော်

**တရားဖွင့်ပြီ မေတ္တာစည်**

**မေတ္တာနိသာကရော လောကေ၊**

**သမ္မာ ဘာတု သုခံကရော။**

**မေတ္တာသီတလရံသီဟိ၊**

**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ၊** သတ္တဝါအလီလီ ခိုမှီပေါ်လတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိသာကရော၊** မေတ္တာအေးလူ ဖွေးဖြူပြဝင်း ငွေလမင်းကြီးသည်။ **သမ္မာ၊** သတ္တဝါတစ်တွေ အေးမြစေ,ဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော၊** သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု၊** ရန်လည်းကင်းဝေး ဘေးလည်းမခအအေး ရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ်အအေးဓာတ် ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ၊** အဖုံဖုံလွှမ်းထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ၊** ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု၊** ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ဓမ္မသဘင် စတင်ပါပြီ

သာသနာတော်နှစ် ၂၅၃၄ ခုနှစ်၊ ကောဇာနှစ် ၁၃၅၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့ည စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်အတွင်းမှာ ဆင်ယင်ကျင်းပအပ်တဲ့ သက်တော်ရှည် ရွှေဟင်္သာဆရာတော် ဘုရားကြီးရဲ့ ဂုဏပူဇာ ဝိဇာတမင်္ဂလာ အခါတော် အထိမ်းအမှတ်အဖြစ် ဆက်ယင်ကျင်းပတဲ့ ဓမ္မသဘင်၌ ဟောကြားအပ်သော **"ခုဒ္ဒကနိကာယ် ဓမ္မပဒ ပါဠိတော်"** မှာ လာရှိသည့် **"အဂ္ဂိဒတ္တသုတ္တန် တရားတော်"**။

သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ မွေးနေ့မင်္ဂလာ အခါတော်ကို အခုလို စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပ ပူဇော်ခွင့် ရတယ်ဆိုတာဟာ အလွန်တရာ ကံကောင်းကြလို့ပါပဲ။

ဘာကြောင့် ဒီစကားကို ပြောနိုင်သလဲဆိုတော့ ဒီကနေ့ ကြွရောက်လာကြတဲ့ တရားချစ်ခင် သူတော်စင် အားလုံးဟာ အလွန်တရာ တွေ့ရကြုံရ ခဲ့ရခဲတဲ့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ်ကြီးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ကြုံနေခဲ့ကြရပြီ။ အဲဒီလို သာသနာတော်နှင့် ကြုံကြိုက်ခွင့် ရခဲ့ကြလို့လည်း ဘုရားအစစ်အမှန်၊ တရားအစစ်အမှန်၊ သံဃာအစစ်အမှန်ကို ကိုးကွယ်ခွင့် ရခဲ့ကြပြီ။

ဒီလို စစ်မှန်တဲ့ သာသနာတော်မြတ်ကြီးအတွင်းမှာ စစ်မှန်တဲ့ ရတနာမြတ်သုံးပါးကို ကိုးကွယ်ခွင့် ရတဲ့အတွက်ကြောင့် ဒီကနေ့လို စစ်မှန်တဲ့ ကုသိုလ် ကောင်းမှုဖြစ်ဖွယ်ရာ ပူဇော်ပွဲကြီးတွေကို ကျင်းပခွင့် ရခဲ့ကြတယ်။ အခုလို ပူဇော်ခွင့် ရခဲ့ခြင်းဟာ စစ်မှန်တဲ့ သာသနာနဲ့ ကြုံကြိုက်ခွင့် ရခဲ့ခြင်းကြောင့်သာ ဖြစ်တယ်ဆိုတာကို တို့ပရိသတ်က မမေ့ခဲ့ကြနဲ့။

ဒါကြောင့် စစ်မှန်တဲ့ သာသနာကို ကိုးကွယ်ခွင့် ရသူများဟာ ဒီလို စစ်မှန်တဲ့ကုသိုလ်တွေကို ပြုခွင့်ရပြီးတော့ ဒီလို စစ်မှန်တဲ့ သာသနာကို ရောက်အောင် သမိုင်းအဆက်ဆက် ဘာသာရေးအနေနဲ့ ဘယ်လိုချီတက်ခဲ့ရတယ် ဆိုတာကို ဖော်ပြတဲ့ သုတ္တန်တစ်ပုဒ်ကို ဒီကနေ့ ရွေးထုတ်လို့ ဟောကြ၊ နာကြရအောင်။ ဒီလို ဟောကြ၊ နာကြပါမှ တို့ပရိသတ်ကြီး အားလုံး ကိုးကွယ်နေကြတဲ့ ဒီသာသနာဟာ ဘယ်လောက်မွန်မြတ်ကြောင်းကို သိကြရမှာဖြစ်တယ်။ ကဲ... ဒီကနေ့ညတော့ **အဂ္ဂိဒတ္တသုတ္တန်**ဆိုတဲ့ တရားတစ်ပုဒ်ကို ဟောကြ၊ နာကြားကြဦးစို့။

## မင်းဆရာကြီးတွေရဲ့ အတွေး

အဂ္ဂိဒတ္တ ဆိုတာ မင်းဆရာ ပုရောဟိတ်တစ်ယောက်ရဲ့ အမည်ပါ။ ကောသလတိုင်း မဟာပသေနဒီ ကောသလမင်းကြီးရဲ့ ဆရာ။ ရှေးနန်းတော်ကြီးမှာ မင်းကြီးပြီးလို့ရှိရင် အဲဒီပုရောဟိတ်ကြီးဟာ အရာအရောက်ဆုံးပဲ။

မင်းကြီးကိုလည်း အမြဲတမ်း အကြံပေးနိုင်တယ်ဆိုရင် မင်းကြီးအောက်က ဝန်ကြီးတို့၊ အမတ်ကြီးတို့ အားလုံးကိုလည်း အကြံဉာဏ်ပေးနိုင်တယ်။ မင်းကိုးကွယ်တဲ့ မင်းဆရာ ပုရောဟိတ် အဂ္ဂိဒတ္တတဲ့။ ကောလသတိုင်းရှင် ဘုရင်မဟာကောသလမင်းရဲ့ဆရာ။

မဟာကောသလမင်းကြီး ကွယ်လွန်တော့ သားတော် ပသေနဒီကောသလမင်းက ရှင်ဘုရင်ဖြစ်လာတယ်။ အဲဒီ ပသေနဒီကောသလမင်းကြီးကလည်းပဲ အဖေ့လက်ထက်က ပုရောဟိတ်ကြီးကို ရာထူးမဖြုတ်ဘဲ ဆက်ပြီးထားတယ်။ အဖေ့မျက်နှာကိုလည်း ထောက်ထားတာကတစ်ကြောင်း၊ အဲဒီ ပုရောဟိတ်ကြီးဟာ အဖေ့လက်ထက်တွင်သာမက အဘိုး

လက်ထက်ကတည်းက ပုရောဟိတ်လုပ်လာတာဆိုတော့ "အသက်လည်း ကြီးပါပြီလေ" ဆိုပြီးတော့ ရွှေနန်းတော်ထဲမှာ ဒီအတိုင်းပဲ ပုရောဟိတ် ရာထူးနဲ့ ဆက်ပြီးထားတာ။

မဟာကောသလမင်းကြီးရဲ့ ဆရာလည်းဖြစ်၊ ပသေနဒီကောသလ မင်းရဲ့ဆရာလည်းဖြစ်တဲ့ အဲဒီ အဂ္ဂိဒတ္တ ပုရောဟိတ်ကြီးဟာ အသက် အရွယ် ကြီးလာပြီး အိုမင်းလာတဲ့အခါ သူ့စိတ်ထဲမှာ စဉ်းစားတွေးတော လာတယ်။

**အဟံ**၊ ငါသည်။ **ရညာ**၊ မင်းနှင့်။ **သဒ္ဓိံ**၊ အတူတကွ။ **အတိစိရံ**၊ အလွန်ကြာမြင့်စွာ။ **ဝိဿာသံ**၊ အကျွမ်းဝင်မှုကို။ **ကာတုံ**၊ ပြုခြင်းငှာ။ **န ဟိ ယုတ္တံ**၊ မသင့်တော့ဘူး။

"ငါဟာ ကြာမြင့်စွာကာလပတ်လုံး မင်းနဲ့အကျွမ်းဝင်လို့တော့ မသင့်တော်ပေဘူး" လို့ စဉ်းစားခန်းတစ်ခု ရလာတယ်။

**ရညော**၊ မင်း၏။ **စိတ္တံ**၊ စိတ်ကို။ **အတိစိရံ**၊ အလွန်ကြာမြင့်စွာ။ **ပဋိဂ္ဂဟိတုံ**၊ သိမ်းယူခြင်းငှာ၊ **အဟံ**၊ ငါသည်။ **နသက္ကာ**၊ တတ်နိုင်လိမ့် မည်မဟုတ်ဘူး။

"မင်းနဲ့ အကျွမ်းဝင်နေတဲ့ပုဂ္ဂိုလ်ဟာ မင်းရဲ့စိတ်ကို ကြာမြင့်စွာ ကာလပတ်လုံး သိမ်းကျုံးဆွဲယူနိုင်တယ်ဆိုရင် အကောင်းသား။ ကြာမြင့်စွာ ကာလပတ်လုံး အဲဒီမင်းရဲ့စိတ်ကို မဆွဲဆောင်နိုင်ဘူးဆိုရင် ကြာလာတဲ့ အခါ အန္တရာယ်ဖြစ်လာနိုင်တယ်" အဲဒီလို စဉ်းစားတယ်။

မင်းနဲ့ကြာမြင့်စွာ အကျွမ်းဝင်ပြီး မင်းရဲ့စိတ်ကို မဆွဲဆောင်နိုင်၊ မသိမ်းပိုက်နိုင်ရင် ဒါ အန္တရာယ်ပဲ။ အဲဒါကြောင့် မဟာကောသလမင်းကြီး ရဲ့လက်ထက်မှာ မင်းဆရာလုပ်ခဲ့တာတော့ ဟုတ်တယ်ထား။ သား ရှင် ဘုရင်ပသေနဒီကောသလမင်းရဲ့လက်ထက် တစ်နည်းပြောရရင် မင်းပျို မင်းလွင်ရဲ့လက်ထက်မှာ ပုရောဟိတ်လုပ်ရင်တော့ မသင့်ဘူး ဒါ စဉ်းစား တယ်။

နောက်တစ်ချက် ဘာစဉ်းစားပြန်သလဲဆိုတော့ "ဟောဒီ ပသေနဒီကောသလမင်းကြီးဟာ အသက်အားဖြင့် ငယ်ငယ်ရွယ်ရွယ် ရှိသေး တယ်။ ငယ်တဲ့ပုဂ္ဂိုလ်ကို အကြံပေးလို့ သင့်ပါ့မလား။ တို့လို အိုမင်းနေတဲ့ ပုရောဟိတ်ပုဏ္ဏားတွေကို နန်းတော်ထဲမှာ အကြံပေးအရာရှိအဖြစ်နဲ့ ထားချင်

ပုံလည်းမရဘူး။ ဒါကြောင့် မင်းကြီး စိတ်မဆိုးခင် ရန်ငြိုးမဖွဲ့သေးခင် စောစောစီးစီး ရွှေနန်းတော်က ထွက်ခွာရင် ကောင်းမယ်။ မင်းကို သိမ်းပိုက်နိုင်တဲ့ကာလ မင်းကြီးက ငါ့ကို နှင်မထုတ်ခင်ကာလမှာပဲ စောစီးစွာကတည်းက ထွက်ခွာရရင် ကောင်းမယ်'' ဆိုပြီး စဉ်းစားတယ်။

## ထွက်တော်မူ နန်းကခွာမယ်

နောက်တော့ အဂ္ဂိဒတ္တပုရောဟိတ်ကြီးက ပသေနဒီကောသလမင်းကြီးထံမှာ ခွင့်ပန်တယ်။

''မင်းကြီး ငါဟာ အသက်အရွယ်လည်း ကြီးရင့်နေပါပြီ။ အသက်အရွယ်ကြီးပြီဖြစ်တဲ့ ငါဟာ ရွှေနန်းတော်ထဲမှာ ဆက်ပြီး တာဝန်မထမ်းဆောင်ပါရစေနဲ့တော့။ တိုင်းပြည်အကျိုးကို သယ်ပိုးနိုင်ကြတဲ့ အခြားလူငယ်တွေ ငယ်ရွယ်တဲ့ပုရောဟိတ်တွေလည်း အများကြီး ရှိနေကြပါတယ်။ အဲဒီလူငယ်တွေကို ရာထူးခန့်ပေးပါ။ ငါ့အကျိုးစီးပွားအတွက် ငါလည်းပဲ တောထွက်ပြီးတော့ တရားအားထုတ်ပါရစေ''

အဲဒီလို ခွင့်ပန်တဲ့အခါ ပသေနဒီကောသလမင်းကြီးကလည်း သဘောတူ ခွင့်ပြုလိုက်ပါတယ်။ အဲဒီလို ခွင့်ပန်တဲ့ အချိန်ကာလဟာ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်သေးတဲ့အချိန် မဟုတ်သေးဘူး။ ဗုဒ္ဓမြတ်စွာဟာ အဲဒီအချိန်မှာ ဘုရားအဖြစ်သို့ မရောက်သေးဘူး။

အဂ္ဂိဒတ္တပုဏ္ဏားကြီးဟာ ပသေနဒီကောသလမင်းထံ ခွင့်ပန်ပြီးတော့ တောအုပ်ထဲဝင်သွားတဲ့အခါမှာ မင်း(၂၃)ဆက်ကာလကတည်းက ပုရောဟိတ်ဖြစ်တဲ့ ပုဏ္ဏားဟာ တောကိုဝင်တယ်ဆိုတော့ မင်းဆရာကြီး ရသေ့လုပ်ပြီးတော့ တောဝင်တယ်ဆိုကတည်းက နေပြည်တော်မှာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေဟာလည်းပဲ နောက်ကလိုက်ပြီးတော့ ရသေ့ရဟန်းပြုကြတာ။ ရွှေနန်းတော်ထဲမှာ မင်းကြီးနဲ့ ရင်းနှီးခွင့်မရတဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးပါသွားတယ်။

''မင်းဆရာကြီးဖြစ်တဲ့အတွက် မင်းကြီးလည်း လာပြီး ဖူးမြော်မယ်။ အဲဒီလိုလာရင် ငါတို့လည်း မင်းကြီးနဲ့ ရင်းနှီးခွင့်ရမယ်'' ဒီလိုပုံစံမျိုးနဲ့လည်း တချို့ပုဂ္ဂိုလ်တွေ အတုလိုက်ပြီး ရသေ့ လိုက်ဝတ်ကြတယ်။ နောက်ပြီးတော့ မင်းနှစ်ဆက်သုံးဆက်ရဲ့ ဆရာဖြစ်တဲ့ အလွန်ထင်ရှား

ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးက ရသေ့ပြုတယ်ဆိုတော့ တို့လည်းပဲ နည်းနည်းမှ ထင်ရှား ထင်ရှားဆိုပြီးတော့ ယောင်ယမ်း ရောယောင်ပြီး ရသေ့ဝတ်ကြတဲ့ သူတွေလည်း အများကြီးပဲပါတယ်။ အဲဒါနဲ့ အဂ္ဂိဒတ္တ ပုရောဟိတ်ကြီးရဲ့ နောက်က လိုက်ပါသွားကြတာ။

ရွှေနန်းတော်က ဝန်တွေ၊ အမတ်တွေ၊ သေနာပတိတွေ၊ တိုင်းသူ ပြည်သားတွေ၊ သူကြွယ်၊ ကုန်သည် လယ်လုပ်တွေ စသည်ဖြင့် ရသေ့ ပြုကြတဲ့ လူပေါင်း ၁၀၀၀ တဲ့။ မင်းဆရာဆိုတော့ သူ့နောက်က လူပေါင်း ၁၀၀၀ ပါသွားတယ်။

အဲဒါနဲ့ အဂ္ဂိဒတ္တရသေ့ ဆိုပြီးတော့ နောက်လိုက်ရသေ့ ၁၀၀၀နဲ့ ဘယ်တောကို သွားသလဲဆိုတော့ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်းဆိုတဲ့ တိုင်းကြီး လေးတိုင်းရဲ့အလယ်။ အဲဒီ တိုင်းကြီး လေးတိုင်းရဲ့ အဆက်စပ် ဗဟိုချက် တောအုပ်ထဲမှာ ရသေ့ပြုပြီးတော့ အဲဒီ တိုင်းကြီးလေးတိုင်းက လူတွေရဲ့ ကိုးကွယ်ဆည်းကပ်မှုကို ခံယူ ပြီးတော့ နေခဲ့တာ။ အဂ္ဂိဒတ္တရသေ့··· တဲ့။

## လွဲမှားကျင့်တဲ့ ဆာဒူးရသေ့ကြီး

အဂ္ဂိဒတ္တရသေ့တဲ့။ သူက တောဝင်တဲ့နေ့ကစပြီးတော့ ဆံပင်ကို မရိတ်ဘူး။ ဒီရသေ့က တစ်မျိုး၊ ဆံကျစ်ရသေ့မျိုး။ မဖြီးဘူး။ မရှင်းဘူး။ ဆံပင်ကြီးတွ ဖြစ်သလိုပဲ ထားတာ။ ကြခတ်ဝါးရုံကြီးလို ခေါင်းပေါ်မှာ ရှုပ်လို့၊ ဆံထုံးကြီးနဲ့နေတာ။

(ဒီတော့ အမျိုးသမီးလေးတွေကို အကြံပေးခဲ့မယ်။ ခေတ်မီတဲ့ ဆံထုံးထုံးချင်ရင် အဂ္ဂိဒတ္တ ဆံထုံးမျိုး ထုံးကြ။ မွေးကတည်းက တစ်ခါမှ မဖြီးရဘူး။ တစ်ခါမှ မလျှော်ရဘူး။ ဆီလည်း တစ်ခါမှ မလိမ်းရဘူး။ ဖြတ်လည်း မဖြတ်ရဘူး။ ဒီအတိုင်းအသာထား၊ ဖြစ်ချင်တိုင်းဖြစ်၊ ပေါက် ချင်တိုင်း ပေါက်၊ တိုချင်တဲ့နေရာက တို၊ လိမ်ချင်တဲ့နေရာက လိမ်၊ ကျစ်ချင်တဲ့နေရာက ကျစ်။ ကြခတ်ဝါးရုံကြီးလို ကျစ်ကျစ်ကို ထုတ်ပြီး းတော့ ခေါင်းပေါ်မှာ။ အဂ္ဂိဒတ္တ ဆံထုံးတဲ့။ ခေတ်မီချင်ရင် အဲဒီလိုသာ လုပ်နော်။ ရန်ကုန်သူတွေ ခေတ်နောက်ကျနေတယ်။ ဒါတော်တော် ကောင်းတယ်။)

အိန္ဒိယနိုင်ငံမှာ ဒီလိုပုဂ္ဂိုလ်တွေ အများကြီးပဲ။ ဆံပင်တွေကို သူတို့ ဘယ်တော့မှ ရိတ်မပစ်ဘူး။ နှုတ်ခမ်းမွေးတွေလည်း မရိတ်ဘူး။ အောက်ကို ရှည်ပြီး ဆင်းကျသွားတဲ့ မုတ်ဆိတ်မွေးတွေဟာ အဲဒီပုဂ္ဂိုလ် တင်ပျဉ်ခွေ ထိုင်လိုက်ပြီဆိုရင် အဲဒီ တင်ပျဉ်ခွေထဲမှာ မုတ်ဆိတ်မွေးတွေဟာ အပုံလိုက်ပဲ ကျနေတာ။ တင်ပျဉ်ခွေပြီး ထိုင်နေတာဟာလည်း မထတမ်း ထိုင်နေတာ ဆိုတော့ ပေါင်ကြားထဲကနေ ပေါက်လာတဲ့ သစ်ပင်ကလည်း ထောင်တက်ပြီး ခေါင်းပေါ် တက်သွားနေတာ။

ဒုက္ကရစရိယာ ဆိုပြီးတော့ မြတ်ဗုဒ္ဓကျင့်တာဟာ အံ့သြစရာ သိပ်မဟုတ်သေးဘူးနဲ့တူတယ်။ ဒီကနေ့ ဒီအချိန်တွေဟာ အဲဒီ အတ္တကိလ မထာနုယောဂ အကျင့်တွေကို အဟုတ်ကြီးထင်ပြီးတော့ ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိနေသေးတယ်။ မထတမ်း ထိုင်ပြီးတော့ နေနေတာ၊ ခြေထောက်တွေဟာလည်း ဆန့်လို့ ပြုလို့ မရတော့ဘူး။ တင်ပါးနဲ့ ကြမ်းနဲ့ တင်ပါးနဲ့ မြေကြီးနဲ့ ကပ်နေပြီးတော့ တင်ပါးတွေက ဆွေးမြည့်ပြီးတော့ အရိုးနဲ့ မြေကြီးနဲ့ကပ်နေတာ။ ဟိုမှာ အဲဒီလို လူတွေလည်း ရှိတယ်။

ဒီတော့ အံ့သြစရာကောင်းတာက ဖွဲပေါ့လေ။ ဖြစ်တာ မဖြစ်တာ အပထား။ ဟုတ်တာ မဟုတ်တာ အပထား။ အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ အကျင့် မှားနေတာကို အားပေးတာတော့ မဟုတ်ဘူး။ ဖွဲလုံ့လ ပြင်းထန်နေတာကို တော့ ချီးကျူးဖို့ အတော်ကောင်းတယ်။ သမ္မာဝါယာမတော့ မဟုတ်ဘူး။ မိစ္ဆာဝါယာမ (မှားယွင်းစွာ အားထုတ်နေတာ။)

မဂ္ဂင် (၈)ပါးဆိုရာမှာ မဂ္ဂင်သည် သမ္မာမဂ္ဂင်နဲ့ မိစ္ဆာမဂ္ဂင်လို့ ဆိုပြီးတော့ မဂ္ဂင်(၂)မျိုးရှိတယ်။ (မှန်ကန်တဲ့အကျင့်လမ်းစဉ်နဲ့ မှားယွင်းတဲ့ အကျင့်လမ်းစဉ်တို့ပေါ့။) အဲဒီ ဆာဒူးကြီးတွေဟာ ဒီနေရာမှာ ဆာဒူး ဆိုတာ တို့ဗမာတွေကတော့ ရိုင်းတယ်လို့ အောက်မေ့ချင် အောက်မေ့မှာ။ တကယ်တော့ ဆာဒူးဆိုတာ ပါဠိဘာသာဖြစ်တဲ့ သာဓုဆိုတဲ့ပုဒ်ကနေ ဆင်းသက်လာတာ။ ''သာဓု'' ဆိုတဲ့ပုဒ်ရဲ့အဓိပ္ပာယ်က ''သူတော် ကောင်း'' လို့ အဓိပ္ပာယ်ရတယ်။ ''ဆာဒူး'' ဆိုတာ ''သာဓု'' ''သူတော် ကောင်း''။

အိန္ဒိယပြည်မှာ ဆာဒူးဆိုတာ သူတို့ရဲ့အသုံးအနှုန်းနဲ့ဆိုရင် သူတော် ကောင်းကြီးတွေပေါ့။ အဲဒီသူတော်ကောင်းကြီးတွေက ဒီလိုအကျင့်တွေကို

ကျင့်ကြတာ။ "မထတမ်း ထိုင်တော့မယ် ဘယ်နှစ်နှစ်ထိုင်မယ်" ဆိုပြီး အဓိဋ္ဌာန်ပြီးတော့ ထိုင်လိုက်တာ။

ထိုင်တဲ့အခါကစပြီးတော့ ရေလည်းမချိုးတော့ဘူး။ အစားအစာဆိုရင်လည်း ပါးစပ်ထဲကိုလာပြီး ခွံ့ကျွေးမှစားတာ၊ လက်လှမ်းမီတဲ့နေရာကိုချထားတာကိုမှ ကောက်စားတာ၊ လက်လှမ်းမမီရင် မစားဘူး။ အငတ်ခံတာ၊ ထိုင်လိုက်ပြီဆိုကတည်းက (၃)နှစ်ဆို (၃)နှစ် အဓိဋ္ဌာန်ပြီးထိုင်တယ်။ ကျင့်ကြီးကျင့်ငယ်တွေ စွန့်တော့လည်း ဖြစ်သလိုပဲ၊ သိပ်အံ့ဩစရာကောင်းတယ်။

## ချီးကျူးစရာက ဌ၊ လွဲမှားတာက အကျင့်

အဲဒီလို ထိုင်ထားလိုက်တာ၊ မုတ်ဆိတ်တွေကလည်း ရှည်ပြီးတော့ တင်ပျဉ်ခွေထဲမှာ ပုံလို့။ အဲဒီတင်ပျဉ်ခွေကြားမှာ ထပေါက်နေတဲ့ မြက်ပင်ကြီးတွေ၊ ကိုင်းပင်ကြီးတွေကလည်း ထောင်လို့ အထက်ကို မြင့်တက်သွားတာ။ တင်ပါးတွေက ဆွေးပြီး အရိုးနဲ့အရေ ကပ်ပြီးတော့ ပိန်ချုံးသွားတာ၊ ပိန်ခြောက်ကပ်ပြီးတော့ ပြိတ္တာတွေလိုပဲ သူတို့တွေ ကျင့်ကြံနေလိုက်ကြတာ။

ထွက်လေဝင်လေကို ရှူရှိုက်ပြီး ကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ အထွက်ဆို အထွက်လေချည်း အဝင်ဆို အဝင်လေချည်းပဲ လုပ်နေကြတာ။ ထွက်လေ ဝင်လေကို ရပ်ထားပြီးတော့ ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိသေးတယ်။ အမျိုးမျိုးပါပဲ။

ထွက်လေ ဝင်လေ (၂)မျိုးမှာ အထွက်ဆို အထွက်ချည်းပဲ တစ်နာရီပေါ့လေ။ အဝင်ဆိုလို့ရှိရင်လည်း အဝင်ချည်း တစ်နာရီ၊ နှစ်နာရီ လုပ်လိုက်တာ။ အထွက်ဆိုရင် "ဟူး" ဆိုပြီး မှုတ်ထုတ်နေလိုက်တာ ကျောနဲ့ရင်နဲ့ ကပ်ပြီး ချပ်သွားလိုက်တာ။ အဝင်ဆိုလို့ရှိရင်လည်း ဗိုက်ကြီးဖောင်းလာပြီး ဘောလုံးကြီး လေထိုးထားသလိုပဲ တင်းတက်သွားတာ။ တစ်ခါတစ်ခါကျတော့ အဝင်နဲ့ အထွက်နဲ့ အကုန်ရပ်ပြီးတော့ ထွက်လေဝင်လေကို ချုပ်အောင်ကျင့်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိကြတယ်။ စုံလို့ပါပဲ။

လုံ့လ ဝီရိယကိုတော့ ချီးကျူးဖို့ကောင်းတယ်။ သို့သော် သမ္မာဝါယာမတော့ မဟုတ်ဘူး။ မိစ္ဆာဝါယာမ ဖြစ်ပါတယ်နော်။ အမှားကို

အားထုတ်နေကြတယ်။ ယခု အင်္ဂုဒတ္တရသေ့လည်းပဲ ဒီအတိုင်းပါပဲ။ ခေါင်းက ဆံပင်ကို မရိတ်ဘဲထား။ မုတ်ဆိတ်ကျင်စွယ်တွေကို မပယ်စတမ်း၊ လက်ကတီးကြားက အမွေးတွေကို မရိတ်မပယ်စတမ်း။ ရင်ဘတ်ကနေ ခါးကနေပြီးတော့ အောက်ဒူးခေါင်းအထိ အဝတ်ဖြူကလေးဝတ်ပြီး ဝတ်ပြီးတော့ ကျင့်သုံးကြတယ်။

## လူမိုက်ပေါတယ် လာလိမ့်မယ် ဆိုသလို

ရသေ့ပေါင်း နောက်လိုက် ၁၀၀၀ တဲ့။ အေး... သူတော်ကောင်းတို့ရဲ့ အကျင့် နောက်လိုက် ၁၀၀၀ ဆိုတာ ရှိချင်ရင်လည်း ရှိနိုင်တယ်။ မရှိရင်လည်း မရှိဘူး။ ဒါပေမဲ့ သူယုတ်မာအကျင့်တွေကို ဟောပြောပြသတဲ့အခါ နောက်လိုက်ကျင့်သူတွေ ရဖို့ရာ အခက်အခဲမရှိဘူး။ သိဋ္ဌည်းဆရာကြီးက အဲဒါနဲ့ပတ်သက်လို့ ပြောဖူးတာရှိတယ်။

သူက အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ကို မေးတယ်။ "ဟော့... လောကမှာ လူမိုက်နဲ့ လူလိမ္မာ ဘယ်ဟာက ပိုများသလဲ" လို့ မေးတော့ "မိုက်တဲ့ပုဂ္ဂိုလ်တွေက များပါတယ်"

အဲဒီလို ပြန်ဖြေကြားကြတယ်။

"အေးကွ၊ ဒါဆိုရင် မင်းတို့လို ပုဂ္ဂိုလ်တွေက ဂေါတမဆီ သွားကြပေ့၊ ဂေါတမဆီ သွားကြပေါ့။ ငါ မပူပါဘူး။ လူလိမ္မာဆိုတာ နည်းနည်းလေးရယ်။ မိုက်တဲ့လူတွေက အများကြီး။ အဲဒီလူတွေ ငါ့ဆီ လာလိမ့်မယ်။ လူမိုက်တွေကို စည်းရုံးပြီး ငါဆရာလုပ်နေမယ်" ဆိုတဲ့ ပုံစံမျိုး သိဋ္ဌည်းဆရာကြီး ပြောဖူးတယ်။ ကဲ... မခက်ပေဘူးလား။

## တစ်ခါတစ်ရံ ဘုရားတောင် စိတ်ပျက်

မှားတဲ့အကျင့်ကိုပြရင် နောက်ကလိုက်ဖို့ ဝန်မလေးကြဘူး။ မှန်ကန်တဲ့ အကျင့်ကျတော့ လိုက်နာဖို့ လောကကြီးက ဝန်လေးကြတယ်။ အဲဒါကြောင့် သတ္တလောကကြီးကို ဘုရားရှင်ဟာ တရားဟောဖို့ရာ တစ်ခါတစ်ခါ စိတ်ပျက် သွားတယ်။

**ကိစ္ဆေန မေ အဓိဂတံ၊ နာလံ ဒါနိ ပကာသိတုံ။**

**ရာဂ ဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဓော။**

ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓဟာ ဘုရားဖြစ်ပြီလို့ ရက်သတ္တပတ် ခုနစ်ပတ် ကျော်လို့ ရှစ်ပတ်အရောက် ဆိတ်ကျောင်း ညောင်ပင်အောက်မှာ သီတင်းသုံး နေထိုင်တော်မူစဉ်အခါ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓစိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ အကြံတစ်ခုပါ။

**ကိစ္ဆေန မေ အဓိဂတံ**၊ ငါဘုရားရှင်ကိုယ်တော်မြတ် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ရှာဖွေလို့ ရလာတဲ့တရားကို။ **နာလံ ဒါနိ ပကာသိတုံ**၊ ယခုအခါ ထင်ရှားစွာ ဟောပြဖို့ရာ မတော်သေးဘူးထင်တယ်။

ဘုရားရှင်ရဲ့ သဗ္ဗညုတဉ္ဉာဏ်တော်ကြီးဟာလေ သံဃာတော်တွေကိုလည်း ချမ်းသာစေချင်ပါတယ်။ ကိုယ်ကိုယ်တိုင် တောင်းဟယ်, ခူးဟယ်, ခပ်ဟယ် မလုပ်ရဘူး။ ကြောင်အိမ်ဖွင့်, ဗီရိုဖွင့်, အိုးလှန်, ခွက်လှန် မလုပ်ကောင်းဘူး။ ပြီးတော့ ကိုယ်တိုင် ခူးခပ်စားရတာနဲ့ လက်ထဲ ထည့်ပေးမှ စားရတာ ဘယ်ဟာက စတိုင်ကျလဲ။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဒီလောက်ထိ ကျေးဇူးတင်စရာကောင်းတာနော်။

အဲဒီတော့ လက်ထဲထည့်မပေးဘဲ ကိုယ်တိုင်ကောက်ယူပြီး စားရင် လောကသဘာဝ ဘာအပြစ်မှတော့ မရှိပါဘူး။ ကိုယ်ပိုင်ပစ္စည်း ကိုယ့်ဥစ္စာ ကိုယ်စားတာ ဘာအပြစ်မှမရှိဘူး။ ဒါပေမဲ့ ဗုဒ္ဓက "သံဃံသရဏံ ဂစ္ဆာမိ" ဆိုတာကို ကြည့်ကြည့်လိုက်၊ သံဃာဆိုတာ လူတကာရဲ့ အကိုးကွယ်ခံ ဘဝဖြစ်တယ်။ ကိုယ်တော်တွေကို ကိုးကွယ်ခံအဆင့်ကနေ ကိုယ့်ကိုယ်တိုင် ရှာဖွေပြီး စားရမယ့်အဆင့်ဆိုရင် မတော်ဘူးနော်၊ မလုပ်ကြနဲ့၊ ဒီလိုဟုတ် လား။ "အေး… မင်းတို့ ဟန်လေးတော့ လုပ်ကြ၊ စားချင်သောက်ချင် ပေမယ့် ကိုယ်တိုင်ထပြီး မနှိုက်နဲ့ကွာ" ပေါ့။

## ဟန်လုပ်ရတဲ့ သိက္ခာပုဒ်တွေ

အတွေ့အကြုံလေးတစ်ခု ပြောရဦးမယ်။ ဘုန်းကြီးတို့တစ်တွေ အင်္ဂလိပ်လူမျိုး အိမ်တစ်အိမ်မှာ ဆွမ်းစားသွားတာ။ ဒီအတိုင်းပဲ စားပွဲပေါ်က တင်ထားတဲ့ဟာတွေကို ဘုန်းကြီးတို့က ကောက်မစားဘူး။ ဟန်နဲ့ပန်နဲ့ ကုလားထိုင်မှာ ထိုင်နေကြတာ။

အဲဒီလို ထိုင်နေကြတော့ ဟို အင်္ဂလိပ်မ တစ်ယောက်က "ပြီးပြီ လေ… ယူစားပါလား" တဲ့ ပြောတယ်။ ဒီကလည်း "မစားနိုင်ဘူး၊

တို့မှာ တင်းကျပ်တဲ့ စည်းကမ်းတွေရှိတယ်။ ဒကာ ဒကာမတွေက ကျွေးတဲ့ စားပွဲပေါ်မှာ ရှိတဲ့ဟာတွေကို ကောက်စားတာမျိုး တို့ဗုဒ္ဓဘာသာ ရဟန်းတွေဟာ မလုပ်ရဘူး။ လက်ထဲထည့်ပေးမှ စားရတာ။ လက်ထဲ ထည့်ပေးတာတောင်မှ ထည့်ပေးတဲ့လူဟာ ခြေထောက်တစ်ချောင်းက မိုးမျှော်ပြီး တစ်ချောင်းက မြေကြီးထောက်လို့ အဲဒီလို ကိုးရိုးကားရား လာပြီးတော့ ပေးတာမျိုးကိုလည်း မစားရဘူး။ တရိုတသေပေးမှ စား ရတာ။

ပေးမယ့်သူဟာ စားမယ့်သံဃာတော်ရဲ့ တစ်ထောင့်ထွာအနီး ဝင်ပြီး ချဉ်းကပ်ရမယ်။ ခြေစုံရပ်ရမယ်။ လက်နှစ်ဖက်နဲ့ ပစ္စည်းကို ကိုင် ရမယ်။ ပြီးတော့ ခုတင်ညောင်စောင်းတို့နဲ့လွတ်အောင် လက်နှစ်ဖက်နဲ့ မလိုက်ရသေးတယ်။ ပြီးတော့ လက်ထဲထည့်ပေးရမယ်။ အဲဒီတော့မှ သံဃာတော်တွေ စားလို့ဖြစ်တယ်'' လို့ ဆိုတော့မှ အင်္ဂလိပ်မက နှုတ်ခမ်း စူပြီးတော့ ''သိပ်ကြီးကျယ်တဲ့ ဘုန်းကြီးတွေ'' ဆိုပြီးတော့ ထည့်ပေး ပါတယ်။

ဘုန်းကြီးတို့က ဒီအတိုင်း လုပ်တာနော်။ လျှော့ချေးတော့ ပေးလို့ မဖြစ်ဘူး။ အေး··· ဒါကြောင့် ဗုဒ္ဓရဲ့စည်းကမ်းဥပဒေ ရှိကြောင်းကို ဒီတစ်ခါပဲ ပြောတာပဲ။ ဒီ့အပြင် သိက္ခာပုဒ်တွေလည်း အများကြီး ရှိသေး တယ်။ မှတ်ထား။

ကောင်းပြီ၊ ယခု မြတ်စွာဘုရားက -

**ကိစ္ဆေန မေ အဓိဂတံ၊ နာလံ ဒါနိ ပကာသိတုံ။**

**ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဓော။**

**ရာဂဒေါသ ပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဓော**-ရာဂဒေါသ မောဟတွေ နှိပ်စက်ခံနေရတဲ့ သတ္တဝါတွေမှာ အလွန်တရာ ခက်ခဲနက်နဲ သိမ်မွေ့တဲ့ သစ္စာတရားကို သိနိုင်ကြမယ် မဟုတ်ဘူးလို့ ဗုဒ္ဓရှင်တော် အကြံ ဖြစ်ဖူးတယ်။

အဲဒီအကြံထဲမှာ သတိပြုမိဖို့က ''**ကိစ္ဆေန မေ အဓိ ဂတံ**'' တဲ့။ ဒီအချက်ကို သတိပြုဖို့ သိပ်ကောင်းတယ်။ မြတ်ဗုဒ္ဓ တရားရခဲ့တာ ဟာ လွယ်လွယ်လေး မဟုတ်ဘူး။ မြတ်ဗုဒ္ဓ သစ္စာလေးပါးကို ရခဲ့တာဟာ လွယ်လွယ်လား။ ခက်ခက်ခဲခဲလား။

**တောင်းပန်သူ ရောက်လာစေချင်လို့**

ခက်ခက်ခဲခဲ ဖွေရှာလို့ရတဲ့တရားကို လွယ်လွယ်နဲ့ပြဖို့ မတော်ဘူးတဲ့။ ဘုန်းကြီးတို့ပရိသတ် သဘောပေါက်လား။ ဘုရားရဲ့အကြံတော်နော်။ အဲဒါ ဘုန်းကြီးတို့ပရိသတ် အဲဒီဉာဏ်ကို ရအောင်ယူထား၊ ဆောင်ထား မှတ်ထား ရမယ်။ နောက် တရားဟော ဘုန်းကြီးပင့်လို့ မရဘူးဆိုရင် စိတ်မဆိုးကြနဲ့။ ဒါ ဘုန်းကြီးတို့ရဲ့ အကိုးအကားပဲ။

ခက်ခက်ခဲခဲ ရလာတဲ့တရားကို လွယ်လွယ်နဲ့ကောက်ပြီး ငါ မဟောနိုင်ဘူး။ ဘုရားက ဒီလိုကြံတယ်။ ဘုန်းကြီးတို့က အဲဒီလိုကြံပြီး တရားပွဲ မပေးတာ မဟုတ်ပါဘူးဗျာ။ တရားပွဲရက်ကို မအားတာပါ။ အဲ... တရားပွဲ မရဘူး၊ မရဘူးဆိုတဲ့ လူတွေက "ဒီကိုယ်တော် ခေါင်းမာလိုက်တာ၊ ဟန်လုပ်တယ်" ထင်နေမှာစိုးလို့ ဘုရားဟန်လုပ်တာကို ဘုန်းကြီးတို့က ထုတ်ပြတာနော်။ ဘုန်းကြီးတို့ ဝိနည်းသိက္ခာပုဒ်မှာ ဟန်လုပ်ရတာ ဝိနည်းသိက္ခာပုဒ် ရှိကိုရှိတယ်။

ဘုန်းကြီးတို့ ဘုရားက သံဃာတော်တွေကို ဟန်လုပ်ခိုင်းတာနော်။ အဲဒီလိုမှ ဟန်လုပ်ရတဲ့ သိက္ခာပုဒ်မရှိရင် ဟိုဟာ ကောက်စား၊ ဒီဟာ ကောက်စား၊ မီးဖိုချောင်ဝင် ကြောင်အိမ်ကိုဖွင့် လုပ်နေရရင် လူအထင်သေးကုန်မှာပေါ့။ ဒီလို လုပ်ရတာတွေဟာ မြင့်မြတ်တဲ့ လူကြီးလူကောင်းတွေရဲ့ အလုပ် မဟုတ်ဘူးနော်။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ စည်းကမ်းဟာ သိပ်အံ့သြစရာ ကောင်းတယ်။

**မေ မယာ**၊ ငါသည်။ **ကိစ္ဆေန**၊ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင်။ **အဓိဂတံ**၊ ရရှိထားအပ်သော။ **ဓမ္မံ**၊ သစ္စာလေးတန် တရားမှန်ကို။ **ဒါနိ ဣဒါနိ**၊ ယခုအခါ၌။ **ပကာသိတုံ**၊ ထင်ထင်ရှားရှား ဟောပြဖို့ရာ။ **နာလံ နယုတ္တံ**၊ မသင့်ဘူး ထင်တယ်။

ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းရထားတဲ့ သစ္စာလေးပါးတရားကို အခု ဟောပါဆိုရုံနဲ့ အခုကောက်ဟောလို့ မတော်ဘူးထင်တယ်။ ဘုရား စဉ်းစားတော်မူတယ်။ အဲဒါဘုန်းကြီးတို့ပရိသတ် ဘုရားရှင်ကိုယ်တော်မြတ်က နည်းတစ်မျိုးအနေနဲ့ အသုံးချတာ။ တောင်းပန်တဲ့ပုဂ္ဂိုလ် မလာ, လာအောင်ဆိုပြီး နည်းတစ်မျိုး အသုံးပြုတာ။ ဒါဟာ နည်းလမ်းတစ်မျိုးပဲ။ **နာယံ ဓမ္မော သုသမ္ဗုဓော**။ ငါဘုရားရဲ့တရားတော်တွေကို ဒီလူတွေ သိဖို့မလွယ်ဘူးတဲ့။

**ပဋိသောတဂါမိ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။**

**ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ။**

**ပဋိသောတဂါမိ၊** သံသရာအဆန်သို့ သွားတတ်ပေထသော။ **နိပုဏံ၊** သိမ်မွေ့စွာထသော။ **ဒုဒ္ဒသံ၊** မြင်နိုင်ခဲစွာထသော။ **အဏုံ၊** အဏု မြူမှုန်သဖွယ် သိမ်မွေ့စွာသော။ (**ဓမ္မံ၊** သစ္စာလေးတန် တရားမှန်ကို) **ရာဂရတ္တာ၊** ရာဂဖြင့် တပ်မက်မောနေကြကုန်သော သတ္တဝါတို့သည်၊ **တမောခန္ဓေန၊** အဝိဇ္ဇာတည်းဟူသော အမိုက်စု အမိုက်တိုက်ကြီးဖြင့်။ **အာဝုဋာ၊** ပိတ်ဆို့၍ နေကြကုန်သည်။ (ဝါ) ပိတ်ဆို့ထားအပ်ကုန်သည်၊ (ဟုတ္တာ၊ ဖြစ်ကုန်၍) **နဒက္ခန္တိ၊** မတွေ့မမြင် မသိနိုင်ကြလေကုန်သတည်း။

သာဓု… သာဓု… သာဓုပါဘုရား။

## သံသရာ့ အဆန်တရားကို မကြိုက်ကြ

ဒီဂါထာထဲမှာ ပဋိသောတဂါမိ ဆိုတဲ့ ပုဒ်တစ်ပုဒ်ပါတယ်။ သံသရာ အဆန်တရားတဲ့။ သံသရာအဆန်တရားဆိုတာ လူကြိုက်နည်းတယ်။ သံသရာရဲ့ အစုန်တရားကိုမှ လူကြိုက်များတာ။ ဒီပါဠိတော်ပုဒ်က ဒါကိုပြောတာ။ မြစ်ထဲမှာ လှေတွေ မော်တော်တွေနဲ့ သွားနေကြတဲ့ လှေသမား မော်တော်သမားတွေကို မေးကြည့်ပါလား "အစုန်ကို သွားချင်သလား၊ အဆန်ကို သွားချင်သလား" လို့ဆိုရင် သူတို့က -

"အစုန်ကို သွားချင်တယ်၊ အဆန်ကို မတက်ချင်ဘူး။ …. မော်တော်ဆိုရင် ဆီလည်းကုန်တယ်။ အချိန်လည်းကြာတယ်။ စက်လည်း နာတယ်" ပေါ့။ အဆန်ကို သိပ်မသွားချင်ကြဘူး။ အစုန်ကိုပဲ သွားချင်ကြတယ်။ တောင်ပေါ်ကို တက်ရတာနဲ့၊ တောင်အောက်ကို ဆင်းရတာ၊ ဒီနှစ်ခုကို ယှဉ်ကြည့် အတက်ဆိုရင် သိပ်မတက်ချင်ကြဘူး။ မောလို့မို့။ အဆင်းကျတော့ သက်သက်သာသာနဲ့ ဆင်းကြရတာ။ အဆင်းကိုပဲ ကြိုက်ကြတယ်။ ဒီလိုပဲ မြစ်ကြောင်းခရီးမှာလည်းပဲ အစုန်နဲ့အဆန် နှစ်မျိုးရှိရာမှာ အစုန်ကို ကြိုက်ကြတာ။ အဆန်ဆိုရင် ပင်ပန်းတယ်လို့ တွက်ကြတာ။

အဲဒီလို တွက်ဆကြတာက မှားတယ်။ တကယ်တမ်း ပင်ပန်းဆင်းရဲရတာက ပရိသတ်ရေ အစုန်ကမှ ပင်ပန်းတာ။ သံသရာအစုန်က ပင်ပန်းပါတယ်။ (ဆင်းရဲပါတယ်) ပရိသတ်များ သံသရာအစုန်က ဘယ်အထိ

စုန်နိုင်ဆင်းနိုင်သလဲဆိုရင် အဝီစိအထိ စုန်နိုင်ဆင်းသွားနိုင်ပါတယ်။ မြစ်ကြောအတိုင်း စုန်ဆင်းသွားရင် ပင်လယ်ထဲထိ ရောက်သွားနိုင်ရသလိုပေါ့။ ပင်လယ်ထဲရောက်သွားရင် အဲဒီပင်လယ်ထဲက လှိုင်းတံပိုးတွေကြောင့် နစ်မွန်းသေကြရသလိုပေါ့။ သံသရာမှာ တဖြည်းဖြည်း စုန်ဆင်းသွားကြမယ်ဆိုရင် အဝီစိဆိုတဲ့ အောက်ငရဲပြည်အထိ ရောက်သွားနိုင်တယ်။

အဆန်လမ်းဆိုတာ ပရိသတ်ကြီး အထက်ဘဝဂ်ဆိုတဲ့ ဗြဟ္မာ့ပြည်အဆုံးထိ ဆန်တက်ရမှာ။ ဟိုဖက်မှာတော့ နိဗ္ဗာန်ရှိတယ်။ အဲဒီတော့ ဘယ်ဟာက သက်သာ(ချမ်းသာ)သလဲဆိုတော့ အဆန်လမ်းက သက်သာ(ချမ်းသာ)တာ။ အဲဒါကို လောကကြီးက ပြောင်းပြန် အထင်မှားနေကြတာ။

**ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။**

**ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ။**

ကိလေသာ အမိုက်တိုက်ကြီးဖြင့် ပိတ်ဖုံးနေကြတဲ့ ရာဂဖြင့် တပ်မက်နေကြတဲ့ သတ္တဝါတွေဟာ မြင်နိုင်ခဲစွာသော သိမ်မွေ့စွာသော အဏုမြူပမာ နူးညံ့စွာသော သံသရာ အဆန်တရားဆိုတဲ့ သစ္စာလေးတန် တရားမှန်ကို **နဒက္ခန္တိ**၊ ဘယ်နည်းနဲ့မှ မသိမမြင်နိုင်ကြလေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဟန်ဆိုတာ လိုအပ်တယ်

အဲဒါကြောင့် မြတ်ဗုဒ္ဓက ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ရှာဖွေလို့ရတဲ့ တရား လူကြိုက်နည်းတဲ့တရား သံသရာ့အဆန်တရား အလွန်သိမ်မွေ့တဲ့ တရားကို ဟောပြဖို့ မတော်ဘူးလို့ ဘုရားရှင် ကြံစည်ဖူးတယ် မဟုတ်လား။ အဲဒါဟာ ဘာအတွက်လဲဆိုရင် တောင်းပန်တဲ့သူ မလာလာအောင် စီမံတာ၊ တောင်းပန်တဲ့လူ လာစေချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ကာလတုန်းက အိန္ဒိယပြည်ကြီးတစ်ပြည်လုံးက ကိုးကွယ်နေကြတာက ဗြဟ္မာ။ အဲဒီ ဗြဟ္မာကို ဖန်ဆင်းရှင်ကြီးအဖြစ်နဲ့ သူတို့တွေ ကိုးကွယ်နေကြတာ။ အဲဒီ သူတို့ကိုးကွယ်တဲ့ ဖန်ဆင်းရှင် ဗြဟ္မာကြီးက ဘုရားရှင်ကို တရားဟောဖို့ရာအတွက် လာပြီးတော့ တောင်းပန်လိုက်တယ်လို့လည်း ဆိုလိုက်ရော၊ ဘုရားရှင်ကိုယ်တော်မြတ်က တရားဟောဖို့ သိပ်ကောင်းသွားတာ။

ဒီတော့ လူသားတွေက ဘယ်လိုဖြစ်သွားလဲဆိုတော့ “ဟယ်... တို့ရဲ့ မြဟ္မာကြီးက ဂေါတမဘုရားရှင်ကို ရှိခိုးပြီး တရားဟောဖို့ရာအတွက် တောင်းပန်သတဲ့” ဆိုပြီး လူတွေရဲ့ စိတ်ဓာတ်ဟာ အလိုလို ကျဆင်းသွားတာ။ (တရားတော်ကိုလည်း ပိုပြီးတော့ လေးစားမှု ရှိသွားရတယ်) အဲဒီလို အစီအစဉ်ကို ကြိုတင်တွက်ချက်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်က “မဟောသေးဘူး၊ မဟောသေးဘူး” လို့ လုပ်နေတာ။

အေး... သာသနာတော်မှာ ကိုယ်တော်တွေဟာ “ဟန်များတယ်”လို့ တို့ပရိသတ်ကြီး သွားမလုပ်နဲ့။ ဟန်ဆိုတာ လိုအပ်တယ်။ တကယ် လိုအပ်တယ်နော်။ တို့ဘုရားရှင်ကိုယ်တော်မြတ်က သဟမ္ပတိ မြဟ္မာကြီး မလာလာအောင် ဟန်လုပ်ရတဲ့သဘောပဲ။ စောစောက ပြောခဲ့သလို ကိုယ်တော်တွေဟာ ကိုယ်တိုင် ဖွင့်မစားရတာတွေ၊ ဖြစ်သလို မစားရဘဲ လက်ထဲထည့်ပေးမှ စားရတာတွေဟာလည်းပဲ အကိုးကွယ်ခံ ပုဂ္ဂိုလ်တွေအတွက် လိုအပ်တဲ့ သင့်တော်တဲ့ ဟန်တွေပဲ။

## ရသေ့ကြီးရဲ့ ညွှဝါဒစကား

အခု အဂ္ဂိဒတ္တရသေ့ကြီးဟာ တိုင်းကြီး လေးတိုင်းရဲ့ အလယ်မှာ ဆရာကြီးတစ်ဆူ လုပ်နေပြီးတော့ တပည့်ပေါင်း ၁၀၀၀ ကို အုပ်ချုပ်နေခဲ့တယ်။ ပြီးတော့ အဲဒီ ရသေ့ပေါင်း ၁၀၀၀ ကို အဂ္ဂိဒတ္တရသေ့ကြီးက ဒီလိုလည်း ဆုံးမညွှဝါဒ ပေးထားတယ်။ **ပဗ္ဗတံ သရဏံ ယာထ**၊ ဟေ့... မင်းတို့တစ်တွေ တောင်တွေကို ရှိခိုးကိုးကွယ်ကြ။ **ဝနံ သရဏံ ယာထ**၊ တောတွေကိုလည်း ကိုးကွယ်ကြ ရှိခိုးကြ။ **ရုက္ခာနိ သရဏံ ယာထ**၊ သစ်ပင် တွေကို ကိုးကွယ်ကြ။ **အာရာမံ သရဏံ ယာထ**၊ အာရာမ် ဥယျာဉ်တွေကို ရှိခိုးကြ။ **စေတိယမ္ပိ သရဏံ ယာထ**၊ စေတီတွေကိုလည်း ရှိခိုးကြ။ အဲဒီလို ဆုံးမထားတယ်။ တပည့်တွေကလည်း ဆုံးမထားတဲ့ အတိုင်း ရှိခိုးကြတယ်။

တောကို ရှိခိုးကြတယ်။ တောင်ကို ရှိခိုးကြတယ်။ သစ်ပင်ကို ရှိခိုးကြတယ်။ ဥယျာဉ်ကို ရှိခိုးကြတယ်။ စေတီကိုလည်း ရှိခိုးကြတယ်တဲ့။ ဘုန်းကြီးတို့ ပရိသတ်ရေ... အဲဒီထဲမှာ စေတီဆိုတာ ပါလာတယ်။ စေတီလို့ ဆိုပေမယ့် အဲဒီစေတီဆိုတာက တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ

သူတော်စင်တွေ ရှိခိုးနေကြတဲ့ စေတီမျိုး မဟုတ်ဘူး။ ရှိခိုးရာဌာန၊ ပူဇော်ရာဌာန၊ အလေး အမြတ်ပြုရာဌာနတွေ အကုန်လုံးကို အိန္ဒိယပြည်မှာ စေတီလို့ခေါ်ခဲ့ကြတာ။

စေတီ ဆိုတဲ့ ပုဒ်သည် **စိတီတဗ္ဗံ ပူဇိတဗ္ဗံ ဧတ္ထာတိ စေတိယံ** ရှိခိုးရာဌာန၊ ပူဇော်ရာဌာန အကုန်လုံးကို စေတီလို့ခေါ်တယ်။

ရာဇဂြိုဟ်ပြည်မှာ ဝေပုလ္လတောင်၊ ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင်၊ ဂိဇ္ဈကူဋတောင်ရယ်လို့ တောင်ကြီး ငါးလုံးရှိတယ်။ အဲဒီ တောင်ကြီးငါးလုံးကို အုပ်ချုပ်အစိုးရတာက သျှိဝနတ်မင်းကြီးတဲ့။ အဲဒီ နတ်မင်းကြီးကို ရှိခိုးချင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီတောင်ကြီးတွေကိုပဲ ရှိခိုးရတာ။ ရာဇဂြိုဟ်ပြည်သားတွေက အဲဒီတောင်ကြီး ငါးလုံးကို သူတို့အနေနဲ့ "စေတီ" လို့ သမုတ်ကြ၊ ခေါ်ဝေါ်ကြတာဗျာ။

## စေတီခြောက်ခုရဲ့ နောက်ခံသမိုင်း

ဝေသာလီပြည် ပတ်ပတ်လည်ကျပြန်တော့ (၁) သာရန္ဒစေတီ၊ (၂)စာပါလစေတီ၊ (၃) ဂေါတမကစေတီ၊ (၄) သတ္တမ္ဗစေတီ၊ (၅) ဗဟုပုတ္တ စေတီ၊ (၆) ဥဒေနစေတီ တဲ့။ ဒါတွေ ရှိလာတယ်။

သာရန္ဒစေတီဆိုတာက သာရန္ဒနတ်ဘီလူးကြီးရဲ့ နတ်ကွန်း နတ်စင်ကြီးကိုခေါ်တာ။ စာပါလစေတီဆိုတာ စာပါလနတ်ဘီလူးကြီးရဲ့ နတ်ကွန်း။ ဂေါတမက စေတီဆိုတာလည်း ဂေါတမက နတ်ဘီလူးကြီးရဲ့ နတ်ကွန်း။ ဥဒေနစေတီ ဆိုတာဟာလည်း ထို့အတူပဲ နတ်ကွန်းကြီး။ ဗဟုပုတ္တစေတီတဲ့။ အဲဒါကတော့ နတ်သမီးတစ်ယောက်ရှိတယ်။ သူ့မှာ သားသမီးတွေကတော့ အများကြီးပဲ။ အဲဒီ နတ်သမီးကလည်း ဥယျာဉ်ကြီး တစ်ခုကို အုပ်စိုးနေတယ်။ သူ့ကိုတော့ ဗဟုပုတ္တတဲ့။ အဲဒီ နတ်သမီးနေတဲ့ ဥယျာဉ်ကြီးကို ဝေသာလီ ပြည်သူပြည်သားတွေ ရှိခိုးကြတယ်။ အဲဒါကို "စေတီ"တဲ့။

နောက် ဥယျာဉ်ကြီးတစ်ခုမှာ သရက်ပင်တွေ ခုနစ်ပင် တန်းစီပြီးတော့ ပေါက်နေတယ်။ အဲဒီ ခုနစ်ပင်လုံးမှာလည်းပဲ နတ်တွေနဲ့ချည်းပဲ။ အဲဒီ သရက်ပင် ခုနစ်ပင်ကို ဘယ်သူမှ မခုတ်ရဲကြဘူး။ အဲဒါကို သတ္တမ္ဗစေတီလို့ လုပ်ကြတယ်။ အဲဒါတွေ အကုန်လုံး စေတီ ခြောက်ခု ဝေသာလီ

မှာ ရှိတယ်ဗျာ။ အားလုံး နတ်ကွန်းတွေချည်း ဖြစ်ပါတယ်။ ရာဇဂြိုဟ်က တောင်ကြီးတွေကို စေတီလို့ဆိုပြီးတော့ သျှိဝနတ်မင်းကြီးကို ရှိခိုးကြတယ်။ ဝေသာလီပြည်ကတော့ နတ်စင်ကြီး ခြောက်ခု၊ နတ်ကွန်းကြီး ခြောက်ခု ဖြစ်တဲ့ ဥယျာဉ်ကြီးတွေ၊ သစ်ပင်ကြီးတွေကို စေတီလို့ သမုတ်ပြီးတော့ ရှိခိုးကြတယ်။

## အံတော် မကြွင်းခဲ့ဘူးဆိုတာ မှတ်ခဲ့ပါ

စေတီဆိုတာက မြတ်ဗုဒ္ဓရဲ့ ရုပ်ခန္ဓာအပိုင်းက ဖြစ်လာတဲ့ အရာတွေကို ဓာတုစေတီလို့ခေါ်တယ်။ ရုပ်ပိုင်းက ဘာတွေဖြစ်တုန်းဆိုတော့ စွယ်တော်က လေးဆူ၊ ညှပ်ရိုးတော်က နှစ်ဆူ၊ နဖူးရိုးတော်က တစ်ဆူ၊ အားလုံး ခုနစ်ဆူ။ ဒီ ခုနစ်ဆူဟာ မပြိုမကွဲဘဲနဲ့ မူလပုံစံအတိုင်း ကျန်ရစ်ခဲ့တာ။ အဲဒါတွေကို "**အသမ္ဘိန္နဓာတ်**"လို့ ခေါ်တယ်။ မပြိုမကွဲ ကျန်ရစ်တဲ့ ဓာတ်ဟာ ဓာတုစေတီ။ အံတော် မပါတာ သတိထား။ အံတော်ကျန်တယ်ဆိုရင် ဘုရားရှင် ပရိနိဗ္ဗာန် မစံခင်က တစ်စုံတစ်ယောက်ကို ပေးလိုက်လို့သာ ကျန်ရမယ်။ ဒီလိုတော့ စဉ်းစားခွင့်ရှိတာပေါ့လေ။ ဒါပေမဲ့ စာထဲမှာ မှတ်တမ်းတော့ မရှိဘူး။

ပရိနိဗ္ဗာန်စံပြီး တေဇောဓာတ်လောင်တဲ့အခါမှာ အံတော် မကျန်ဘူးတဲ့။ စွယ်တော် လေးဆူတော့ ကျန်တယ်။ တေဇောဓာတ်လောင်တဲ့အထဲမှာ သွားတွေအကုန်လုံး ပါသွားပြီး ဖြူဖွေးတဲ့ ဓာတ်တော်တွေ ဖြစ်သွားပါတယ်။ အသမ္ဘိန္နဓာတ် ခုနစ်ပါးကလွဲလို့ ကျန်တဲ့ အသားအသွေးတွေ အကုန်လုံးဟာ ဓာတ်တော်အသေးလေးတွေ ဖြစ်သွားပါတယ်။

အရိုးကနေ ဖြစ်လာတဲ့ ဓာတ်တော်ရဲ့အရောင်က ခပ်ဖြူဖြူ၊ အသားကဖြစ်တော့ ခပ်ညိုညို၊ အသွေးကဖြစ်တော့ ခပ်နီနီဆိုပြီး အရောင်သုံးမျိုး ဖြစ်သွားတယ်။ အဲဒါတွေအားလုံး **ဓာတုစေတီ** ပါ။ သဗ္ဗညုတ ရွှေဉာဏ်တော်ကဖြစ်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်က **ဓာတုစေတီ** ပါ။ ရုပ်ပိုင်းကဖြစ်တာ **ဓာတုစေတီ**။ နာမ်ပိုင်းက ဖြစ်တာကတော့ **ဓမ္မစေတီ**။

ကိုယ်တော်မြတ်ရဲ့ အသုံးအဆောင်တွေဖြစ်တဲ့ ကျောင်းတွေ၊ ဗောဓိပင်တွေ၊ သပိတ်တွေ၊ သင်္ကန်းတွေကတော့ **ပရိဘောဂစေတီ**။

ကိုယ်တော်မြတ်ကို ရည်ညွှန်းပြီးတော့ ပြုလုပ်ထားတဲ့ ရုပ်တုတော်တွေကတော့ **ဥဒ္ဒိဿစေတီ** တဲ့။ **ဓာတုစေတီရယ်၊ ဓမ္မစေတီရယ်၊ ဥဒ္ဒိဿစေတီရယ်၊ ပရိဘောဂစေတီ** ရယ်လို့ စေတီလေးပါး။ ဓာတု၊ ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂ။

## အကြံမှားရင် သဲထမ်းကြ

အိန္ဒိယပြည်မှာ မြတ်ဗုဒ္ဓမပေါ်ခင်က တောတောင်သစ်ပင် နတ်စင်နတ်ကွန်းတွေကို စေတီတဲ့။ အဲဒါကြောင့် အဂ္ဂဒတ္တရသေ့ကလည်း သူ့တပည့် ၁၀၀၀ ကို အဲဒီ အရာတွေအားလုံးကို ရှိခိုးဖို့၊ ကိုးကွယ်ဖို့ ဆိုပြီးတော့ ကိုးကွယ်ရာတွေကို ပြောထားတယ်။

နောက်တစ်ခါ ဘာထပ်ပြီး ဆုံးမထားသေးသလဲဆိုတော့ ''သင်တို့တစ်တွေ ညချမ်းအခါမှာ ကာမဝိတက် စတဲ့ မိစ္ဆာဝိတက် မိစ္ဆာအကြံအစည်တွေကို မကြံမိကြစေနဲ့။ အဲဒီ ဝိတက်တွေကို မကြံစည်မိစေဖို့ရာအတွက် အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရမယ်။

အကယ်၍ ကာမဝိတက်၊ ဗျာပါဒဝိတက် စတဲ့ မိစ္ဆာဝိတက်တွေကို ကြံစည်မိကြရင် ကာမဂုဏ်စိတ်တွေ ပေါက်ခဲ့ကြရင် မကျေမချမ်းဖြစ်နေတဲ့ **ဗျာပါဒဝိတက်**၊ ဆွေမျိုးတွေနဲ့ ပတ်သက်တဲ့ **ဉာတိဝိတက်**၊ တိုင်းပြည် အရေးနဲ့ပတ်သက်ပြီး ကြံစည်တဲ့ **ဇနပဒဝိတက်**၊ လာဘ်လာဘနဲ့ ကျော်စော ထင်ရှားမှုတွေအတွက် ကြံတဲ့ **လာဘသက္ကာရသိလောကဝိတက်**၊ သူတစ်ပါး အပြစ်တင်ထားတာကို ချေပဖို့ရာ ကြံစည်တဲ့ **အနဝညတ္တိပဋိသံယုတ္တ ဝိတက်**၊ သူတစ်ပါးကို သနားနေတာနဲ့ ပတ်သက်ပြီး ကြံနေတဲ့ **ပရာနု ဒ္ဒယတာ ဝိတက်**၊ အဲဒီလို ဝိတက်တွေ ဝိတက်တွေကို ကြံစည်မိကြမယ် ဆိုရင် မနက်မိုးလင်းတဲ့အခါ သဲဒဏ်ထမ်းရမယ်။ မြစ်ထဲကနေပြီးတော့ တောင်းနဲ့သယ်ပြီး ဟောဒီ တောကြီးထဲမှာ ပုံရမယ်'' တဲ့ ဆုံးမထားတယ်။

ရသေ့တွေကိုလည်း တစ်ကျောင်းတည်းမှာ နှစ်ပါးမနေရဘူးတဲ့။ ကျောင်းသေးသေးလေးတွေ ဆောက်ပြီးတော့ တစ်ကျောင်းမှာ တစ်ပါးပဲ နေရတယ်။ တော၊ တောင်၊ ရေ၊ မြေ စသည်ကို ရှိခိုးကြရမယ်။ မိစ္ဆာဝိတက်တွေ မဖြစ်ရအောင် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရမယ်။ အကယ်၍

စိတ်အကြံများတွေကို ကြံစည်မိမယ်ဆိုရင် သဲဒဏ် ထမ်းရမယ်တဲ့။ အဲဒါ အဂ္ဂိဒတ္တရသေ့ရဲ့ ဆုံးမဩဝါဒပဲ။

## သဲတောင်ပို့ကြီး ဖြစ်ခဲ့ရ

အဂ္ဂိဒတ္တရသေ့ဟာ ဒီအဆုံးအမ ဩဝါဒကို ပေးပြီးတော့ ရသေ့ ၁၀၀၀ နဲ့ စည်းလုံးစွာနေခဲ့ကြတာ။ မနက်ခင်း မိုးလင်းတာနဲ့ တစ်ပြိုင်တည်း တပည့်တွေဟာ အကုန်လုံး တောင်းလေးတွေ ကိုယ်စီထမ်းပြီးတော့ မြစ်ထဲကသဲတွေကို သယ်ပြီး တောအုပ်မှာ ဖို့ရတယ်။

နေ့ခင်းမှာ သဲဒဏ် ထမ်းလိုက်၊ ညမှာ တရားဘာဝနာပွားများလိုက်၊ မိုးလင်းရင် သဲဒဏ်ထမ်းလိုက်၊ ညရောက်ရင် တရားအားထုတ်လိုက်နဲ့၊ ဘယ်လောက် အကြံကောင်းမိကြသလဲဆိုတာ မှန်းသာကြည့်။ (ဘုန်းကြီးတို့ ယောဂီတွေကိုလည်း အဲဒီစနစ်ကလေး ရွှေဟင်္သာမှာ ချမှတ်ထားရင် ကောင်းမယ် ထင်တယ်။ ကျောင်းဆောက်ဖို့ရာအတွက် သဲကို လိုတော့မှာမဟုတ်ဘူး၊ ဟုတ်လား။)

အဲဒီတော့ အဲဒီလိုနဲ့ အကြံများမိတဲ့ ရသေ့တွေဟာ ဒီလိုပဲ နေ့တိုင်းနေ့တိုင်း သဲဒဏ်တွေ ထမ်းနေရတာ။ ဘယ်လောက်များ ထမ်းနေရတယ်မသိဘူး။ သဲတွေက တဖြည်းဖြည်းနဲ့ မြင့်မောက်လာပြီး သဲတောင်သဲပုံကြီးဖြစ်လာတယ်။ အဲဒီ သဲပုံကြီး သဲတောင်ကြီးကို ဝိုင်းပြီးတော့ ကမ္ဗဋ္ဌာန်းကျောင်းတွေ ဆောက်ထားကြတယ်ဆိုတော့ ညနေစောင်းလို့ အချိန်ကျတဲ့အခါ တုံးခေါက်ပြီးတော့ အချက်ပေးတယ်။

တုံးခေါက်သံ ကြားရပြီဆိုရင် ရသေ့တွေ အကုန်လုံးဟာ သဲတောင်ကြီးကို ဝိုင်းပြီးတော့ ရှိခိုးကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဖို့ထားတဲ့ သဲတောင်ကြီးမှာ သူတို့ ကြံစည်မိတဲ့ ဝိတက်တွေ ငြိမ်းသွားရအောင်လို့ ရှိခိုးကြရတာတဲ့။ ညအိပ်ရာဝင် ဘုရားဝတ်တက်တာ တစ်မျိုးပေါ့ဗျာ။ နောက်တော့ အကုန်လုံး နေ့တိုင်း ရှိခိုးကြရတယ်။ ဒီလိုတွေဖြစ်လာတယ်။

## စိတ်ကောင်း မိတ်ကောင်း ဆရာကောင်းစုံပါမှ

ကျင့်တော့ ကျင့်ကြတာပဲ ပရိသတ်ပေါင်း သူတော်ကောင်းတို့။

ဒါပေမဲ့ ဘယ်လောက်ပဲကျင့်ကျင့် ဆရာကောင်းကို မရကြတော့ တရားကောင်းကိုလည်း မရကြဘူးပေါ့။ ဆရာကောင်းကို မရသေးဘူး၊ တရားကောင်းကို မရသေးဘူးဆိုရင် ဒီအတိုင်းပဲ။ အားလုံးဟာ စိတ်ကောင်းနှလုံးကောင်းနဲ့တော့ ကျင့်ကြပါပေတယ်။ ဒါပေမဲ့ ကလျာဏမိတ္တကို မပေါင်းသင်းမိဘူး။ ကလျာဏမိတ္တကို မရရင် သဒ္ဓမ္မဿဝန မဖြစ်ကြဘူးတဲ့။ အားလုံး စုံဖို့ခက်တယ်။ ယောနိသော မနိသကာရ၊ ကလျာဏမိတ္တ၊ သဒ္ဓမ္မဿဝန၊ အကြောင်းတရား သုံးမျိုး၊ ပင်ကိုက စိတ်ကောင်းရှိဖို့လိုတယ်။ ဒါ ယောဂီတို့ သတိထားရမယ်။ စိတ်ကောင်းရှိတဲ့ သူတွေဟာ တရားကောင်းကို တွေ့ရတယ်။ ဆရာကောင်းတော့ တွေ့ပြီ။

စိတ်ကောင်းမရှိရင်လည်း အဲဒီ ဆရာကောင်းက ဘာမှ မတတ်နိုင်ဘူး။ စိတ်ကောင်းရှိပေမယ့်လည်း ဆရာကောင်း မရသေးရင် အဲဒီ စိတ်ကောင်းလေးဟာ တန်ခိုးထက်မလာဘူး။ စိတ်ကောင်းလည်းရပြီ၊ ဆရာကောင်းလည်း ရပြီ၊ တစ်နည်း စိတ်ကောင်းလည်း ရပြီ၊ မိတ်ကောင်းလည်း ရပြီ၊ တရားကောင်းကို မနာရသေးရင်လည်း အကျင့်မှန် မရနိုင်သေးဘူးပေါ့။ အကောင်း သုံးပါးနော်။ လိုက်ဆိုလိုက်ကြ။

**“စိတ်ထားကောင်းပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာတရားနာ”**

စိတ်ကောင်းဆိုတာ ယောနိသော မနသိကာရ၊ မိတ်ကောင်းဆိုတာ ကလျာဏမိတ္တ၊ ကောင်းစွာတရားနာဆိုတာ သဒ္ဓမ္မဿဝနာ။ ဒါကို ပြောတာ။

အေး... ရသေ့ပေါင်း ၁၀၀၀ က စိတ်ကောင်းတော့ ရှိကြပါပေတယ်။ မိတ်ကောင်းမရတဲ့အတွက်ကြောင့် တရားကောင်းကို မနာရဘဲဖြစ်နေရပါတယ်။ အေး... ကလျာဏမိတ္တကို မရသမျှ ကာလပတ်လုံး တရားထူးရဖို့ မလွယ်ဘူးဆိုတာ မှတ်ထားဖို့ပါ။ အဂ္ဂိဒတ္တဆရာရသေ့ဟာ ရသေ့ ၁၀၀၀ အခြံအရံနဲ့ တိုင်းကြီးလေးတိုင်းရဲ့ ဆရာ ဖြစ်နေတဲ့အခါမှာ ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓက ပွင့်တော်မူခါစ ဖြစ်ပါတယ်။ အဂ္ဂိဒတ္တက သာဝတ္ထိတို့၊ ရာဇဂြိုဟ်တို့ အဲဒီ ပတ်ဝန်းကျင်တစ်ဝိုက်မှာနော်။ ရာဇဂြိုဟ်ဆိုတော့ မဂဓတိုင်း သာဝတ္ထိဆိုတော့ ကောသလတိုင်းပေါ့။ ဗာရာဏသီဆိုတော့ ကာသိတိုင်းပေါ့။ အဲဒီတိုင်းကြီးတွေရဲ့ ဗဟိုတောအုပ်ထဲမှာနေတာ။

ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓကတော့ ဗောဓိပင်ရင်းမှာ ဘုရားဖြစ်ခါစဆိုတော့ သာဝတ္ထိဘက်ကို မရောက်သေးဘူး။ ခုနပြောတဲ့ တိုင်းကြီး

လေးတိုင်းရဲ့ ပတ်ဝန်းကျင်ကို မရောက်သေးဘူးပေါ့။ ဂယာကနေ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဣသိပတနကို ကြွတယ်။ ဣသိပတနဆိုတာ ကာသိတိုင်းပေါ့။ အဲဒီအချိန်မှာလည်း အင်္ဂုလိမာလ်နဲ့ ဘုရားရှင် မဆုံသေးပါဘူး။ အင်္ဂုလိမာလ်ကလည်း ဆရာကြီး လုပ်နေဆဲပါပဲ။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓကလည်းပဲ ခေတ်လိုပြောရရင် စည်းရုံးရေးလုပ်နေတုန်းပါ။

မိဂဒါဝုန်မှာ ဝါကပ်တုန်းကဆိုရင် ဘုရားဟာ တပည့်ရဟန်းအပါး ၆၀ ပဲ ရသေးတယ်။ အဲဒီ ရဟန်း ၆၀ ကို တစ်လမ်းကို တစ်ပါးစီသာ သွားစေပြီး တရားဟောလွှတ်ပြီးတော့ မိမိကိုယ်တော်တိုင်က ဥရုဝေလတောဘက်ကို ကြွတော်မူတယ်။ ဥရုဝေလတောမှာ ကဿပညီနောင် ရသေ့ ၁၀၀၀ ကို ချေချွတ်ပြီး ရာဇဂြိုဟ်ဘက်ကို ကြွတယ်။

ရာဇဂြိုဟ်ရောက်တော့ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ ကျွတ်တမ်းဝင်ကြတယ်။ အဲဒီကနေပြီးတော့ ကပိလဝတ်ပြည် ရွှေနန်းတော်ကြီးက ခမည်းတော်တို့ရဲ့ ပင့်လျှောက်ချက်အရ တပေါင်းလမှာ ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ကနေ ကပိလဝတ်ပြည်ကို ကြွတော်မူတယ်။ ဒီဘက်ကို ရောက်ကို မရောက်ဘူးနော်။ အဲဒီအချိန်ပဲ အင်္ဂုလိမာလ် က ဆရာဖြစ်ပြီး ကြီးပွားနေတာ။

## သဲပုံထက်က နဂါးကြီး

အဲဒီတော့ အဲဒီ ရသေ့တွေရဲ့ သဲပုံကြီးထိပ်မှာ နဂါးကြီးတစ်ကောင်ရောက်လာတယ်။ နဂါးတစ်ကောင် သဲတောင်ထိပ်မှာ လာနေတော့ အင်္ဂုလိမာလ်နဲ့ သူ့တပည့်တွေ ကြောက်လိုက်ကြတာ။ ကြောက်စရာကောင်းတယ်ဆိုပြီး (သူတို့ကို ရန်မမူအောင်) ရသေ့တွေဟာ ညဘက် လူမမြင်တဲ့အချိန်မှာ နဂါးကြီးကို ရှိခိုးကြရပြန်တယ်တဲ့။ ဟုတ်လား။

အရင်ကတော့ တောင်တွေ၊ တောတွေ၊ သစ်ပင်တွေကို ရှိခိုးတယ်။ အခု သဲတောင်ထိပ်က နဂါးကို ရှိခိုးတယ်။ နေ့အခါ လူမြင်သူမြင်တော့ ရှိမခိုးဘူး။ ည လူခြေတိတ်တဲ့အခါမှာ သဲတောင်ထိပ်က နဂါးကို ရှိခိုးပြီး အိပ်ကြတာ။ တောင်းပန်ကြတာ၊ နဂါး စိတ်မဆိုးဘူး။ နေ့အခါမှာ တိုင်းကြီးလေးတိုင်းက လူတွေက အင်္ဂုလိမာလ်ကို ပူဇော်ဖို့ ဆိုပြီး ချီတက်လာကြတဲ့အခါမှာ အင်္ဂုလိမာလ်က ဘာပြောလဲ ဆိုတော့...

"ဟော့... ငါ့ကို မင်းတို့ ပေါ့ပေါ့တန်တန် မထင်နဲ့၊ ငါ နဂါး တစ်ကောင် မွေးထားတယ်။ စီးပွားရေးတွေ လာဘ်လာဘတွေကောင်း ချင်ရင် အဲဒီ နဂါးကို ပူဇော်ရမယ်။ အဲဒီနဂါးကို ရှိခိုးကြ"

သူ့ဘာသာသူ နေနေတဲ့ နဂါးကို သူက ဟန်တွေပန်တွေနဲ့ လုပ်နေ တော့ ဟိုလူတွေက အဟုတ်ကြီး ထင်နေကြတော့တာပေါ့။ အဲဒီ နဂါးကို ရှိခိုးကြ၊ ပူဇော်ကြနဲ့ပေါ့။

နဂါးအတွက် ပူဇော်ထားတဲ့ ပစ္စည်းတွေကို အင်္ဂဒတ္တတို့အဖွဲ့က အကုန်သုံး အကုန်စားပစ်ပြီး ဟန်ကျနေကြတာ။

## နဂါးလှည့်တွေ စတဲ့ခေတ်

အဲဒီထဲ တချို့လူတွေက နဂါးကို ပူဇော်နေပါလျက်နဲ့ ရှိခိုးပါ လျက်နဲ့ စီးပွားရေးကျ၊ ကျန်းမာရေးပျက်၊ ရာထူးပြုတ် စတဲ့ ဒုက္ခတွေနဲ့ တွေ့နေရတော့ ရသေ့ကြီးထံကို လာပြီးလျှောက်ကြတယ်။

"ဆရာရသေ့ပြောသလို ကျွန်ုပ်တို့ နဂါးကို ပူဇော်ကြ၊ ရှိခိုး ကြပါတယ်။ ဒါပေမဲ့ ဟိုတလောက (ဥပမာ- ရန်ကုန်ကနေ မန္တလေးကို သွားတဲ့အခါ) လမ်းမှာ မော်တော်ကား မှောက်တယ်ဆရာ"

"ဟ... မင်းတို့ ဘယ်တုန်းက ဖြစ်ကြတာလဲ"

"လွန်ခဲ့တဲ့လက ဖြစ်တာ"

"ဟော... ဟုတ်လား၊ အေး... ဟုတ်မှာပေါ့ကွ၊ အဲဒီလတုန်းက ဒီ နဂါးကြီးဟာ တောင်ဘက်ကို လှည့်နေတယ်ကွ၊ နဂါးရဲ့ ပါးစပ်ကလည်း တောင်ဘက်ကို လှည့်နေတာ၊ မင်းတို့ကလည်း တောင်ဘက်ကနေ မြောက် ဘက်ကို လာခဲ့ကြတာဆိုတော့ နဂါးပါးစပ်ထဲ ဝင်သွားသလို ဖြစ်နေတာ ကိုးကွ"

ဟော... လုပ်ပြန်ရော။ ရသေ့ကြီးက "ပါးစပ်ထဲတွင်၊ ဝင်သွား လျှင် ကိုယ်တွင် ဘေးထိရာ" ဒီလို နဂါးလှည့်ကျမ်းတွေ ဘာတွေ ရေးရော၊ ဟုတ်လား။ အဲဒီလိုပဲ (မန္တလေးကလာတဲ့ လူတချို့ကလည်း ရန်ကုန်ရောက် တော့) ရာထူးပြုတ်ကြ၊ ဘာညာ စသည်ဖြစ်တော့ ရသေ့ကြီးထံ သွားကြပြန် တယ်။

"လုပ်ပါဦး ဆရာရသေ့ကြီး၊ ကျုပ်တို့ ဘယ်လိုလုပ်ရမလဲ"

"အေး... မင်းတို့က (မန္တလေးကနေ ရန်ကုန်ကို လာတာ ဆိုတော့) နဂါးကလည်း တောင်ဘက်ကို လှည့်နေတာဖြစ်တော့ နဂါးရဲ့ အမြီးကနေ လျှောက်လာသလို ဖြစ်နေတာကိုးကွ"

ရေးလိုက်ပြန်ရော။

**"အမြီးကလှန်၊ ပြန်လျှောက်ပြန်၊ ဒုက္ခ တွေ့ကြရ"**

နဂါးလှည့်ကျမ်းတွေ ရေးထုတ်နေတာ မနည်းဘူး။ နဂါးကြီးက သူ့ဘာသာသူ သဲသောင်ထဲမှာ နေတာကို ရသေ့ကြီးက လျှောက်လုပ် နေတော့ လူတွေမှာ ဘယ်လိုတွေဖြစ်လာတုန်းဆိုတော့ နဂါးကြီးက တောင်ဘက်ကို လှည့်နေတယ်ဆိုရင် မြောက်ဘက်ကို မသွားရဲကြဘူး။ အမြီးက လျှောက်တာ ဖြစ်မှာစိုးလို့ ဆိုပြီးတော့ တချို့ကလည်း မသွားရဲ ကြပြန်ဘူး။ အဲဒီတော့ ရသေ့ကြီးထံ ပြန်ကပ်။

"ဆရာရသေ့ လုပ်ပါဦး၊ အဲဒီ နဂါးကြီးကို အရှေ့နဲ့ အနောက် ဖြောင့်ဖြောင့်ဖြစ်သွားအောင် လုပ်ပေးပါ။ ဒါမှ ကျုပ်တို့ ဘေးမဖြစ်မှာ"

"အေး... လုပ်တော့ လုပ်နိုင်တယ်ကွ၊ ဒါပေမဲ့ လွယ်တော့ မလွယ်လှဘူး။ တစ်ခုတော့ ရှိတယ်။ ကန်တော့ပွဲ (၃၇)ပွဲလောက် အနည်းဆုံး တင်မယ် ဆိုရင်တော့ ရနိုင်တယ်။ (၃၇)ပွဲလောက်တော့ တင်မှဖြစ်မယ်"

လုပ်ကုန်ရော။ နဂါးက သူ့ဘာသာသူ အိပ်နေတာကို ရသေ့ကြီး က ဒီကနေ အကြီးအကျယ် လုပ်နေတာ။ ဟို... တိုင်းကြီး လေးတိုင်းက လူတွေကလည်း လာလိုက်ကြတာ၊ တကယ်အောက်မေ့လို့။ ရသေ့ကြီး ပြောသလို လိုက်လုပ်ကြတယ်။ (၃၇)ပွဲ တင်မယ်ဆိုရင်လည်း တင်လိုက် ကြ၊ ရှိခိုးကြ၊ တောင်းပန်ကြပေါ့။ ရသေ့ကြီးကလည်းပဲ ဟန်ပန်အပြည့်နဲ့။

"အေး... မင်းတို့ ခဏတော့ သည်းခံကြဦး၊ ခုနစ်ရက်လောက် တော့ စောင့်ရလိမ့်ဦးမယ်"

ဆိုပြီးတော့ မန်းမှုတ်တာတွေ၊ ရွတ်ဖတ်တာတွေကို ခပ်တည် တည်နဲ့ လုပ်ပေးပေါ့။

နောက် ခုနစ်ရက်လောက် ကြာတော့ -

"ဟော့... မင်းတို့ တောင်နဲ့ မြောက်ကို ခရီးသွားလို့ရပြီ။ နဂါးကြီး အရှေ့နဲ့အနောက် လှည့်သွားလို့ ကန့်လန့်ဖြတ် ဖြစ်သွားပြီ"

ပြောလိုက်တော့ တောင်နဲ့မြောက်ကို ခရီးသွားလိုက်ကြတာ။ အဲဒီလို သွားတာကိုတော့ နဂါးကို ကန့်လန့်ဖြတ်ပြီးတော့ သွားတယ်လို့ ခေါ်တာ ပေါ့။ **'ကန့်လန့်ဖြတ်ကာ၊ သွားသူမှာ၊ ချမ်းသာ ကြီးပွားရ'** ဒီလို နဂါး လှည့်ကျမ်းတွေ ရေးတာကိုးဗျ။

## ကိုးကွယ်မှုတွေ စလာပြီ

ဒီတော့ နဂါးက အရှေ့နဲ့ အနောက် လှည့်ထားတော့ အရှေ့နဲ့ အနောက်ကို ခရီးသွားလာဖို့ရာအတွက် အရှေ့အရပ်နဲ့ အနောက်အရပ်မှာ နေကြတဲ့ လူတွေအတွက် အခက်တွေ့ကြပြန်ရော။ အဲဒီတော့ အခက်တွေ့ နေကြတဲ့ လူတွေက ရသေ့ကြီးထံ လာကပ်ကြပြန်ရော။

"ရသေ့ကြီး လုပ်ပါဦး၊ နဂါးကို တောင်နဲ့ မြောက်ဖြစ်အောင် ပြန်လှည့်ပေးပါဦး"

တစ်ခါ တောင်နဲ့ မြောက်ကို လှည့်သွားပြန်ရင်လည်း အဲဒီ လူတွေက တစ်ခါ ရသေ့ကြီးထံ လာကပ်ကြနဲ့ ရသေ့ကြီး ဟန်ကို ကျနေ တာပဲ။

အဲဒီတော့ တကယ်လို့များ အရှေ့၊ အနောက်က လူတွေရယ်၊ တောင်နဲ့မြောက်က လူတွေရယ် အရပ်လေးမျက်နှာက လူတွေ အကုန်လုံး ဆုံပြီးလာကြရင်တော့ ဒီရသေ့ကြီး နဂါးကို ဘယ်ဘက်လှည့်ထားဦးမယ် မသိဘူးနော်။ ထောင့်တန်း လှည့်ထားမယ်နဲ့ တူတယ်။ လုပ်တော့ လုပ်ရမှာ။ အဲဒါ နည်းတွေပဲ။ နည်းစနစ်တွေဟာ ရှေးတုန်းကလည်း ဒီလိုပဲ။ အခုလည်း ဒီလိုပဲ။ နောင်လည်း ဒီလိုပဲ။ ဒီအတိုင်း သွားကြဦးမှာ။

အဲဒါနဲ့ တိုင်းကြီး လေးတိုင်းက လူတွေက "တို့ရသေ့ကြီးက နဂါးကြီးကို ပိုင်သတဲ့၊ နဂါးကြီးကို နိုင်သတဲ့" ဆိုပြီးတော့ အတင်း ဆည်းကပ် ကိုးကွယ်ကြနဲ့ပေါ့။ နောက်ပြီး "မင်းတို့ ကြီးပွားချမ်းသာ စေရမယ်၊ အဲဒီ နဂါးပုံစံ အရုပ်ထုပြီး အိမ်မှာ ကိုးကွယ်ကြ" ဆိုပြီး နဂါးရုပ်တွေ လုပ်ပြီး ကိုးကွယ်ခိုင်းတယ်။ တပည့်ရသေ့ တစ်ထောင် ကလည်း တောထဲမှာ နဂါးရုပ်ကလေးတွေကိုလုပ်ပြီး ရသေ့ကြီးကို လာပေး ကြ၊ ရသေ့ကြီးက အဲဒီ နဂါးရုပ်ကလေးတွေကို ရောင်း၊ အိမ်တိုင်း အိမ်တိုင်း မှာ နဂါးရုပ်တွေကို ဆွဲထားကြနဲ့ အဲဒီလိုတွေ ဖြစ်ကုန်ကြရော။

အဲဒီလိုနဲ့ လူသားတွေရဲ့ ကိုးကွယ်ရာဟာ စောစောက တော၊ တောင်၊ ရေ၊ မြေ၊ နောက်တော့ ရသေ့။ အဲဒီရသေ့က ထပ်ပြီး ထင်ရာမြင်ရာ လျှောက်လုပ်လိုက်တော့ ကိုးကွယ်ရာ နဂါးဖြစ်သွားတယ်။ တိရစ္ဆာန်ကို ကိုးကွယ်တဲ့အဆင့်ထိ ရောက်သွားတယ်။ ဘာသာတရားတွေဟာ ဒီလို စခဲ့ကြတာ။

## ကျွဲကို ကိုးကွယ်သူ

နောက်ပြီး လူတစ်ယောက်က ကျွဲကြီးကို စီးပြီးတော့ တောကို သွားတယ်။ တောထဲလည်းရောက်ရော "မြန်း" ဆို မထင်မှတ်ဘဲ ကျားနဲ့ ရင်ဆိုင်တိုးပါလေရော။ ဘာပြောကောင်းမလဲ။ ကျွဲပေါ်ကလူ ကြောက်လိုက်တာ။ ပြေးလို့ကလည်း မဖြစ်။

နောက် ကြံမိကြံရာ ကျွဲပေါ်ကနေ လျှောခနဲဆင်းပြီး ကျွဲရဲ့ဝမ်းဗိုက်အောက် အသာကလေးဝင်ပြီး ပုန်းနေတယ်။ အဲဒီလို ပုန်းနေတုန်းမှာပဲ ကျားက ကျွဲကို ခုန်ပြီးအုပ်တယ်။ ကျွဲမှာလည်း ချိုနှစ်ချောင်းရှိနေတာဆိုတော့ ချိုနဲ့ဆီးပြီး ခံထားလိုက်တယ်။ ကျားကြီးဟာ ကျွဲရဲ့ ချိုဖျားမှာ အသက်ထွက်သွားတယ်ပေါ့။ ကျွဲရဲ့အောက်မှာ ပုန်းနေတဲ့သူ ဘယ်လောက်ဝမ်းသာလိုက်မလဲ။ စဉ်းစားသာ ကြည့်ပေတော့။

အဲဒီတော့ "ဒီကျွဲဟာ ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ပဲ၊ ဒီကျွဲလေးက ငါ့ရဲ့ ကယ်တင်ရှင်ပဲ" ဆိုပြီး အဲဒီ ကျွဲမပါရင် တောထဲကို မသွားတော့ဘူး။ အိမ်မှာဆိုရင်လည်းပဲ အဲဒီကျွဲလေးကို သေသေချာချာ ပြုစုလုပ်ကျွေးတယ်။

နောက် တောကိုသွားရင် ကျွဲကို ရှိခိုးတယ်။ အဲဒီတော့ သူ့ကို တစ်ရွာလုံးက ဝိုင်းမေးကြတဲ့အခါမှာ သူ့ရဲ့အကြောင်းအရာတွေကို ပြန်ပြောပြတယ်။

နောက်ပြီး ဒီကျွဲက ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ကွ၊ ငါ့ရဲ့ အသက်ကို ကျားလက်ထဲကနေ သူကကယ်တာ၊ ကျားကို သူကနိုင်တယ်။ ကျားနဲ့ကျွဲက ကက်ကင်းခတ်လည်း မိတယ်။ ကယ်တင်ရှင်လည်း ဖြစ်တယ်။ ဘာညာ လျှောက်ပြောတော့ လူတွေကလည်း အဟုတ်ထင်ပြီး "တို့လည်းပဲ ကျွဲကို ရှိခိုးဦးမှပဲ" ဆိုပြီး ဟိုလူက ရှိခိုး၊ ဒီလူက ရှိခိုးနဲ့။

ဟာ... နောက်ဆုံးကျတော့ အဲဒီရွာကြီးတစ်ရွာလုံး ကျွဲကို ရှိခိုးတဲ့ရွာကြီး ဖြစ်သွားရော။

နောက်တစ်ခါ "အင်း... ငါ့ရဲ့ ကျွဲလေးတော့ အသက်ကြီးလာပြီ၊ သူ့မသေခင် အရုပ်လေး ဘာလေး လုပ်ထားဦးမှ" ဆိုပြီး ပန်းပုဆရာကို ကျွဲရုပ်ထုခိုင်း၊ အဲဒီအရုပ်ကို စားပွဲပေါ်တင်၊ ညအိပ်ရာဝင်ဆိုရင် ရှိခိုးပြီးအိပ်၊ အမွှေးတိုင်လေး ဘာလေးထွန်း ပူဇော်ထား။ နောက် အဲဒီကျွဲလေးသေသွားတော့ ကျွဲရုပ်ကလေးကို တစ်သက်လုံး ရှိခိုးပူဇော်လာရာကနေ ကျွဲရုပ်က တဖြည်းဖြည်းနဲ့ အဆင့်မြင့်လာပြီး ဘုရားစင်ပေါ်အထိ ရောက်လာတယ်။

ဘုရားဘေးမှာ ကျွဲရုပ်တွေရဲ့လို့၊ ခြင်္သေ့ရုပ်တွေ၊ နဂါးရုပ်တွေ ဘုရားရဲ့ဘေးမှာ ပတ်ပတ်လည်ဝိုင်းလို့ ဘုရားဒုက္ခဖြစ်ရော။ တိရစ္ဆာန်ကလေးတွေ ဘုရားအနား ဝိုင်းလာတဲ့သဘောလေးတွေဟာ ဒီလိုကနေ ဖြစ်လာကြတာနော်။

## မြွေဟောက်နဲ့ လင်းယုန်ကိုပါ ကိုးကွယ်

နောက်တစ်ခု ပြောဦးမယ်။ လူတစ်ယောက်ဟာ ဝါးခုတ်ဖို့ရာအတွက် ဓားမလေးကို ထမ်းပြီးတော့ တောထဲကိုသွားတယ်။ သွားရင်းသွားရင်းနဲ့ "ဖြန်း" ခနဲဆို မြွေဟောက်ကြီးတစ်ကောင်ဟာ သူ့ရှေ့မှာ ပါးပျဉ်းကြီးထောင်လို့ ပေါ်လာတယ်။

စိတ်ကူးယဉ်ပြီး သွားနေရာကနေ အမှတ်မထင် ချက်ချင်းကြီး တွေ့လိုက်ရတော့ သူဟာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ ဓားနဲ့ခုတ်ရအောင်ကလည်း ဓားက ဓားမတိုဖြစ်နေတော့ အခုတ်ရခက်၊ လှုပ်လိုက်တာနဲ့ ဟိုက ပေါက်တော့မှာ။ သေရမယ့် အခြေအနေမျိုး ရောက်နေချိန်မှာ ကြောက်လန့်တကြား အားကိုးရာကို ရှာနေတုန်းမှာပဲ သစ်ပင်ပေါ်က လင်းယုန်ငှက်တစ်ကောင်ဟာ အရှိန်နဲ့ ထိုးဆင်းလာပြီးတော့ အဲဒီ မြွေဟောက်ကို အသာလေး ကုပ်ချီပြီး ပျံတက်သွားပါလေရော။

အစောကြီးကတည်းက ဒီလင်းယုန်က ဒီမြွေဟောက်ကို စားမလို့ ချောင်းနေတာ။ မြွေဟောက်က မြေကြီးမှာ ကပ်ပြီးသွားနေတော့ ကုပ်ချီဖို့

မဖြစ်သေးဘူးဆိုပြီး စောင့်နေတာ။ အဲဒီလူလည်း သူ့အနားရောက်သွားရော "ရှူး" ဆိုပြီး ပါးပျဉ်းထထောင်တော့ လင်းယုန်အတွက် ကုပ်ချီဖို့ရာ အနေတော် ဖြစ်သွားတယ်။

ဒါနဲ့ လင်းယုန်ရဲ့ ခြေထောက်ထဲ မြွေဟောက်ပါသွားတော့ စောစောက လူရဲ့ ရင်ထဲမှာ "ဟယ်" ခနဲဆို ဖြစ်သွားတယ်။ "ဟယ်... ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင်ဟာ ကောင်းကင်ပေါ်က ကြွလာတယ်" ဒီလိုဖြစ်လာတာ။ ကိုးကွယ်ရာ ဘာမှမရှိသေးတဲ့အချိန်၊ ဘာသာရေး ဘာမှ မပေါ်သေးတဲ့အချိန် (အားကိုးရာမရှိ ကြောက်နေရတဲ့အချိန်) တွေမှာ လူတွေက ဒီလိုဖြစ်ကြတာ။

ကမ္ဘာပေါ်မှာ သက္ကရာဇ်ရှာလို့ မရလောက်အောင် အစောကြီး ပေါ်ပေါက်လာတဲ့ ဘာသာက ဟိန္ဒူဘာသာ။ ဟိန္ဒူဘာသာရဲ့ နောက်မှ ပေါ်လာတာက ဗုဒ္ဓဘာသာ။ ဗုဒ္ဓဘာသာရဲ့နောက်မှာ နှစ်ပေါင်း (၆၀၀) ကျော်မှ ပေါ်ပေါက်လာတာက ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာရဲ့နောက်မှာ နှစ်ပေါင်း (၁၁၀၀)ကျော်မှ ပေါ်လာတာက အစ္စလာမ်(မွတ်စလင်)ဘာသာ။

ဟိန္ဒူဘာသာက အစောဆုံးပဲ။ ဟိန္ဒူဘာသာရယ်လို့ ပီပီပြင်ပြင် မပေါ်သေးခင်က လူတွေဟာ ယခုလို့ပဲ ကိုးကွယ်ရာရှာကြတာ။ အဲဒီတော့ လင်းယုန်က မြွေဟောက်ကြီးကို ကုပ်သွားတော့ ဒီလူရဲ့ရင်ထဲမှာ ချမ်းသာ လိုက်တာ။ "လင်းယုန်ကယ်ပေလို့သာပေါ့၊ ဒီကောင်သာ မကယ်ရင် ငါ့အသက် သေမှာပဲ" ဆိုပြီး လင်းယုန်ကို တွေ့တိုင်း လက်အုပ်တချီချီ ဖြစ်နေတာ။ အဲဒါနဲ့ တောထဲကိုသွား လင်းယုန်ကို မရရအောင် ဖမ်းပြီး အိမ်မှာ ကိုးကွယ်ထားတယ်။

မြွေတွေနဲ့တွေ့ရင် လင်းယုန်က ကယ်လိမ့်မယ်လို့ဆိုပြီး တောကို သွားတဲ့အခါမှာ လင်းယုန်ကို ရှိခိုးတာ။ လူတွေက မေးတဲ့အခါမှာ သူ့ အကြောင်းကို ပြောပြတယ်။ ဒါနဲ့ တစ်ရွာလုံးက လင်းယုန်ရုပ်ကို ထုပြီး ကိုးကွယ်ကြတယ်။ ဟာ... တစ်ရွာလုံး လင်းယုန်ရုပ်တွေ ဖြစ်ကုန်ရော။

အဲဒီထဲမှာ စိတ်ကူးဉာဏ်ကောင်းတဲ့ လူတစ်ယောက်က ဘာပြော တန်းဆိုတော့ "ကောင်းကင်ကနေ လင်းယုန်လာတာကတော့ ဟုတ်တယ်။ တကယ်တမ်း မင်းကို ကယ်တင်တာက လင်းယုန်မဖြစ်နိုင်ဘူး။ တကယ့် ကယ်တင်ရှင်က ကောင်းကင်ဘုံက တစ်နေရာရာမှာ ရှိရမယ်။ သူက

မမြင်ရတဲ့အသွင်နဲ့ မင်းကို လင်းယုန်အသွင် ဝင်ပူးပြီး ကယ်တင်တာ ဖြစ်ရမယ်''

ဟော... လင်းယုန်က ကြားခံကိုယ်စားလှယ်ဖြစ်ပြီး ကောင်းကင်ဘုံက တကယ့်စွမ်းအားရှင်ကြီး ဖြစ်လာတယ်။ အဲဒီတော့ ဘာသာရေးက အတော် အဆင့်အတန်းမြင့်သွားတယ်။

ဒီအခြေအနေကျတော့ ကိုးကွယ်ရာလည်း ကောင်းကင်ဘုံမှာ ရှိတယ်။ ကယ်တင်ရှင်ဟာ လင်းယုန်က ကြားထဲက ကြွလာတဲ့ ကိုယ်စားလှယ်။ အဲဒါနဲ့ လင်းယုန်ကြီးက အထွဋ်အမြတ်ကိုရောက်ပြီးတော့ ကျေးရွာထိပ်မှာ အလံထူရင် လင်းယုန်တံဆိပ် နှိပ်ရမယ်။ တံဆိပ်လုပ်ရင် လင်းယုန်တံဆိပ် လုပ်ရမယ်။ လင်းယုန်က နိုင်ငံတော်တံဆိပ်တွေ ဖြစ်သွားတယ်။

## လျှပ်စီး ဘုရားသခင်နဲ့ ကယ်တင်ရှင် မဏိမေခလာ

တချို့ကျတော့ လှေလေးတွေ၊ သင်္ဘောလေးတွေနဲ့ ပင်လယ်ပြင်ကို ငါးဖမ်းထွက်ရာကနေ ပင်လယ်ထဲ မုန်တိုင်းမိပြီး လှေမှောက်ပါလေရော။ လှိုင်းတွေရဲ့ကြားထဲမှာ မည်းမှောင်နေပြီးတော့ တဖြည်းဖြည်းနဲ့ ကမ်းရောလမ်းပါ မမြင်ရတော့ဘူး။ အဲဒီလိုနဲ့ လူတစ်ယောက်က ကူးရင်း ခတ်ရင်းနဲ့ သူ့ရဲ့လက်တစ်ကမ်းအလိုလောက်မှာ ကျောက်ဆောင်ရှိနေတာကို သူ မတွေ့ရသေးဘူး။ အဲဒီအချိန်မှာ ကောင်းကင်ကနေ ဝင်းခနဲဆို လျှပ်စီးလက်လိုက်တယ်။ အဲဒီလို လက်လိုက်တဲ့ အချိန်ကျမှ ကျောက်ဆောင်ကို မြင်လိုက်ရတယ်။ စဉ်းစားသာကြည့်ပေတော့ ပရိသတ်။ ဘယ်လောက် ဝမ်းသာစရာကောင်းလိုက်မလဲလို့။

သူ့ဘာသာ လျှပ်စီးလက်တာ ရာသီဥတုဖောက်ပြန်လို့ လျှပ်စီးလက်တာကို သူက ဘယ်လိုတွေးလဲဆိုတော့ ''ဟာ... ဘုရားသခင်ဟာ ကောင်းကင်ကနေ အလင်းရောင်ပေးတယ်'' ဒီလို တွေးတယ်ဗျာ။ လျှပ်စီးလက်တာကို ဘုရားပေးတဲ့ အလင်းရောင်တဲ့။ ဒီလိုနဲ့ ပင်လယ်ထဲထွက်တိုင်း ဒီကျောက်ဆောင်ကို ရှိခိုးဦးတိုက်ပြီးမှ လှေထွက်ကြတာ။ ကျောက်ဆောင်ကို ဦးမတိုက်ဘဲ မထွက်ရဲတော့ဘူး။

တခြား လှေသမားတွေကမေးတော့ ''ဒီကျောက်ဆောင်က ငါ့ကို ကယ်တာ။ ဒီကျောက်ဆောင်ဟာ ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင်ကွ''

ဆိုပြီး ရှင်းပြတယ်။ ဒီလိုနဲ့ လှေသမားတွေ အကုန်လုံးဟာ ကျောက်ဆောင်ကို ဦးတိုက် ရှိခိုးလာကြရတယ်။ ကျောက်ဆောင်က တန်ခိုးကြီးလာရတယ်ပေါ့။

နောက်တော့ နည်းနည်း ဉာဏ်ကြီးတဲ့သူက "ကျောက်ဆောင်ကြီးကို ဘာမှမရှိဘဲနဲ့ ရှိခိုးနေရတာ မဟန်သေးပါဘူးလေ၊ အရုပ်ကလေး ဘာလေးထုပြီးတော့ ရှိခိုးရမယ်။ ဘာအရုပ်ထုရရင် ကောင်းမလဲ။ ရေထဲက နတ်သမီး ရုပ်ထုမယ်" ဆိုပြီး ရေနတ်သမီးရုပ်ကို ကျောက်ဆောင်ပေါ်တင်၊ နောက်တော့ ထမင်းလေးတွေ၊ မုန့်လေးတွေ၊ ငါးလေးတွေနဲ့ ပူဇော်လာကြပြီး နတ်သမီးဟာ တန်ခိုးကြီးလာတယ်။

ဒီကြားထဲမှာ တခြား လူတစ်ယောက်က လက်ဆော့ပြီး နာမည်ရေးသွားတယ်။ နာမည် ပေးသွားတယ်။ "မဏိမေခလာ" ဆိုပြီး နတ်သမီးရုပ်မှာ ရေးသွားပြီးတော့ ပင်လယ်ထဲမှာ မဏိမေခလာ နတ်သမီးရှိတယ်။ ပင်လယ်ပြင်ထွက်ရင် မဏိမေခလာနတ်သမီးကို ရှိခိုးရမယ်ဆိုတဲ့ ထုံးစံကြီး ဖြစ်သွားတယ်။

## မယ်ကုဝဏ် မျက်စဉ်းတဲ့လား

နောက်တစ်ခု။ ဒါကတော့ မျက်မှောက်ခေတ်မှာပေါ့။ စေတီကြီးတစ်ဆူကို တည်ကြတဲ့အခါမှာ စေတီကြီး အချောသပ်ပြီးသွားလို့ အင်္ဂတေတွေပိုနေတော့ ပန်းရံဆရာတစ်ယောက်က လက်စွမ်းပြပြီးတော့ စေတီရဲ့အနားမှာ အရုပ်တစ်ခုကို လုပ်ထားတယ်။ ဘုရားဘက်ကို လှည့်ပြီး လပ်အုပ်ချီနေတဲ့ ဘီလူးရုပ်ထုတစ်ခု။ ဘီလူးရုပ်ရဲ့ ခေါင်းပေါ်မှာလည်း ဗန်းကြီးတစ်ခုကို ရွက်ထားတယ်။ အဲဒီ ဗန်းထဲကို ပန်းလေး ဘာလေး ထည့်ပြီးလှူချင်ရင် လှူလို့ရအောင်ဆိုပြီးတော့ပေါ့။

နောက် ဆေးသုတ်တဲ့ ဆေးဆရာကလည်းပဲ ပိုနေတဲ့ ဆေးတွေနဲ့ အဲဒီဘီလူးရုပ်ကို ဆေးသုတ်သွားတယ်။ ဘာမှတော့ မဟုတ်ဘူး။ ပန်းရံဆရာက အင်္ဂတေပိုနေလို့ လုပ်ထားတဲ့ အရုပ်။ ဆေးသုတ်သမားကလည်း ဆေးကျန်နေလို့ သုတ်ထားတဲ့ အရုပ်။ အဲဒါ မယ်ကုဝဏ်ဆိုပြီး ကျန်ခဲ့ရော။

နောက်တော့ ဘယ်လိုဖြစ်လာပြန်လဲဆိုတော့ ဥပုသ်နေ့တွေမှာဆိုရင် ရွာထဲက အဘွားကြီးတွေ ဥပုသ်လာစောင့်ကြတယ်။ ညနေပိုင်း

အိမ်ကို ပြန်တော့မယ်ဆိုတော့ စေတီကိုလာပြီးတော့ ရှိခိုးတယ်ပေါ့။ အဘွားကြီးတွေ အသက်ကလည်း ခုနစ်ဆယ် ရှစ်ဆယ်အရွယ်တွေ ဖြစ်နေတော့ စေတီရင်ပြင်မှာလည်း မြက်တွေ အမှိုက်တွေကလည်း ရှိနေတဲ့အတွက် ကုန်းပြီး ဦးချကန်တော့တဲ့အခါမှာ မြက်သီးလေးတွေ မြက်မွေးလေးတွေက မျက်စိထဲကို ဝင်သွားပါလေရော။

အဲဒါနဲ့ မျက်လုံးထဲ အမှိုက်ဝင်သွားတဲ့အခါ "ငါ့မျက်လုံးထဲ အမှိုက်ဝင်တယ်၊ မျက်စိနာတယ်" ဆိုပြီး ဘယ်လိုလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားလိုက်တဲ့အခါမှာ ဘေးနားက ဘီလူးရုပ် မယ်ကုဝဏ်ရဲ့ခေါင်းပေါ်မှာ ရွက်ထားတဲ့ ဇန်းထဲမှာ မိုးရေတွေကို သွားတွေ့တယ်။ ဒါနဲ့ အဲဒီမိုးရေနဲ့ မျက်လုံးကိုခပ်ပြီး ပွတ်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် မျက်စိနာပျောက်သွားတယ်။ အဲဒါနဲ့ တွေးချင်ရာတွေးပြီး တခြားအဘွားကြီးတွေကို ပြောချင်သလို လျှောက်ပြောတာ။

"မယ်ကုဝဏ်ဇန်းထဲက ရေဟာ မျက်စိနာပျောက်တယ်၊ ဆေးဖက်ဝင်တယ်" ဆိုပြီး ဒီလိုဖြစ်ကုန်ကြတာ။ တစ်ရွာလုံး တစ်နိုင်ငံလုံးက မယ်ကုဝဏ် ဆေးပေးတယ်ဆိုပြီး သွားလိုက်ကြတာ။ ဘာမှန်းမသိဘူး။ ဒီလိုဖြစ်လာတယ်။ ဘုန်းကြီးတို့ ပရိသတ် အယူအဆတစ်ခုကို စတင်ဖြစ်ပေါ်လာတဲ့ အချိန်လေးကို မသိရင် ဒီလိုလေး လှမ်းကြည့်လိုက်၊ ဖြစ်တယ်။ ကိုးကွယ်ရာကို ရှာကြတဲ့ လောကမှာလေ ဒီလိုတွေ ဖြစ်နေကြရတယ်။

## ကြောက်လို့ ကိုးကွယ်ရာ ရှာကြတယ်

အဲဒါကြောင့် ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ပြောတယ်။

**ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။**

**အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။**

**မနုဿာ**၊ လူအပေါင်းတို့သည်။ **ဘယတဇ္ဇိတာ**၊ ဘေးရန်တစ်ခုခုဖြင့် ခြိမ်းခြောက်ခံကြရကုန်သည်။ (ဟုတွာ၊ ဖြစ်၍။) **ဗဟုံ**၊ မြောက်မြားစွာသော။ **သရဏံ ယန္တိ**၊ ကိုးကွယ်ခြင်းသို့ ရောက်ကြရလေကုန်၏။

ဘေးရန်တစ်ခုခုဖြင့် ခြိမ်းခြောက်ခံနေရတဲ့ လူတွေဟာ ကိုးကွယ်ရာကို ရှာကြတယ်တဲ့။ မြွေဘေးကို ကြောက်တဲ့ပုဂ္ဂိုလ်က လင်းယုန်ကို

ကိုးကွယ်တယ်။ ကျားရန်ကို ကြောက်တဲ့ပုဂ္ဂိုလ်က ကျွဲကို ရှိခိုးတယ်။ ရေလှိုင်း လေလှိုင်းကိုကြောက်တဲ့ ပုဂ္ဂိုလ်က ကျောက်ဆောင်ကို ရှိခိုးတယ်။ မျက်စိနာ ပျောက်ချင်သူက မယ်ကုဝဏ်ကို ရှိခိုးတယ်။ အေး... ဒီလိုဖြစ်ကြတာ။

**ပဗ္ဗတာနိစ၊** တောင်တို့ကိုလည်းကောင်း။ **ဝနာနိစ၊** တောတို့ကိုလည်းကောင်း။ **အာရာမရုက္ခစေတျာနိ၊** အာရာမ်ဥယျာဉ် သစ်ပင် စေတီနတ်ကွန်းတို့ကို လည်းကောင်း။ **သရဏံ ယန္တိ၊** ကိုးကွယ်ကြလေကုန်၏။ ဘာ့ကြောင့်လဲဆိုတော့ ကြောက်လို့ ကိုးကွယ်ကြတယ်တဲ့။ လိုရင်းကို မှတ်ထားရမယ်။

## ဖန်ဆင်းသူ၊ စောင့်ရှောက်သူနှင့် ဖျက်ဆီးသူကြီးများ

**နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။**

**နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**ဧတံ သရဏံ၊** ထိုကဲ့သို့ တော တောင် ရေ မြေ နေ လ နက္ခတ်တာရာ စသည်တွေကို ကိုးကွယ်ခြင်းသည်

နေကလည်း သူ့ဘာသာသူ သွားနေတာ။ လကလည်း သူ့ဘာသာသူ သွားနေတာ။ နေကို ရှိခိုးတဲ့သူတွေ အများကြီးရှိတယ်။ ဂျပန်ပြည်တစ်ပြည်လုံးဟာ နေကို ရှိခိုးကြတယ်။

အိန္ဒိယပြည် တစ်ပြည် လုံးက လနဲ့ နက္ခတ်ကို ရှိခိုးကြတယ်။ နောက်ပြီး ဗြဟ္မာကြီးကိုလည်း ရှိခိုးကြတယ်။ ဒီကမ္ဘာကြီးကို ဖန်ဆင်းပေးတာဟာ အဲဒီ ဗြဟ္မာကြီးပဲလို့ ယူဆပြီး ကျေးဇူးတင်လို့ ရှိခိုးတာ။ နောက်တစ်ခါ ဒီကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်ပေးမယ့်သူ လိုအပ်လာပြန်တယ်။

အဲဒီတော့ ဒီကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်ပေးနေတာက ဗိဿနိုးနတ်ပဲဆိုပြီး ဗိဿနိုးနတ်ကိုလည်း ရှိခိုးတယ်။ နောက်ထပ်တစ်ခါ ဒီကမ္ဘာကြီးကို ဖျက်ဆီးပစ်မှာက သျှီဝနတ်မင်းတဲ့။ အဲဒီ သျှီဝနတ်မင်းကိုလည်း ဖျက်ဆီးမှာကြောက်လို့ဆိုပြီး ရှိခိုးကြရပြန်တယ်။ သူတို့ ယူဆကြတာက ကမ္ဘာကြီးကို ဖန်ဆင်းပေးတဲ့ ဖန်ဆင်းရှင်က ဗြဟ္မာ၊ စောင့်ရှောက်သူက **ဗိဿနိုး၊** ဖျက်ဆီးသူက **သျှီဝ**တဲ့။ ဒီလို ယူဆကြတယ်။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်အရတော့ ဒီလောကကြီးကို တည်ဆောက်ပေးနေတာက **အဝိဇ္ဇာ၊ တဏှာ၊ ကံ** ဆိုတဲ့ တရားသုံးပါးပါ။ **အဝိဇ္ဇာ၊ တဏှာ၊ ကံ**နဲ့ တည်တောက်တားတဲ့ လောကကို ထိန်းသိမ်းစောင့်ရှောက်တာက **ကံ၊ စိတ်၊ ဥတု၊ အာဟာရ** ဆိုတဲ့ တရားလေးပါး ဖြစ်ပါတယ်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေနဲ့ ဘယ်လိုပဲ ထိန်းထား ထိန်းထား၊ **လောဘ၊ ဒေါသ၊ မောဟ**တရားတွေ လွှမ်းမိုးလာရင် ပျက်စီးတယ်ဆိုတာ အသေအချာပဲ။ အဲဒါကို သစ္စာတရားလို့ ခေါ်တယ်။

လူ့လောကကို တည်ဆောက်တာက **အဝိဇ္ဇာ၊ တဏှာ၊ ကံ**။ ဒီလောကကြီးကို ထိန်းသိမ်းစောင့်ရှောက်တာက **ကံ၊ စိတ်၊ ဥတု၊ အာဟာရ**။ ဒီလောကကြီးကို ဖျက်စီးနှိပ်စက်နေတာ **လောဘ၊ ဒေါသ၊ မောဟ**။ အဲဒါ သစ္စာ။ တကယ်မှန်တဲ့ သစ္စာတရားပါပဲ။

ဘုန်းကြီးတို့ ပြောဖူးပါတယ်။ သစ်ပင်တစ်ပင် ပေါက်လာတာဟာ မျိုးစေ့ရယ်၊ မြေရယ်၊ ရေရယ်ကြောင့် ပေါက်လာရတာ သေချာတယ်။ သစ်ပင် တစ်ပင် ပေါက်ရခြင်းရဲ့ မူလအကြောင်းအရင်းသည် သုံးခုပါ။ မျိုးစေ့ရယ်၊ မြေရယ်၊ ရေရယ် ပေါင်းသုံးမျိုးပါ။ မျိုးစေ့ချည်းသက်သက် မြေမပါ၊ ရေမပါဘဲနဲ့ မပေါက်နိုင်ပါဘူး။ မြေကြီးချည်းသက်သက် မျိုးစေ့ပါဘဲနဲ့ မပေါက်ဘူး။ ရေချည်းသက်သက် မြေမပါဘဲ မဖြစ်နိုင်ဘူး။ သုံးပါးစုံမှ အပင်ပေါက်တာ။ အပင်ဖြစ်တာ။

## သစ်တစ်ပင်နှင့် သတ္တဝါရဲ့ သံသရာဆိုတာ

**ကာရဏသမဂ္ဂိယ**၊ အကြောင်းတရားရဲ့ ပေါင်းဆုံညီညွတ်မှုကို ရှာတတ်ရမယ်။ အကြောင်းညီညွတ်မှုကို ရှာဖွေတတ်ရင် သဘောကျလက်ခံရင် ဟို... ဝိသုဒ္ဓိ ခုနစ်ပါးထဲက **ကင်္ခါဝိတရဏဝိသုဒ္ဓိ**လို့ ခေါ်တဲ့ ယုံကြည်မှုတွေ ရှင်းသွားပြီလေ။ ဘာကြောင့်ဖြစ်သလဲ။ ဟိုဟာကြောင့်လား၊ ဒါကြောင့်လား- စတဲ့ ယုံမှားမှုတွေကို သိသွား ကျော်လွန်သွားအောင် အကြောင်းမှန်ကို ရှာတတ်ရမယ်။ အကြောင်းမှန်ကို ရှာဖွေတတ်တဲ့ ဉာဏ် မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီ ဝိသုဒ္ဓိဉာဏ်ကို မရရှာတဲ့အတွက်ကြောင့် ပင်ပန်းနေကြရတာ။ (ဆင်းရဲနေကြရတာ။)

သစ်ပင်တစ်ပင် ပေါက်ခြင်းသည် မျိုးစေ့ရယ်၊ မြေရယ်၊ ရေရယ် အကြောင်းသုံးပါး။ မျိုးစေ့ကို မြေပေါ်မှာချပါ။ အဲဒီမြေဟာလည်း အခြောက် တိုင်းတော့ မဖြစ်စေနဲ့။ အစိုဓာတ် ရှိရမယ်။ မြေဩဇာလည်း ရှိတယ်၊ အစိုဓာတ်လည်း ရှိတယ်။ သုံးခုပေါင်းလိုက်တော့ အစို့ညှောက်လေး ထွက်လာတယ်တဲ့။

အစို့ညှောက်လေးကနေ ကောင်းကင်ကိုတက်ပြီး မြေကြီးထဲမှာ တော့ အမြစ်တွယ်တယ်။ မြေကြီးထဲမှာ အမြစ်တွယ်တယ်။ ကောင်းကင်မှာ အစို့အညှောက် ထွက်လာတယ်။ (၂)ချက်မှတ်ထား။ နောက် အဲဒီ အစို့ အညှောက်ကလေးကို မြေဓာတ်၊ ရေဓာတ်နဲ့ အဆက်မပြတ် ဆက်စပ် ပေးလိုက်တော့ ပင်စည်ကလေး ဖြစ်လာတယ်။ ရေဓာတ်၊ မြေဓာတ်နဲ့ ဆက်စပ်ပေးထားတဲ့ ပင်စည်လေးကနေ အကိုင်းအခက်လေးတွေ ဖြစ်လာ တယ်။

ရေဓာတ်၊ မြေဓာတ် ဆက်ပြီးပေးတော့ အကိုင်းအခက်ထဲကနေ အသီးအပွင့်တွေ ဖြစ်လာရတယ်။ အသီးအပွင့်တွေ ဖြစ်လာပြီဆိုရင် အဲဒီ အသီးအပွင့်ကနေ မျိုးစေ့တွေ ပြန်ပြီးဖြစ်လာရလိမ့်ဦးမယ်။ အဲဒီ မျိုးစေ့ကို မြေနဲ့ရေနဲ့ ပြန်ပေါင်းရင် အစို့အညှောက်လေး ပြန်ပြီးဖြစ်လာဦးမှာပဲ။

အစို့အညှောက်ကနေ ပင်စည်၊ ပင်စည်ကနေ အကိုင်းအခက်၊ အကိုင်းအခက်ကနေ အသီးအပွင့်၊ အသီးအပွင့်က တစ်ခါ မျိုးစေ့ပြန် ကျတော့ အပင်ပြန် ပေါက်ပြန်တယ်။ အပင်ကနေ အသီး၊ အသီးကနေ မျိုးစေ့၊ မျိုးစေ့ကနေ အပင်ဆိုပြီးတော့ သံသရာလည်နေတာ မဟုတ်လား။ သစ်တစ်ပင်ရဲ့ သံသရာတဲ့။ မြင်သာပါတယ်။

သစ်တစ်ပင်ရဲ့ သံသရာ မြင်သာပါလျက်နဲ့ မမြင်သာတဲ့အကြောင်း တွေကို လိုက်ပြီးရှာလိုက်တော့ မပါတဲ့အကြောင်း ဖြစ်နေတယ်။ အဲဒီလို သိသာထင်ရှားတဲ့ အကြောင်းတွေကို ဖယ်ထားပြီးတော့ မမြင်သာတဲ့ အကြောင်းတွေကို လိုက်ရှာပြီး တစ်ယောက်ယောက်ကများ ဖန်ဆင်းထား တာလားဆိုပြီး မမှန်တဲ့ အကြောင်းကို ယူရင် အဲဒါကို **ဝိသမဟေတုက ဒိဋ္ဌိ** လို့ ခေါ်တယ်။ အကြောင်းတရားကို ပြောတော့ပြောတယ်။

အဲဒီပြောတဲ့ အကြောင်းတရားဟာ မမှန်ကန်တဲ့အတွက်ကြောင့် အဲဒါကို **ဝိသမ ဟေတုကဒိဋ္ဌိ** လို့ ခေါ်တာ။ အခု တို့ပရိသတ်က

ဝိသမဟေတုကဒိဋ္ဌိ ရှင်းနေတယ်။ အကြောင်းတရားအမှန်ကို လက်ခံထားတယ်။ အပင်တစ်ပင်ရဲ့ အကြောင်းရင်းသည် မျိုးစေ့၊ မြေကြီး၊ ရေ ဟုတ်လား။ မျိုးစေ့ကို မြေမှာချ၊ ရေကလေး လောင်းပေးတော့ အစို့ အညှောက်ကလေး ထွက်လာ၊ မြေကြီးထဲက အမြစ်ကလေးတွယ်၊ မြေဓာတ်နဲ့ ရေဓာတ်ဆက်ပေး၊ နောက် အတော်လေးကြာတော့ မျိုးစေ့ကလေးဟာ ကြေမွပျက်စီးသွားပြီး အပင်တစ်ပင် တင်ကျန်ရစ်ခဲ့တယ်။

မျိုးစေ့ကလေးဟာ မပျက်စီးဘဲနဲ့ အပင်ထဲ ဝင်သွားသလားဆိုတော့ မဟုတ်ပါဘူး။ (အပင်ထဲလည်း မသွားခင်၊ မြေကြီးထဲမှာ အောင်းပြီး ကျန်ရစ်တာ။) မျိုးစေ့ဟာ ပျက်စီးခဲ့ပြီ၊ အပင်တော့ ဖြစ်ပေါ်ခဲ့ပြီ။

ပရိသတ်အပေါင်း သူတော်ကောင်းတို့... စေတနာဆိုတဲ့ **ကံတရားသည် မျိုးစေ့ပါပဲ**။ တဏှာဆိုတဲ့ **လောဘတရားကတော့ မြေဆီ မြေလွှာ မြေဩဇာ** ဖြစ်ပါတယ်။ အဝိဇ္ဇာဆိုတဲ့ **မောဟတရားကတော့** ရေလောင်းတာနဲ့ တူပါတယ်။ **အဝိဇ္ဇာ**ရယ်၊ **တဏှာ**ရယ်၊ **ကံ**ရယ် ပေါင်း သုံးခုပါ။ **ကံ**ဆိုတာ **မျိုးစေ့**၊ **တဏှာ**ဆိုတာ **မြေကြီး**၊ **အဝိဇ္ဇာ**ဆိုတာ **ရေလောင်းတာ**။

ဒကာ၊ ဒကာမအပေါင်းတို့... ဒီကနေ့ လှူကြတယ်။ ဘယ်သူက လှူသလဲဆိုတော့ စေတနာကလှူတာပါ။ အဲဒီ စေတနာထဲမှာ တဏှာက ဘယ်လိုပါတတ်သလဲဆိုတော့ ဒီ စေတနာဆိုတဲ့ ကံကို ငါတို့ပြုရတဲ့ အတွက်ကြောင့် အဲဒီကံရဲ့ အကျိုးတွေကို ခံစားဖို့ဆိုတဲ့ မျှော်လင့်ချက်လေး ပါလာတယ်။ အဲဒီလို မျှော်လင့်ခြင်းသည်ပင် တဏှာပါပဲ။ ခံစားဖို့ စံစားဖို့သည် တဏှာပါ။ **ခံစားရတာ- စံစားရတာက ဝေဒနာ။ ခံစားဖို့ စံစားဖို့** မျှော်လင့်တာက **တဏှာ။ ခံစား စံစားဖို့** လုပ်တာက **စေတနာ**။ အဲဒါ မြတ်ဗုဒ္ဓရဲ့ သစ္စာတရားပဲ။

အဘိဓမ္မာဆိုတာ စာအုပ်ထဲက မှတ်တမ်းပါ။ တကယ်တော့ အဘိဓမ္မာက ခန္ဓာထဲမှာပဲ။ စေတနာတွေ၊ တဏှာတွေဆိုတာ စာအုပ်ထဲမှာ မရှိဘူး။ ရေးထားတာ မှတ်ထားတာပဲရှိတာ။ သိမ်းထားတာ။ သိုက်ညွှန်းစာ တစ်ခုကို ဖတ်ပြီး အဲဒီ သိုက်ညွှန်းအတိုင်း တူးလိုက်တော့ ရွှေတွေ ငွေတွေ ရသလိုပါပဲ။ ထို့အတူ တို့ပရိသတ်ကြီးလည်းပဲ အဘိဓမ္မာဆိုတဲ့ သိုက်

ညွှန်းစာကို ဖတ်ပြီးတော့ ခန္ဓာဆိုတဲ့ သိုက်ကြီးမှာ တူးကြရင် သစ္စာတရားကို တွေ့ကြရမယ် ဟုတ်လား။

အခု စေတနာကို ရလာပြီ။ ဒါဟာ ပရမတ္ထသစ္စာ။ ဝေဒနာကို ရလာပြီ ပရမတ္ထသစ္စာ။ တဏှာကို ရလာပြီ ပရမတ္ထသစ္စာ။ ခံစားချင် စံစားချင်တာက တဏှာ။ ခံစား စံစားဖို့လုပ်တာက စေတနာ။ ခံစား စံစားချင်တာက ဝေဒနာတဲ့။ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာဆိုတာ ဘုန်းကြီးတို့ ပရိသတ် ထပ်တလဲလဲ ကြားပြီးသားပါ။ ခန္ဓာငါးပါးလုံးတောင် ဒုက္ခဆိုရင် ခန္ဓာလေးပါး၊ သုံးပါး၊ နှစ်ပါး၊ တစ်ပါး အကုန်လုံး ဒုက္ခချည်းပဲ။

## တရားခံကို သစ္စာနဲ့ ရှာကြစို့

ခံစား၊ စံစားတဲ့ ဝေဒနာ ဝေဒနာက္ခန္ဓာသည် ဒုက္ခသစ္စာ။ လူ့ချမ်းသာကို လူက ခံစားတာမဟုတ်ဘူး။ ဝေဒနာက ခံစားတယ်။ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကို နတ်တွေ၊ ဗြဟ္မာတွေ မခံစားဘူး။ ဝေဒနာက ခံစားတယ်။ ဝေဒနာကို လူလို့ထင်နေရင်၊ ဝေဒနာကို နတ်လို့ထင်ရင်၊ ဝေဒနာကို ဗြဟ္မာလို့ထင်ရင် (**ဝေဒနံ အတ္တတော သမနုပဿတိ**) ဝေဒနာကို အတ္တဟု ထင်နေခြင်းကြောင့် အဲဒါဟာ ဒိဋ္ဌိဖြစ်တယ်။ ခံစား စံစားဖို့ တောင့်တတာက တဏှာက တောင့်တတာ။ တဏှာက တောင့်တတာ ဖြစ်ပါလျက်နဲ့ “ငါတောင့်တတယ်၊ ငါတောင့်တတာ ငါရတယ်” လို့ ဆိုခဲ့ရင် (**တဏှံ အတ္တတော သမနုပဿတိ**) တဏှာကို အတ္တလို့ဆိုခြင်းကြောင့် ဒါလည်းပဲ ဒိဋ္ဌိ မဟုတ်လား။

ခံစားဖို့ စံစားဖို့ကို ဘယ်သူလုပ်သလဲဆိုတော့ စေတနာက ဒီကံတွေကို လုပ်တယ်။ စေတနာက ကံကို လုပ်ပါလျက်နဲ့ “ငါလုပ်တာ” လို့ဆိုရင်တော့ (**စေတနံ အတ္တတော သမနုပဿတိ**) စေတနာကို အတ္တလို့ ဆိုခြင်းကြောင့် ဒါလည်းပဲ ဒိဋ္ဌိပါပဲ။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက အဲဒီ ဒိဋ္ဌိကို ပယ်ရှားဖို့ရာ အတွက်တဲ့ သစ္စာကို ရအောင်ယူရမှာ။

ကံကိုပြုတာက စေတနာ၊ ခံစားတာက ဝေဒနာ၊ တောင့်တတာက တဏှာ၊ ခံရ စံရတဲ့ ဝေဒနာဟာ ဒုက္ခပါတကားလို့ သိဖို့လိုအပ်တယ်။ ခန္ဓာ ငါးပါးဟာ ဒုက္ခအစုသာဖြစ်တယ်ဆိုရင် ဝေဒနာတစ်ခုတည်းလည်းပဲ ဒုက္ခပဲ။ အဲဒီ ဒုက္ခအမှုကို မသိခြင်းဟာ အဝိဇ္ဇာဖြစ်တယ်။ **ဒုက္ခေ အညာဏံ**၊

ဒုက္ခကို မသိခြင်းသည် အဝိဇ္ဇာတရားပါ။ အဲဒါဟာ ရေလောင်းတာပါပဲ။ ခံစားချင်တဲ့၊ စံစားချင်တဲ့ တောင့်တမှု မြေကြီးပေါ်မှာ စေတနာဆိုတဲ့ မျိုးစေ့ကို ကြဲပြီးတော့ ခံရတဲ့၊ စံရတဲ့ ဝေဒနာဒုက္ခမှ မသိတဲ့ အဝိဇ္ဇာက ရေလောင်းတယ် ဟုတ်လား။

တဏှာဆိုတဲ့ မြေကြီးပေါ်မှာ စေတနာဆိုတဲ့ မျိုးစေ့ကို ကြဲပြီးတော့ အဝိဇ္ဇာရေလောင်းလိုက်တော့ ဇာတိဆိုတဲ့ ခန္ဓာအပင်တစ်ပင် ပေါက်လာပြန်တယ်။ ဇာတိဆိုတဲ့ ခန္ဓာအပင်ညွှန့်ကလေး တက်လာတယ်။ ဇာတိဆိုတဲ့ ခန္ဓာ အညွှန့်ပေါက်လာရင် အောက်ခြေမှာ အမြစ်က တွယ်မယ်။ အမြစ် ဘယ်လို တွယ်သလဲ ကြည့်လိုက်။ ဇာတိဆိုတဲ့ ဘဝတစ်ခုရဲ့ အစဆုံးဖြစ်တဲ့ ပဋိသန္ဓေစိတ်ကလေး ဖြစ်လို့လည်းပြီးရော အဲဒီ ပဋိသန္ဓေစိတ်ရဲ့နောက် နားမှာ လောဘဇောလို့ ခေါ်တဲ့ ဖြစ်နေတဲ့ဘဝကို တွယ်တာပြီး ဖက်ထားပြီး ကြိုက်လိုက်ပြီဆိုတဲ့ ဘဝကို ကြိုက်နှစ်သက်တဲ့ ဘဝနိကန္တိက လောဘဇော စိတ် ခုနစ်ကြိမ် ဖြစ်လာတယ်။ အဲဒါဟာ အမြစ်တွယ်တာပါပဲ။

ခန္ဓာငါးပါး ထင်ထင်ရှားရှား ဖြစ်တာဟာ အညှောက်ကင်းတာ ပါပဲ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အဇ္ဈတ္တိက အာယတန ခြောက်ပါးရတာကတော့ ခက်မကြီးတွေ ထွက်လာတာပါ။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ဆိုတဲ့ အာရုံခြောက်ပါး ခံစားတာ ကတော့ အသီးအပွင့်တွေ သီးတာ ပွင့်တာ။ အာရုံခြောက်ပါးက အသီးအပွင့် မျက်စိ စတဲ့ ခြောက်ပါးဆိုတာက အကိုင်းအခက်။ ခန္ဓာက ပင်စည်။ အဲဒီခန္ဓာဖြစ်တဲ့ ပင်စည်ကို ကြိုက်နေတဲ့ ဘဝနိကန္တိက လောဘဇောစိတ်က အမြစ်ကုပ်ထားတာ။ ဒီလို သွားကြတာ။ အဲဒါ သစ္စာတရားပဲ။

## မျိုးစေ့ဟာ အပင်ထဲ လိုက်သွားသလား

အဝိဇ္ဇာ၊ တဏှာ နှစ်ပါးဟာ သမုဒယသစ္စာပါ။ ခံစားတတ်တဲ့ ဝေဒနာက ဒုက္ခသစ္စာပါ။ အဲဒါကြောင့် မြတ်ဗုဒ္ဓက "သစ္စာလေးပါးကို မသိကြ သေးတဲ့ သတ္တဝါတွေဟာ ကိုးကွယ်ရာကို ရှာနေကြတယ်"လို့ ပြောတယ်။ သဘောပေါက်လား။

နောက်တစ်ခု ကျန်သေးတယ်။ အပင်ကလေး ထင်ရှားဖြစ်ပြီး တော့ မျိုးစေ့ကလေးဟာ ပျက်ပြီး ဆွေးသွားတယ်။ မျိုးစေ့ကလေးဟာ

အပင်ထဲလည်း ဝင်မသွားဘူး။ မြေကြီးထဲလည်း အောင်းမသွားဘူး။ မှန်ရဲ့လား။ အဲဒါကြောင့် အဲဒါနဲ့ပတ်သက်လို့ ဒီလိုအမေးလေးတွေ ဘုန်းကြီးကို အမေးခံရဖူးတယ်။ ဘယ်လိုလဲဆိုတော့...

"ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေက ပြောတယ်။ ခန္ဓာငါးပါးဟာ အနိစ္စလို့ ပြောကြပါတယ်၊ ဟုတ်ပါရဲ့လား"

"ဟုတ်တယ်၊ ခန္ဓာငါးပါးဟာ အနိစ္စပဲလို့ ပြောပါတယ်"

"စေတနာတွေ၊ ကံတွေဟာလည်း အနိစ္စထဲ မပါဘူးလား"

"ပါတာပေါ့။ သင်္ခါရက္ခန္ဓာဟာလည်း အနိစ္စပဲပေါ့"

"စေတနာ ကံတွေဟာ အနိစ္စထဲ ပါတယ်ဆိုတော့ ဘယ်လိုလုပ်ပြီး ဘဝအသစ်မှာ ဇာတိ ဖြစ်နိုင်မှာလဲတဲ့။ ဟုတ်လား။ ဒါ သူတို့ရဲ့ မေးခွန်းပေါ့။ ခန္ဓာငါးပါးဟာ အနိစ္စရောက်ပြီလို့ဆိုရင် ဘဝသစ် ခန္ဓာသစ်ကို ဘယ်လိုလုပ်ပြီး ဘာကဖြစ်မှာလဲ။ မပျက်မစီးဘဲနဲ့ တစ်ခုခု ကျန်ရစ်ရမယ်" ဒီလို တွေးကြတာ။

ဟောဒီ ခန္ဓာကြီး ပျက်သွားပြီးရင် ဝိညာဉ်ကလေးတစ်ခု (သို့မဟုတ်) စိတ်ကလေး စေတနာလေး တစ်ခုခုက မပျက်ဘဲနဲ့ ကျန်ရစ်ပြီး ဟိုဘက်ဘဝထဲကို ကူးပြီးဝင်သွားတာ ဖြစ်ရမယ်။ အဲဒီလိုလာတာ။ အတ္တဒိဋ္ဌိကလေးပေါ့။

မျိုးစေ့ဟာ အပင်ပေါက်ပြီးရင် အဲဒီအပင်ထဲ လိုက်ပါသွားသလား။ မပါဘူး။ စေတနာဆိုတဲ့ ကံဟာ အနိစ္စတော့ ရောက်ပြီးပြီ။ ခန္ဓာဆိုတဲ့ အပင်ကို ပေါက်စေတယ်။ မျိုးစေ့နဲ့ အပင်လိုပဲ ဟုတ်လား။ ဘဝသံသရာ ကူးဆက်တဲ့ သဘောကို ဒီလိုပဲလို့ စဉ်းစားရမယ်။ အဲဒီလို မစဉ်းစားနိုင်ရင် ဒီဘက်က ဝိညာဉ်တစ်ခုဟာ ဟိုဘက် ခန္ဓာထဲကို ပြောင်းသွားတာ။ ဟိုဘက်ခန္ဓာကြီး ပျက်ပြန်တော့ နောက်ခန္ဓာကြီးထဲကို ပြောင်းသွားတာလို့ ဒီလိုကြီး ထင်နေတာ။ ခန္ဓာ မပျက်တစ်ခု ပျက်တစ်ခု ဖြစ်နေတော့ ဧကစ္စသဿတဒိဋ္ဌိကြီး ဖြစ်နေရော။ ဒီဝိညာဉ်လေးဟာ ဟိုခန္ဓာပြောင်းရင် လိုက်ပြောင်းတယ်ဆိုတော့ ဒီလို ယူဆတာက အတ္တဒိဋ္ဌိ ဖြစ်နေပြန်တယ်။

မျိုးစေ့က အပင်ကို ဖြစ်စေတာတော့ မှန်တယ်။ အဲဒီ အပင်ထဲကို မျိုးစေ့ ပါမသွားဘူး။ မြေကြီးထဲမှာလည်း မျိုးစေ့ဟာ ကျန်လည်း ကျန်မနေ

ရစ်ပါဘူး၊ ဟုတ်လား။ ဒီဘဝမှာ ပြုခဲ့တဲ့ ကံတွေဟာ ပျက်စီးခဲ့တာတော့ မှန်တယ်။ ဒီဘက်လည်း မကျန်ဘူး၊ ဟိုဘက်လည်း မကျန်ဘူး။ ကူးလည်း မသွားဘူး။ ဒါပေမဲ့ စေတနာမျိုးစေ့က တဏှာမြေကြီးပေါ်ကို ကျပြီး အဝိဇ္ဇာ ရေလောင်းပြီးတော့ ခန္ဓာတည်၊ အပင်တစ်ပင်ပေါက်တာ။ အပင် ပေါက်လာရင် ဘာဖြစ်လဲဆိုတော့ အပင်ထင်ထင်ရှားရှား ဖြစ်လာရင် ခက်မကြီးတွေ ထင်ထင်ရှားရှား ဖြစ်လာတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ ဒီ ခြောက်ခုက ခက်မကြီး ဖြစ်လာတာ။ မျက်စိရှိရင် ရူပါရုံကို ကြည့်မယ်။ နားရှိရင် သဒ္ဒါရုံကို ကြားရမယ်။ အာရုံခြောက်ပါးက အသီးအပွင့်တွေ။

**အစရှာမရတာ ဒီသံသရာ**

**အနာဒိကံ ဘဝစက္ကံ၊ ဝိတကာရကဝေဒကံ။**

**နိစ္စသုခ သုဘတ္တေဟိ၊ သုညံ ပဿေ ပုနပ္ပုနံ။**

**ဣဒံ ဘဝစက္ကံ၊** ဘဝများမြောင် ဒုက္ခဆောင်လျက် အခေါင် ရှည်ကြာ သံသရာဘက်ယွန်း ဤစက်ဝန်းသည်ကား။ **အနာဒိ ဝတ၊** ကမ္ဘာ့ ကမ္ဘာအစရှာလည်း ရစရာပိုင်ပိုင် မရှိနိုင်ပါပေစွတကား။ **ဝိတကာရက ဝေဒကံ၊** (ကာရကလည်း မရှိဘူး၊ ဝေဒကလည်း မရှိဘူးတဲ့။ ပိုရှင်းအောင် ပြောရရင်တော့ ပြုမယ့်သူလည်း မရှိဘူး၊ ခံရသူလည်း မရှိဘူးပေါ့။)

**ဝိတကာရက ဝေဒကံ၊** သူပြုတီဖန် သူခံစံဟု ဆိုရန်အတ္တ အရ အလျဉ်းကင်းလေစွတကား။ တန်ခိုးရှင် မရှိဘူး။ ခံသူ သတ္တဝါ မရှိဘူး။ စေတနာက ပြုသမျှ ဝေဒနာကခံတယ်။ ဒီလို အတိုချုပ် မှတ်ဖို့ပါ။ အဝိဇ္ဇာ၊ တဏှာ၊ ကံ အကြောင်းသုံးပါး ပေါင်းမိသမျှတော့ ခန္ဓာဓာတ်ဆိုတဲ့ အပင် တွေပေါက်မယ်လို့ ဒီလို မှတ်ဖို့ပါပဲ။ ဟုတ်လား။

အဲဒါကြောင့် အဝိဇ္ဇာ၊ တဏှာ နှစ်ပါးသည် သမုဒယသစ္စာ။ ဖြစ်ပေါ်တဲ့ ခန္ဓာက ရုပ်ခန္ဓာ။ အဝိဇ္ဇာ၊ တဏှာ နှစ်ပါးက ကိလေသာဝဋ်၊ စေတနာက ကမ္မဝဋ်၊ ခံစားတဲ့ စံစားတဲ့ ဝေဒနာက ဝိပါကဝဋ်။ ပေါင်းတော့ ဝဋ်သုံးပါး။ ဒီလိုသွားကြတာနော်။ အဲဒါကြောင့်...

**ဝိတကာရကဝေဒကံ၊** သူပြုတယ် သူစီမံတယ် သူခံတယ် သူစံတယ်လို့ဆိုရတဲ့ အတ္တအကျဉ်း ကင်းလေစွတကား။ အတ္တ လုံးဝ

မရှိဘူးတဲ့။ ဇီဝအတ္တလည်း မရှိဘူးတဲ့။ ပရမတ္တ အတ္တလည်း မရှိဘူး။ ဇီဝအတ္တ ဆိုတာက ဖန်ဆင်းခံတဲ့ အတ္တကို ပြောတာ။ ပရမတ္တအတ္တဆိုတာ ဖန်ဆင်းရှင်ဖြစ်တဲ့ အတ္တကိုခေါ်တာ။ အဲဒီ အတ္တနှစ်မျိုးစလုံး မရှိပေဘူး။

**နိစ္စသုခ သုဘတ္တေဟိ**၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နော တင့်တယ်သော သဘောတို့မှလည်း။ **သုညံ**၊ မရှိလုံးလုံး ဆိတ်သုဉ်း၍ နေခဲ့ပါပေတော့သည်တကား။

မျိုးစေ့ကလေးဟာ အပင်ဖြစ်ပြီးရင် ဒီမျိုးစေ့သည် ပျက်သွားတာပဲ။ အဲဒီအပင်ကြီးဟာ အသီးတွေ ကောင်းစွာသီးပြီးပြီဆိုရင် ဒီအပင်ကြီးလည်း ပျက်တာပါပဲ။ အပင်က ပျက်သွားပေမယ်လို့ မျိုးစေ့ပျက်ပြီ မမှတ်နဲ့။ အသီးကနေ မျိုးစေ့ချန်ထားခဲ့တာ မပျက်သေးဘူး။ အဲဒါကြောင့် . . .

**နိစ္စသုခသဘာဝေဟိ**၊ မြဲရာတစ်ချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်မျိုး စိုးပိုင်သော သဘောတို့မှလည်း။ **သုညံ**၊ မရှိလုံးလုံး ဆိတ်သုဉ်း၍ နေခဲ့ပါပေတော့သည်တကား။ **ဣတိ**၊ ဤသို့။ **ပုနပ္ပုနံ**၊ တစ်နေ့တစ်ရက် တစ်နံနက်မျှ မကစိတ်စွဲ ထပ်ပြန်တလဲလဲသာလျှင်။ **ပဿေ (ပဿေယျ)**၊ မိဋ္ဌာန်မြင့်မြင့် နိဗ္ဗာန်ပွင့်အောင် မလင့်ပုံသော ရှုစား သင့်ပါပေတော့သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ကမ္ဘာတည်သူက အဝိဇ္ဇာ၊ တဏှာ၊ ကံ
## ဖျက်သူက လော၊ ဒေါ၊ မော၊
## ထိန်းသူက ကံ၊ စိတ်၊ ဥ၊ အာ

ပရိသတ်အပေါင်း သူတော်ကောင်းတို့ . . . ဟောဒီ လူ့လောကကြီးကို ဘယ်သူတည်ဆောက်သလဲ တွေ့ပြီလား။ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ်တဲ့။ ဒီသုံးခုက တည်ဆောက်တာ။ အဲဒီလောကကြီးကို ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေနဲ့ ထိန်းထားရတာ ဟုတ်လား။

အဲဒီလို ကံနဲ့လည်း မထိန်းနိုင်တော့ဘူး၊ စိတ်နဲ့လည်း မထိန်းနိုင်တော့ဘူး၊ ဥတု၊ အာဟာရတွေနဲ့လည်း မထိန်းနိုင်တော့ဘူးဆိုရင် ကမ္ဘာကြီးပျက်တော့မှာ။

အဲဒီလို မထိန်းနိုင်အောင် ဖောက်ပြန်ရတာက ဘာကြောင့်လဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းမိုးလာလို့ပဲ။ အဲဒီ အကုသိုလ်တရားတွေ လွှမ်းမိုးလာပြီဆိုရင် ကံနဲ့လည်း ထိန်းမရ၊ စိတ်နဲ့လည်း ထိန်းမရ၊ ဥတုနဲ့လည်း ထိန်းမရ၊ အာဟာရနဲ့လည်း ထိန်းလို့ မရတော့ဘဲ ကမ္ဘာကြီးပျက်တော့တာပဲ။ ကမ္ဘာကို ဖျက်တာက **လောဘ၊ ဒေါသ၊ မောဟ**။ ကမ္ဘာကို တည်ဆောက်တာက **အဝိဇ္ဇာ၊ တဏှာ၊ ကံ**။ ကမ္ဘာကို ထိန်းတာက **ကံ၊ စိတ်၊ ဥတု၊ အာဟာရ**။ ဒါဟာ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ သစ္စာတရားပါ။

အဲဒီ သစ္စာတရားကို မရတဲ့သူတွေဟာ ဒီလောကကို ဖန်ဆင်းတာက ဗြဟ္မာ၊ ထိန်းသိမ်းတာက ဗိဿနိုး၊ ဖျက်ဆီးတာက သျှိဝ ဖြစ်တယ်လို့ ဒီလို မြင်လာတယ်။

ဗုဒ္ဓမပွင့်ပေါ်မီကတည်းက ရှိနေတဲ့ ဘာသာရေးဝါဒတစ်ခုပါ။ အဲဒီ ဟိန္ဒူဘာသာ မပေါ်ခင် ရှေးတုန်းက ကျွဲကိုလည်း ရှိခိုးရ၊ ကျားကိုလည်း ရှိခိုးရ၊ တောတောင်တွေကို ရှိခိုးရနဲ့ နေ၊ လ၊ နက္ခတ်၊ တော၊ တောင်၊ ရေ၊ မြေ၊ ပင်လယ်၊ သမုဒ္ဒရာ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း တိရစ္ဆာန်၊ နတ်၊ နဂါး စတာတွေကို အများကြီး လျှောက်ပြီး ကိုးကွယ်နေကြတာ။ အဲဒါကို ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓက...

**နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။**

**နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**ဘိက္ခဝေ**၊ ရဟန်းတော်များ အိုချစ်သားတို့။ **တေံ သရဏံ**၊ ထိုကဲ့သို့သော ကိုးကွယ်ရာသည်။ **န ခေမံ**၊ ဘေးရန်မကင်းပေဘူး။ အဲဒါတွေကို ကိုးကွယ်တာဟာ ဘေးမကင်းဘူးတဲ့။ **ဧတံ သရဏံ**၊ ထိုကဲ့သို့သော ကိုးကွယ်ရာ အမျိုးမျိုးသည်။ **န ဥတ္တမံ**၊ မွန်မြတ်တဲ့ မြင့်မြတ်တဲ့ ကိုးကွယ်ရာတွေ မဟုတ်ကြဘူးတဲ့နော်။

ဘုန်းကြီးတို့ စောစောက ပြောခဲ့ပါတယ်။ ကမ္ဘာကို ဖျက်တာ သျှိဝနတ်မင်းကြီးလို့ဆိုပြီး ကြောက်ကြလို့ သျှိဝနတ်မင်းကြီးကို အမျိုးမျိုးတင်ပြီး ပူဇော်ကြတယ်။

နောက်ဆုံး အမျိုးသမီးကိုပါတင်ပြီး ပသကြတဲ့ အဆင့်ကို ရောက်သွားရတယ်။ အမျိုးသမီး ချောချောလှလှလေးတွေရှိရင် သျှိဝနတ်မင်းကြီးကို လှူရမယ်၊ ပူဇော်ရမယ်၊ ဒီလိုတွေဖြစ်လာတယ်။

## အိန္ဒိယမှာ မှားခဲ့ကြတာတွေ

လက်ချမီးတို့ စန္ဒြာဝတီတို့ဆိုတာ သျှီဝနတ်မင်းကြီးရဲ့ ဇနီးတွေပဲ။ မြန်မာပြည်မှာတော့ အဲဒီ စန္ဒြာဝတီခေါ် သူရဿတီက မယားငယ်၊ အဲဒီ မယားနှစ်ယောက်ဟာ မတည့်ကြလို့ ရန်ဖြစ်ကြလို့ဆိုပြီးတော့ သူရဿတီကို ဗြဟ္မာကြီးကို ပေးလိုက်တယ်။ ဗြဟ္မာကြီးဆီကိုရောက်တော့ ဗြဟ္မာကြီးက သူ့ရဲ့ လက်အောက်ခံ စစ်သူကြီးတွေကို ဧည့်ခံပွဲလုပ်ပြီး ဖိတ်ကြားထားတယ်။

စစ်သူကြီးတွေ စုံတဲ့အခါမှာ သူ့ရဲ့ဇနီး သူရဿတီကို လာပြီး ဧည့်ခံဖို့ခေါ်တဲ့အခါမှာ သူရဿတီဟာ အလှပြင်လို့မပြီးသေးတာကြောင့် အတော်နဲ့ ထွက်မလာနိုင်သေးဘူး။ မလာနိုင်သေးဘဲ ကြာနေတော့ ဗြဟ္မာကြီးလည်း စိတ်ဆိုးပြီး သူရဿတီကို နှင်ထုတ်လိုက်တာ မြန်မာပြည်ကို ရောက်လာရော။ သူရဿတီရဲ့ အတ္ထုပ္ပတ္တိက အတော်ကို ရှုပ်တယ်နော်။ ဒါထက်ရှုပ်တဲ့ ဇာတ်လမ်းတွေ အများကြီးရှိသေးတယ်။

သျှီဝနတ်မင်းကြီးဆိုတာ ဖျက်ဆီးတဲ့ နတ်မင်းကြီးပါ။ ဒေါသကလည်းကြီး၊ ရက်စက်ကြမ်းကြုတ်မှုကလည်း ရှိတော့ သူကျေနပ်အောင်ဆိုပြီးတော့ အချောအလှတွေကို သူ့ဆီမှာ ပုံအပ်ထားကြရတာ။ အိန္ဒိယနိုင်ငံက အလှတွေဟာ သူ့ဆီမှာ စုပြီးနေတယ်နော်။ သူကလည်း အဲဒါမျိုးဆိုရင် ဝါသနာပါတယ်တဲ့။

ရာဂစရိုက် ကြီးမားတဲ့သူဆိုတော့ ကာမကို အလွန်ကြိုက်တယ်ပေါ့။ အဲဒီတော့ သူ့ရဲ့ပုံကို ထုလုပ်ကိုးကွယ်ကြတဲ့နေရာမှာ တချို့က အဲဒီနတ်မင်းကြီးရဲ့ ခေါင်းပိုင်းပုံကို ထုပြီး ကိုးကွယ်လိုက်ကြ၊ တချို့က လက်ချောင်းလေးတွေကို ထုပြီး ကိုးကွယ်ကြနဲ့ပေါ့။ တချို့ကျပြန်တော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ အရေးကြီးတဲ့ အစိတ်အပိုင်းကို ထုလုပ်ကိုးကွယ်တာပဲ။ ကောင်းပါတယ်လေ ဆိုပြီး အဲဒါကို ထုလုပ်ကိုးကွယ်ကြပြန်ရော။ အတော်ကို ခက်ခဲတဲ့ ဘာသာရေးပဲနော်။

အဲဒီတော့ အိန္ဒိယပြည်ကိုရောက်တဲ့အခါ တို့မြန်မာပြည်ကလို သိမ်တွေရဲ့ ဘေးနားက ကျောက်တိုင်လိုပုံစံမျိုး ကျောက်တိုင်လေးတွေကို စိုက်ထားကြတာကို တွေ့ရတယ်။ အမှတ်တမဲ့သာဆိုရင် ဒါဟာ နယ်နိမိတ်သတ်မှတ်ထားတယ်လို့ပဲ ထင်ရမှာ။

ရွာစွန်ရွာဖျား၊ အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြားတွေမှာ ချွန်ချွန်လုံးလုံးနဲ့ ကျောက်တိုင်လေးတွေကို တွေ့ရင် အဲဒါ သတိထားပေတော့။ အဲဒါဟာ တခြားမဟုတ်ဘူး။ အဲဒါပဲ။ ဒါဆိုရင် ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်လောက်ပါတယ်။

အဲဒါတွေကို ကုလားမတွေက နဖူးနဲ့တိုက်တိုက်ပြီး ရှိခိုးကြတာ၊ သူတို့များ ဖြစ်နေကြရပုံနော်။ အဲဒီလို သျှီဝနတ်မင်းကြီးရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကို ဒီလိုလုပ်ပြီး ကိုးကွယ်နေကြတော့ နောက်ပိုင်းကျတော့ သူ့ရဲ့ဇနီး လက္ခမီးလည်း ပါဦးမှဖြစ်မယ်ဆိုပြီး လက္ခမီးရဲ့ အစိတ်အပိုင်းတစ်ခုကိုလည်း အဲဒီလိုထုပြီးထားကြတယ်။ အဲဒီတော့ လက္ခမီးနဲ့ သျှီဝနတ်မင်းကြီးတို့ရဲ့ တစ်ကိုယ်လုံးပုံ မဟုတ်တဲ့ အစိတ်အပိုင်း အင်္ဂါပုံလောက်သာ ဖြစ်နေတော့ အဲဒါတွေကို အုတ်တိုင်သေးသေးလေးနဲ့ လှောင်ထားတယ်။ မသိသေးတဲ့ လူတွေက ဝင်ပြီးကြည့်တယ်။

ပြီးတော့ "အင်း... ဒီနေရာဟာ ဇော်ဂျီတွေ ဆေးကြိတ်တဲ့နေရာဖြစ်ရမယ်။ ဇော်ဂျီတွေဆေးကြိတ်တဲ့ ကျောက်ပြင်နဲ့ ကျည်ပွေ့ ဖြစ်လောက်တယ်" ဆိုပြီး ဗာရာဏသီမြို့ မိဂဒါဝုန်မှာက နံ့သာဖြူတွေ၊ နံ့သာနီတွေက အလွန်ပေါဆိုတော့ အဲဒါတွေကိုဝယ်၊ ခုနက ကျောက်ပြင်မှာ ကြိတ်ပြီးတော့ နဖူးကို ပွတ်ကြတယ်။

မြန်မာပြည်က လူတချို့ စောစောပိုင်းကာလတွေတုန်းက အဲဒီ သွားကြတော့ လူးတယ်လို့ ကြားရတယ်။ အခုမှ ဘုန်းကြီးက လျှောက်ပြောလို့ သိသွားကြတာ။ ဒီလိုပါပဲ။ လူတွေဟာ ပြောမယ့်လူမရရှိရင် မသိကြဘူးနော်။

နီပေါနိုင်ငံမှာတုန်းက ဘုန်းကြီးတို့ကိုယ်တိုင်တောင်မှ မသိခင်က စိတ်ထဲမှာ တစ်မျိုးထင်မိတယ်။ ခတ္တမန္ဒူမြို့မှာ မနက် ၉ နာရီ ၁၀ နာရီလောက် ဘုန်းကြီးတို့ လမ်းလျှောက်ထွက်ကြည့်ကြတယ်။ ခတ္တမန္ဒူမြို့ဆိုတာ မြို့ကလေးက ကျဉ်းကျဉ်း၊ ရပ်ကွက်ကများများနဲ့ ဆင်းရဲသားတွေနေတဲ့ ရပ်ကွက်ကျဉ်းကျဉ်းလေးထဲကို ဘုန်းကြီးတို့ ရောက်သွားတော့ လမ်းထောင့်တိုင်း လမ်းထောင့်တိုင်းမှာ အဲဒီကျောက်တိုင်တွေကို တွေ့ရတယ်ဗျာ။ အဲဒါတွေကို နီပေါသူတွေက ပန်းရေချမ်း၊ ဆီမီးတွေနဲ့ ပူဇော်လို့ နဖူးနဲ့တိုက်ပြီး ရှိခိုးနေကြတာ။

ဘုန်းကြီးရဲ့စိတ်ထဲမှာ စဉ်းစားမိတယ်။ "နီပေါနိုင်ငံသူတွေ တော်လိုက်ကြတာ၊ တစ်အိမ်နဲ့တစ်အိမ် နယ်နိမိတ်ကို ကျောက်တိုင်စိုက်ပြီး သတ်မှတ်ထားကြတယ်" လို့ ထင်မိတယ်။ နောက်တော့ အမွှေးနံ့သာတွေ တင်ပြီးတော့ နဖူးနဲ့ ဦးတိုက်နေတာတွေ့ရတယ်။ သိချင်တာနဲ့ နီပေါက ဆရာတော်တွေကို မေးကြည့်လိုက်တော့မှ အဲဒါဖြစ်နေတယ်။

အဲဒီတော့မှ သဘောပေါက်သွားတယ်။ ဖြစ်ပုံများနော်။ ဘုန်းကြီး တောင် နည်းနည်းမှားသွားသေးတာ။ နောက်မှ အဲဒါဖြစ်နေမှန်း သိရတယ်။ ဒါကြောင့် ဒီပါဠိတော်လေးဟာ အလွန်အဖိုးတန်တယ်။

**နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။**

**နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**တော၊** ထိုကိုးကွယ်ရာ အမျိုးမျိုးသည်။ **န ခေမံ၊** ဘေးရန်မကင်း ဘူးတဲ့။ **တော် သရဏံ၊** ထိုကဲ့သို့ ကိုးကွယ်ရာအမျိုးမျိုးသည်။ **န ဉတ္တမံ၊** မြင့်မြတ်တဲ့ ကိုးကွယ်ရာမဟုတ်ကြဘူးတဲ့။ ဒီလို မြတ်ဗုဒ္ဓက ဟောတော့ ဒီအဓိပ္ပာယ်ကိုရှင်းအောင် ဘုန်းကြီးတို့က ကျောက်တိုင်ကြီးတွေရဲ့ အကြောင်းကို ရှင်းပြတာပါ။

**တော် သရဏံ၊** ထိုကဲ့သို့သော ကိုးကွယ်ရာ အမျိုးမျိုးတွေကို။ **အာဂမ္မ၊** အကြောင်းပြု၍။ (**သဗ္ဗေ၊** အလုံးစုံကုန်သော။ **သတ္တာ၊** နတ်လူပြဟ္မာ သတ္တဝါအနန္တတို့သည် ဒုက္ခဖြစ်မှာကြောက်လို့ ကိုးကွယ်ကြတဲ့ သတ္တဝါတွေ သည်။) **သဗ္ဗဒုက္ခာ၊** အလုံးစုံသော ဒုက္ခအပေါင်းမှ။ **န ပမုစ္စတိ (န ပမုစ္စန္တိ)၊** ဘယ်တော့မှ ဘယ်လိုနည်းနဲ့မှ မလွတ်မြောက်နိုင် ကြလေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား

## သစ္စာဉာဏ်နဲ့ ဝင်လာတဲ့ ဗုဒ္ဓဘာသာ

ဘာသာရေး စတင်လာပုံကို ဘုန်းကြီးတို့ပရိသတ် ခန့်မှန်းလို့ရပြီ နော်။ ကြောက်တဲ့စိတ်က စတဲ့ ဘာသာရေး၊ ကြောက်စိတ်က လာတဲ့ ဘာသာရေးဟာ အဆင့်အတန်း မမြင့်ဘူး။ ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓက ကြောက်စိတ်တွေကို အကုန်ဖယ်ရှားပြီးတော့ သစ္စာဉာဏ်ကိုပဲ သွင်းပေး ပါတယ်။ ဘာဉာဏ်တဲ့လဲ။

"သစ္စာဉာဏ်ပါဘုရား"

**ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။**
**စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။**

သစ္စာဆိုတဲ့နေရာမှာ ပရမတ္ထသစ္စာရယ်၊ အရိယသစ္စာရယ်လို့ သစ္စာ နှစ်မျိုးရှိတယ်။ ဘဝကို တည်ဆောက်တာက အဝိဇ္ဇာ၊ တဏှာ၊ ကံတဲ့။ အဲဒါဟာ ပရမတ္ထသစ္စာအပိုင်းကို ပြောတာ။ အဲဒီ အဝိဇ္ဇာ၊ တဏှာ၊ ကံနဲ့ တည်ဆောက်တဲ့ဘဝမှာ ခံစားတာ စံစားတာက ဝေဒနာပါ။ အဲဒီ ဝေဒနာသည် ဒုက္ခသစ္စာဖြစ်တယ်။ အဝိဇ္ဇာနဲ့ တဏှာကတော့ သမုဒယ သစ္စာပါ။ ဒါကတော့ အရိယသစ္စာပိုင်းနဲ့စပ်လို့ ပြောပြတာပါ။ အဲဒီတော့ ပရမတ္ထသစ္စာရယ်၊ အရိယသစ္စာရယ်လို့ သစ္စာနှစ်မျိုးရတယ်။

**ယော**၊ အကြင်သူသည်။ **ဗုဒ္ဓဉ္စ**၊ ဘုရားရှင်ကိုလည်းကောင်း။ **ဓမ္မဉ္စ**၊ ဗုဒ္ဓဟောကြားသည့် သစ္စာတရားကိုလည်းကောင်း။ **သံဃဉ္စ**၊ သစ္စာကို ထိန်းသိမ်း စောင့်ရှောက်ကြတဲ့ သံဃာတော်များကိုလည်းကောင်း။ **သရဏံ**၊ ကိုးကွယ်ရာ ဟူ၍။ **ဂတော**၊ ဆိုက်ရောက်ကြကုန်၏၊ (ဝါ) ဆည်းကပ်ကြကုန်၏။

## ရတနာသုံးပါးကို ဘာကြောင့်ကိုးကွယ်သလဲ

ဗုဒ္ဓကို ကိုးကွယ်ရာမှာ တို့လူသားတွေဟာ ကြောက်စိတ်နဲ့ ကိုးကွယ်ကြရတာ မဟုတ်ဘူး။ သစ္စာကို သိလိုတဲ့အနေနဲ့ ကိုးကွယ်ကြရတာ။ မြတ်ဗုဒ္ဓဟာ ငါတို့တစ်တွေကို သစ္စာတရား အမှန်တရားကို ဟောပြပေးမယ့် သင်ပြပေးမယ့် ဆရာ (သင်ပြပေးထားခဲ့တဲ့ဆရာ) ဆိုပြီး ကိုးကွယ်ကြရတာ။ ကြောက်လို့ ကိုးကွယ်တာ မဟုတ်ဘူး။ သစ္စာလေးပါး ပြပေးမယ့် ဆရာအနေနဲ့ ကိုးကွယ်ကြရတာ။

ပြီးတော့ ဗုဒ္ဓဟောကြားတဲ့ တရားတော်ကို ကိုးကွယ်တာဟာ တရားစာအုပ် ကျမ်းစာအုပ်ကို ရှိခိုးတာလည်း မဟုတ်သေးဘူး။ ဓမ္မကို ကိုးကွယ်တာလည်း အဲဒီ သစ္စာတရားကို သိရဖို့ ကျင့်ရဖို့ရာအတွက် ကိုးကွယ်တာ။ **ဓမ္မံ သရဏံ ဂစ္ဆာမိ** ဆိုတာ အဲဒီ ဓမ္မကို ကျင့်သုံးပြီးနေရမှာ။ ဓမ္မကို မကျင့်သုံးရင် အဲဒီ ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုတာဟာ မပြည့်စုံသေးဘူး။ ဘုန်းကြီးတို့ ပရိသတ် ကိုးကွယ်မှု ပြည့်စုံသွားအောင်လုပ်ကြ၊ ကြိုးစားကြပါ။

နောက်ပြီး သံဃာကို ဘာ့ကြောင့် ကိုးကွယ်ရတာလဲဆိုတာကို ကြည့်လိုက်ပါ။ ဗုဒ္ဓရဲ့ တရားတော်တွေကို ဒီကနေ့ နှစ်ပေါင်းနှစ်ထောင့် ငါးရာကျော်ခရီးမှာ ဒီလို သစ္စာတရား အမှန်တရားတွေကို မကွယ်မပျောက် ရလေအောင် နှုတ်အဆင့်ဆင့်ကမ်းပြီး သယ်ဆောင်လာတာဟာ ဒီ သံဃာတော်တွေပါ။ အဲဒါကြောင့် ဒီလို ဗုဒ္ဓရဲ့ အမှန်တရား သစ္စာတရားကို မကွယ်မပျောက်အောင် နှစ်ပေါင်းများစွာ ထိန်းသိမ်းတော်မူကြတဲ့ သံဃာ တော်များရဲ့ ကျေးဇူးဟာ ကြီးမားလှပါပေတယ်လို့ ရှိခိုးခြင်း ကိုးကွယ်ခြင်း ဟာ **သံဃံ သရဏံ ဂစ္ဆာမိ** ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာရဲ့ အနှစ်သာရပိုင်းမှာ သရဏဂုံတည်ဆောက်ပုံက ဒီလိုဖြစ်ရမှာ။ အဲဒါကြောင့် **ဗုဒ္ဓံ**၊ ဘုရားကိုလည်းကောင်း။ **ဓမ္မံ**၊ တရားတော်ကိုလည်းကောင်း။ **သံဃံ**၊ သံဃာတော်ကိုလည်းကောင်း။ **သရဏံ**၊ ကိုးကွယ် ရာဟူ၍။ **ဂတော**၊ ဆိုက်ရောက်နေကြပါတယ်။

အဲဒီလို ဆည်းကပ် ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘာအကျိုးကို ရမလဲ ဆိုရင် ကိုယ့်ကိုယ် ကယ်တင်ဖို့ရာလည်း မမျှော်ပါဘူး။ ခွင့်လွှတ် ဖို့လည်း မမျှော်ပါဘူး။ ကိုယ့်ကိုယ်ကို ကိုယ်ကယ်တင်မှ ခွင့်လွှတ်မှသာ ဖြစ်တာပါ။ အဲဒီတော့ ဘာအကျိုးရသလဲဆိုတော့...

**စတ္တာရိ**၊ လေးပါးကုန်သော။ **အရိယသစ္စာနိ**၊ အရိယသစ္စာတို့ကို။ **သမ္မပ္ပညာယ**၊ မှန်ကန်သောဉာဏ်ပညာဖြင့်။ **ပဿတိ**၊ မြင်ရတယ်, မြင်နိုင် တယ်။ ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ်လို့ရှိရင် သစ္စာလေးပါးကို မြင်နိုင်တယ်။ ဗုဒ္ဓ ဓမ္မ သံဃကို ဘာ့ကြောင့် ကိုးကွယ်ရသလဲဆိုရင် သစ္စာသိဖို့ ကိုးကွယ် တယ်လို့ ပိုင်ပိုင်နိုင်နိုင်သာ ဘုန်းကြီးတို့ပရိသတ် မှတ်ထားကြပေတော့၊ ဟုတ်လား။ တခြားကြောင့် မဟုတ်ဘူး။ သစ္စာသိဖို့ ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ်နေကြတယ်။

## သစ္စာသိမှ ကိုယ့်ဘဝကို ကယ်တင်နိုင်မှာ

သစ္စာမသိရင် ဘာဖြစ်နိုင်သလဲဆိုတော့ သစ္စာကို မသိရင် ဒုက္ခက မလွတ်နိုင်ဘူး။ သစ္စာမသိရင် ကိုယ့်ဘဝကိုယ် ကယ်တင်လို့ မရဘူး။ ကိုယ့်ဘဝကို ကိုယ်ကယ်တင်မှ ဖြစ်မှာ။ သစ္စာဉာဏ် အမှန်တရားကို ကိုယ်တိုင်မသိကြရင် ခုလိုပဲ ဒုက္ခရောက်ကြရမယ် မှတ်ထား။ အဲဒါကို...

**တော ခေါ သရဏံ ခေမံ၊ တော သရဏာ မုတ္တမံ။**

**တော သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**တော သရဏံ၊** ထို ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ်ခြင်းသည်။ **ခေမံ၊** ဘေးကင်းတယ်။ (ဘုရားရှိခိုးတာ ဘာအပြစ်မှ မရှိဘူး။ မရှိခိုးလို့လည်း ဘုရားက ဘာအပြစ်မှ မယူဘူး။ ငါဘုရားကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်ကို သာလျှင် ကယ်တင်မယ်လို့လည်း ဗုဒ္ဓက မခွဲခြားပါဘူး။ အဲဒါကြောင့် ဘေးကင်းတယ်။)

**တော သရဏံ၊** ထိုသို့ ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ် ဆည်းကပ်ခြင်းသည်။ **ဥတ္တမံ၊** မြင့်မြတ်တဲ့ ကိုးကွယ်ခြင်းဖြစ်တယ်။ **တော သရဏံ၊** ဤသို့ ကိုးကွယ်ခြင်းကို။ **အာဂမ္မ၊** အကြောင်းပြု၍။ (**သဗ္ဗေ၊** အလုံးစုံကုန်သော။ **သတ္တာ၊** လူနတ်ဗြဟ္မာ သတ္တဝါအနန္တတို့သည်။) **သဗ္ဗဒုက္ခာ၊** အလုံးစုံသော ဒုက္ခအပေါင်းမှ။ **ပမုစ္စတိ (ပမုစ္စန္တိ)၊** ကောင်းစွာမသွေ လွတ်မြောက်တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## လောကကို တစ်နေ့မှာ ခြောက်ခါကြည့်

ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သစ္စာတရားနဲ့ ကိုးကွယ်ရာကို ဘုန်းကြီးတို့ ယှဉ်တွဲပြီး ပြောထားပါတယ်။ အဲဒီတော့ ပရိသတ်အဂ္ဂိဒတ္တရသေ့နဲ့ ရသေ့ပေါင်း ၁၀၀၀ ဟာ သဲတောင်ထိပ်က နဂါးမင်းကြီးကို ရှိခိုးပြီးတော့ နေကြတယ်။ တိုင်းကြီးလေးတိုင်းက လူတွေကလည်း ရသေ့ကြီးကို ပူဇော်ဖို့လာကြတယ်။ လပြည့်လကွယ်နေ့တွေမှာကျတော့ သူတို့လည်း ရှိခိုးကြတယ်။ ရသေ့ကြီးညွှန်ကြားသမျှ လုပ်ကြတာပဲ။ အဲဒါကြောင့် စိတ်ကောင်း ဘယ်လိုပဲရှိရှိ မိတ်ကောင်းမရသေးသမျှမှာတော့ တရားကောင်း မရနိုင်ဘူး။

**"စိတ်ကောင်းထားပါ၊ မိတ်ကောင်းရှာ၊ ကောင်းစွာ တရားနာ"**

တဲ့။

သမ္မာဒိဋ္ဌိ ဖြစ်ခြင်းရဲ့အကြောင်း၊ ကောက်ကွေ့နေတဲ့ အယူတွေ ဖြောင့်ခြင်းရဲ့အကြောင်း။ ဒိဋ္ဌိဇုကမ္မအယူတွေ ဖြစ်ခြင်းရဲ့အကြောင်းသုံးပါးပေါ့။ **ယောနိသော မနသိကာရ၊ ကလျာဏမိတ္တ၊ သဒ္ဓမ္မဿဝန** ပေါင်းသုံးပါး။

အခု ရသေ့တွေနဲ့ တိုင်းကြီး လေးတိုင်းကလူတွေဟာ မိတ်ကောင်း မရရှာကြဘူး။ မိတ်ကောင်းမရတော့ တရားကောင်း မရကြဘူး။ အမှားကို ကိုးကွယ်ပြီး အချိန်တွေ ကုန်နေကြတယ်။ အဲဒီလိုကာလမှာ ဘုန်းကြီးတို့ရဲ့ မြတ်ဗုဒ္ဓဟာ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

(၁၀၃)ခုနှစ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ဟာ မိဂဒါဝုန်မှာ ဝါဆိုတော်မူပြီး ဝါကျွတ်တဲ့အခါမှာ ဒေသစာရီကြွတော်မူတော့ ဥရုဝေလ တောကို ရောက်တယ်။ အဲဒီကနေ ဆက်ပြီးကြွ၊ ပြာသိုလမှာ ရာဇဂြိုဟ် ပြည်သို့ရောက်။ တပေါင်းလမှာ ကပိလဝတ်ပြည်ကိုကြွ။ ကဆုန်လပြည့်နေ့ မှာ ကပိလဝတ်ကို ရောက်တော့ (၁၀၄)ခုနှစ်ထဲ ကူးသွားတယ်။ (၁၀၄) ခုနှစ်မှာ ကပိလဝတ်က မဟာဝုန်တောမှာ ဝါဆို၊ ဝါကျွတ်လို့ ဒေသစာရီ ဆက်လက်ကြွတော့ ရာဇဂြိုဟ်ပြည်ကို ပြန်ရောက်လာတယ်။

ရာဇဂြိုဟ်မှာ အနာထပိဏ်နဲ့တွေ့ပြီးတော့ အနာထပိဏ်ရဲ့ ပင့်လျှောက်ချက်အရ ဘုရားရှင် ကိုယ်တော်မြတ်ဟာ သာဝတ္ထိပြည်ကို ရောက်သွားတယ်။ သာဝတ္ထိပြည်က ဇေတဝန်ကျောင်းတော်မှာ မြတ်စွာ ဘုရားရှင် ကိန်းအောင်းတော်မူစဉ်ကာလမှာ အဂ္ဂိဒတ္တနဲ့ ရသေ့တွေ ကျွတ်တမ်းဝင်ကြတာပါ။

**တေ သမယံ**၊ အခါတစ်ပါး၌။ **ဘဂဝါ**၊ မြတ်စွာဘုရားသည်။ **သာဝတ္ထိယံ**၊ သာဝတ္ထိပြည်၌။ **အနာထပိဏ္ဍိကဿ**၊ အနာထပိဏ်သူဌေး၏။ **အာရာမေ**၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော။ **ဇေတဝနေ**၊ ဇေတဝန် ကျောင်းတိုက်၌။ **ဝိဟရန္တော**၊ ယာပထလေးလီ မျှညီရွှင်ပြုံး သီတင်းသုံး နေတော်မူစဉ်။ **ဒိနေ ဒိနေ**၊ နေ့တိုင်း နေ့တိုင်း၌။ **ဒိဝသဿ တယောဝါရေ**၊ နေ့အခါမှာ တစ်နေ့ သုံးကြိမ်။ **ရတ္တိယာ တယောဝါရေ**၊ ညဥ့်အခါမှာ သုံးကြိမ်။ **လောကံ**၊ သတ္တလောကကြီးကို။ **ဩလောကေသိ**၊ ကြည့်တော် မူတယ်။

နေ့မှာ သုံးကြိမ်၊ ညမှာ သုံးကြိမ်၊ တစ်နေ့မှာ ခြောက်ကြိမ် ကြည့်တော်မူပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က လောကကြီးကို . . .

၁။ ညချမ်းကာလမှာ ကြည့်တယ်။

၂။ သန်းခေါင်းယံမှာ ကြည့်တယ်။

၃။ မိုးသောက်ယံမှာ ကြည့်တယ်။

၄။ မနက်ခင်းမှာ ကြည့်တယ်။
၅။ နေ့လယ်ပိုင်းမှာ ကြည့်တယ်။
၆။ ညနေစောင်းတော့လည်း ကြည့်တယ်။

## စာမရီကိကီနှင့် မိခင်လို

စာမရီ အမည်ရှိတဲ့ သားကောင်ဟာ သူ့ရဲ့အမြီးကို ချစ်သလို၊ ကိကီအမည်ရှိတဲ့ ငှက်မဟာ သူ့ရဲ့ဥကို ချစ်သလို၊ မျက်စိတစ်ဖက်တည်း ရှိတဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ မျက်လုံးတစ်ဖက်ကို တန်ဖိုးထား မြတ်နိုးသလို၊ သားတစ်ယောက်တည်းရှိတဲ့ မိခင်ဟာ မိမိရဲ့ တစ်ဦးတည်းသော သားကို ချစ်မြတ်နိုးပြီး စောင့်ရှောက်သလို ထို့အတူ မြတ်ဗုဒ္ဓကလည်းပဲ သတ္တလောကကြီးကို ချစ်မြတ်နိုးလို့ သနားလို့ဆိုပြီး တစ်နေ့ ခြောက်ကြိမ် ကြည့်တော်မူပါတယ်။

အဲဒီလို ကြည့်တော်မူတဲ့အခါမှာ မြတ်ဗုဒ္ဓက ဘယ်သူ့ကို သွားတွေ့သလဲဆိုတော့ အဂ္ဂိဒတ္တရသေ့ကို သွားတွေ့တယ်။ အဂ္ဂိဒတ္တရသေ့ဟာ ဘုရားရှင်ရဲ့ ဉာဏ်ကွန်ရက်ထဲမှာ ရောက်လာတယ်ပေါ့။ တိုင်းကြီးလေးတိုင်းက လူတွေနဲ့ တပည့်ဖြစ်တဲ့ ရသေ့တွေကို မှားယွင်းတဲ့ အကျင့်တွေကို ဆောက်တည်နေစေတာ ဖြစ်တဲ့အတွက်ကြောင့် သံသရာဝဋ္ဋ ဆင်းရဲ ဒုက္ခထဲက လွတ်နိုင်မှာ မဟုတ်ဘူးလို့ မြတ်ဗုဒ္ဓ သိနေတော်မူပါတယ်။

နောက်ပြီး အဲဒီ အဂ္ဂိဒတ္တရသေ့နဲ့ တပည့်ပေါင်း ၁၀၀၀ တို့ဟာ အရဟတ္တဖိုလ်ကို ရနိုင်တဲ့အကြောင်း အထောက်အပံ့ကောင်းတွေ ရှိနေကြတယ်ဆိုတာကို သိတော်မူတဲ့အတွက်ကြောင့် မနက်စောစောမှာ အရှင်မောဂ္ဂလာန်ကိုခေါ်ပြီး အဲဒီ အဂ္ဂိဒတ္တတို့ရှိရာကို စေလွှတ်တော်မူတယ်။

"ချစ်သား မောဂ္ဂလာန်... လာစမ်း၊ ဟိုမှာ တိုင်းကြီးလေးတိုင်းက လူတွေကို နည်းလမ်းအကျင့်မှားတွေ ညွှန်ကြားပြီးတော့ ဆရာကြီးလုပ်နေတဲ့ အဂ္ဂိဒတ္တရသေ့ကြီးရှိတယ်။ သူ့မှာ တပည့် ရသေ့ပေါင်း ၁၀၀၀ လည်းရှိတယ်။ မိမိကိုယ်တိုင် မှားနေတဲ့အကျင့်ကို ကျင့်နေတာက တော်သေးတယ်။ အဲဒီ အကျင့်မှား အယူမှားတွေကို သတ္တဝါတွေထံ ဖြန့်ဝေပြီးတော့ ဆောက်တည်ခိုင်းတာက ပိုဆိုးတယ်။ အဲဒါကြောင့် အဲဒီကို

ချစ်သား အရင်သွားနှင့်၊ နောက်မှ ငါဘုရား ကြွလာခဲ့မယ်''ဆိုပြီး အရှင်မောဂ္ဂလာန်ကို အရင်လွှတ်တော်မူပါတယ်။

အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကလည်း ရသေ့တွေကို အရင်ဆုံးမဖို့ရာအတွက် တစ်ပါးတည်း ကြွသွားရပါတယ်။ အဲဒါနဲ့ အရှင်မောဂ္ဂလာန်ဟာ ညနေစောင်းအချိန် ရသေ့တွေအကုန်လုံး သဲတောင်ကြီးကို ဝိုင်းပြီး နဂါးကြီးကို ရှိခိုးနေကြတဲ့အချိန်မှာ ကြွသွားတယ်။ အဲဒီ သဲတောင်ရှိရာ အရပ်ကိုရောက်တော့ အရှင်မောဂ္ဂလာန်က စဉ်းစားတယ်။

''အင်း... ရသေ့တွေက ၁၀၀၀ ရှိတာဆိုတော့ အများကြီးပဲ။ ငါက တစ်ယောက်တည်းသမား၊ ဒီတော့ ဘယ်လို အရင်လုပ်ရရင် ကောင်းမလဲ။ ဟုတ်ပြီ။ သူတို့ကို အရင် လူစုကွဲအောင်လုပ်ရမယ်။ လူစုကွဲသွားမှ အင်အားလျော့သွားမယ်။ အဲဒီအချိန်ကျမှ ဆုံးမလို့ကောင်းမယ်''

အဲဒီလို စဉ်းစားပြီးတော့ အရှင်မောဂ္ဂလာန်ဟာ ကောင်းကင်ကနေ ဝါယောကသိုဏ်းကို အခြေခံပြီးတော့ စတုတ္ထစျာန်ကို ဝင်စားလိုက်တယ်။ ပြီးတော့ လေမုန်တိုင်းတစ်ခုကို ဖန်ဆင်းပြီးတော့ လေတွေ တိုက်ပစ်လိုက်တယ်။

နောက်တစ်ခါ အာပေါကသိုဏ်းကို ဝင်စားပြီးတော့ မိုးတွေထပ်ပြီး ရွာချပြန်တယ်။ လေရော၊ မိုးရော တဝုန်းဝုန်း တရုန်းရုန်းနဲ့ပေါ့။

အဲဒီတော့မှ သဲတောင်ခြေရင်းက ရသေ့တွေက ''မုန်တိုင်းကျတယ်ဟ''ဆိုပြီးတော့ ကိုယ့်ကျောင်းထဲကို အသီးသီး ပြန်ပြေးကြပြီး တံခါးပိတ်နေကြရတယ်။ လူစုလည်း ကွဲသွားရောပေါ့။ အရှင်မောဂ္ဂလာန် လုပ်လိုက်တာ။

အဲဒီလိုအချိန်ကျမှပဲ အရှင်မောဂ္ဂလာန်ဟာ ကောင်းကင်ကနေ ဆင်းလာပြီးတော့ အဂ္ဂိဒတ္တရသေ့ရဲ့ ကျောင်းတံခါးကို အပြင်ကနေပြီးတော့ ''ဒေါက် ဒေါက် ဒေါက်'' ဆိုပြီး သွားခေါက်တယ်။

## ဓာတ်တူရာ လာကြတဲ့သဘော

''မိုးထဲလေထဲ ငါ့ကျောင်းတံခါးကို လာခေါက်တာဟာ ဘယ်သူလဲကွ'' အဂ္ဂိဒတ္တကြီးက ဒေါသနဲ့အော်ပြီး မေးတယ်။

အရှင်မောဂ္ဂလာန်ကလည်းပဲ ''သိပ်လည်း စိတ်ဆိုးမနေပါနဲ့လေ။

နည်းနည်းပါးပါး အကူညီလေးဘာလေး ပေးပါဦး၊ တံခါးဖွင့်ပါဦး၊ ဒီမှာ မိုးရေတွေ စိုရွှဲနေပြီ'' ပြောတော့။

''တစ်ကျောင်းမှာ တစ်ပါးတည်းပဲ နေကြတာ၊ နှစ်ပါးနေလို့ မဖြစ်ဘူး။ ရမ်းပြီး ဖွင့်ပေးလို့လည်း မဖြစ်ဘူး။ သင်က ဘယ်သူလဲ၊ ဘာလို့ ကျောင်းထဲ ဝင်ချင်နေရတာလဲ'' ဆိုတော့မှ အရှင်မောဂ္ဂလာန်က...

**ဂါဝေါ ဂုန္နံ သင်္ဂ္ဂါကံ ဂစ္ဆန္တိ၊** နွားတွေဟာ နွားရှိရာကို သွားကြပါတယ်။ **ဣသယော ဣသီနံ သန္တိကံ အာဂစ္ဆန္တိ၊** ရသေ့တွေဆိုရင် ရသေ့ရှိရာကို လာရမှာပေါ့။ **သမဏော သမဏာနံ သန္တိကံ အာဂစ္ဆန္တိ၊** ရဟန်းဆိုတာ ရဟန်းရှိရာကိုပဲ လာကြမှာပေါ့ဆိုပြီး ပြောလိုက်တယ်။ အဲဒီတော့မှ ''အံမယ်... တယ်လာတဲ့ စကားပါလား၊ ဒါဟာ ပညာရှိစကားပဲ။ တို့က ရသေ့တွေဆိုတော့ သူကလည်း ရသေ့ပဲဖြစ်ရမယ်ပေါ့လေ'' အဲဒီလို တွေးတယ်။

နွားက နွားရှိရာကို သွားတယ်။ ရသေ့က ရသေ့ရှိရာကို သွားတယ်။ ရဟန်းက ရဟန်းရှိရာကို လာတယ်။ လူတွေဟာလည်း လူတွေရှိရာကိုပဲ သွားမှာပေါ့။ ဘိန်းစားက ဘိန်းရှိရာကို သွားမယ်။ အရက်သမားက အရက်ရှိတဲ့နေရာကို သွားမယ်။ ဖဲသမားက ဖဲဝိုင်းရှိရာ သွားမယ်။ အဲဒါတွေကိုတော့ ပုံကြီးချဲ့ပြီးတော့ စဉ်းစားပေတော့ပေါ့လေ။ စာထဲမှာတော့ ဒါလောက်ပဲ ပါတယ်။

**သမဏာ သမဏာနံ သန္တိကံ အာဂစ္ဆန္တိ၊**
**ဂါဝေါ ဂုန္နံ သန္တိကံ အာဂစ္ဆန္တိ၊**
**ဣသယော ဣသီနံ သန္တိကံ အာဂစ္ဆန္တိ။**

ရသေ့ဆိုတာ ရသေ့ရှိရာကိုပဲ လာမှာပေါ့လို့ ပြောလိုက်မှ အဂ္ဂိဒတ္တ ရသေ့က တံခါးဖွင့်ပေးလိုက်တယ်။ တံခါးဖွင့်ပေးလိုက်တော့ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးကိုတွေ့ရော၊ ခေါင်းကလည်း ပြောင်လို့၊ သင်္ကန်းကလည်း ရုံထားသေး၊ သပိတ်လည်း မပါဘူး။

အထဲက ရသေ့ကို ကြည့်လိုက်၊ ခေါင်းကရှုပ်လို့။ ကြခတ်ဝါးရုံကြီးကို တင်ထားသလိုပဲ။ ပိတ်ပိုင်းစလေးကို ခါးမှာပတ်ထားလို့၊ သူ့ရဲ့ဘေးနားတစ်ဝိုက်မှာတော့ ခက်ရင်းခွတွေ၊ အိုးတွေ၊ ကြိုးတွေ၊ ထမ်းပိုးတွေ၊ ခရာတွေ၊ ခွက်တွေရော ရှုပ်ပွလို့ပေါ့။

အဲဒီတော့ အင်္ဂုလိမာလကပြောတယ်။ "အသင်ဟာ စောစောကတော့ ရသေ့ပါလို့လည်း ပြောသေးတယ်။ ရသေ့ရဲ့ ပရိက္ခရာတွေလည်း တစ်ခုမှ ပါမလာပါလား"တဲ့။

မေးတော့ အရှင်မောဂ္ဂလာန်က "ငါ့မှာ ပရိက္ခရာတွေ ပါပါ တယ်လေ၊ အပြင်က ဆောင်ထားရင် လေးလွန်းလို့ အတွင်းထဲကနေ ဆောင်ထားတာ"လို့ ပြောလိုက်တော့...

"ဟာ... လျှောက်ပြောမနေနဲ့၊ သင့်မှာ ပရိက္ခရာအစုံ ပါတာ မတွေ့ရဘူး။ ဒီတော့ ပရိက္ခရာစုံမပါတဲ့ ကိုယ်တော်ကို လက်မခံနိုင်ဘူး"

အရှင်မောဂ္ဂလာန်က "အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့လေ၊ သိပ်ပြီး စိတ်မတိုချင်စမ်းပါနဲ့၊ ဒီက သင့်ထံကိုပဲ သင်ဟာ သူတော်ကောင်းပဲဆိုပြီး တော့ လာခဲ့တာ။ ဒီတစ်ညအတွက် တည်းခိုဖို့ရာ နေရာကလေးတစ်ခုတော့ လုပ်ပေးပါဦး"

"ဟာ... ငါတို့တောင်မှ တစ်ကျောင်း တစ်ပါးစီပဲ နေကြရတာ။ အပိုကျောင်းလည်း မရှိဘူး။ နေရာလည်း မရှိဘူး။ မပေးနိုင်ဘူး"

"ဒါဆိုရင် ဟိုနားက သစ်ပင်လေးအောက်မှာရော နေလို့ ရမလား"

"ဟ... ဘယ်ဖြစ်ပါ့မလဲ။ လေနဲ့ မိုးနဲ့ မဟုတ်လား။ အဲဒီမှာ နေရင် အအေးမိပြီး ဖျားသွားမှာပေါ့"

## သဲတွင်းထဲမှာ နေပါရစေ

"ဒီလိုဆိုရင် ဟိုသဲတောင်ကြီးပေါ်မှာ သဲတွင်းတူးပြီးနေမယ်"

"အမယ်လေးဗျာ... ပိုပြီးတော့တောင် မဖြစ်နိုင်သေးဗျာ။ မလုပ် လိုက်ပါနဲ့ ကိုယ်တော်။ အဲဒီတောင်ပေါ်မှာ တန်ခိုးကြီးတဲ့ နဂါးကြီး တစ်ကောင် ရှိတယ်။ သင်သာ အဲဒီပေါ် တက်သွားမယ်ဆိုရင်တော့ ပုံတော် မူသွားလိမ့်မယ်။ မဖြစ်ပါဘူး ကိုယ်တော်၊ တခြားကိုသာ ကြွပါ"

"သင်က ဒီလိုတော့လည်း စိုးရိမ်တတ်သားပဲ၊ ကျွန်ုပ်အတွက် မစိုးရိမ်ပါနဲ့လေ၊ နဂါးမကလို့ ဂဠုန်ပဲဖြစ်ဖြစ် ကျွန်ုပ် မကြောက်ပါဘူး။ သင်ကသာ ကျုပ်ကို နေခွင့်ပေးပါ"

အရှင်မောဂ္ဂလာန်ကလည်း မရဘူး။ အတင်း နေခွင့်တောင်းတယ်။

အင်္ဂုဒတ္တ ကြာတော့ စိတ်မရှည်ချင်တော့ဘူး။ "ဟာ... တယ်လည်း ခက်ပါလား၊ ဒီမှာကိုယ်တော် ကိုယ်တော့်ဘာသာ နေချင်ရင်လည်း နေ၊ မနေချင်ရင်လည်း သဘောပဲ။ ကျုပ် တံခါးပိတ်တော့မယ်" ဆိုပြီး ကျောင်းတံခါး ပြန်ပိတ်သွားတယ်။

အဲဒီတော့မှ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက သဲတောင်ပေါ် တက်သွားတယ်။ သဲတောင်ပေါ်လည်းရောက်ရော နဂါးနဲ့ ရင်ဆိုင်တိုးပါလေရော။ တွေ့တော့ နဂါးက စိတ်ဆိုးတယ်။

"အံမယ်... ရာရာစစ ငါ့ဗိမာန်ပေါ် တက်လာတာ ဘယ်က ကိုယ်တော်လဲ၊ အကြောင်းသိကြသေးတာပေါ့"ဆိုပြီး အရှင်မောဂ္ဂလာန်ဆီကို မီးတွေမှုတ်လွှတ်တယ်။ အရှင်မောဂ္ဂလာန်ကလည်းပဲ သူ့ထက်နှစ်ဆပိုပြီးထန်တဲ့ မီးတွေကို နဂါးကြီးထံ ပြန်လွှတ်တယ်။

နဂါးရဲ့ မီးရယ်၊ ကိုယ်တော်မြတ်ရဲ့ မီးရယ် နှစ်မျိုးဆုံပြီးတော့ ကောင်းကင်ကို တက်သွားလိုက်တာ ဗြဟ္မာ့ဘုံရောက်ရောလား အောက်မေ့ရတယ်။ အဲဒီတော့မှ ရသေ့တွေက "ဟာ... သဲတောင်ပေါ်က မီးတွေ တဝုန်းဝုန်းနဲ့ပါလား။ လန်းစရာကောင်းလိုက်တာ။ မီးတွေ အများကြီးပဲ" ဆိုပြီး ရသေ့တွေ ကြောက်နေလိုက်ကြတာ တုန်လို့ပဲ။

နောက်တစ်ခါ နဂါးကြီးက မီးနဲ့နှိပ်စက်တာ မနိုင်တော့ အခိုးတွေလွှတ်ပြီး နှိပ်စက်ပြန်တယ်။ အရှင်မောဂ္ဂလာန်ကလည်း သူ့ထက်ပိုပြီး အခိုးတွေကို နှစ်ဆ ပြန်လွှတ်တယ်။ အခိုးအငွေ့တွေ နှစ်ခုဟာ ပေါင်းပြီးတော့ အထက်ကောင်းကင်ကို တက်သွားလိုက်တာ ဗြဟ္မာ့ပြည်အထိပဲ။

အဲဒီတော့မှ ရသေ့တွေက "ဟာ... တို့တောကြီးထဲမှာ မီးတွေရော၊ အခိုးတွေရော ဘယ်လိုများ ဖြစ်နေတာပါလိမ့်၊ ဘာများဖြစ်နေတယ် မသိဘူး" ဆိုပြီး သို့လော... သို့လော ဖြစ်ကြတယ်။

အင်္ဂုဒတ္တကတော့ သိတယ်။ စိတ်လည်းချတယ်။ ဘာစိတ်ချရသလဲ ဆိုတော့ "သွားပြီ၊ သွားရှာပြီ။ ဟိုကိုယ်တော်တော့ ပျံတော်မူလောက်ပြီ။ ငါ အတန်တန်တားရဲ့သားနဲ့ သွားတာ။ မနက်မိုးလင်းရင်တော့ ဘုန်းကြီးပျံ သင်္ဂြိုဟ်ရတော့မှာ သေချာပြီ" ဆိုပြီး စိတ်ညစ်နေတယ်။ တကယ်သေမှာပဲလို့လည်း စိတ်ချနေတယ်ပေါ့။

## ငွေအိုးနှင့် ဘုန်းကြီးသရဲ

ဒါနဲ့စပ်လို့ ပြောရဦးမယ်။ သာဓကလေးတစ်ခုပေါ့။ ရွာတစ်ရွာရဲ့ ထိပ်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်။ အဲဒီ ကျောင်းဘုန်းကြီးက ငွေဒင်္ဂါးတွေကို စုပြီးတော့ အိုးကလေးနဲ့ မြေကြီးထဲကို မြှုပ်ထားတာ။ အဲဒီဘုန်းကြီးဟာ ပျံလွန်တော်မူတဲ့အခါမှာ အဲဒီ ငွေအိုးလေးကိုစွဲပြီး ပျံတော်မူသွားတော့ အဲဒီကျောင်းမှာပဲ သရဲဖြစ်နေတာပေါ့။

အဲဒီဘုန်းကြီး ပျံတော်မူတော့ နောက်ထပ် ဘုန်းကြီးတစ်ပါးကို ထပ်ပြီး ကျောင်းတင်ပြီး ကျောင်းအပ်တယ်။ ဒါပေမဲ့ အဲဒီကျောင်းပေါ်ကို တက်လာရင် အဲဒီတက်လာတဲ့ ဘုန်းကြီးကို သူ့ငွေအိုးကို တူးယူမယ်မှတ်ပြီး ကျောင်းပေါ်တက်လာတဲ့ ဘုန်းကြီးမှန်သမျှကို အဲဒီ ဘုန်းကြီးသရဲက အကုန်သတ်ပစ်တာ။ တစ်ပါးတင်လည်း ပျံတော်မူ။ နောက်တစ်ပါး တင်လည်း ပျံတော်မူဆိုတော့ အဲဒီကျောင်းကို နောက်ထပ် ဘုန်းကြီးမတင်ရဲ တော့ဘူး။ ဘုန်းကြီးသရဲကို ကြောက်လို့မို့။

ဒီလိုနဲ့ တစ်ခုသော ညနေစောင်းမှာ မိုးကလေးခပ်ချုပ်ချုပ် အချိန်မှာ အာဂန္တု(ဧည့်သည်) ကိုယ်တော်တစ်ပါး အဲဒီရွာကို ရောက်လာ တယ်။ အဲဒီရွာ ရောက်တော့ ရွာသားတွေကို မေးတယ်။

"ဟေ့… မင်းတို့ရွာမှာ ဘုန်းကြီးကျောင်း မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"အေး… ဒါဆိုရင် ငါ့ကို လိုက်ပို့ပေးစမ်း။ ငါ တစ်ညလောက် တည်းခိုချင်လို့"

"အရှင်ဘုရား အဲဒီကျောင်းကိုသွားပြီး မကျိန်းပါနဲ့ဘုရား၊ ရွာ ထဲက အိမ်တစ်အိမ်မှာ ကျိန်းချင်ရင်ကျိန်းပါ"

"ဟ… ဘာဖြစ်လို့တုန်းကွ၊ ငါက ကျောင်းမှာပဲ ကျိန်းချင်တာ"

"အဲဒီကျောင်းက အန္တရာယ်ရှိတယ်ဘုရား။ အဲဒီကိုသွားလို့ အဲဒီ ကျောင်းပေါ်ကို တက်မိလို့ ပျံတော်မူတာ နှစ်ပါးရှိသွားပြီ။ အဲဒီမှာ အရင်က ဘုန်းကြီးသရဲရှိတယ်။ တပည့်တော်တို့ ဘုန်းကြီးပျံပွဲလုပ်ရတာ သုံးပါးရှိသွား ပြီ။ အရှင်ဘုရားရောဆိုရင် လေးပါးဖြစ်တော့မှာ"

"တပည့်တော်တို့ရွာလည်း ဘုန်းကြီးပျံပွဲလုပ်နေရတာ များပြီ ဘုရား၊ ရွာထဲသာ ကျိန်းပါ" လို့ ပြောကြတော့ အဲဒီဘုန်းကြီးက "ဟ…

ရွာထဲအိပ်လို့ မသင့်တော်ဘူးကွ၊ ကျောင်းပဲ သွားအိပ်မယ်''ဆိုပြီး ရွာသားတွေ တားတဲ့ ကြားကနေ အတင်းပို့ခိုင်းတယ်။ ရွာကလူတွေကလည်း အိပ်ရာလိပ်ကလေးနဲ့ လိုက်ပို့ကြတာပေါ့။ ကျောင်းရောက်တော့ ကျောင်းပေါက်ကနေ လှည့်ပြန်သွားကြတယ်။ ''ကဲ... တားမရလည်း ကြွတော့ဘုရား'' ပေါ့။

ဒါနဲ့ ဘုန်းကြီးလည်း ကျောင်းကိုကြွသွားရော။ ရွာသားတွေက ရွာထဲမှာ စည်းဝေးကြတယ်။ ''မနက်ဖြန်တော့ ဘုန်းကြီးပျံပွဲချရတော့မှာ သေချာတယ်။ ဒီတော့ ထုံးစံအတိုင်း လုပ်စရာရှိတာလေးတွေကို ခွဲပြီးလုပ်ထားကြရအောင်'' ဆိုပြီး စည်းဝေးကြ၊ အခေါင်းတွေဘာတွေ စပ်ကြနဲ့ပေါ့။

ဟို... ဘုန်းကြီးကတော့ ကျောင်းထဲကိုရောက်သွား ကျောင်းပေါ်ကို တက်။ တံမြက်စည်းလေး ဘာလေးလှည်း၊ ဘုရားခန်းမှာ ဆီမီးပူဇော်၊ ယန်း၊ ရေချမ်း ဆက်ကပ်။ သောက်ရေ သုံးရေတွေ ခပ်၊ တံခါးတွေကို အဖွင့်အပိတ် လုပ်ကြည့်။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာဘာဝနာပွားပြီး တံခါးတွေကိုလည်း ပိတ်ပြီးသွားရော။ ဟို... ဘုရားခန်းထဲကနေပြီး ''တောက်'' ဆိုပြီးတော့ တောက်ခေါက်သံတစ်ချက် ကြားရတယ်။

တောက်ခေါက်သံကြားတော့ အာဂန္တုဘုန်းကြီးက ဘုရားခန်းထဲကို လှမ်းပြီးကြည့်လိုက်တယ်။ ကြည့်လိုက်တော့ အဲဒီဘုရားခန်းထဲကနေ ပိုးစုန်းကြူးလောက် မီးသေးသေးကလေးဟာ ဝင်းပြီး ထွက်လာတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ ကြည့်ရင်း ကြည့်ရင်း အဲဒီမီးလေးဟာ မန်ကျည်းစေ့လောက် ဖြစ်လာတယ်။ နောက် တဖြည်းဖြည်း ဒင်္ဂါးလောက်။ တော်ကြာဇလုံလောက်။ နောက် လင်ပန်းလောက်ထိ ဖြစ်လာတယ်။ ဘုရားခန်းထဲမှာ မီးဝိုင်းကြီးကို လင်းထိန်နေတာပဲ။

အဲဒီတော့မှ အာဂန္တုကိုယ်တော်က ''အဲ... သရဲတော့ လာပြီဟ'' ဆိုပြီးတော့ ရွတ်လိုက် ဖတ်လိုက်တာ ပရိတ်ကြီး (၁၁)သုတ်ကုန်ရောပဲ။ ဒီကနေ ''သမန္တာ စက္ကဝါဠေသု'' လို့ ရွတ်လိုက်ပြီဆိုရင် ဟိုဘုန်းကြီးသရဲကနေ ''အတြာဂစ္ဆန္တု ဒေဝတာ'' ဆိုပြီး နောက်ကနေ ဆက်ရွတ်ပေါ့။ ဒါလောက်ကတော့ ဘုန်းကြီးသရဲလည်း ရတာပေါ့။ ဘယ်မေ့ပါဦးမလဲ။ ဒါနဲ့ ပရိတ်ကြီး (၁၁)သုတ် ကုန်သွား။ ဟိုကမီးတောက်ကြီးက တဖြည်းဖြည်းနဲ့ ကြီးကြီးလာပြီ။

## ပဋ္ဌာန်းရွတ်မှ သရဲကြောက်

ဓမ္မစကြာရွတ်လည်း မရဘူး။ အနတ္တလက္ခဏာသုတ်ရွတ်လည်း မရ။ ရှိသမျှ ကမ္မဝါတွေ အကုန်ချဖတ်၊ ဒါလည်းပဲ ဒါလောက်ကတော့ အေးအေးဆေးဆေးပဲ။ မရဘူး။ နောက်တော့ ဗီရိုတစ်ခုကို ဖွင့်ကြည့်လိုက်တော့ ပဋ္ဌာန်းစာအုပ်တွေကို သွားတွေ့တယ်။ အဲဒီတော့မှ အကြံရပြီး ပဋ္ဌာန်းစာအုပ်တွေကို ချပြီး ရွတ်တော့တာ။ အဲဒီလို ပဋ္ဌာန်းရွတ်လိုက်တော့မှ ဘုရားခန်းထဲက မီးက တဖြည်းဖြည်းနဲ့ မှိန်မှိန်ပြီး သေးသွားလိုက်တာ။ အဲဒီတော့မှ အာဂန္တုဘုန်းကြီးလည်း အားတက်ပြီး ဖိရွတ်လိုက်တာ။

နောက်ဆုံးတော့ ပဋ္ဌာန်းတစ်ဝက်လောက်အထိ ရောက်သွားတယ်။ မီးလည်း ပျောက်သွားတယ်။ ပဋ္ဌာန်း သုံးပုံနှစ်ပုံလောက် ရောက်သွားတော့ ဘုရားခန်းထဲက ညည်းသံကြားလာရတယ်။ တညည်းညည်း တညူညူ တအီးအီး တအဲအဲနဲ့ ဖြစ်သွားတာပေါ့။ ပြီးတော့ အော်သံကြားလာရတယ်။ "သည်းခံတော်မူပါဘုရား၊ ကယ်တော်မူပါဘုရား၊ အဲဒီ ပဋ္ဌာန်းဒေသနာတော်ကို ဆက်ပြီး မရွတ်ပါနဲ့တော့ဘုရား" လို့ အော်ပြောတယ်။ အဲဒီတော့မှ အာဂန္တုဘုန်းကြီးက မေးတယ်။

"ဟဲ့ . . . နင် ဘယ်သူလဲ"

"တပည့်တော် ဒီကျောင်းက ကျောင်းထိုင်ဘုန်းကြီးပါ ဘုရား"

"ကျောင်းထိုင်ဘုန်းကြီးက ဘာဖြစ်လို့ သရဲဖြစ်နေရတာလဲ၊ ပြောစမ်း"

"တပည့်တော် ငွေဒင်္ဂါးပိုက်ဆံတွေကို စုပြီး အိုးကလေးနဲ့ လှေကားခြေရင်းအောက်မှာ မြှုပ်ထားပါတယ် ဘုရား။ အဲဒါတွေကို သေခါနီးမှာ သတိရပြီး စွဲလမ်းမိလို့ သရဲဖြစ်နေရတာပါ ဘုရား" လို့ ပြောတယ်။

"အေး . . . ဒါကြောင့် တို့ပရိသတ်ကြီး ပိုက်ဆံတွေကို မြှုပ်မထားကြနဲ့နော်။ မမြှုပ်နဲ့။ မစုနဲ့။ လှေကားအောက်မှာ မမြှုပ်နဲ့။ တိုက်နံရံမှာလည်း မမြှုပ်နဲ့။ နောက် ဘယ်မှာ ကျန်သေးတုန်း။ ဘယ်မှာမှ မမြှုပ်နဲ့ ဟုတ်လား"

"တပည့်တော် ငွေအိုးလေး မြှုပ်မိလို့ သရဲဖြစ်ရတာပါဘုရား" လို့ အဲဒီမှာ ဖြောင့်ချက်ပေးတယ်နော်။ အဲဒါကြောင့် မှတ်ထား။ ဘုန်းကြီးတို့ ပရိသတ် ပဋ္ဌာန်းကို နာနာရွတ်ရတယ်။

တခြားဟာတွေကို နိုင်လား၊ မနိုင်လားတော့ မသိဘူး။ ဘုန်းကြီးသရဲကိုတော့ ကောင်းကောင်းနိုင်တယ်။ ဒါကြောင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပွဲတဲ့၊ အဘိဓမ္မာတရားတွေ ကွယ်ပျောက်မှာ စိုးလို့ ရွတ်တာက ဒါ အထွင့်အထိပ်ပေါ့။ ကွယ် . . . မကွယ်တော့ မသိဘူး။ ဘုန်းကြီးသရဲတော့ နိုင်တယ်ဗျာ။

အဲဒါနဲ့ ဘုန်းကြီးသရဲကို အာဂန္တုကိုယ်တော်ကြီးက "ကိုယ်တော်နောက်ကို ဒီလိုမလုပ်နဲ့၊ ဘယ့်နှယ် ကိုယ့်ကျောင်းလာထိုင်တဲ့ ဘုန်းကြီးနှစ်ပါးကို သတ်ပစ်တယ်ဆိုတော့ အကုသိုလ် တော်တော်ကြီးတယ်။ ဒီဘဝကတောင် ကျွတ်နိုင်မှာ မဟုတ်ဘူး"

"မှန်ပါ တပည့်တော် ကျွတ်နိုင်ပါတယ်ဘုရား၊ အရှင်ဘုရားကသာ ကယ်ပေးပါ။ မနက်မိုးလင်းရင် ရွာသားတွေကိုခေါ်ပြီး လှေကားအောက်က ငွေအိုးကို တူးပါ။ နောက် အဲဒီငွေတွေနဲ့ လှူဒါန်းဆွမ်းကပ်အမျှဝေပေးပါ ဘုရား။ တပည့်တော် သာဓုခေါ်ပါ့မယ်။ အဲဒီအခါမှ တပည့်တော် ချမ်းသာခွင့်ရပါလိမ့်မယ် ဘုရား"

လို့ သရဲက မှာတယ်။

နောက်တော့ အာဂန္တု ကိုယ်တော်ကြီးလည်း အေးအေးဆေးဆေး အိပ်သွား၊ သရဲကလည်း မနက်ဖြန် ရောက်ရင် ကျွတ်တော့မှဆိုတော့ စိတ်ချလက်ချနေပေါ့။

## ယုံအောင် ပြရသေးတယ်

ဒီလိုနဲ့ မနက်လင်းတော့ အာဂန္တုကိုယ်တော်ကြီးလည်း ကျောင်းကနေ ရွာဘက်ကို သပိတ်ကလေးပိုက်လို့ ဆွမ်းခံကြွလာတယ်။ နံနက်စာ အရဏ်ဆွမ်းအတွက် ဘယ်သူကမှ လာမကပ်ဘဲကိုး။ သေလိမ့်မယ်လို့ ထင်ထားကြတာ၊ ဟုတ်လား။ ဒီက ရွာသားတွေကလည်းပဲ ဘုန်းကြီးပျံလုပ်ဖို့ရာအတွက် ကျောင်းကိုအလာမှာ ဘုန်းကြီးနဲ့ ရွာထိပ်မှာသွားပြီး ဆုံကြတယ်။

ရွာထိပ်ရောက်တော့ ဘုန်းကြီးကိုလည်း တွေ့လိုက်ရရော ဘာပြောကောင်းမလဲ "ဘုန်းကြီးသရဲ" ဆိုပြီး ရွာထဲကို ပြန်ဝင်ပြေးကြတာ။ တစ်ရွာလုံးကို ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ရော။ အဲဒီတော့မှ ဘုန်းကြီးက

ပြောတယ်။ "ဟေ့ကောင်တွေ မကြောက်ကြပါနဲ့ကွာ၊ ငါ သရဲမဟုတ်ပါဘူး၊ တကယ့်ဘုန်းကြီး အစစ်ပါကွ"

"မဖြစ်နိုင်ဘူး။ ဒီကျောင်းပေါ်တက်တဲ့ ဘုန်းကြီးဆိုရင် အကုန်ပျံတော်မူတာပဲ။ ဘုန်းကြီးလည်း သရဲပဲ"ဆိုပြီး တစ်ရွာလုံး ကြောက်လိုက်ကြတာ။ နောက်တော့ ဟိုနားကချောင်းကြည့်၊ ဒီနားကချောင်းကြည့်နဲ့ ချောင်း ကြည့်ပြီးကြပြီးမှ တဖြည်းဖြည်းနဲ့ ကြောက်စိတ်တွေ ပြေလာကြပြီး ဘုန်းကြီးရဲ့ အနားကို ကပ်လာနိုင်ကြတော့တယ်။ အဲဒီကျတော့မှ အာဂန္တုဘုန်းကြီးက ရှင်းပြရတာ။

နောက်တော့မှ ဘုန်းကြီးသရဲ မှာထားတဲ့အတိုင်း ငွေတွေကိုတူး၊ အလှူအတန်းလုပ်၊ ဆွမ်းကျွေး၊ အမျှဝေလိုက်တော့မှ အဲဒီ ဘုန်းကြီးသရဲ ကျွတ်သွားတယ်တဲ့။ ခြောက်လည်း မခြောက်တော့ဘူးပေါ့။ ခါတိုင်းလည်း ပျံတော်မူနေကျဖြစ်နေတော့ တကယ့်ဘုန်းကြီးက ရွာထဲဆွမ်းခံဝင်တာကို ဘုန်းကြီးသရဲလို့ မှတ်နေကြတာပေါ့။ အခုလည်းပဲ သဲတောင်ထိပ်က နဂါးကြီးကို အရှင်မောဂ္ဂလာန်က နှိမ်နင်းလိုက်လို့ ယဉ်ကျေးသွားပါပြီ။ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးဟာ နဂါးရဲ့အခွေထဲမှာ တစ်ညလုံး သီတင်းသုံးနေထိုင်ပါတယ်။

မနက်မိုးလင်းတော့ ရသေ့တွေဟာ အရှင်မောဂ္ဂလာန်ကို သေပြီလို့ ထင်ထားကြတာ။ ဘုန်းကြီးပျံကို ဘယ်လိုချရမလဲလို့ တွက်နေတုန်း အရှင်မောဂ္ဂလာန်ဟာ သဲတောင်ပေါ်ကနေ တဖြည်းဖြည်း ဆင်းပြီးတော့လာနေတာ။ အဲဒီမှာ ရသေ့တွေဟာ သရဲခြောက်ပါတယ်ဆိုပြီး တရုန်းရုန်းဖြစ်ကုန်ကြတာပေါ့။ အဲဒီတော့ အရှင်မောဂ္ဂလာန်က...

"ဟေ့... ငါ မသေပါဘူးကွ၊ မင်းတို့ရဲ့ နဂါးကြီးကသာ ငါ့ဆုံးမလိုက်လို့ ယဉ်ကျေးသွားပြီ"

"ဘာ... မဖြစ်နိုင်တာ၊ မယုံဘူး"

"အေးကွာ၊ ဒါဆို မင်းတို့ယုံအောင် ပြရသေးတာပေါ့"

လို့ဆိုပြီး နဂါးကြီးရဲ့ အခွေပေါ်ကို တက်ပြီးနေပြလိုက်တယ်။ နဂါးကြီးကလည်း အရှင်မောဂ္ဂလာန်ကို သူ့ရဲ့ပါးပျဉ်းကြီးနဲ့ အထက်ကနေ အုပ်မိုးထားပေးပြီး ငြိမ်ငြိမ်သက်သက်လေး ဖြစ်နေတယ်ပေါ့။

အဲဒီတော့မှပဲ ရသေ့တွေက...

''ဟယ်... ဒီကိုယ်တော်က နဂါးကိုနိုင်တယ်၊ နဂါးကြီးထက် တန်ခိုး ပိုကြီးတယ်'' ဆိုပြီး အရှင်မောဂ္ဂလာန်ကို ဝိုင်းပြီး ရှိခိုးကြတာ။ ရှိခိုးမှုက အရှင်မောဂ္ဂလာန်ဘက်ကို လှည့်သွားပြီ။ တန်ခိုးနဲ့ ဆုံးမထားတာပဲ ရှိသေးတာ။ တရားတောင် မဟောရသေးဘူး။ တန်ခိုးရှိတာဟာလည်း သူ့နေရာနဲ့သူ အသုံးဝင်တာပဲနော်။ အဲဒီအချိန်ကျတော့မှ ဘုရားရှင် ကြွလာတော်မူတယ်။ အရှင်မောဂ္ဂလာန်ရဲ့ အစွမ်းကို မြတ်ဗုဒ္ဓက စိတ်ချပြီးသား ဆိုတော့ နောက်မှ ကြွလာတယ်။

## ရသေ့တစ်ထောင် ရဟန္တာဖြစ်တော်မူခန်း

အဲဒီလို ဘုရားကြွလာတဲ့အခါမှာ အရှင်မောဂ္ဂလာန်က မြတ်စွာဘုရားကို ခြေတော်ဦးလိုက် ရှိခိုးတယ်။ အဲဒီတော့ ရသေ့တွေက -

''ဟယ်... တို့ရှိခိုးနေတဲ့ ကိုယ်တော်က ဟိုကိုယ်တော်ကြီးကို ရှိခိုးနေ တာပါ။ ဟိုကိုယ်တော်က ဘာလဲ။ ဘာကြောင့် ဒီကိုယ်တော်က ရှိခိုး ရတာလဲ''

ပြောကြတော့ အရှင်မောဂ္ဂလာန်ကနေ -

''အဲဒါ တို့ရဲ့ဆရာပဲ။ ငါ့ကို ဒီလိုတန်ခိုးတွေရအောင် ဒီဆရာက သင်ပေးတာ''

ဆိုတော့မှ ရသေ့တွေဟာ ဘုရားရှင်ကို ရှိခိုးကြပြန်တယ်။ ကိုးကွယ်ရာတွေက တဖြည်းဖြည်းနဲ့ ပြောင်းသွားတာနော်။ အဲဒီတော့မှ မြတ်စွာဘုရားရှင်ဟာ နဂါးကြီးရဲ့ အခွေပေါ်မှာ သီတင်းသုံးပြီးတော့ ရသေ့ ၁၀၀၀ နဲ့ အဂ္ဂိဒတ္တ ရသေ့ကို တရားဟော ဆုံးမရတယ်။

❑ ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

❑ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

❑ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

❑ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

လို့ မြတ်စွာဘုရားရှင်ဟာ ကိုးကွယ်ရာ အမှားနဲ့ ကိုးကွယ်ရာ အမှန်ကိုခွဲခြားပြီး ပြတော်မူပါတယ်။ နောက်တစ်ခါ သစ္စာလေးပါးကိုလည်း ဆက်လက် ဟောကြားပြသတော်မူပါတယ်။

**ဒေသနာဝသာနေ**၊ တရားဒေသနာတော်၏ အဆုံး၌၊ **အဂ္ဂိဒတ္တော ဣသိ**၊ အဂ္ဂိဒတ္တရသေ့သည်။ **သဟ ဣသီဟိ**၊ ရသေ့ပေါင်း ၁၀၀၀ တို့နှင့် တကွ။ **အရဟတ္တံ**၊ အရဟတ္တဖိုလ် (ရဟန္တာ၏အဖြစ်သို့)။ **ပါပုဏိ**၊ ကောင်းစွာမသွေ ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တရားဓာတ်လမ်း မှတ်တမ်းပြီးပြီ

အဂ္ဂိဒတ္တရသေ့နဲ့ ရသေ့ပေါင်း ၁၀၀၀ ဟာ ရဟန္တာဖြစ်သွားကြတယ်။ အဲဒီနေ့ဟာ လပြည့်နေ့လည်း ဖြစ်နေတော့ တိုင်းကြီးလေးတိုင်းက လူတွေဟာ ရသေ့ကြီးကို ပူဇော်ဖို့ ရောက်လာကြတယ်။ ဒီကိုရောက်တော့ သူတို့ရဲ့ ဆရာကြီး အဂ္ဂိဒတ္တဟာ ဘုရားရှင်ကို ရှိခိုးနေတာတွေ့လိုက်တော့ စိတ်ထဲမှာ သံသယတွေ ဖြစ်ကြတယ်။ ဘာလဲ၊ ဘယ်လိုလဲ၊ ဘယ်သူလဲပေါ့။ အဲဒါကို မြတ်စွာဘုရားရှင်က သိလေတော့ အဂ္ဂိဒတ္တကို မိန့်တော်မူတယ်။

"ကဲ... အဂ္ဂိဒတ္တရေ၊ မင်းတပည့်တွေရဲ့ သံသယစိတ်တွေကို မင်းကိုယ်တိုင်ပဲ ဖြေရှင်းပေးလိုက်ပါကွယ်" လို့ မိန့်လိုက်တော့...

အဂ္ဂိဒတ္တကလည်းပဲ "ကောင်းပါပြီဘုရား၊ တပည့်တော်ကလည်း ဒီအချိန်ကို စောင့်နေတာပါ" လို့ဆိုပြီး အဂ္ဂိဒတ္တကြီးဟာ ဈာန်အဘိညာဉ်ကို ဝင်စားပြီး ထန်းပင်ခုနစ်ပင် အဆင့်လောက်မြင့်အောင် ကောင်းကင်ကို ပျံတက်ပြပြီးတော့မှ...

**အဟံ ဗုဒ္ဓဿ သိဿော၊ ဘဂဝါ အမှာကံ သတ္ထာ။**

"**အဟံ**၊ ငါသည်။ **ဗုဒ္ဓဿ**၊ မြတ်စွာဘုရား၏။ **သိဿော**၊ တပည့်ပါတည်း။ **ဘဂဝါ**၊ မြတ်စွာဘုရားသည်။ **အမှာကံ**၊ ငါတို့ရဲ့။ **သတ္ထာ**၊ ဆရာ ဖြစ်ပါပေ၏" လို့ ဆိုပြီး သူဟာ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့ အကြောင်းနဲ့ မြတ်စွာဘုရားရှင်ဟာ သူ့ရဲ့ဆရာဖြစ်တဲ့အကြောင်းကို ပြောကြားလိုက်ပါတော့တယ်။

အဲဒီနောက်တော့ အဲဒီ တိုင်းကြီး လေးတိုင်းက လူတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါတယ်။ တရားဒေသနာတော်ရဲ့ အဆုံးမှာတော့ တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် စတဲ့ အကျိုးတရားတွေကို ကောင်းစွာမသွေ ရရှိကြပါပေတော့သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

# သံယာ့ဂုဏ်ရည်
# တရားတော်

ဒေါက်တာအရှင်ဉာဏိဿရ

အမေရိကန်နိုင်ငံ၌
စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီးအား ပူဇော်သည့်ပွဲ၌
ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော
**သံဃာ့ဂုဏ်ရည်**
**တရားတော်**

**တရားဖွင့်ပြီ မေတ္တာစည်**

**မေတ္တာနိသာကရော လောကေ၊**
**သမ္မာ ဘာတု သုခံကရော။**
**မေတ္တာသီတလရံသီဟိ၊**
**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ**၊ သတ္တဝါအလီလီ ခိုမှီပေါ်လတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိသာကရော**၊ မေတ္တာအေးလူ ဖွေးဖြူပြဝင်း ငွေလမင်းကြီးသည်။ **သမ္မာ**၊ သတ္တဝါတစ်တွေ အေးမြစေ,ဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော**၊ သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု**၊ ရန်လည်းကင်းဝေး ဘေးလည်းမခအအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်၊ **မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ်အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ**၊ အဖုံဖုံလွှမ်းထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ**၊ ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု**၊ ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံအရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်

ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

- ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ဓမ္မသဘင် စတင်ပါပြီ

အခမ်းအနား ဖွင့်လှစ်ပြီးပါပြီ။ အားလုံး ဆရာတော် ဘုရားကြီး အား တညီတညွတ်တည်း ကန်တော့ကြပါ။

**(သီတဂူဆရာတော်ဘုရား၏ တိုက်တွန်းခြင်း ဖြစ်ပါသည်။)**

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်း ဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

**(ပရိသတ်အားလုံး၏ ကန်တော့ပန်းဖြစ်ပါသည်။)**

ရှိခိုးထိုက် မြတ်နိုးထိုက် ပူဇော်ထိုက်သော ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ဆရာသမားတို့အား ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော သက္ကစ္စဂါရဝ ပဏာမ ကောင်းမှုကံ စေတနာတို့ကြောင့် ဘေးဥပါဒ်အန္တရာယ် အသွယ်သွယ်အဝဝ ရောဂါဝေဒနာ ဟူသမျှတို့မှ မုချမချွတ် ကင်းလွတ် ပပျောက်ကြကုန် သည်သာဖြစ်၍ အလိုရှိအပ် တောင်းတအပ်သော ကောင်းကျိုးချမ်းသာ

မင်္ဂလာတို့နှင့်သာ လျင်စွာခဏော ပြည့်စုံကြကုန်ပြီးလျှင် မဂ် ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားကို ကြိုးစားမယုတ် ပွားများ အားထုတ်နိုင်ကြသည် ဖြစ်စေ။

**(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဆုပေးဖြစ်ပါသည်။)**

## ကံကောင်းပေစွ ကိုယ့်ဘဝ

အမေရိကန်ပြည်ထောင်စုမှာ ဘုရားလည်းရောက်၊ တရားလည်း ရောက်၊ သံဃာလည်း ရောက်ပြီဖြစ်တဲ့အတွက်ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ထွန်းကားနေတဲ့အရပ်မှာ လူလာဖြစ်ရတာ ဘုန်းကြီး တို့ အမျိုးသား အမျိုးသမီးတွေ ကံကောင်းကြပေတယ်။

ကံကောင်းတဲ့အတွက်ကြောင့် မိမိတို့ ရရှိထားတဲ့ ဘဝထူးကို မမေ့ကြဖို့ဆိုပြီးတော့ **"အပ္ပမာဒေန သမ္ပာဒေထ"**တဲ့။ ဆရာတော် ဘုရားကြီးရဲ့ ဩဝါဒဟာ အဲဒါပဲ ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒနဲ့ ဆရာတော် ဦးဉာဏဝရရဲ့ လျှောက်ထားချက်ဟာ တစ်ထပ်တည်းပဲ၊ ဆရာတော်ဦးဉာဏဝရရဲ့ လျှောက် ထားချက်ကို နားထောင်ပြီးတော့ ဆရာတော်ကြီးက ဒီဩဝါဒကိုများ ပေးလေသလားလို့ ဘုန်းကြီးက တွေးပြီးတော့ တပည့်နဲ့ ဆရာတို့ရဲ့ စကား နှစ်ရပ် တစ်ထပ်တည်းဖြစ်တာကို သိပ်ပြီးတော့ ဝမ်းသာသွားတယ်။

ဆရာတော် ဦးဉာဝရရဲ့ လျှောက်ထားချက်မှာ နောက်ဆုံး စာပိုဒ် ကလေးတစ်ပိုဒ်ဟာ ဆရာတော်ကြီးရဲ့ ဩဝါဒနဲ့ သွားပြီးတော့ တစ်ထပ် တည်း ဖြစ်သွားတယ်။

**ဉာဏ ဝတ** ဆိုတဲ့ အပိုဒ်။

**ဉာဏဝတ**- ဇမ္ဗူဒီပ၊ ဂေါယာနနှင့်၊ ဥတ္တရပုဗ္ဗာ၊ ကျွန်း လေးဖြာတွင်၊ ဇမ္ဗူဒီပါကျွန်း၊ ပုဗ္ဗဝိဒေဟကျွန်း၊ အပရ ဂေါယာနကျွန်း၊ ဥတ္တရကုရုကျွန်း ဆိုပြီး ကမ္ဘာ့အလယ် ဗဟိုရ်ချက် မြင်းမိုရ်တောင်ကို ဗဟိုရ် ထားပြီးတော့ ကမ္ဘာ့ အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာ ကျွန်းကြီးလေးကျွန်း။

အဲဒီ ကျွန်းကြီးလေးကျွန်းမှာ ဇမ္ဗူဒီပါလို့ခေါ်တဲ့ ကျွန်းတစ်ကျွန်း မှာပဲ ဘုရားပွင့်တယ်။ အရှေ့၊ အနောက်၊ မြောက်ကျွန်း သုံးကျွန်းမှာ

ဘုရား မပွင့်ဘူး။ တောင်ကျွန်း တစ်ကျွန်းမှာပဲ ဘုရားပွင့်တယ်။ အဲဒါကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး စသည် ဩကာသ ကန်တော့ခန်း ဆုတောင်းတဲ့အခါမှာ ''ရပ်ပြစ်ရှစ်ပါးမှ လွတ်ရပါလို၏'' ဆိုတဲ့ ဆုတောင်းခန်းမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မရောက်တဲ့အရပ်၊ ဒါန၊ သီလ၊ သမထ ဝိပဿနာ ကောင်းမှုတို့ကို ပြုခွင့်မရတဲ့ အရပ်ဟာ ရစ်ပြစ်ရှစ်ပါးပဲလို့ **''အက္ခဏ သုတ္တန်''**မှာ ဒီလို ဆိုထားပါတယ်။

မြတ်စွာဘုရား ဟောထားပါတယ်။ အဲဒီစကားရပ်···

## ဘုန်းကံဆိုတာ ဒီလိုပါ

''ဇမ္ဗူဒီပ၊ ဂေါယာနနှင့် ဥတ္တရပုဗ္ဗာ၊ ကျွန်းလေးဖြာတွင်၊ တောင်ခွင်တစ်ခု၊ ဇမ္ဗူဒီပါ၊ ဒေသမှာလျှင်၊ ဗုဒ္ဓသာသနာ ထွန်းသည့်တာကြောင့်၊ ဇမ္ဗူဒီပါ၊ တစ်ကျွန်းသာလျှင်၊ ရှစ်ဖြာရပ်ပြစ်၊ စင်စစ်လွတ်ခါ၊ ကျန်သုံးရွာကား၊ မြတ်ဘုရားနှင့် တရားသံဃာ၊ မရောက်ရာ၍၊ အခွင့်ဆုံးသည့်၊ ဘုန်းကံနည်းသူ။

ဘုန်းဆိုတာ ပုည ကောင်းမှု။ ကောင်းမှုကံနည်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ အရပ်တဲ့။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မရောက်တဲ့အရပ်သည် (ဘာပါလဲ)။ ကောင်းမှုကံနည်းတဲ့ ပုဂ္ဂိုလ်တွေရဲ့အရပ်။

မြတ်ဘုရားနှင့်၊ တရားသံဃာ၊ မရောက်ရာ၍၊ အခွင့် ဆုံးသည့်၊ ဘုန်းကံနည်းသူ၊ လူတို့နေရာ၊ ဆိုခဲ့ပါလည်း၊ မင်္ဂလာ ကျက်သရေ၊ လက်လက် ဝေသည့်၊ လနေတန့်န်း၊ ထေရ်ဘုန်းတစ်ဆူ၊ ကြွတော်မူသည့်၊ ဇမ္ဗူမှမြောက်၊ ရောက်သည့် ဒီပ၊ ဥတ္တရကုရု၊ ခေါ်ဆိုလုဘိ။

ဇမ္ဗူဒီပါလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံရဲ့ မြောက်တည့်တည့်မှာ ရှိနေတဲ့ ဒီ အမေရိကန်ကို ဘုန်းကြီးတို့က ဥတ္တရကုရုကျွန်းလို့ ဆိုချင်ပါတယ်လို့ ဒီစကားလေ။

ဇမ္ဗူမှမြောက်၊ ရောက်သည့်ဒီပ၊ ဥတ္တရကုရု၊ ခေါ်ဆို လုဘိ၊ အမေရိက၊ ဤဒေသသည်၊ အဘိဓေ၊ ရဋ္ဌဂုရု၊ သွန်းပြု ခပ်နှိပ်၊ ဂုဏ်တံဆိပ်ဖြင့်၊ ဖိတ်ဖိတ်လျှံဝါ၊ ထေရ်ဆရာသည်၊ ထောင်ယူဇနာ၊ ခရီးကွာလည်း မုနိသုတ်လာ။

## ရွှေဟင်္သာမင်း ကြွလာခြင်း

ယူဇနာထောင်ပေါင်းများစွာ မိုင်ပေါင်းများစွာ ခရီးကွာလည်း မုနိသုတ္တန်မှာ ဟင်္သာ (၆)မျိုး ဟောပါတယ်။ အဲဒီထဲမှာ ရွှေဟင်္သာလို့ခေါ်တဲ့ **သုဝဏ္ဏဟံသ** ဆိုတဲ့ ဟင်္သာငှက်မင်းသည် မိုင် ၇၀၀၀ လောက်ကို မနား တမ်း တောက်လျှောက် ပျံသန်းနိုင်ပါတယ်။

ရန်ကုန်နဲ့ လော့စ်အိန်ဂျလိ(စ်)ဟာ ဆရာတော်ဘုရားကြီး ပျံသန်း တော်မူလာတာဟာ ဒီလိုများလားလို့ ဘုန်းကြီးတို့က တွေးကြည့်မိတာ ပါ။

မုနိသုတ်လာ၊ ရွှေဟင်္သာမင်း၊ လုံ့လတင်း၍၊ ခဏချင်းသာ၊ ပျံသန်း လာသို့၊ ယခုခါလည်း၊ စစ်ကိုင်းတောင်သာ၊ ရွှေဟင်္သာမှ၊ ခရီးယူဇနာ၊ မိုင် များစွာကို၊ လျင်စွာဖြတ်သန်း၊ မပင်ပန်းဘဲ၊ ကြွမြန်းဒေသစာ၊ ဖြန့်ခဲ့တာ ကြောင့်၊ ရွှေဟင်္သာမော်၊ ဆရာတော်ကို၊ ပူဇော်ခွင့်ရ၊ ဖူးခွင့် ရသည်၊ ဥတ္တရ U.S.A ဘာမှန်းလည်း မသိဘူး။

U.S.A ရေးထားတာ ဟုတ်လား။ U.S.A ဆိုတာ (ယူနိုက်တက် စတိတ် အော့ဖ် အမေရိက) ဒီလိုနဲ့ တူပါတယ်နော်။ ဥတ္တရ U.S.A ဝေးရပ်မြေရှိ, တပည့်တွေမှာ (ဘာရလဲ)။ "**သမဏာနဉ္စ ဒဿနံ၊ ဧတံ မင်္ဂလ မုတ္တမံ**" အဲဒါရတယ်။ "**ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလ မုတ္တမံ**" အဲဒီ မင်္ဂလာနှစ်ပါးကို ဒီကနေ့ ရကြတယ်။

**ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလ မုတ္တမံ**။ သုတ္တန်အရှိ၊ ကျမ်းနှင့် ညီသော်၊ ဘုန်းရှိ ကံရှိ၊ သမာဂရှိစ၊ လူ့ဘဝဟု၊ အားရွှင်လန်း၊ လက်ရုံး တန်းလျက်၊ မြောက်ကျွန်းဒီသာ၊ အက္ခဏာသည်။

**အက္ခဏာ**။ အက္ခဏဆိုတဲ့ ပါဠိစာလုံးဟာ အခွင့်အရေး ဆုံးရှုံး နေတဲ့ အရပ်လို့ ဒီလို အဓိပ္ပာယ်ရတယ်။ အခွင့်အရေး ဆုံးရှုံးနေတဲ့ ဒီအရပ် သည် အခွင့်အရေးတွေ ပြည့်စုံလာတယ်။

မြောက်ကျွန်းဒီသာ၊ အက္ခဏာသည်၊ ရွှေဟင်္သာမင်း၊ ကြွလာ ခြင်းကြောင့်၊ ဘုရားလည်းရောက်၊ တရားရောက်ပြီ၊ ပြစ်ရောက်ရပ်မှ၊ လွတ်ပြီဘုရားလို့ ဦးဉာဏဝရ လျှောက်သွားပါတယ်။

ရစ်ပြစ်ရှစ်ပါး သင့်နေတဲ့ အရပ်မျိုးမှ ဒီကနေ့ လွတ်ပါပြီ။ အဲဒီ လျှောက်ထားလွှာကို ဆရာတော်ဘုရားကြီးက ထောက်ခံတော်မူသွား

ပါတယ်။ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဒုလ္လဘ လေးပါးနဲ့ ပြည့်စုံလို့ အခွင့်ကောင်းတွေ ရပြီတဲ့။ ဒုလ္လဘ လေးပါးဆိုတာ ဘာတွေလဲဆိုတော့-

၁။ ဘုရားပွင့်ခြင်း၊

၂။ လူလာဖြစ်ရခြင်း၊

၃။ သဒ္ဓါတရားနဲ့ ပြည့်စုံခြင်း၊

၄။ တရားနာရခြင်းပေါ့။

အခု လေးပါးနဲ့ ပြည့်စုံတယ်တဲ့၊ တစ်ပါး လိုနေတယ်။ ဒုလ္လဘ ငါးပါးရှိတာ တစ်ပါးလိုနေတယ်။ တစ်ပါးက ဘာလဲဆိုတော့ **ပဗ္ဗဇိတ ဘာဝ**-ရဟန်းပြုရခြင်း၊ အဲဒါ ဆက်လုပ်ဖို့ပဲ ကျန်တော့တယ်၊ ဒါမှ ငါးပါး စုံသွားမှာ။

ဒီတော့ ကျန်တဲ့လူတွေထဲက ဒကာကြီးတွေ အကုန်လုံး သင်္ကန်း ဝတ်၊ ဒကာမကြီးတွေ အကုန်လုံး သီလရှင်ဝတ်၊ ဒါဆက်လုပ်ရမယ်။ ဒါမှ ဒုလ္လဘငါးပါး စုံသွားအောင်နော်။

အဲဒီတော့ ဆရာတော်ဘုရားကြီးရဲ့ မိန့်ခွန်းနဲ့ ဆရာတော် ဦးဉာဏဝရရဲ့ လျှောက်ထားလွှာကို ဘုန်းကြီးက ဒီစကားရပ်ဖြင့် ထပ်မံပြီးတော့ ဖြည့်စွက် အမွှန်းတင် ရှင်းလင်းပြီး ပရိသတ်အား တင်ပြပါတယ်။

မုနိသုတ္တန်မှာ ဟင်္သာခြောက်မျိုးအကြောင်း ပါပါတယ်။ ထားပါ တော့၊ ရှည်နေမှာစိုးလို့၊ အဲဒီ ဟင်္သာ ခြောက်မျိုးထဲက သုဝဏ္ဏဟံသ လို့ခေါ်တဲ့ ရွှေဟင်္သာဟာ ယူဇနာတစ်ထောင်ကို မရပ်မနား ပျံနိုင်တယ် တဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ကနေပြီးတော့ (လော့စ် အင်ဂျလိစ်)ရောက်အောင် ဆရာတော်ဘုရားကြီး ကြွမြန်းတော်မူလာတာဟာ မိုင်ပေါင်း အဲဒီလောက်တော့ ရှိကောင်းရှိမယ်။ ဘယ်လိုလုပ်ပြီးတော့များ ဘယ်လိုနည်းတွေနဲ့များ ဘယ်လို အကြောင်းတွေနဲ့များ ရွှေဟင်္သာမင်း ကြွချီတော်မူလာခြင်း ဖြစ်ပါသလဲ ဆိုတာကို ဘုန်းကြီးတို့ ပရိသတ်စဉ်းစားဖို့ လိုလိမ့်မယ်။ ဘုန်းကြီးက စဉ်းစားပြီးတော့ ဒါလေးကို နည်းနည်းပြောခွင့် ပေးပါ။

## အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းပြောစို့

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ရွှေကျောင်း ကိန်းအောင်းတော်မူဆဲကာလ ဇေတဝန်ကျောင်းကြီးရဲ့ ဒါယကာ အနာထပိဏ်ရဲ့ သမီးငယ် စူဠသုဘဒ္ဒါတဲ့။

ဘယ်သူတဲ့လဲ။

"စူဠသုဘဒ္ဒါပါ ဘုရား"

စူဠသုဘဒ္ဒါဆိုရင် မဟာသုဘဒ္ဒါလည်း ရှိသေးတယ် ဆိုတာကို သိလိုက်ကြရမယ်။ သူက အကြီးမ၊ အငယ်မက စူဠသုဘဒ္ဒါ။ အဲဒီ သမီးအငယ် စူဠသုဘဒ္ဒါဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသက်လောက်မက သက်ဝင်ယုံကြည်နေတဲ့ သောတာပန် ကျောင်းဒကာရဲ့ သမီးလေး။

ကောသလတိုင်းကနေ ယူဇနာ ၁၂၅ဝ ကွာဝေးတဲ့ ဥဂ္ဂမြို့ကို ရောက်သွားတယ်။ တစ်ယူဇနာဆိုတာကို မိုင်နဲ့တွက်ကြည့်ရင် အနည်းဆုံး (၇)မိုင်နဲ့ တွက်ကြည့်ပါ။ လန်ဒန်ပါဠိအသင်းကြီးက ရေးတဲ့ ပါဠိအင်္ဂလိပ် အဘိဓာန်ကြီးမှာ တစ်ယူဇနာကို (၇)မိုင်လို့ သူတို့ရေးတယ်။ အိန္ဒိယနိုင်ငံ ရှေးဟောင်း သုတေသန မြေတိုင်းဌာနက တွက်ချက်မှုအရ ဆိုလို့ရှိရင် တစ်ယူဇနာကို (၆)မိုင်လို့ တွက်တယ်။

မြန်မာနိုင်ငံက ကျမ်းတတ်အကျော် အဘယာရာမ ဆရာတော်ဘုရားကြီးရေးတဲ့ အဘိဓာန်နိဿယသစ်ကျမ်းမှာ တစ်ယူဇနာကို (၁၂)မိုင်လို့ တွက်ပါတယ်။ အဲဒီတော့ အနည်းဆုံး (၆)မိုင်နဲ့ပဲ တွက်ကြည့်လိုက်ပါ။ ယူဇနာ ၁၂၅ဝ ဆိုရင် မိုင်ပေါင်း ၇၅ဝဝ လောက်ရှိမယ်။ အဲဒီလောက် ကွာဝေးတဲ့ အရပ်ကို သမီးကလေး စူဠသုဘဒ္ဒါ ရောက်သွားတယ်။

ဘုရား၊ တရား၊ သံဃာ ဆိုတာကို လုံးဝ အယုံအကြည်မရှိတဲ့ မိစ္ဆာဒိဋ္ဌိအမျိုးသားနဲ့ အကြောင်းဆက်လို့ ပေါင်းဖက်ရရှာတယ်။ ဘုရားနဲ့ တရားနဲ့၊ သံဃာနဲ့ နေနေတဲ့ အိန္ဒိယမြောက်ပိုင်း ကောသလတိုင်း သာဝတ္ထိမြို့ ဇေတဝန်ကျောင်းကြီးရဲ့ ဒါယကာ သမီး ဘာဖြစ်လို့ ဒီလို ဖြစ်ကြသလဲ။

ဒါ မြတ်စွာဘုရား လက်ထက်တော်ကာလက ဘုရားရှင်ရဲ့ ကျောင်းဒါယကာ သမီးကလေးဟာ ဒီလိုပဲ ဖြစ်ခဲ့ဖူးတယ်။ ဒီသုတ္တန်မှာကတော့ အကြောင်းရင်းက (ပရိသတ်ရေ) မိုင်ပေါင်း ၇၅ဝဝ ခန့်ဝေးသော

ယူဇနာ ၁၂၅၀ ကွာဝေးသော အရပ်ဒေသကမြို့ဟာ ဥက္ကမြို့လို့ခေါ်ပါတယ်။ ဘာမြို့လဲ။

“ဥက္ကမြို့ပါဘုရား”

## တက္ကသိုလ်ကျောင်းက သူငယ်ချင်း

ဥက္ကမြို့ သူဌေးသားနဲ့ သာဝတ္ထိမြို့က သူဌေးသားနှစ်ယောက်ဟာ တက္ကသိုလ်မှာ ပညာသင်ကြတယ်၊ ဗုဒ္ဓလက်ထက် တော်ကာလက အိန္ဒိယနိုင်ငံ ဟိုအနောက်ဘက် ပါကစ္စတန်ပြည်ရဲ့ မြောက်ပိုင်းဒေသဟာ ရှေးက တက္ကသိုလ်ဖြစ်ခဲ့ဖူးပါတယ်။

ပါကစ္စတန်ပြည်မြောက်ပိုင်း ဒီကနေ့ ပက်ရှဝါမြို့ ပတ်ဝန်းကျင်ဟာ ရှေးက တက္ကဆီလာ တက္ကရှီလာလို့ ခေါ်တယ်။ တက္ကသိုလ် နေပြည်တော်ကြီးပါပဲ။ အဲဒီမှာ သူဌေးသားတွေ ပညာစုသင်ကြတော့ ဥက္ကမြို့က သူဌေးသားနဲ့ သာဝတ္ထိမြို့က သူဌေးသား အလွန်ချစ်ကြ ခင်ကြတယ်။ ချစ်ခင်တဲ့ သူငယ်ချင်းနှစ်ယောက် ငယ်ငယ်က ချစ်လွန်းလို့ဆိုပြီးတော့ ကတိပြုခဲ့ကြဖူးပါတယ်တဲ့။

“တို့များ အရွယ်ရောက်လို့ ကိုယ့်မြို့ ကိုယ့်ရွာမှာ စီးပွားဥစ္စာနဲ့ပြည့်စုံလို့ အိမ်ထောင်များပြုကြလို့ သားတွေ သမီးတွေနဲ့ စည်ကားတဲ့အခါ သားသမီးချင်း ဖလှယ်ကြပါစို့”လို့ ငယ်ငယ်က ကတိထားခဲ့ကြဖူးတယ်။

အဲဒါမှ သာဝတ္ထိသူဌေးသားက နောင်သောအခါ သာဝတ္ထိပြည်ရောက်ပြီးတော့ ကျောင်းဒကာ အနာထပိဏ် ဖြစ်လာတယ်၊ ဥက္ကသူဌေးသားကတော့ ဥက္ကမြို့ ပြန်ရောက်သွားပြီးတော့ အဲဒီ ဥက္ကမြို့ကို ဘုရား၊ တရား၊ သံဃာ မရောက်တဲ့အတွက်ကြောင့် သူက မိစ္ဆာဒိဋ္ဌိ ဖြစ်နေရှာတယ်။ ဥက္ကသူကြွယ် အရောင်းအဝယ်ကိစ္စနဲ့ သာဝတ္ထိရောက်လာတော့ ငယ်သူချင်း အနာထပိဏ် သူဌေးအိမ်မှာ တည်းခိုပြီးတော့ နေကြတယ်။

အဲဒီတော့ အနာထပိဏ်သူဌေးက သူ့ရဲ့ချစ်သူငယ်ချင်း ငယ်သူငယ်ချင်း ဥက္ကသူကြွယ်ကို ဧည့်ခံပြုစုဖို့ဆိုပြီးတော့ သမီးလေး စူဠသုဘဒ္ဒါကို တာဝန်ပေးအပ်ပြီးတော့ “ငါ့ရဲ့ ချစ်ငယ်သူငယ်ချင်းကို ချစ်သမီးက ဝတ္တရားကျေအောင် ပြုစုပါ”

လို့ အပြုအစု နေရာထိုင်ခင်း စားရေးသောက်ရေးကအစ အကုန် တာဝန်ပေးတော့ သမီးငယ်လေးရဲ့ ချက်ချက်ချာချာ ကျေကျေပွန်ပွန် ဆောင် ရွက်တဲ့ ဝတ္တရားတွေကို ဥဂ္ဂသူကြွယ်က ကြည့်ပြီးတော့ အလွန်ကျေနပ် အားရပြီး ပြန်ခါနီးတော့ အနာထပိဏ်ကို ပြောတာ။

## ကတိအရ လက်ထပ်ကြ

"တို့များငယ်ငယ်က ထားခဲ့တဲ့ကတိ၊ မင်းမှတ်မိသေးလား"

"မှတ်မိပါတယ် သူငယ်ချင်း၊ အဲဒါ ဘာဖြစ်လဲ"

"ငါ့မှာလည်း သားအရွယ်ရောက်တာရှိတယ်၊ သင့်မှာလည်း အခု သမီးအရွယ်ရောက်တာ ရှိနေတာ။ အဲဒါ တို့သားသမီးချင်း အကြောင်း ဆက်လို့ ပေါင်းဖက်ကြရရင် တို့ဆွေမျိုးအရင်းဖြစ်သွားမယ်။ အဲဒါကြောင့် မင်းရဲ့သမီးနဲ့ ငါ့သား လက်ထပ်ထိမ်းမြားကြစို့"

ဆိုပြီး အဲဒီမှာ တောင်းဆိုတာ။

အဲဒါကြောင့် သာသနာ့ဒါယကာ အနာထပိဏ်ရဲ့ သမီးငယ် စူဠ သုဘဒ္ဒါနဲ့ ဟိုးမိုင်ပေါင်း ၇၅၀ လောက် ကွာဝေးတဲ့အရပ်က ဥဂ္ဂမြို့က မိစ္ဆာဒိဋ္ဌိ ဥဂ္ဂသူဌေးသားတို့ လက်ထပ်ထိမ်းမြားတာဟာ ဒီကတိကြောင့်ပါပဲ။

လက်ဆက်ထိမ်းမြားဖို့ သဘောတူ၊ အခမ်းအနားတွေစီမံ၊ ယာဉ် တွေ ရထားတွေနဲ့ စားဖွယ်သောက်ရန် အခြံအရံတွေနဲ့ အသုံးအဆောင် ပစ္စည်းတွေနဲ့ တခမ်းတနားကြီး ဥဂ္ဂမြို့ကို သမီးပို့လို့ ဥဂ္ဂမြို့ရောက်တော့ အနာထပိဏ်က ဥဂ္ဂမြို့ကရှိတဲ့ သူ့ရဲ့မိတ်ဆွေ သူငယ်ချင်း သူဌေးရှစ်ယောက် လောက်ကို ခေါ်ပြီးတော့ တာဝန်ပေးတယ်။

"အလွန်ဝေးကွာတဲ့ မိုင်ပေါင်းများစွာ ဝေးကွာတဲ့ အရပ်မှာ သမီး ကလေးကို ထားခဲ့ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ငါ့ သူငယ်ချင်းများ ငါ့သမီးရဲ့အပေါ်မှာ အဘက်ဘက်က ကောင်းကောင်းဆိုးဆိုး နှစ်မျိုးကို ကြည့်ရှုစောင့်ရှောက်ပြီးတော့ အဖေနဲ့ ဝေးသော်လည်းပဲ အဖေ့တာဝန်ကို ယူပြီးတော့ သူငယ်ချင်းရှစ်ယောက် စောင့်ရှောက်ရစ်ကြပါ" ဆိုပြီးတော့ သူဌေးသူငယ်ချင်းတွေကို တာဝန်ပေးထားခဲ့တာ။

အဲဒါနဲ့ မိစ္ဆာဒိဋ္ဌိ ဥဂ္ဂသူကြွယ်ရဲ့အိမ်မှာ စူဠသုဘဒ္ဒါဟာ ဥဂ္ဂသူကြွယ် ရဲ့သား သူဌေးသားနဲ့ လက်ဆက်ထိမ်းမြားပြီးတော့ ရောက်ရှိသွားကြတယ်၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မရှိတဲ့ အရပ်ကို စူဠသုဘဒ္ဒါ ရောက်ရှိသွားတာဟာ အဲဒီ အခြေအနေပါပဲ။

## ဆွမ်းကျွေးပွဲမှာ ရှက်စရာတွေ့

မင်္ဂလာဆောင် အခမ်းအနားပြီးတဲ့နေ့ကျတော့ ဥဂ္ဂသူကြွယ်ကြီးက ထုံးစံပေါ့လေ၊ မင်္ဂလာဆွမ်းကျွေးရအောင် ဆိုပြီးတော့ သူလည်းပဲ သူ့ ဘုန်းကြီးတွေ ပင့်လာတယ်။

ဘုန်းကြီးလို့ပဲ ပြောကြပါစို့။ သူ့ဘုန်းကြီးတွေ သူပင့်ချလာ၊ အိမ်ပေါ်မှာ တန်းစီပြီးတော့ ဘုန်းကြီးတွေ ထိုင်တာ။

"သမီး ဟောဒီမှာ သံဃာတွေကြွလာပြီ၊ ဆွမ်းကျွေးရမှာ မင်္ဂလာ ဆွမ်း၊ လာ... ရှိခိုးလှည့်၊ ဖူးမြော်လှည့်၊ ကန်တော့လှည့်"

ဆိုတော့...

"ဟာ... ဘုန်းကြီးတွေ ကြွလာတယ်" ဆိုတော့ ဟိုက သာသနာ့ ဒါယကာ သမီး။ ဝမ်းသာလွန်းလို့ထွက်လာ၊ ကြည့်လိုက်တော့ တစ်ယောက်မှ အဝတ်မရှိဘူး၊ အဲဒီ ဘုန်းကြီးတွေက ဘာတွေလည်းဆိုတော့ **အစေလက တက္ကတွန်း**တွေ ဖြစ်နေတယ်၊ အဝတ်မဝတ်တဲ့ တက္ကတွန်းတွေ ဒီကနေ့ အိန္ဒိယနိုင်ငံမှာ ကျန်နေသေးတယ်၊ ဂျိန်းဘုန်းကြီးတွေဟာ အဝတ် မဝတ်ကြဘူး၊ အဲဒီ ဂျိန်းဂိုဏ်းက ဘုန်းကြီးတွေ ဖြစ်နေတယ်။ အဲဒီ ကိုယ်တုံးလုံး အဝတ်မရှိတဲ့ ဂျိန်းဘုန်းကြီးတွေကို ဆွမ်းကပ်တဲ့ အခမ်းအနား ကြီးကို စူဠ သုဘဒ္ဒါက တွေ့ရတော့ ရှက်လွန်းလို့ဆိုပြီးတော့

"ဟာ... အဝတ်မဝတ်တဲ့ပုဂ္ဂိုလ်တွေ၊ ဟိရိဩတ္တပ္ပ ကင်းတဲ့ ပုဂ္ဂိုလ်တွေကို ဒါ သမဏခေါ်မလား၊ ဒါ ဗြဟ္မဏ ခေါ်မလား၊ ရှက်လွန်းလို့ ရှိမခိုးပါရစေနဲ့" ဆိုပြီး အခန်းထဲပြန် ဝင်သွားတာ ထွက်မလာတော့ ဘူး။

အဲဒီတော့ ဥဂ္ဂသူကြွယ်ကြီးက "အခမ်းအနားမှာ ချွေးမ ထုတ်ပြီး တော့ မျက်နှာပြပါတယ်၊ ဘယ်နှယ့် ငါ့အရှက်ခွဲသွားတယ်" ဆိုပြီးတော့ ဥဂ္ဂသူကြွယ်က စိတ်ဆိုးတယ်၊ စိတ်ဆိုးတော့ ကြိမ်းမောင်းမာန်မဲပြီးတော့ သူ့အိမ်ကထွက်ဖို့ သာဝတ္ထိကိုပြန်ပို့ဖို့ ဆိုပြီးတော့ အဲဒီမှာ သူ့ကိုအရေး ဆိုတာ၊ အဲဒီတော့...

အဖေက ဒီမှာ ဥဂ္ဂသူကြွယ် အိမ်ကိုပို့ခဲ့တာ အကြောင်းမဲ့ ပို့ခဲ့တာ မဟုတ်ဘူး။ အမှားအမှန်ကို ဆုံးဖြတ်ဖို့ရန်အတွက် သူဌေး ရှစ်ယောက် တာဝန် ပေးထားခဲ့တာ ရှိပါတယ်။

သူဌေးရှစ်ယောက်နဲ့ ညှိနှိုင်းပြီးတော့ သူတို့ အဆုံးအဖြတ်ခံမယ်။ ကျွန်မဘက်က မှားတယ်ဆိုရင် ကျွန်မပြန်မယ်၊ ကွာရှင်းမယ်ပေါ့၊ (သတင်းစာ ထဲ ကြေညာရမလား၊ ဒီဘဝ ဒီမျှသာလို့လေ)

အဲဒီတော့ ပြန်မယ်ပေါ့၊ ကဲ... ဒါဖြင့် သူဌေးရှစ်ယောက်ခေါ်၊ အဆုံးအဖြတ်မေး၊ စစ်ဆေးပေါ့လေ၊ ခုံရုံးပေါ့၊ အထူးခုံရုံးပေါ့၊ တင်ပြီးတော့ သူဌေးတွေနဲ့ စစ်ဆေးတော့...

## ခုံရုံးတင်လို့ စစ်ကြတယ်

စူဠသုဘဒ္ဒါရဲ့ ပင်ကိုစရိုက်နဲ့ ဝါသနာဟာ သဒ္ဓါတရား အားကောင်းတဲ့ သောတာပန် ကျောင်းဒကာသမီး တိတ္ထိတက္ကတွန်း ကိုးကွယ်တဲ့ အမျိုးမဟုတ်ဘူး။ တကယ့် သမဏဗြာဟ္မဏ ကိုးကွယ်တဲ့ အမျိုးကို တိတ္ထိ တက္ကတွန်း အဝတ်မဝတ်သူကို ကိုးကွယ်ခိုင်းတော့ ဒါ ဘာသာရေးအရ ဒီလို မလုပ်သင့်ဘူး။ ဒါကြောင့် စူဠသုဘဒ္ဒါဘက်က မှန်တယ်၊ သူ့ဘာသာသူ ကိုးကွယ်ပစေလို့ သူဌေးရှစ်ယောက်က အဆုံး အဖြတ် ပေးလိုက်တယ်။

"ယောက်ျားရဲ့ ဘာသာနောက်ကို လိုက်ရမယ်" လို့ အဲဒီတုန်းက မရှိဘူး ထင်ပါတယ်နော်။ အဲဒါနဲ့ပဲ စူဠသုဘဒ္ဒါဘက်က အနိုင်ရတော့ ဥဂ္ဂသူကြွယ်ကြီးက မေးတယ်။

"သင် ကိုးကွယ်တဲ့ ရဟန်းတွေက ဘယ်လိုရဟန်းတွေလဲ"

သင်ကိုးကွယ်တဲ့ သာသနာဟာ ဘယ်လို သာသနာမျိုးလဲ။

ဒါ မေးတာ။

အဲဒီ မေးခွန်းကို ထောက်ခြင်းအားဖြင့် အဲဒီအရပ်မှာ ဘုရား, တရား, သံဃာမရောက်ဘူးဆိုတာ သေချာတယ်။ ဒါကြောင့် ကိုယ်တုံးလုံး တိတ္ထိ တက္ကတွန်းများကို ကိုးကွယ်နေကြရတာ။

"သင် ကိုးကွယ်တဲ့ သာသနာနဲ့ သင့်ဆရာဟာ ဘယ်လို ပုဂ္ဂိုလ်တွေ များလဲ၊ အဲဒါလေးကို တို့ကြည်ညိုဖို့ နည်းနည်းလောက်ပြောပြစမ်းပါ"

ဆိုတော့ စူဠသုဘဒ္ဒါရဲ့ တရားလေးတစ်ပုဒ်ကို ဘုန်းကြီး ဒီနေရာမှာ ပြောပြမလို့ပါ။

## စူဠသုဘဒ္ဒါ ဟောတဲ့တရား

**သန္တိန္ဒြိယာ သန္တမာနသာ၊ သန္တံ တေသံ ဂတံ ဌိတံ။**

**ဩက္ခိတ္တစက္ခူ မိတဘာဏီ၊ တာဒိသာ သမဏာ မမ။**

**မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူ ဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **သန္တိန္ဒြိယာ**၊ ငြိမ်းချမ်းတဲ့ ဣန္ဒြေလည်း ရှိတော်မူကြပေကုန်၏။ **သန္တမာနသာ**၊ ငြိမ်းချမ်းတဲ့စိတ်ဓာတ်နဲ့ ပြည့်စုံတော်မူကြပေကုန်၏။ **တေသံ**၊ ထိုဘုရားနဲ့ သံဃာတော်အရှင်မြတ်တို့ရဲ့။ **ဂတံ**၊ သွားခြင်းသည်။ **ဌိတံ**၊ ရပ်ခြင်းသည်။ **သန္တံ**၊ ငြိမ်းချမ်းတဲ့ ရပ်ခြင်း သွားခြင်း လည်း ဖြစ်ပါပေ၏။

ရပ်တယ်, သွားတယ်, ထိုင်တယ်, လျောင်းတယ်ဆိုရင်လည်း (ဘယ်လိုလဲ) ငြိမ်လို့ သိပ်ဣန္ဒြေရတယ်၊ ပြဒါးတိုင်ထဲက ပြဒါးလေးလို ရတ်ရတ်ရတ်ရတ်နဲ့ ခုန်နေတဲ့အနေမျိုး မဟုတ်ဘူး၊ ငြိမ်လို့။

**မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **ဩက္ခိတ္တစက္ခူ**၊ မျက်လွှာလေးကိုချပြီးတော့ ဣန္ဒြေရရ ထိုင်နေတတ်ကြတယ်။ **မိတဘာဏီ**၊ နှုင်းနှုင်းချိန်ချိန် ပြောဆိုတဲ့ စကားရှိတော်မူကြ ပေကုန်၏။

ထိုင်နေလိုက်တယ်ဆိုရင် ဘယ်လို ထိုင်နေလဲ၊ မျက်လွှာလေးချ၊ ဆရာတော်ဘုရားကြီးထိုင်တာ မြင်လိုက်ကြပြီနော်။

**မိတဘာဏီ**၊ စကားပြောတော့လည်း လိုတယ်, ပိုတယ်, အစွန်း ထွက်တယ် မရှိရအောင်။ နှုင်းနှုင်းချိန်ချိန် ပြောဆိုတော်မူကြပေကုန်၏။

**မမ**၊ ငါရဲ့။ **သမဏာ**၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော် အရှင်မြတ်အပေါင်းတို့သည်။ **တာဒိသာ**၊ ထိုသို့ သဘောရှိကြကုန်တယ်ရယ်လို့။ **စူဠသုဘဒ္ဒါ**၊ စူဠသုဘဒ္ဒါ အမည်ရှိတဲ့ သူဌေးသမီးသည်။ **ဥဂ္ဂံ ဂဟပတိံ**၊ ဥဂ္ဂသူကြွယ်ကို။ **ဧတံ ဝစနံ** ဤစကားကို။ **အဝေါစ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ပြောကြား လိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

## သာသနာနှစ်ရပ် နှိုင်းယှဉ်ချက်

ဆိုရလိမ့်မယ်၊ စာတစ်ပိုဒ် အားလုံးလိုက်ဆိုကြပါ။

**ဣန္ဒြေစိတ်, ဆိတ်ဆိတ်ငြိမ်စွာ, သွားရပ်ထိုင်လည်း, အမြဲငြိမ်တာ။**

**မျက်လွှာကိုချ, ဝပ်ကျငြိမ်တာ, အဲဒါကွဲ့ တို့ရဲ့ သာသနာ။**

**အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။**

အဲဒါ ဗုဒ္ဓသုဘဒ္ဒါရဲ့ တရားပါပဲ။ သာသနာ နှစ်ခုကို နှိုင်းယှဉ်ပြတာ၊ ဆရာ နှစ်မျိုးကို နှိုင်းယှဉ်ပြတာ၊ သူတို့များ ဟိုအစွန်အဖျားမှာ ကိုးကွယ်ရတဲ့ သာသာနနဲ့ ဆရာဟာ **သန္တိန္ဒြိယာ**၊ ငြိမ်းချမ်းသော ဣန္ဒြေ။ **သန္တမာနသာ**၊ ငြိမ်းချမ်းသောစိတ်ထား။ **ဩက္ခိတ္တစက္ခု**၊ ချထားသောမျက်လွှာ။ **မိတ ဘာဏီ**၊ စကားဆိုရင်လည်း ဣန္ဒြေရရ ငြိမ်ငြိမ်ဆိမ်ဆိမ် ဒီလို မရှိကြဘူး။

## ကိုယ်နှုတ်စိတ်ပါ စင်ကြယ်စွာ

**ကာယ ကမ္မံ သုစိ နေသံ၊ ဝါစာကမ္မံ အနာဝိလံ။**

**မနောကမ္မံ သုဝိသုဒ္ဓံ၊ တာဒိသာ သမဏာ မမ။**

**မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူ ဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်မြတ်အပေါင်းသည်။ **သုစိ ကာယကမ္မံ**၊ သန့်ရှင်းသော ကာယကံလည်း ရှိပါပေ၏။ (ကာယကံမှာ ဒုစရိုက် မရှိဘူး)။ **အနာဝိလံ ဝါစာကမ္မံ**၊ အပြစ်ကင်းတဲ့ ဝစီကံလည်း ရှိပါပေ၏။ တို့သာသနာက တို့ဆရာတွေဟာ ဝစီဒုစရိုက် လေးပါး နှုတ်က ဘယ်တော့မှ မထွက်ဘူးတဲ့။

**မနောကမ္မံ သုဝိသုဒ္ဓံ**၊ အလွန်သန့်ရှင်းတဲ့ မနောကံနဲ့လည်း ပြည့်စုံပါပေ၏, မနောဒုစရိုက်တွေလည်း စိတ်ထဲမှာ ဘာမှ မရှိပါဘူး။ **မမ**၊ ငါရဲ့။ **သမဏာ**၊ သမဏခေါ်မှန်း ထိုအရှင်ရဟန်းတို့သည်။ **တာဒိသာ**၊ ထိုကဲ့သို့သော ဂုဏ်အပေါင်းနဲ့ ပြည့်စုံတော်မူကြလေသည်လို့။ **အဝေါစ**၊ ကရဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာမသွေ ပြောပြလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

## တွင်းပြင်နှစ်ဝ စင်ကြယ်ကြ

အားလုံး လိုက်ဆိုကြရအောင်။

**ကာယကံပြု နှုတ်မှုဆိုရာ၊ မနောကမှ စိတ်ကကြံရာ။**

**သုံးပါးကံတွင်း သန့်ရှင်းနေတာ၊ အဲဒါကွဲ့ တို့ရဲ့ သာသနာ။**

**အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။**

**ဝိမလာ သခ် မုတ္တာဘာ၊ သုဒ္ဓါ အန္တရဗာဟိရာ။**

**ပုဏ္ဏာ သုဒ္ဓေဟိ ဓမ္မေဟိ၊ တာဒိသာ သမဏာ မမ။**

**မမ**၊ ငါရဲ့။ အာစရိယာ၊ ဆရာတစ်ဆူဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **အန္တရ ဗာဟိရာ**၊ အတွင်းအပ နှစ်ဌာနစလုံးမှာ။ **သုဒ္ဓါ**၊ သန့်ရှင်းတော်မူကြပေကုန်၏။ **ဝိမလာသခ် မုတ္တာဘာ**၊ အလွန်သန့်ရှင်းတဲ့ ပွတ်သစ်ဝင်းစ ခရုသင်းနဲ့လည်း တူကြပေကုန်၏။

တို့များရဲ့သာသနာ တို့များရဲ့ဆရာဟာ ခရုသင်းပွတ် ထားသလိုပဲတဲ့။ ကိုယ်တွင်းကိုယ်ပ စိတ်တွင်းစိတ်ပ နှစ်ဌာနမှာ အညစ်အကြေးတွေ ကင်းပြီးတော့ သန့်ရှင်းပါတယ်တဲ့။ **သုဒ္ဓေဟိ**၊ သန့်ရှင်း စင်ကြယ်ကုန်သော။ **ဓမ္မေဟိ**၊ တရားတို့နှင့်လည်း။ **ပုဏ္ဏာ**၊ ပြည့်စုံ၍ နေကြလေကုန်၏။ ဘာနဲ့ပြည့်စုံသလဲဆိုရင် သုဒ္ဓိဓမ္မတွေနဲ့ ပြည့်စုံပါတယ်။

သုဒ္ဓိဆိုတာ ဝိသုဒ္ဓိ ခုနစ်ပါးပေါ့နော်။ **သီလဝိသုဒ္ဓိ, စိတ္တ ဝိသုဒ္ဓိ**... အစရှိသော ဝိသုဒ္ဓိ ခုနစ်ပါးပေါ့။ ဒီမှာပြောရင် မိုးချုပ်သွားမယ်။ တော်ပြီ။

**သုဒ္ဓိဓမ္မေဟိ**၊ ဝိသုဒ္ဓိ ခုနစ်ပါးတို့နှင့်၊ **ပုဏ္ဏာ**၊ ပြည့်စုံကြလေကုန်၏။ မမ၊ ငါရဲ့။ **အာစရိယာ**၊ ဆရာဖြစ်တော်မူကြတဲ့။ **သမဏာ**၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြတဲ့ ဆရာသခင်အရှင်ကောင်းတို့သည်။ **တာဒိသာ**၊ ထိုကဲ့သို့သော ဂုဏ်အပေါင်းနဲ့ ပြည့်စုံကြပါပေသည်ရယ်လို့။ **အဝေါစ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာမသွေ ပြောပြလိုက်ပါပေတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

## လောကစံကြုံ သူ မဖြုံ

□ အားလုံး ဆိုလိုက်ကြရအောင်။

**ကိုယ်ပကိုယ်တွင်း သန့်ရှင်းနေတာ၊**

စိတ်တွင်းမှာလည်း ဖိတ်ဖိတ်ကြည်သာ။
သုဒ္ဓိမေ့မွ ပြည့်ဝစုံတာ၊ အဲဒါကွဲ့ တို့ရဲ့ သာသနာ။
အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။

**လာဘေန ဥန္နတော လောကော၊ အလာဘေန စ ဩနတော၊**
**လာဘာလာဘေန ဧကဋ္ဌာ၊ တာဒိသာ သမဏာ မမ။**

**မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **လာဘာလာဘေန**၊ လာဘ အလာဘ ဒီနှစ်ဝမှာ။ **ဧကဋ္ဌာ**၊ စိတ်ထားအတူ ဖြစ်တော်မူကြကုန်၏။

**လောကော**၊ လောကကြီးသည်။ **လာဘေန**၊ လာဘကြောင့်။ **ဥန္နတော**၊ စိတ်ဓာတ်တွေ တက်ကြွလာတတ်တယ်။

**လာဘ**- အလာဘ နှစ်မျိုးနဲ့ ကြုံလာတဲ့အခါ ဘုရားနဲ့ သံဃာတော်တွေရဲ့ စိတ်ထားဟာ တစ်မျိုးတည်းပဲ ရှိတယ်။ လောကကြီးကတော့ ဘယ်လို သဘောရှိသလဲ။ **လာဘ**၊ လာဘ်ရလျှင် လူတွေဟာ လောကသဘော အများအားဖြင့် စိတ်တွေတက်ကြွလာတတ်တယ်။ **အလာဘေန စ**၊ လာဘ် မရဘူး ဆိုတော့။ **ဩနတော**၊ စိတ်ဓာတ်တွေ ကျဆင်းသွားတတ်တယ်။ ဝင်ငွေကောင်းရင် စိတ်တွေတက်ကြွတယ်ပေါ့။ ဝင်ငွေမကောင်းဘူး၊ အလုပ်ပြုတ်ပြီ၊ စတာတွေနဲ့ကြုံတော့ ရင်ဝမှာ မြားမှန်တဲ့ သမင်မလို ဖြစ်ကုန်ကြတယ်နော်။

**မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့မှာကတော့။ **လာဘာ လာဘေန**၊ လာဘ-အလာဘ ဒီနှစ်ဝမှာ။ **ဧကဋ္ဌာ**၊ တက်ကြွခြင်းလည်းမရှိ ဆုတ်နစ်ခြင်းလည်း မရှိ၊ ပကတိ တစ်မျိုးတည်း ဖြစ်တော်မူကြပေကုန်၏။

တက်ကြွခြင်း ဆုတ်နစ်ခြင်းမရှိဘူး၊ လာဘဖြစ်လည်း မတက်ကြွဘူး၊ အလာဘဖြစ်လည်း မဆုတ်နစ်ဘူး၊ အဲဒါကြောင့်- **မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူ ဖြစ်တော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာတော် အပေါင်းတို့သည်။ **တာဒိသာ**၊ ထိုသို့ သဘောရှိကြပေကုန်သည်ရယ်လို့။ **အဓေါစ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာမသွေ ပြောပြလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

## ခြံရံစည်မှဲ တစ်စိတ်တည်း

အားလုံး ဆိုလိုက်ကြရအောင်။

□ လာဘ်တွေကိုရ တက်ကြွနေတာ၊ မရပြန်လျှင်း ကျဆင်းစိတ်မှာ။

**ဝမ်းသာ ဝမ်းနည်း ဒွန်တွဲနေရှာ၊ လောကထဲ ဆုံမြဲ ဓမ္မတာ။**

□ **ရပြန်လို့လည်း ဝမ်းထဲမသာ၊ မရပြန်လည်း ဝမ်းမနည်းပါ။**

**တက်ကျအရှင်း စိတ်ရင်းတူတာ၊ အဲဒါကွဲ့ တို့ရဲ့ သာသနာ။**

**အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။**

**ယသေန ဥန္နတော လောကော၊ အယသေနစ ဩနတော။**

**ယသာယသေန ဧကဋ္ဌာ၊ တာဒိသာ သမဏာ မမ။**

**တာတ**၊ ဖခင်။ **မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူ ဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **ယသာ ယသေန**၊ ယသ အယသ ဒီနှစ်ဝမှာ။ **ဧကဋ္ဌာ**၊ စိတ်သဘောထား တူညီတော်မူကြပေကုန်၏။ **ယသ**-ဆိုတာ အခြံအရံများတာ။ **အယသ** ဆိုတာ အထီးကျန်ပြီးတော့ တစ်ယောက်တည်း ဖြစ်သွားတာ၊ အဲဒီ နှစ်မျိုးစလုံးမှာ ဘုရားနဲ့ သံဃာတော်တွေဟာ ဘယ်လိုသဘောထားရှိသလဲဆိုတော့ စိတ်တစ်မျိုးတည်း ထားပါတယ်တဲ့။ **ယသ**၊ အခြံအရံများလို့လည်း မတက်ကြွပါဘူး။ **အယသ**၊ အခြံအရံကင်းလို့ တစ်ယောက်တည်း နေရလို့လည်း ဝမ်းမနည်းပါဘူး။ စိတ်သဘောထား တစ်မျိုးတည်းပဲ။ **တတြမဇ္ဈတ္တတာ**ကို ဒီနေရာမှာ အသုံးချတာနော်။

သို့သော်လည်း လောကကြီးရဲ့ သဘောက...

**လောကော**၊ လောကကြီးသည်။ **ယသေန**၊ အခြံအရံ များလာတဲ့အခါ။ **ဥန္နတော**၊ တက်ကြွနေတယ်။

လောကသဘောဟာ အခြံအရံများရင် တက်ကြွတယ်။ **အယသေနစ**၊ အခြံအရံမရှိတဲ့ အခါကျတော့။ **ဩနတော**၊ စိတ်ဓာတ်တွေ ကျဆင်းလာမယ်။ အခြံအရံကင်း တစ်ယောက်တည်းဆိုရင် (ဘာဖြစ်လဲ)။ စိတ်ဓာတ်တွေကျဆင်းလို့ သွားတတ်တယ်။

မမ၊ ငါရဲ့။ **သမဏာ၊** ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကောင်းစွာကျင့်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော် အရှင်သူမြတ်အပေါင်း တို့သည်။ **ယသာယသေန၊** သယ အယသ ဒီနှစ်ဝမှာ။ **ကေဋ္ဌာ၊** တူမျှသော စိတ်ထားရှိတော်မူကြပေကုန်၏။ **တာဒိသာ၊** ထိုကဲ့သို့သော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူကြပေကုန်သတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

## ချီးမွမ်းကဲ့ရဲ့ မတုန်ခဲ့

အားလုံး လိုက်ဆိုကြရအောင်။

- **ခြံရံစည်လှ တက်ကြွနေတာ၊ အခြံအရံကင်း ကျဆင်းစိတ်မှာ။ ဝမ်းသာဝမ်းနည်း ဒွန်တွဲနေတာ၊ လောကထဲ ဆုံမြဲ ဓမ္မတာ။**
- **စည်ကားလို့လည်း ဝမ်းထဲမသာ၊ အထီးကျန်လည်း ဝမ်း မနည်းပါ။**

  **တက်ကျအရှင်း၊ စိတ်ရင်းတူတာ၊ အဲဒါကွဲ့ တို့ရဲ့ သာသနာ။ အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။**

**တာတ၊** ဖခင်။ မမ၊ ငါရဲ့။ **အာစရိယာ၊** ဆရာတစ်ဆူ ဖြစ်တော်မူ ကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **နိန္ဒာ ပသံသာသု၊** ကဲ့ရဲ့ခြင်း ဆိုတဲ့ လောကဓံတရား နှစ်ပါးတို့မှာလည်းပဲ။ **သမာနာ သမာနစိတ္တာ၊** တူမျှတဲ့ စိတ်ထား ရှိတော်မူကြပေကုန်၏။

**နိန္ဒာ၊** ဆိုတာက ကဲ့ရဲ့တာ။ **ပသံသာ၊** ဆိုတာက ချီးမွမ်းတာ။ ချီးကျူးပွဲကြီးတွေကျတော့ စိတ်ဓာတ်တွေ တက်ကြွလာပြီးတော့ တစ်ခါ တစ်ရံ တိုးတိုးတိုးတိုးနဲ့ ကဲ့ရဲ့တဲ့အသံလေးများ ကြားလိုက်ရရင် စိတ်ဓာတ် တွေ ကျဆင်းသွားတတ်တယ်။ အဲဒီလို ချီးမွမ်းခြင်းကြောင့် စိတ်ဓာတ် ကြွတယ်၊ ကဲ့ရဲ့ခြင်းကြောင့် စိတ်ဓာတ်ကျတယ်ဆိုတာမျိုးဟာ တို့သာသနာ မှာ မရှိဘူးတဲ့။

ဒီလို လောကရဲ့ ဓမ္မကို တို့သာသနာက ခံနိုင်အောင် ကျင့်တာ နော်။ လောကရဲ့ သဘောကတော့ နိန္ဒာဆိုတဲ့ ကဲ့ရဲ့ခံရပြီဆိုရင် စိတ်ညစ် တယ်။ ပသံသာ ဆိုတဲ့ ချီးမွမ်းခံရရင်တော့ တယ်ဝမ်းသာတယ်။ ဒါ လောကရဲ့ သဘောနော်။ အဲဒီတော့...

**လောကော**၊ လောကကြီးသည်။ **ပသံသာယ**၊ ချီးမွမ်းခံရတဲ့ အခါကျတော့။ **ဥန္နတော**၊ စိတ်ဓာတ်တွေ တက်ကြွလာမယ်။ **နိန္ဒာယပိစ**၊ ကဲ့ရဲ့ခံရတဲ့ အခါကျပြန်တော့လည်း။ **ဩနတော**၊ စိတ်ဓာတ်တွေ ဆုတ်နစ်နေလိမ့်မယ်။ ကျဆင်းလို့သွားလိမ့်မယ်။

**နိန္ဒာပသံသာသု**၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းဆိုတဲ့ ဒီလောကဓံတရားနှစ်ပါးတို့၌။ **မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူဖြစ်တော်မူကြတဲ့ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **သမာနာ**၊ တူမျှတဲ့ စိတ်သဘောထားရှိတော်မူကြပါပေကုန်သတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

**ဆင်းရဲချမ်းသာ မမှုပါ**

အားလုံး ဆိုလိုက်ကြရအောင်။

- ဂုဏ်ပြုချီးမွမ်း ရွှင်လန်းသာယာ၊ ကဲ့ရဲ့သံကြား စိတ်အားငယ်ကာ
  ဝမ်းသာ ဝမ်းနည်း ဒွန်တွဲနေတာ၊ လောကထဲ ဆုံမြဲ ဓမ္မတာ။
- ချီးမွမ်းလို့လည်း ဝမ်းထဲမသာ၊ ကဲ့ရဲ့ပြန်လည်း ဝမ်းမနည်းပါ။
  တက်ကျအရှင်း စိတ်ရင်းတူတာ၊ အဲဒါကွဲ့ တို့ရဲ့သာသနာ။
  အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။

**သုခေန ဥန္နတော လောကော၊ ဒုက္ခေနာပိစ ဩနတော။**

**အကမ္ပာ သုခ ဒုက္ခေသု၊ တာဒိသာ သမဏာ မမ။**

**တာတ**၊ ဖခင်။ **လောကော**၊ လောကရဲ့သဘောမှာ။ **သုခေန**၊ သုခကြောင့်။ **ဥန္နတော**၊ တက်ကြွလာမယ်။ လောကရဲ့ သဘောက သုခဆိုရင် (ဘာဖြစ်လဲ)။ လောဘတွေနဲ့ တစ်ခါတည်း တက်ကြွလို့ လာတတ်တယ်။ ဒုက္ခနဲ့ တွေ့ကြုံရင်တော့...

**ဒုက္ခေန**၊ ဒုက္ခကြောင့်။ **ဩနတော**၊ စိတ်ဓာတ်တွေ ကျဆင်းလာမယ်။ ဒုက္ခရောက်တော့ ဒေါသ၊ ဒေါမနဿတွေ ဖြစ်ပြီးတော့ စိတ်ဓာတ်ကျတယ်၊ လောကဟာ ဒီနှစ်ခုနောက်ကို လိုက်နေကြတယ်။

**မမ**၊ ငါရဲ့။ **အာစရိယာ**၊ ဆရာတစ်ဆူ ဖြစ်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော်အပေါင်းတို့သည်။ **သုခ ဒုက္ခေသု**၊ သုခ ဒုက္ခ ဒီနှစ်ဝသော

လောကဓံ တရားတွေမှာ။ **အကမ္ပာ၊** တုန်လှုပ်ခြင်း အလျဉ်းရှိတော်မမူကြလေကုန်။ သုခရောက်လို့လည်း လောဘနဲ့ မတုန်လှုပ်ဘူး၊ ဒုက္ခရောက်လို့လည်း ဒေါသနဲ့ မတုန်လှုပ်ဘူး။ အဲဒါကြောင့် . . .

**မမ၊** ငါရဲ့။ **သမဏာ၊** ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကောင်းစွာကျင့်တော်မူကြတဲ့ ဘုရားနဲ့ သံဃာတော် အပေါင်းတို့သည်။ **တာဒိသာ။** ထိုကဲ့သို့သော ဂုဏ်အပေါင်းနဲ့ ပြည့်စုံတော်မူကြပါပေကုန်သည် ရယ်လို့။ **စူဠသုဘဒ္ဒါ၊** စူဠသုဘဒ္ဒါ အမျိုးကောင်းသမီးကလေးသည်။ **အဝေါစ၊** ကရုဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာမသေွ ပြောပြလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

## အဲဒါကွဲ့ တို့ရဲ့ ထေရ်သံဃာ

အားလုံး ဆိုလိုက်ကြရအောင်။

- ချမ်းသာခံစား ရှင်အားတက်လာ၊
  ဆင်းရဲပြန်ငြား စိတ်အားငယ်ကာ။
  ချမ်းသာဆင်းရဲ ဒွန်တွဲနေတာ၊
  လောကထဲ ဆုံမြဲမမှတာ။
- ချမ်းသာလို့လည်း ဝမ်းထဲမသာ၊
  ဆင်းရဲပြန်လည်း ဝမ်းမနည်းပါ။
  တက်ကျအရှင်း စိတ်ရင်းတူစွာ
  အဲဒါကွဲ့ တို့ရဲ့ သာသနာ။ အဲဒါကွဲ့ တို့ရဲ့ ထေရ်ဆရာ။
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြည်သာ၊
  ကိုယ်နှုတ်စိတ်ထား သုံးပါး ဖြူစွာ။
  လောကဓံလှိုင်း တိုက်တိုင်းငြိမ်တာ၊
  တာဒိသာ ငါတို့သာသနာ။ တာဒိသာ ငါတို့ ထေရ်ဆရာ။
- ဘုံဓလေ့မို့ ကြုံတွေ့စရာ၊
  လောကဓံလှိုင်း မုန်တိုင်းဆင်လာ။
  မတုန်မလှုပ် ကျောက်ဂူတ်ပမာ၊
  တာဒိသာ ငါတို့သာသနာ။ တာဒိသာ ငါတို့ ထေရ်ဆရာ။

အဲဒါ စူဠသုဘဒ္ဒါရဲ့ တရားပါပဲ။ ဘယ်သွားဟောတာတုန်း ဆိုတော့ လော့(စ်)အိန်ဂျလိ(စ်)ကို သွားဟောတာလား၊ မိုင်ပေါင်း ၇၅၀၀ လောက်ဝေးတဲ့ ဥဂ္ဂမြို့က မိစ္ဆာဒိဋ္ဌိအိမ်မှာ သွားဟောနေတာ၊ အမျိုးသမီးနော်၊ အမျိုးသမီးကလေး ဟောနေတာ၊ ခု အမျိုးသမီးကလေးတွေများ ဟောပါလားလို့ မဟုတ်ဘူး။ ဒီမှာ ဘုန်းကြီးတွေချည်း ဟောနေရတယ်။

အဲဒီတော့ အမျိုးသမီးလေးတွေ အမျိုးသားလေးတွေ အဲဒီလို ဟောနိုင်အောင် ကြိုးစားကြဖို့ မိစ္ဆာဒိဋ္ဌိအိမ်မှာ စူဠသုဘဒ္ဒါက ဟောသလိုပေါ့၊

အမေရိကန်ပြည်ထောင်စုမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဟောနိုင်အောင်ကြိုးစားဖို့ စူဠသုဘဒ္ဒါကို နည်းယူပြီးတော့ ကြည်ညိုကြဖို့၊ ဒါလည်း ဘုန်းကြီးတို့က ထည့်ပြီး တိုက်တွန်းခဲ့ပါတယ်။ ဟောစရာရှိရင် တစ်ခါလာလည်း ဘုန်းကြီးပင့်၊ တစ်ခါလာလည်း ဘုန်းကြီးပင့်၊ ဟုတ်လား။ ဘုန်းကြီးမရှိရင် ဘယ့်နှယ်လုပ်မှာလဲနော်။

အဲဒါ ကိုယ်တိုင်လည်း ဟောနိုင်အောင် လုပ်ကြဖို့ပါ။ ဒီတော့ ဘုရားရဲ့ ဂုဏ်ရည်တွေကို ဣန္ဒြေငြိမ်သက်တဲ့အကြောင်း ကာယကံ, ဝစီကံ, မနောကံ သန့်ရှင်းတဲ့အကြောင်း, လောကဓံ ရှစ်ပါးမှာ အကောင်းလောကဓံ၊ အဆိုးလောကဓံလို့ နှစ်မျိုးရှိရာ အကောင်းလောကဓံနဲ့ ကြုံလို့လည်း စိတ်ဓာတ် မတက်ဘူး။ အဆိုးလောကဓံနဲ့ ကြုံလို့လည်း စိတ်ဓာတ်မကျဘူး။ ဒီ လေးချက်ကို ဟောပြတာပါပဲ။

## ဖူးချင်တယ်ဟဲ့ ပင့်ပါကွဲ့

ဟောပြလိုက်တဲ့ ဂါထာပုဒ်တိုင်းမှာ- **တာဒိသာ သမဏာ မမ၊** တို့များရဲ့ ဆရာရဟန်းတွေဟာ ဒီလိုပဲ ဒီလိုပဲ။ **တာဒိသာ၊** ဒီအတိုင်းပဲ။ **တာဒိသာ၊** ဒီအတိုင်းပဲလို့ ပြောပြောသွားလိုက်တော့ ယောက္ခမဖြစ်တဲ့ ဥဂ္ဂသူကြွယ်ကြီးကရော၊ လက်ထပ်ခါစဖြစ်တဲ့ ခင်ပွန်းယောကျ်ားအသစ် မိစ္ဆာဒိဋ္ဌိ သူဌေးသားကပါ...

"အမလေး... ဒီလောက်တောင် ငြိမ်းချမ်းတဲ့ပုဂ္ဂိုလ်တွေ ဒီလောက်တောင် စိတ်ဓာတ်ကြံ့ခိုင်တဲ့ပုဂ္ဂိုလ်တွေ တို့များ မမြင်ဖူးဘူး။ မကြုံဖူးဘူး၊ ဖူးချင်လိုက်တာ"

"ဟဲ့… ရှင်ဥသုဘဒ္ဒါ နင့်ဘုရားနဲ့ နင့်ဆရာတွေကို တို့ဆီရောက်အောင် နင်ပင့်ပေးနိုင်မလား"

"ပင့်ပေးနိုင်ပါတယ်၊ ဒေါ်လာသာ စုလိုက်ပါ" တဲ့ (ရယ်ကြသည်)

"ဘုရားက သက်တော်ကြီးပြီ၊ ကျန်းမာရေးချို့တဲ့နေရင် ဘယ်လိုလုပ်မလဲ"

"ဒီမှာ ဆရာဝန်တွေ သိပ်ပေါတယ်"

"ဒီပြင် လုံခြုံရေးတွေ ဘယ်တွေကရော"

"အကုန် တာဝန်ယူတယ်"

"ဆွမ်းကွမ်းရော"

"ဟာ… တာဝန်ယူတယ်"

"နေရာထိုင်ခင်းရော"

"အကုန်တာဝန်ယူတယ်၊ ဘာမှမပြောနဲ့၊ ဒေါ်လာနှစ်ထောင်ကျော်တန်တဲ့ ကော်ပီယာစက် အသစ်ကြီးတောင် လှူလိုက်ဦးမယ်" (ရယ်ကြသည်)

ဒီလိုလာတာကိုး၊ အဲလိုလာတော့…

"ကဲ… ဒီလောက်တောင် အာမခံတွေ ကောင်းရင်တော့ ပင့်တာပေါ့၊ ပင့်ပါ့မယ်"

"ပင့်ဖို့တာဝန်က ဘယ်သူ့တာဝန်လဲ"

"တင်ထွန်း တာဝန်ပါ ဘုရား"

ရှင်ဥသုဘဒ္ဒါကို ပြောနေတာ သူတို့က တင်ထွန်းဘက် လှည့်သွားတယ်။ အဲဒီတော့ ရှင်ဥသုဘဒ္ဒါက ပင့်မယ်၊ အကုန်လုံး ဒီလို တာဝန်ယူတယ်ဆိုမှပေါ့ ပင့်ပါ့မယ်။ ဒီလောက်တောင်ဝေးတဲ့ အရပ်ကြီးကို ဘယ်လိုလုပ် ပင့်ရပါ့မလဲ။ ဟာ… ကိစ္စမရှိဘူး၊ တယ်လီဖုန်း ဆက်မယ်ဟုတ်လား။

ရှင်ဥသုဘဒ္ဒါရဲ့ တယ်လီဖုန်းက လွယ်တယ်၊ ကြိုးမပါဘူး။ စကားပြောခွက်မရှိဘူး။ နားထောင်တဲ့ခွက်လည်း မရှိဘူး။ မျက်စိမှိတ်ပြီးတော့ စိတ်နဲ့ပင့်လိုက်တာ၊ ဇစ်ခါတည်း ရှင်ဥသုဘဒ္ဒါရဲ့ စိတ်နှလုံးက အကြံအစည်တွေကို ဇေတဝန်ကျောင်းက ဘုရားက အကုန်သိသွားတယ်။ ဒါ တယ်လီဖုန်း

ပေါ့။ ကော့တလက် တယ်လီဖုန်းပေါ့၊ ဝါယာလက် တယ်လီဖုန်းပေါ့၊ ကြိုးမပါဘူး။ ဘုရားလည်း တစ်ခါတည်း သိသွားတယ်။

## မြတ်လေးပန်းလှုင့် ဘုရားပင့်

ဘုရားကိုယ်တော်မြတ်ကလည်း "ဩော်...သာသနာ့ သမီးတော် တစ်ယောက်တော့ မိုင်ပေါင်း ၇၅၀၀ လောက်ဝေးတဲ့ အရပ်ရောက်ပြီး ဘုရားဝေး၊ တရားဝေး၊ သံဃာဝေး မိစ္ဆာဒိဋ္ဌိတွေကြားမှာ ပင်ပန်းနေရှာပြီ ငါ့သမီး ပင်ပန်းနေရှာပြီ၊ ငါ့ သမီးတင်မကဘူး၊ ငါ့သားတွေပါ အကုန် ပင်ပန်းနေရှာပြီ"

(LA) ကို စောင်းပြောတာ မဟုတ်ဘူးနော်။

အဲဒီတော့ ဘုရားကိုယ်တော်မြတ်ကလည်း ကြွမယ်ပေါ့။ ဒီတော့ ပင့်လျှောက်ခြင်းရဲ့ အထိမ်းအမှတ် ထင်ရှားစေတော့ စိတ်နဲ့ ဒီအတိုင်းကြွပါ။ ဘုရားကလည်း ကြွဖို့လိုလားနေတယ်ဆိုတာ သိရုံနဲ့ မပြီးသေးဘူး။ ဒါက သက်သေထူရဦးမှာကိုး။ ဘယ်လို ပင့်တယ်ဆိုတဲ့ဥစ္စာကို သက်သေပြရ ဦးမှာကိုး။

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က -

"ပင့်စာလေး ပို့လိုက်။ စပွန်ဆာ ပို့လိုက်"

အဲဒီတုန်းကလည်း စပွန်ဆာလိုတယ်။ အဲဒီတော့ ရှူဠသုဘဒ္ဒါ က...

"ကောင်းပါပြီ မြတ်စွာဘုရား၊ တပည့်တော်မ စပွန်ဆာ ပို့ပါမယ်"

ဆိုပြီးတော့ မြတ်လေးပန်း(၈)ဆုပ်ကို တစ်ခါတည်း ရွှေဖလား ထဲမှာ ထည့်ပြီးတော့ သေချာရှိခိုး ဦးတင်ပြီးတော့ ဘုရားရှိရာမှန်း ဦးတင် ပြီးတော့ ပန်းတွေနဲ့ ပူဇော်လိုက်တယ်။

"ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမရောက်တဲ့ ဒီဥဂ္ဂမြို့ ဆိုတဲ့ အစွန်အဖျားကျရာဒေသကို မြတ်စွာဘုရား ကြွတော်မူပါ၊ တပည့် တော်မရဲ့ ယောက္ခမကြီးနဲ့ ခင်ပွန်းသည် မိစ္ဆာဒိဋ္ဌိတို့ကို ဆုံးမတော်မူဖို့ ကြွလာတော်မူပါဘုရား၊ ပင့်လျှောက်ခြင်းရဲ့ အထိမ်းအမှတ် သက်သေ ကတော့ ဟောဒီ ပန်းရှစ်ဆုပ်ပါပဲ"

ဆိုပြီး ပန်း(၈)ဆုပ်ကို ကောင်းကင်မြှောက်ကြဲလိုက်တာ။

ဟာ...ပန်းတွေက ဘယ်အဲယားလိုင်းနဲ့ လိုက်သွားလဲ မသိဘူး၊ (ရယ်ကြသည်) တစ်ခါတည်း သာဝတ္ထိ ဇေတဝန်ကို ရောက်သွားပြီးတော့ ဘုရားရဲ့ ပလ္လင်တော်အပေါ်တည့်တည့် ကောင်းကင်မှာ မျက်နှာကြက် လာဖြစ်ကြတယ်၊ မြတ်လေးပန်း မျက်နှာကြက်တွေ ဘုရား တရားဟောတဲ့ အပေါ်မှာ ပြန့်ကြဲလို့နေကြတယ်။

အဲဒီတော့မှ တရားနာနေတဲ့ ပရိသတ်ကြီးက ဇေတဝန်မှာ ဘုရားက တရားဟောနေတုန်း အဲဒီအချိန် ပန်းတွေက ကောင်းကင်မှာ လာပြီးတော့ မျက်နှာကြက် ကျဲနေပြီလည်း ဆိုရော၊ မြတ်လေးပန်းဖြူဖြူလေးတွေက တစ်ပွင့်စီ တစ်ပွင့်စီ တစ်ပွင့်စီ တစ်ခါတည်းဝင်လာ၊ မျက်နှာကြက်လေးတွေ ဖြစ်သွားလို့ လူတွေကမော့ကြည့်။

"ဟာ...မြတ်လေးပန်းတွေ ကောင်းကင်မှာ မျက်နှာကြက် ဖြစ်နေတယ်၊ ဘာသဘောလဲ၊ ဒါ ဘယ်ကလာတာလဲ၊ ဘယ်သူများ လုပ်လိုက်တာလဲ" လို့ စဉ်းစားနေကြတာ။

အဲဒီတော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်က...

"ပရိသတ်တော့ စဉ်းစားနေပြီ၊ ငါ့ခေါင်းပေါ်က မျက်နှာကြက်မှာ မြတ်လေးပန်းတွေ ဘယ်ကလာသလဲဆိုတော့ စဉ်းစားနေကြပြီ၊ ရှင်းပြဦးမှပဲ" ဆိုပြီးတော့ ပရိသတ်ကို ဒီ မြတ်လေးပန်း မျက်နှာကြက် အကြောင်းကို ရှင်းပြီးတော့ ပြောပြတယ်။

ဟို- မိုင် ၇၅၀၀ လောက် ကွာဝေးသော ဥဂ္ဂမြို့ရောက် ကျောင်းဒကာကြီးရဲ့သမီးတော် စူဠသုဘဒ္ဒါက ဘုရားနဲ့ သံဃာတော်တွေ ကြွလာတော်မူဖို့ အဲဒါ ပင့်လျှောက်တာပဲ။ အဲဒါ ပင့်စာပဲကွဲ့၊ အဲဒါ "စပွန်ဆာ လက်တာပဲကွဲ့" (ရယ်ကြသည်)

မြတ်စွာဘုရားက မိန့်ကြားတော့မှ တရားနာနေတဲ့ ပရိသတ်က "ဟယ်... ဘုရား အဝေးကြီးကို ကြွမှာပါလား၊ စိုးရိမ်စရာကြီးပဲ၊ သက်တော်ကလည်း ကြီးပြီကိုး" (ရယ်ကြသည်)

အမယ်...လူတွေက လာသေးတယ်။ ဒီလိုဖြစ်တယ်နော်၊ အဲလိုဖြစ်တုန်း မြုန်းဆို စူဠသုဘဒ္ဒါရဲ့အဖေ အနာထပိဏ်သူဌေးကြီး ရောက်လာတယ်။

## နိုင်ငံခြားမို့ ပို့ပါရစေ

ရောက်လာပြီးတော့ အနာထပိဏ် ဘာမပြော ညာမပြောနဲ့ ဝင်လျှောက်တာ၊ သူက ကျောင်းဒကာကိုး၊ ဒီဇေတဝန်ကျောင်းကြီး ဆောက်တာ ၅၄ ကုဋေကုန်တယ်။

ဘုရားဆီကိုလည်း သူက တစ်နေ့ သုံးခေါက်လာတယ် ဆိုတော့ ဘုရားကို သူက သားလိုလည်းချစ်တယ်၊ ဘုရားကလည်း သူ့ကို ခမည်းတော်လို အားကိုးတယ်၊ သာသနာတော်ရဲ့ အားကိုးရာကြီးဆိုတော့ ဒီလောက်တောင် ဂရုတစိုက် ပြုစုစောင့်ရှောက်တဲ့ ကျောင်းဒကာကြီးက ဝင်လာပြီး ဘာမပြော ညာမပြောနဲ့...

"အရှင်ဘုရား မနက်ဖြန်ခါ တပည့်တော်အိမ်ကို ဆွမ်းဘုဉ်း ပေးကြွပါ ဘုရား"

"ဒကာကြီး အဲသလိုလည်း အရေးတကြီးမလုပ်နဲ့နော်"

"ဘာဖြစ်လို့လဲ ဘုရား"

"အစွန်အဖျားကျတဲ့အရပ်က ဆွမ်းစား ကွမ်းစားတွေ ပင့်ထားတာ ရှိတယ်။ အဲဒါကို ငါဘုရား လက်ခံပြီးပြီ"

"ဟာ... အရှင်ဘုရားတို့ကလည်းပဲ တစ်ဆိတ်ရှိ ဟိုသွားမယ်၊ တစ်ဆိတ်ရှိ ဒီသွားမယ်၊ ဒီလိုမလုပ်ပါနဲ့ ဘုရား၊ ဟောဒီ ဇေတဝန်ကျောင်း ကို တပည့်တော် တစ်နေ့ (၃)ခေါက်ကြီးများတောင် လာနေတာ၊ တပည့် တော်ရဲ့ဆွမ်းစားကိုပဲ လိုက်ပါဘုရား"

"ဒကာကြီး စဉ်းစားပြီးတော့ပြောနော်၊ ဒီဆွမ်းစားက အရေးကြီး တယ်၊ ဒီဆွမ်းစားက အစွန်အဖျားဒေသက ပင့်တာမို့လို့ ငဲ့ရမှာ ဒကာကြီး ရဲ့"

"ဒါဆို အစွန်အဖျားဆိုတာ ဘယ်လဲဘုရား၊ အမေရိကန်လား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်မြို့လဲ ဘုရား"

"ဥဂ္ဂမြို့က ပင့်တာပါ ဒကာကြီးရဲ့"

"ဘယ်သူက ပင့်တာလဲ ဘုရား"

"ကျောင်းဒကာကြီးရဲ့ သမီးလေးလေ၊ စူဠသုဘဒ္ဒါပင့်တာပေါ့"

"ဟာ... ဒီလိုလားဘုရား ဒီလိုလား" (ရယ်ကြသည်)

"အမယ်... သူက ဒီလိုလားတွေ ဘာတွေဖြစ်လာတယ်။ သွေးသားတွေက စပ်လာတာကိုး ဟုတ်လား"

"ဒီလိုလား ဘုရား၊ တပည့်တော်ရဲ့ သမီးလေး ဘယ်လိုဖြစ်နေလို့လဲ" ဆိုတော့မှ ဘုရားက အခြေအနေအရပ်ရပ်ကို ခုနက ဘုန်းကြီးဟောတဲ့အတိုင်း အားလုံးပြန်ပြီးတော့ အနာထပိဏ်ကို အမှူးထားပြီးတော့ ပရိသတ်ကြီးကို စူဠသုဘဒ္ဒါရဲ့ အကြောင်းတွေကို အားလုံး ဒီမှာဟောပေးတာ။

ဟောပေးတော့ ခုနက ဒီမှာ ဂါထာ ခုနစ်ပုဒ်နဲ့ စူဠသုဘဒ္ဒါက တိတ္ထိအိမ်မှာ တရားဟောကောင်းတဲ့အကြောင်း၊ တိတ္ထိတွေအိမ်မှာ အရှုံးမပေးဘဲနဲ့ ဘာသာမပြောင်းတဲ့အကြောင်း၊ ဒါတွေကို အကျယ်တဝင့်ဟောပြတာ။

အဲဒီလို အကျယ်တဝင့် ဟောပြတော့ "ဟာ... ဒီလောက်ဝေးတဲ့အရပ်က ဆွမ်းစားပင့်တာက ဒီမှာလာပြီးတော့ ဒီလိုဖြစ်တယ်ဆိုတာ အံ့သြစရာကြီးပဲ၊ တပည့်တော်ရဲ့ သမီးလေးက ဟိုမှာ ဒီလောက်တောင်ထင်ရှားကျော်ကြားနေတယ် ဆိုတာလည်း တပည့်တော်တော့ အံ့သြလို့မဆုံးဘူးပေါ့"

## သူတော်ကောင်းမှန် ထင်ရှားပြန်

ဒီတော့မှ ဘုရားက...

**ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။**

**အသန္တေတ္ထ နဒိဿန္တိ၊ ရတ္တိံ ခိတ္တာ ယထာ သရာ။**

**ဟိမဝန္တော ပဗ္ဗတော၊** ဟိမဝန္တာဆိုတဲ့ တောင်မင်းသည်။ **ဒူရေ၊** အလှမ်းဝေးကွာတဲ့ အရပ်ဒေသ၌။ **သန္တော၊** ဖြစ်ပါလျက်။ **ပကာသေန္တိ၊** ထင်ရှား၍ နေကြပါပေကုန်၏။

ဘုန်းကြီးပရိသတ်ရေ ဟိမဝန္တာဆိုလို့ရှိရင် ဘယ်လောက်ဝေးဝေးလူသိ သူသိ အလှမ်းများတယ်နော်။ **ဟိမဝန္တော၊** ဒါ နီပေါနဲ့ အိန္ဒိယမှာရှိတာ။

ဟိုး-ဥရောပမှာဆိုလို့ရှိရင် အဲလဘတ်တောင်တန်းကြီး ဆိုလို့ရှိရင်လွယ်လွယ်နဲ့ သိတယ်။ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် စစ်ကိုင်းတောင်, မန္တလေး

တောင်, ပုပ္ပါးတောင်ဆိုရင် လူသိများတယ်။ ဒီလိုကြီးမားတဲ့ ထင်ရှားတဲ့ တောင်တန်းကြီးတွေဟာ ဘယ်မှာမှ မညှိုးမှိန်ဘူး။ ဘယ်သူဖြစ်ဖြစ် သိတယ်။ ထင်ရှားတယ်။ အဲဒီလိုပါပဲ။

**သန္တော**၊ သူတော်ကောင်းတွေဟာ။ **ဒူရေ**၊ ဝေးတဲ့အရပ်မှာလည်းပဲ။ **ပကာသေန္တိ**၊ ထင်ရှား၍ နေကြပေကုန်၏။

သူတော်ကောင်းဆိုတာ ဘယ်လောက်ဝေးတဲ့ အရပ်မှာမဆို လှမ်းပြီးတော့ သူရဲ့ဂုဏ်သတင်းဟာ (ဘာဖြစ်တယ်)။ ထင်ရှားတယ်၊ ကျော်ကြားတယ်။ မိုင် ၇၅၀၀ (ယူဇနာ ၁၂၅၀) ဝေးပေမယ့်လည်းပဲ စူဠသုဘဒ္ဒါဟာ (ဘာဖြစ်သလဲ)။ ထင်ရှားတယ်၊ ကျော်ကြားတယ်။

ဥဂ္ဂမြို့ဟာ သာဝတ္ထိကနေပြီးတော့ မိုင် ၇၅၀၀ လောက် ဝေးပေမယ့်လည်းပဲ ငါဘုရားရဲ့ ဂုဏ်သတင်းဟာ ဟိုမှာ ထင်ရှားတယ်။ (ဘာဖြစ်လဲ)။ ဟိုမှာ သမီးတော်ရဲ့ကျေးဇူးကြောင့် ဘုရားရဲ့ဂုဏ်သတင်းတွေ ဟိုမှာ ထင်ရှားနေတယ်။ သူတော်ကောင်းဆိုတာ မြင်းမိုရ်တောင်လိုပဲတဲ့။ ဘယ်မှာဖြစ်ဖြစ် ကြီးမားလွန်းလို့ ရောက်ရာ ရောက်ရာအရပ်မှာ ထင်ရှားပါတယ်။

**အသန္တေတ္ထ နဒိဿန္တိ၊ ရတ္တိံ ခိတ္တာ ယထာ သရာ။**

**အသန္တော**၊ သူတော်မဟုတ် သူယုတ်တွေကျတော့။ **ဧတ္ထ**၊ ဤအနီးအနားမှာကပ်၍ နေကြစေကာမူ။ **နဒိဿန္တိ**၊ မထင်ရှားကြလေကုန်။

အကျင့်မကောင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ အနားလေး ကပ်နေပေမယ့် (ဘာဖြစ်လဲ)၊ မထင်ရှားဘူး။ ဥပမာ– ညမှောင်မိုက်ကြီးထဲ ပစ်လိုက်တဲ့ မြားလိုပဲ။ ဘယ်မှာကျရမှန်း မသိဘူး။ ဘယ်ကိုစူးရမှန်း မသိဘူး။ ဘယ်ကိုမှန်ရမှန်း ဘယ်ကိုဖောက်ထွင်းရမှန်း မသိဘူး။ မှောင်ထဲမှာ မြားကို ပစ်ရင် စူးစရာ ဖောက်စရာ ကျစရာ မသိနိုင်သလိုပဲတဲ့။ သူယုတ်မာများဟာ မထင်ရှားဘူး။

ဥဂ္ဂမြို့မှာ မိစ္ဆာဒိဋ္ဌိတွေ များစွာရှိသော်လည်းပဲ ငါဘုရားနဲ့ ငါဘုရားသမီးတော် ထင်ရှားတယ်ဆိုတာ သူတော်ကောင်းအကျင့်ကြောင့် ထင်ရှားတာ ဖြစ်တယ်။

ပရိသတ်ရေ ဘာကြောင့်လဲ။

"သူတော်ကောင်း အကျင့်ကြောင့်ပါဘုရား"

ရွှေဟင်္သာဆရာတော် ဘုရားကြီးတို့ အမေရိကန်ပြည်ထောင်စု ရောက်တာဟာ ဘုန်းကြီးတို့ပရိသတ် သိပ်ထင်ရှားတယ်။ ဘာမှ အထူး ပြောစရာ မရှိဘူးနော်။ ဘာကြောင့်လဲ၊ သူတော်ကောင်းဓာတ်ဟာ ဒီလိုပဲ ထင်ရှားပါတယ်။ အဲဒီလို မြတ်စွာဘုရားမိန့်ကြားတော့ အနာထပိဏ် ကလည်း ကျေနပ်သွားတယ်။

"ကိုင်း... ဒီလိုဆို တပည့်တော် လျှော့ပါတယ်ဘုရား"

အနာထပိဏ် လျှော့ပေးလိုက်တယ်နော်။ ဘာကြောင့်လဲ အစွန် အဖျားကို ကြွမှာမို့လို့၊ သမီးတော်လေးကို ငဲ့ရမှာမို့လို့ သမီးတော်လေး ကလည်း မိစ္ဆာဒိဋ္ဌိတွေကို ဟောပြောဆုံးမနေတယ်။

ဒီအခွင့်အရေးတွေကို ကြည့်ပြီး "ဒါဆို တပည့်တော် ကျေနပ် သဘောတူပါပြီ ဘုရား"တဲ့။ အနာထပိဏ် ကျေနပ်သွားပြီနော်။

## ဝိသကြုံသော်မှ ကူညီရ

အဲဒီတော့ ဘုရားကြွဖို့ အဆင်ပြေသွားပြီ။ စူဠသုဘဒ္ဒါကလည်း မြတ်လေးပန်း ရှစ်ဆုပ်နဲ့ ပင့်စာ ပို့လိုက်တယ်။ ဟုတ်လား။ ဘုရား ကိုယ်တော်မြတ်ကလည်း ကြွမယ်လို့ အဆင်သင့်ဖြစ်ပြီ။ အဲဒီတော့...

"ငါဘုရား တစ်ပါးတည်း မသွားဘူး၊ သံဃာ ၅၀၀ နဲ့ သွားမယ်၊ သံဃာ ၅၀၀ ကလည်း အဘိညာဉ်ရ ကောင်းကင်ပျံနိုင်တဲ့ (ဆလတက်) လက်ရွေးစင် ကိုယ်တော် ၅၀၀ ကို ရွေးချယ်ကြစမ်း" ဆိုတော့ အရှင် အာနန္ဒာက လက်ရွေးစင်သံဃာ ၅၀၀ ကို ရွေးလိုက်တယ်။

အဲဒီအချိန်မှာ သိကြားမင်းက သိတယ်။

"ဟာ... ဘုရား အဝေးကြီး သွားမှာပါလား၊ မိုင်ကလည်း ဒီလောက်တောင်ဝေး ဘုရားရဲ့ လုံခြုံရေးတွေ၊ ကျန်းမာရေးတွေ၊ ကိုယ်စိတ် နှစ်ပါး သက်သာဖို့အရေးတွေ အရေးကြီးတယ်"

သိကြားမင်းက ဝင်လာပြီးတော့ ကူညီးမယ်ဆိုပြီးတော့ ဇေတဝန် ကျောင်းပေါက်ဝ သိကြားမင်းက လွှတ်လိုက်တယ်။

**"ဝိသုကမ္မ ဒေဝပုတ္တ"**တဲ့၊

ပြော ဘယ်သူလဲ။

"ဝိသုကမ္မ ဒေဝပုတ္တပါ ဘုရား"

**ဝိသုကမ္မ** ကို မြန်မာပြန်ရင် **ဝိသကြုံ**လို့ ဘာသာပြန်ရတယ်။ ဘုန်းကြီးကတော့ ဝိသုကမ္မကို **ဗိသုကာ**လို့ ဘာသာပြန်ချင်တယ်။ အရာရာ ဖန်ဆင်းရင် သူချည်းပဲ မဟုတ်လား။

အဲဒါ ဗိသုကာနတ်သားဆိုတာ ဒကာတင်ထွန်းပဲ ဟုတ်လား။ (ရယ်ကြသည်)။ ဗိသုကာ ဆိုတာဟာ ဝိသကြုံနတ်သားကို ဗိသုကာလို့ ဘာသာပြန်တာ၊ ဗိသုကာဟာ ဝိသကြုံကနေ ဗိသုကာဖြစ်လာတာ၊ အဲဒီတော့ ဒါ တင်ထွန်းပဲလို့ ဘုန်းကြီးကတော့ ဒီလိုပဲ အောက်မေ့တယ် ဟုတ်လား။ အဲဒီတော့ သိကြားမင်းက -

"ဟေ့... ဗိသုကာ ဇေတဝန်ကျောင်းပေါက်မှာ ဘုရားနဲ့ သံဃာတော်တွေ ချမ်းသာစွာကြွနိုင်ဖို့ ပြာသာဒ် ၅၀၀ မင်း သွားပြီးတော့ ဖန်ဆင်းလိုက်"

"ကောင်းလှပါပြီ ဘုရား" ဆိုပြီး ဗိသုကာတင်ထွန်း ကျောင်းပေါက်ဝ ရောက်ရတယ်နော်။ ရန်ကုန်ထိ သူသွားတာ၊ ဟုတ်လား။ ပြာသာဒ် ၅၀၀ တစ်ခါတည်း ဖန်ဆင်း၊ သိကြားမင်းက စီမံပေးတာကိုး။ သိကြားပါတော့ အကုန် ဖြစ်တာပေါ့ဗျာနော်။

ဗိသုကာနတ်သား ပြာသာဒ် ၅၀၀ ဖန်ဆင်း၊ ဘုရားရှင်ကိုယ်တော်မြတ်က တစ်ပြာသာဒ်ဆိုတော့ ပြာသာဒ် ၅၀၀ နဲ့ တစ်ခုပေါ့။ သံဃာတော်တွေက ၅၀၀ သီတင်းသုံး၊ ဗိသုကာက ဖန်ဆင်း။ ဟာ... အနာထပိဏ်နဲ့ ဇေတဝန်ကျောင်းက ပရိသတ်ကြီးက ဘုရားနဲ့ သံဃာတော်တွေ ကြွတော့မယ်တဲ့။

အဲဒီ ပြာသာဒ်တွေ တန်းစီးနေတဲ့ ဇေတဝန်ကျောင်းဦးမှာလေ နှုတ်ဆက်တဲ့ ပရိသတ်က စည်ကားလိုက်တာ၊ ရန်ကုန် မင်္ဂလာဒုံအတိုင်းပဲ။ (ရယ်ကြသည်)။ သိပ်စည်တာပဲ၊ တခမ်းတနားပဲ၊ သိကြားလည်းပါတယ်။ ကျောင်းဒကာကြီး အနာထပိဏ်လည်းပါတယ်။ အကုန်လုံးပါတယ်၊ အဲဒီမှာနော်။ တခမ်းတနား ပို့ကြတယ်။

## ဖူးကြ နာကြ တရားရ

ဟိုကနေပြီးတော့ ဥဂ္ဂသူကြွယ်နဲ့ သမီးလေး စူဠသုဘဒ္ဒါတို့က စောင့်ကြတယ်။ ဟိုက ကြိုမယ်ဆိုမယ်ပေါ့၊ ဟုတ်လား။ (LA) က

လူတွေလိုပဲ၊ ကားတွေနဲ့ တန်းစီပြီးတော့ ဟိုကလည်း "ဘုရားလာပြီ ကောင်းကင်ကနေလာမယ်။ ယူနိုက်တက် အဲယားလိုင်းနဲ့ လာတယ် ပေါ့လေ။ အဲဒါ တခမ်းတနား မိုင် ၇၅၀၀ ခရီးကို ဒီလိုသွားကြတာ စည်စည်ကားကားကြီး။

ဒီကလည်း လက်အုပ်တွေ မြှောက်ချီပြီးတော့ လေယာဉ်ပျံကြီး တက်သွားတဲ့အခါ (မဟုတ်ဘူးလေ)။ ပြာသာဒ် ဥဂ္ဂမြို့မှာ ဆင်းပြီးတော့ ရှုဋ္ဌသုဘဒ္ဒါနဲ့ ဥဂ္ဂသူကြွယ်တို့ မိသားတစ်စုက ကြိုဆိုပြီးတော့ အိမ်ပေါ် ပင့်တင်ပြီး နေရာပေးကြတယ်။ နေရာပေးပြီး ဆွမ်းကပ်တော့ ဥဂ္ဂ သူကြွယ်ကြီးကို ရှုဋ္ဌသုဘဒ္ဒါက မေးတာ။

"တွေ့လား၊ ဒီမှာ တို့ဘုရားနဲ့ တို့ဆရာဆိုတာ ဒါမျိုးပဲ"

ဆိုတော့မှ ဥဂ္ဂသူကြွယ်က...

"ဟုတ်တယ် ဟုတ်တယ်။ ဒီလောက်ငြိမ်းချမ်းတဲ့ ဣန္ဒြေ၊ ဒီလောက် ငြိမ်းချမ်းတဲ့ စိတ်ထား၊ ဒီလောက် အတွင်းအပြင် ကိုယ်ရော နှုတ်ရော ငြိမ်းချမ်းတဲ့ သူတော်ကောင်းမျိုးကို တို့များ မမြင်ဖူးပါဘူး။ ခုမှပဲ မြင်ဖူးတယ်" ဆိုပြီးတော့ အကုန်လုံး ဦးတိုက်ရှိခိုးကြတယ်။

အဲဒီမှာ မြတ်စွာဘုရားဟောတဲ့ တရားပွဲကြီးက အကြီးအကျယ်ပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားပွဲကြီးအဆုံးမှာ အဲဒီ ရှုဋ္ဌသုဘဒ္ဒါရဲ့ ယောက္ခမကြီး ဥဂ္ဂသူကြွယ်နဲ့တကွ တစ်အိမ်သားလုံး၊ အားလုံး အားလုံးပဲ တရားထူးရပြီးတော့ သရဏဂုံ သီလဆောက်တည်ပြီးတော့ ကျွတ်တန်း ဝင်ကြပါတယ်တဲ့။

ရှုဋ္ဌသုဘဒ္ဒါရဲ့ ကျေးဇူးပေါ့နော်။ ဒီကနေ့ ပရိသတ်အားလုံးက ကျေးဇူးတင်ကြဖို့ဆိုရင် ရှုဋ္ဌသုဘဒ္ဒါကဲ့သို့ ဆရာတော်ဘုရားကြီး ကြွရောက် ရေးမှာ အားကြိုးမာန်တက် ဆောင်ရွက်သွားတဲ့ ဒကာတင်ထွန်းကို အထူး ကျေးဇူးတင်ကြဖို့ပါပဲ၊ ဟုတ်ဘူးလား။ သူပဲ စပွန်ဆာပို့လိုက်တာ မြတ်လေးပန်း ရှစ်ဆုပ် ပို့လိုက်တာ သူပဲနော်။

ပြာသာဒ် ၅၀၀ ဖန်ဆင်းတဲ့ ဗိသုကာနတ်သားလည်း သူပါပဲ။ ဒါပေမဲ့ သူ့ကို သိကြားကူရတယ်။ အနာထပိဏ်လည်း ကူရတယ်နော်။ သိကြားတို့ အနာထပိဏ်တို့ အကူအညီနဲ့ ဆရာတော်ဘုရားကြီး ကြွလာ၊ အားလုံး ဒီကနေ့ ဒီအခွင့်အရေးတွေ ရတာကို နိဂုံးချုပ်အားဖြင့်တော့

ဗုဒ္ဓသုဘဒ္ဒါလိုပဲ ဆောင်ရွက်သွားတဲ့ ဒကာတင်ထွန်းနဲ့တကွ မိသားစုကို ကျေးဇူးတင်ရှိကြောင်းပါလို့ ပြောကြားရင်း သံဃာ့ဂုဏ်ရည်ဆိုတဲ့ တရားတော်ကို ဒီမှာပဲ နိဂုံးချုပ်လိုက်ပါတယ်။ အားလုံး သာဓုခေါ်ကြပါ။

သာဓု သာဓု သာဓုပါ ဘုရား။

# ကဿပဂုဏ်ရည်
# တရားတော်

ဒေါက်တာအရှင်ဉာဏိဿရ

၁၃၅၅ ခုနှစ် နတ်တော်လဆန်း (၇)ရက် ညချမ်းကာလ
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်
သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့
သက်တော် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ်
ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော

# ကဿပဂုဏ်ရည်
# တရားတော်

**တရားဖွင့်ပြီ မေတ္တာစည်**

**မေတ္တာနိသာကရော လောကေ၊**
**သမ္မာ ဘာတု သုခံကရော။**
**မေတ္တာသီတလရံသီဟိ၊**
**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ၊** သတ္တဝါအလီလီ ခိုမှီပေါ်လတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိသာကရော၊** မေတ္တာအေးလူ ဖွေးဖြူပြဝင်း ငွေလမင်းကြီးသည်။ **သမ္မာ၊** သတ္တဝါတစ်တွေ အေးမြစေ့ဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော၊** သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု၊** ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ၊** အဖုံဖုံလွှမ်းထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ၊** ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု၊** ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ် ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း နှင့်ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖျန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ဓမ္မသဘင် စတင်ပါပြီ

၁၃၅၅ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက် ညချမ်းကာလ (၇)နာရီ အချိန်မှစ၍ စစ်ကိုင်တောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်အတွင်းမှာ ဆင်ယင်ကျင်းပတဲ့ ရွှေကျင်နိယာယ ဂဏာဓိပတိ သမ္မုတိသံဃရာဇာ ဂဏပါမောက္ခ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဂုဏ်ပေါင်းခ, တော်မူတဲ့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၁၀၀)ပြည့်မြောက်လို့ (၁၀၁)နှစ်သို့ ရောက်တော်မူတဲ့ ရာပြည့် ဂုဏပူဇာ ဝိဇာယနမင်္ဂလာ အခါတော်မှာ ဆင်ယင်ကျင်းပတဲ့ မဟာထေရ ဂုဏပူဇာ ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ မေတ္တာပဋ္ဌာနာနဲ့ စတင် ဖွင့်လှစ်ပါပြီ၊

ဓမ္မသဘင်ပွဲကို အားခဲလို့ လာခဲ့ကြတဲ့ တရားချစ်ခင် သူတော်စင် အပေါင်းတို့နှင့်တကွ (၃၁)ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ "ဘေးရန်ကင်းကြပါစေ... ဆင်းရဲကင်းကြပါစေ, ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ"လို့ မေတ္တာဓာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စတင်ဖွင့်လှစ်ပါပြီ။

## ကျေးဇူးတင်ပါတယ်

ရွှေဟင်္သာဆရာတော် ဘုရားကြီးရဲ့ ရာပြည့်ဂုဏပူဇာ ဝိဇာယန မင်္ဂလာအခါတော်မှာ ဘုန်းကြီးတို့အနေနဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော် အနန္တကို ဓမ္မဖြင့်ပါဝင်ပြီးတော့ ပူဇော်ခွင့် ရလိုက်တဲ့အတွက်ကြောင့် ဒီလို ဓမ္မပူဇာ ပါဝင်ခွင့်ရအောင် ဆောင်ရွက်ပေးကြတဲ့ "ဓမ္မဝေယျာဝစ္စကာရက ဖြစ်ကြသူ တပည့်ဒကာ၊ ဒကာမများနှင့်တကွ ဆရာတော်ဘုရားကြီးရဲ့ အားလုံးသော တပည့်သံဃာများအား အထူးပဲ ကျေးဇူးတင်ရှိကြောင်းပါ။

## ကြယ်တာရာတွေကို ရေတွက်ရသလို

ဆရာတော်ဘုရားကြီးရဲ့ သက်တော်(၁၀၀)ပြည့် ဝိဇာယန မင်္ဂလာ ဂုဏပူဇာနဲ့ ပတ်သတ်လို့ ဘုန်းကြီးတို့ရရှိတဲ့ တစ်ညတာ ကာလ၊ အချိန် အားဖြင့်(၂)နာရီခွဲ၊ (၃)နာရီလောက် ကာလတိုတိုလေးအတွင်း ဘုန်းကြီးတို့က ဒီဓမ္မပလ္လင်ထက်ကနေပြီးတော့ ပြောပြရတာဟာ ဘာနဲ့ တူသလဲဆိုတော့...

အာကာတစ်ခွင်၊ မိုးကောင်းကင်မှာ ရှိကြတဲ့ နက္ခတ် ကြယ် တာရာတွေကို သန်းခေါင်ယံကာလ အိပ်ရာက ထပြီးတော့ ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုးငါးအင် သန့်ရှင်းစင်တဲ့ ညချမ်းကာလမှာ တစ်ဖိတ်ဖိတ်၊ တစ်လက်လက်တောက်ပနေတဲ့ နက္ခတ်ကြယ်တာရာတွေကို ဘယ်လောက်ပဲ အရေအတွက်ကောင်းတဲ့ ပုဂ္ဂိုလ်ကပဲဖြစ်ဖြစ် ကောင်းကင် တစ်ခွင်လုံးမှာ ပြည့်လျှံနေတဲ့ ကြယ်တာရာတွေကိုတော့ ဘယ်လိုပဲ ရေတွက် ရေတွက် ကုန်စင်အောင် မရေတွက်နိုင်သလိုပါပဲ။

သာသနာတော်မှာရော၊ နိုင်ငံတော်မှာရော၊ ကမ္ဘာ တစ်ဝှမ်းလုံး မှာပါ ဂုဏ်တော်လွှမ်းနေတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်တွေကို ဘုန်းကြီးတို့က ဒီ ဓမ္မပလ္လင်ထက်ကနေ (၂)နာရီခွဲ၊ (၃)နာရီလောက် တက်ပြီး ရေတွက်ပြ ချီးကျူးပူဇော်ပြရုံမျှနဲ့ (ပရိသတ်ရေ) ပြည့်စုံ လုံလောက်ပါ့မလား။

"မပြည့်စုံ မလုံလောက်နိုင်ပါဘုရား"

## ပြောတတ်သမျှပဲ ပြောပါ့မယ်

အေး... မပြည့်စုံ မလုံလောက်သေးရင် ပြည့်စုံလုံလောက်သွား

အောင် ခုနစ်ညလောက် ဆက်တိုက်ဟောလိုက် နာလိုက်ကြရအောင်၊ ဟုတ်လား။ ဒါတောင်မှ ဘုန်းကြီးတို့ မရေတွက်နိုင်လို့ ကျန်ရစ်ခဲ့တဲ့ ဂုဏ်တော်တွေ အများကြီး ရှိဦးမှာပါ။

အဲဒီတော့ ဒီကနေ့ ဆင်ယင်ကျင်းပတဲ့ သက်တော် (၁၀၀)ပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဂုဏပူဇာ ဓမ္မသဘင်မှာ အလွန်ထွန်းလင်း တောက်ပတဲ့ ကောင်းကင်က ကြယ်တာရာတွေကို အလွန်အားနည်း သေးသိမ်ပြီး မှေးမှိန်တဲ့ ကိုယ့်မျက်စိကလေးနဲ့ မြင်ရသလောက် မြင်ရ သလောက်ကိုပဲ လက်ညှိုးကလေးနဲ့ ထောက်ထောက်ပြီး ရေတွက်ရ၊ မှတ်သားရသလိုပါပဲ။

ဘုန်းကြီးတို့လည်းပဲ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်ပေါင်းများ စွာထဲက ဘုန်းကြီးတို့ သတိပြု မှတ်သားမိသလောက်၊ ရေတွက်တတ် သလောက်, ရေတွက်ဖော်ထုတ်ပြီးတော့ ချီးကျူးပူဇော်ခြင်းဖြင့် မဟာထေရ ဂုဏပူဇာ ကုသိုလ်ကို ခွဲဝေပြီးတော့ အားလုံး မျှမျှတတ ယူကြရအောင်ပါ။

## ကဿပသံယုတ် ဆယ့်သုံးသုတ်

ဒီတော့ ဒီကနေ့ည ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်တွေကို ရေတွက်ပြီး ချီးကျူးပြောကြားဖို့ ဘုန်းကြီးတို့ ကြိုးစားတဲ့အခါမှာ သံယုတ္တ နိကာယ်, နိဒါနဝဂ္ဂသံယုတ်ပါဠိတော်, ကဿပသံယုတ်မှာ လာရှိတဲ့ "ကဿပ သုတ္တန်ပေါင်း (၁၃)သုတ်"

အရှင်မဟာကဿပ မထေရ်သူမြတ်ကိုယ်တိုင် ဟောတာရော၊ အရှင်မဟာကဿပမထေရ်သူမြတ်ကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင်က ဟောတော်မူတာရော၊ အရှင်မဟာကဿပ မထေရ်သူမြတ်နဲ့ အရှင်အာနန္ဒာ မထေရ်တို့ ဆွေးနွေးကြတာရော၊ အရှင်မဟာကဿပ မထေရ်သူမြတ်နဲ့ အရှင်သာရိပုတ္တရာ မထေရ်ကြီးတို့ ဆွေးနွေးတော်မူကြတာရော အားလုံး သုတ္တန်ပေါင်း (၁၃)ခု ရှိပါတယ်။

သံယုတ်ပါဠိတော်ကြီးမှာ လာရှိတဲ့ ကဿပသံယုတ် သုတ္တန် ပေါင်း(၁၃)သုတ်ထဲက ဘုန်းကြီးတို့စိတ်ထဲမှာ အကျေနပ်ဆုံး၊ မှတ်သားလို့ လည်း အလွယ်ကူဆုံး၊ သုတ္တန်တွေကို ရွေးချယ်ထုတ်နုတ်ပြီးတော့ အရှင် မဟာကဿပ မထေရ်သူမြတ်ကြီးရဲ့ ဂုဏ်တော်များကို ထုတ်ဖော်

ပြောကြားခြင်းအားဖြင့် အရှင်မဟာကဿပ မထေရ်သူမြတ်ကြီးအလား ပမာထားပြီးတော့ ဆရာတော်ဘုရားကြီးကို အရှင်မဟာကဿပ မထေရ် သူမြတ်ကြီးရဲ့ ဂုဏ်တော်တွေနဲ့ ပူဇော်လိုက်ကြရအောင်ပါ။

## အတောက်ပဆုံး ကြယ်တာရာတွေကိုသာ

ကောင်းကင်မှာရှိတဲ့ ကြယ်တာရာတွေထဲက အလင်းလက်ဆုံး၊ အတောက်ပဆုံး၊ အမြင်သာဆုံး၊ ထိပ်တန်းအကျဆုံး ကြယ်တာရာတွေကို သာ ပကတိမျက်စိကလေးနဲ့ လှမ်းကြည့်ပြီးတော့ ရွေးချယ်ရေတွက်ကြ ရသလိုပါပဲ။

ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်ပေါင်း မြောက်များ စွာထဲက အထင်ရှားဆုံး၊ အလွယ်ကူဆုံး၊ အသိသာဆုံး၊ ထိပ်တန်းအကျဆုံး၊ ဂုဏ်တော်တွေကိုချည်း အတတ်နိုင်ဆုံး ရွေးချယ်ပြီး အရှင်မဟာကဿပ မထေရ်သူမြတ်ရဲ့ ဂုဏ်တော်တွေနဲ့နှိုင်းယှဉ်လို့ ချီးကျူးပူဇော်ကြရအောင်ပါ။

ကဿပသံယုတ် (၁၃)သုတ်ထဲက လက်ရွေးစင် ထုတ်နုတ်ပြီး ပူဇော်ကြရအောင်ပါ။ တကယ်တော့ ဒီလက်ရွေးစင် ဂုဏ်ပုဒ်တွေနဲ့ ချီးကျူးမှုကို မနက်ဖြန် မနက် (၈)နာရီမှ စတင်ကျင်းပမယ့် ဂုဏပူဇာ မင်္ဂလာအခါတော် အခမ်းအနားကြီးမှာ ပြောဆိုတင်ပြ ချီးကျူးဖို့ ဆိုပြီးတော့ ဘုန်းကြီးတို့ ရွေးချယ် ထုတ်နုတ် ပြုစုထားတာပါ။

## ကဿပဂုဏ်ရည်လို့ မှတ်တမ်းတင်ပါ

သို့သော်လည်းပဲ မနက် ၈ နာရီမှာ စတင်ကျင်းပပြီး မနက် ၁၀ နာရီမှာ နောက်ဆုံးထားလို့ ပြီးဆုံးရမယ့် အခမ်းအနားမှာ ဒီမျှ များပြား လှတဲ့ ဂုဏ်တော်တွေကို ထုတ်ဖော်ပြောဆို ချီးကျူးဂုဏ်ပြု ပူဇော်နေကြမယ် ဆိုရင် အဲဒါ ဓမ္မထက် ပိုပြီးတော့ ကောင်းတယ်လို့ ယူဆမယ်ဆိုရင် ယူဆစရာဖြစ်တဲ့ အရသာပွဲတွေဟာ လက်လွတ်သွားစရာ ရှိပါတယ်နော်။

အကယ်၍များ နေ့ ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီ အချိန်အထိ ရောက်သွားမယ် ဆိုလို့ရှိရင်ပေါ့လေ၊ နေ့လယ်စာတွေ လက်လွတ်သွားမှာ စိုးတယ်။ အဲဒါကြောင့် နက်ဖြန် မနက်ခင်းမှာ ပြောပြမယ့် စကားရပ်တွေကို ဒီညပိုင်းမှာပဲ အကုန်လုံး တန်းစီ ထုတ်နုတ်ပြီးတော့ ပြောပြသွားမှာပါ။

ဒီတော့ ပရိသတ်ကြီးရေ...

ဒီကနေ့ည ဆရာတော်ဘုရားကြီးရဲ့ သက်တော်ရာပြည့် ပွဲမှာ ရွေးချယ် ထုတ်နုတ် ဂုဏ်ပြုပူဇော်မယ့် တရားအမည်ကို "ကဿပ ဂုဏ်ရည်" လို့ မှတ်တမ်းတင်လိုက်ကြပါ။ ပြောဆို ချီးကျူးတော့မယ့် "ကဿပဂုဏ်ရည်" တရားတော်ဖြင့် ကျေးဇူးတော်ရှင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးကို ဘုန်းကြီးတို့တစ်တွေ ပူဇော်ကြပါစို့။

## မဟာကဿပ အဂ္ဂနွယ်ဝင်

"ကဿပဂုဏ်ရည်" တရားတော်နဲ့ မပူဇော်ကြသေးမီ ရှေးဦးစွာ တို့ပရိသတ်အားလုံး စာပိုဒ်လေးတစ်ပိုဒ်ကို လိုက်ပြီးဆိုကြရမယ်။ အားလုံး ဆိုကြရအောင်။

**ဓုတင် ပဋိပတ်၊ အမြတ်ထေရ်ရှင်။**

**မဟာကဿ၊ အဂ္ဂနွယ်ဝင်။**

**ဂန္ထ သာသနာ၊ ဓုရစုံလင်။**

**လက်စုံမိုး ရှိခိုး ပဏာတင်။** (သုံးခေါက်)

ဂန္ထဓုရ ဝိပဿနာဓုရ ဆိုတဲ့ ဓုရနှစ်ရပ်၊ တာဝန်နှစ်မျိုးကို အားသွန်ကြိုးပမ်းတော်မူတဲ့ အရှင်မဟာကဿပမထေရ်နဲ့ အလားတူတဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေကို ရည်မှန်းပြီး လက်စုံမိုးလို့ ရှိခိုးလိုက်ကြပါ။

## ဓုတဝါဒ တေဒဂ်ဘွဲ့

**တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ**

**ဓုတဝါဒါနံ ယဒိဒံ မဟာကဿပေါ။**

**ဘိက္ခဝေ၊** ရဟန်းတော်များ အိုချစ်သားတို့။ **မမ သာ သနေ၊** ငါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ။ **ယဒိဒံ ယောအယံ မဟာ ကဿပေါ၊** အရှင်မဟာကဿပ ဆိုတဲ့ မထေရ်သူမြတ်သည်။ **အတ္ထိ၊** ရှိပါပေ၏။

**တေံ သော မဟာကဿပေါ၊** ထို အရှင်မဟာကဿပဆိုတဲ့ မထေရ်သူမြတ်သည်။ **မမ သာသနေ၊** ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့

သာသနာတော်မှာ။ **မမ သာဝကာနံ**၊ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့

## ဓုတင် ဆိုသည်မှာ

အဲဒီ ဓုတင်ဆိုတဲ့ အကျင့် ပဋိပတ်တွေဟာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အရ ၁၃မျိုး ရှိပါတယ်။

အဲဒီ ၁၃ မျိုးနဲ့ အဓိပ္ပာယ် အကျယ်ရှင်းတမ်းကို ဒီကနေ့ည ဒီမှာ မပြောကြစို့ရဲ့၊ ဘာကြောင့်လဲဆိုတော့ အဲဒီ ဓုတင် ၁၃ ပါးကို ရှင်းနေတာနဲ့တင် တော်တော်ကြာ ခုနပြောခဲ့သလို ခုနစ်ရက်လောက် ဆက်ဟောနေရဦးမယ်နော်။

"ဓုတင်ဆိုတဲ့ ဥစ္စာဟာ ခေါင်းခေါင်းပါးပါး၊ ခြိုးခြိုးခြံခြံနဲ့ ကိလေသာ တွေကို နှင်ထုတ်တဲ့အကျင့်"လို့ ဒီလိုသာ မှတ်လိုက်ပါ။

ကိလေသာကို နှင်ထုတ်တဲ့ အကျင့်ကို "ဓုတင်"တဲ့။

ပရိသတ်ရေ ဘယ်လိုခေါ်မလဲ။

"ဓုတင်လို့ ခေါ်ပါဘုရား"

ကိလေသာတွေကို နှင်ထုတ်တဲ့ ဓုတင်ပဋိပတ် အကျင့်မြတ် ၁၃ ပါးကို တချို့ အရှင်မြတ်တွေက ဓုတင်တစ်ပါးကို ကျင့်တယ်၊ တချို့က ဓုတင်နှစ်ပါး ကျင့်တယ်၊ တချို့က ဓုတင်သုံးပါးကို ကျင့်တယ် စသည်ဖြင့် စွမ်းနိုင်သလောက် ကျင့်သုံးတော်မူကြတယ်။ အရှင်မဟာကဿပ မထေရ် မြတ်ကတော့ ဓုတင်ပဋိပတ် အကျင့်မြတ် ၁၃ပါးကို ကျင့်တော်မူတယ်။

အဲဒီလို ဓုတင် ၁၃ ပါးလုံးကို ကျင့်တော်မူတဲ့နေရာမှာလည်းပဲ (ပရိသတ်ကြီးရေ) အသက်အရွယ်ကြီးရင့်လို့ အိုမင်းရင့်ရော်တဲ့အထိကို ကျင့်တော်မူတာ။

## နမူနာ ပြောရရင်

ပရိသတ်ရေ ဓုတင်အကျင့် ဆိုတာဟာ ဥပမာအားဖြင့်...

တစ်နေ့တာ ၂၄ နာရီလုံးမှာ တစ်ထပ်ပဲ စားမယ်၊ တစ်ကြိမ်ပဲ စားမယ်။

သံဃာတော်များအနေနဲ့ ယာဝကာလိက ခဲဖွယ်ဘောဇဉ်ကို မနက် အရုဏ်တက်ချိန်ကနေ နေ့ ၁၂ နာရီအတွင်းမှာပဲ စားခွင့်ရှိတယ်၊ အဲဒီလို ကာလအတွင်းမှာ ဘောဇဉ်ကို စားပြန်တော့လည်း တစ်ထိုင်တည်း စားမယ်။

တစ်ထပ်တည်း စားမယ်။
တစ်ကြိမ်တည်း စားမယ်။
ဆွမ်းခံပြီးတော့မှ စားမယ်။
အားလုံးရောနှော မွှေနှောက်ပစ်လိုက်ပြီးမှ စားမယ်။
ပံ့သကူ သင်္ကန်းကို ဝတ်မယ်။
သစ်ပင်ရင်းမှာပဲ နေမယ်။
ဒါမှမဟုတ် လွင်တီးခေါင်မှာ နေမယ်။
သင်္ကန်းသုံးထည်ကိုသာ ဝတ်ရုံမယ်။
ကျောခင်း မအိပ်ဘူး။
တကယ်လို့ အိပ်မယ်ဆိုရင်တောင် ထိုင်လျက်ပဲ အိပ်မယ်။

## ဓုတင်ကပယ်တဲ့ တရားနှစ်ပါး

ဒါတွေအားလုံးကို ခြုံကြည့်လိုက်ရင် ဘာလဲဆိုတော့ (ပရိသတ်ကြီးရေ) ခန္ဓာကိုယ်ကိုငဲ့ညှာတဲ့ သဘောကို နှင်ထုတ်ပစ်လိုက်တာကို တွေ့ကြရမယ်။ မိမိရဲ့ ခန္ဓာကိုယ်အပေါ်မှာ တွယ်တာငဲ့ကွက်တဲ့ စိတ်ထား၊ သရီရာပေက္ခ စိတ်ထားကို (ဘာလုပ်တာလဲ?) ပယ်ထုတ်ပစ်လိုက်တာနော်။

သရီရ ဂိဒ္ဓ… ဆိုတဲ့ ခန္ဓာကိုယ်အပေါ်မှာ မက်မောတွယ် တာနေတဲ့စိတ်ဓာတ်တွေကိုလည်း (ဘာလုပ်တာလဲ?) ပယ်ထုတ်ပစ်လိုက်တာ။

တစ်နည်းပြောရရင်…

ကာယမဏ္ဍေရ ခန္ဓာကိုယ်ဝန်တိုတဲ့ စိတ်ထားတွေကို (ဘာလုပ်တာလဲ) ပယ်ထုတ်ပစ်တာ။

အဲဒါကြောင့် ဓုတဆိုတဲ့ စကားလုံးဟာ သစ်ပင်ရင်းမှာလည်း မနေနိုင်ပါဘူး။ လွင်တီးခေါင်မှာလည်း မနေနိုင်ပါဘူး။ တစ်ညလုံးလည်း ထိုင်မနေနိုင်ပါဘူး။ တစ်နေ့မှာ တစ်ထပ်တည်း၊ တစ်ကြိမ်တည်းလည်း မစားနိုင်ဘူး။ နှစ်ထပ်၊ သုံးထပ်၊ လေးငါးထပ်တော့ စားရမှာ ဖြစ်မယ် ဆိုတာတွေ အကုန်လုံးကို ခြုံကြည့်လိုက်ရင် ဘာဖြစ်တာလဲဆိုတော့ (ပရိသတ်ကြီးရေ)

ကာယမဏ္ဍေရ၊ သရီရသုခါပေက္ခ၊ သရီရ သုခဂိဒ္ဓ သဘောပဲ၊ ကာယမဏ္ဍေရ ဆိုတာ မိမိရဲ့ ခန္ဓာကိုယ်ကို ဝန်တိုနေတာ။

## ဉာလွန်းရင် အလုပ်မဖြစ်

ဓုရ ခေါ်တဲ့ သာသနာ့တာဝန်ကြီး နှစ်ရပ်ကို ထမ်းဆောင်တဲ့နေရာမှာ မိမိရဲ့ ခန္ဓာကိုယ်ကို သိပ်ပြီးဝန်တိုနေမယ်ဆိုရင် သာသနာ့တာဝန်ကြီးတွေကို ထိထိရောက်ရောက် မထမ်းဆောင်နိုင်ဘူး''

ပရိသတ်ကြီးအနေနဲ့ အချုပ်အခိပ္ပာယ် မှတ်ထားကြရမှာက ''မိမိကိုယ်ကို ဝန်တိုလွန်းအားကြီးတဲ့ ပုဂ္ဂိုလ်ဟာ သာသနာ့ တာဝန်နှစ်ရပ်ကို ထိထိရောက်ရောက် ထူးထူးချွန်ချွန် မထမ်းဆောင်နိုင်ဘူး'' ဆိုတာပါပဲ။

နောက်တစ်မျိုးက သရီရ သုခါပေက္ခတဲ့။

ပရိသတ်ရေ ပြောကြည့်၊ ဘာတဲ့လဲ။

''သရီရ သုခါပေက္ခပါ ဘုရား''

သရီရ သုခါပေက္ခဆိုတာက ခန္ဓာကိုယ် ချမ်းသာဖို့ အတွက်ပဲ ငဲ့ကွက်နေတတ်တာကို ပြောတာ။

နောက်တစ်မျိုးက ''**သရီရ သုခဂိဒ္ဓ**''တဲ့။ ပရိသတ်ရေ ဘာတဲ့လဲ။

''သရီရ သုခဂိဒ္ဓပါ ဘုရား''

သရီရ သုခဂိဒ္ဓဆိုတာ ခန္ဓာကိုယ်ရဲ့ ချမ်းသာခြင်းတွေ မက်မောတွယ်တာ တပ်မက်တဲ့ပုဂ္ဂိုလ်။

## စာနှစ်ပိုဒ်ကို မှတ်လိုက်ပါ

(ပရိသတ်ရေ) စာနှစ်ပိုဒ်ကို မှတ်လိုက်ကြပါ။

၁။ ကာယ မစ္ဆေရ

၂။ သရီရ သုခါပေက္ခ, သရီရ သုခဂိဒ္ဓ

မိမိရဲ့ ခန္ဓာကိုယ်ကို ဝန်တိုနှမြောပြီးတော့ ခန္ဓာကိုယ်ရဲ့ ချမ်းသာမှုကိုသာ ငဲ့ကွက်တွယ်တာနေတဲ့ပုဂ္ဂိုလ်ဟာ ဂန္ထဓုရ ဝိပဿနာဓုရဆိုတဲ့ သာသနာတော်ရဲ့ တာဝန်နှစ်ရပ်ကို (ဘာဖြစ်သတဲ့လဲ?) ထိထိရောက်ရောက် မထမ်းဆောင်နိုင်ကြဘူး။

(ပရိသတ်ရေ) ကိုယ့်ခန္ဓာကိုယ်ကို ဝန်တိုလွန်းလို့ အပင်ပန်းမခံနိုင်ကြတာနော်။ အဲဒီ စတင်ပဋ္ဌပတ် အကျင့်မြတ်ကို ကျင့်သုံးတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားမှာ ဘာတွေခေါင်းပါးကုန်သလဲဆိုတော့ ခုနကပြောခဲ့တဲ့ တရား နှစ်ခု ခေါင်းပါးနေတယ်။

၁။ သရီရ သုခါပေက္ခ၊ သရီရ သုခဂိဒ္ဓ ခန္ဓာကိုယ် ချမ်းသာဖို့ပဲ ငဲ့ကွက် တွယ်တာ မက်မောတယ်ဆိုတဲ့ တဏှာလောဘ ရယ်။

၂။ ကာယမစ္ဆေရ မိမိကိုယ်ကိုဝန်တိုတဲ့အတွက်ကြောင့် သာသနာ့ ရဲ့ တာဝန်ကြီးနှစ်ရပ်ထဲမှာ ကိုယ့်ရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို စွန့်လွှတ် မြှုပ်နှံမထားနိုင်ဘူး။ သူ့ရဲ့ ခန္ဓာကိုယ်ကို သာသနာ့ တာဝန်တွေအတွက် အသုံးမချနိုင်ဘူး။

## ဓုတင်လမ်းက စွမ်းလှတယ်

အဲဒီလို ကိုယ့်ခန္ဓာကိုယ်ကို နှမြောဝန်တိုနေတာကို (ဘာခေါ်လဲ)၊ ကာယမစ္ဆေရတဲ့၊ နားလည်ပြီနော်။

အဲဒီတော့ နေပူလည်း မခံနိုင်ဘူး၊ မိုးရွာလည်း မခံနိုင်ဘူး၊ အအိပ်ပျက်လည်း မခံနိုင်ဘူး၊ အစားပျက်လည်း မခံနိုင်ဘူးဆိုတော့ သူက သူ့ကိုယ်သူ နေလည်းမပူရအောင်၊ မိုးလည်း မမိရအောင်၊ ခြင်လည်း မကိုက်ရအောင်၊ အအိပ်လည်းမပျက်ရအောင်၊ အစားလည်း မပျက်ရအောင် အဲဒါတွေအတွက်ပဲ ခန္ဓာကိုယ် ချမ်းသာဖို့ငဲ့ကွက်ပြီး လုပ်နေတော့ (ဒါ ဘာဖြစ်သလဲ)။

သရီရသုခ ဆိုတဲ့ ခန္ဓာကိုယ် ချမ်းသာခြင်းကို၊ ဂိဒ္ဓ မက်မော နေတာ။ ကာယမစ္ဆေရနဲ့ သရီရသုခါပေက္ခ သရီရသုခဂိဒ္ဓ ဆိုတဲ့ တရား နှစ်မျိုး ရှိနေပြီဆိုရင် ဓုရနှစ်ပါးကို ထမ်းဆောင်တဲ့နေရာမှာ မထိရောက် ဘူး။ (ပရိသတ်ကြီးရေ) ဓုတင်အကျင့်ဟာ ဘာစွမ်းသလဲ ဆိုရင် အဲဒီ စိတ်ဓာတ်နှစ်မျိုး တရားဆိုးကို ပယ်ထုတ်နိုင်တယ်၊ ဟုတ်လား။

## ထူးခြားကျင့်စဉ်တွေနဲ့ ရွှေဟင်္သာဆရာတော်

သာသနာတော်မှာ ပြောင်ပြောင်မြောက်မြောက်၊ ထူးထူးချွန်ချွန်၊ ထိုက်ထိုက်တန်တန်၊ ပေါက်ပေါက်ရောက်ရောက် အထက်တန်းကို တက် လှမ်းတော်မူကြတဲ့ ဆရာတော်ဘုရားတွေရဲ့ အရည်အချင်းတွေ မြောက်များ စွာထဲမှာ ထူးထူးချွန်ချွန် အကျင့်မြတ်ဂုဏ်ရည်တွေ တစ်ခုခု ရှိကိုရှိတယ် ဆိုတာကို ဘုန်းကြီးတို့ ပရိသတ်က မှန်းပြီးတော့ ကြည့်ညိုကြည့်ကြရမယ်။

သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားရဲ့ ဂုဏ်တော်တွေကို (ပရိသတ်ရေ) ရေကြည့်၊ တွက်ကြည့်။ မှန်းပြီးတော့ အာရုံယူကြည့်ညိုကြည့်၊ စစ်ကြည့်။

သက်တော်လည်း (၁၀၀) ပြည့်ခဲ့ပြီ၊ သာသနာတော်ရဲ့ ဘွဲ့တံဆိပ်ပေါင်းစုံကိုလည်း အကုန်လုံး ဆရာတော်ဘုရားကြီးမှာ တန်ဆာဆင်တော်မူထားပြီးပြီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှိရှိသမျှ သာသနာတော်မှာ မှတ်တမ်းတင်ထားတဲ့ နိကာယကြီး ဂိုဏ်းကြီးကိုးခုစလုံးမှာ သံဃာတော်တွေက သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးကို သံဃပိတ သံဃာ့ ဖခမည်းတော်ကြီးသဖွယ် အားလုံးက အလေးအမြတ် ပြုတော်မူကြတယ်။

ဘုန်းကြီးတို့ ရွှေကျင်ဂိုဏ်းကြီး တစ်ဂိုဏ်းလုံးက "ဒါ ဖခင်ပဲ" ဆိုပြီးတော့ အလေးအမြတ်ပြုပြီးတော့ "သာသနာပိုင် ဆရာတော်" အဖြစ်တင်မြှောက်ထားတဲ့အတွက် အထွတ်အထိပ် ရောက်တော်မူနေတာမှာ (ပရိသတ်ရေ) ထူးခြားတဲ့ ဂုဏ်ရည်တွေရှိရမယ်။ ထူးခြားတဲ့ ကျင့်စဉ်တွေရှိရမယ်။

## အသက်ကြီးလည်း ဆွမ်းခံဆဲ

ဘုန်းကြီးတို့ အခု စတင်ပြောနေတာကတော့...

၁။ သရီရသုခဂိဒ္ဓ... ကိုယ်ချမ်းသာခြင်းကို မက်မောတဲ့ စိတ်ထား (ပြီးတော့...)

၂။ **ကာယမဏ္ဍေရ**-မိမိကိုယ်ကို ဝန်တိုတဲ့ သဘောထား။ အဲဒီနှစ်မျိုးကို စွမ်းစွမ်းတမံ ပယ်လိုက်တဲ့ ကျင့်စဉ်ကိုဖြင့် (ဘာလဲဆိုတော့) "ဓုတင်" တဲ့။

ရွှေဟင်္သာဆရာတော်ဘုရားကြီး သက်တော် (၁၀၀)ပြည့်ခါနီးတော့ ခန္ဓာကိုယ်ရဲ့ အင်အား (တစ်နည်းပြောတော့) ကာယဗလ အင်အားတွေ တဖြည်းဖြည်း ဆုတ်ယုတ်တော်မူလာတဲ့ အချိန်ရောက်မှ ဆွမ်းခံဝတ်ကို ရပ်တန့်တော်မူတာ။

ရွှေဟင်္သာတိုက်သစ်ကနေ စစ်ကိုင်းမြို့သစ် ရပ်ကွက်ထဲကို ဆရာတော်ကြီး ဆွမ်းခံထွက်ကြွတော်မူတာကို လွန်ခဲ့တဲ့ ခြောက်နှစ်လောက်

တုန်းက မနက်ခင်း စစ်ကိုင်းတောင်ကနေ ဘုန်းကြီးတို့က နယ်တွေကို တရားဟောထွက်သွားတိုင်း ထွက်သွားတိုင်း ဆရာတော်ကြီး ဆွမ်းခံထွက်ကြွတော်မူတာ, ဆွမ်းခံကနေ ပြန်ကြွလာတော်မူတာတွေ, ဘုန်းကြီးတို့ တွေ့,တွေ့နေရသေးတာ။

ဓုတင်ဆိုတဲ့အကျင့်က အဲဒီလို ကိုယ်သက်သာမှုကို စွန့်လွှတ်ပြီးတော့ ကိုယ်ချမ်းသာမှုကို ငဲ့ကွက်တဲ့ စိတ်ထားတွေကို ပယ်ရှားတဲ့ ကျင့်စဉ်မျိုး ဖြစ်ပါတယ်။ သာသနာတော်မှာ အရှင်မဟာကဿပ မထေရ်ရဲ့ သူမြတ်ဟာ အဲဒီလို ဓုတင်အကျင့်တွေကို ကျင့်သုံးတဲ့နေရာမှာ **ဧတဒဂ်** ဘွဲ့ထူးကို ခံယူရရှိတော်မူတယ်။

**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ**

**ဓုတဝါဒါနံ ယဒိဒံ မဟာကဿပေါ။**

(ပရိသတ်ရေ) ဘာ ကဿပလဲ။

''မဟာကဿပပါ ဘုရား''

## ကဿပနာမည်တူ ခြောက်ပါး

အေး... ကဿပဆိုတဲ့ နာမည်တွေက အလွန်များတယ်၊ ဟုတ်လား။ တခြား ကဿပတွေ အများကြီးရှိသေးတယ်။

၁။ ကုမာရကဿပ ဆိုတာရှိတယ်

၂။ ဥရုဝေဠကဿပ ဆိုတာရှိတယ်

၃။ နဒီကဿပ ဆိုတာရှိတယ်

၄။ ဂယာကဿပ ဆိုတာရှိတယ်

၅။ ကဿပမြတ်စွာဘုရား ဆိုတာလည်း ရှိသေးတယ်။

အဲဒီလို များပြားလှစွာသော ကဿပတွေထဲကမှ အထူးပြုပြီးတော့ (ဘာ တပ်ထားတုန်းဆိုတော့ ) ''မဟာ''။

ဒါကြောင့် မဟာ ကဿပ။

**ဘိက္ခဝေ၊** ရဟန်းတော်များ, အိုချစ်သားတို့။ **မမသာသနေ၊** ငါဘုရား ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ။ **ယဒိဒံ ယောအယံ မဟာကဿပေါ၊** အကြင် မဟာကဿပ ဆိုတဲ့ မထေရ်သူမြတ်သည်။ **အတ္ထိ၊** ရှိပါပေ၏။

**တော် သော မဟာကဿပေါ**၊ ထို မဟာကဿပ ခေါ်တွင်တဲ့ မထေရ်သူမြတ်သည်။ **မမ သာသနေ**၊ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ။ **မမ သာသနာနံ**၊ ငါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံးအမကို လိုက်နာကြပေကုန်သော။

**ဓုတဝါဒါနံ**၊ ဓုတင်ပဋိပတ်, အကျင့်မြတ်ကို, ကျင့်သုံးတော်မူလေ့ ရှိကြကုန်သော။ **ဘိက္ခူနံ**၊ ရဟန်းတော် အပေါင်းတို့တွင်။ **အဂ္ဂ, အဂ္ဂေါ**၊ အမြင့်ဆုံး, အမြတ်ဆုံး, အတော်ဆုံး, အသာဆုံးသည်။ **ဟောတိ**၊ ဖြစ်ပေ၏။ **ဣတိ**၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်, ဘုရားရှင် ကိုယ်တော်မြတ်သည်။ **အာယသ္မန္တံမဟာကဿပံ**၊ အရှင်မဟာကဿပ မထေရ်သူမြတ်ကို။ **ဓုတဝါဒ ဧတဒဂ္ဂဋ္ဌာနေ**၊ ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကျင့်သုံးတဲ့နေရာမှာ အမြင့်မြတ်ဆုံး, အတော်ဆုံး, အသာဆုံးဆိုတဲ့ ဧတဒဂ် ရာထူးမှာ။ **ဌပေသိ**၊ ကောင်းစွာမသွေ, ထားရစ်တော်မူခဲ့ပါပေသတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

## အသက်ထက်ဆုံး ဓုတင်ကျင့်သူ

ဓုတင် ၁၃ ပါးဆိုတဲ့ အကျင့်ပဋိပတ်, ကိလေသာကို ခါထုတ်တဲ့ အကျင့်မြတ်ကို အရှင်မဟာကဿပ မထေရ်ကြီး ကျင့်တော်မူတာဟာ အားခွန်ဗလတွေ ကောင်းတုန်း, ကာယဗလတွေ ပြည့်ဝတုန်း, နုတုန်း, ပျိုတုန်းမှာသာ, ကျင့်ပြီးတော့ အိုမင်း ရင့်ရော်တဲ့အခါမှာတော့ ဓုတင် အကျင့်တွေကို စွန့်လွှတ်လိုက်တယ်, ကိုယ်သက်သာအောင်နေတယ်လို့ (ဘုန်းကြီးတို့ ပရိသတ်က ဒီလို)မတွက်နဲ့။

အသက်အရွယ် ကြီးရင့်ပြီး အိုမင်းရင့်ရော်တဲ့ အချိန်အထိတိုင် အရှင်မဟာကဿပ မထေရ်ကြီး ဓုတင်ပဋိပတ် အကျင့်မြတ်တွေကို ကျင့်သုံးတော်မူသွားတာပါ။

## အိုလှပြီကွဲ့ လျှော့တော့ဟဲ့

အသက်အရွယ် ကြီးရင့်လို့ အိုမင်း ရင့်ရော်တဲ့အခါကျတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အရှင်မဟာကဿပ မထေရ်မြတ် ကြီးကို မိန့်တော်မူတယ်။

"ချစ်သား... ကဿပ၊ သင်ဟာ အသက်အရွယ်လည်း ကြီးရင့်ပြီ၊ အိုလည်းအိုပြီ၊ အဲဒါကြောင့် တစ်နေ့မှာ တစ်ထပ်သာစားတဲ့ အကျင့်ကို စွန့်ပြီးတော့ ကျန်းမာရေးကိုငဲ့ပြီး နှစ်ထပ်စားသင့်ရင်လည်း စားပါ"

"နေ့စဉ် ဆွမ်းခံစားတဲ့အကျင့်ကို စွန့်ပြီးတော့ ဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့ ဆွမ်းကိုလည်း စားပါ"

"သင်္ကန်းသုံးထည်မျှသာ ဝတ်တာကို စွန့်ပြီးတော့ (တိစီဝရိက်ဆောင်တဲ့ အကျင့်ကို စွန့်ပြီးတော့) ခန္ဓာကိုယ် သက်သာအောင် လေးငါးခြောက်ထည်လည်း ဝတ်ပါ။ သစ်ပင်ရင်းမှာချည်း လွင်တီးခေါင်မှာချည်း အိပ်မယ့်အစား မိုးလုံလေလုံနေရာမှာ အိပ်ပြီးတော့ ကျိန်းစက်မယ်ဆိုရင် မကောင်းဘူးလား" ဆိုတော့...။

## စံပြခေါင်းဆောင် ဖြစ်ပါရစေ

အရှင်မဟာကဿပ မထေရ်မြတ်က...

"မြတ်စွာဘုရား... ဘုရားတပည့်တော်ဟာ ဒီဓုတင်အကျင့်ကို ကိုယ်တိုင်လည်း ကျင့်သုံးတယ်၊ သူတစ်ပါးတွေကိုလည်း ကျင့်သုံးစေဖို့ အမြဲမပြတ် တိုက်တွန်းခဲ့တယ်။

အဲဒီလို ကိုယ်တိုင်လည်းကျင့်သုံး, သူတစ်ပါးတွေကိုလည်း အမြဲမပြတ် တိုက်တွန်းခဲ့တဲ့ ဘုရားတပည့်တော်ဟာ အရွယ်ကြီးခါမှ သူတစ်ပါးကိုသာ တိုက်တွန်းပြီး ကိုယ်ကတော့ မကျင့်သုံးဘဲ စွန့်လွှတ်လိုက်မယ်ဆိုရင်တော့ မဖြစ်ဘူး မြတ်စွာဘုရား"

"အဲဒါကြောင့် တပည့်တော် ပရိနိဗ္ဗာန်ပြုတဲ့အထိ အဲဒီ ဓုတင်အကျင့်ကိုပဲ ဆက်လက်ကျင့်သုံးသွားမှာပါ" လို့ ပြန်လျှောက်ထားတော့ မြတ်စွာဘုရားက အရှင်မဟာကဿပကို ချီးကျူးတော်မူတဲ့ စကားတစ်ခု ရှိပါတယ်။

## မြတ်ဗုဒ္ဓ၏ ချီးကျူးစကား

**သာဓု သာဓု ကဿပ၊ ဗဟုဇနဟိတာယ ကိရ တွံ ကဿပ ပဋိပန္နော ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝ မနုဿာနံ။**

**ကဿပ**၊ ချစ်သား ကဿပ။

**သာဓု သာဓု**၊ ကောင်းပါပေ၏၊ ကောင်းပေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကျင့်သုံးတော်မူတဲ့နေရာမှာ လျှော့ပြီးတော့ ကျင့်သုံးဖို့၊ ကိုယ်ချမ်းသာအောင် ကျင့်သုံးဖို့၊ တိုက်တွန်းကြည့်ရာ အရှင်မဟာကဿပ မထေရ်သူမြတ်က "မလျှော့ဘူး" တဲ့။ "ဟောဒီ အသက်နဲ့ခန္ဓာ မြဲနေသမျှ ကာလပတ်လုံး ဓုတင် ပဋိပတ်အကျင့်မြတ်တွေကို တပည့်တော် ဆက်လက်ကျင့်သုံးမယ်" ဆိုတော့...

အရှင်မဟာကဿပ မထေရ်သူမြတ်ရဲ့ အကျင့်ပဋိပတ်ကို ဘုရားရှင် ကိုယ်တော်မြတ်က ချီးကျူးတော်မူတဲ့စကားက...

**ကဿပ**၊ ချစ်သား ကဿပ။ **သာဓု သာဓု**၊ ကောင်းပါပေ၏၊ ကောင်းပေ၏။ (မြတ်စွာဘုရားရှင်က သာဓုခေါ်တော်မူတယ်။)

**ကဿပ**၊ ချစ်သား ကဿပ။ **တွံ**၊ သင်သည်။ **ဗဟုဇန ဟိတာယ**၊ များစွာသော လူအပေါင်းတို့ရဲ့ အကျိုးစီးပွား ဖြစ်ထွန်းဖို့ရန် အလို့ငှာ။ **ပဋိပန္နော**၊ ကျင့်တော်မူတယ်။

## အများအကျိုးအတွက် လုပ်နေတာပါ

အရှင်မဟာကဿပ မထေရ်သူမြတ်ရဲ့ အကျင့်တွေကို ဘုရားရှင် ကိုယ်တော်မြတ်က ဘယ်လိုချီးမွမ်းသလဲဆိုတော့ "**ဗဟုဇနဟိတာယ ပဋိပန္နော**" တဲ့။ ဘယ်လိုပြောလဲ။

"ဗဟုဇနဟိတာယ ပဋိပန္နောပါ ဘုရား"

**ဗဟုဇန ဟိတာယ ပဋိပန္နော** - များစွာသော လူအပေါင်းတို့ရဲ့ အကျိုးစီးပွားအလို့ငှာ ကျင့်သုံးတော်မူတယ်။

အရှင်မဟာကဿပ မထေရ်မြတ်က အကျင့်မြတ်တွေကို ကျင့်သုံးနေတာဟာ သူတစ်ပါးတည်းအတွက်လား။

"မဟုတ်ပါဘုရား"

များစွာသောလူတွေ အကျိုးရှိကြစေဖို့ ကျင့်သုံးနေတာပါ။ ဒီလောက်တောင် အကျင့်မြတ်ပဋိပတ်တွေနဲ့ ပြည့်စုံနေတဲ့ အရှင်မြတ်တစ်ပါးကို သစ်သီးကလေးတစ်လုံးလောက်များ လှူခွင့်ရလိုက်ရင် ရေကောင်း၊

မြေကောင်း၊ ဩဇာကောင်းတဲ့ လယ်ယာမြေမှာ မျိုးစေ့ကလေးတစ်စေ့ ကြဲချလိုက်ရသလိုပါပဲ။

အကျင့်ပဋိပတ်နဲ့ ပြည့်စုံတဲ့ သူတော်စင်၊ သူတော်မြတ် တစ်ပါးပါးအား ဆွမ်းကလေး တစ်ဇွန်းလောက်၊ သစ်သီးကလေး တစ်လုံးလောက်၊ ရေလေး တစ်ခွက်လောက်၊ လှူဒါန်းခွင့်ရလိုက်ရင်ပဲ အဲဒီ အလှူရှင်ပုဂ္ဂိုလ်တွေမှာ အကျိုးကျေးဇူးတွေ များစွာ မဖြစ်ထွန်းနိုင်ပေဘူးလား။

"ဖြစ်ထွန်းနိုင်ပါတယ် ဘုရား"

## သက်တော်တစ်ရာအထိ ကျင့်ခဲ့တာတွေ ကြည်ညို

အေး...အဲဒီလိုပါပဲ။ ဘုန်းကြီးတို့ရဲ့ သက်တော်(၁၀၀)ပြည့်ဆရာတော် နက်ဖြန်ဆိုရင်ပဲ ရာကျော်ဆရာတော်ကြီး ဖြစ်သွားပါပြီနော်။

သက်တော်ရာကျော် ရွှေဟင်္သာဆရာတော်ကြီး သာသနာတော်အတွင်းမှာ ဒီလောက်တောင် အကျင့်မြတ်တွေ ကျင့်သုံးနေတာဟာ ဘာအတွက်လဲဆိုရင်...

အရှင်မဟာကဿပ မထေရ်ကို မြတ်စွာဘုရားက ချီးကျူးတော်မူတဲ့အတိုင်းပါပဲနော်။

"လူပေါင်းများစွာ ကောင်းကျိုးချမ်းသာရစေဖို့ ဒီကနေ့တိုင် ရွှေဟင်္သာဆရာတော်ကြီး အကျင့်မြတ်တွေကို ကျင့်သုံးနေတာပါ။ တစ်ဦးကောင်း တစ်ယောက်ကောင်းအတွက် ကျင့်နေတာ မဟုတ်ပါဘူး" လို့ ပရိသတ်က ဒီလို နားလည်ကြည်ညိုကြပါ။

**ဗဟုဇန ဟိတာယ**၊ များစွာသော လူတွေမှာ အကျိုးစီးပွား ဖြစ်စေဖို့။ **ပဋိပန္နော**၊ ကျင့်သုံးတော်မူနေတာ။

**ဗဟုဇနသုခါယ**၊ များစွာသော လူတွေမှာ အကျိုးစီးပွား ဖြစ်ထွန်းရုံသာ မကဘဲနဲ့ ချမ်းသာသုခတွေပါ ဖြစ်ကြစေဖို့။ **ပဋိပန္နော**၊ ကျင့်သုံးတော်မူနေတာ။

**ဒေဝ မနုဿာနံ**-နတ် လူအပေါင်းတို့ရဲ့၊ **အတ္ထာယ**-အကျိုးရှိဖို့ရန်၊ **ဟိတာယ**-အစီးအပွားဖြစ်ဖို့ရန်၊ **သုခါယ**-ချမ်းသာဖို့ရန်၊ **ပဋိပန္နော**-ကျင့်ကြံကြိုးကုတ် အားထုတ်လို့နေနေတာရယ်လို့။

**ဘဂဝါ**-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က၊ **အဘိတ္ထဝိ**-ကောင်းစွာမသွေ, ချီးမွမ်းတော် မူလိုက်ပါပေသတည်း။

သာဓု... သာဓု... သာဓုပါ ဘုရား။

## ဗဟုဇနဟိတာယ ပဋိပန္နောပါဘုရား

ဒီကနေ့ ဘုန်းကြီးတို့ရဲ့ သက်တော်ရာပြည့် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးလည်းပဲ သာသနာတော်မှာ အကျိုးကျေးဇူး ဖြစ်ထွန်းမယ်ဆိုရင်၊ တိုင်းနှင့် ပြည်စွန် လူအားလုံးတို့မှာ အကျိုးကျေးဇူး ဖြစ်မယ်ဆိုရင် သက်တော်တစ်ရာအတွင်း ရောက်နေပေမယ့် ဘယ်လောက်ဝေးလံတဲ့ အရပ်ဒေသကိုပဲဖြစ်ဖြစ် လောကနဲ့ သာသနာတော်၊ သာသနာတော်နဲ့ လောက၊ ဗဟုပကာရ ကျေးဇူးများကြမယ်ဆိုရင် ခုထက်တိုင် ကြွရောက်ပြီး သာသနာ့တာဝန်တွေကို ဆောင်ရွက်နေတုန်းပါပဲ။

အရှင်မဟာကဿပ မထေရ်မြတ်ကို မြတ်စွာဘုရားက "**ဗဟုဇနဟိတာယ ပဋိပန္နော**"လို့ ချီးကျူးသလို ဘုန်းကြီးတို့ကလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ သာသနဗဟုပကာရ လောကဗဟုပကာရ ဂုဏ်တော်များကို ရည်မှန်းပြီး...

"ဩော်... **ဗဟုဇန ဟိတာယ ပဋိပန္နောပါ ဘုရား**" လို့ ဒီကနေ့ ပူဇော်ကြရပါတယ်။ ပရိသတ်နော်။

**ဗဟုဇန ဟိတာယ၊ ဗဟုဇနသုခါယ၊ လောကာနုကမ္ပာယ**-များစွာသော လူအပေါင်း အကျိုးစီးပွားဖြစ်စေဖို့၊ များစွာသော လူတွေမှာ ချမ်းသာရာ ရစေဖို့၊ များစွာသော လူတွေကို ချီးမြှောက်ဖို့၊ **ဒေဝမနုဿာနံ**-နတ်လူအပေါင်းတို့ရဲ့၊ **အတ္ထာယ**-အကျိုးရှိကြစေဖို့၊ **ဟိတာယ**-အစီးအပွားဖြစ်ကြစေဖို့၊ **သုခါယ**-ချမ်းသာရာရကြစေဖို့၊ **ပဋိပန္နော**-ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနေတာရယ်လို့။

**ဘဂဝါ**- ဘုန်းတော်ခြောက်ဆူ အောင်လံထူ ဖြစ်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်သည်၊ **အဘိတ္ထဝိ**- ကောင်းစွာမသွေ ချီးမွမ်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## မဟာ ကဿပ

(ပရိသတ်ကြီး) ကဿပပေါင်း များစွာရှိတဲ့အထဲမှာ အခု ဘုန်းကြီးတို့ ပြောနေတာက ဘာကဿပလဲ။

“မဟာကဿပပါ ဘုရား”

အေး... မဟာကဿပ ပါ။

ဥရုဝေဠ ကဿပ၊ နဒီ ကဿပ၊ ဂယာ ကဿပ၊ ကုမာရ ကဿပ ဆိုတဲ့ အဲဒီ ကဿပတွေ မဟုတ်ဘူးနော်။

ဘွဲ့တော်မှာ “မဟာ” ဆိုတဲ့ ဂုဏ်ထူးနဲ့ ထပ်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်တိုင်က ချီးကျူးတော်မူတာဟာလည်း အလွန်တရာ အံ့ဩစရာကောင်းတဲ့ အရည်အချင်းရှိလို့ပါ။

ဒီကနေ့ ချီးကျူးပူဇော်နေကြတဲ့ ဘုန်းကြီးတို့ရဲ့ သက်တော်ရာပြည့် သံဃာ့ဥသျှောင်၊ သံဃပိတာ ရွှေဟင်္သာဆရာတော်ဘုရားကြီးလည်းပဲ “မဟာ” ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေ ဘယ်နှစ်ခု ရထားပြီးပြီလဲ။ ရေတွက်ရဦးမယ်၊ ရေတွက်ရဦးမယ်။ သူတို့ ဟုတ်လား။

## မသိရင် သွားဖတ်ကြပေတော့

အေး... မမှတ်မိကြရင် သက်တော်ရာပြည့် အထိမ်းအမှတ် စိုက်ထူလိုက်တဲ့ ကျောင်းတိုက်အဝင် မုခ်ဦးနားက ရာပြည့်မော်ကွန်းကျောက်စာတိုင်ကြီးမှာ သွားပြီးဖတ်လို့ ရေတွက်လိုက်ကြပေတော့။

ဒါ့အပြင် မနက်ဖြန် မနက်မှာလည်း မန္တလေးမြို့ မလွန်ဆန်လှူ အသင်းကြီးက တည်ဆောက်လှူဒါန်းတဲ့ ရာပြည့်မော်ကွန်းတိုက်ကြီး ဖွင့်ပါ လိမ့်မယ်။ အဲဒီမှာ ဝင်ကြည့်လိုက်ရင်လည်း တွေ့ကြရမှာပါပဲ။

“မဟာ” ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးပေါင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး ဘယ်နှစ်ခု ရရှိတော်မူထားတယ်ဆိုတာကို။ အဲဒီ မော်ကွန်းပြတိုက်နဲ့ မော်ကွန်းကျောက်စာတိုင်တွေမှာသာ သွားဖတ်လို့ ရေတွက်ကြပေတော့၊ ဟုတ်လား။

## သာသနာတော်ကြီးကို စုစည်းသူ

ဒီတော့ သာသနာတော်မှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က

"ကဿပ" နာမည်တူတွေ အများကြီး ရှိတဲ့အထဲမှာ ဒီ ကဿပ တစ်ပါးတည်းကိုသာ (ဘာတဲ့လဲ)။ မဟာကဿပ ဆိုပြီးတော့ 'မဟာ' ဘွဲ့တပ်ပြီး နာမည် ပေးထားတယ်။

ဘာကြောင့် 'မဟာကဿပ'လို့ 'မဟာ'ဘွဲ့တပ်ပြီးတော့ ချီးကျူးတော်မူရတာတုန်းဆိုတော့ ဗုဒ္ဓရှင်တော် လွန်တော်မူပြီးတဲ့နောက် ဒီဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်မြတ်ကြီးကို စုစည်းတော်မူတာဟာ (ဘယ်သူတုန်းဆိုလို့ရှိရင်) အရှင်မဟာကဿပပေါ့ပဲ။

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့၊ မလ္လာမင်းတို့ရဲ့ အင်ကြင်းရဂုံမှာ ပရိနိဗ္ဗာန် ဝင်စံတော်မူတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ (၄၅)နှစ်လုံးလုံး ဟောကြားတော်မူခဲ့တဲ့ သုံးပုံပိဋကတ် တရားမြတ်ဆိုတဲ့ ဓမ္မရတနာဟာ ဘာနဲ့တူတုန်း ဆိုရင်လေ...

## ပန်းကြွေတို့ မြေမှာကြဲ

ပင်လုံးကျွတ် ပွင့်နေတဲ့ ပန်းပင်ကြီးတစ်ပင်ဟာ ညဦးယံကာလ ကြည့်လိုက်ရင် ပန်းပွင့်တွေနဲ့ တစ်ပင်လုံး ဝေဝေဆာဆာ သိပ်ပြီးတော့ ကျက်သရေရှိတယ်။

တစ်ညအိပ်ပြီးတော့ မနက်ခင်း မိုးလည်းလင်းရော သွားကြည့်ရင် ညဦးယံတုန်းက တဝေဝေ ပွင့်နေခဲ့တဲ့ အဲဒီပန်းပွင့်တွေဟာ အဲဒီပန်းပင်ကြီးပေါ်မှာ တစ်ပွင့်မှ မရှိတော့ဘူး။ အကုန်လုံး (ဘာဖြစ်ကုန်လဲ)။ မြေပြင်ပေါ်မှာ ကြွေကျကုန်ကြတယ်။

မြေပြင်ပေါ်မှာ ကြွေကျနေတဲ့ အဲဒီပန်းပွင့်တွေကို ကျွမ်းကျင်တဲ့ ပန်းသီသမားတစ်ယောက်က ပန်းပင်အောက်ရောက်လာ "ဟယ်... ပန်းပွင့်တွေ မြေမှာ ဖရိုဖရဲ ပြန့်ကျဲနေတယ်ဟဲ့" ဆိုပြီးတော့ (ဘာလုပ်သလဲ)။ အဲဒီ ပန်းပွင့်လေးတွေကို ကောက်ပြီးတော့ တောင်းကြီးတွေထဲထည့်တာ။

## ပန်းသီပုံလေးတွေ

တောင်းကြီးတွေထဲ ထည့်လိုက်တော့ (ပရိသတ်ရေ... တို့အောင်ပြောကြပါစို့ဆိုရင်) တောင်းသုံးလုံးပေါ့။

တစ်လုံးထဲမှာ အကြီးစားပန်းတွေ ထည့်မယ်။
တစ်လုံးထဲမှာ အလတ်စားပန်းတွေ ထည့်မယ်။
တစ်လုံးထဲမှာ အငယ်စားပန်းတွေ ထည့်မယ်။

ပန်းတွေကို တောင်းတွေထဲမှာ ကောက်ကာ ကောက်ကာ ထည့်ပြီးတော့မှ အကြီးစား၊ အလတ်စား၊ အငယ်စားဆိုတဲ့ ပန်းတွေကို ရွေးချယ်၊ ရွေးချယ်ပြီးတော့မှ ကြိုးတွေနဲ့ သီပြီးတော့ ကုံးလိုက်တော့...

(ပရိသတ်ရေ) ပန်းကုံးကြီးတွေ အများကြီး ဖြစ်လာမယ်။ အကြီးစား ပန်းကုံးတွေကို သီကုံးထားမယ်။ ''ဒါ အကြီးစားပန်းကုံး'' သူ့ဈေးကောင်းကောင်း ရမယ်၊ အလတ်စား ပန်းကုံး၊ အငယ်စား ပန်းကုံးတွေလည်း ရှိမယ်။ အဖူး၊ အငုံတွေကိုလည်း သီချင် သီလိုက်ဦးပေါ့၊ ဟုတ်လား။ အဲဒီလိုပါပဲ ပရိသတ်ကြီးရေ...

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ဟာ (၄၅)နှစ် လုံးလုံး ပင်လုံးကျွတ် ပွင့်တော်မူတဲ့ ပန်းပင်ကြီးပမာ ဖြစ်တော်မူတယ်။

## ဗုဒ္ဓပန်းပင်မှ ဓမ္မပန်းပွင့်များ

အဲဒီ ပင်လုံးကျွတ် ပွင့်နေတော်မူတဲ့ ပန်းပင်ကြီးပမာ ဖြစ်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ် မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့်မှာ လွန်တော်မူတော့ ဘုရားရှင်ကိုယ်တော်မြတ်တည်းဟူသော ပန်းပင်ကြီးက ကြွေကျတဲ့ ဓမ္မဆိုတဲ့ ပန်းပွင့်တွေ၊ ပန်းဖူးတွေ၊ ပန်းငုံတွေ (၄၅)နှစ်အတွင်း ဟောခဲ့သမျှ ဓမ္မဝိနယဆိုတဲ့ ပန်းတွေ၊ ပန်းတွေဟာ စုပြီး စည်းပြီး မရှိရစ်ခဲ့ဘူး။

ကာလအားလျော်စွာ၊ ဒေသအားလျော်စွာ၊ ပုဂ္ဂိုလ်အားလျော်စွာ၊ အဇ္ဈာသယအားလျော်စွာ ဟောတော်မူခဲ့တဲ့ ဓမ္မဝိနယတွေဟာ ဖရိုဖရဲ ပြန့်ကျဲပြီးတော့ စနစ်တကျ စီကာ စဉ်ကာ မရှိရစ်ခဲ့ဘူး။ အဲဒီတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ပိုင်းလည်းကျရော အခု ဘုန်းကြီးတို့ပြောနေတဲ့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးက...

## ပန်းသီကုံးတဲ့ ထေရ်အရှင်

''ဟာ... မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် လွန်တော်မူသွား

တာဟာ ပန်းတွေနဲ့ ဝေဝေဆာဆာရှိလှတဲ့ ပန်းပင်ကြီး လဲကျသွားသလိုပဲ။ ပန်းပွင့် ပန်းဖူး ပန်းငုံတွေတော့ ဖရိုဖရဲ ဖြစ်ကုန်ပြီ။ ဓမ္မတွေလည်း စနစ်တကျ စုစည်းပြီးသား မရှိသေးဘူး။ အဘိဓမ္မာလည်း စနစ်တကျ စုစည်းပြီးသား မရှိသေးဘူး။ အဲဒါတွေကို စုစုစည်းစည်း စနစ်တကျ ဖြစ်အောင် ဆောင်ရွက်ပေးမှပဲ'' ဆိုပြီးတော့ အရှင်မဟာကဿပ မထေရ်ကြီးက လက်ရွေးစင် သံဃာတော် အရှင်မြတ် အပါး ၅၀၀ ကို အဲဒီမှာ ရွေးချယ်တော်မူလို့ မာဂဓတိုင်း ရာဇဂြိုဟ်မြို့ ဝေဘာရ တောင်နံရံ ခရေပင်ပေါက်နေတဲ့ လိုဏ်ဂူကြီးကို နောက်ခံထား၊ အဲဒီ ရှေ့နားမှာ ''သိကြားမင်းရဲ့ ဗိမာန်ကို လှောင်ပြောင်နေသလား'' လို့ ထင်ရလောက်အောင် ကြီးကျယ်ခမ်းနားတဲ့ ဗိမာန်ကြီးကို အဇာတသတ်မင်းတရား ဆောက်လုပ်ပေးတယ်။

ဒီကနေ့ ဘုန်းကြီးတို့ သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ပူဇော်ပွဲအတွက်လည်း နိုင်ငံတော်အစိုးရက ဒီမှာတည်ဆောက်ပေးထားတဲ့ မဏ္ဍပ်ဟာ ''ဟာ... ဗြဟ္မာ့ဗိမာန်ကို လှောင်ပြောင်နေသလား'' လို့ ထင်ရလောက်အောင် ခမ်းနားကြီးကျယ်ပါပေတယ်။

အဲဒီလို အဇာတသတ် မင်းတရားက အလွန်တရာ ကြီးကျယ်ခမ်းနားတဲ့ မဏ္ဍပ်ဗိမာန်ကြီး တည်ဆောက်ပေးပြီးတော့မှ သံဃာတော် အရှင်သူမြတ် အပါး ၅၀၀ တို့နဲ့ ဘာလုပ်ကြတာလဲ။

ပရိသတ်ကြီး ပြောနေကျအတိုင်းသာ ပြော။ ဘာလုပ်ကြတာလဲ။

''သင်္ဂါယနာ တင်တာပါဘုရား''

အေး... သင်္ဂါယနာ တင်တော်မူကြတာ။

ဘုန်းကြီးပြောချင်တာကတော့ ဒါကို ''**ပန်းသီတာ**''လို့ပေါ့။

## နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ

ဘုရားရှင်ကိုယ်တော်မြတ်တည်းဟူသော ပန်းပင်ကြီးကနေ (၄၅)နှစ်မျှ ခြွေချထားခဲ့တဲ့ ဓမ္မ၊ ဝိနယ၊ အဘိဓမ္မ ဆိုတဲ့ ပန်းတွေကို တူရာတူရာပေါင်း ပြီးတော့...

၁။ အရှည်စားဖြစ်တဲ့ သုတ္တန်တွေကို အကုန်လုံး စုစည်းလိုက်တော့ **ဒီဃ နိကာယ်**တဲ့။

၂။ အလတ်စား သုတ္တန်တွေကို စုစည်းလိုက်တော့ **မဇ္ဈိမနိကာယ်**။

၃။ အငယ်စားဖြစ်တဲ့ သုတ္တန်တွေကို စုစည်းပြီးတော့မှ (ဘာခေါ်မလဲ)။ **ခုဒ္ဒကနိကာယ်**၊ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ **ဝိနည်းတွေ၊ ဥပဒေတွေ** အဲဒါတွေ အကုန်လုံး စုစည်းပြီးတော့မှ ပညတ်တော်မူချက်တွေကို အားလုံး စုစည်းပြီးတော့မှ အဲဒါကိုတော့ **ဝိနည်း ပိဋကတ်**။

စိတ်၊ စေတသိက်၊ ရုပ်၊ အကြောင်းအရာတွေ၊ သဘာဝဓမ္မ၊ ပရမတ္ထ ဓမ္မတွေကို ဟောကြားထားတာတွေကို စုစည်းလိုက်ပြန်တော့ (ဘာဖြစ်လာမလဲ)။ **အဘိဓမ္မ ပိဋကတ်**နော်

၄။ နောက်တစ်ခါ တရားတော်တွေ တစ်အင်္ဂါ၊ နှစ်အင်္ဂါ၊ သုံးအင်္ဂါဆိုပြီးတော့ အင်္ဂါတွေ ခွဲ ခွဲပြီးတော့ ဟောတော်မူတာတွေကို စုလိုက်ပြန်တော့ **အင်္ဂုတ္တရနိကာယ်**။

၅။ တရားတစ်ခုနဲ့ တစ်ခု နှိုင်းယှဉ် နှိုင်းယှဉ်ပြီးတော့ ဟောတော်မူတာတွေကို စုလိုက်ပြန်တော့ (ဘာရသလဲ)။ **သံယုတ္တနိကာယ်**လို့။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ဆိုပြီးတော့ အစီအစဉ်တွေပြုပြီး စနစ်တကျ စီလိုက်တာ ဟို... ယန်းတွေကို သီလိုက်သလိုပါပဲ။ ယန်းကုံးကြီး ငါးခု ဆိုပြီးတော့ နိကာယ်ငါးရပ်ကို ရတော်မူတယ်။

အဲဒီ အစီအစဉ်ကို ဘယ်သူ ဦးဆောင် ဆောင်ရွက်တော်မူသလဲဆိုရင် အရှင်မဟာကဿပ မထေရ်မြတ် ဦးစီးခေါင်းဆောင်ပြီး ဆောင်ရွက်တော်မူတာ၊ ဟုတ်လား။

အရှင်မဟာကဿပ မထေရ်မြတ်က ဦးစီးဆောင်ရွက်ပြီးတော့ သင်္ဂါယနာ တင်ကြတဲ့ပွဲမှာ အရှင်မဟာကဿပ မထေရ်မြတ်က အဲဒီ အစည်းအဝေးကြီးမှာ ကြွရောက်တော်မူလာကြတဲ့ သံဃာတော် သံဃာပေါင်း ၅၀၀ ကို မေးတော်မူတယ်။

## အရှင်မဟာကဿပရဲ့ အမေးစကားနှစ်ခွန်း

မေးတော်မူပုံကို နှစ်ခွန်းပဲ မှတ်ရအောင်။

၁။ အရှင်ဘုရားတို့ ယခု တပည့်တော်တို့ စုစည်းလိုက်တဲ့ နိကာယ်ကြီးငါးခု ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဒီ ဓမ္မဝိနယ တွေထဲမှာ ဘယ်ဟာကတော့ဖြင့် ဗုဒ္ဓဟောတာ မဟုတ်ဘူး၊ ပိုလျှံနေတယ်။ ပယ်နုတ်ပစ်သင့်တယ်ဆိုပြီး ပယ်နုတ် စရာ အရှင်ဘုရားတို့ တွေ့တော်မူကြပါလားဆိုတော့ သံဃာတော် အရှင်မြတ်တွေက "ပယ်နုတ်စရာ အပိုအလျှံရယ်လို့ မတွေ့ ပါဘူးဘုရား" လို့ လျှောက်ထားကြတဲ့အခါ...

၂။ ဒါဆိုရင် ဖြည့်စွက်ဖို့ရန် ဟာနေတဲ့ အကွက်၊ ဟာကွက် များကိုရော မြင်တော်မူကြပါသလား ဘုရား။ ဖြည့်စွက်စရာ ဟာကွက်လည်း မရှိပါဘုရား။

## အပိုအလျှံမရှိတဲ့ တရားတွေ

ပယ်နုတ်စရာလည်း အပိုအလျှံမရှိဘူး၊ ဖြည့်စွက်စရာလည်း လိုကွက် ဟာကွက် မရှိဘူး။ အဲဒါဆိုရင် ဒီဓမ္မဝိနယဟာ "**ကေဝလ ပရိပုဏ္ဏ**" ပဲတဲ့။ (ပရိသတ်ကြီးရေ) ဘယ်လိုပြောမလဲ။

"ကေဝလပရိပုဏ္ဏပါ ဘုရား"

**ကေဝလ ပရိပုဏ္ဏ**-အလုံးစုံ ပြည့်စုံလို့ နေနေတယ်။ ပယ်နုတ် စရာလည်း အပိုမရှိ၊ ဖြည့်စွက်စရာလည်း အလိုမရှိ၊ အပိုအလိုမရှိ အားလုံး ပြည့်စုံနေတဲ့ ကေဝလပရိပုဏ္ဏ ဒီ ဓမ္မဝိနယကို အရှင်ဘုရားတို့ သံဃာ့ အစည်းအဝေးကြီးက သဘောတူတော်မူကြပါသလား ဘုရားဆိုတော့ သံဃာတော် ၅၀၀ က ကန့်ကွက်မယ့်ပုဂ္ဂိုလ်၊ ဖြည့်စွက်မယ့်ပုဂ္ဂိုလ်၊ ပယ် နုတ်မယ့်ပုဂ္ဂိုလ် တစ်ပါးမှမရှိ အားလုံး တညီတညွတ်တည်း သဘောတူ တော်မူကြတယ်။

## ထေရဝါဒ စကားလုံးရဲ့ အဓိပ္ပာယ်

"အဲဒီလို အရှင်ဘုရားတို့ သဘောတူတော်မူကြတယ်ဆိုရင် တညီ တညွတ်တည်း အားလုံး အသံထုတ်ပြီး ရွတ်ဆိုတော်မူကြပါဘုရားဆို တော့မှ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံကို သံဃာတော်တွေ အားလုံးက အဲဒီ အစည်းအဝေးမှာ အသံထုတ်ပြီး ရွတ်တော်မူကြတာ။ ရွတ်ဆိုခြင်း

ကိစ္စလည်းပြီးရော၊ ဒီ ဓမ္မဝိနယတွေ အားလုံး (ဘာဖြစ်သွားလဲ)။ အတည်ဖြစ်သွားတယ်။

"ဟောဒီ ဓမ္မနဲ့ ဝိနယဟာ တပည့်တော်တို့ရဲ့ ဆရာပဲဘုရား။ ဗုဒ္ဓ မရှိတော့တဲ့နောက်ပိုင်း ဗုဒ္ဓရဲ့ ဓမ္မဝိနယဟာ ဘုရားတပည့်တော်တို့ အားလုံးရဲ့ ဆရာအဖြစ်နဲ့ ဦးထိပ်ရွက် ပန်ဆင်ပြီးတော့ တပည့်တော်တို့ အားလုံး ကျင့်သုံးကြပါစို့" လို့ အဲဒီ အစီအမံတွေကို (ပရိသတ်ကြီးရေ) ဘယ်သူ ချမှတ်တာလဲ။ အရှင်မဟာကဿပ မထေရ်မြတ်ကြီး ချမှတ်တော်မူခဲ့တာပါ၊ ဟုတ်လား။

## အင်ကြင်းခက်ကျိုင်း ရွှေကျင်ဂိုဏ်း

"အင်ကြင်းခက်ကျိုင်း ရွှေကျင်ဂိုဏ်း"

၁၂၂၂ ခုနှစ် ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး လက်ထက်တော်မှာ ရွှေကျင်ဂိုဏ်းကြီး စတင် ဖြစ်ထွန်းတော်မူလာတယ်။ အဲဒီ ရွှေကျင်ဂိုဏ်းကြီးကို စတင် တည်ထောင် ဖန်ဆင်းတော်မူတာက (စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်) ဟိုး... ဝက်လက်နားက ရွှေကျင်ရွာဇာတိ ဆရာတော်ကြီး အရှင်ဇာဂရ မထေရ်မြတ်ကြီးက စတင်တည်ထောင်တော်မူတယ်။

ရွှေကျင်ဂိုဏ်းကြီးကို စတင် တည်ထောင်တော်မူတဲ့အခါမှာ မင်းတုန်းမင်းတရားကြီးက အဲဒီ ရွှေကျင်ဆရာတော်ဘုရားကြီးအား ပထမဆုံး ရွှေကျင်ကျောင်းတိုက်ကြီးတစ်တိုက် တည်ဆောက်လို့ လှူဒါန်းခဲ့ပါတယ်။

ရွှေကျင်ဂိုဏ်းကို စတင် တည်ထောင်တော်မူတဲ့ ရွှေကျင်ဆရာတော်ကြီးအား မင်းတုန်းမင်းတရားကြီးက ရွှေကျင်သာသနာတော်အတွက် လှူဒါန်းခဲ့တဲ့ ရွှေကျင်ကျောင်းတိုက်ကြီးဟာ ဒီကနေ့ မန္တလေးတောင်ခြေရဲ့ မြောက်ဘက်မှာ ရှိပါတယ်။

"မဟာဓမ္မိကာရာမ ရွှေကျင်တိုက်" တဲ့။

## ရွှေဟင်္သာဆရာတော်ကြီးရဲ့ ပခုံးပေါ်မှာ

အဲဒီ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးကနေ စတင်ပြီးတော့

ဒီကနေ့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးတိုင်အောင် ဆိုလို့ရှိရင် နှစ်ပေါင်း (၁၀၀)ကျော်အတွင်းမှာ ရွှေကျင်ဂိုဏ်းရဲ့ သမ္မုတိသံဃရာဇာ ဓမ္မသေနာပတိ သာသနာပိုင်ဆရာတော်ဘုရားပေါင်းဟာ (ပရိသတ်ကြီးရေ) ရွှေဟင်္သာဆရာတော်ဘုရားကြီး အပါအဝင်ပေါ့လေ (၁၂)ပါး ရှိသွားပြီနော်။

ဘုန်းကြီးတို့ရဲ့ ဆရာတော်ဖြစ်တဲ့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးက (၁၂)ပါးမြောက် ရွှေကျင်နိကာယ သာသနာပိုင်ပါ။

ဒီတော့ ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းကြီးကို စတင်တည်ထောင်တော်မူတဲ့ ပထမရွှေကျင် ဆရာတော်ဘုရားကြီး အရှင်ဇာဂရက စပြီးတော့ (၁၂)ပါးမြောက်ဖြစ်တဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးအထိ ရွှေကျင်သာသနာကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြတာ။ ရှေ့က သယ်ဆောင်လာခဲ့ကြတဲ့ သာသနာပိုင် ဆရာတော်ကြီးများက (၁၁)ပါးနော်။ အဲဒီ (၁၁)ပါးသော ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားတွေက ဒီကနေ့ ရွှေကျင်သာသနာတော်ကို ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ပခုံးပေါ်အကုန်လုံး တင်ပြီးတော့ အပ်နှင်းတော်မူထားခဲ့ကြပြီ။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးတဲ့နောက် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကို အရှင်မဟာကဿပ မထေရ်မြတ်ကြီးက အကုန်လုံး စုစည်းပြီးတော့ ပြန်လည်တည်ထောင် ဖန်ဆင်းတော်မူရတာပါနော်။

အခု ရွှေဟင်္သာဆရာတော်ဘုရားကြီးဟာလည်း ရှေးရှေး ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားများ ထားရစ်တော်မူခဲ့တဲ့ သာသနာ့တာဝန်တွေကို ဦးလည်မသုန် ထမ်းဆောင်တော်မူတာဟာဖြင့် (ပရိသတ်ကြီးရေ) အရှင်မဟာကဿပ မထေရ်မြတ်ကြီးလိုပါပဲလို့ နော်။

## သာသနာ့အုတ်မြစ်ကို စတင်ချသူ

မြတ်စွာဘုရား လွန်တော်မူပြီးတဲ့နောက်ပိုင်း အရှင်မဟာကဿပမထေရ်မြတ်ကြီးကသာ ဦးဆောင်ပြီး ပထမ သင်္ဂါယနာတင်ပွဲကြီးကို မဆင်နွှဲလိုက်နိုင်ဘူး ဆိုလို့ရှိရင် (ပရိသတ်ရေ) သာသနာတော်အတွက်တစ်မျိုးတစ်ဖုံတောင် တွေးတောစရာ ရှိကောင်းရှိမယ်။

အရှင်မဟာကဿပ ထေရ်မြတ်ကြီးက ဆဋ္ဌာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇ မထေရ်ကြီးတွေချည်း အပါး (၅၀၀)ကို စုစည်း၊ ပိဋကတ်တော်တွေကို စနစ်တကျစီစဉ်။

"အရှင်ဘုရားတို့၊ ဟောဒီ သံဃာ့အစည်းအဝေးကြီးကနေ စဉ်းစားတော်မူကြပါ။ ပယ်နုတ်စရာများ တွေ့ပါသလား"

"မတွေ့ပါဘုရား"

"ဒါဆို ဖြည့်စွက်စရာရော မြင်ပါသလား"

"မမြင်ပါဘုရား"

"ဒါ ဘုရားဟော အတိအကျပဲလား"

"အတိအကျပါပဲ ဘုရား"

"သဘောတူကြပါသလား"

"တူကြပါတယ် ဘုရား"

"အားလုံး သဘောတူကြတယ်ဆိုရင် အားလုံး သံပြိုင်ရွတ်တော်မူကြပါ ဘုရား"

ဒီလိုနဲ့ ရွတ်လို့လည်းပြီးရော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံကို စနစ်တကျ စီစဉ်ပြုစုပြီး သံဃာ့အစည်းအဝေးရဲ့ အတည်ပြုချက်ကို ရလိုက်တာ ခုနှစ်ပေါင်း (၂၅၀၀)ကျော်တဲ့ အချိန်ထိအောင်ပါပဲ။

သာသနာ့အုတ်မြစ်ကို အရှင်မဟာကဿပ စတင်ချတော်မူတာ ဒီကနေ့တိုင်အောင်ပါပဲ ဟုတ်လား။

## 'မဟာ' ဘွဲ့ ရရှိခြင်းအကြောင်း

အဲဒါကြောင့် ကဿပမထေရ်မြတ်ကို မြတ်စွာဘုရားက ဘာဘွဲ့ထူး ဂုဏ်ထူး ပေးတော်မူရသလဲ။

"**မဟာဘွဲ့ပါ ဘုရား**"

အေး... ဟုတ်တယ်။ ငါဘုရား လွန်တော်မူပြီးနောက်ပိုင်း အနာဂတ် သာသနာတော်မှာ ငါဘုရား တည်ထောင်ဖန်ဆင်းတော်မူခဲ့တဲ့ သာသနာတော် တစ်ရပ်လုံးကို ဆက်လက် သယ်ဆောင်တော်မူမှာက "အရှင်မဟာကဿပ" ပဲလို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က သိမြင်တော်မူလို့ ကဿပမထေရ်သူမြတ်ကို 'ကဿပ'

ဆိုတဲ့ ဘွဲ့နေရာမှာ "မဟာ" ဆိုတဲ့ စကားနဲ့ ဘွဲ့ထပ်ပေးတော်မူတာပါနော်။ ဒီကနေ့ ဘုန်းကြီးတို့တစ်တွေ ချီးကျူးပူဇော်နေကြတဲ့ သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးမှာလည်းပဲ "မဟာ"ဆိုတဲ့ ဂုဏ်ထူးပေါင်း ဘယ်နှစ်ခု ရှိမလဲ။

ပရိသတ်ကြီးက ဒီဘွဲ့တော်တွေကို ရေတွက်ထားကြရမယ်။ ဟုတ်လား။ အေး... မရေတွက်တတ်ရင်တော့ ရာပြည့် မော်ကွန်းကျောက်စာတိုင်မှာ သွားဖတ်ပေတော့။ ရာပြည့် မော်ကွန်းဗိမာန်တော်မှာ သွားဖတ်ပေတော့။ ဒါမှ မမှတ်မိရင် ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ စာအုပ်တွေမှာ ရှာပြီး ဖတ်ပေတော့။

## ကဿပ၏ ဘဝနိဒါန်း

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မွန် ဝေဠုဝန်ကျောင်းမှာ ကိန်းအောင်းတော်မူနေဆဲကာလ။

ကဿပမထေရ် ဖြစ်လာအံ့သော အမျိုးကောင်းသားဟာ (ပရိသတ်ရေ) မဂဓတိုင်း၊ မဟာတိတ္ထ ဆိုတဲ့ ရွာမှာ ရှိနေတယ်။

ဘယ်မှာရှိနေလဲ။

မဟာတိတ္ထရွာမှာပါ ဘုရား။

မဂဓတိုင်း၊ မဟာတိတ္ထဆိုတဲ့ ရွာမှာ သူ့ရဲ့ဖခင်က ကပိလပုဏ္ဏားသူ့ရဲ့ ငယ်နာမည်က ပိပ္ပလိလုလင်တဲ့။

ကပိလဆိုတဲ့ ပုဏ္ဏားဖခင်နဲ့ မိခင်တို့က မွေးဖွားတဲ့ ပိပ္ပလိလုလင်ဟာ မဂဓတိုင်း၊ မဟာတိတ္ထရွာသား၊ ရာဇဂြိုဟ် ရွှေမြို့တော်ရဲ့ တည်ရာဟာလည်း မဂဓတိုင်း၊ မဂဓတိုင်းရဲ့ မင်းနေပြည်မြို့တော်က ရာဇဂြိုဟ်။ ဒီလိုနော်။

မဂဓတိုင်း ရာဇဂြိုဟ်ရွှေမြို့တော်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကိန်းအောင်းတော်မူနေဆဲကာလ မဟာတိတ္ထရွာသား ကပိလပုဏ္ဏားရဲ့ သားဖြစ်တဲ့ ပိပ္ပလိလုလင်ဟာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ထံမှောက်ကို ရောက်လာပြီးတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝကို ရတော်မူခဲ့တာပါ။ အဲဒါကြောင့်...

**ဧကောသမယံ**- အခါတစ်ပါးမှာ၊ **ဘဂဝါ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **ရာဇဂဟေ**- တောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ် ရွှေမြို့တော်အနီးက၊ **ကလန္ဒက နိဝါပေ**၊ ရှဉ့်နက်တို့အားအစာပေး၍ မွေးမြူ ဘေးမဲ့ပေးရာဖြစ်သော၊ **ဝေဠုဝနေ**- ဝါးတောပတ်ရံဝေဠုဝန်ကျောင်းတော်၌၊ **ဝိဟာရတိ**- ဣရိယာပထ မျှညီရှင်ပြုံးကာ သီတင်းသုံးနေတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ရာဇဂြိုဟ်ပြည်မွန် ဝေဠုဝန် ရွှေကျောင်းမှာ ကိန်းအောင်းတော်မူနေဆဲကာလ။

## ဂေါတ္တနာမ်က ပိုထင်ရှား

အရှင်မဟာကဿပ မထေရ်သူမြတ် ဖြစ်လာအံ့သော ပိပ္ပလိသတို့သား။ မိဘနှစ်ပါးကပေးတဲ့ ကိုယ်ပိုင်နာမည်က ပိပ္ပလိလုလင်၊ ကဿပဆိုတာက အမျိုးအနွယ်ရဲ့ နာမည်။

မိဘနှစ်ပါးကပေးတဲ့ "ပိပ္ပလိ"ဆိုတဲ့ ငယ်နာမည်က။

(ပရိသတ်ကြီးရေ) သာသနာတော်မှာ သိပ်မထင်ရှားဘဲနဲ့ ထင်ရှားတာကတော့ အမျိုးအနွယ် အဆက်ဆက်ကလာခဲ့တဲ့ ဂေါတ္တနာမပေါ့နော်။ ဘာ နာမလဲ။

"ဂေါတ္တနာမ ပါဘုရား"

ဂေါတ္တနာမ၊ ဂေါတ္တနာမ်၊ ဟုတ်လား။ အမျိုးအနွယ် လာခဲ့တဲ့ နာမ်။ အဲဒီ အမျိုးအနွယ်ကလာခဲ့တဲ့ ကဿပ ဆိုတဲ့ အမည်နာမက ဒီကနေ့ သာသနာတော်မှာ သိပ်ပြီးတော့ ထင်ရှားသွားတယ်။

## မြဟ္မာ့ပြည်က ဆင်းလာတဲ့သူ

အဲဒီ မဟာတိတ္ထရွာမှာ ပစ္စည်းဥစ္စာ (၈၇)ကုဋေ ကြွယ်ဝတဲ့ ပုဏ္ဏား သူဌေးမျိုးမှာ ဖြစ်တယ်။ တကယ်တော့ မဟာကဿပ မထေရ်ရဲ့ အလောင်း ပိပ္ပလိလုလင်ဟာ ဗြဟ္မာ့ပြည်က ဆင်းလာတာ။

ဘယ်ကလာလဲ။

"ဗြဟ္မာ့ပြည်က လာတာပါ ဘုရား"

အဲဒီ ဗြဟ္မာ့ပြည်ကို ဘယ်ကနေ တက်သွားသလဲဆိုတာတော့ ပြန်မမေးနဲ့တော့ ပရိသတ်ရေနော်။ ဗြဟ္မာ့ပြည်က လာခဲ့တာလို့ပဲ ထားကြစို့ ဟုတ်လား။

ဗြဟ္မာ့ပြည်ကနေ ဆင်းလာခဲ့တဲ့ ပိပ္ပလိသတို့သား ကဿပနွယ်ဖွား ဖြစ်တဲ့ ပိပ္ပလိသတို့သား မဟာတိတ္ထရွာမှာ လာပြီးတော့မွေးဖွား၊ ငယ်ငယ် ကတည်းကိုက ကိလေသာစိတ်ဟာ အလွန်ခေါင်းပါးတော်မူတယ်။

## အိမ်ထောင်ရေး တွေးပေးပါ

ဒီ ပိပ္ပလိသတို့သား အချိန်တန် အရွယ်ရောက်လို့ မိဘနှစ်ပါးက သူ့ကို နားချကြည့်ကြတယ်။

"ချစ်သား၊ ငါ့သားဟာ ငါတို့ရဲ့ တစ်ဦးတည်းသော သားလေး ဖြစ်တော့ မိဘနှစ်ပါးနဲ့ အမျိုးအနွယ်တို့ရဲ့ အနွယ်အဆက်ကို မပျက်စေသင့် ဘူးကွယ်၊ အမွေဥစ္စာကိုလည်း ဆက်လက်ထိန်းသိမ်းသင့်တယ်။ တို့များရဲ့ အမွေဟာ မင်းဘဏ္ဍာ မဖြစ်သင့်ဘူး။ ဒီတော့ ငါ့သား အိမ်ထောင်ပြုပါ"

အဓိပ္ပာယ်ကတော့ 'သား အိမ်ထောင်ပြုပါ' ဒါပါပဲနော်။ အဲဒါကို ငြင်းရင်း ငြင်းရင်းနဲ့ အချိန်တွေ တဖြည်းဖြည်း လွန်လွန် လွန်လွန်လာ လိုက်တာ။ မိဘနှစ်ပါးက ခဏခဏတိုက်တွန်းဖန်များလာတော့ ကဿပ နွယ်ဖွား ပိပ္ပလိသတို့သား အမျိုးသားက ဘာပြောတုန်းလို့ဆိုတော့-

## ရွှေစင်ရုပ်လို လှပတဲ့သူကိုရပါမှ

"ရွှေစင်ရုပ်တုနဲ့ ထပ်တူထပ်မျှ တူတဲ့ မိန်းကလေးကိုများ ရခဲ့ ရင်တော့ ကျုပ် လက်ထပ်မယ်ဗျာ" ဆိုပြီးတော့ ရွှေစင်ရုပ်တစ်ရုပ်ကို အလွန်တရာ လက်ရာမြောက်တဲ့ ပန်းပုဆရာကို ထုခိုင်းပြီး မိဘနှစ်ပါးကို ပြတယ်။ အဲဒီတော့ မိဘနှစ်ပါးက "ငါတို့ရဲ့သားက ဘုန်းကံကြီးတဲ့ ယောက်ျားပဲ။ ရွှေစင်ရုပ်နဲ့တူတဲ့ မိန်းကလေးကို ရကိုရမှာပဲ" လို့ ယုံကြည် ကြတယ်။

ဒီတော့ ပုဏ္ဏားအတွက် ရွှေစင်ရုပ် အပ်နှံပြီးတော့ သတို့သမီး ရှာပုံတော် ဖွင့်တာ။ ဘယ်ရောက်သွားသလဲဆိုတော့ မဒ္ဒတိုင်း သာဂလမြို့ကို ရောက်သွားတယ်။ ဘယ်ရောက်သွားလဲ။

"မဒ္ဒတိုင်း သာဂလမြို့ကို ရောက်သွားပါတယ် ဘုရား"

## အလှပေါ်တဲ့ အချောမွေ

အေး- အဲဒီ မဒ္ဒတိုင်း သာဂလမြို့ဆိုတာ အမျိုးသမီးချောချော အလွန်ပေါ်တဲ့ တိုင်းပဲလို့ အဋ္ဌကထာများမှာ ပြောထားတာ (ရေးထားတာ) ရှိတယ်။ ဘုန်းကြီးက အိန္ဒိယပြည်ကို ရှစ်ခေါက်ရောက်တယ်။ ဒါပေမဲ့ မဒ္ဒတိုင်းကို တစ်ခေါက်မှ မရောက်ခဲ့ရလေတော့ သိပ်ချောသိပ်လှပါတယ် ဆိုတဲ့ အိန္ဒိယအမျိုးသမီးမျိုးကို တစ်ခါမှ မမြင်ခဲ့ဖူးဘူး။

## ပဉ္စာပ၊ ပန်ဂျာပ၊ ပန်ဂျပ်၊ ပန်ချာပီ

မဒ္ဒတိုင်းဆိုတာ ဒီကနေ့ခေါ်နေတဲ့ ပန်ဂျပ်ပြည်နယ်ပါပဲ။

(ပရိသတ်ရေ) ပန်ဂျပ်တဲ့။

ပန်ဂျပ်ဆိုတာ **ပဉ္စ + အာပ** က ဆင်းသက်လာတာ။

**ပဉ္စ**ဆိုတာက ငါးခု။ **အာပ**ဆိုတာက မြစ်။

မြစ်ငါးစင်းရှိတဲ့အရပ်ကို **ပံစာပ (ပဉ္စာပ)** ပန်ဂျာပ။

အဲ- သူတို့အနေနဲ့ ပန်ဂျပ်။ သိန္ဓုမြစ်ကို အလယ်မှာ ထားပြီးတော့ ဘေးကနေ မြစ်တွေ မြစ်တွေ ငါးစင်းတောင်ပဲ။ အဲဒီ သိန္ဓုမြစ်ထဲကို ဝင်ပြီးတော့မှကို- အိန္ဒိယသမုဒ္ဒရာထဲကို စီးဆင်းသွားတယ်။ ဒီမြစ်တွေဟာ ဟိမဝန္တာကနေ အကုန်လုံး စီးဆင်းခဲ့ကြတာတွေချည်းပဲ။

မြစ်ငါးစင်းရှိတဲ့ အရပ်မို့လို့ ပဉ္စာပ၊ မြန်မာသံ ပီပီသသဖတ်ရင် **ပဉ္စ+ အာပ** ပေါ့ဗျာ။ သူတို့အသံကတော့ ပန်ဂျာပ၊ ပန်ဂျပ် ဒီလိုခေါ်တယ်။ မြန်မာ တွေကတော့ ပီပီသသ ခေါ်လိုက်ကြတယ်။ "ပန်ချာပီ"တဲ့။ အဲဒီက လူတွေကို ပန်ချာပီလို့ ခေါ်တာနော်။ ကောင်းပြီ။

ဒီကနေ့ ပန်ဂျပ်ပြည်နယ်ဟာ ရှေးတုန်းက ဘယ်မြို့ပါလဲဆိုရင် မဒ္ဒတိုင်း သာဂလမြို့တော်ပါပဲ။ "အဲဒီ မဒ္ဒတိုင်း သာဂလမြို့တော် (ပန်ဂျပ် ပြည်နယ်)မှာ အမျိုးသမီးချောချော အလွန်ပေါ်တယ်" ဆိုပြီးတော့ ရွှေစင် ရုပ်တုကို ထမ်းလို့ စုံစမ်းမယ်ဆိုပြီး ပုဏ္ဏားတွေ မြစ်ဆိပ်မှာ ရွှေရုပ်ကို ချထားလိုက်ကြတယ်။ မနီးမဝေးကနေ ပုဏ္ဏားတွေ ချောင်းပြီးတော့ စောင့်ကြည့်နေကြတာ။

## ရွှေရုပ်တုပင် အစစ်ထင်ကြ

အဲဒီလို အမျိုးသမီးချောချော အလွန်ပေါတဲ့ အဲဒီ မဒ္ဒတိုင်း သာဂလမြို့တော်မှာ "ဘဒ္ဒကာပိလာနီ" ဆိုတဲ့ သူဌေးသမီးတစ်ယောက်ကလည်း အခြံအရံတွေနဲ့ မြစ်ဆိပ်ကို ရေချိုးမဆင်းသေးခင် ရံရွှေဘော်တွေက သူ့အတွက် အဝတ်အစားတွေ ပြင်ဆင်၊ သနပ်ခါးတွေသွေး၊ ရေ့ပြေးအခြံအရံ အမျိုးသမီးတွေက မြစ်ဆိပ်ကို ကြိုတင်ဆင်းသွားပြီးတော့ ရေချိုးဖို့ နေရာပြင်ဆင်ဖို့ဆိုပြီး ဆင်းလာကြတာ။

ရွှေစင်ရုပ်တု ချထားတာကိုလည်းမြင်ရော -

"ဟယ်- ခုပဲ အခန်းထဲမှာ အဝတ်အစားတွေ ပြင်ဆင်ပေးထားခဲ့တယ်။ နံ့သာတွေ သွေးထားပေးခဲ့သေးတယ်။ ဘယ့်နှယ် ဘယ်အချိန်ကများ တစ်ယောက်တည်း မြစ်ဆိပ်ကို ထွက်လာတာပါလိမ့်။ မိန်းကလေး တစ်ယောက်တည်း မြစ်ဆိပ်ကို ဆင်းလာတာ မသင့်တော်ဘူးဟဲ့" ဆိုပြီးတော့ -

ရွှေစင်ရုပ်တုကို လူအစစ်ထင်မှားပြီးတော့ အထိန်းတော်တွေက အဲဒီ ရွှေစင်ရုပ်တုကို လက်ဆွဲ ကျောကုန်းပုတ်ပြီးတော့ အိမ်ကို အတင်း ပြန်ဆွဲခေါ်တာကိုး။ ဒီလောက်တူအောင် ထုနိုင်တဲ့ ပန်းပုဆရာလည်း တော်တော်တော့ ရှားမယ်နော်။

## ဘုန်းကြီးတို့လည်း ကြိုးစားထားတယ်

ကြည့်၊ ဘုန်းကြီးတို့ ပရိသတ်ရေ။

ဘုန်းကြီးတို့လည်း ကြိုးစားထားပါတယ်။ ရွှေကျင်နိကာယ သာသနာ နှစ် (၁၀၀)အတွင်းမှာ ပေါ်ပေါက်တော်မူခဲ့ကြတဲ့ ရွှေကျင် သာသနာပိုင်ဆရာတော်ဘုရားကြီး (၁၂)ပါးရဲ့ ရုပ်တုကို ဘုန်းကြီးတို့လည်း ထုထားတယ်။ (ထုခိုင်းထားတယ်။)

မန္တလေးတောင်ခြေနားက မဟာဓမ္မိကရာမ ရွှေကျင်တိုက်မကြီး ထဲမှာ ရုပ်တုတော်တွေ ရှိပါတယ်။

တော်တော်ကြာ သွားကြည့်လိုက်။ 'ရွှေဟင်္သာ ဆရာတော်ကြီး မဟာဓမ္မိကာရာမတိုက်ထဲ သီတင်းသုံးနေတယ်' လို့ ထင်ဦးမယ် ဟုတ်လား။

တူတယ်။ သေသေချာချာကို တူပါတယ်။ ပြီးပြီ။ ရွှေဟင်္သာဆရာတော်ကြီးရဲ့ ရုပ်တုတော်လည်းရောက်ပြီ၊ ပထမရွှေကျင်ဆရာတော်ကြီးရဲ့ ရုပ်တုတော်လည်း ရောက်ပြီ။ ရုပ်တုပေါင်း (၁၂)ခုမှာ (၁၀)ခု ပြီးသွားပါပြီ။ နောက်ထပ် (၃)ခုပဲ ကျန်ပါတော့တယ်။

## ဒီမှာတွေ့ပြီ လှဒေဝီ

အဲဒီတော့ ရဲရွှေတော်တွေက ရွှေစင်ရုပ်တုမှန်းလည်း သိရော "ဟာ- ဒီရွှေစင်ရုပ်တုကို ဘယ်သူများ လာချထားတာပါလိမ့်မလဲ" ဆိုပြီးတော့ အနီးအနား လှမ်းကြည့်လိုက်တော့ ပုန်းနေတဲ့ ပုဏ္ဏားတွေက ပြုန်းခနဲ ထွက်ချလာပြီးတော့ -

"ဟဲ့- နင်တို့ ဘာဖြစ်ကြတာလဲ"

"ကျွန်ုပ်တို့ရဲ့ အရှင်သခင်မ သူဌေးသမီးနဲ့ ရွှေစင်ရုပ်တုတို့ မှားတာပါ" လို့ ဆိုတော့မှ ပုဏ္ဏားတွေ နားလည်သွားကြတယ်။

အေး- ရွှေစင်ရုပ်တုလောက် ချောတဲ့၊ လှတဲ့ မိန်းကလေးကိုတော့ ဒီမှာတွေ့ပြီတဲ့။ ပရိသတ်ရေ- ဘယ်မှာတွေ့ပြီတဲ့လဲ။

"ဒီမှာတွေ့ပါပြီ ဘုရား"

အေး- ဟုတ်တယ်။ ဒီမှာတွေ့ပြီ ဟုတ်လား။ မဒ္ဒတိုင်း သာဂလမြို့တော်မှာ တွေ့တာကို ပြောတာပါ။ စစ်ကိုင်းတောင်မှာ မဟုတ်ပါဘူး။ အဲဒါ တွေ့ပြီဆိုပြီးတော့ လိုက်စေ့စပ်ကြရင်းနဲ့ (ပရိသတ်ရေ- တိုအောင်ပဲ ပြောမယ်) ပိပ္ပလိသတို့သားနဲ့ ဘဒ္ဒါ ကာပိလာနီတို့ရဲ့ ထိမ်းမြားလက်ထပ်မှုဟာ အဲဒီလိုနဲ့ပဲ ပေါင်းသင်းမိကြတာပါ။

## ဗြဟ္မာ့ပြည်ကို ဘာနဲ့တက်

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက် လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကတည်းက ဆုတွေတောင်းပြီးတော့ ပါရမီတွေ ဖြည့်လာခဲ့ကြတာ။ နှစ်ယောက်စလုံးဟာ ဗြဟ္မာ့ပြည်က ပြန်ဆင်းလာခဲ့ကြသူတွေချည်းပဲ။ ဗြဟ္မာ့ပြည်ကို ဘာနဲ့တက်သွားသလဲဆိုတာတော့ မမေးနဲ့တော့ ပရိသတ်ရေနော်။ လွယ်လွယ်လေးပါပဲ။ ဈာန်နဲ့ တက်တာပေါ့ဗျာ။ ဒုံးပျံနဲ့ တက်လို့တော့ ဘယ်ရမှာလဲ၊ ဟုတ်လား။

ဖြဟ္မာ့ပြည်က ပြန်ဆင်းလာခဲ့ကြတာဆိုတော့ နှစ်ယောက်စလုံးက မိဘနှစ်ပါးကို မလွန်ဆန်နိုင်ကြတော့လို့သာ လက်ထပ်ထိမ်းမြားမှုကို လက်ခံ လိုက်ကြရတာ။ ကာမရာဂစိတ်ဆိုတာ လုံးဝ မရှိကြဘူး။

## ပန်းအမိဋ္ဌာန်ပြုပွဲကြီး

ဒီလိုနဲ့ နှစ်ယောက်စလုံး လက်ထပ်ပြီးတဲ့နေ့မှာ ဘာလုပ်ကြသလဲ ဆိုတော့ -

"ကိုင်း- နင်ကလည်း မိဘပေးစားလို့ ငါ့အိမ်ကို လိုက်လာတာ၊ ငါကလည်းပဲ ငါ့နှုတ်လွန်မိလို့သာ လက်ထပ်လိုက်ရတာ။ တကယ်တော့ ငါလည်း ကာမဂုဏ်ခံစားချင်စိတ် လုံးလုံးရှိတာ မဟုတ်ဘူးကွယ်၊ ဒီတော့ တို့များရဲ့ အိပ်ရာအလယ်ခေါင်မှာလေ အဓိဋ္ဌာန်ပြီးတော့ ပန်းကုံးကြီးကို တန်းစီလို့ အလယ်မှာချထားမယ်"

ဒီလိုနဲ့ "ကာမရာဂစိတ် ဖြစ်တဲ့သူရဲ့ဘက်က ပန်းကုံးညှိုးစေသတည်း" ဆိုပြီး ပန်းကုံးနှစ်ကုံးတန်းပြီးတော့ အလယ်ခေါင်စီချပြီး အိပ်ကြတာ၊ တစ်ညလုံး နှစ်ယောက်စလုံး အိပ်မပျော်ကြဘူးတဲ့။

'ဘာပြုလို့လဲ' ဆိုတော့ ပန်းကုံးညှိုးမှာ စိုးရိမ်နေရတာကိုးဗျနော်၊ နှစ်ယောက်စလုံး အိပ်လို့မပျော်ဘူး၊ တော်တော်ကြာရင် ထကြည့်ရင်း။ 'ပန်းကုံးများ ညှိုးသွားလေမလား' တော်တော်ကြာရင် ထကြည့်ရင်း၊ ထကြည့်ရင်း ပန်းကုံးများ ညှိုးသွားလေမလား။

(ပရိတ်သတ်ရေ) မနက်မိုးလင်းတော့ တစ်ညလုံး အိပ်မပျော်ကြတဲ့ နှစ်ယောက်သားဟာလေ -

"တို့များ နေရတာ ဆင်းရဲလိုက်တာ၊ **ဃရာဝါသ သမ္ဗာဓ** ဆိုတဲ့ အလွန်ကျဉ်းမြောင်းတဲ့ဘဝဆိုတာ ဒါများလားလို့ တွေးမိကြတယ်တဲ့။

အဲဒါမျိုးကို (ပရိတ်သတ်ရေ) ဘာခေါ်မလဲဆိုရင် ဘုန်းကြီးတို့ ပြောထားဖူးပါတယ်။

ဂမ္ဘီရ ဉာဏ်တဲ့။

ပရိသတ်ရေ ဘာတဲ့လဲ။

"ဂမ္ဘီရဉာဏ်ပါ ဘုရား"

ဂမ္ဘီရဆိုတာ နက်နက်နဲနဲရှိတာကို ခေါ်တာ။

နက်နက်နဲနဲ ထဲထဲဝင်ဝင် စူးစူးနစ်နစ် စစ်စစ်ပေါက်ပေါက် ထွင်းဖောက် တွေးကြံနိုင်တဲ့ ဉာဏ်မျိုးကိုမှ (ပရိသတ်ရေ) ဂမ္ဘီရဉာဏ်တဲ့နော်။

**ဂမ္ဘီရ စိန္တကာ**- တွေ့ကြုံသမျှ မှုကိစ္စကို အဓွတ္တ၌ ဉာဏ်မြင်စိုက်အောင် လှိုက်လှိုက်လှဲလှဲ စိတ်ကစွဲ၍ နက်နဲတဲ့ ဓာတ်သဘောတွေကို နက်နဲစွာ ဆင်ခြင်၊ အကြံကောင်း ဉာဏ်ကောင်း ဝင်တော်မူကြကုန်သည် ဖြစ်၍။

**ကာမေ**- ရှေးကပြုဖန် ကုသိုလ်ကံတို့ စီမံထောက်မ လက်ရောက်ရသား များလှနိကာယ် ကြီးကြီးငယ်,ဟု ကြီးဝယ်ရုံးစု ကိုယ်တော်တို့ ပိုင်သတဲ့ ကာမဝတ္ထု အစုစုတို့ကို။

## များလှတဲ့ ရတနာတွေ

လက်ထပ်တဲ့နေ့မှာ ဘဒ္ဒါကာပိလာနီရဲ့ မိဘတွေက သူတို့သမီးလေးအတွက် လက်ဖွဲ့အဖြစ် ထည့်ပေးလိုက်တဲ့ ကျောက်သံပတ္တမြား၊ စိန်၊ ရွှေ၊ ငွေတွေကိုက (ပရိသတ်ရေ) လှည်း ၅၄ စီး တိုက်ယူရတယ်တဲ့။

ဒီအရေအတွက်ဟာ သတို့သမီးဘက်က လက်ဖွဲ့အဖြစ် ထည့်ပေးလိုက်တဲ့ ရတနာတွေ၊ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတွေရဲ့ အရေအတွက်ပဲ ရှိသေးတယ်နော်။

ဟို ပိပ္ပလိ သတို့သားရဲ့ဘက်က မိဘနှစ်ပါးကလည်း သူတို့ရဲ့သား စားဖို့၊ သုံးဖို့ဆိုပြီးတော့ ပေးလိုက်တဲ့ ပစ္စည်းဥစ္စာ ရတနာတွေဟာ ၈၇ ကုဋေတောင်ရှိတယ်တဲ့။

လယ်ကွက်တွေ- လယ်ကွက်တွေဆိုတာကလည်း မရေမတွက်နိုင်အောင် ထည့်ပေးလိုက်ကြတယ်။ အဲဒီလို မရေမတွက်နိုင်အောင် များပြားတဲ့ လယ်ကွက်တွေထဲမှာ လယ်သမားတွေ မိုးဦးကျမှာ လယ်ထွန်ကြတယ်။

## တရားခံဘယ်သူလဲဟေ့

မိုးဦးကကျ၊ မိုးတွေကရွာတော့ လယ်ကွင်းတွေထဲမှာ လယ်သမားတွေက ထွန်တွေနဲ့ ထွန်၊ ထယ်တွေနဲ့ ထယ်လိုက်တဲ့အခါကျတော့ အဲဒီ ထွန်တုံးကြား ထယ်တုံးကြားက ရေထွေထဲမှာ ပိုးကောင်လေးတွေ၊ ငါးကလေးတွေ၊ ဖားကလေးတွေ။

အဲဒါတွေ ရေထဲမှာ ပြေးသွားနေကြတာကို ဖျိုင်းတွေက စားကြ၊ ကျီးကန်းတွေက စားကြ။ အဲဒါကို သူဌေးသား ပိပ္ပလိလုလင်က တစ်နေ့ လယ်ထဲသွားရင်း မြင်တော့ -

"ဟယ်- ပိုးကောင်လေးတွေ၊ ငါးလေးတွေ၊ ဖားလေးတွေကို ဖျိုင်းတွေ၊ ကျီးတွေက လာစားနေကြတာပါလား"

ဒီလို တွေးလိုက်တယ်နော်။ ပြီးတော့ လယ်ထွန်နေတဲ့ လယ်သမား တွေကို ခေါ်မေးသေးတယ်။

"ဟေ့လူတွေ၊ အဲဒီလယ်ကွင်းထဲ ပိုးကောင်လေးတွေ၊ ဖားလေး တွေ၊ ငါးလေးတွေကို ကျီးတွေ၊ ဖျိုင်းတွေက စားလို့ရှိရင် ဒီကောင်လေးတွေ သေရတဲ့ ပါဏာတိပါတ အကုသိုလ်ဟာ ငါနဲ့ဆိုင်သေးသလား"

## သဘာဝက နိူးဆော်ခြင်း

အဲဒီလို မေးလိုက်တော့ (ပရိသတ်ရေ) ဒါ ဓမ္မအရ ပြောလေ့ ပြောထရှိတဲ့ စကားပါပဲ။ သဘာဝအားဖြင့် နှိုးဆော်တာ၊ သဘာဝကို နှိုးဆော်ပြီးတော့ ပြောလိုက်တာပါ နော်။

"အရှင့်သား၊ ဒါ အရှင့်သားရဲ့ လယ်တွေပဲ၊ အရှင့်သားရဲ့ လယ်တွေထဲက ပိုးကောင်တွေ၊ ဖားတွေ၊ ငါးတွေကို ကျီးတွေ၊ ဖျိုင်းတွေ စားလို့ရှိရင် ဒီကောင်လေးတွေ သေရတဲ့ အကုသိုလ်မှု ပါဏာတိပါတ အကုသိုလ်ဟာ အရှင့်သားနဲ့ပဲ ဆိုင်တာပေါ့" တဲ့။

ဟို- လယ်ထွန်တဲ့သူတွေကလည်း ပြောလိုက်ကြတယ်။ မှားတာ မှန်တာကိုတော့ (ပရိသတ်ရေ) နောက်မှဆုံးဖြတ်နော်။ လက်တွေ့ အကျိုး ကျေးဇူးက ဘာဖြစ်သွားသလဲဆိုတော့ ဒီပိပ္ပလိသူဌေးသား လယ်တွေကို စွန့်လွှတ်ချင်စိတ် ပေါက်သွားတယ်။ ဘာစိတ်ပေါက်သွားသလဲ။

"စွန့်လွှတ်ချင်စိတ်ပေါက်သွားပါတယ် ဘုရား"

ဘုန်းကြီးတို့ ပရိသတ်ရော စွန့်လွှတ်ချင်စိတ် မပေါက်သေး ဘူးလား။

ခက်တာပဲ။ လယ်တွေ၊ ယာတွေ မရှိတဲ့ ဆရာလေးတွေကို မေးမိရက်သား ဖြစ်နေတယ်နော်။ ဒါ လယ်သမားတွေကို မေးရမှာကို ဗျနော်။

## စွန့်လွှတ်တော့မယ်

လယ်တွေကို ထွန်တိုင်း ထွန်တိုင်း ထွန်သွားတွေ၊ ထယ်သွားတွေ ကြားကနေ ငါးတွေ၊ ဖားတွေ၊ ပိုးကောင်တွေကို ကျီးတွေ၊ ဗျိုင်းတွေ စားတဲ့အခါမှာ အဲဒီ သတ္တဝါလေးတွေ သေဆုံးရတဲ့အတွက်ကြောင့် ဖြစ်လာတဲ့ ပါဏာတိပါတ အကုသိုလ်ဟာ -

ကျီးတွေ၊ ဗျိုင်းတွေနဲ့ ဆိုင်သလား။
လယ်ထွန်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆိုင်သလား။
လယ်ပိုင်ရှင်နဲ့ ဆိုင်သလား ဆိုတာကို-
(ပရိသတ်ရေ) ပိုင်ပိုင်ကြီး ဆုံးဖြတ်လို့ ရလောက်ပါပြီ။

သို့သော် ဟောဒီမှာ တောထွက်ဖို့ ဖန်တီးလာတဲ့အခါကျတော့ အဲဒါ "လယ်ပိုင်ရှင်နဲ့ပဲ ဆိုင်တယ်၊ အဲဒါ ခင်ဗျား အကုသိုလ်တွေချည်း ပဲပေါ့"လို့ လယ်သမားတွေက ပြောလိုက်တော့ ဒီလယ်ပိုင်ရှင်သူဌေးသား ပိပ္ပလိလုလင်ဟာ ဘာဖြစ်သွားသလဲ။

လယ်တွေကို အကုန်လုံး စွန့်လွှတ်တော့မယ်တဲ့။
အဲဒီလို စိတ်ထားတွေ ဖြစ်တော်မူလာခဲ့တာပါ။

## နှမ်းလှန်းရာမှ သံဝေဂ

ဟို- သူရဲ့ဇနီးသည် ဘဒ္ဒကာပိလာနီကလည်းပဲ နှမ်းတွေကို ဂိုဒေါင်တွေထဲ ကျီတွေထဲမှာ ထည့်လှောင်ထားတာ အဲဒါ မိုးတွင်းကျတော့ နှမ်းတွေ အစိုဓာတ်တွေနဲ့ စိုထိုင်းလို့ ဆိုပြီးတော့ နှမ်းတွေကို ထုတ်ပြီးတော့ နေလှန်းတယ်။

နှမ်းတွေကို နေပူထုတ်လှန်းတော့ အဲဒီ နှမ်းပုံကြီးထဲက နှမ်းတွေ ထဲမှာ ရှိနေတဲ့ ပိုးတွေကိုလေ (ပရိသတ်ရေ) ကျီးတွေက ဝင်ပြီးတော့ ကောက်၊ ကောက်ပြီးတော့ စားသွားလိုက်ကြတာ၊ နှမ်းတွေကို ထိုးတဲ့ ပိုးတွေကို ငှက်တွေက ကောက်ကောက်ပြီး စားသွားလိုက်ကြတာ။

အဲဒီတော့ နှမ်းလှန်းဖို့ စီမံနေတဲ့ ဘဒ္ဒကာပိလာနီ မိန်းကလေးက ကြည့်ပြီးတော့ နှမ်းပုံကြီးကို မွှေနေတဲ့ မိန်းကလေးတွေကို မေးတယ်။

"ဟော့- သူငယ်မတွေ၊ ဟိုမှာ ပိုးတွေကို ကျီးတွေ၊ ငှက်တွေ စားကုန်ကြပြီ။ အဲဒီတော့ နှမ်းမှာရှိနေတဲ့ ပိုးကောင်လေးတွေ နှမ်းထိုးပိုးလေး

တွေ သေကုန်ကြပြီ။ အဲဒီ သတ္တဝါလေးတွေ သေတဲ့အတွက် ဖြစ်လာတဲ့ အကုသိုလ်ဟာ ဘယ်သူ့ အကုသိုလ်လဲ''

ပိုးကောင်လေးတွေ သေရတာမှာ ဘယ်သူ့ရဲ့ အကုသိုလ်လဲလို့ မေးလိုက်တော့ နှမ်းမွှေတဲ့ ကောင်မလေးတွေက ဘာပြောလဲဆိုတော့-

''ဟာ- သူဌေးမရဲ့ အကုသိုလ်ပေါ့''တဲ့။

ဟုတ်တာ၊ မဟုတ်တာ အပထား၊ တောတော့ ထွက်ဖြစ်သွားတယ်။ ဘုန်းကြီးတို့ ပရိသတ်ရေ ဘာလုပ်ဖြစ်သွားလဲ။

''တောထွက်ဖြစ်သွားပါတယ် ဘုရား''

## ကောင်းအောင်ပြောရင် သမ္မာဝါစာ

အေး - ဒီတော့ တောထွက်အောင်ဆိုရင်တော့ (ပရိသတ်ရေ) ဒါ သမ္မာဝါစာပဲ။ ပြောကောင်းတယ်နော်။ ဒီတော့ (ပရိသတ်ရေ) ပိပ္ပလိ သူဌေးသားရော ဘဒ္ဒကာပိလာနီ သူဌေးသမီးရော နှစ်ဦးစလုံး စဉ်းစားကြတယ်တဲ့။ ဘယ်လိုတုန်းဆိုတော့ -

''ဒီလောက်တောင် အကုသိုလ်များတဲ့ ဒီပစ္စည်းတွေကို စွန့်လွှတ်တာပဲ ကောင်းတယ်'' တဲ့။

(ပရိသတ်ရေ) ဘာလုပ်ချင်စိတ်ပေါက်တာလဲ။

''စွန့်လွှတ်ချင်စိတ်ပေါက်တာပါ ဘုရား''

အဲဒါကြောင့် -

**ကာမေ**-ရှေးကပြုဖန် ကုသိုလ်ကံတို့ စီမံထောက်မ လက်ရောက်ရသား များလှနိကာယ် ကြီးကြီးငယ်ဟု ကြီးငယ်ရုံးစု ကိုယ်တော်တို့ ပိုင်သတဲ့ ကာမဝတ္ထု အစုစုတွေကို။

**ဟိတွာ**-ကိုယ်တော်တို့ ပိုင်သသည့် ကာမတရားတို့သည်ကား အများတကာတို့နှင့် ဆက်ဆံ ဘေးရန်တွေက ဝန်းရံ ရန်သူတွေက အလွန်များ ကြောက်လန့်ဖွယ်ပါတကားဟု ကြောက်အားတော်ဉာဏ်ကျယ် လွှတ်လွှတ်ကြီး စွန့်ပယ်တော်မူကြကုန်လျက်။

**ပဗ္ဗဇိံသု**-ဃရာဝါသ ကျပ်တည်းလှတဲ့ ကိစ္စများမြောင် လူတို့ဘောင်မှ လွတ်အောင်ကြိုးလျက် ရှန်းကန်ထွက်၍ နှစ်သက်ရွှင်လန်း မြတ်သက်န်းဖြင့် ရှင်ရဟန်း ပြုတော်မူကြလေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တစ်ယောက်တစ်လှည့်စီ ဆံပင်ရိတ်

"ဒီလောက်တောင် အကုသိုလ်များတဲ့ ဒီပစ္စည်းတွေကို စွန့်ပစ်တာပဲ ကောင်းတယ်"လို့ အတွေးပေါက်ကြတဲ့ အဲဒီနေ့မှာပဲ ပိပ္ပလိနဲ့ ဘဒ္ဒါကာပိလာနီတို့ ဇနီး ခင်ပွန်း နှစ်ယောက်သား တိုင်ပင်ကြပြီးတော့မှ ဈေးကနေ သပိတ်၊ သင်္ကန်းကို ဝယ်ပြီးတော့ အိမ်အပေါ်ထပ်က တိုက်ခန်းထဲမှာ တစ်ယောက်တစ်လှည့်စီ ဆံပင်ရိတ်ကြသေးတယ်။

အဲဒီလို တစ်ယောက်တစ်လှည့်စီ ဆံချ ခေါင်းရိတ်ပြီးတော့မှ သင်္ကန်းတွေ ကိုယ်စီပြောင်းလဲဝတ်၊ သပိတ်ကိုလွယ်၊ ရသေ့ရဟန်း ပြုတော်မူကြတယ်။ အဲဒီအချိန် -

မြတ်စွာဘုရား လောကမှာ ပွင့်တော်မူပြီးလို့ ရာဇဂြိုဟ်ရောက်နေပါပြီ။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် မင်းကျောင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကိန်းအောင်းတော်မူနေဆဲကာလ သူတို့နှစ်ယောက်က မဂဓတိုင်း၊ မဟာတိတ္ထရွာကြီးရဲ့ အိမ်ပေါ်မှာပဲ ရသေ့ရဟန်း ပြုခဲ့ကြတယ်။

## ဘုန်းကြီးနှစ်ပါး ဆွမ်းခံပြန်

အိမ်အပေါ်ထပ် အခန်းထဲမှာ နှစ်ယောက်သား တစ်ယောက်တစ်လှည့်စီ ဆံပင်ရိတ်ပြီးတော့ သပိတ်၊ သင်္ကန်းတွေ ပိုက်ချီပြီးတော့ ပိပ္ပလိနဲ့ ဘဒ္ဒကာပိလာနီတို့ နှစ်ယောက်သား ကိုယ့်ဘာသာ သင်္ကန်းဝတ်ပြီးတော့ အိမ်ပေါ်က ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြတာ။

လှေကားနားမှာ ကြည့်နေတဲ့သူတွေ ဟိုနားဒီနား ဝေယျာဝစ္စအမှုကိစ္စ ဆောင်ရွက်နေတဲ့သူတွေ မြင်တော့ မြင်သားပဲ။

ဒါပေမဲ့ ဘာထင်လိုက်ကြသလဲဆိုတော့ -

"ဩော်- ဘုန်းကြီးနှစ်ပါး ဆွမ်းခံကြွပြီး၊ ဆွမ်းခံပြီးတော့ ပြန်ဆင်းသွားကြတာနေမှာ" တဲ့။

ကြည့်စမ်း ဘယ်လောက်များ အမှတ်တမဲ့နေတဲ့ လူတွေလည်း ဆိုတာနော်။ သူတို့ ဒီလောက် လုပ်ကျွေး ပြုစုလာခဲ့တဲ့ သူတို့ရဲ့ အရှင်နှစ်ယောက်သား ရဟန်းပြုပြီးတော့ အိမ်ပေါ်က ဆင်းသွားတဲ့

ကိစ္စကို "ဘုန်းကြီးနှစ်ပါး ဆွမ်းခံကြွတာ ဆွမ်းပြည့်လို့ အိမ်ပေါ်က ပြန်ဆင်းသွားတာ နေမှာပဲ" ဆိုပြီးတော့ အမှတ်တမဲ့ပဲ နေလိုက်ကြတယ်။

## ကျွမ်းအသည်း မနာရအောင် လမ်းခွဲရှာကြတယ်

အဲဒီလိုနဲ့ မဟာတိတ္ထရွာကနေ ထွက်တော့ လမ်းဆုံကိုလည်း ရောက်ရော ရှေ့ကသွားနေတဲ့ ကဿပမထေရ်သူမြတ် ဖြစ်လာမယ့် ပိပ္ပလိရဟန်းက စဉ်းစားတယ်။

"ဩော်- အိမ်မှာနေတုန်းကလည်း တို့နှစ်ယောက် အတူတူ၊ အခုလို ရသေ့ရဟန်းဝတ်ပြီး တောထွက်လာတော့လည်း တို့နှစ်ယောက် အတူတူ၊ အကယ်၍များ လူတွေက သိကြမယ်ဆိုရင်တော့ ကဲ့ရဲ့စရာကြီးပဲ။ ဒီနေရာကနေ လမ်းခွဲမှကောင်းမယ်" ဆိုပြီးတော့ နှစ်ယောက်သား တိုင်ပင်ကြပြန်တယ်။

"အိမ်မှာနေတုန်းက အတူတူနေကြတာ မှန်ပေမယ့် ရသေ့ရဟန်းပြုတဲ့ဘဝမှာ တခြားစီနေတာပဲ ကောင်းမယ်၊ အမျိုးသမီးတွေဆိုတာ ဟောဒီ လက်ဝဲလမ်းကသွား၊ တို့ အမျိုးသားတွေကတော့ ညာဘက်လမ်းက လိုက်မယ်" ဆိုပြီးတော့ လက်ဝဲလမ်း, လက်ျာလမ်း လမ်းနှစ်လမ်း ရှိတဲ့ နေရာမှာ တစ်ယောက်နဲ့တစ်ယောက် ကျောပေးပြီးတော့ -

(ပရိသတ်ရေ) ဘာလုပ်ကြတာတဲ့လဲ။

"လမ်းခွဲကြတာပါ ဘုရား"

ကိုင်း- တောင်ရိုးက သူတော်ကောင်းတွေကိုတော့ အထူးပြောစရာ မလိုပါဘူး၊ နယ်ကလာကြတဲ့ ဒကာကြီး၊ ဒကာမကြီးတွေ အရှင်မဟာကဿပကို ကြည်ညိုတယ်ဆိုရင် ရွှေဟင်္သာဆရာတော်ဘုရားကြီးကို ကြည်ညိုတယ်ဆိုရင် လမ်းခွဲကြ၊ ဟုတ်လား။

## မြေတုန်လောက်တဲ့ လမ်းခွဲမှု

အမျိုးသမီးတွေအတွက် ဘယ်လမ်းလဲ။

လက်ဝဲဘက်ကလမ်း၊ ဘယ်ဘက်လမ်း။

အမျိုးသားတွေအတွက် ဘယ်လမ်းလဲ။

လက်ျာဘက်ကလမ်း၊ ညာဘက်လမ်း။

အဲဒီလို နှစ်ယောက်သား ကျောပေးပြီးတော့ လမ်းဆုံကနေ တစ်ယောက်တစ်လမ်းစီ လမ်းခွဲထွက်သွားလိုက်တဲ့ အချိန်ကလေးမှာ ဘာဖြစ်လဲဆိုတော့ မဟာပထဝီမြေကြီးက ဝမ်းသာလွန်းလို့တဲ့၊ ကမ္ဘာမြေကြီး အကြီးအကျယ် တုန်လှုပ်သွားတယ်။

**သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။**

**သံကမ္ပိ**-မဟာပထဝီမြေကြီးတွေ အရှေ့အနောက် လှုပ်တယ်။

**သမ္ပကမ္ပိ**-ထောင့်ဖြတ်တွေလည်း တုန်လှုပ်တယ်။

**သမ္ပဝေဓိ**-အထက်နဲ့အောက်လည်းပြင်းထန်စွာ တုန်လှုပ်တယ်။

မဟာပထဝီမြေကြီး ပြင်းထန်စွာ တုန်လှုပ်တယ်လည်းဆိုရော ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်ကနေပြီးတော့ သိတော်မူတယ်။

"ငါဘုရား လွန်တော်မူပြီးတဲ့နောက်ပိုင်း ငါဘုရားသာသနာတော်ရဲ့ တာဝန်ကြီးတစ်ရပ်လုံးကို ငါဘုရားအလား ဆောင်ရွက်တော်မူမယ့် မဟာသာဝက အရှင်မြတ်ကြီးတစ်ပါးတော့ ကြွလာပြီ" လို့ ဘုရားရှင်ကိုယ်တော်မြတ် ဝေဠုဝန်ကျောင်းတော်ကနေ သိတော်မူတယ်။

## ကိုယ်တိုင်ကြွလို့ ကြိုဆိုပြီ

ဘုရားရှင်ရဲ့ သာသနာတော်မှာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကိစ္စအဝဝကို ထမ်းဆောင်မယ့် မဟာသာဝက ကိုယ်တော်ကြီးတစ်ပါး ကြွလာပြီရယ်လို့ ကျောင်းတော်ကနေပြီးတော့ အရှင်မဟာကဿပ ထွက်ကြွတဲ့လမ်းကို (ပရိတ်သတ်ရေ) ဘုရားရှင်ကိုယ်တော်တိုင် ထွက်လို့ကြိုဆိုတော်မူတာ။

ဘုရားထွက်ကြိုတာ အရှင်အာနန္ဒာကိုလည်း အသိမပေးခဲ့ဘူး။ တခြား ကိုယ်တော်တွေကိုလည်း ဘယ်သူ့ကိုမှမပြောဘဲနဲ့ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်တစ်ပါးတည်း ကြွသွားပြီးတော့ အရှင်မဟာကဿ တောထွက်လာတာကို မြတ်စွာဘုရားကြွပြီး ကြိုတယ်။ အဲဒီအချိန်မှာ အရှင်မဟာကဿပ မထေရ်သူမြတ် ဖြစ်လာမယ့် ဒီ ပိပ္ပလိရဟန်း(ပိပ္ပလိလုလင်)ဟာ မြတ်စွာဘုရားကို တစ်ကြိမ်မှ ဖူးမြင်ဖူးသေးတာလည်း မဟုတ်ဘူး။

## ပွင့်သတဲ့,သာ ကြားဖူးရှာ

မြတ်စွာဘုရားရှင်ရဲ့ တရားဒေသနာကို ကြားနာဖူးသေးတာလည်း မဟုတ်ဘူး။ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို တစ်ကြိမ်ကလေးမျှ ဖူးလည်း မဖူးရသေးဘဲနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားဒေသနာတော်ကို နာလည်း မနာကြားရသေးပါဘဲနဲ့ ''ဘုရား''ဆိုတဲ့ သတင်းစကား၊ ''တရား''ဆိုတဲ့ သတင်းစကား တစ်ဆင့် ကြားဖူးရုံမျှ လောက်သာ ကြားဖူးထားတာ။ တစ်ဆင့်ကြားပဲ ရှိသေးတယ်နော်။

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊**

**ဟိတာယ သဗ္ဗပါဏိနံ။**

ဒီလောက်တော့ သူကြားဖူးတယ်။

**ဗုဒ္ဓေါ**-အရဟံတစ်ဆူ သယမ္ဘူဂိုဏ်း တုနှိုင်းမမြင် ဂေါတမ ဘုရားရှင်သည်၊ **သဗ္ဗပါဏိနံ**-များလှသောင်းသောင်း သတ္တဝါအပေါင်း တို့ရဲ့၊ **ဟိတာယ**-လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား ဖြစ်ထွန်းဖို့ရန် အလို့ငှာ။

**လောကေ**-လူ့ပြည် နတ်ရပ် လောကဓာတ်အတွင်းမှာ၊ **သမုပ္ပန္နော**-ကောင်းစွာမသွေ ဖြစ်ထွန်း ပေါ်ပေါက်တော်မူခဲ့ပါပေ၏။

**ဓမ္မော လောကေ သမုပ္ပန္နော၊**

**သုခါယ သဗ္ဗပါဏိနံ။**

**ဓမ္မော**- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိတည်းဟူသော ဆယ်ပါးသော တရားတော်မြတ်သည်၊ **သဗ္ဗပါဏိနံ**- ခပ်သိမ်းများစွာ သတ္တဝါတို့၏၊ **သုခါယ**- လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာအလို့ငှာ၊ **လောကေ**- လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်းမှာ။ **သမုပ္ပန္နော**-ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်၍ နေခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဘုရားခြောက်ယောက် ပေါ်ပေါက်နှင့်ပြီ

သတင်းစကား ကြားဖူးရုံနဲ့ပဲ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ် ဘယ်မှာရှိနေတယ်ဆိုတာကို မှန်းပြီးတော့ ရှင်ရဟန်းပြုလို့ မှန်းချေနဲ့ တောထွက်တော်မူခဲ့ကြတာ။ မြတ်စွာဘုရားရှင်

ကိုယ်တော်မြတ်ကို ဖူးမြင်ရခြင်းလည်း မရှိ၊ ဘုရားရဲ့တရားကို နာကြားရခြင်းလည်း မရှိသေးဘဲနဲ့ မှန်းချေနဲ့သာ တောထွက်တော် မူလာကြတာတဲ့။

ဗုဒ္ဓကောလာဟလ ဖြစ်တဲ့အချိန် စပြီးတော့ "ဗုဒ္ဓ" ဆိုတဲ့ အမည်ကိုခံယူပြီး လောကရဲ့ဆရာ၊ လောကရဲ့ ကိုးကွယ်ရာနေရာကို ယူထားကြတဲ့ တိတ္ထိဆရာကြီး ခြောက်ယောက်ဆိုတာ အစောကြီးကတည်းက ပေါ်ပေါက်နေပြီးသားနော်။

ပိပ္ပလိနဲ့ ဘဒ္ဒါ ကာပိလာနီတို့ဟာ အကယ်၍သာ ဘုရားစစ် ဘုရားမှန် ဘုရားစင်စစ် ဖြစ်ပြီးသောပုဂ္ဂိုလ်ကို မတွေ့ရဘဲနဲ့ အဲဒီ တိတ္ထိတက္ကတွန်း ဘုရားအတုကြီးတွေနဲ့များ (ပရိသတ်ရေ) မတော်တဆ သွားတွေ့ခဲ့ရင် အဲဒါ ခက်စရာကြီးဗျာ။

အဲဒါကို စဉ်းစားမိတဲ့အတွက်ကြောင့် တောထွက်လာတဲ့အချိန်မှာ စိတ်ထဲက ဘယ်လို အဓိဋ္ဌာန်ပြီးတော့ တောထွက်လာခဲ့တယ် ဆိုတာလေးက (ပရိသတ်ရေ) စိတ်ဝင်စားစရာကောင်းတယ်။

## ကြိုတင် အဓိဋ္ဌာန်ချက်တွေ

**သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ၊**

**ဘဂဝန္တံ မေဝ ပဿေယျံ။**

**အဟံ**-ငါသည်၊ **သတ္ထာရဉ္စ**-လူနတ်တို့ရဲ့ ဆရာအစစ်အမှန် ဖြစ်တဲ့ ပုဂ္ဂိုလ်မျိုးကိုသာလျှင်၊ **ပဿေယျံ**-တွေ့မြင်ပါရစေ။

**ဘဂဝန္တံ မေဝ**-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကိုသာလျှင်၊ **ပဿေယျံ**-တွေ့မြင်ပါရစေ။

**သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ၊**

**ဘဂဝန္တံ မေဝ ပဿေယျံ။**

**သတ္ထာ**-အမည်ခံတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရမယ်ဆိုရင် (ပရိသတ်ရေ) ဘယ်လိုပုဂ္ဂိုလ်တွေ တွေ့ရမယ်ဆိုရင်လဲ။

သတ္ထာတဲ့။

(ပရိသတ်ရေ) ဘာတဲ့လဲ။

"သတ္ထာ ပါဘုရား"

## တိတ္ထိဘုရားကြီး ခြောက်ယောက်

(ပရိသတ်ရေ) အဲဒီအချိန်မှာ သတ္ထာ အမည်ခံတဲ့ အမည်ခံဘုရား အတုတွေ အလွန်များစွာ ရှိနေပြီနော်။ 'ဆ သတ္ထာရ' ဆိုတာ ကြားဖူးမှာပေါ့။ တိတ္ထိဆရာကြီး ခြောက်ယောက်ဆိုတာလေ။

၁။ ပူရဏကဿပရယ်၊

၂။ မက္ခလိဂေါသာလရယ်၊

၃။ အဇိတကေသကမ္ဗလရယ်၊

၄။ ပကုဓ ကစ္စာယနရယ်၊

၅။ သဉ္စယ ဗေလဋ္ဌရယ်၊

၆။ နိဂဏ္ဌနာဋပုတ္တ ရယ်လို့ တိတ္ထိ တက္ကတွန်းဆရာကြီး ခြောက်ယောက်ဟာ "သတ္ထာ" အမည်ခံပြီး လူတွေရဲ့ အကိုးအကွယ်ကို ခံယူနေနှင့်ကြပြီ။ သူတို့ကို ပါဠိလို "ဆ သတ္ထာရ"လို့ ခေါ်ရတယ်။

ပိပ္ပလိက ကြံစည်တွေးတော အဓိဋ္ဌာန်လိုက်ပုံက သတ္ထာဆိုတဲ့ ပုဂ္ဂိုလ်ကို တွေ့ရမယ်ဆိုရင် တခြား သတ္ထာတွေကိုတော့ မတွေ့ပါရစေနဲ့တဲ့။

ဘဂဝါ အမည်ရှိတဲ့ သတ္ထာမျိုးကိုပဲ တွေ့မြင်ပါရစေလို့ ကြံစည် စဉ်းစားလာခဲ့တယ်။

**ဘဂဝန္တမေဝ**-ဘဂဝါဂုဏ်တော်မျိုးနဲ့ ပြည့်စုံတော်မူတဲ့ သတ္ထာမျိုးကိုသာလျှင်၊ **ပဿေယျံ**-တွေ့မြင်ပါရစေရယ်လို့၊ **စိန္တေသိ**-ကောင်းစွာမသေ့ ကြံစည်စဉ်းစား၍ လာခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သမ္မာသမ္ဗုဒ္ဓအစစ်ကိုသာ တွေ့ပါရစေ

သမ္မာသမ္ဗုဒ္ဓေ ၀တာဟံ ပဿေယျံ၊

ဘဂဝန္တ မေဝ ပဿေယျံ။

**အဟံ**-ငါသည်၊ **သမ္မာသမ္ဗုဒ္ဓေ**-သမ္မာသမ္ဗုဒ္ဓ အမည်ရတဲ့ ပုဂ္ဂိုလ်တွေကို၊ **ပဿေယျံ**-တွေ့ရပါမူကား။

အဲဒီအချိန်မှာ သမ္မာသမ္ဗုဒ္ဓ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေ ရှိနေနှင့်ပြီနော်။ အဲဒါကြောင့် သမ္မာသမ္ဗုဒ္ဓ ဆိုတိုင်း မတွေ့ပါရစေနဲ့။ သမ္မာသမ္ဗုဒ္ဓ အမည် ခံရုံသာ ခံထားကြတဲ့ သမ္မာသမ္ဗုဒ္ဓတွေကို မတွေ့ပါရစေနဲ့။

ဘယ်လို သမ္မာသမ္ဗုဒ္ဓမျိုးကို တွေ့ချင်တာတုန်း ဆိုလို့ရှိရင်-

**ဘဂဝန္တမေဝ၊** ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတဲ့ သမ္မာသမ္ဗုဒ္ဓမျိုးကိုသာ၊ **ပဿေယျံ**-တွေ့မြင်ရပါစေရယ်လို့၊ **စိန္တေသိံ**-ကောင်းစွာမသွေကြံသည်စဉ်းစား၍ လာခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သုဂတ အစစ်ကိုသာ တွေ့ပါရစေ

**သုဂတဥ္စ ဝတာဟံ ပဿေယျံ**

**ဘဂဝန္တာ မေဝ ပဿေယျံ။**

**သုဂတဥ္စ**- သုဂတ အမည်ခံထားတဲ့ ပုဂ္ဂိုလ်မျိုးကို၊ **ပဿေယျံ**-တွေ့ရပါမူကား၊ တချို့က သုဂတ အမည်ခံပြီး ကိုးကွယ်ပူဇော်ခံနေနှင့်ကြတာတွေက အဲဒီအချိန်မှာ ရှိနေနှင့်ပြီ။ ဒါကြောင့် သုဂတဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို တွေ့ရမယ်ဆိုရင် တခြား သုဂတတွေကိုတော့ မတွေ့ပါရစေနဲ့တဲ့။

**ဘဂဝန္တ မေဝ**- ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ သုဂတ ခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တွေကိုသာလျှင်၊ **ပဿေယျံ**- တွေ့မြင်ပါရစေရယ်လို့၊ **စိန္တေသိံ**- ကောင်းစွာမသွေ ကြံစည်စဉ်းစား၍ လာခဲ့ပါပေသတည်း။

သာဓု - သာဓု- သာဓုပါ ဘုရား။

သုဂတ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရမယ်ဆိုရင် တခြား သုဂတမျိုးတွေကိုတော့ မတွေ့ပါရစေနဲ့တဲ့။ ဘဂဝါဆိုတဲ့ ဂုဏ်နဲ့ပြည့်စုံတဲ့ သုဂတမျိုးကိုသာ တွေ့ပါရစေတဲ့။

သမ္မာသမ္ဗုဒ္ဓ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရမယ်ဆိုရင် ဘဂဝါ ဂုဏ်နဲ့ ပြည့်စုံတဲ့ သမ္မာသမ္ဗုဒ္ဓမျိုးကိုပဲ တွေ့ပါရစေ။

လူတို့ရဲ့ဆရာ၊ နတ်တို့ဆရာ 'သတ္ထာ' အမည်ခံတဲ့ ပုဂ္ဂိုလ်တွေကို တွေ့မယ်ဆိုရင် ဘဂဝါ ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ သတ္ထာ-ဆရာမျိုးကိုပဲ တွေ့ပါရစေ။

## ကြုံဆိုရခြင်း အကြောင်းရင်း

စိတ်ထဲက မှန်းပြီးတော့ တစ်ယောက်တည်း လျှောက်လှမ်းလာတဲ့

အခါမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က အရှင်မဟာကဿပ (ပိပ္ပလိရဟန်း)ကို ထွက်ပြီးတော့ ကြိုဆိုနေပြီနော်။ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်မို့လို့ ဘုရားကိုယ်တိုင် ထွက်ကြွကြိုဆိုတော်မူတာပါ။

တစ်နည်းပြောရရင်တော့ -

ဘုရားရှင်ကိုယ်တော်တိုင် ထွက်ကြွပြီး ကြိုဆိုတယ် ဆိုတာဟာ ခုနက ပြောထားခဲ့ပြီးပြီ။ မြတ်စွာဘုရား လွန်တော်မူပြီးတဲ့နောက်ပိုင်း ဒီသာသနာ့တာဝန်ကြီးတွေကို ဘယ်သူယူမှာလဲ။ အရှင်မဟာကဿပ ယူမှာနော်။ ဒီလိုမဟုတ်လား။

ဘုန်းကြီးတို့ ရွှေကျင်ဂိုဏ်းကြီး တစ်ဂိုဏ်းလုံးကလည်းပဲ "ရွှေကျင် သာသနာပိုင်ဆရာတော်ကြီး (၁၁)ပါး ထားရစ်ခဲ့တဲ့ သာသနာ့တာဝန်ကြီးပွေ အကုန်လုံးကို **သံဃပိတာ** = သံဃာ့ဖခမည်းတော်ဖြစ်တော်မူတဲ့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး စောင့်ရှောက် ထမ်းဆောင်တော်မူပါ"လို့ ဝိုင်းပြီးတော့ အပ်နှင်းထားတော့ -

ဒီကနေ့ ရွှေဟင်္သာဆရာတော်ဘုရားကြီး ဘယ်နေရာမှာရှိသတဲ့လဲ။

သံဃပိတာ၊ ဂဏာဓိပတိ၊ ဂဏပါမောက္ခ၊ သံဃရာဇာ နေရာမှာ ရှိတယ်နော်။ အဲဒီတော့ မြတ်စွာဘုရားက ကဿပလောင်းလျာ ပိပ္ပလိကို ထွက်ပြီး ကြိုဆိုတော်မူတယ်။

ကဿပလောင်း ပိပ္ပလိရဟန်းကလည်း ဘုရားကို မမြင်ဖူးသေးတော့ စိတ်ထဲက ကြိတ်ပြီးတော့ အဓိဋ္ဌာန်ထားတယ်။

သတ္ထာဆိုတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရမယ်ဆိုရင် ဘဂဝါဂုဏ်နဲ့ ပြည့်စုံတဲ့ သတ္ထာမျိုး၊ သမ္မာသမ္ဗုဒ္ဓ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရမယ်ဆိုရင် ဘဂဝါဂုဏ်နဲ့ ပြည့်စုံတဲ့ သမ္မာသမ္ဗုဒ္ဓမျိုး။

သုဂတ ဆိုတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရမယ်ဆိုရင် အမည်ခံရုံသာ ခံထားကြတဲ့ သုဂတပုဂ္ဂိုလ်မျိုးတွေကို မတွေ့ရဘဲ ဘဂဝါဂုဏ်နဲ့ ပြည့်စုံတဲ့ သုဂတမျိုးကိုသာ တွေ့ပါရစေရယ်လို့ စိတ်ထဲက အဓိဋ္ဌာန်နဲ့ မှန်းပြီးတော့မှ ထွက်လှမ်းလို့ လာခဲ့တာ။

## မြတ်ဗုဒ္ဓကြိုတဲ့ နေရာလေး

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

'အန္တရာစ ရာဇဂဟံ၊ အန္တရာစ နာလန္ဒံ'။

ရာဇဂြိုဟ်နဲ့ နာလန္ဒာ။

နာလန္ဒာနဲ့ ရာဇဂြိုဟ်၊ ဒီအကြားမှာ။

ဘာနဲ့ ဘာကြားမှာလဲ။

ရာဇဂြိုဟ်မြို့နဲ့ နာလန္ဒာမြို့၊ နာလန္ဒာမြို့နဲ့ ရာဇဂြိုဟ်မြို့။ အဲဒီအကြားကနေ ဘုရားရှင်ကိုယ်တော်မြတ်က စောင့်ပြီးတော့ "ဗဟုပုတ္တက" အမည်ရှိတဲ့ စေတီနားမှာ ထိုင်စောင့်နေတော်မူတယ်။

(ပရိသတ်ရေ) ဘာစေတီတဲ့လဲ။

"ဗဟုပုတ္တကစေတီပါ ဘုရား"

"ဟာ-ဘယ့်နှယ်၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဘုရားရှင်ကိုယ်တော်မြတ် ပွင့်တော်မူခါစ ခေတ်ဦးမှာ စေတီတော်တွေ ရှိနေသလား" လို့ ပရိသတ်ကြီးက တွေးစရာရှိတယ်။

## ဗဟုပုတ္တကစေတီ ဆိုတာ

ဗဟုပုတ္တကစေတီ ဆိုပေမယ့် ဒီကနေ့ တွေ့မြင်နေရတဲ့ စေတီ ပုထိုးမျိုးတော့ မဟုတ်ဘူးပေါ့။ နတ်စင် နတ်ကွန်းတွေကို အဲဒီခေတ်က စေတီခေါ်တာပဲ။ နတ်စင် နတ်ကွန်းတွေက ခေတ်တွေ၊ စနစ်တွေ ကြာညောင်းဟောင်းနွမ်းလာတော့ အဲဒီနတ်တွေလည်း အိုပြီးတော့ မသေဘဲ ဘယ်နေပါ့မလဲ။ သေသေးတာပေါ့။

အဲဒီလို နတ်များက သေပြီးတော့သွားပေမယ့်လည်း သူတို့ကို ပူဇော်ခဲ့ကြရာ နတ်စင်၊ နတ်ကွန်းကြီးကတော့ ကျန်ရစ်နေခဲ့ကြတယ်။

## ရောင်ခြည်တော်တွေ လွှတ်လို့နေ

ရာဇဂြိုဟ်နဲ့ နာလန္ဒာ၊ နာလန္ဒာနဲ့ ရာဇဂြိုဟ်။ ဒီကြားမှာ ဗဟုပုတ္တကစေတီ (ဗဟုပုတ္တကနတ်ကွန်း) ဆိုတာရှိတယ်။ အဲဒီ ဗဟုပုတ္တက စေတီယလို့ခေါ်တဲ့ နတ်ကွန်းကြီးတစ်ခုလုံး အကုန်လုံး ပြည့်ပြည့်စုံစုံ ထွန်းလင်းအောင် ရောင်ခြည်တော်တွေ လွှတ်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က ထိုင်နေတော်မူတာပါ။ ဟို ပိပ္ပလိလုလင် (ပိပ္ပလိရဟန်း) က စိတ်ထဲမှာ အမိန့်ရှိထားပြီးသား။

"သတ္ထာဆိုတဲ့ ဆရာအတုတွေကို မတွေ့ပါရစေနဲ့၊
သမ္မာသမ္ဗုဒ္ဓ အတုတွေနဲ့လည်း မတွေ့ပါရစေနဲ့၊
သုဂတ အတုတွေနဲ့လည်း မတွေ့ပါရစေနဲ့၊

သတ္ထာစင်စစ်၊ သမ္မာသမ္ဗုဒ္ဓစင်စစ်၊ သုဂတစင်စစ် တကယ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့သာလျှင် တွေ့ပါရစေ" လို့ စိတ်ထဲက အဓိဋ္ဌာန်ပြီးလျှောက်လာ ခိုက် ဘုရားမြတ်စွာက ရောင်ခြည်တော်တွေ အဲဒီနတ်ကွန်းကြီး တစ်ခုလုံး လွှမ်းပြီးတော့ ထိုင်တော်မူနေတာလည်းတွေ့ရော -

"ဟာ-ဒါ ဧကန္တ တကယ်စင်စစ် သတ္ထာဆိုတဲ့ ပုဂ္ဂိုလ်ပါပဲ"
"သမ္မာသမ္ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်ဟာ သူပဲ"
"သုဂတဆိုတာ သူပဲ" ဆိုပြီးတော့ -

## လျှောက်ထားဦးချ ဖူးမဝ

**သတ္ထာ မေ ဘန္တေ ဘဂဝါ၊**
**သာဝကော ဟ မသ္မိ။**

**ဘန္တေ ဘဂဝါ**-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ **တွံ**-ရှင်တော်မြတ်ဘုရားသည်၊ **မေ**-ဘုရားတပည့်တော်၏၊ **သတ္ထာ**- မကောင်း မြတ်တား ကောင်းညွှန်ကြားမယ့် ဆရာတစ်ဆူသည်၊ **အသိ**-ဖြစ်တော်မူပါ၏ မြတ်စွာဘုရား။

**ဘန္တေ ဘဂဝါ**-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ **အဟံ**-ဘုရားတပည့်တော်သည်၊ **သာဝကော**-အရှင်ဘုရားရဲ့ တပည့် သာဝက တစ်ယောက်သည်၊ **အသ္မိ**-ဖြစ်ပါတော့သည်ဘုရားရယ်လို့။

**ဘဂဝန္တံ**-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကို၊ **ဝတွာ**-လျှောက်ကြားပြီးတော့မှ၊ **ပါဒပိဋ္ဌေသု**-ခြေဖမိုးတော် နှစ်ဘက် တို့၌၊ **နလာဋံ**-နဖူးပြင်ကို၊ **ဌပေတွာ**-ပင်ထားလျက်၊ **ဘဂဝတော**-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့။ **ပါဒ ဂေါပ္ဖကေသု**-ခြေမျက်စိ နှစ်ဖက်တို့ကို၊ **ဟတ္ထေဟိ**-လက်တို့ဖြင့်၊ **ဒဠှံ**-မြဲမြဲမြံမြံ၊ **ဂဟေတွာ**- ဆုပ် လိုက် ကိုင်လိုက်၍၊ **ဘဂဝန္တံ**-ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်ကို၊ **ဝန္ဒိ**-ကောင်းစွာမသွေ ရှိခိုးတော် မူလိုက်ပါပေသ တည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဆရာတစ်ဆူ တင်တော်မူ

**သတ္ထာ မေ ဘန္တေ ဘဂဝါ**

**သာဝကော ဟ မသ္မိ**။

**ဘန္တေ ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ **တွံ**- ရှင်တော်မြတ်ဘုရားသည်၊ **မေ**- ဘုရားတပည့်တော်ရဲ့၊ **သတ္ထာ**- ဆရာပါပဲ။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ရောင်ခြည်တော်ခြောက်ပါးနဲ့တကွ ဖူးလိုက်ရတာနှင့် တစ်ပြိုင်နက် တစ်ချက်တည်း လျှောက်ထားလိုက်တာက ဘာတဲ့လဲ။

"မြတ်စွာဘုရား အရှင်ဘုရားဟာ တပည့်တော်ရဲ့ ဆရာပါပဲ"တဲ့။

သူကိုယ်တိုင်ကတော့ ဘာပါတဲ့လဲ။

**သာဝကော ဟ မသ္မိ (ဘန္တေ ဘဂဝါ)**။

**ဘန္တေ ဘဂဝါ**- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ **အဟံ**- ဘုရားတပည့်တော်ကတော့၊ **တေ**- ရှင်တော်မြတ်ဘုရားရဲ့၊ **သာဝကော**- သာဝကပါ ဘုရား။

(ပရိသတ်ရေ) သူကတော့ ဘာပါတဲ့လဲ။

"သာဝကပါတဲ့ ဘုရား"

အေး- မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သတ္ထာ၊ တပည့်တော်ကတော့ အရှင်ဘုရားရဲ့ သာဝကတဲ့။ ဆိုလိုတဲ့အဓိပ္ပာယ်ကို ပရိသတ်ကြီးက နားလည်လိုက်ပြီနော်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဆရာအဖြစ်နဲ့ တင်လိုက်တယ်။ မိမိကိုယ်ကိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့တပည့် အဖြစ်ခံယူလိုက်တယ်။

## သရဏဂုံ အလိုလိုတည်ပြီ

မြတ်စွာဘုရားကို ဆရာ့ရှေ့မှာထားပြီး မိမိကိုယ်ကို တပည့်အဖြစ်ခံယူလိုက်တယ်ဆိုရင်ပဲ အဲဒါ သရဏဂုံ အလိုလို တည်သွားတယ်။

(ပရိသတ်ရေ) ဘာဖြစ်သွားပြီလဲ။

"သရဏဂုံ အလိုလို တည်သွားပါပြီ ဘုရား"

ဒီ သရဏဂုံမျိုးကို ဘယ်လိုခေါ်မလဲဆိုရင် "သိဿ ဘာဂူပ ဂမန သရဏဂုံ" တဲ့။

သီလက္ခန် အဋ္ဌကထာကို သင်ကြားထားတဲ့ အမျိုးကောင်းသား အမျိုးသမီးတွေဆိုရင် ဒါ နားလည်တယ်နော်။ သရဏဂုံ အဖွင့် အဲဒီ သီလက္ခန် အဋ္ဌကထာ၊ သာမညဖလသုတ်မှာ အဆုံးနားလေးမှာ ပါတယ် ဟုတ်လား။

**"သိဿ ဘာဂူပဂမန သဂဏဂုံ"** ဘုရားထံမှာ တပည့်အဖြစ် ခံယူလိုက်ခြင်းသည်ပင်လျှင် (ဘာဖြစ်ပြီလဲ)။

သရဏဂုံဆောက်တည်ခြင်းပဲ။

အဲဒါကြောင့် -

**သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကော ဟ မသ္မိ။**

**ဘန္တေ-** ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၊ **ဘဂဝါ-** မြတ်စွာဘုရားက။ **မေ သတ္ထာ၊** တပည့်တော်ရဲ့ ဆရာပါဘုရား။ **အဟံ၊** ဘုရားတပည့်တော်ကတော့။ **တေ၊** ရှင်တော်ဘုရားရဲ့။ **သာဝကော၊** တပည့် သာဝကပါပဲလို့။ **ဘဂဝန္တံ၊** ဘုန်းတော်ခြောက်ပါးသခင်, ဘုရားရှင် ကိုယ်တော်မြတ်ကို။ **အဝေါ စ၊** ရွှေနားတော်ကြားအောင်, လျှောက်ထား လိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်ကို ဆရာအဖြစ် တင်မြှောက်တယ်။ မိမိကိုယ်ကို တပည့်နေရာမှာ ထားလိုက်တော့ သရဏဂုံ အလိုလို တည်ပြီးသား ဖြစ်သွားတယ်။

## မြတ်ဗုဒ္ဓ၏ ပထမဗျာဒိတ်တော်

သိဿဘာဂူပဂမနသရဏဂုံ တည်သွားပြီးပြီ။ သရဏဂုံ တည် ပြီးတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က ဟောဒီ အရှင်မဟာကဿပ ကိုယ်တော် ဖြစ်လာမယ့် ပိပ္ပလိရဟန်းကို ဗျာဒိတ်ပေးတော်မူတယ်။

(ပရိတ်သတ်ရေ) ဘာပေးတာလဲ။

"ဗျာဒိတ် ပေးတာပါဘုရား"

ဗျာဒိတ် ပေးတော်မူတာကို အတိုချုပ်ပြီး ပြောရမယ်ဆိုရင်-

၁။ **ကဿပ**-ချစ်သားကဿပ၊ **တွံ**-သင်သည်၊ **ဧဝံ**-သို့။ **သိက္ခေယျာသိ**-ကျင့်တော်မူပါတော်လော့။

ချစ်သား ကဿပ၊ ဒီကနေ့ကစပြီး သင် ဒီလိုကျင့်ပါ။

**တိဗ္ဗံ မေ ဟိရောတ္တပ္ပံ ဘဝဿတိ**

**မေ**-ငါ့သန္တာန်မှာ၊ **တိဗ္ဗံ**-ထက်မြတ်စွာသော၊ (ဝါ) အားကောင်းလှစွာသော။ **ဟိရောတ္တပ္ပံ**၊ ဟီရိ, ဩတ္တပ္ပ တရားသည်၊ **ဘဝိဿတိ**-ဖြစ်လိမ့်မယ်လို့၊ **သိက္ခေယျာသိ**-ကျင့်လိုက်ပါတော့လော့။

**ထေရေသု နဝေသု မဇ္ဈိမေသု။**

မထေရ်ကြီး၊ မထေရ်လတ်၊ မထေရ်ငယ်တို့၌-

(ပရိသတ်ရေ) ဘယ်နှစ်မျိုးလဲ။

သုံးမျိုးပါ ဘုရား။

မထေရ်ကြီးတွေ၊ မထေရ်လတ်တွေ၊ မထေရ်ငယ်တွေ အဲဒီမထေရ် သုံးမျိုးတို့မှာ-

**တိဗ္ဗံ**-ထက်မြက်ပြင်းထန်စွာသော၊ (ဝါ) အားကောင်းလှစွာသော၊ **ဟိရောတ္တပ္ပံ**-ဟီရိ, ဩတ္တပ္ပတရား နှစ်ပါးကို၊ **ပစ္စုပဋ္ဌိတံ**-ရှေးရှုကောင်းစွာ ဖြစ်တည်ရလေအောင်၊ **သိက္ခေယျာသိ**-ကျင့်လိုက်ပါတော့လို့၊ **ဘဂဝါ**-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **ပဌမံ**-ရှေးဦးစွာသော၊ **သဝါဒံ**-ဩဝါဒကို၊ **အဒါသိ**-ကောင်းစွာမသွေ ပေးတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အားလုံးအပေါ်မှာ ရိုသေပါ

"ချစ်သား ကဿပ၊ ငါဘုရား သာသနာတော်ကို ဝင်ရောက်တဲ့ ဒီနေ့ ဒီအချိန်ကစလို့ ချစ်သား ကဿပဟာ မထေရ်ကြီးတွေထဲမှာ ဟီရိ၊ ဩတ္တပ္ပတရားနဲ့ ရိုရိုသေသေ တုပ်တုပ်ကွကွ နှိမ်နှိမ်ချချ ကျင့်သုံးပါ။

"ချစ်သား ကဿပ၊ မထေရ်ကြီးတွေကိုသာလျှင် ရှက်ခြင်း၊ ကြောက်ခြင်း၊ ရိုသေခြင်းတွေနဲ့ ကျင့်သုံးရမှာ မဟုတ်သေးဘူး၊ မထေရ်လတ်တွေအပေါ်မှာရော၊ မထေရ်ငယ်တွေ အပေါ်မှာပါ ရိုရိုသေသေ လေးလေးစားစား တုပ်တုပ်ကွကွ နှိမ့်နှိမ့်ချချ ကျင့်သုံးပါ။

(ပရိသတ်ရေ) သာသနာတော်မှာ ကြီးကြီး လတ်လတ် ငယ်ငယ် ဘယ်မထေရ်ကိုမဆို ဟီရိ၊ ဩတ္တပ္ပတရား ဦးထိပ်ထားပြီး ဆက်ဆံရမယ်တဲ့၊ ဟုတ်လား။ မထေရ်ကြီးကိုပဲဖြစ်ဖြစ်၊ မထေရ်လတ်ကိုပဲဖြစ်ဖြစ်၊ မထေရ်ငယ်ကိုပဲဖြစ်ဖြစ် ဘယ်လို ဆက်ဆံရမလဲ။

ဟီရိ၊ ဩတ္တပ္ပတရား ဦးထိပ်ထားလို့ ဆက်ဆံကြရမယ်။

## အရှင်မဟာကဿပနဲ့တူတဲ့ ဆရာတော်

အရှက်အကြောက်ကြီးစွာနဲ့ ဆက်ဆံပါ။ ဒီလိုနော်။ အဲဒါ ဂုဏ်တော်တွေကို ဘုန်းကြီးတို့က ပြောလို့ကုန်နိုင်ဖွယ် မရှိဘူးလို့ ပြောရတာပါ။ ရာပြည့် ရွှေဟင်္သာဆရာတော်ကြီးရဲ့ ဂုဏ်တော်တွေထဲက တခြားဂုဏ်တော်တွေကိုတော့ ထားလိုက်ဦး (ပရိသတ်ရေ) တစ်ခုတည်းပဲ ထုတ်ပြောရမယ်ဆိုရင် -

ဘုန်းကြီးတို့ကို ဆရာတော်ကြီးက ရင်းရင်းနှီးနှီး စကားပြောဆက်ဆံတဲ့အခါမှာ "သီတဂူဆရာတော်၊ သီတဂူဆရာတော်" လို့ ဒီလိုခေါ်တော်မူလေ့ ရှိတယ်။ ဂုဏ်ယူတာ မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ ကြက်သီးတောင် ထ,သွားပါတယ်။

ဆရာတော်ကြီးက ဘုန်းကြီးတို့ကို "ဆရာတော်၊ ဆရာတော်" ခေါ်တာ ဘုန်းကြီးတို့က ဆရာတော်ကြီးရဲ့ အသက်တစ်ဝက်ပဲ ရှိသေးတာပါနော်။

ဟော- အရှင်မဟာကဿပ မထေရ်မြတ်ကြီးရဲ့ ကျင့်ထုံးအတိုင်းပါပဲနော်၊ ဟုတ်လား။ (ပရိသတ်ကြီးရေ) အဲဒါကြောင့် ကဿပဂုဏ်ရည်ကို ဘုန်းကြီးတို့က တင်ပြပြီးတော့ ရာပြည့်ရွှေဟင်္သာ ဆရာတော်ဘုရားကြီးကို ပူဇော်ရတာပါနော်။

မြတ်စွာဘုရားက ဗဟုပုတ္တက စေတီယကျောင်းတိုက်မှာ အရှင်မဟာကဿပ (ပိပ္ပလိရဟန်း)နဲ့ ဘုရားရှင်နဲ့ ပထမဆုံး တွေ့ဆုံတဲ့ပွဲမှာ ပေးလိုက်တဲ့ ဩဝါဒက -

၁။ သာသနာတော်မှာ မထေရ်အချင်းချင်း ဆက်ဆံတဲ့အခါမှာ ကြီးသူကိုပဲ ဆက်ဆံဆက်ဆံ၊ အလတ်ကိုပဲ ဆက်ဆံဆက်ဆံ၊ အငယ်နဲ့ပဲ ဆက်ဆံ ဆက်ဆံ (ဘယ်လိုတဲ့လဲ)။ လေးလေးစားစား ဆက်ဆံလိုက်ပါတဲ့။

## ဒုတိယ ဩဝါဒတော်

ဒီလိုပြောလိုက်တော့ အရှင်မဟာကဿပ ကလည်း "**ဧဝံဘန္တေ**-ကောင်းလှပါပြီဘုရား" ဆိုပြီး ဒီဩဝါဒကို ခံယူတော်မူတယ်နော်။ ဒုတိယ အဖြစ်နဲ့ ဆက်လက်ပေးတော်မူတဲ့ ဩဝါဒက-

၂။ **ယံ ကိဉ္စိ ဓမ္မံ သုဏိဿာမိ ကုသလူပ သံဟိတံ သဗ္ဗံ တံ အဋ္ဌိံ ကတွာ မနသိ ကရိတွာ သဗ္ဗစေတသာ သမန္နာ ဟရိတွာ ဩဟိတသောတော ဓမ္မံ သုဏိဿာမိတိ ဧဝံ ဟိ တေ ကဿပ သိက္ခိ တဗ္ဗံ။** (သံ၊ ၁၊ ၄၂၀)

**ကဿပ**-ချစ်သား ကဿပ၊ **ဣမသ္မိံဓမ္မဝိနယေ**-အံ့ဖွယ်ရှစ်ဖြာ ငါဘုရားရဲ့ သာသနာတော်မှာ၊ **ယံ ကိဉ္စိ ဓမ္မံ**-အမှတ်မရှိ အကြင်တစ်ပါး ပါးသော တရား ဘယ်သူပဲဟောစေ ဟောသမျှတရားတွေကို (ဘယ်လို နာရမလဲဆိုတော့)၊ **ကုသလူပ သံဟိတံ**-ကုသိုလ်နဲ့စပ်တဲ့ တရားမှန်သမျှ ကိုလေ၊ **အဋ္ဌိံ ကတွာ**-အမြတ်တနိုးပြု၍၊ **သုဏေယျာသိ**-နားထောင်လိုက် စမ်းပါ။

## ရိုရိုသေသေ တရားနာပါ

(ပရိသတ်ရေ) ဘယ်လိုတရားနာရမလဲ။

**အဋ္ဌိံ ကတွာ သုဏေယျာသိ (သိက္ခိတဗ္ဗံ)။**

အမြတ်တနိုး နာကြားရမယ်။

"ဟာ- ငါက မထေရ်ကြီးပဲကွာ၊ ခုဟာက ကိုယ်တော်ငယ်ငယ် လေးတွေ ဟောနေတာပဲ" ဆိုပြီးတော့ ပေါ့ပေါ့ဆဆ ဒီလို တရားမနာပါနဲ့။ လေးလေးစားစား တရားနာပါတဲ့။ ဒီလိုပြောတာနော်။

**မနသိ ကရိတွာ**၊ စိတ်ထဲမှာ ထည့်သွင်းပြီးတော့မှ၊ **သုဏေယျာသိ**-နာကြားပါလေလော့။ **သဗ္ဗစေတသာ**-အလုံးစုံသော စိတ်တွေနဲ့။ **သမန္နာ ဟရိတွာ**-သိမ်းဆည်းစုဆောင်းပြီးတော့မှ၊ **ဩဟိတ သောတော**-ချထားသော နားရှိသည်ဖြစ်၍၊ **ဓမ္မံ**-တရားကို၊ **သုဏေယျာသိ**-နာကြား လေတော့။

**ဓမ္မံ**-ဘယ်သူပဲဟောဟော ကုသိုလ်နှင့်စပ်တဲ့ ဘယ်လိုတရား မျိုးကို မဆို၊ **သုဏိဿာမိတိ**-ငါ ရိုရိုသေသေ နာကြားတော့မယ်ရယ်လို့၊

**ဇဝံ ဟိ**-ဤ ငါဘုရား ယခုပြောပြခဲ့တဲ့ နည်းအတိုင်းသာလျှင်၊ **တေ တယာ**-သင်ချစ်သား ကဿပသည်၊ **သိက္ခိတဗ္ဗံ**-ကျင့်သုံးထိုက်တယ်, ကျင့်သုံးရမယ်, ကျင့်သုံးလေတော့ရယ်လို့။

**ဒုတိယံ ဩဝါဒံ**- နှစ်ခုမြောက် ဩဝါဒတော်ကို၊ **အဒါသိ**-ကောင်းစွာမသွေ ပေးသနားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ပရိသတ်ကြီးရေ ဩဝါဒ ဘယ်နှစ်ခုရပြီလဲ။

"နှစ်ခုပါဘုရား"

၁။ ပထမဩဝါဒက သာသနာတော် ကြီးကြီး ငယ်ငယ် ရွယ်ရွယ်လတ်လတ် မထေရ်အချင်းချင်း ဆက်ဆံတဲ့နေရာမှာ ရိုရိုသေသေ လေးလေးစားစား ရှက်ရှက်ကြောက်ကြောက် ဆက်ဆံပါ။

၂။ တရားကို နာကြားတဲ့အခါမှာလည်းပဲ ကုသိုလ်နဲ့စပ်တဲ့ တရားမှန်ရင် ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ဘယ်သူပဲဟောဟော တမြတ်တနိုး နာကြားရမယ်၊ ဟုတ်လား။

## တတိယ ဩဝါဒတော်

နောက်တစ်ခါ လာမယ့် ဩဝါဒက-

**"သာတ သဟဂတာ စ မေ ကာယဂတာသတိ**

**န ဝိဇဟိဿတီတိ ဇဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗံ"**

**ကဿပ**-ချစ်သား ကဿပ၊ **တွံ**-သင်သည်၊ **ဣမသ္မိံ ဓမ္မဝိနယေ**-အံ့ဖွယ်ရှစ်ဖြာ စုံလင်စွာသော ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံတဲ့ ငါဘုရားရှင်ရဲ့ သာသနာတော်မှာ၊ **သာတ သဟဂတာ**-သုခဝေဒနာနှင့် တကွဖြစ်သော၊ **ကာယဂတာသတိ**-ကာယဂတာ သတိသည်၊ **နဝိဇဟိဿတိ**-ငါ့သန္တာန်မှာ မကင်းကွာစေအံ့၊ (ဝါ) ကင်းကွာမှု မဖြစ်ပါစေနဲ့တော့ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့၊ **ဇဝံ ဟိ**-ဤယခု ပြောပြခဲ့တဲ့အတိုင်းသာလျှင် ကျင့်သုံးထိုက်တယ်, ကျင့်သုံးရမယ်, ကျင့်သုံးပါလေတော့ရယ်လို့။ **တတိယံ ဩဝါဒံ**-တတိယမြောက် ဩဝါဒကို၊ **အဒါသိ**-ကရုဏာရှေးရှု ပေးသနားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ကာယဂတာသတိကို ပွားများပါ

ချစ်သား ကဿပ၊ ငါဘုရားရှင်ရဲ့ သာသနာတော်မှာ ယာက ဂတာသတိ ဆိုတဲ့ ကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးကုတ် အားထုတ်လို့နေလိုက်ပါ။

(ပရိသတ်ကြီးရေ) ဘာ ကမ္မဋ္ဌာန်းတဲ့လဲ။

"ကာယဂတာသတိ ကမ္မဋ္ဌာန်းပါ ဘုရား"

ကာယဂတာသတိ တဲ့နော်။

ရွှေဟင်္သာဆရာတော်ကြီး ရေးသားပြုစုတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းစာအုပ်ဆိုတာ ရှိတယ်။ (ပရိသတ်ရေ) အဲဒီ စာအုပ်ကို ဖတ်ကြည့်နော်။ လက်တွေ့ကျင့်သုံးဖို့ အပြည့်အဝပါတဲ့ တရားကျမ်းစာပါ။

ဘုရားရှင်က ကာယဂတာသတိကို ကျင့်သုံးပါတဲ့။ ကာယဂတာ သတိဆိုတာ (ပရိသတ်ရေ) ဒီ ပါဠိတော်အရဆိုရင် နှစ်ခုပဲရှိတယ်။

၁။ တစ်ခုက **အာနာပါနကမ္မဋ္ဌာန်း**ရယ်၊

၂။ **သုံးဆယ့်နှစ်ကောဋ္ဌာသ**ရယ်။

အရှင်မဟာကဿပကို ဘုရားရှင် ရည်ညွှန်းပေးတာက ဒီနှစ်ခုပါ။ ဘာနဲ့ ဘာလဲ။ အာနာပါန၊ ပြီးတော့ သုံးဆယ့်နှစ်ကောဋ္ဌာသ။

## ပီတိဖြစ်အောင် ပွားများပါ

အဲဒီ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းတဲ့အခါမှာ သုခဝေဒနာရောက် သည့်တိုင်အောင် စီးဖြန်းပါ။ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့အခါ မှာလည်း သုခဝေဒနာ ရောက်သည့်တိုင်အောင် စီးဖြန်းပါ။

အနှိမ့်ဆုံးလေး ချပြီးတော့ ပြောထားပေးတယ်။ ထွက်လေ၊ ဝင်လေ ကမ္မဋ္ဌာန်းကို စီးဖြန်းရင် ကိုယ်ရော၊ စိတ်ရော ဆင်းရဲလှတယ်။ သို့မဟုတ် ညောင်းတယ်၊ ညာတယ်၊ ထုံတယ်၊ ကျင်တယ်၊ ကိုယ်တယ် ဆိုပြီးတော့ ခဏခဏ နေရာတွေ ပြောင်းပြောင်း ရွှေ့ရွှေ့သွားလို့ရှိရင် (ပရိသတ်ရေ) ပီတိ ပါမောဇ္ဇ မလာတော့ဘူးနော်။

သုံးဆယ့်နှစ်ကောဋ္ဌာသ ဆိုတဲ့ ကာယဂတာသတိ ကလည်းပဲ ကေသာ၊ လောမာ စသည်ဖြင့် ခန္ဓာကိုယ်ရဲ့ ရွံရှာစက်ဆုတ်ဖွယ်ရာတွေ

ကိုချည်း လျှောက်ကြည့်ရင်း ကြည့်ရင်း ရွှံပြီးတော့ မုန်းပြီးတော့ အော့ချင်သလို အန်ချင်သလို ဒုက္ခ၊ ဒေါမနဿတွေ ဖြစ်မနေစေနဲ့။

အဓိပ္ပာယ်က စက်ဆုတ်ရွံရှာဖွယ်တွေကို ကြည့်နေတဲ့ ပုဂ္ဂိုလ်ဟာ ပီတိပါမောဇ္ဇ ဖြစ်နေပါစေတဲ့။

(ပရိသတ်ရေ) ဘာဖြစ်နေရမလဲ။

"ပီတိပါမောဇ္ဇ ဖြစ်နေရမှာပါဘုရား"

၁။ ထွက်လေ၊ ဝင်လေကို ရှုမှတ်တဲ့ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းရင်လည်း ပီတိပါမောဇ္ဇ ဖြစ်အောင် စီးဖြန်းပါ။

၂။ ခန္ဓာကိုယ်ရဲ့ အညစ်အကြေးတွေကို ကြည့်ရှုတယ်ဆိုတဲ့ ကာယဂတာသတိ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့နေရာမှာလည်း (ဘယ်တိုင်အောင်လဲ)။ ပီတိပါမောဇ္ဇ ဖြစ်သည့်တိုင်အောင် စီးဖြန်းပါတဲ့။

ပီတိပါမောဇ္ဇ ဖြစ်လာတယ်ဆိုရင် ပီတိပါမောဇ္ဇဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာဟာ ဘယ်လိုဖြစ်လာမလဲ။ ကြည်လင်ပြီးတော့ ဝင်းလက်လာလိမ့်မယ်။

သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ မျက်နှာကို ပရိသတ်များ ဖူးကြည့်ပါလား။ အမြဲတမ်း ကြည်လင်အေးချမ်းနေတဲ့ အပြုံးကို အမြဲတွေ့ကြရမယ်နော်။ အဲဒါကြောင့်-

မေ-ငါ့သန္တာန်မှာ၊ **သာတသဟဂတာ**-ပီတိပါမောဇ္ဇနှင့်တကွ ဖြစ်၍ နေသော၊ **ကာယဂတာသတိ**-သုံးဆယ့်နှစ်ကောဋ္ဌာသ အာနာပါန ဆိုတဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို၊ **နဝိဇဟိဿတီတိ**-ဘယ်တော့မှ မစွန့်စေရဘူးရယ်လို့၊ **စေ ဟိ**-ဤသို့လျှင်၊ **တေ တယာ**-သင်ချစ်သား ကဿပသည်၊ **သိက္ခိတဗ္ဗံ**-ကျင့်သုံးထိုက်တယ်, ကျင့်သုံးရမယ်, ကျင့်သုံးပါလေတော့ရယ်လို့၊ **တတိယံ ဩဝါဒံ**-ယခုပြောပြတဲ့ တတိယမြောက် ဩဝါဒကို၊ **အဒါသိ**-ကရုဏာရှေးရှု ပေးသနားတော် မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အနှစ်ချုပ် ဩဝါဒသုံးခု

(ပရိသတ်ရေ) ဘုရားက ဩဝါဒ ဘယ်နှစ်ခုပေးလဲ။

၁။ ပထမပေးတဲ့ ဩဝါဒက သာသနာတော်မှာ ကြီးကြီး ငယ်ငယ်၊ ရွယ်ရွယ် လတ်လတ် သံဃာအချင်းချင်း ဆက်ဆံတဲ့နေရာမှာ ရှိရှိသေသေ လေးလေးစားစား ဆက်ဆံရမယ်။ မထီလေးစား ဘယ်သူ့ကိုမှ မဆက်ဆံနဲ့တဲ့၊ ဟုတ်လား။

သက်တော်တစ်ရာ ဆိုပေမယ့် ဘုန်းကြီးတို့ ကျေးဇူးရှင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးက ဘယ်သူ့ကိုပဲဖြစ်ဖြစ် နောက်ဆုံး ကိုရင်လေးကိုပဲ ဖြစ်ဖြစ် လေးလေးစားစား ဆက်ဆံတော်မူတာပါနော်။

၂။ ဒုတိယဩဝါဒကတော့ တရားများ နာကြားရင် ကြီးကြီး ငယ်ငယ် ဘယ်သူပဲဟောဟော တမြတ်တနိုး နာပါ။

၃။ နောက် သုံးခုမြောက် ဩဝါဒက ပီတိပါမောဇ္ဇ ဖြစ်လာသည် အထိ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

ပိပ္ပလိရဟန်း (သို့မဟုတ်) ကဿပမထေရ်ကို ရာဇဂြိုဟ်နဲ့ နာလန္ဒာကြားက ဗဟုပုတ္တက စေတီယကျောင်းမှာ မြတ်စွာဘုရားက ပေးနေတဲ့ ဩဝါဒဟာ (ပရိသတ်ရေ) ကမ္ဘာမြေကြီး တုန်သွားလောက် အောင်ကို အံ့ဩစရာ ကောင်းတယ်။

## နှုတ်ကဖွားတဲ့ သားပါဘုရား

ဒီမထေရ်ကြီး တောထွက်လာတာကို မြတ်စွာဘုရားက စောင့်ကြို ပြီးတော့ လမ်းမှာ ဩဝါဒပေးတော့ ကဿပမထေရ်လောင်းလျာက ဘာ လျှောက်သလဲဆိုတော့ -

**ဘဂဝတော ပုတ္တော ဩရသော မုခတော ဇာတော။**

**ဘန္တေ ဘဂဝါ**-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ **အဟံ**-ဘုရားတပည့်တော်သည်၊ **ဒါနိ ဣဒါနိ**-ယခုအခါမှာ၊ **ဘဂဝတော ပုတ္တော**-မြတ်စွာဘုရားရဲ့ သားတော်ပါဘုရား၊ **ဩရသော ပုတ္တော**- ရင်မှ ဖွားတဲ့ သားတော်လိုပါပဲ၊ **မုခတော ဇာတော**-ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ခံတွင်းက ဖြစ်လာတဲ့ သားတော်တစ်ယောက်ပါပဲ။

ဘုရားရှင်ရဲ့ ရင်ကဖြစ်တဲ့ သားလိုပါပဲဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခံတွင်းတော်က ဖွားတော်မူလာတဲ့ သားပါပဲဘုရား။

ဘုရားခံတွင်းတော်က ဒီနေရာမှာ ဩဝါဒသုံးခု ထွက်လာတာသိပြီ နော်။ အဲဒီ ဩဝါဒ သုံးခုက အရှင်မဟာကဿပရဲ့ ရင်ထဲ နှလုံးသားထဲ အထိ ဝင်ရောက်သွားပြီ။ အဲဒါကြောင့် ဘာသားလဲဆိုတော့ **မုခဇသား**။

(ပရိသတ်ရေ) ဘာသားလဲ။

"မုခဇသားပါ ဘုရား"

ဘုရားရှင်ရဲ့ ရွှေနှုတ်တော်က ပေးလိုက်တဲ့ ဩဝါဒသုံးခုကို ခံယူလိုက်ရုံနဲ့ (ဘာဖြစ်ပြီလဲ) ဘုရားသားတော်ဖြစ်ပြီတဲ့။ အဲဒါကို မုခဇသားလို့ ဒီလိုခေါ်ရတယ်။

**ဓမ္မသားတော်**

နောက်တစ်မျိုး ထပ်ပြောသေးတယ်။

**ဘဂဝတော**- ဘုရားရှင်ကိုယ်တော်မြတ်ရဲ့၊ **ဓမ္မောဇ ပုတ္တော**။ ဘာတဲ့လဲ။

"ဓမ္မောဇ ပုတ္တောပါ ဘုရား"

**ဓမ္မောဇပုတ္တော**- တရားတော်ကြောင့် ဓမ္မရဲ့ဂုဏ်အစွမ်းကြောင့် ဖြစ်လာတဲ့ သားတော်ပါဘုရား။

ဘယ်လို သားတော်မျိုးလဲ။

"တရားစွမ်းရည်ကြောင့်ဖြစ်လာတဲ့ သားတော်မျိုးပါ ဘုရား"

**ဓမ္မနိမ္မိတော**- တရားတော်က ဖန်ဆင်းပေးလိုက်တဲ့ သားတော် တစ်ယောက်ပါ ဘုရား။

ဘယ်သူက ဖန်ဆင်းပေးလိုက်သလဲ။

"တရားတော်က ဖန်ဆင်းပေးလိုက်တာပါဘုရား"

အဖေနဲ့ အမေက ဖန်ဆင်းပေးတာ မဟုတ်ဘူးတဲ့နော်။

အဲဒါကြောင့်-

**ဓမ္မဒါယာဒေါ**-အဲဒီ ဓမ္မကို တပည့်တော် အမွေခံလိုက်ပါပြီ မြတ်စွာဘုရား၊ **ဘန္တေ ဘဂဝါ**-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ **အဟံ**-တပည့်တော်သည်၊ **ဓမ္မဒါယာဒေါ**-ဘုရားပေးတဲ့ တရားအမွေကို

ခံယူတဲ့ ဓမ္မသားတော်တစ်ယောက် ကောင်းစွာဖြစ်ပြီရယ်လို့၊ **ဘဂဝန္တ**-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို၊ **အဝေါစ**-ရွှေနားတော်ကြားအောင် လျှောက်ထားလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သားတော် ငါးမျိုး

အရှင်မဟာကဿပ မိမိရဲ့ကိုယ်ကို ဘုရားရှင်ရဲ့ သားတော်ဖြစ်ကြောင်း ကောင်းစွာ လျှောက်ကြားတဲ့နေရာမှာ (ပရိသတ်ရေ)-

၁။ **ဩရသော ပုတ္တော**- ရင်ကဖွားတဲ့သား။

၂။ **မုခဇ ပုတ္တော**- ရွှေနှုတ်တော်ကဖွားတဲ့သား။

၃။ **ဓမ္မောဇ ပုတ္တော**- ဓမ္မနဲ့ဖွားလာတဲ့သား။

၄။ **ဓမ္မ နိမ္မိတော**- တရားတော်က ဖန်ဆင်းလိုက်တဲ့သား။

၅။ **ဓမ္မ ဒါယာဒေါ**- ဓမ္မအမွေတွေကို ခံယူထားတဲ့သား။

ဘုရားရှင်ရဲ့ သားတော်ဂုဏ်ရည် (ပရိသတ်ရေ)။

ဒီမှာ ဘယ်နှစ်ခုပြောသလဲ။

၁။ **ဩရသော ပုတ္တော**။

၂။ **မုခဇ ပုတ္တော**။

၃။ **ဓမ္မောဇ ပုတ္တော**။

၄။ **ဓမ္မ နိမ္မိတော**။

၅။ **ဓမ္မ ဒါယာဒေါ**- လို့

(ပရိသတ်ရေ) ငါးမျိုးနော်။

အဲဒီလို ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဩဝါဒသုံးချက်ကို ခံယူပြီးတော့ သူကိုယ်တိုင်က "ဘုရားသားတော် ဖြစ်ပါပြီ" လို့ ကြေညာလိုက်တယ်နော်။

## ရဟန်းဖြစ်တော်မူပြီ

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဩဝါဒကို ခံယူလို့ "ဘုရားသားတော် ဩရသ၊ မုခဇ၊ ဓမ္မဇ၊ ဓမ္မနိမ္မိတ၊ ဓမ္မဒါယာဒ သားဖြစ်ပါပြီ" လို့ ကြေညာလိုက်တာနဲ့ တစ်ပြိုင်နက်တည်း...။

**အာယသ္မတော ကဿပ**-အရှင်မဟာကဿပရဲ့၊ **ပဗ္ဗဇ္ဇာဘာဝေါ ဥပသမ္ပဒဘာဝေါ**-ရှင်ရဟန်းရဲ့အဖြစ်သည် ရှင်ပြုခြင်း ရဟန်းခံခြင်းသည်၊ **နိမ္ဗတ္တိ နိဗ္ဗတ္တိ**-ကောင်းစွာကုံလုံ ပြီးပြည့်စုံတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ရှားပါးတဲ့ ရဟန်းတော်မျိုး

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဩဝါဒကို ခံယူလိုက်သည်နှင့် တစ်ပြိုင်နက်တည်း အရှင်မဟာကဿပရဲ့ ရဟန်းပြုခြင်းကိစ္စ (ဘာဖြစ်ပြီတဲ့လဲ)။ ပြီးပြီတဲ့နော်။ သိမ်ထဲမှာ ကမ္မဝါ ဖတ်လိုက်ရသေးသလား။

"မဖတ်လိုက်ရပါ ဘုရား"

ဇေဟိဘိက္ခု ခေါ်လိုက်ရသေးသလား။

"မခေါ်လိုက်ရပါ ဘုရား"

ထူးထူးဆန်းဆန်း ရဟန်းဖြစ်ပုံနော်။ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဩဝါဒတော် သုံးရပ်ကို ခံယူခြင်းဖြင့် ဖြစ်လာတဲ့ ရဟန်း။ အဲဒါမျိုးကို "**ဩဝါဒ ပဋိဂ္ဂဟဏူပ သမ္ပဒါ**"လို့ ခေါ်တယ်။ ရဟန်းပြုခြင်း ရှစ်မျိုးထဲမှာ တစ်မျိုး အပါအဝင်ပါပဲနော်။ ဒီလိုရဟန်းဖြစ်တာ သာသနာမှာ ဒီတစ်ပါးပဲ ရှိတယ်။

(ပရိသတ်ကြီးရေ) ယောကျ်ားကောင်းအာဇာနည် ထူးချွန်တဲ့ ပုဂ္ဂိုလ်ဆိုတာ အများကြီး မရှိဘူးနော်။ တစ်ပါးတလေ၊ တစ်ဦးတလေ၊ တစ်ယောက်တလေပဲ ရှိတာပါ။

## သာသနာပိုင် ရာပြည့်ဆရာတော်သုံးပါး

အဲ- တစ်ခုတော့ရှိတယ်။ ဘုန်းကြီးတို့ ရွှေကျင်နိကာယကြီးရဲ့ သမ္မုတိ သံဃရာဇာ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးတွေ တော်တော်များများဟာ ထူးထူးခြားခြား ရာပြည့်ရာကျော် သက်တော်ရှည်တော်မူကြတယ်။

၁။ **စံကင်းဆရာတော်ကြီး**ဆိုရင် ရွှေကျင်ဂိုဏ်းကြီးရဲ့ နဝမမြောက် သာသနာပိုင် ဆရာတော်ကြီးတစ်ပါးပါ။ ၁၂၃၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၆) ရက်၊ အင်္ဂါနေ့မှာ ဖွားတယ်။ စစ်ကိုင်းမြို့နယ် လင်းယဉ်ရွာ

ဇာတိသား။ နောက်တော့ အဘိဓဇဘွဲ့ကြီးရတယ်။ ရွှေကျင်သာသနာပိုင် ဖြစ်တယ်။

၁၃၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့မှာ လွန်တော်မူတယ်။ စုစုပေါင်း သက်တော် (၁၀၁)နှစ် (၇)လ (၄)ရက် သက်တော်ရှည်တော်မူခဲ့တယ်။

၂။ ဒုတိယသက်တော်ရှည် မထေရ်ကြီးက ကောဒသမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ **ကြေးမြင်ဆရာတော်ကြီး**ဖြစ်တယ်။ ၁၂၄၇ ခုနှစ်၊ ပြာသိုလပြည့်၊ အင်္ဂါနေ့မှာ ဖွားမြင်တယ်။ ဝမ်းတွင်းမြို့နယ် သာဖန်းရွာဇာတိဖြစ်တယ်။ **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့ ရတော်မူတယ်။

နောက်တော့ (၁၁)ဆက်မြောက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဖြစ်လာပြီးတဲ့နောက် ၁၃၅၁ ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်မှာ လွန်တော်မူတယ်။ လွန်တော်မူချိန်မှာ သက်တော် (၁၀၃)နှစ်၊ (၁၀)လ ရက်(၂၀) ရှိခဲ့ပါပြီ။

၃။ ယော ခု ရွှေဟင်္သာဆရာတော်ကြီးကို ဖူးတွေ့ရနေပါပြီ။ ရွှေကျင်ဂိုဏ်းကြီးရဲ့ (၁၂)ဆက်မြောက် သာသနာပိုင်ဆရာတော်ကြီးပါပဲ။ သက်တော် တစ်ရာတင်းတင်း ပြည့်နေပါပြီ။

မျက်စိမမှုန်၊ ခါးမကိုင်း၊ နားမထိုင်း၊ သွားမကျိုး၊ သတိမမေ့၊ သာသနာပြု စတဲ့ ဂုဏ်ထူးတွေနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးပါ။

၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်၊ ကြာသပတေးနေ့မှာ ရောဝတီတိုင်း လေးမျက်နှာမြို့မှာ မွေးဖွားခဲ့ပါတယ်။

အဂ္ဂဘွဲ့၊ အဘိဓဇဘွဲ့၊ သဒ္ဓမ္မဇောတိကဘွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယဘွဲ့၊ သာသနာပိုင်ဘွဲ့တွေနဲ့ အထူး တင့်တယ်နေတဲ့ ဆရာတော်ကြီးပါ။

## ထူးခြား ထူးချွန်တဲ့ ရွှေဟင်္သာဆရာတော်

စံကင်းဆရာတော်၊ ကြေးမြင်ဆရာတော်၊ ရွှေဟင်္သာဆရာတော် ဆိုပြီး ရွှေကျင်သာသနာပိုင်လည်းဖြစ်၊ သက်တော်ရာကျော်တဲ့ မထေရ်ကြီးတွေလည်းဖြစ်တဲ့အထဲမှာ ဘုန်းကြီးတို့ အခု ဖူးတွေ့နေရတဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီး ဆိုတာကတော့ ပိုပြီး ထူးချွန်တယ်လို့ ဆိုရမယ်နော်။

ထူးချွန်ပုံချင်း တစ်မျိုးစီရှိတဲ့အထဲမှာ ရွှေဟင်္သာဆရာတော်ဘုရားကြီးကတော့ သက်တော်တစ်ရာထိတိုင် တရားတွေကို အေးအေးဆေးဆေး ဟောနေဆဲပဲဖြစ်ပါတယ်။ ပရိသတ်တွေ လာကန်တော့ကြလည်း ကြည်ကြည်လင်လင် အဖူးမြော်ခံလို့ နေ့စဉ်ကျောင်းထဲကို တစ်နေ့နှစ်ကြိမ်လောက် အညောင်းပြေ လမ်းတွေလျှောက်လို့၊ သံဃာတွေကို ဩဝါဒပေးလို့ ကျန်းကျန်းမာမာ သန်သန်မာမာနဲ့ အမေရိကတို့၊ စင်ကာပူတို့၊ ထိုင်းတို့၊ အိန္ဒိယတို့၊ ဘာတို့ကိုတောင် ခရီးဒေသစာရီ ကြွချီတော်မူလိုက်သေးတယ်၊ ဟုတ်လား။

အဲဒီလို နှစ်ပေါင်းတစ်ရာ ကြာမြင့်ပေမယ့်လည်း ဆရာတော်ဘုရားကြီးရဲ့ ကာယအား၊ ဉာဏအားတွေ ဘာ့ကြောင့် ဆွေးမြေ့ယိုယွင်းအိုမင်းခြင်း မရှိတာလဲဆိုတော့ (ပရိသတ်ရေ) ဒီမှာ အရှင်မဟာကဿပက ပြောထားခဲ့ပြီးပြီ။

## ဓမ္မစွမ်းရည်တွေကြောင့်

ဒီစွမ်းရည်တွေ ဘာကြောင့်ဖြစ်သလဲ။

**ဓမ္မဇော ဓမ္မနိမ္မိတော**- တရားတော်ရဲ့ စွမ်းရည်ကြောင့်ဖြစ်တာ။

တရားတော်က ဖန်ဆင်းပေးလိုက်လို့ ဖြစ်တာ။

(ပရိသတ်ရေ) ဘာကြောင့် ဖြစ်တာတဲ့လဲ။

တရားတော်စွမ်းရည်ကြောင့် ဖြစ်တာပါဘုရား။

ဆရာတော်ဘုရားကြီးရဲ့ စွမ်းရည်တွေကို ဘယ်သူက ဖန်ဆင်းသလဲ။ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေက ဖန်ဆင်းပေးတယ်လို့ မထင်လိုက်လေနဲ့။ တကယ်တော့ ဆရာတော်ဘုရား ကျင့်သုံးတဲ့ ဓမ္မဂုဏ်တော်တွေက ဆရာတော်ဘုရားကို အပြည့်အစုံ ဖန်ဆင်းပေးထားတယ်။

၁။ ကျောင်းတိုက်တာ အဆောက်အအုံတွေ၊ အခြံအရံ ပရိသတ်တွေ၊ တပည့်တပန်းပေါင်း များစွာတွေ၊ ဒကာ ဒကာမတွေ စတဲ့ အာမိသတွေကို ရော။

၂။ သီလ၊ သမာဓိ၊ ပညာဂုဏ် စတဲ့ ဓမ္မဂုဏ်ရည်တွေကိုပါ အားလုံးကို ပေါ့လေနော်။

အဲဒါတွေ အားလုံးကို ဘာကလုပ်ပေးတာလဲဆိုတော့-

**ဓမ္မဓော ဓမ္မ နိမ္မိတော**- တရားကြောင့်ဖြစ်တာ တရားက လုပ်ပေးတာရယ်လို့၊ **အာယသ္မာ မဟာကဿပေါ**- အရှင်မဟာကဿပမထေရ် သူမြတ်သည်၊ **ဘဂဝန္တံ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို၊ **အဝေါစ**-ရွှေနားတော်ကြားအောင် လျှောက်ထားလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဝေဠုဝန်သို့ သွားကြစို့

အရှင်မဟာကဿပရဲ့ ရှင်ရဟန်းဖြစ်ပုံကို ပရိသတ်ကြီး သိပြီနော်။ ဘယ်လို ရဟန်းဖြစ်သလဲ။ ဩဝါဒကို ခံယူခြင်းဖြင့် ရဟန်းဖြစ်တော်မူတယ်။

အဲဒီလို အရှင်မဟာကဿပ ရဟန်းပြုလို့လည်းပြီးရော ဘုရားရှင်ကိုယ်တော်မြတ်က "လာ- ချစ်သား ကဿပ၊ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်ကို သွားကြပါစို့" ဆိုပြီးတော့ အရှင်မဟာကဿပကို နောက်ပါခေါ်ပြီးတော့ ဝေဠုဝန်ကျောင်းကို ကြွတော်မူကြတယ်။ ဆရာတပည့်နှစ်ပါး ကြွတော်မူကြတာနော်။

သက်တော်ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဘဝဖြစ်စဉ်များကို ဘုန်းကြီးတို့ ပြောပြချင်ပေမယ့် အချိန်မလောက်လို့ ဘယ်လိုမှ ပြောခွင့်မရှိဘူး ဖြစ်နေပါတယ်။ ဒီနေရာ ဒီအချိန်လောက်နဲ့ အကျယ်တဝင့်ပြောခွင့် မကြုံဘူးပေါ့လေနော်။ သို့သော် ဆရာတော်ကြီးအကြောင်း စာအုပ်တွေ အဆင်သင့်ရှိနေတယ်။ ပရိသတ်ကြီး ရှာဖတ်ကြပေတော့ ဟုတ်လား။

ဒီလိုနဲ့ ဝေဠုဝန်ကျောင်းတိုက်ထဲ ရောက်သွားကြတယ်။ မြတ်စွာဘုရားနဲ့ အရှင်မဟာကဿပ ကိုယ်တော်တို့ သစ်ပင်ရင်းတစ်နေရာလေးမှာ ထိုင်ပြီးတော့ မြတ်စွာဘုရားတရားဟော၊ ကမ္မဋ္ဌာန်းပေး ဆွေးနွေးကြမယ်ပေါ့။

## သိပ်ကောင်းတဲ့ သင်္ကန်းပါလား

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလည်း နှစ်ထပ်သင်္ကန်း

ခင်းထိုင်တယ်။ အရှင်မဟာကဿပ ကိုယ်တော်ကြီးကလည်း နှစ်ထပ်သင်္ကန်းကြီး ခင်းထိုင်တယ်။ အဲဒီအချိန်မှာ အရှင်မဟာကဿပကိုယ်တော်ကြီး ခင်းထိုင်တဲ့ နှစ်ထပ်သင်္ကန်းကို မြတ်စွာဘုရားက လက်လေးနဲ့ သုံးသပ်ကိုင်တွယ်ကြည့်ပြီးတော့ -

"ချစ်သား ကဿပ၊ မင်းသင်္ကန်း သိပ်ကောင်းတာပဲ၊ သိပ်နူးညံ့တာပဲ၊ တယ်ချောတာပဲ၊ တယ်မွတ်တာပဲ၊ အလွန်ချောမွတ်နူးညံ့ပြီးတော့ သိပ်ကောင်းတဲ့ နှစ်ထပ်သင်္ကန်းကြီးပါလား" လို့ မိန့်လိုက်တယ်။

သူက သူဌေးသားဆိုတော့ (ပရိသတ်ရေ) တောထွက်ခါနီးမှာတောင် အကောင်းဆုံး သင်္ကန်းတွေကို ဝယ်ပြီး ဝတ်ရုံလာတာဆိုတော့ နှစ်ထပ်သင်္ကန်းက ဘုရားချီးမွမ်းရလောက်အောင် ကောင်းပါလိမ့်မယ်။ ဒီတော့ အရှင်မဟာကဿပက -

"မှန်ပါ၊ တပည့်တော်ရဲ့ နှစ်ထပ်သင်္ကန်းကြီးက ကောင်းတယ်ဘုရား၊ ချောမွတ်နူးညံ့တယ်ဘုရား၊ ဒီလောက်ကောင်းတဲ့ သင်္ကန်းဟာ မြတ်စွာဘုရားရှင်နဲ့ဆိုရင်တော့ သင့်လျော်မှာပဲ ဘုရား၊ ဒါကြောင့် မြတ်စွာဘုရားက တပည့်တော်ရဲ့ နှစ်ထပ်သင်္ကန်းကြီးကို အလှူခံတော်မူပါ"လို့ အလိုက်သိစွာနဲ့ လျှောက်ထားလိုက်တယ်။

## ချီးမွမ်းရင် အလိုက်သိရတယ်

(ပရိသတ်ကြီးရေ) ချီးမွမ်းပြီဆိုရင် အလိုက်သိရတယ်ဗျနော်။ ဘုန်းကြီးက ဒီလူတွေကို တစ်ခါတစ်ခါ သိပ် ချီးမွမ်းပစ်လိုက်ချင်တာနော်။

"ဒီလောက်ကောင်းမြတ်တဲ့ သင်္ကန်းဟာ မြတ်စွာဘုရားတို့နဲ့ပဲ သင့်တော်ပါတယ်ဘုရား၊ ဒါကြောင့် ဒီနှစ်ထပ်သင်္ကန်းကြီးကို တပည့်တော် လှူပါ့မယ်၊ လက်ခံတော်မူပါ"လို့ ဆိုပြီးတော့ သူ့ရဲ့ နှစ်ထပ်သင်္ကန်းကြီးကို သေသေချာချာ ခေါက်ပြီး မြတ်စွာဘုရားအား လှူလိုက်တယ်။ ဒီတော့ မြတ်စွာဘုရားက -

"ချစ်သား ကဿပ၊ ချစ်သားက ငါ့ကို နှစ်ထပ်သင်္ကန်းလှူတယ်ဆိုလို့ရှိရင် ငါဘုရားရှင် ကိုယ်တော်မြတ်ကလည်း ချစ်သားအား နှစ်ထပ်သင်္ကန်း ပေးဦးမယ်" ဆိုပြီးတော့ -

မြတ်စွာဘုရားကလည်း သူထိုင်ဖို့ ခင်းထားတဲ့ ပံ့သကူ နှစ်ထပ်သင်္ကန်းကြီးကို ပြန်စွန့်တော်မူပြန်တယ်။

(ပရိသတ်ရေ) ဘုရားရဲ့သင်္ကန်းက ဘာသင်္ကန်းလဲ။

''ပံ့သကူသင်္ကန်းပါ ဘုရား''

## မြတ်စွာဘုရားရဲ့ ပံ့သကူသင်္ကန်း

ပုဏ္ဏာလို့ခေါ်တဲ့ ကျွန်မလေးရဲ့ ရုပ်အလောင်းကို ပိတ်တွေနဲ့ပတ်ပြီးတော့ သုသာန်မှာ စွန့်ပစ်ထားတာ။ မြတ်စွာဘုရားက ပံ့သကူသင်္ကန်း ကောက်မလို့ဆိုပြီးတော့ ထွက်အလာ သုသာန်ထဲကိုရောက်တော့ ကျွန်မလေးပုဏ္ဏာရဲ့ ရုပ်အလောင်းကြီးက ပုပ်ပြီး ပွနေတယ်။

ပိုးလောက်တွေ တဖွားဖွားကျနေတဲ့ ဥဒ္ဓုမာတက ရုပ်အလောင်းကောင်ကြီးဆိုတော့ ပံ့သကူသင်္ကန်းကောက်ဖို့ကတော့ အကောင်းဆုံးပဲပေါ့။ ရုပ်အလောင်းကောင်မှာ ပတ်ထားတဲ့ ပိတ်စတွေကို မြတ်စွာဘုရားက တစ်လွှာချင်း တစ်လွှာချင်း ရှဲခနဲ ရှဲခနဲမြည်အောင် ခွာယူရတယ်နော်။ ကပ်နေတာကိုး။ ပြီးတော့မှ အဲဒီ ပိတ်စမှာ ကပ်နေတဲ့ ပိုးလောက်တွေကို ဝါးခြမ်းပြားလေးနဲ့ ခြစ်ချရတာ။ (ပရိသတ်ရေ) တစ်ပြည်သားလောက်ရတယ်တဲ့နော်။

အဲဒီ ပိတ်စကြီးကို မြတ်စွာဘုရားက ပံ့သကူကောက်ပြီးတော့ မြစ်ထဲမှာ လျှော်တော်မူတာ မြေကြီးကို တုန်သွားတာပဲ။ ''ဘုရားစင်စစ်က ဒီလောက်တောင် ယုတ်ညံ့စွာသော ပိတ်စကို ပံ့သကူ ကောက်ရသတဲ့'' ဆိုပြီး အံ့ဩလွန်းလို့ တုန်တာ၊ လျှော်လှုပ်သွားရလောက်အောင်ကို ဖြစ်တယ်။

## အမြတ်စား၊ အလတ်စား၊ အညံ့စား ပံ့သကူများ

မြတ်စွာဘုရားက အဲဒီလို ပံ့သကူကို ကိုယ်တော်တိုင်ကောက်၊ ကိုယ်တော်တိုင် လျှော်ဖွပ်၊ ကိုယ်တော်တိုင် ချုပ်ဆိုးပြီးတော့မှ ပံ့သကူ နှစ်ထပ် သင်္ကန်းကြီးအဖြစ် သုံးဆောင်တော်မူတာ။ အဲဒီလို သင်္ကန်းမျိုးကိုမှ ''ဥက္ကဋ္ဌ ပံသကူလ စီဝရ'' အမြင့်မြတ်ဆုံးသော ပံ့သကူသင်္ကန်းလို့ ခေါ်ရတယ်နော်။

ဒီကနေ့ခေတ် ချုပ်ပြီးသား သင်္ကန်းတွေကို သေသေချာချာ အိတ်နဲ့ ဘာနဲ့ ပိတ်ပြီးတော့ ဟိုနားဒီနားမှာ ပစ်ချထားတဲ့ သင်္ကန်းမျိုး မဟုတ်ဘူး။ အဲဒါကတော့ ပံ့သုကူ အညှော်စားတဲ့။

ဒုတိယပံ့သုကူက ဘာလဲဆိုတော့ ပိတ်စပေါ့ဗျာ။ ချုပ်ပြီးသား အဆင်သင့် မဟုတ်ဘူး။ ပိတ်သား၊ ပိတ်စ အသစ်စက်စက် လတ်လတ်ဆတ်ဆတ်ကို ''သင်္ကန်းချုပ်တော်မူကြပါ''ဆိုပြီး စာရေးပြီး ပစ်ချလှူထားတာမျိုး၊ ဒါမျိုးက အလတ်တန်းစား ပံ့သုကူသင်္ကန်းတဲ့။

မြတ်စွာဘုရားရဲ့ ပံ့သုကူ နှစ်ထပ်သင်္ကန်းကြီးကတော့ အဲဒီလို အညှော်စားပံ့သကူ၊ အလတ်စားပံ့သုကူ သင်္ကန်းမျိုးတွေ မဟုတ်ဘူး။ ပုဏ္ဏာကျွန်မကိုယ်မှာပတ်ထားတဲ့ ပိတ်စကို ကိုယ်တိုင်ခွာပြီး တစ်ပြည်သား လောက်ရှိတဲ့ ပိုးတွေကို ကိုယ်တိုင်တုတ်နဲ့ခြစ်ချ၊ ဆွဲခွာလိုက်တဲ့အခါမှာ အသားတွေက ရိဆွေးပြီး ရှဲခနဲ ရှဲခနဲ ကပ်ပါလာတာတွေ၊ ပိုးလောက်တွေကို ကိုယ်တော်တိုင် လျှော်ဖွပ် ချုပ်ဆိုးတာဆိုတော့ အမြင့်မြတ်ဆုံးသော ထိပ်တန်းပံ့သုကူသင်္ကန်းကြီး ဖြစ်နေတော့တာပေါ့ နော်။

## ပံ့သုကူသင်္ကန်းပေးတဲ့ အဓိပ္ပာယ်

အဲဒီလို မြင့်မြတ်တဲ့ နှစ်ထပ်သင်္ကန်းကြီးကိုမှ မြတ်စွာဘုရားက အရှင်မဟာကဿပရဲ့ ပခုံးပေါ်မှာ တင်ပေးလိုက်တယ်။ အဓိပ္ပာယ်က ဘာလဲဆိုတော့ (ပရိသတ်ရေ)။

''ငါဘုရား ကွယ်လွန်ပြီးတဲ့နောက်ပိုင်းမှာ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာ့တာဝန်ကို ချစ်သား မဟာကဿပက ငါဘုရားကိုယ်စား ထမ်းရစ်ပေတော့'' ဆိုတဲ့ အဓိပ္ပာယ်ပါနော်။

မြတ်စွာဘုရား လွန်တော်မူပြီးတဲ့နောက်ပိုင်းမှာ လက်ဝဲရံ ရှင်မောဂ္ဂလာန်၊ လက်ျာရံ ရှင်သာရိပုတ္တရာတို့ကလည်း မြတ်ဗုဒ္ဓ မလွန်မီ စောစောပိုင်းလေးမှာ လွန်တော်မူကြမှာဆိုတော့ နောက်ပိုင်း အရှင်မဟာကဿပ မထေရ်ကြီးသာ ဦးဆောင်တော်မူရမှာကို ကြိုတင် သိတော်မူခဲ့တယ်။ ဒါကြောင့်မို့လည်း ဒီလို ချီးမြှောက်တော်မူခဲ့တာ။

ရာပြည့် ရွှေဟင်္သာဆရာတော်ကြီးကလည်း ဒီကနေ့ အရှင်မဟာကဿပရဲ့ နေရာမှာ တာဝန်ယူနေရတာ ဖြစ်ပါတယ်။

**အတွေး မမှားကြနဲ့**

မြတ်စွာဘုရားနဲ့ အရှင်မဟာကဿပတို့ သင်္ကန်းချင်း လဲတယ် ဆိုတဲ့အဓိပ္ပာယ်မှာ "အရှင်မဟာကဿပရဲ့ သင်္ကန်းကောင်းလို့ ဘုရားရှင်က ချီးကျူးပြီးတော့ လဲယူလိုက်တယ်" လို့ အတွေးမမှားကြပါနဲ့နော်။

"သာသနာတော်ကြီးရဲ့ ကြီးလေးတဲ့ တာဝန်တွေကို ပေးအပ်မယ်" ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ကိုယ်တော်တိုင် ကောက်ယူထားတဲ့ ပံသုကူ သင်္ကန်းကြီးကို အရှင်မဟာကဿပ မထေရ်ကြီးရဲ့ ပခုံးပေါ်မှာ တင်ပေး လိုက်တာပါ၊ ဒီလိုနော်။

အဲဒီ အဓိပ္ပာယ်ကို အရှင်မဟာကဿပမထေရ်ကလည်း သေသေ ချာချာ နားလည်တယ်။ 'သာသနာ့တာဝန်ကြီး တစ်ရပ်လုံးဟာ ငါ့ပခုံး ပေါ်မှာ' လို့ အဲဒီလို သင်္ကန်းချင်းလဲစဉ်ကတည်းက အရှင်မဟာကဿပ မထေရ်ကြီး နားလည်သွားတယ်။

နောက် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတောင်းပြီးတော့ ကျင့်သုံး။ အဲဒီဝေဠုဝန်ကျောင်းတော်မှာ (၇)ရက်ပဲ ပုထုဇဉ်အဖြစ်နဲ့နေပြီးတော့ ရှစ်ရက် မြောက်နေ့မှာ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူပါတယ်။

ဘုရားရှင်က "အရှင်မဟာကဿပ မထေရ်သူမြတ်ကို သာသနာ တော်ရဲ့ အကြီးလေးဆုံးသော တာဝန်ကြီးကို ပေးလိုက်ပြီ" ဆိုတဲ့ အဓိပ္ပာယ် မျိုးနဲ့ နှစ်ထပ်သင်္ကန်းကြီး ပခုံးမှာ တင်ပေးလိုက်တာ။ အဲဒါကို အရှင်မဟာ ကဿပ ကိုယ်တော်ကြီးကလည်း သတ်သတ်မှတ်မှတ် ဝမ်းမြောက်ဝမ်းသာ ခံယူတော်မူတယ်။

**"သန္ဒဿာ ယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန စီဝရေန"**

**(သံ၊ ၁၊ ၃၉၉)**

**ဘိက္ခဝေ**-ရဟန်းတော်များ အို ချစ်သားတို့၊ **အယံ ကဿပေါ (မမသာဝကော)**-ငါဘုရားရဲ့ ဆုံးမစကားကို ကောင်းစွာလိုက်နာကျင့်သုံး၍ နေနေတဲ့ ဤကဿပမထေရ်သည်၊ **မမ သာသနေ**-ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အံ့ဖွယ်ရှစ်ဖြာ ဒီသာသနာတော်မှာ၊ **ဣတရီတရေန စီဝရေန**-ရတတ်သမျှသော သင်္ကန်းနဲ့သာ၊ **သန္တုဋ္ဌော**-ရောင့်ရဲတင်းတိမ် သည်၊ **အသိ**-ဖြစ်ပါပေတယ်ရယ်လို့၊ **ဘဂဝါ**-ဘုရားရှင်သည်၊ **ထော မေတိ**-ကောင်းစွာမသွေ ချီးမွမ်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သန္တုဋ္ဌိဂုဏ်နှင့် အရှင်မဟာကဿပ

ချစ်သားတို့-ကဿပမထေရ်သည် ငါဘုရားရှင်ရဲ့ သာသနာတော်မှာ ရရသမျှသော သက်န်းဖြင့်လည်း ရောင့်ရဲတော်မူတယ်။ အကျဉ်းချုပ်လိုက်မယ်ဆိုရင် -

ရရသမျှသော ဆွမ်းနဲ့လည်း ရောင့်ရဲတော်မူတယ်။

ရရသမျှ ကျောင်းနဲ့လည်း ရောင့်ရဲတော်မူတယ်။

ရရသမျှ ဆေးနဲ့လည်း ရောင့်ရဲတော်မူတယ်။

ပစ္စည်းလေးပါး ရသမျှနဲ့သာ ရောင့်ရဲတော်မူတယ်တဲ့။

ဒါမျိုးကို သန္တုဋ္ဌိဂုဏ်လို့ ခေါ်ရတယ်။

သုံးမကုန်အောင် ကြွယ်ဝချမ်းသာတဲ့ သူဌေးမျိုးကနေ ဆင်းသက်လာခဲ့တာ၊ ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာပစ္စည်းတွေကို စွန့်သွန်ပြီးတော့လာခဲ့တာ။ ရွှေစင်ရုပ်တုနဲ့တူတဲ့ မိန်းကလေးကို စွန့်လွှတ်ပြီးတော့ လာခဲ့တာ။

မြတ်စွာဘုရား သာသနာတော် ရောက်တဲ့အခါကျတော့ ဘယ်လိုကျင့်သုံးတာတဲ့လဲ။ ခြိုးခြိုးခြံခြံ ခေါင်းခေါင်းပါးပါး ရောင့်ရောင့်ရဲရဲ ကျင့်သုံးတော်မူတာပါတဲ့နော်။ ဒါကြောင့် ကဿပမထေရ်ကို မြတ်စွာဘုရားက သန္တုဋ္ဌိလေးပါးနဲ့ ချီးကျူးတော်မူတယ်။

**သန္တုဋ္ဌော ယံ ဘိက္ခဝေ ကဿပေါ။**

**ဘိက္ခဝေ**- ရဟန်းတော်များ အိုချစ်သားတို့၊ **အယံ ကဿပေါ**- ဤကဿပ မထေရ်သည်၊ **သန္တုဋ္ဌော**- သန္တုဋ္ဌိဂုဏ်နှင့် ပြည့်စုံပေတယ်ရယ်လို့၊ **ဘဂဝါ**- ဘုရားရှင်ကိုယ်တော်မြတ်က၊ **ဝဏ္ဏေတိ**- ကောင်းစွာမသွေ ချီးမွမ်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## လမင်းတူစွာ ထေရ်မဟာ

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က ရှင်မဟာကဿပ မထေရ်ကို နောက်ထပ်တစ်ခါ ချီးမွမ်းတော်မူပြန်တယ်။

**ကဿပေါ ဘိက္ခဝေ စန္ဒူပမော ကုလာနိ ဥပသင်္ကမတိ အပကဿေဝ ကာယံ အပကဿေဝ စိတ္တံ နိစ္စနဝကော ကုလေသု အပ္ပဂဗ္ဘော။** (သံ၊ ၁၊ ၄၀၂)

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ကဿပေါ**-ကဿပ မထေရ်သည်၊ **စန္ဒူပမော**-လနှင့်တူစွာ၊ **ကုလာနိ**-ဒကာ ဒကာမတွေထံကို၊ **ဥပသင်္ကမတိ**-ချဉ်းကပ်တတ်တယ်တဲ့။

ဒကာ ဒကာမတွေထံကို အရှင်မဟာကဿပမထေရ် ချဉ်းကပ်တာဟာ ဘာနဲ့တူစွာ ချဉ်းကပ်တာတဲ့လဲ။

''လနဲ့တူစွာ ချဉ်းကပ်တာပါဘုရား''

## လမင်းနဲ့ တူညီပုံ

အေး- လမင်းနဲ့တူစွာ ချဉ်းကပ်တယ်။ လမင်းဟာ ဟောဒီ ကမ္ဘာလောက လူသားတွေနဲ့ အဝေးကြီးခွာပြီးတော့ ကောင်းကင်မှာ သွားနေတယ်။ ဒါပေမဲ့ လောကကိုတော့ အမြဲတမ်း (ဘာပေးနေလဲ)။ အအေးဓာတ်တွေ ပေးနေတယ်။ လူသားတွေနဲ့ လောကဓာတ်ကြီး တစ်ခုလုံးကို အအေးဓာတ်တွေ အမြဲတမ်း ပေးနေတဲ့ ဒီလမင်းဟာ ဟောဒီ လူသားတွေ ရှိနေတဲ့ လောကကြီးနဲ့ နီးကပ်နေသလား။

''မနီးကပ်ပါဘုရား''

ဟော- ဘုန်းကြီးတို့ရဲ့ ရာပြည့် ရွှေဟင်္သာဆရာတော်ကြီး ကျင့်သုံးတော်မူတာလည်း ဒီလမင်းအတိုင်းပါပဲတဲ့။ ကမ္ဘာလောကကြီး၊ ပြီးတော့ တိုင်းပြည်နဲ့လူမျိုး သာသနာကို အအေးဓာတ် အငြိမ်းဓာတ်တွေ အမြဲတမ်း ပေးနေတဲ့ ရွှေဟင်္သာဆရာတော်ကြီးဟာ လူ့လောကကြီးနဲ့လည်း မငြိကပ်ဘူး။

လူ့လောကကြီးနဲ့လည်း လွတ်လွတ်လပ်လပ်၊ မငြိကပ်ဘဲနဲ့ တိုင်းပြည်နဲ့ လူမျိုးကို (ဘာပေးနေသလဲဆိုတော့) မေတ္တာအငြိမ်းဓာတ်တွေ ပေးတော်မူတယ်။ လမင်းကြီးနဲ့ အလားသဏ္ဌာန်တူတဲ့ စန္ဒူပမာ ဆရာတော်ဘုရားကြီးပါ၊ ဟုတ်လား။

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ကဿပေါ**-ကဿပ မထေရ်သည်၊ **ဣမသ္မိံ ဓမ္မဝိနယေ**-ဤအံ့ဖွယ်ရှစ်ဖြာ ငါဘုရားရဲ့သာသနာ

တော်မှာ၊ **ကုလာနိ**-ဒကာ ဒကာမတွေထံကို၊ **ဥပသင်္ကမန္တော**-ချဉ်းကပ်တော့မယ်ဆိုရင်၊ **စန္ဒူပမော**-လမင်းနဲ့ ပမာထားယူ အလားတူစွာ၊ **နအပကဿော**-ငြိကပ်ခြင်း မရှိဘဲနဲ့သာလျှင်၊ **ဥပသင်္ကမတိ**-ချဉ်းကပ်တော်မူတယ်။

## ငြိကပ်ခြင်း နှစ်မျိုး

ဒကာ၊ ဒကာမတွေကို ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ ဘယ်သူ့ကိုပဲ ပေါင်းသင်းဆက်ဆံစေကာမူ ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် စီးပွား ဥစ္စာ ရာထူး အာဏာ ရှိရှိ၊ မရှိရှိ လမင်းကြီးလို တညီတည်း တစ်သားတည်း ဘယ်သူ့အပေါ်မှာမှ လောဘဖြင့်လည်း ငြိကပ်ခြင်းမရှိ၊ ဒေါသဖြင့်လည်း တွန်းဖယ်ခြင်းမရှိ။

(ပရိသတ်ရေ) ငြိကပ်ခြင်းက နှစ်မျိုးရှိတယ်နော်။

၁။ လောဘနဲ့ ငြိကပ်တွယ်တာနေတာက တစ်မျိုး။

၂။ ဒေါသနဲ့ ငြိကပ်တွန်းဖယ်နေတာက တစ်မျိုးလို့ ငြိကပ်မှု နှစ်မျိုး ရှိတယ်။

ဒေါသဖြစ်လို့ မကျေမနပ်ဖြစ်နေတာဟာလည်း ငြိကပ်နေတာပါပဲ။

ပရိသတ်ကြီး စဉ်းစားကြည့်ပါလား။ ကိုယ်နဲ့ မတည့်လို့ ရန်ဖြစ်ထားတဲ့သူ တစ်ယောက်ကို မေ့မှ မမေ့ဘဲ။ မေ့လို့မှ မရဘဲ၊ ဟုတ်လား။

(ပရိသတ်ကြီး) မေ့နိုင်ရဲ့လား။

"မမေ့နိုင်ပါဘုရား"

ချစ်ရတဲ့သူကိုသာ မေ့လို့မရတာ မဟုတ်ပါဘူးနော်။ မုန်းတဲ့သူကိုလည်း မေ့လို့မရပါဘူး။

## မုန်းတာလည်း သံယောဇဉ်ပါပဲ

ချစ်သူကို ဘာကြောင့် မမေ့တာလဲ။
ချစ်တဲ့ သံယောဇဉ်ကြောင့် မမေ့တာ။
မုန်းသူကိုရော ဘာကြောင့် မမေ့တာလဲ။
မုန်းတဲ့သံယောဇဉ်ကြောင့် မမေ့တာပဲပေါ့၊ ဟုတ်လား။

မုန်းတာဟာလည်း သံယောဇဉ်ပါပဲ။ ဒေါသ ပဋိဃ သံယောဇဉ် ပေါ့။ ဒေါသ ကောဓ ဆိုတာကလည်း နှောင်ဖွဲ့တယ်နော်။ သူလည်း သံယောဇဉ် တစ်မျိုးပါပဲ။ အဲဒီတော့ ဒီကနေ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ဟာ ဆရာတော်ဘုရားကြီးရဲ့ လမ်းစဉ်အတိုင်း ကျင့်သုံးကြမယ် ဆိုရင် ဘယ်လို ကျင့်ကြရမလဲ။

စန္ဒူပမာ ကျင့်စဉ်ကို ကျင့်ရမယ်။

ဘာကျင့်စဉ်လဲ။

"စန္ဒူပမာကျင့်စဉ်ပါဘုရား"

၁။ ချစ်တယ်ဆိုပြီး တဏှာလောဘနဲ့လည်း ငြိကပ်တွယ်တာ နှစ်သက် မက်မောလို့မနေဘဲ၊

၂။ မုန်းတယ်ဆိုပြီးတော့လည်း ဒေါသ၊ ကောဓ၊ အာဃာတ တွေနဲ့ ရန်ငြိုးဖွဲ့လို့လည်း မနေကြဘဲ၊

၃။ လမင်းကြီးလို ခပ်ဝေးဝေးကနေ လွတ်လွတ်လပ်လပ်နေပြီး တော့ မေတ္တာအအေးဓာတ်တွေ အမြဲမပြတ် ဖြန့်ဝေနေကြ ရမယ်နော်။

## လိုချင်သူတွေ ရကြစေတော့

**ကုလာနိ**-ဒကာ ဒကာမတွေကို၊ **န အပကဿေဝ**-ငြိကပ်တွယ် တာမှု မရှိဘဲနဲ့သာလျှင်၊ **ဥပသင်္ကမတိ**-ချဉ်းကပ်တော်မူတယ်။

**ကဿပဿ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမတော**

**ကုလေသု စိတ္တံ န သဇ္ဇတိ။** (သံ၊ ၁၊ ၄၀၂)

**ကုလာနိ**-ဒကာ ဒကာမတွေကို၊ **ဥပသင်္ကမတော**-ချဉ်းကပ်တဲ့၊ **ကဿပဿ**-ကဿပမထေရ်ရဲ့၊ **စိတ္တံ**-စိတ်သည်၊ **ကုလေသု**-ဒကာ ဒကာမတွေမှာ၊ **န သဇ္ဇတိ**-လောဘဖြင့်လည်း မငြိ, ဒေါသဖြင့်လည်း မငြိ။

**လဘန္တု လာဘကာမာ။**

**လာဘကာမာ**-လာဘ်ကို အလိုရှိတဲ့ ပုဂ္ဂိုလ်တွေ၊ **လာဘံ လဘန္တု**-လာဘ် ရကြပါစေတော့။

**ပုညကာမာ ကရောန္တု ပုညာနိ။**

**ပုညကာမာ**-ကောင်းမှုကို လိုလားတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ၊ **ပုညာနိ**-ကောင်းမှုကုသိုလ်တွေကို၊ **ကရောန္တု**-ပြုနိုင်ကြပါစေတော့။

**ချဉ်းကပ်ကြပုံ နှစ်မျိုး**

ချဉ်းကပ်လာကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရည်ရွယ်ချက်တွေကို ဒီ "စန္ဒူပမာ သုတ္တန်"မှာ နှစ်မျိုး ပြောပြထားတယ်။

၁။ တချို့ ချဉ်းကပ်တာက လာဘ်လာဘ တစ်ခုခုကို လိုချင်လို့ ချဉ်းကပ်တာ။

၂။ တချို့ ချဉ်းကပ်တာကတော့ ကောင်းမှုကုသိုလ် တကယ်လိုလားလို့ ချဉ်းကပ်တာ။

လောကရဲ့ အာမိသ လာဘ်လာဘ တစ်မျိုးမျိုးကို မျှော်ကိုးလို့ ချဉ်းကပ်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ သူတို့ မျှော်ကိုးတဲ့ လာဘ်လာဘတွေ ရကြပါစေတော့၊ ကောင်းမှုကုသိုလ်ကို လိုလားတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ သူတို့လိုလားတဲ့ ကောင်းမှုကုသိုလ်တွေ ပြုနိုင်ကြပါစေ၊ ကုသိုလ်ရကြပါစေတော့ပေါ့။

**ကုလေသု**- အဲဒီလို ချဉ်းကပ်ကြတဲ့ ရည်ရွယ်ချက် အမျိုးမျိုးရှိတဲ့ ဒကာ၊ ဒကာမတွေအပေါ်မှာ၊ **စိတ္တံ**- စိတ်သည်၊ **န သဇ္ဇတိ**- လောဘ ဒေါသ ဒီနှစ်ဝဖြင့် ငြိကပ်ခြင်းမရှိဘဲနဲ့၊ **ဥပသင်္ကမတိ**- ချဉ်းကပ်တော်မူတယ်လို့၊ **ဘဂဝါ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **အာယသ္မန္တံ မဟာကဿပံ**- အရှင်မဟာကဿပ မထေရ်သူမြတ်ကို၊ **ဝဏ္ဏေဟိ**- ကောင်းစွာမသွေ ချီးမွမ်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

**ကြိုတင်တွေးထား မမှားရအောင်**

**ကဿပေါ ဘိက္ခဝေ ဇဝံ စိတ္တော ကုလာနိ ဥပသင်္ကမတိ။**

**ဘိက္ခဝေ**-ရဟန်းတော်များ အို-ချစ်သားတို့၊ **ကဿပေါ**-ကဿပ မထေရ်သူမြတ်သည်၊ **ဇဝံ စိတ္တော**-ဤကဲ့သို့သော စိတ်ထားရှိသည်ဖြစ်၍၊ **ကုလာနိ**-ဒကာ ဒကာမတွေကို၊ **ဥပသင်္ကမတိ**-ချဉ်းကပ်တော်မူတယ်။

ကဿပ မထေရ်သူမြတ်ဟာ ဒကာ၊ ဒကာမတွေထံကို ဒီလို စိတ်ထားပြီးတော့မှ ချဉ်းကပ်တော်မူတယ်တဲ့။

**တံ ကုတေတ္ထ လဗ္ဘာ ပရကုလေသု။**

ဒကာ၊ ဒကာမတွေထံ ချဉ်းကပ်တဲ့အခါမှာ ဒီလို ရည်ရွယ်ချက်မျိုးတွေ ဘယ်လိုလုပ်ပြီးတော့ ပြည့်စုံနိုင်ပါ့မလဲ။ ဘယ်လို ရည်ရွယ်ချက်တွေတုန်းလို့ ဆိုတော့ -

(က) **ဒေန္တု ယေဝ မေ၊ မာ နာဒံသု။**

**မေ**-ငါ့အား၊ **ဒေန္တုယေဝ**-ပေးလှူသည်သာလျှင်ဖြစ်ပါစေ၊ (ဝါ) ပေးလှူကြပါစေကုန်တော့၊ **မာ နာဒံသု**-မပေးမလှူဘဲ မရှိကြ ပါစေနဲ့။ အဓိပ္ပာယ်က ဒီလိုပါ။

ဒကာ၊ ဒကာမတွေက ကိုယ့်ထံလာပြီး ချဉ်းကပ်ရင် (သို့မဟုတ်) ကိုယ်က ဒကာ၊ ဒကာမတွေထံ ချဉ်းကပ်ရတယ်ဆိုရင် "ဪ- ငါ့ကို သေချာပေါက် လှူကြပါစေ၊ မလှူဘဲ မနေကြပါစေနဲ့" ဆိုပြီး သွား ချဉ်းကပ်လို့ရှိရင် အဲဒီစိတ်ထား ဘယ်လိုလုပ်ပြီးတော့ ဒီလူတွေထံက ပြည့်စုံမှာလဲလို့ စောစောကတည်းက သဘောပေါက်ထားပြီးသားတဲ့။

## ရလျှင် ဝမ်းသာ၊ မရပါ ပင်ပန်း

ဒါက စာအရှိတိုင်းပြောတာမို့ (ပရိသတ်ကြီး) ရုတ်တရက် နားလည်မှာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ချဉ်းကပ်ကြတဲ့ အခါမှာ "ငါ့ကို သေချာပေါက် လှူပါစေ၊ မလှူဘဲတော့ မရှိပါစေနဲ့" ဆိုပြီးတော့ ချဉ်းကပ်လိုက်တယ်။ ဒီရည်ရွယ်ချက် ပြည့်စုံလို့ ဟိုက ပေးလိုက်၊ လှူလိုက်လို့ရှိရင် စိတ်ထဲမှာ ဘယ်လိုဖြစ်လဲ။ လောဘနဲ့ ဝမ်းသာ သွားတယ်။

ချဉ်းကပ်တာကိုက 'လှူပါစေ' ဆိုပြီးတော့ သွားချဉ်းကပ်တာ၊ ဟိုက မပေးလိုက်၊ မလှူလိုက်လို့ရှိရင် စိတ်ထဲ ဘယ့်နှယ်ဖြစ်သွားမလဲ။ စိတ်ထဲမှာ ပင်ပန်းသွားမယ်နော်။ အဲဒီတော့ အရှင်မဟာကဿပ မထေရ်ကြီးရဲ့ နှလုံးသွင်းက ဒကာ၊ ဒကာမတွေကို ဆက်ဆံပေါင်းသင်း ချဉ်းကပ်တဲ့နေရာမှာ 'ပေးကြပါစေ၊ လှူကြပါစေ' ဆိုတဲ့ စိတ်မျိုးနဲ့ ချဉ်းကပ်တာမျိုး မဟုတ်ဘူးတဲ့။

(ပရိသတ်ကြီးရေ) ရှေ့နားမှာ ပြောပြထားခဲ့ပြီးပြီ၊ နှစ်ချက်နော်။ လာဘန္တ၊ လာဘကာမာ- လာဘ်လာဘကို လိုချင်တဲ့ ပုဂ္ဂိုလ်တွေလည်း သူတို့ လိုချင်တာ ရပါစေပေါ့။

## တို့ဆရာတော်လည်း ဒီလိုပဲ

ဥပမာအားဖြင့် "ရာပြည့်ဆရာတော်ဘုရားကြီးကို သုံးကြိမ်လောက် ဦးချလိုက်ရင် ဈေးရောင်းကောင်းတယ်" ဆိုတဲ့ ရည်ရွယ်ချက်မျိုး ရှိခဲ့ရင်ပေါ့လေ။ အဲဒီလို ပုဂ္ဂိုလ်တွေလည်း "အေး- မင်းတို့ ဈေးရောင်းကောင်းကြပါစေပေါ့" ဟုတ်လား။

ဟာ- ဒီလိုမှမဟုတ်၊ "သုံးကြိမ်လောက် ဦးချလိုက်ရလို့ရှိရင် စီးပွားတက်တယ်" လို့ ရည်ရွယ်ချက်ရှိရင်လည်း "အေး- မင်းတို့ ရည်ရွယ်ချက်အတိုင်း စီးပွားတက်ကြပါစေပေါ့" နော်။

အဲဒီလို- အဲဒီလို ငါကတော့ ဘာရည်ရွယ်ချက်မှ မရှိဘူး၊ နောက်တစ်ခါ ပုညကာမာ ကရောန္တု ပုညာနိ ကောင်းမှု လိုလားတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း (ဘာဖြစ်ပါစေလဲ)။ ကောင်းမှုကို ပြုနိုင်ကြပါစေ။

အဲဒီလို ရည်ရွယ်ချက်မျိုးနဲ့သာ ချဉ်းကပ်တာပါနော်။

## တောင့်တမရ ငါးဌာနမှာ

(က) ဒေန္တု ယေဝ မေ၊ မာ နာဒံသု။

"ငါ့ကို လှူပါစေ" ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ဘယ်သူ့ကိုမှ မချဉ်းကပ်ဘူး။

(ခ) ဗဟုကညေ၀ မေ ဒေန္တု၊ မာ ထောကံ။

"လှူပြန်ရင်လည်း များများကြီး လှူပါစေ၊ နည်းနည်းလေး မလှူပါစေနဲ့" ဆိုပြီးတော့ ချဉ်းကပ်တာမျိုးလည်း မရှိဘူး။

(ဂ) ပဏီတ ညေ၀ မေ ဒေန္တု၊ မာ လူခံ။

"ကောင်းတာ မွန်မြတ်တာကိုပဲ လှူကြပါစေ၊ ညံ့တာတော့ မလှူပါစေ" နဲ့ ဆိုပြီးတော့ ချဉ်းကပ်တာမျိုးလည်း မရှိဘူး။

(ဃ) သီဃ ညေ၀ မေ ဒေန္တု၊ မာ ဒန္ဓံ။

"လျှုမယ်ဆိုရင်လည်း မြန်မြန်လျှုကြပါစေ၊ အချိန်ဆွဲမနေကြပါစေ" နဲ့လို့ ဒီလို စိတ်မျိုးလည်း မရှိဘူးတဲ့။

(င) **သက္ကစ္စ ဉေ၀ မေ ဒေန္တု၊ မာ အသက္ကစ္စံ။**

"လျှုမယ်ဆိုရင် ရိုရိုသေသေ လေးလေးစားစားပဲ လျှုကြပါစေ၊ မရိုမသေ မလေးမစားတော့ မလျှုကြပါစေနဲ့" ဆိုပြီးတော့ ချဉ်းကပ်တာမျိုးလည်း မရှိဘူး။

အဲဒါကြောင့် -

**အာယသ္မာ မဟာကဿပေါ**- အရှင်မဟာကဿပ မထေရ်သူမြတ်သည်၊ **စန္ဒူပမော**- လမင်းနဲ့တူတယ်လို့၊ **ဘဂဝါ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ **ဩဝဒိ**- ကောင်းစွာမသွေ ဆုံးမတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ကဿပမထေရ်လို ကျင့်ကြပါ

**ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိဿာမိ**

**(ကဿပ သဒိသာ ဘဝိဿထ)**

**ဘိက္ခဝေ**-ရဟန်းတော်များ အို-ချစ်သားတို့၊ **ဝေါ** တုမှေ- သင်တို့သည်၊ **ဣမသ္မိံ ဓမ္မဝိနယေ**-အံ့ဖွယ်ရှစ်ဖြာ ဂုဏ်အင်္ဂါတွေနဲ့ စုံလင်စွာတည်ထောင်ထားတဲ့ ငါဘုရားရှင်ရဲ့ သာသနာတော်မှာ၊ **ကဿပသဒိသာ** -ကဿပမထေရ်နဲ့ တူသည်သာလျှင်, ကဿပမထေရ်နဲ့ တူအောင်ကျင့်ကြကုန်သည်သာလျှင်၊ **ဘဝိဿထ**-ဖြစ်ကြကုန်လော့။

ပရိသတ်ရေ ဘယ်လိုကျင့်ရမှာတဲ့လဲ။

"ကဿပမထေရ်လို ကျင့်ရမှာပါ ဘုရား"

သာသနာတော်ကြီးမှာ သင်တို့ဟာ ကဿပမထေရ်ကြီး ကျင့်သလိုသာ ကျင့်ကြပါ။ အေး- တိုအောင်ပြောရရင် လမင်းနဲ့တူအောင်ကျင့်ရမယ် ဟုတ်လား။ ရာပြည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတော်တွေကို ပရိသတ်ကြီးက အားလုံး ရှာဖွေပြီးတော့ ဖတ်လိုက်ကြပါနော်။ ဩဝါဒ ပေးထားတာတွေ တွေ့ရလိမ့်မယ်နော်။

**ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိဿာမိ။**

**ဘိက္ခဝေ**-ရဟန်းတို့၊ **အဟံ**-ငါဘုရားရှင်ကိုယ်တော်မြတ်သည်၊ **ဝေါ**-သင်တို့အား၊ **ကဿပေန**-ကဿပမထေရ်သူမြတ်နှင့် နှိုင်းယှဉ်၍ သာလျှင်၊ **သဝဒိဿာမိ**-ဆုံးမပေအံ့။

**တုမှေ**-သင်တို့သည်၊ **ဣမသ္မိံ ဓမ္မဝိနယေ**-အံ့ဖွယ်ရှစ်ဖြာ ဒီ သာသနာတော်မှာ၊ **ကဿပသဒိသာ**-ကဿပမထေရ်သူမြတ်နဲ့ တူကြကုန် သည်သာလျှင်၊ **ဘဝိဿထ**-ဖြစ်ကြကုန်တော့လို့၊ **ဣမံ ဩဝါဒံ**- ဤ ဩဝါဒတော်ကို၊ **အဒါသိ**-ကရုဏာရှေးရှု ပေးသနားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သားပေါင်းစုံတဲ့ တောရဂုံမှာ

အရှင်မဟာကဿပ မထေရ်သူမြတ်နဲ့ အရှင်အာနန္ဒာ မထေရ် သူမြတ်တို့၊ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်တို့ ကာသိတိုင်း ဗာရာဏသီ မြို့နားက မိဂဒါဝုန် သားပေါင်းစုံတဲ့ တောရဂုံမှာ သီတင်းသုံးလို့ နေနေကြ တုန်း -

အရှင်မဟာကဿပမထေရ်ကြီးနဲ့ အရှင်သာရိပုတ္တရာမထေရ်ကြီး တို့ တရားဆွေးနွေးတော်မူကြတယ်။ အဲဒီမှာ အရှင်သာရိပုတ္တရာမထေရ် ကြီးက အရှင်မဟာကဿပ မထေရ်ကြီးကို မေးကြည့်တာက-

"ငါ့ရှင် မဟာကဿပ၊ ဟီရိ, ဩတ္တပ္ပ တရားတွေကို ဖြစ်ပေါ် လာအောင် ဘယ်လို ကျင့်သုံးရမလဲ။ ဟီရိ, ဩတ္တပ္ပတရားတွေ မိမိသန္တာန် မှာ ဖြစ်ပွားလာအောင် ဘယ်လို ကျင့်သုံးရမလဲ"

ဒီတော့ အရှင်မဟာကဿပ မထေရ်သူမြတ်က ဟီရိ, ဩတ္တပ္ပ တရားတွေ မိမိသန္တာန်မှာ ဖြစ်လာအောင် ဆောက်တည်နည်းကို အဲဒီမှာ ပြောပြတယ်။

## ရှက်ကြောက်ပွားရန် နည်းလေးတန်

**အနုပ္ပန္နာ မေ ပါပကာ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ ဩတ္တပ္ပတိ။**

**အာဝုသော**-ငါ့ရှင်သာရိပုတ္တရာ၊ **မေ**-ငါ့သန္တာန်မှာ၊ **အနုပ္ပန္နာ**- မဖြစ်ပေါ်ကုန်သေးသော၊ **ပါပကာ**-ယုတ်မာကုန်သော၊ **အကုသလာဓမ္မာ**-

အကုသိုလ်တရားတို့သည်၊ **ဥပ္ပန္နမာနာ**-ဖြစ်လာကြမယ်ဆိုရင်၊ **အနတ္ထာယ**-အကျိုးမဲ့ဖို့ရန်၊ **သံဝတ္တေယျုံ**-ဖြစ်ကုန်ရာ၏ရယ်လို့၊ **ဩတ္တပ္ပံ**-ဩတ္တပ္ပတရားကို၊ **ပစ္စုပဋ္ဌာပေတဗ္ဗံ**-ရှေးရှုဖြစ်တည် ဖြစ်သင့်တယ်၊ ရှေးရှု ဖြစ်တည်စေရမယ်။

၁။ နံပါတ်တစ်က မဖြစ်သေးသော အကုသိုလ်တရားတွေ ငါ့သန္တာန်မှာ ဖြစ်လာခဲ့ရင် (ဘာဖြစ်မလဲ)။ အနတ္ထဆိုတဲ့ အကျိုးမဲ့တွေ ဖြစ်လာတော့မှာပဲလို့ ထပ်ကာထပ်ကာ နှလုံးသွင်းကြပါတဲ့။

ဘုန်းကြီးတို့ရဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတွေဟာလည်း ရိုးရိုးရှင်းရှင်းနဲ့ (ပရိသတ်ကြီးရေ) ကဿပမထေရ်ရဲ့ ဩဝါဒတွေ အတိုင်းပါပဲ။ ဩဝါဒပေါင်းချုပ် စာအုပ်ကို ဖတ်ကြည့်ပေါ့နော်။

အကုသိုလ်တွေ ကိုယ့်သန္တာန်မှာ ဖြစ်လာခဲ့မယ်ဆိုရင် အနတ္ထခေါ်တဲ့ အကျိုးမဲ့တွေ ဖြစ်လာလိမ့်မယ်လို့ အဲဒါကို ထပ်ကာ ထပ်ကာ နှလုံးသွင်းပြီးတော့ အကျိုးမဲ့ မဖြစ်ချင်ရင် အဲဒီ မဖြစ်သေးတဲ့ အကုသိုလ်ကို (ဘာတဲ့လဲ)။ ကြောက်ကြရမယ်။ အဲဒီလို ဟီရိ ဩတ္တပ္ပကို မွေးပါတဲ့။

၂။ နောက်တစ်ခါ-

**မေ**- ငါ့သန္တာန်မှာ၊ **ဥပ္ပန္နာ**- ဖြစ်ပေါ်ခဲ့ပြီးကုန်သော၊ **ပါပကာ**-ယုတ်မာကုန်သော၊ **အကုသလာ ဓမ္မာ**- အကုသိုလ်တရားတွေက၊ **နနိရုဒ္ဓါ မာနာ**- မချုပ်ပျောက်ကြသေးဘူးဆိုရင်-

ကိုယ့်သန္တာန်မှာ ဖြစ်ပြီးတဲ့ အကုသိုလ်တွေ မချုပ်ပျောက်ကြသေးဘူး ဆိုလို့ရှိရင် အဲဒါ ဘာဖြစ်မလဲ။ အနတ္ထ အကျိုးမဲ့ပဲ ဖြစ်မှာပဲနော်။

ဒါကြောင့် ဖြစ်ပြီးတဲ့ အကုသိုလ်တွေ မချုပ်ပျောက်ကြသေးဘူးဆိုရင် အကျိုးမဲ့တွေပဲ ဖြစ်လိမ့်ဦးမယ်လို့ ထပ်ကာတလဲလဲ ဆင်ခြင်ပြီးတော့ အဲဒီ ဖြစ်ပြီးတဲ့ အကုသိုလ်ကိုလည်း (ဘာလုပ်ရမလဲ)။ ကြောက်လန့်ခြင်း ဩတ္တပ္ပတရား မွေးသင့်တယ်။

နောက်တစ်ခါ-

၃။ **အနုပ္ပန္နာ**-မဖြစ်ပေါ်လာကုန်သေးသော၊ **ကုသလာဓမ္မာ**-ကုသိုလ်တရားတို့သည်၊ **အနုပ္ပဇ္ဇမာနာ**-ငါ့သန္တာန်မှာ မဖြစ်ပေါ်ကြကုန်ဘူးဆိုရင်လည်းပဲ၊ **အနတ္ထာယ သံဝတ္တတိ**- အကျိုးမဲ့ ဖြစ်လိမ့်မယ်လို့၊ **ဩတ္တပ္ပံ**-ဩတ္တပ္ပတရားကို၊ **ပစ္စုပဋ္ဌာပေတဗ္ဗံ**- ဖြစ်စေထိုက်တယ်။

မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားတွေ ကိုယ်သန္တာန်မှာ မဖြစ်လာသေးဘူးဆိုရင် (ပရိသတ်ရေ) အနတ္ထ အကျိုးစီးပွားမဲ့ ဖြစ်လိမ့်မယ်လို့ ဒီလို နှလုံးသွင်းပြီးတော့ ဟီရိ, ဩတ္တပ္ပတရားကို မွေးမြူပါတဲ့။

၄။ နောက်တစ်ခါ-

**ဥပ္ပန္နာ**-ဖြစ်ပေါ်ခဲ့ပြီးကုန်သော၊ **ကုသလာ ဓမ္မာ**-ကုသိုလ်တရားတွေဟာ၊ **နိရုဇ္ဈမာနာ**-ကွယ်ပျောက်ချုပ်ငြိမ်းလို့ ရုပ်သိမ်းသွားကြမယ်ဆိုရင်လည်းပဲ၊ (ဖြစ်ပြီးသား ကုသိုလ်တွေ ပျောက်ပျက်ကုန်မယ်ဆိုလို့ ရှိရင်လည်းပဲ)၊ **အနတ္ထာယ သံဝတ္တတီတိ**-အကျိုးမဲ့ခြင်းငှာသာ ဖြစ်နိုင်တယ်ရယ်လို့၊ **မနသိကတွာ**-နှလုံးသွင်းပြီးတော့မှ၊ **ဟီရိ ဩတ္တပ္ပံ**-ဟီရိ, ဩတ္တပ္ပတရားကို၊ **ပစ္စု ပဋ္ဌာပေတဗ္ဗံ**-ဖြစ်စေထိုက်တယ်လို့၊ **အာယသ္မာ မဟာကဿပေါ**-အရှင်မဟာကဿပ မထေရ်သူမြတ်ကြီးသည်၊ **အာယသ္မတော သာရိ ပုတ္တဿ**-အရှင်သာရိပုတ္တရာ မထေရ်သူမြတ်ရဲ့၊ **ပဉ္ဟံ**-မေးခွန်းကို၊ **ဗျာက ရောတိ**-ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အရှက်အကြောက်ကို မွေးမြူပုံ

အရှင်မဟာကဿပ မထေရ်သူမြတ်က ဟီရိ, ဩတ္တပ္ပတရား မွေးမြူပုံကို လျှောက်ထားတာပါနော်။ ဟီရိ၊ ဩတ္တပ္ပ ဆိုတာ အကုသိုလ်တရားတွေ၊ ဒုစရိုက်တရားတွေ မှန်သမျှကို ပြောရ၊ ပြုရ၊ ကြံရမှာ ရှက်တာနဲ့ ကြောက်တာ။ စဉ်းစားပုံလေးက တယ်ကောင်းတယ်နော်။

၁။ မဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်လာမယ်ဆိုရင် အကျိုးစီးပွားမဲ့ ဖြစ်တော့မှာပဲ။

၂။ ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို မဖယ်ရှားနိုင်ရင်လည်း အကျိုးစီးပွားမဲ့ ဖြစ်တော့မှာပဲ။

၃။ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်မလာဘူးဆိုရင်လည်းပဲ အကျိုးမဲ့တော့မှာပဲ။

၄။ ဖြစ်ပြီးတဲ့ ကုသိုလ်တွေ ကွယ်ပျောက်ပျက်စီးသွားရင်လည်းပဲ အကျိုးမဲ့တော့မှာပဲလို့ ကုသိုလ်၊ အကုသိုလ်နဲ့ ပတ်သက်လို့

နှစ်ချက်စီ၊ နှစ်ချက်စီ လေးချက်ခွဲ စဉ်းစားပြီးတော့ ဟီရိ၊
ဩတ္တပ္ပတရားကို ပြုစုပျိုးထောင်ရမယ်။

ဒါကို ဘယ်သူက မေးတာလဲ။

"အရှင်သာရိပုတ္တရာက မေးတာပါ ဘုရား"

အေး- အရှင်သာရိပုတ္တရာ မထေရ်သူမြတ်က မေးလို့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးက ဖြေတော်မူတာပါ။ ဗာရာဏသီမြို့နားက မိဂဒါဝုန်မှာ ဆွေးနွေးကြတဲ့ ဆွေးနွေးခန်း၊ **ဩတ္တပ္ပသုတ္တန်** မှ ကောက်နုတ်ချက်ပေါ့နော်။

## ရေတွက်မကုန်နိုင်တဲ့ ဂုဏ်တော်တွေ

ပရိသတ်ကြီးရေ -

ဒီကနေ့ ဘုန်းကြီးတို့ ကဿပဂုဏ်ရည်တွေကို ပြောပြတဲ့နေရာမှာ ခုနက ပြောခဲ့သလိုပါပဲ၊ ကောင်းကင်က များလှတဲ့ ကြယ်တာရာတွေကို ရေတွက်ရသလိုပါပဲ။ ရေတွက်လို့ကို မကုန်နိုင်ဘူး။ ညဉ့်နက်လေ ပိုပြီးတော့ ရေတွက်လို့ ကောင်းလေဖြစ်လာတယ်။ ကောင်းကင်မှာ ဆီးနှင်းတွေ ဘာတွေက အားလုံးကင်းလာတာကိုးနော်။

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ မြတ်စွာဘုရား လွန်တော်မူပြီးတဲ့နောက်ပိုင်း ဘုရားရှင်ရဲ့ သာသနာတော်တစ်ခုလုံးကို ခိုင်ခိုင်မာမာ ပြုစုပျိုးထောင် တည်ဆောက်တော်မူမယ့် အရှင်မဟာကဿပ မထေရ်ရဲ့ သာသနာ့တာဝန်ကြီးတွေကို ကြီးကြီးကျယ်ကျယ် ထမ်းဆောင်ပုံကို ပြောခဲ့ပြီးပြီနော်။

## သာသနာ့တာဝန်ကြီး နှစ်ရပ်

သာသနာ့တာဝန်ကြီးတွေကို ပရိသတ်ရေ "ဓုရ" လို့ ခေါ်တယ်။

၁။ **ဂန္ထဓုရ** - စာပေ ပရိယတ် သင်ကြားပို့ချ ဟောပြောရေးသား ဖြန့်ဝေတဲ့ တာဝန်။

၂။ **ဝိပဿနာဓုရ**- သမထ၊ ဝိပဿနာ ဘာဝနာ နှစ်ပါးကို ရှုမှတ်ပွားများတဲ့ တာဝန်- လို့ သာသနာတော်မှာ ထမ်းဆောင်စရာ တာဝန်ကြီးနှစ်ရပ် ရှိပါတယ်။

သက်တော်ရာပြည့် ရွှေကျင်သာသနာပိုင် အဂ္ဂဘိဓဇ ကျေးဇူးရှင် ရွှေဟသ်ာဆရာတော်ဘုရားကြီးဟာဖြင့် (ပရိသတ်ရေ)-

၁။ သံဃာ ၁၅၀ ကျော်ရှိတဲ့ ထိပ်တန်းစာသင်တိုက်ကြီးများကို တည်ထောင်တော်မူပြီးသကာလ စာပေတွေကို နှစ်ပေါင်းများစွာ ပို့ချခဲ့ပြီးပြီ။ ဟို- ညောင်တုန်းရွှေဟသ်ာတောရစံကျောင်း ဆရာတော်တွေထံကနေ ဆရာနည်းကျကျ စာပေတွေ သင်ယူခဲ့ပြီးပြီ။ စာတွေသင်၊ စာတွေချ၊ ဒါနဲ့တောင် အားမရနိုင်လို့ ကျမ်းပေါင်း (၄၀)ကျော် ရေးသားပြုစုပြီး ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိတော်မူခဲ့ပြီးပြီ။ ဒါ ဂန္ထဓုရ ဝန်ဆောင်တော်မူခြင်းရဲ့ တစ်စိတ်တစ်ဒေသ ပြောပြတာပါ။

၂။ နောက် ဝိပဿနာဓုရ ဆိုတာကိုတော့ အထူးပြောစရာ မလို လောက်အောင် စွမ်းစွမ်းတမံ အားထုတ်တော်မူတာကို ပရိသတ်ကြီးက သိရှိပြီး ဖြစ်ကြပြီ။

## မေတ္တာသွန်းဖြိုး ရှိခိုးရအောင်

အဲဒီလို သာသနာတော်ရဲ့ ဓုရနှစ်ပါး မြတ်တရားကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူပြီးတော့ သက်တော် (၁၀၀)ပြည့်မြောက်တော်မူတဲ့ ဆရာတော်ဘုရားကို နှစ်ရာပြည့်မြောက်ခြင်းသို့ရောက်အောင် မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်းဆိုတာ ဘုန်းကြီးတို့နဲ့တကွ ပရိသတ်အားလုံးအနေနဲ့ အထူးပဲ ဆောင်ရွက်ကြရမယ်ပေါ့နော်။

အဲဒါကိုတော့ မနက်ဖြန် မနက်ပိုင်းကျမှ ဆောင်ရွက်ကြရအောင်။ ခုတော့ ဆရာတော်ဘုရားကြီးကို ရှိခိုးတဲ့ ဆိုခဲ့တဲ့ စာပိုဒ်လေးတွေ ရွတ်ဆိုရင်း ရှိခိုးလိုက်ကြရအောင်။

**ဓုတင် ပဋိပတ်၊ အမြတ် ထေရ်ရှင်**
**မဟာ ကဿပ၊ အဂ္ဂ နွယ်ဝင်**
**ဂန္ထ သာသနာ၊ ဓုရ စုံလင်**
**လက်စုံမိုး၊ ရှိခိုး ပဏာတင်။**

## နက်ဖြန်အတွက် နည်းနည်းချန်မယ်

အားလုံး လက်စုံမိုးလို့ ရှိခိုးလိုက်ကြပါ။

အရှင်မဟာကဿပ မထေရ်သူမြတ်ရဲ့ ဂုဏ်ရည်၊ ကဿပ ဂုဏ်ရည်တရားတော်ဖြင့် ရွှေဟသာဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ရည်တွေကို ယုံကြည်စွာ ပူဇော်တဲ့ ဂုရုထေရ၊ ဂုဏဝိသိဋ္ဌပူဇာတရား ဒီမှာပဲ ပြီးဆုံး ကြပါစို့။

မနက်ဖြန် မနက်ခင်း ၈ နာရီ အခမ်းအနား စတင်တဲ့အခါမှာလည်း ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ရည်တွေကို ဒီလိုပဲ ဘုန်းကြီးတို့က ပြောပြဖို့ ရှိပါတယ်။ အဲဒါကြောင့် မနက်ဖြန် မနက်စာအတွက် နည်းနည်းချန်ထား လိုက်မယ်နော်။

## မေတ္တာနိဂုံး အဆုံးသတ်ကြစို့

ကိုင်း- ပရိသတ်ကြီးရေ-

မေတ္တာအဓိဋ္ဌာန်နဲ့ နိဂုံးချုပ်ကြရအောင်။ အားလုံး ဆိုလိုက်ကြ။

**ဘေးရန်ပေါ်လှ၊ လောကတွင်းမှာ**

**သူသူ ငါကို၊ ချမ်းသာပြုလတ်**

**အေးဓာတ်မေတ္တာ၊ လရောင်ဝါ**

**ပြောင်စွာ ထွန်းပ ပါစေသတည်း။** (သုံးခေါက်)

**မေတ္တာဖွေးလှပ်၊ အအေးဓာတ်ဆောင်**

**အရောင်တွေ့လတ်၊ ဇာတ်အဖြာဖြာ**

**သတ္တဝါ ချမ်းသာပါစေသော်။** (သုံးခေါက်)

## ကျွန်းမာ ချမ်းသာကြပါစေ

**သဋ္ဌိတံ မေ မဟာပုညံ၊ ဓမ္မဒေသနာ သဋ္ဌိတံ။**

**တေန သဗ္ဗေ သုခါယန္တု၊ ဇနာ ဣဋ္ဌ သမိဂ်ိနော။**

မေ မယာ-ဒေသကဖြစ်သော တရားဟောဆရာ ငါသည်၊ **ဓမ္မဒေသနာ သဋ္ဌိတံ**-'ကဿပဂုဏ်ရည်'ဆိုတဲ့ ဓမ္မကထာ ဒေသနာကို ထုတ်ပြန်ကာ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော၊ **ယံ မဟာပုညံ**-အကြင် ဓမ္မဒါန တရားအလှူတည်းဟူသော ပုညကရိယာ ကုသိုလ်ထူးကို၊ **သဋ္ဌိတံ**-တရား လိုလားကြသည့် အမျိုးသား အမျိုးသမီးတို့အတွက် ကြိုးစား၍ ဆည်းပူးလိုက်ရပါပေပြီ။

**တုမှေပဟိဝိ**-တရားချစ်ခင် စိတ်ကောင်းဝင်ကြသည့် သင်သူတော်စင် ပရိသတ်အပေါင်းတို့သည်လည်း၊ **ယံ မဟာပုညံ**-အကြင်ဓမ္မသဝန တရားနာရတဲ့ ဘာဝနာမယ ပုညကိရိယာ ကုသိုလ်ထူးကို၊ **သဥ္စိတံ**-ကောင်းစွာမသွေ ဆည်းပူးမိကြပါပေပြီ။

**တေန**-ထိုသို့ ဆည်းပူး ဓမ္မဒါန ဓမ္မဿဝန ဘာဝနာမယ ပုညကိရိယာ ကုသိုလ်ထူးကြောင့်၊ **သဗ္ဗေ**-လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော၊ **ဇနာ**-တရားနာ ပရိသတ်နှင့် တကွ သတ္တဝါဟူ နတ်လူ ပြဟ္မာ ပေါင်းများစွာတို့သည်။

**ဣဋ္ဌသမိဂ်ိဳနော**-မိမိတို့ လိုလားတောင့်တအပ်သော ကောင်းကျိုးချမ်းသာ ဣဋ္ဌအထွေထွေ ကျက်သရေမင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍၊ **သုခါယန္တု**-ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စိတ်ရွှင်လမ်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

# တရားတောင့်သူတို့အကြောင်း
# တရားတော်

ဒေါက်တာအရှင်ဉာဏိဿရ

၁၃၅၆ ခုနှစ် နတ်တော်လဆန်း(၇)ရက် ညချမ်းကာလ(၇) နာရီအချိန်၌
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်
သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့
သက်တော် (၁၀၁) နှစ်ပြည့် ဝိဇာယနမင်္ဂလာအခါတော်
အဘိဝိသိဋ္ဌ ထေရဂုဏပူဇာ မဏ္ဍပ၌
ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော
**တရားစောင့်သူတို့အကြောင်း**
**တရားတော်**

**တရားဖွင့်ပြီ မေတ္တာစည်**

မေတ္တာနိသာကရော လောကေ၊
သမ္မာ ဘာတု သုခံကရော။
မေတ္တာသီတလရံသီဟိ၊
သုခန္တု ဖုသိတာ ပဇာ။

**လောကေ**၊ သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိသာကရော**၊ မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်။ **သမ္မာ**၊ သတ္တဝါတစ်တွေ အေးမြစေ့ဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော**၊ သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု**၊ ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ် ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ**၊ အဖုံဖုံလွှမ်းထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ**၊ ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု**၊ ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်အပေါင်းတို့. . . သုံးဆယ့်တစ်ဘုံ၊ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာ ရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့၊ ဆင်းရဲကင်းကြစေဖို့၊ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

အားလုံး. . . မေတ္တာပို့ စာပိုဒ်ကလေးများ ဘုန်းကြီးတို့ ရှေ့ကနေ တိုင်ဆိုပေးတဲ့ နောက်ကနေ တစ်ခေါက်စီ တစ်ခေါက်စီ တစ်ညီတည်း လိုက်ဆိုကြ။ ပြီးတော့မှ အားလုံး သုံးခေါက်စီ တညီတညွတ်တည်း မေတ္တာပို့ကြရအောင်။

## တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖျန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ဓမ္မသဘင် စတင်ဖွင့်ပြီ

၁၃၅၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ညချမ်းကာလ ၇ နာရီအချိန်မှ စတင်၍ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်မှာ ဆင်ယင်ကျင်းပတဲ့ သက်တော်ရှည် သက်တော်(၁၀၁)နှစ်ပြည့် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးရဲ့ ဝိဇာယနမင်္ဂလာ အခါတော်မှာ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်အပေါင်းကို အာရုံပြုပြီး ဆင်ယင်ကျင်းပတဲ့ အဘိဝိသိဋ္ဌ ထေရ ဂုဏပူဇာ ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ မေတ္တာပတ္ထနာနဲ့ စတင်ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲ အားခဲလို့ လာခဲ့ကြတဲ့ တရားချစ်ခင် သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာ၌

ရှိကြကုန်သော အနန္တသတ္တဝါတွေ "ဘေးရန်ကင်းကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ" လို့ မေတ္တာဓာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စတင်ဖွင့်လှစ်ပါပြီ။

## စိတ်ဝင်စားနေကြတဲ့ အတွင်းရေး

ဒီကနေ့ ဆင်ယင်ကျင်းပတဲ့ ဓမ္မသဘင်ပွဲဟာ သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်တွေကို ပူဇော်တဲ့ ဓမ္မသဘင်ဖြစ်တဲ့အားလျော်စွာ အားလုံးသော သူတော်ကောင်းတွေ အထူးပဲ သိချင်ကြတဲ့ "ဘယ့်နှယ်ကြောင့်များ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ဒါလောက် အသက်ရှည်သလဲ" လို့ လူပေါင်းများစွာဟာ တွေ့တိုင်းတွေ့တိုင်းပဲ (အထူးသဖြင့် ဘုန်းကြီးထံ ရောက်လာကြတဲ့ ပြည်ပက ဗုဒ္ဓဘာသာ စိတ်ဝင်စားကြတဲ့ ဒကာ၊ ဒကာမတွေဟာ) အထူးမေးလေ့ရှိကြပါတယ်။

## အသက်ရှည်နည်းတွေ မှတ်ကြရအောင်

အဲဒီတော့...

"အသက်ရှည်ကြောင်း အကျင့်" ဆိုတဲ့ဥစ္စာဟာ ဘုရားရှင်ရဲ့ သာသနာတော်မှာ...

ဒါနခန်းမှာလည်း ရှိတယ်။

သီလခန်းမှာလည်း ရှိတယ်။

သမထခန်းမှာလည်း ရှိတယ်။

ဝိပဿနာခန်းမှာလည်း အသက်ရှည်ကြောင်း အကျင့်ကောင်းတွေဆိုတာ ရှိပါတယ်။

ဒီတော့... ဒီကနေ့တော့ သက်တော်ရှည် ဆရာတော်ဘုရားကြီးကပဲ အသက်ရှည်ခြင်းကို လိုလားကြတဲ့ သူတော်ကောင်း အားလုံးတို့အတွက် **အသက်ရှည်ဆေး** လို့ ဆိုရမယ့် တစ်နည်းဆိုရင်တော့ 'အသက်ရှည်အောင် နေနည်း ထိုင်နည်း' လို့ ဆိုရမယ့် "**မဟာဓမ္မပါလဇာတ်တော်**" ကို ဘုန်းကြီးတို့ ပရိသတ်က မှတ်သားကြည်ညိုကြရအောင်ပါ။

ဒီကနေ့ မဟာဓမ္မပါလ ဇာတ်တော်ဖြင့် ပရိသတ်ကြီးကို "သက်တော်ရှည် ဆရာတော်ဘုရားကြီးက အသက်ရှည်အောင် 'ဒီလိုကျင့်၊ ဒီလိုနေ' လို့ ဆုံးမတယ်" လို့ပဲ မှတ်သားပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ သက်တော်ရှည် ဓမ္မပူဇာကို စတင်ကြရအောင်ပါ။

## မဟာဓမ္မပါလ ဇာတ်တော်

"မဟာဓမ္မပါလ ဇာတ်တော်"တဲ့။

ပရိသတ်ရေ ဘာပါတဲ့လဲ။

"မဟာဓမ္မပါလဇာတ်တော်ပါ ဘုရား"

"ဓမ္မပါလ" ဆိုတာ...

"တရားစောင့်ရှောက်သူတို့ရဲ့ အကြောင်းပေါ့"

"တရားကို စောင့်ရှောက်ခြင်းရဲ့ အကျိုးကျေးဇူးကတော့ တိုက်ရိုက်အားဖြင့် ကပိလဝတ်ရွှေမြို့တော် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးရဲ့ ရွှေနန်းတော်မှာ နံနက်ဆွမ်းဘုဉ်းပေးအပြီး နေ့လယ်ဆွမ်းမဘုဉ်းပေးရသေးမီ ကြားကာလ အချိန်ကလေးမှာ ခမည်းတော်ဘုရားကြီးကို အကြောင်းပြုပြီးတော့ပဲ ဒီဇာတ်တော်ကို သားတော်ဘုရားက ဟောကြားတော်မူသွားတယ်။

## ဒေသနာတော် နိဒါန်း

အဲဒါကြောင့်...

**"ကိံ တေ ဝတ္တံ့ ကြံ့ သတ္ထာ ပထမဂမနေန**

**ကပိလပုရံ ဂန္တွာ နိဂြောဓာရာမေ ဝိဟရန္တော ပိတု နိဝေသနေ**

**ရညော အသဒ္ဒဟန်ံ အာရဗ္ဘ ကထေသိ"** (ဇာ၊ ဋ္ဌ၊ ၄၊ နှာ-၄၉)

**ကိံ တေ ဝတ္တံ့ ကြံ့ (ဓမ္မဒေသနံ)။**

**ကိံ တေ ဝတံ၊** ဤသို့ အစရှိတဲ့ မဟာဓမ္မပါလဇာတ် ဒေသနာတော်ကို။ **သတ္ထာ၊** လူနတ်တို့ဆရာ ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ **ပဌမဂမနေန၊** နေပြည်တော်သို့ ရှေးဦးစွာ ကြွရောက်တော်မူခြင်းဖြင့်။ **ကပိလပူရံ၊** ကပိလဝတ် ရွှေမြို့တော်သို့။ **ဂန္တွာ၊** ကြွတော်မူ၍။ **နိဂြောဓာရာမေ၊** နိဂြောဓာရုံ ကျောင်းရွှေဘုံ၌။ **ဝိဟရန္တော၊** သီတင်းသုံး

နေတော်မူစဉ်။ **ပိတု၊** ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့။ **နိဝေသနေ၊** ရွှေနန်းတော်မှာ။ **ပုဗ္ဗဏှ သမယေ၊** နံနက်ခင်းကာလ၌။ **အန္တရာဘတ္တ ကာလေ၊** ဆွမ်းမဘုဉ်းပေးရသေးမီ ကြားခုလတ်အချိန်၌။

**အတ္တနော ပုတ္တဿ၊** မိမိသား၏။ **မတာဘာဝံ၊** 'သေသွားတယ်' ဆိုတဲ့ သတင်းစကားကို။ **ရညော အသဒ္ဒဟနံ၊** ခမည်းတော်ဘုရားက မယုံကြည်ခြင်းဆိုတဲ့ ဒီအမှုကို။ **အာရဗ္ဘ၊** အကြောင်းပြု၍။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ **အဝေါစ၊** ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဒေသနာ စတင်ရာဌာန

**"ကိံ တေဝတံ၊ ကိံ ပန ဗြဟ္မစရိယံ"** ဤသို့ အစချီတဲ့ မဟာဓမ္မပါလဇာတ် အတ္ထုပ္ပတ္တိ ဒေသနာတော်ကို လူနတ်တို့ဆရာ ဖြစ်တော်မူသော ဘုရားသဗ္ဗညုသည် သက္ကတိုင်း ကပိလဝတ်ရွှေမြို့တော်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းတရားရဲ့ ရွှေနန်းတော်မှာ ဟောတော်မူတယ်။

ဟောတော်မူတဲ့နေရာက . . .

သက္ကတိုင်း ကပိလဝတ်ရွှေမြို့တော် ခမည်းတော်ဘုရားကြီးရဲ့ ရွှေနန်းတော်မှာ ဟောသွားတာ။

အချိန်ကလေးတောင် ပါသေးတယ်။

## အန္တရာဘတ္တ ဆိုသည်မှာ

"အန္တရာ ဘတ္တ ကာလ"တဲ့။

ပရိသတ်ကြီးရေ . . . ဘာကာလလဲ။

"အန္တရာ ဘတ္တ ကာလပါ ဘုရား"

**အန္တရာ** ဆိုတဲ့ စာလုံးဟာ

'အကြား' (ကျား)လို့ အဓိပ္ပာယ်ရတယ်။

**ဘတ္တ** ဆိုတာ ဆွမ်းပဲ။

မနက်ဆွမ်းနဲ့ နေ့လယ်ဆွမ်း။

အဲဒီ ဆွမ်းနှစ်ခုရဲ့ ကြားအချိန်ကလေးကို 'အန္တရာ ဘတ္တကာလ'။

မနက်ဆွမ်းနဲ့ နေ့လယ်ဆွမ်းရဲ့ ကြားထဲမှာ ဘာဆွမ်းရှိသေးလဲ။

"အန္တရာဘတ္တ ရှိသေးပါတယ် ဘုရား"

## မော်လမြိုင်သူတွေပြောတဲ့ ဂွ(ခွ)ဆွမ်း

ဒီစာလုံးကိုပဲ သူတို့ရွတ်တယ်၊ ဟုတ်လား။

ဘုန်းကြီးတို့ မော်လမြိုင်ကို တရားဟောသွားလို့ရှိရင်လေ... မော်လမြိုင်သူတွေက မနက်ဆွမ်းလည်း ကပ်ချင်ကြတယ်။ နေ့လယ်ဆွမ်းလည်း ကပ်ချင်ကြတယ်။

ဒါပေမဲ့ မနက်ဆွမ်းကိုလည်း ကပ်မယ့်သူက ယူသွားပြီ၊ နေ့လယ်ဆွမ်းလည်း ကပ်မယ့်သူက ယူသွားပြီ။ နောက်ကျတဲ့သူတွေမှာ မနက်ဆွမ်းလည်း မရ၊ နေ့လယ်ဆွမ်းလည်း မရတဲ့အခါ ဘာလုပ်သလဲဆိုတော့ သူတို့က လာလျှောက်ကြတယ်။

"တပည့်တော်တို့ ဆရာတော့်ကို ဆွမ်းကပ်ချင်တယ် ဘုရား"

"ဘယ်တော့လဲ"

"မနက်ဖြန် မနက်"

"မရှိတော့ဘူး၊ သူများတောင်းသွားပြီ"

"နေ့လယ်ဆွမ်း ကပ်ချင်တယ်ဘုရား"

"ဘယ်တော့လဲ"

"မနက်ဖြန်"

"မရှိဘူး၊ သူများယူသွားပြီးပြီ"

"ဒါဆိုရင် ဘုရားတပည့်တော်ကို 'ဂွ(ခွ)ဆွမ်း' ပေးပါ"တဲ့၊ ဟုတ်လား။ (ရယ်ကြသည်)

အေး... ဒါက မော်လမြိုင်မှာပါနော်။ ဂွ(ခွ)ဆွမ်းတဲ့။ ဒီပါဠိတော်က ဘာတဲ့လဲ။ အန္တရာဘတ်... ပြောကြည့်၊ ဘာတဲ့လဲ။

"အန္တရာဘတ်ပါ ဘုရား"

**အန္တရာ** ဆိုတာ ကြား(ဂျား)။

**ဘတ်** ဆိုတာ ဆွမ်း၊ 'ကြားဆွမ်း'နော်။ အဲဒါကို မော်လမြိုင်က ဘာသာပြန်တာတယ် ထိမိတယ်ဗျနော်။ 'ဂွ(ခွ)ဆွမ်း'တဲ့၊ ဟုတ်လား။

ဂွ(ခွ)ဆွမ်း။ ကြားဆွမ်းပေါ့၊ ဟုတ်လား။

အဲဒီ အန္တရာဘတ် ဆိုတာဟာ တကယ်တော့ ဆွမ်းကပ်ရတာ မဟုတ်ဘူး ပရိသတ်ကြီးရေ။ ယာဂု ကပ်ရတယ်။

ယာဂု ဆိုတာနော်။ အဲဒီ ယာဂုကို ပီအောင်လည်း ဖတ်ဦး။ 'ဂ'ငယ် ကို 'ဟ'နဲ့ ဖတ်တဲ့လူတွေ အများကြီးပဲ။ ယာဂု ဆိုတာ ဆန်ကို ပြုတ်ထားတာ။ အဲဒီဥစ္စာကို မပီကြဘူး။ တချို့က ဖတ်တယ်။ 'ရာဟု ကပ်မယ်' တဲ့။

ရာဟု ဆိုတဲ့ဥစ္စာဟာ အနောက်မြောက်ထောင့်က ဂြိုဟ်ကို 'ရာဟု ဂြိုဟ်'ခေါ်တယ် မဟုတ်လား။ အဲဒီ ရာဟုဂြိုဟ်ကိုတော့ မကပ်လိုက်ပါနဲ့။ ဂြိုဟ်တကာ့ ဂြိုဟ်ထဲမှာ အဲဒီကောင် အဆိုးဆုံးပဲ။ ဟုတ်လား။

အဲဒီတော့ ပရိသတ်ကြီးရေ... ဘာကို ကပ်ရမလဲ။

"ယာဂု ကပ်ရပါမယ် ဘုရား"

## ယာဂုသောက်ရတဲ့ အကျိုးတွေ

**အန္တရာ ဘတ္တကာလေ၊** မနက်ဆွမ်းနဲ့ နေ့လယ်ဆွမ်း ဆိုတဲ့ အဲဒီ ကြားကာလအချိန်မှာ...

ဘာကပ်သလဲ။ ယာဂုဆိုတဲ့ ဆန်ပြုတ်ကို ကပ်တယ်။

ယာဂုဆိုတဲ့ ဆန်ပြုတ် ကပ်လိုက်လို့ရှိရင် အနည်းဆုံး လောလော ဆယ်ရတဲ့ အကျိုးက နှစ်ပါး။

တစ်ခုသောအကျိုးက ဘာလဲလို့ဆိုရင်...

(၁) ရင်ထဲမှာ ခဏလေးနဲ့ ချောင်ပြီးတော့၊ ရှင်းသွားပြီးတော့ နေ့လယ်ဆွမ်းစားလို့ အလွန်ကောင်းတယ်။ ရင်ချောင်သွားတယ်။ နေ့လယ် ဆွမ်းစားလို့ အလွန်ကောင်းတယ်။ ပြီးတဲ့အခါ အဲဒီ ယာဂုလေး သောက်ပြီး တော့မှ နေ့လယ်ဆွမ်းစားလို့ရှိရင် နောက်တစ်မျိုးကောင်းတာ ရှိသေးတယ်။ နောက်တစ်မျိုးကောင်းတာက...

(၂) အဲဒီ ယာဂု ဝမ်းထဲမှာ စောစောရောက်နေတဲ့အတွက်ကြောင့် အလေး၊ အပေါ့ နှစ်မျိုးသွားတဲ့အခါမှာ အလွန် လွယ်ကူတယ်။ ဆီးချုပ်၊ ဝမ်းချုပ် ဆိုတာမျိုး မဖြစ်တော့ဘူး။

အဲဒီလို အကျိုးကျေးဇူးများလွန်းလို့။ တခြားများတဲ့ အကျိုးကျေးဇူး တွေလည်း ရှိပါသေးတယ်။ အဲဒီတော့ ဆွမ်းစားကောင်းစေချင်လို့ရှိရင်

နေ့လယ်ဆွမ်းကို နောက်ကျကျလေး ကပ်ပြီးတော့မှ အဲဒီ ၄(၃)ဆွမ်း (ကြားဆွမ်း)အဖြစ်နဲ့ပေါ့လေ။ ဘာကပ်မလဲဆိုတော့...

ဆန်ပြုတ်ကို ခပ်ကျဲကျဲလေး ကပ်ထားရမယ်တဲ့ နော်။

ပရိသတ်ကြီးရေ...

သားတော် ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာတော် နှစ်သောင်း ခမည်းတော်ဘုရားနှင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီတို့က ဆွမ်းတွေ ပြင်ပြီးတော့ထား၊ နေ့လယ်ဆွမ်း ကပ်ကြမှာ။

သားတော်ဘုရားက ခမည်းတော်ဘုရားရဲ့ အိမ်ဆိုတော့ ခပ် စောစောကြွလာ။ ဒီလိုပဲ သားအဖနှစ်ဦးသားတို့ အားရပါးရ ဝမ်းမြောက် ဝမ်းသာ စကားပြောကြမယ်ပေါ့။ အဲဒါနဲ့ စောစောကြီး ရောက်လာတော့ ဘုရားနဲ့ သံဃာတော်တို့ကို ရှေးဦးစွာ ခုနပြောသလို ယာဂုခပ်ကျဲကျဲလေး ကပ်ထားပေးတယ်။

ယာဂု ဘုဉ်းပေးပြီးတော့ လေမိုးငြိမ်သွားပြီဆိုတော့မှ နေ့ဆွမ်းစား ကောင်းတယ် ဆိုတာကိုး။ ဒါ ရှေးက အစဉ်အလာအားဖြင့် အထူးသဖြင့် ဘုရားလက်ထက်တော်က အိန္ဒိယမှာဖြစ်ခဲ့တဲ့ အစဉ်အလာ။

မြန်မာနိုင်ငံမှာတော့ ဒီကနေ့ သိပ်ခေတ်မစားတော့ဘူး။ အဲဒီလို ယာဂုဆွမ်းလေး ကပ်ပြီးတော့ နေ့ဆွမ်း မရောက်သေးမီ ကြားအချိန်ကလေး မှာ နေ့ဆွမ်းကို ပြင်ဆင်ချက်ပြုတ် လုပ်ကိုင်နေနေတုန်း ဘုရားနဲ့ သံဃာ တော်တွေ စောင့်ဆိုင်းပြီးတော့ နေနေကြတဲ့အခါမှာ...

## ခုနစ်နှစ်တောင် ကြာခဲ့ပြီကွယ်

ခမည်းတော်ကြီးက ဘုရားအနားလာပြီး အဲဒီမှာ စကား ပြောတယ်။ "သားတော်တဲ့၊ သားတော်ကို မတွေ့ရတာ ခုနစ်နှစ်ကြီးတောင် ကြာသွားပြီ၊ ခုမှ ပြန်တွေ့ရတာ" အဲဒီလိုက စတာ၊ စတာ စကားက။

ဘယ်လောက်ကြာသွားပြီလဲ။

"ခုနစ်နှစ် ကြာသွားပါပြီ ဘုရား"

မဟာသက္ကရာဇ် (၁၀၃) ခုနှစ်ရဲ့ ကဆုန်လပြည့်မှာ မဇ္ဈိမပဋိဒါဖြင့် ဘုရားစင်စစ် ဖြစ်တော်မူပြီးတော့ အဲဒီ (၁၀၃) ခုနှစ်ရဲ့ ကဆုန်လပြည့်နေ့က နေပြီးတော့ နောက်တစ်နှစ် (၁၀၄) ခုနှစ်ရဲ့ ကဆုန်လပြည့်တိုင်အောင်

ဘုရားဖြစ်ပြီးတဲ့နောက် တစ်နှစ်လုံးလုံးတဲ့။ ပရိသတ်ကြီးရေ... သားတော်ဘုရားဟာ နေပြည်တော်ကို ပြန်မလာသေးဘူး။ အရပ်ရှစ်မျက်နှာ၊ အရပ်လေးမျက်နှာ ခရီးလှည့်လည်ပြီးတော့ နေလိုက်တာ ဗုဒ္ဓဂယာ၊ မဟာဗောဓိပင်ကနေပြီးတော့ လှည့်သွားလိုက်တာ...

ကာသိတိုင်း၊ ဗာရာဏသီ။ အဲဒီ ကာသိတိုင်း ဗာရာဏသီကနေ ခရီးပြန်လှည့်။ ကပ္ပါသိကတောအုပ်၊ ဥရုဝေဠတောအုပ်၊ ဂယာသီသ၊ ရာဇဂြိုဟ်။ အဲဒီ ရာဇဂြိုဟ်ကနေပြီးတော့မှ တဖြည်းဖြည်းနဲ့ ခရီးလှည့်ရင်းနဲ့ သံဃာတော် နှစ်သောင်း ခြံရံပြီးတော့ တောက်လျှောက်ကြီး သွားလိုက်တာ နှစ်တစ်ပတ်လည်တဲ့ နောက်နှစ် ကဆုန်လပြည့်နေ့မှာ သံဃာနှစ်သောင်းနဲ့ မြတ်စွာဘုရား နေပြည်တော်ကို ပြန်ဝင်တယ်နော်။

## ပြည်တော်ဝင်ခန်း ပြီးတဲ့နောက်

အဲဒီတော့ ဘုရားရှင် နေပြည်တော်ကို ပြန်ရောက်တဲ့ အချိန်ဟာ စတင် တောထွက်ချိန်ကစပြီး ရေတွက်ရင် ခုနစ်နှစ်ကြီးများတောင် ကြာသွားပြီးပြီ။ ခုနစ်နှစ်ကြီးများတောင် ကြာပြီးတော့မှ မဟာသက္ကရာဇ် (၁၀၄)ခု ကဆုန်လပြည့်နေ့မှာ ဘုရားရှင် နေပြည်တော် ပြန်ရောက်တော့ ဘုရားနဲ့ သံဃာနှစ်သောင်းကို ခမည်းတော်ဘုရားက တခမ်းတနား ကြိုဆိုပြီးတော့ နိဂြောဓဥယျာဉ်ကြီးမှာ နေရာပေးတယ်။

ခမည်းတော်၊ မယ်တော်၊ ညီမတော်၊ ဆွေတော်မျိုးတော်များဟာ မတွေ့ရတာ ခုနစ်နှစ်ကြီးများတောင် ကြာခဲ့ပြီဆိုတော့ ဘုရားဆိုတဲ့ဥစ္စာကို ဘယ်လို အရိုအသေပေးရမယ်ဆိုတာ တချို့များ မသိကြဘူး။ ခုနစ်နှစ်ကြီးတောင် ကွဲကွာသွားပြန်တော့လည်းပဲ တချို့ ခပ်စိမ်းစိမ်း ဖြစ်နေပုံရတယ်။ တချို့ နောက်မှမွေးဖွားပြီးတော့ ကြီးပြင်းလာကြတဲ့ မင်းသား မင်းသမီးငယ်တွေကလည်း နောင်တော်ကြီးဘုရားကို မသိရှာကြဘူးပေါ့။

တချို့များကျပြန်တော့လည်း အသက်ကြီးတဲ့ ဘိုးဘွားသာကီဝင်တွေကလည်းပဲ **သိဒ္ဓတ္ထ ငယ်ပါသေးတယ်** ဆိုပြီးတော့ ရှိမခိုးချင်ကြတာနဲ့ ချောင်ထဲမှောင်ထဲကနေ ခပ်ဝေးဝေးသွားပြီးတော့ ထိုင်နေကြတယ်တဲ့။ ဒီ တရားပွဲကို စောင်းပြောတာ မဟုတ်ပါဘူးနော်။ အားလုံး မန်ကျည်းပင်အောက်မှာ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်။ နေလို့ရပါတယ်ဟုတ်လား။ (ရယ်ကြသည်)

## အသက်ငယ်တဲ့ သိဒ္ဓတ္ထ

ခပ်ဝေးဝေး သွားထိုင်ကြတာက ဘုရားကို "ငယ်သေးတယ်" ဆိုပြီးတော့ ရှိမခိုးချင်လို့။ အဲဒီတော့ ဘုရားရှေ့နားမှာ ထိုင်နေတာက အများအားဖြင့် ဘယ်သူတွေလဲဆိုတော့ ဘုရားလောက် အသက်မကြီးကြသေးတဲ့ ငယ်ရွယ်သူတွေချည်းပဲ။

အဲဒီအချိန် ဘုရားသက်တော် ဘယ်လောက်ရှိပြီလဲ။

"၃၅ နှစ်ပါ ဘုရား"

အဲ... ဂဏန်းအတွက် မမှားနဲ့လေ။ ဘာဖြစ်လို့ တစ်နှစ်လျှော့ချင်ရတာလဲ။ နှစ်ဆယ့်ကိုးနှစ်မှာ တောထွက်တယ်။ ကျင့်တော်မူတာ ခြောက်နှစ်၊ ပေါင်းတော့ သုံးဆယ့်ငါးနှစ်။ အဲဒီ ကပိလဝတ် ရွှေနန်းတော်ကို ဘုရားဖြစ်ပြီး နောက်တစ်နှစ်ကြာမှရောက်တာ။ သုံးဆယ့်ခြောက်နှစ်ပေါ့။

ဘုရားအသက်ကို လျှော့မပစ်လိုက်နဲ့။ အသက်ရှည်တဲ့တရား ဟောနေတာ၊ ဟုတ်လား။ အဲဒီတော့ သုံးဆယ့်ခြောက်နှစ်ဆိုတော့ (၃၇-၃၈-၃၉)က စပြီး အသက်ကြီးကြတဲ့ အဘိုးအဘွား သာကီဝင်တွေက ဟိုး... ခပ်ဝေးဝေး သွားထိုင်၊ ဘုရားရှင်ရဲ့ စိတ်ထဲကို ကြည့်ကြည့်နေ။

## ဗုဒ္ဓဝင်နေ့နှင့် ပြန်လည်ဆုံတွေ့ပွဲနေ့

"ဟာ... ဒီလူတွေ ငါ့ကို 'ငယ်ပါသေးတယ်' ဆိုပြီးတော့ ရှိမခိုးချင်လို့ ခပ်ဝေးဝေး သွားနေတာ။ ကိုင်း... ဘုရားဖြစ်တဲ့ အကြောင်းတော့ ပြမှပဲ" ဆိုပြီးတော့...

ကောင်းကင်ကို တက်ပြီးတော့ ရတနာစင်္ကြံကြီး ဖန်ဆင်း၊ ထိုရတနာ စင်္ကြံထက်ကနေ ယမကပါဋိဟာရိယာ (ရေနဲ့မီး အစုံလိုက် အစုံလိုက် ထွက်တဲ့) တန်ခိုးတွေ အမျိုးမျိုး ပြပြီးတော့...

"ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်"ကို ကျယ်ကျယ်ပြန့်ပြန့် ဟောတာ။

အဲဒီတော့ တရားနာလာကြတဲ့ သာကီဝင် ပရိသတ်က "ဟေး... ဘုရားဆိုတာ ဒီလိုပါလားဟဲ့" ဆိုပြီးတော့ ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်းကနေ ဗောဓိပင်ခြေရင်းတိုင်အောင် ဘုရားဖြစ်စဉ်ကို ဟောလိုက်တော့မှ...

"ဟာ... ဘုရားဆိုတာ ဒီလောက်တောင် ကြည်ညိုစရာကောင်းတာပါလား" ဆိုပြီးတော့ တစ်ယောက်မှ မနေဘူး၊ အားလုံး

ကုန်းပြီးတော့ အဲဒီတော့မှ ရှိခိုးတာ။ ဒါကြောင့် (၁၀၄)ခုနှစ်ရဲ့ ကဆုန်လပြည့်ကို ''ဗုဒ္ဓဝင်နေ့'' လို့ သတ်မှတ်နိုင်ပါတယ်။

၁။ ဗုဒ္ဓဝင်ဟောတော်မူတဲ့နေ့။

၂။ ဆွေတော်မျိုးတော်များနဲ့ ပြန်လည်ဆုံတွေ့တဲ့နေ့လို့လည်းပဲ (ပရိသတ်ကြီးရေ) သတ်မှတ်ရင် ရပါတယ်။

## ကြာတောထဲမှာ ရွာသလိုပါပဲ

ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကိုဟော၊ ဟောလို့လည်းပြီးရော ကောင်းကင်က တိမ်ကလေးတစ်အုပ် တက်လာတယ်။ ဥယျာဉ်ကြီးအထက်နား ယန်းကန်ပြားလောက်။ အဲဒီ တိမ်ကလေးက နီညိုရောင်။ အဲဒီ တိမ်အုပ်ကလေးက တဖြည်းဖြည်း ကျယ်ပြန့်ကျယ်ပြန့်သွားပြီးတော့ ပရိသတ် အကုန်လုံးကို လွှမ်းသွားပြီးတော့မှ ဖြုန်းခနဲဆို မိုးကြီးသည်းထန်စွာ ရွာချ။

တချို့သူတွေ ရေစိုကုန်တယ်တဲ့။ တချို့ ရေမစိုကြဘူးတဲ့။ အဲဒီတော့ ဘာပြောသလဲ။

''ဟော့... မိုးကလည်းကွာ၊ ကြာတောထဲရွာသလိုပဲ'' လို့ ပြောကြတယ်။ အဲဒါနဲ့ ဒီကနေ့တိုင်အောင် ပြောကြတာ။

အဲဒီမိုးကို **ပေါက္ခရဝဿမိုး** တဲ့။ ဒီလို ပြောကြတယ်။

## ကျေးဇူးကြေး ဆပ်ပုံတွေ

မြတ်စွာဘုရား နေပြည်တော်ကို ပြန်ရောက်တဲ့နေ့က ကဆုန်လပြည့်နေ့။ အဲဒါ ပထမနေ့ပေါ့။ ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတယ်၊ တန်ခိုးပြာဋိဟာတွေ ပြတော်မူတယ်။ ပေါက္ခရဝဿမိုး ရွာသွန်းတယ်၊ ဆွေတော်မျိုးတော်တွေ ပြန်လည်ဆုံတွေ့ကြရတယ်။

နောက်တစ်ရက်ဖြစ်တဲ့ ကဆုန်လပြည့်ကျော် ၁ ရက်နေ့ နေပြည်တော်ကို ပြန်ရောက်လို့ နှစ်ရက်မြောက်နေ့မှာတော့ ဘုရားရှင်ကိုယ်တော်မြတ် နေပြည်တော်မှာ ဆွမ်းခံဝင်၊ ခမည်းတော်ဘုရားကို တရားဟောလို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သောတာပန်ဖြစ်တယ်။

ရွှေနန်းတော်ထဲကြွပြီး ဆွမ်းဘုဉ်းပေးပြီးတော့ တရားတစ်ကြိမ်ဟော၊ ခမည်းတော်ကြီး သကဒါဂါမ် ဖြစ်ပြီးတော့ မိခင်ကြီး မိထွေးတော်

ဂေါတမီက သောတာပန်အဆင့် တက်တယ်။ ကဆုန်လပြည့်ကျော် ၁ ရက် ဒုတိယနေ့မှာ ဖြစ်ခဲ့တာတွေပါ။

## တတိယနေ့မှာ နန္ဒကိုခေါ်

တတိယနေ့ကျတော့...

ဘုရားရှင် ရွှေနန်းတော်ကိုကြွပြီး ဆွမ်းဘုဉ်းပေးတော့ ညီတော်နန္ဒမင်းသားနဲ့ ဇနပဒကလျာဏီတို့ လက်ထပ်တဲ့နေ့။

အဲဒီ မင်္ဂလာဆောင်ကြွပြီးတော့ ဘုရားက မင်္ဂလာတရား ဟောလည်းပြီးရော ခုပဲ မင်္ဂလာဆောင်တော့မယ့် သတို့သားကို စိတ်မပါဘဲနဲ့ ကျောင်းခေါ်သွားပြီးတော့ သင်္ကန်းဝတ်ပေးလိုက်တာ။ ခုပဲ မင်္ဂလာဆောင်တော့မယ်၊ ခုပဲ ဘုန်းကြီးဝတ်လိုက်ရတယ်။ အဲဒါ နန္ဒမင်းသား စိတ်မပါဘဲနဲ့ ဘုန်းကြီးဝတ်သွားတယ်။ နောက် မထွက်ရတော့ဘူး။ ပြီးရော။ အဲဒါ တတိယနေ့။

ဘုရားရှင် နေပြည်တော် ပြန်ရောက်ပြီးတဲ့နောက်ပိုင်း ခုနစ်ရက်မြောက်တဲ့နေ့မှာ သားတော်ရာဟုလာ ရှင်သာမဏေ ဖြစ်တယ်။

## ပြည်တော်ဝင်ပြီးလို့ ဆယ့်ငါးရက်အကြာ

ဘုရားရှင် နေပြည်တော် ပြန်ရောက်ပြီးတဲ့နောက်ပိုင်း ရက်သတ္တနှစ်ပတ်၊ လဝက်ကြာတဲ့အခါ အခု ပြောပြနေတဲ့ မဟာဓမ္မပါလ ဇာတ်တော်ကို ဟောတော်မူတယ်။ ဒီ မဟာဓမ္မပါလ ဇာတ်တော်ဖြင့် ခမည်းတော်ဘုရားကို မြတ်စွာဘုရားက အနာဂါမ် မဂ်ဖိုလ်တိုင်အောင် ချီးမြောက်တော်မူလိုက်ပါတယ်။

## ဟောတော်မူပြီ

အဲဒါကြောင့် အဲဒီလို ဖြစ်ပုံပျက်ပုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပြီးဖြစ်တဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြလိုက်တဲ့အတွက်...

**“ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ တိ၊**

**ဣမံ မဟာဓမ္မပါလ ဇာတကံ၊ ကိံ တေ ဝတံ...”**

အစချီတဲ့ ဤ မဟာမင်္ဂလဇာတ် အတ္ထုပ္ပတ် ဒေသနာတော်ကို။ **သတ္ထာ**၊ လူ နတ်တို့ဆရာ ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။

**သက္ကေသု**၊ သက္ကတိုင်းတို့၌။ **ကပိလဝတ္ထုသ္မိံ**၊ ကပိလဝတ်ခေါ်တဲ့ ရွှေမြို့တော်၌။ **ပိတုနော နိဝေသနေ**၊ ခမည်းတော် မင်းတရားရဲ့ ရွှေနန်းတော်မှာ။ **အန္တရာဘတ္တ ကာလေ**၊ မနက်ဆွမ်းနဲ့ နေ့လယ်ဆွမ်း ဒီနှစ်ခုတို့ရဲ့ကြားခုလတ် အချိန်ကလေးမှာ။

**ပိတုနော အသဒ္ဒဟနံ**၊ 'သားတော်သေပြီ' ဆိုတဲ့ သတင်းစကား 'သားတော်သေပြီ' လို့ သူတစ်ပါးတွေ ပြောကြတဲ့ ကောလာဟလကို ခမည်းတော်ကြီး မယုံကြည်မှုကို။ **အာရဗ္ဘ**၊ အကြောင်းပြု၍။ **ဒေသေတိ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အလွမ်းပြေ စကားတွေ

နံနက်ခင်းကာလ မနက်ဆွမ်းနဲ့ နေ့ဆွမ်းရဲ့ ကြားခုလတ်အချိန်ဆိုတဲ့ အန္တရာဘတ္တကာလမှာ မြတ်စွာဘုရားနှင့် သံဃာတော် နှစ်သောင်းတို့ ရွှေနန်းတော်ကို ကြွရောက်လို့ ဆွမ်းစားဆောင်ကြီးမှာ ထိုင်၊ ဘုရားရှင်က အလယ်မှာ သံဃာတော် တစ်သောင်းစီ တစ်သောင်းစီက လက်ဝဲ လက်ယာခြံရံလို့ သီတင်းသုံးနေတုန်းမှာ ခုနစ်နှစ်မျှ ကွဲကွာခဲ့ရပြီးဖြစ်တဲ့ သားတော်ရဲ့အကြောင်းအရာကို ခမည်းတော်ဘုရားက လျှောက်တယ်။

လျှောက်ထားချက် မြောက်မြားစွာထဲက တစ်ခုက...

"သားတော်ဘုရား... သားတော် တောထွက်သွားတဲ့နေ့ကစပြီး ခုပြန်ရောက်လာတဲ့ နေ့အထိ သားတော်နဲ့ နေပြည်တော်မှာ ရှိကြတဲ့ ခမည်းတော်၊ မယ်တော်၊ ဆွေတော်၊ မျိုးတော်များနှင့် ကင်းကွာခဲ့ရတာဟာ ခုနစ်နှစ်ကြီးများတောင် ကြာခဲ့ပြီဘုရား"

"အဲဒီလို ကွဲကွာနေခဲ့ကြရတဲ့ ခုနစ်နှစ်မျှသော ကာလထဲမှာ ဥရုဝေဠတောအုပ်မှာ ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခဲ့တဲ့ အချိန်အတော အတွင်းက ရွှေနန်းတော်ထဲကို နတ်တွေက လာလာပြီးတော့ ပြောကြတယ် ဘုရား"

"ရွှေနန်းတော်မှာ သားတော်ဘုရားရဲ့ အကြောင်းအရာကို နတ်တွေက လာပြောကြတယ် ဘုရား"

"**သိဒ္ဓတ္ထော ကုမာရော မတော**"

**သိဒ္ဓတ္ထော ကုမာရော**၊ သိဒ္ဓတ္ထမင်းသားဟာ။ **မတော**၊ သေသွားခဲ့ပြီ။ ပရိသတ်ကြီးရေ... နတ်တွေက "သိဒ္ဓတ္ထမင်းသား သေပြီ"လို့ ရွှေနန်းတော်ကို လာပြီးတော့ ပြောကြတယ်။

ခမည်းတော် သုဒ္ဓေါဒနမင်းတရားဟာ အဆောင်တော် အိပ်ခန်းမှာ တစ်ယောက်တည်း တစ်ခါတလေ သားတော်အကြောင်းကို တွေးပြီးတော့ စဉ်းစားလို့ အိပ်မပျော်ဘဲနဲ့ ညသန်းခေါင်ယံမှာ မျက်စိတွေကြောင်ပြီးတော့ နေနေတုန်း ဘေးနားက လူတစ်ယောက် ရိပ်ခနဲ ဖြတ်သွားတာမျိုး မြင်လိုက်ရသလိုဖြစ်ပြီးတော့ နားရွက်နားကပ်ပြီး တိုးတိုးကလေး ပြောသွားတယ်။

"**သဒ္ဓတ္ထော ကုမာရော မတော**"

"သိဒ္ဓတ္ထမင်းသားလေး သေသွားပြီ။ အဲဒီလို လာပြောသွားတယ်"

သုဒ္ဓေါဒနမင်းတရား ထပြီးတော့ ကြည့်ကြည့်တယ်။ "ဘယ်သူလဲ၊ ငါ့အနားလာပြီးတော့ ဒီလို တိုးတိုးပြောသွားတာ" ကြည့်လိုက်တော့ ရိပ်ခနဲဆို ပျောက်သွား၊ ဘာမှ မတွေ့လိုက်ရဘူး။ ကြားလိုက်ရတာကတော့ သေချာတယ်။ အဲဒါနဲ့ စဉ်းစားနေ၊ နှစ်လ သုံးလကြာတော့ နောက်တစ်မျိုး လာပြောပြန်တယ်။

## ကိုယ်တစ်ပိုင်းသေ သိဒ္ဓတ္ထ

"**အဍ္ဎ မတော သိဒ္ဓတ္ထော**"

"သိဒ္ဓတ္ထမင်းသား တကယ် မသေသေးဘူး။ **သိဒ္ဓတ္ထော**၊ သိဒ္ဓတ္ထမင်းသားဟာ။ **အဍ္ဎ မတော**၊ တစ်ဝက်လောက် သေသွားပြီ" သူတို့ပဲ ပြောတတ်တယ်။ ကြဲကြဲဖန်ဖန်နော်။

သိဒ္ဓတ္ထမင်းသား ဘယ်လို သေသွားပြီတဲ့လဲ။

"တစ်ဝက်သေသွားပါပြီတဲ့ ဘုရား"

အေး... ဟုတ်တယ်။ သိဒ္ဓတ္ထမင်းသား တစ်ဝက်လောက် သေသွားပြီတဲ့။ ကဲ... တို့ဆရာလေးတွေ တစ်ဝက်သေကြည့်စမ်းနော်။

ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို နတ်တွေက ပြောနေတာနော်။

အဲဒါကြောင့် **"ကေသမုတ္တိသုတ္တန်"**မှာ မြတ်စွာဘုရားက ဟောတယ် မဟုတ်လား။ အစွဲအလမ်းမထားသင့်တဲ့ အချက်ဆယ်မျိုး၊ **ကေသမုတ္တိသုတ်** မှာနော်။

အဲဒီဆယ်မျိုးထဲက နံပါတ်သုံးမှာဘာပါသလဲဆိုရင်...

**"မာ ဣတိ ကိရာယာတိ ဂဏှိတ္ထ"**

"အဲဒီလို... အဲဒီလိုဖြစ်သတဲ့ ပြောကြတဲ့ ကောလဟာလတွေကို မယုံကြနဲ့" ဆိုပြီးတော့ ကေသမုတ္တိသုတ္တန်မှာ မြတ်စွာဘုရားက ဟောထားဖူးတယ်။ အဲဒီ ကောလာဟာလတွေဟာ ယုံစရာမရှိဘူးဆိုပြီးတော့ ပြောဖူးတယ်နော်။ ခုခေတ်လူတွေတင် ကောလာဟာလ ပြောတာ မဟုတ်သေးပါဘူး။ ဒီဇာတ်တော်မှာ နတ်ကတောင် လာပြောနေတာ။

သိဒ္ဓတ္ထ ဘာဖြစ်ပြန်ပြီလဲ။

"သေပြီ"တဲ့။

နောက် တော်တော်ကြာ နှစ်လ သုံးလလောက်ကြာတော့ တစ်ခါ ထပ်ပြီး လာပြောပြန်ပြီ။ ဘာတဲ့လဲ။ တကယ် မသေပါဘူး။ တစ်ဝက် လောက် သေနေတာတဲ့။

သုဒ္ဓေါဒန မင်းတရားကြီးကလည်း (ပရိသတ်ကြီးရေ) လူညံ့မှ မဟုတ်ဘဲ။ အသိဉာဏ်ရှိတဲ့ မင်းတရားဆိုတော့ စဉ်းစားတယ်။

"ဒါတွေဟာ မဟုတ်နိုင်ဘူး"ဆိုတာ သိတယ်။

နောက် တော်တော်ကြာ လာပြီးတော့ပြောပြန်တယ်။

"သိဒ္ဓတ္ထမင်းသားဟာ သေတော့မလို့ တွေဝေနေပြီ"

နောက်တစ်ခါ ဘာလာပြောပြန်သတဲ့လဲဆိုတော့...

သေတော့ သေသွားတာ အမှန်ပါပဲ။ သေပြီးတော့ ရှင်ပြန် ထမြောက်လာတယ်။ ဟာ... အဲဒီလို ကောလာဟာလတွေက များတော့ မင်းတရား စိတ်တော်တော်ပျက်လာတယ်။ ဒါတွေဟာ လူတွေ မဟုတ်ဘူး။ နတ်တွေ လာပြောတာဆိုတာကိုလည်း ကောင်းကောင်းကြီး သိလိုက်တယ်။

## မာရ်နတ်ရဲ့ လက်ပါးစေတွေ

ဘယ်လို နတ်တွေကများ ငါ့ကို ဒါတွေ လာပြောနေသလဲ။

(ပရိသတ်ကြီးရေ) စဉ်းစားကြည့်စမ်း။ ဘယ်က နတ်တွေ လာလာ ပြောနေတယ်ထင်လဲ။ ဆရာလေးတွေ တောင်ပြုံးကများ လာပြောနေလား။ (ရယ်ကြသည်) ဒါ မဖြစ်နိုင်ဘူးနော်။ (၃၇)မင်းတော့ မဖြစ်နိုင်ဘူး၊ ဟုတ်လား။ ဘယ်သူတွေလဲဆိုတော့ (ပရိသတ်ကြီးရေ...)

မာရ်နတ်လာပြောတာတဲ့။

ဘယ်သူ လာပြောတာလဲ။

"မာရ်နတ် လာပြောတာပါ ဘုရား"

အေး... မာရ်နတ်က နေရာတိုင်းမှာရှိတယ်။ နတ်ပြည် ခြောက်ထပ်မှာ အမြင့်ဆုံး ဝသိဝတ္တီနတ်ပြည်က မာရ်နတ်က တကယ့် အကောင်အထည်နဲ့ မာရ်နတ်၊ သူကိုယ်တိုင်တော့ နန်းတော်ထဲ လာပြော ချင်မှ ပြောမယ်။ သူ့ရဲ့ အပေါင်းအသင်း အစေအပါးတွေကို လွှတ်ပြီးတော့ "ဟော့... မင်း ဒါသွားပြော" ဆိုပြီးတော့ သူ ဒီလိုလုပ်တာပဲ ဖြစ်လိမ့် မယ်လို့ ဘုန်းကြီးတို့က ယူဆပါတယ်။ သူကိုယ်တိုင်တော့ စကား လာပြောပုံမရဘူး။ သူ့အစေအပါးတွေကို လွှတ်ပြီး ပြောခိုင်းတာပဲဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့...

## မာရ်နတ်ကြီးရဲ့ အထူးအစီအစဉ်

သူပြောထားတဲ့ စကားတစ်ခွန်းရှိတယ်။

**"သတ္တ ဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒါပဒံ၊**

**ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတီမတော"**

(သုတ္တနိပါတ၊ မဟာပဓာတသုတ်)

**သတ္တဝဿာနိ**၊ ခုနစ်နှစ်တိုင်တိုင်။ **ဘဂဝန္တံ**၊ မြတ်စွာဘုရားရဲ့ နောက်ကို။ **ပဒါပဒံ**၊ ခြေရာကို ထက်ကြပ်မကွာ နင်းပြီးတော့မှ။ **အနုဗန္ဓိံ**၊ ငါ အစဉ်တစိုက် လိုက်ခဲ့ဖူးတယ်။ သိဒ္ဓတ္ထမင်းမြတ် တောထွက်တဲ့နေ့က စပြီးတော့ ရေတွက်ရင် (ပရိသတ်ရေ) ခြောက်နှစ်၊ ဘုရားဖြစ်ပြီးတဲ့နောက် တစ်နှစ်၊ စုစုပေါင်း ဘယ်နှနှစ်လဲ။

"ခုနစ်နှစ်ပါ ဘုရား"

ခြေရာကို နင်းပြီးတော့ ထက်ကြပ်မကွာ နောက်ကနေ သူလိုက် လိုက်နေတာ ဘယ်လောက်ကြာတယ်။

ခုနစ်နှစ်ကြီးများတောင် ကြာအောင် သူလိုက်ခဲ့တယ်။

အဲဒီလို သိဒ္ဓတ္ထမင်းသားရဲ့ ခြေရာကို နင်းပြီးတော့ တောက်လျှောက် လိုက်နေခဲ့တယ် ဆိုတဲ့အတွက်ကြောင့် ဥရုဝေလတောအုပ်က နေပြီးတော့ ကပိလဝတ် (ပရိသတ်ကြီးရေ) မိုင်ရှစ်ရာလောက်ဝေးတယ်။ သူကိုယ်တိုင်တော့ လာမပြောဘူး။ သူ့တပည့်တွေ လွှတ်ပြောတာပဲဖြစ်မယ်။ သူကတော့ ဘုရားနောက်မှ အနားကပ်လိုက်နေတာ။

## မာရ်နတ်ရဲ့ စစ်တပ်ကြီး (၁၀) တပ်

❒ ကာမာ တေ ပထမာ သေနာ၊
ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊
စတုတ္ထီ တဏှာ ပဝုစ္စတိ။

❒ ပဉ္စမံ ထိနမိဒ္ဓံ တေ၊
ဆဋ္ဌာ ဘီရု ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊
မာနော မက္ခော တေ အဋ္ဌမော။

❒ လာဘော သိလောကော သက္ကာရော၊
မိစ္ဆာလဒ္ဓေါ စ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊
ပရေစ အဝဇာနာတိ။ (သုတ္တနိပါတ၊ မဟာပဓာနသုတ်)

မာရ်နတ်ကြီးကိုယ်တိုင် မလာဘဲနဲ့ (ပရိသတ်ကြီးရေ) ကိုယ်စားလှယ် လွှတ်ပြီးတော့ နှောင့်ယှက်တာ ဒီနည်းဆယ်ပါး ရှိတယ်တဲ့။ အကယ်၍ သူတော်ကောင်း တစ်ယောက်ယောက်ဟာ တောအုပ်ထဲမှာ မှီခိုပြီးတော့ တရားနှလုံး ကျင့်သုံးလို့ နေနေတယ်လို့ ဆိုပါစို့။

## ၁။ ကာမစ္ဆန္ဒ တပ်မကြီး

အဲဒီ တရားကျင့်နေတဲ့ သူတော်စင်ရဲ့ စိတ်ထဲကို ကာမဂုဏ်ငါးမျိုး သွင်းပြီးတော့ ကာမတဏှာ ငါးမျိုးဖြစ်အောင် ဆိုပြီးတော့ တစ်ခါတစ်ခါ မာရ်နတ်က ဒီလို နှောင့်ယှက်ခဲ့ဖူးတယ်။

အဲဒါကြောင့် "**ကာမစ္ဆန္ဒ ဝင်လာတယ်**"ဆိုတာဟာ အဲဒါ မာရ်နတ် ဝင်လာလို့ မှတ်ပါ။

ဘာဝင်တာလဲ။

"မာရ်နတ်ဝင်တာပါ ဘုရား"

ကာမဂုဏ်ကို တောင့်တတဲ့စိတ် တစ်မျိုးမျိုးဖြစ်ရင် (ပရိသတ်ရေ) အဲဒါ မာရ်နတ်ပူးပြီတဲ့။ ဝသဝတ္တီက လာလာ၊ မလာလာ ဟောဒီ ရင်ထဲ နှလုံးသားထဲ နောက်တစ်မျိုးပြောမယ်၊ ခေါင်းထဲမှာ ကာမစ္ဆန္ဒ ရှိနေရင်...

ဘာရှိနေရင်လဲ။

"ကာမစ္ဆန ရှိနေရင်ပါ ဘုရား"

ကာမစ္ဆန္ဒ ဆိုတာ "ကာမဂုဏ်ငါးပါးကို တောင့်တသောစိတ်" အဲဒီလို စိတ်မျိုး ရှိနေခဲ့မယ်ဆိုရင် အဲဒါ 'မာရ်နတ်ဝင်တာ'တဲ့။

## ၂။ အရတိ တပ်မကြီး

**ဒုတိယာ အရတိ ဝုစ္စတိ။**

နှစ်ခုမြောက် မာရ်နတ်က ဘာလဲဆိုရင် 'ပျင်းတာ'တဲ့။ "ပျင်းပြီ"၊ ပျင်းပြီဆိုရင် အဲဒါလည်း မာရ်နတ်ဝင်ပြီ။

ပရိသတ်များ တရားနာရတာ ပျင်းပြီလား။

"မပျင်းပါဘုရား"

အင်း... အသံကတော့ ပျင်းတဲ့အသံပဲ။ အဲဒါဆိုရင် မာရ်နတ် ပူးပြီ။ ပျင်းတဲ့လူတွေမှာ မာရ်နတ်ပူးပြီ၊ ဟုတ်လား။

မာရ်နတ် ဘယ်နှကောင်ရပြီလဲ။

"နှစ်ကောင်ရပါပြီ ဘုရား"

အေး... နှစ်ကောင်။ အဲဒါ ဖမ်းထား။

## ၃။ ခုပ္ပိပါသ တပ်မကြီး

**တတိယာ ခုပ္ပိပါသာ တေ။**

သုံးယောက်မြောက် မာရ်နတ်ကတော့ 'ထမင်းဆာတယ်'၊ 'ရေဆာတယ်'ဆိုရင် အဲဒါ မာရ်နတ်ဝင်တာတဲ့။

(ပရိသတ်ရေ) ဘာဆာတာ၊ ဘာဆာတာတွေလဲ။

"ထမင်းဆာတာ၊ ရေဆာတာပါ ဘုရား"

အေး... ဆရာလေးတွေ အခု တရားနာတော့ ထမင်းဆာသလား။

"မဆာပါဘူး ဘုရား"

ဒကာကြီးတွေ၊ ဒကာမကြီးတွေရော ထမင်းဆာနေကြပြီလား။

"မဆာပါ ဘုရား"

မဆာနဲ့နော်။ ဆာတယ်ဆိုရင် အဲဒါ မာရ်နတ်ဝင်တယ်။

ဘုန်းကြီးတော့ ရေဆာတယ်။ (ရယ်ကြသည်) ဘုန်းကြီးလည်း မာရ်နတ်ပူးသွားပြီ။ (ရယ်ကြသည်) ဘယ်နကောင် ရပြီလဲ။

"သုံးကောင်ရပါပြီ ဘုရား"

'**ကာမစ္ဆန္ဒ**'ဆိုတာ မာရ်နတ်၊ '**ပျင်းတယ်ဟေ့**'ဆိုရင် မာရ်နတ်၊ ထမင်းငတ်တယ်၊ ရေငတ်တယ်လို့ တောင့်တလာရင် အဲဒါ မာရ်နတ်။ တရားထိုင်တဲ့အခါမှာ ဒါတွေက အနှောင့်အယှက် ပေးနေတာပဲနော်။

ဝသဝတ္တီနတ်ပြည်က လာလာ၊ မလာလာ ကိုယ့်ရင်ထဲမှာ ဒါတွေ အမြဲတမ်း ရှိမနေဘူးလား။

"ရှိနေပါတယ် ဘုရား"

## ၄။ တဏှာ တပ်မကြီး

အဲဒါကြောင့် မာရ်နတ်ဆိုတာကို (ပရိသတ်ကြီးရေ) အကောင်အထည်နှင့် မာရ်နတ်က ဟို... ဝသဝတ္တီကနေ ဒီကို လာခဲပါတယ်။ သိပ်ကြောက်စရာ မလိုပါဘူး။ ကိုယ့်ခန္ဓာကိုယ်ထဲမှာ လှောင်ပြီး ကိုယ်ကိုယ်တိုင် မွေးထားတဲ့ မာရ်နတ်ကမှ ပိုကြောက်ဖို့ကောင်းတယ်။ ဟုတ်လား။

**စတုတ္ထီ တဏှာ ပဝုစ္စတိ။**

**စတုတ္ထီ**၊ လေးယောက်မြောက် မာရ်နတ်က ဘာဖြစ်တာလဲဆိုတော့ **တဏှာ**။ ကာမတဏှာလား၊ ဘဝတဏှာလား၊ ဘယ်တဏှာမဆို တဏှာ တစ်မျိုးမျိုး ဖြစ်ကြရင် အဲဒါ မာရ်နတ်ပူးပြန်ပြီတဲ့။ ဘယ်နကောင်ရပြီလဲ။

"လေးကောင်ရပါပြီ ဘုရား"

## ၅။ ထိနမိဒ္ဓ တပ်မကြီး

**ပဉ္စမံ ထိနမိဒ္ဓံ တေ။**

ငါးယောက်မြောက် မာရ်နတ်ကတော့ 'အိပ်ချင်ပြီ'၊ 'ငိုက်ပြီ'၊ 'သန်းလာပြီ'ဆိုရင် အဲဒါ မာရ်နတ်ပူးပြန်ပြီ။ ကဲ... ငိုက်ကြပြီလား။

"မငိုက်ပါ ဘုရား"

အေး... ငိုက်ရင်တော့ မာရ်နတ်ဝင်ပြီသာမှတ်။ ပါးစပ်ကြီးဖွင့် ဖွင့်ပြီးတော့ 'ဝါးခနဲ' သမ်းလိုက်ရင် အဲဒီပါးစပ်ထဲ မာရ်နတ်ဝင်သွားတယ်။ သတိထား။ ပါးစပ်ဖြဲပြီးတော့ သိပ်မသမ်းနဲ့။ မာရ်နတ် ဘယ်နှကောင်ရပြီလဲ။

"ငါးကောင်ရပါပြီ ဘုရား"

## ၆။ ဘီရု တပ်မကြီး

**ဆဋ္ဌာ ဘီရု ပဝုစ္စတိ။**

ခြောက်ယောက်မြောက် မာရ်နတ်ကတော့ ကြောက်လာခြင်းပဲ။ 'ကြောက်လန့်ခြင်း'ပဲ။ ကြောက်တယ်၊ တရားနာသွားရမှာ အမယ်လေး... လမ်းမှာ မီးလည်းမရှိဘူး။ မှောင်မှောင်ကြီး၊ ကြောက်လိုက်တာဆိုရင် အဲဒီ သီလရှင်မှာ မာရ်နတ် ပူးတာပဲ။

"အမယ်လေး... ပြန်ရမယ့် လမ်းကလည်း မီးမရှိဘူး၊ မှောင်မှောင်မည်းမည်းကြီး" ဒီလိုတွေးပြီး ကြောက်လာပြီဆိုရင်တော့ အဲဒီ ဆရာလေးမှာ မာရ်နတ်ပူးပြီပဲ။ ရဲရဲတင်းတင်းသွား၊ ဟုတ်လား။

ကဲ... မာရ်နတ် ဘယ်နှကောင်ရပြီလဲ။

"ခြောက်ကောင်ရပါပြီ ဘုရား"

## ၇။ ဝိစိကိစ္ဆာ တပ်မကြီး

**သတ္တမီ ဝိစိကိစ္ဆာ တေ။**

ခုနစ်ယောက်မြောက် မာရ်နတ်က ဘာလဲဆိုရင် ဝိစိကိစ္ဆာတဲ့။

ခုနစ်ခုမြောက် မာရ်နတ်က ဘာတဲ့လဲ။

"ဝိစကိစ္ဆာပါ ဘုရား"

ဝိစိကိစ္ဆာ ဆိုတာက ယုံမှားလာတယ်။ သံသယတွေ ဖြစ်လာတယ်။ ကိုယ့်ဘုရားကို မယုံသလိုလို၊ ကိုယ့်တရားကို မယုံသလိုလို၊

ကိုယ့်သံဃာကို မယုံသလိုလို၊ ဘုရား တရား သံဃာအပေါ်မှာ ယုံမှား သံသယဝင်လာရင် ကိုယ်ကျင့်နေတဲ့ ကိုယ်ကျင့်တရားအပေါ်မှာ သံသယ တစ်မျိုးမျိုး ဝင်လာရင် အဲဒီပုဂ္ဂိုလ်မှာ အနှောင့်အယှက်ဖြစ်ပြီတဲ့။ ယုံမှား သံသယဟာလည်း မာရ်နတ် ပူးတာထက် ဆိုးတယ်နော်။

**၈။ မာန မက္ခ တပ်မကြီး**

ရှစ်ယောက်မြောက် မာရ်နတ်ကတော့ မာနပဲ။ ဘာပါတဲ့လဲ။

"မာနဝင်တာပါ ဘုရား"

**မာန ဆိုတာက ဥန္နတိ လက္ခဏော မာနော။**

မိမိကိုယ်ကို အလွန်မြင့်ပြီးတော့ ထင်တာကို 'မာန'လို့ ခေါ်တယ်။

မိမိရဲ့ အခြေအနေကို အလွန့်အလွန်ကို အထင်ကြီးလာပြီဆိုရင် အဲဒီ ပုဂ္ဂိုလ် ပျက်စီးတတ်တယ်။ အဲဒါ မာရ်နတ်က ဝင်ဖျက်တာနော်။

မာရ်နတ် ဘယ်နကောင်ရပြီလဲ။

"ရှစ်ကောင်ရပါပြီ ဘုရား"

**၉။ မိစ္ဆာလဒ္ဓ ယသ တပ်မကြီး**

**မိစ္ဆာလဒ္ဓေါ စ ယော ယသော။**

အခြံအရံတွေ၊ ဂုဏ်သတင်းဟွေ၊ ကျော်စောခြင်းတွေကို တရား သဖြင့် မယူဘဲနဲ့ မတရားတဲ့နည်းနဲ့ ရလာပြီဆိုရင် မတရားနည်းနဲ့၊ နည်းလွဲ နည်းမှားနဲ့ ရထား၊ ယူထားတဲ့ ဂုဏ်သတင်း ကျော်စောခြင်းတွေဟာလည်း မာရ်နတ်ထက် ဆိုးတယ်။ အဲဒါ ပျက်စီးနိုင်တယ်။

အဲဒါ နံပါတ်ကိုးနော်။

"မှန်လှပါဘုရား"

**၁၀။ အတ္တုက္ကံသန, ပရဝမ္ဘန တပ်မကြီး**

**ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ အဝဇာနာတိ။**

မိမိကိုယ်ရဲ့ ဂုဏ်သတင်းတွေ ပြောပြီးတော့ သူတစ်ပါးရဲ့ အပြစ် တွေကို ပြောလာပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ မာရ်နတ်ဝင်ပြီ။ သူလည်း ပျက်စီး နိုင်တယ်။

ကိုယ့်ဂုဏ်သတင်းကို ကိုယ်ပြောပြီးတော့ သူတစ်ပါးရဲ့ အပြစ်ကို ပြောတတ်တဲ့ ပုဂ္ဂိုလ်ဟာလည်း အဲဒါ မာန်နတ်ဝင်တာပဲတဲ့။ ဝသဝတ္တီနတ်ပြည်က မလာပေမယ့် ကိုယ့်ပါးစပ်နဲ့ ကိုယ့်ဟာကိုယ် မာန်နတ်ပူးတာ။ အဲဒါ ပျက်စီးနိုင်တယ်။ ဘယ်နှကောင်ရပြီလဲ။

"ဆယ်ကောင်ရပါပြီ ဘုရား"

မာရ်စစ်သည် ဆယ်ပါးတဲ့။ အဲဒီလို ဆယ်မျိုးကို ပဓာနသုတ္တန်မှာ "မာရ်စစ်သည် ဆယ်မျိုး"လို့ ဘုရားရှင်ကိုယ်တော်မြတ်က မိန့်တော်မူထားတာ ရှိပါတယ်။ တကယ့် ဝသဝတ္တီနတ်ပြည်က မာရ်နတ် မလာတောင်မှ အခုပြောတဲ့ ဆယ်မျိုးထဲက တစ်မျိုးမျိုးက ဒီစိတ်ထဲမှာ ဝင်လာပြီဆိုရင် အဲဒါ ကုသိုလ်လုပ်ငန်း ကောင်းတဲ့လုပ်ငန်းတွေ အားလုံးမှာ (ဘာဖြစ်သွားပြီလဲ)။ အတားအဆီး ဖြစ်သွားပြီ။

အဲဒီ ဆယ်ချက်ကို မဝင်အောင် (ပရိသတ်ကြီး) တွန်းလှန်ခုခံနိုင်ဖို့ အရေးကြီးပါတယ်နော်။

"မှန်ပါ ဘုရား"

ကောင်းပြီ။

## ဖြစ်ခဲ့တဲ့ ကောလာဟလတွေ

ခုတော့...

ဘုရားရှင်ကိုယ်တော်မြတ် အလောင်းတော် မင်းသိဒ္ဓတ္ထ တောထွက်တဲ့ နေ့ကစပြီး မာရ်နတ်ကြီး တောက်လျှောက်လိုက်တာ။

ဘုရားဖြစ်ပြီးတဲ့နောက် နှစ်ပတ်လည် အခါတော်နေ့တိုင်အောင် ခုနစ်နှစ်မျှ ကာလပတ်လုံး ခြေရာနင်းလို့ လိုက်ပြီးတော့ ကိုယ်တိုင်လည်း နှောင့်ယှက်တယ်။ သူ့အပေါင်းအသင်းတွေကိုလည်း နှောင့်ယှက်ခိုင်းတယ်။ အချောအလှ သမီးသုံးယောက်ကိုလည်း နှောင့်ယှက်ခိုင်းတယ်။

ပြီးတော့မှ ခုပြောခဲ့တဲ့ စစ်သည်ဆယ်မျိုးကိုလည်း လွှတ်ပြီးတော့ သိဒ္ဓတ္ထမင်းမြတ်ရဲ့ စိတ်ဓာတ်ကို ပျက်စီးအောင် သူကြိုးစားခဲ့တယ်။

(ပရိသတ်ကြီးရေ) သိဒ္ဓတ္ထမင်းမြတ်ရဲ့ စိတ်ဓာတ် ပျက်စီးရဲ့လား။

"မပျက်စီးပါ ဘုရား"

အဲဒီတော့ သိဒ္ဓတ္ထမင်းမြတ်ကို နှောင့်ယှက်လို့မရတော့ ခမည်းတော်

ကြီးက စပြီးတော့ ဟို... နေပြည်တော်မှာရှိကြတဲ့ ဆွေတော်မျိုးတော်တွေ ''စိတ်နှလုံး ထိခိုက်အောင်ဟဲ့'' ဆိုပြီးတော့... ဘာသွားပြောလဲ။

၁။ သေပြီ၊

၂။ တစ်ဝက်တစ်ပျက် သေပြီ၊

၃။ သေမလို့ တွေဝေနေပြီ၊

၄။ သေပြီးလို့ ရှင်ပြန်ထမြောက်လာပြီ။

လို့ သတင်းမျိုးစုံတွေ သွားပြီးတော့ ပြောတယ်။

ခမည်းတော်ဘုရား သုဒ္ဓေါဒနမင်းတရားက မာရ်နတ်ရဲ့ အသင်းအပင်းတွေ လာပြောတဲ့ ဒီစကားကိုကြားတော့ သားတော် သေပြီဆိုတာကို (ပရိသတ်ကြီးရေ) ယုံကြည်သတဲ့လား။

''မယုံကြည်ပါဘုရား''

''သားတော်ဘုရား သေပြီ''လို့ နတ်တွေက ဘယ်လိုပဲပြောပြော၊ ခမည်းတော်ဘုရားက မယုံကြည်ခဲ့ဘူး။ အဲဒီ အကြောင်းအရာတွေကို ခမည်းတော်မင်းတရားက သားတော်ဘုရားနဲ့ ယခု နံနက်ဆွမ်းနဲ့ နေ့ဆွမ်းရဲ့ ကြားအချိန်ကာလလေးမှာ ထိုင်ပြီးတော့ ဆွမ်းစားဆောင်မှာ ဆွေးနွေးလို့ နေနေကြတာ။

''သားတော်... သားတော်ရဲ့ အကြောင်းအရာကို ဒီလို ဒီလို လာပြီးတော့ နတ်တွေက ပြောကြတယ် ဘုရား။ သေပြီလို့ လာပြောကြတယ်။ တချို့က တစ်ဝက်သေပြီ၊ တချို့ကတော့ သေပြီးလို့ ရှင်ပြန်ထမြောက်လာပြီ အမျိုးမျိုး လာပြောနေခဲ့ဖူးတယ် ဘုရား'' လို့ လျှောက်ထားတော့ ရွှေနှုန်းတော်မှာ ဖြစ်ခဲ့ရတဲ့ ကောလာဟလတွေလေ။

''ခမည်းတော်... အဲဒီလို နတ်တွေက လာပြီးတော့ 'သေပြီ၊ သားတော်သေပြီ' လို့ပြောတော့ ခမည်းတော်ကြီး ယုံကြည်ရဲ့လား'' မြတ်စွာဘုရားက မေးကြည့်တယ်။

(ပရိသတ်ကြီးရေ) ယုံကြည်သတဲ့လား။

''မယုံကြည်ပါ ဘုရား''

**အတ္တနော**၊ မိမိရဲ့။ **ပုတ္တဿ**၊ သားတော်ရဲ့။ **မတဘာဝံ**၊ 'သေပြီ' ဆိုတဲ့ ဒီသတင်းကို။ **အဟံ**၊ တပည့်တော်သည်။ **ကဒါစိနံ**၊ ဘယ်သော အခါမျှ။ **န သဒ္ဒဟိံ, န သဒ္ဒဟာမိ**၊ မယုံကြည်ခဲ့ဘူးလို့။

**သုဒ္ဓေါဒနော မဟာရာဇာ**၊ ဘုရားရှင်ရဲ့ ခမည်းတော်ဘုရား သုဒ္ဓေါဒနမင်းတရားကြီးက။ **ဘဂဝန္တံ**၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကို။ **အဝေါစ**၊ ရွှေနှုတ်တော်ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

သာဓု - သာဓု သာဓုပါ ဘုရား။

## ခုလည်းမယုံ ရှေးမယုံ

အဲဒီအခါမှာ...

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က "ခမည်းတော် 'သားတော်သေပြီ၊ သေပြီ' ဆိုတဲ့ သတင်းစကားတွေကို နတ်တွေ လာပြီးပြောတယ်ဆိုတာကို ခမည်းတော် မယုံကြည်ဘူး၊ မယုံကြည်ဘူးလို့ ဆိုတာဟာ **န ဣဒါနေဝ**၊ ယခုမှ မဟုတ်သေးပါဘူး"တဲ့။

'သားတော် သေပြီ'ဆိုတဲ့ သတင်းကို ခမည်းတော်မင်းကြီး မယုံဘူးဆိုတာ **န ဣဒါနေဝ**၊ အခုမှ မယုံတာ မဟုတ်သေးဘူး။ **ပုဗ္ဗေပိ**၊ အတိတ်ဝေးစွာ ရှေးကမ္ဘာတုန်းကလည်းပဲ။ **ပုတ္တဿ မတဘာဝံ**၊ 'သားတော်သေပြီ' ဆိုတဲ့ ဒီသတင်းစကားကို။ **အသဒ္ဒဟိ နသဒ္ဒဟိ**၊ မယုံကြည်ဘဲ ရှိခဲ့ဖူးတယ်ရယ်လို့။ **ဝတွာ**၊ မိန့်ကြားတော်မူပြီးတော့မှ။ **အတီတံ အာဟရိတွာ**၊ အတိတ်ကဖြစ်ရပ်ကို ဆောင်ပြပြီးတော့။ **ဣမံ မဟာဓမ္မပါလဇာတကံ**၊ ဤမဓမ္မပါလဇာတ် အတ္ထုပ္ပတ္တိ ဒေသနာတော်ကို။ **နိဝေသနေ**၊ ရွှေနန်းတော်၌။ **အန္တရာ ဘတ္တကာလေ**၊ ဆွမ်း မဘုဉ်းပေးရသေးမီ ကြားအချိန်ကလေးမှာ။ **အဝေါစ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အတိတ်ဇာတ်လမ်း မှတ်တမ်းတင်သော်

**အတီတေ**၊ အတိတ်ဝေးစွာ ရှေးကမ္ဘာတုန်းက။ **ဗာရာဏသိယံ**၊ ဗာရာဏသီခေါ်တဲ့ ရွှေမြို့တော်မှာ၊ (ဝါ) ဗာရာဏသီဆိုတဲ့ ရွှေမြို့တော်အနီးမှာ။ **မဟာဓမ္မပါလော နာမ**၊ မဟာဓမ္မပါလ အမည်ရှိတဲ့။ **ဂါမော**၊ ရွာကြီးသည်။ **အဟောသိ**၊ ရှိခဲ့ဖူးတယ်။

'ခမည်းတော်' အတိတ်ဝေးစွာ ရှေးကမ္ဘာတစ်ခုတုန်းက ကာသိတိုင်းရဲ့ မြို့တော် ဗာရာဏသီနားမှာ မဟာဓမ္မပါလဆိုတဲ့ ရွာကြီးရှိခဲ့ဖူးတယ်။

(ပရိသတ်ကြီးရေ) ဘာတိုင်း၊ ဘာမြို့တော်နားလဲ။

"ကာသိတိုင်း၊ ဗာရာဏသီမြို့တော်နားပါ ဘုရား"

အေး... စစ်ကိုင်းတိုင်းရဲ့ စစ်ကိုင်းမြို့တော်နားမှာဆိုရင် ပိုကောင်းမယ်နော်။ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်ရဲ့ အနီးအနားမှာရှိနေတဲ့ ဓမ္မပါလရွာကြီးတဲ့။ အဲဒီရွာ တစ်ရွာလုံးကို အုပ်စိုးနေတဲ့ ရွာသူကြီး ဂါမဘောဇကရဲ့ နာမည်ကလည်း ရွာနာမည်အတိုင်းပဲ၊ မဟာဓမ္မပါလ ရွာသူကြီးတဲ့။

မဟာဓမ္မပါလ ရွာသူကြီးရဲ့ သားဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ (ပရိသတ်ရေ) ဓမ္မပါလ ကုမာရ။ ဓမ္မပါလသတို့သားလို့ခေါ်တယ်။ အဲဒီ ဓမ္မပါလ ရွာသူကြီးရဲ့သား ဓမ္မပါလ သတို့သားဟာ တက္ကသီလာကို ပညာသွားသင်တယ်။ (ပရိသတ်ကြီးရေ) ဘယ်ကို သွားတယ်။

"တက္ကသီလာကိုသွားပါတယ် ဘုရား"

တက္ကသီလာဆိုတာ မြို့ကြီးတစ်မြို့ရဲ့ အမည်ပါ။

## တက္ကသိုလ်ဆိုတာ ဘယ်မှာရှိ

တက္ကသီလာကို။

ဒီကနေ့ စကားပြောတော့ 'တက္ကသိုလ်'လို့ ပြောကြတယ်။ တကယ်တော့ အဲဒီဥစ္စာဟာ (ပရိသတ်ကြီးရေ) ကျောင်းကြီးတစ်ကျောင်းရဲ့ နာမည် မဟုတ်ဘူး။ မြို့ကြီးတစ်မြို့ရဲ့ နာမည်ပဲ။ 'တက္ကသီလာ' (တက္ကဆီလာ) ဆိုတဲ့ ဒီမြို့ဟာ ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းမှာရှိတယ်။ ပါကစ္စတန်နိုင်ငံဟာ ရှေးတုန်းက ဂန္ဓာရတိုင်း ဖြစ်ခဲ့ဖူးတာ။ အဲဒီ ဂန္ဓာရတိုင်းရဲ့ မြို့တော်ဟာ 'တက္ကသီလာ' ပဲ။

တက္က ဆိုတာက အလေးအနက် တွေးတောကြံဆတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုလိုတယ်။ **သီလာ** ဆိုတာက သူတို့ရဲ့ အလေ့အကျင့်။

စိတ်ထဲမှာ လေးလေးနက်နက် စဉ်းစားဆင်ခြင်တတ်တဲ့ အလေ့အလာရှိတဲ့ လူမျိုးတို့ရဲ့ နေရာကို **တက္ကသီလာ** လို့ ခေါ်တယ်။

## ဆရာကြီး ဦးဆန်းထွန်းပြောတဲ့ တက္ကသိုလ်အဖွင့်

ဆရာကြီး ဦးဆန်းထွန်း ကြံတာကတော့ တစ်မျိုးပေါ့။

ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) အသက်ထင်ရှား ရှိတုန်းက ဆရာကြီးကို ဘုန်းကြီးက မေးဖူးတယ်။

"ဆရာ တက္ကသီလာဆိုတဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ"ဆိုတော့ "ဆရာတော်တဲ့၊ တက္ကဆိုတာ 'တစ္ဆ' ပုဒ်ကနေ ပြောင်းလာတာပဲ။ ဆရာကြီးကတော့ တစ်မျိုးကြံတယ်။ တစ္ဆဆိုတာ ဘာလဲဆိုရင် သစ်သားကို ဆစ်တာ, ထွင်းတာ, ထုတာ, ထစ်တာ၊ ဟုတ်လား။ သစ်ထွင်းပေါ့။

ကျောက်တွေကို ထွင်းထုတဲ့ အလုပ်ကိုလည်း 'တစ္ဆ'လို့ ခေါ်တယ်။ ကျောက်ကို ထွင်းတာ, ထုတာနဲ့ သစ်သားကို ထွင်းတာ ထုတာ အဲဒါကို ဘယ်လိုခေါ်မယ်။

"တစ္ဆလို့ ခေါ်ပါမယ် ဘုရား"

ဟုတ်တယ်။ တစ္ဆ။

သီလ ဆိုတာ ဒီအလုပ်တွေမှာ အလေ့အကျင့်များတဲ့ လူတွေ။

ဒီတော့ 'တစ္ဆသီလ'ဆိုတာ ကျောက်ဆစ်လုပ်ငန်းနဲ့ အသက်မွေးတဲ့လူတို့ရဲ့ နေရာလို့ ဆရာကြီး ဦးဆန်းထွန်းက ဒီလို ကြံစည်ကြောင်း ပြောပြခဲ့ဖူးတယ်။

"ဒီလို ဘာကြောင့် ပြောနိုင်သလဲ။ အဲဒီ အတွေးအခေါ်ကို ဘယ်လို အထောက်အထားနဲ့ တွေးသလဲ၊ ပြောပြစမ်းပါ"လို့ ဆိုတော့ "ဆရာတော်တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်ကာလက ဘုရားဆင်းတု၊ ရုပ်တုထုတာ မရှိဘူး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် နှစ်ပေါင်းသုံးရာလောက်အထိ ဘုရားရုပ်တုတွေ မရှိသေးဘူး။

ပရိနိဗ္ဗာန် စံပြီးနောက်ပိုင်း နှစ်ပေါင်းသုံးရာလောက်မှာ ဘုရားရုပ်တုကို မထုရဲကြတဲ့အတွက်ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကို အမှတ်အသားလေးတွေနဲ့ ကိုးကွယ်ကြတယ်။

ဥပမာ- ညောင်ရွက်အမှတ်အသား၊ ကြာပွင့်အမှတ်အသား၊ ဓမ္မစက် အမှတ်အသား။ အဲဒီလို အမှတ်အသားလေးတွေနဲ့ ကိုးကွယ်ပြီး လာခဲ့ကြတာ။ အဲဒါတွေက အိန္ဒိယပြည်တောင်ပိုင်း "ဆန်ချီ"မှာ ထင်ရှားတယ်။ အသောကမင်းကြီး တည်သွားတဲ့ "ဆန်ချီ စေတီတော်ကြီး"

ရဲ့ မုခ်က ''တောရဏ''ဆိုတဲ့ 'တုရိဏ်း' တိုင်ကြီးတွေမှာ အဲဒီ အထိမ်းအမှတ်တွေ အကုန်လုံးရှိတယ်။

ဆင်းတုတော် မပေါ်သေးတဲ့အချိန်မှာ ပလ္လင်တော်အပေါ်မှာ ညောင်ရွက်ကလေး တင်ထားပြီးတော့ အဲဒါ 'ဘုရားပဲ' ဆိုပြီးတော့ ရှိခိုးကြတယ်။ ရုပ်တု မထုရဲဘူး။ ဘာဖြစ်လို့ မထုရဲသလဲဆိုရင် (ပရိသတ်ရေ) ဘယ်လိုပြောမလဲ။

## ဘုရားရုပ်တု မထုရဲခြင်းအကြောင်း

တစ်လုံးတည်းနဲ့ ရှင်းပါတယ်။ **အတုလ** ဆိုတဲ့ ပုဒ်တစ်ပုဒ်တည်းနဲ့ ရှင်းပါတယ်။ **အတုလဆိုတာ အတူ** မရှိဘူး။ အတူမရှိတဲ့ဥစ္စာကို မထုရဲဘူးပေါ့ဗျာနော်။ အဲဒါကြောင့် ဘာနဲ့ ကိုးကွယ်ခဲ့ကြသလဲဆိုရင် အမှတ်အသား လက္ခဏာလေးတွေနဲ့ ဘုရားကို ကိုးကွယ်ကြတယ်။

ခရစ်တော်မပေါ်ခင် နှစ်တစ်ရာလောက် အလိုပေါ့။ ဘီစီ 'တစ်' ရာစုလောက်ကျတော့ ဂန္ဓာရတိုင်းရဲ့မြို့ 'တက္ကသီလာ'မှာ ကျောက်ဆစ်လုပ်ငန်းဟာ စတင် ခေတ်စားလာတယ်။ အဲဒီ ကျောက်ဆစ်လုပ်ငန်းတွေ ဘယ်ကလာသလဲဆိုတော့ 'ဂရိ' ကနေ ကူးလာခဲ့တယ်။ ဂရိလူမျိုးတွေက ကျောက်ဆစ်လုပ်ငန်းတွေကို အစောကြီးကတည်းက လုပ်ကြတယ်။

အီတလီနိုင်ငံ ရောမမြို့ကို သွားရင် အံ့ဩစရာ ကျောက်ရုပ်တုတွေကို နေရာတိုင်းမှာ တွေ့ရတယ်။

## ဂရိတို့ရဲ့ နယ်ချဲ့အင်ပါယာ

အဲဒီတော့ ဂရိဘက်က ပညာရှင်တွေ တဖြည်းဖြည်းနဲ့ အရှေ့ဘက်ကို နယ်ပယ်ချဲ့ထွင်ပြီးတော့ လာရင်းလာရင်း အထူးသဖြင့် 'အလက်ဇန္ဒား သဂရိတ်' (Alexander the Great) ဆိုတဲ့ မင်းကြီးဟာ အဲဒီ ဂရိကနေ အရှေ့ဘက်ကို နယ်ချဲ့ရင်း ပါကစ္စတန်ကို ရောက်လာတာ။ ပါကစ္စတန်ကို ကျော်ဖြတ်ပြီး ဘယ်ကိုရောက်သေးလဲဆိုတော့ 'ပန်ဂျပ်' နယ်ထဲကို ရောက်တယ်။ ပန်ဂျပ်ပြည်နယ်ကို ရှေးတုန်းက မဒ္ဒတိုင်းလို့ ခေါ်တာကိုးဗျနော်။ မဒ္ဒတိုင်းကို တစ်ခါတစ်ခါ မှားပြီးတော့ 'မဒရပ်'လို့ ထင်တတ်တယ်။ မဟုတ်ဘူးနော်။ မဒ္ဒတိုင်းဆိုတာ 'ပန်ဂျပ်'ပါပဲ။

ပန်ဂျပ် ဆိုတာ ပံ စ + အာပ။

**ပံစ, ပဉ္စ** ဆိုတာ ငါးခု။

**အာပ** ဆိုတာက မြစ်။ မြစ်ငါးစင်းရှိတဲ့ မြေကို ဘာခေါ်မလဲ။

**ပဉ္စပ, ပန်ဂျာပ, ပန်ဂျပ်။**

မြန်မာတွေကတော့ နောက်ပိုင်း ဘယ်လိုပြောင်းပစ်လိုက်တယ် မသိဘူး။ 'ပန်ချာပီ'တဲ့၊ ဟုတ်လား။ (ရယ်ကြသည်) အဲဒါပါပဲ။

အဲဒီ ပန်ဂျပ်နယ် မဒ္ဒတိုင်းကို ရောက်လာပြီးတော့ မဒ္ဒတိုင်း သာဂလ ဆိုတဲ့ မြို့မှာ သူ အကြာကြီး အုပ်စိုးသွားတယ်။ သူ့နောက်မှ ဝင်ရောက်လာတဲ့ မင်းကြီးတစ်ပါး ရှိတယ်။

"မိနန္ဒာ သ ဂရိတ်"တဲ့။

အလက်ဇန္ဒား သ ဂရိတ်၊ မိနန်းဒါး သ ဂရိတ်။ 'မိနန်းဒါး' ဆိုတာကို နောက်တော့ 'မိလိန္ဒ'လို့ ခေါ်ကြတယ်။

## ဘီစီတစ်ရာစုမှာ စတင်ခဲ့တဲ့ ဘုရားရုပ်တု

မူရင်းအားဖြင့် သူတို့တွေဟာ အိန္ဒိယသားတွေ မဟုတ်ကြဘူး။ အဲဒီလို ရှင်ဘုရင်ကြီးတွေ နယ်ပယ်ချဲ့ထွင်ရင်းနဲ့ အိန္ဒိယထဲကို ဝင်လာကြတော့ သူတို့နောက်က ပညာရှင်တွေမျိုးစုံလည်း ပါလာကြတယ်။

အဲဒီ ပညာရှင်မျိုးစုံထဲမှာ ကျောက်ဆစ်လက်ရာ အလွန်တော်တဲ့ ကျောက်ဆစ်သမားတွေဟာ ဂန္ဓာရတိုင်း တက္ကသီလာကို ရောက်လာပြီး တော့ ရုပ်တုတွေကို ဂရိယဉ်ကျေးမှုနဲ့ အိန္ဒိယယဉ်ကျေးမှုနှစ်ခု ပေါင်းစပ် ပြီးတော့ ဘုရားဆင်းတု ထုကြတာ၊ ဟုတ်လား။

ဘီစီ တစ်ရာစုမှာ ရုပ်တုတွေ စတင် ထုလုပ်ခဲ့ကြတယ်။ ဘုန်းကြီး တို့ရဲ့ သယမ္ဘူစေတီထဲမှာ အဲဒီ ရုပ်တုတွေ ရှိပါတယ်။ အဲဒါနဲ့ ရုပ်တုတွေ၊ ဆင်းတုတွေ သိပ်ခေတ်စားသွားပြီးတော့ ဒီအရပ်ဒေသကို 'တစ္ဆသီလ'လို့ ခေါ်ပါတယ် ဆရာတော်"တဲ့။

"**တစ္ဆသီလ**- ရုပ်တု၊ ဆင်းတု ထုလုပ်မှုများ အလေ့အလာ များတဲ့သူတွေရဲ့ နေရာလို့ ဆိုရာက 'တစ္ဆသီလ'ကနေ 'တက္ကသီလ'လို့ ဖြစ်လာတာလို့ တပည့်တော်တော့ ကြံပါတယ်ဘုရား" လို့ ဆရာကြီး ဦးဆန်းထွန်းက ဒီလို ပြောဖူးပါတယ်။

မြန်မာပညာရှိကြီးတစ်ယောက် ပြောသွားတာမို့ ဘုန်းကြီးတို့ လေးလေးစားစား မှတ်သားထားပါတယ်။ ကိုင်း... ရှိစေ။

သက္ကတိုင်း ကပိလဝတ်ရွှေမြို့တော်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က မဟာဓမ္မပါလ ဇာတ်တော်ကို ဟောတယ်။ အဲဒီ မဟာဓမ္မပါလဇာတ် တကယ် ဖြစ်ခဲ့တာက သက္ကတိုင်း ကပိလဝတ်မှာ ဖြစ်တာ မဟုတ်ဘူး။ ဘယ်မှာဖြစ်တာတုန်းဆိုရင်...

ကာသိတိုင်းရဲ့မြို့တော် ဗာရာဏသီနားမှာ ဖြစ်ခဲ့တာ၊ ဟုတ်လား။

ကာသိတိုင်းရဲ့မြို့တော် ဗာရာဏသီ အနီးအနားမှာ ရွာကြီးတစ်ရွာ၊ (ပရိသတ်ရေ) ဘာရွာတဲ့လဲ။

"မဟာဓမ္မပါလရွာပါ ဘုရား"

အဲဒီရွာရဲ့ ရွာသူကြီးကလည်း 'မဟာဓမ္မပါလ'။ သူ့သားကတော့ 'ဓမ္မပါလ သတို့သား'၊ ဓမ္မပါလသတို့သား တက္ကသီလာကို ပညာသင် သွားတယ်တဲ့။

အဲဒီကနေမှတစ်ဆင့် ဂရိတိုင်းပြည်တွေ ဘာတွေ ရောက်သွားတာ နော်။ "ဟာ... တက္ကသိုလ်ကို ပညာသင်သွားတယ်"လို့ဆိုရင်လည်းပဲ ဒါ ခပ်မြန်မြန်ပြီးသွားမယ့် ကိစ္စပါပဲ။ သို့သော်လည်း တက္ကသီလာရဲ့ အဓိပ္ပာယ် ကတော့ နားလည်လိုက်မှာ မဟုတ်ဘူး။

ကောင်းပြီ။ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်နားက ဓမ္မပါလ ရွာသူကြီးရဲ့သား ဓမ္မပါလ သတို့သားဟာ ဂန္ဓာရတိုင်း တက္ကသီလာ ရွှေမြို့တော်ကို ပညာသင်သွားတယ်။ ရှေးက ပြောတဲ့အတိုင်း ပြောရရင် ဒိသာပါမောက္ခ ဆရာကြီးထံမှာ ပညာသင်တယ်ပေါ့၊ ဟုတ်လား။

ဘယ်သူ့ထံမှာ ပညာသင်လဲ။

"ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်တာပါ ဘုရား"

အရပ်ရှစ်မျက်နှာ၊ အရပ်လေးမျက်နှာရဲ့ အကြီးအကဲထံမှာ ပညာ သင်တယ်။ သူတစ်ပါးတို့ ဆယ်နှစ်သင်မှပြီးဆုံးတဲ့ အတတ်ပညာတွေကို ဒီ ဓမ္မပါလ သတို့သားက ဉာဏ်ကောင်းလွန်းလို့တဲ့ (ပရိသတ်ကြီးရေ) တစ်နှစ်အတွင်းမှာ အကုန်တတ်သွားတယ်။

အဲဒါကြောင့်...

ဒိသာပါမောက္ခဆရာကြီးက ဉာဏ်ထက်တဲ့ ယောကျ်ားတဲ့ ဆိုပြီး

တော့ သူ့တက္ကသိုလ်မှာ လက်ထောက်ပါမောက္ခ ခန့်ပြီးတော့ တခြား ကျောင်းသားတွေကို ပညာသင်ပေးစေပါတယ်တဲ့။

## ဆရာကြီးရဲ့ သားကြီး ကွယ်လွန်

အဲဒီလို နေနေတုန်းမှာ...

ဓမ္မပါလ သတို့သားဟာ ဘာကိုတွေ့လိုက်သလဲလို့ ဆိုတော့ အဲဒီ ဒိသာပါမောက္ခဆရာကြီးရဲ့ သားကလေး အသက်တစ်ဆယ့်ခြောက်နှစ် ပဲရှိသေးတယ်။ ပညာသင်နေတုန်း သေဆုံးသွားတယ်။

သေဆုံးသွားတဲ့အတွက်ကြောင့် "ဆရာကြီးရဲ့သား သေတယ်" ဆိုပြီးတော့ ကျောင်းသူ ကျောင်းသားတွေက ဝိုင်းဝန်းပြီးတော့ ပူဆွေး သောကတွေ ရောက်ပြီးတော့ ဒီရုပ်အလောင်းကို သင်္ဂြိုဟ်ဖို့ရန်အတွက် ဝိုင်းဝန်းကူညီ စောင့်ရှောက်နေကြတဲ့ အစီအစဉ်ကြီးတစ်ရပ် လုပ်နေကြ တာကို ဓမ္မပါလက သွားတွေ့တော့ -

"ဟော့... မင်းတို့ အခမ်းအနားကြီးတစ်ခု ပြင်နေကြတယ်၊ ဘာများလဲ။ လူတွေကို ကြည့်ရတာလည်း မျက်နှာတွေ ညှိုးပြီးတော့ သောက ရောက်နေကြတဲ့ပုံပဲ။ ဘာဖြစ်ကြတာလဲ" လို့ ဆိုတော့...

"ဒိသာပါမောက္ခဆရာကြီးရဲ့သား အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ သေသွားတယ်။ ပညာသင်ဖော်သင်ဖက် ကျောင်းသူကျောင်း သားတွေ စိတ်ဆင်းရဲရှာကြလို့ မျက်နှာမလှတာပဲ။ သူ့ရုပ်အလောင်းကို သင်္ဂြိုဟ်ဖို့ရန်အတွက် တို့များ လုပ်နေကြတာ" ဒီလိုပြန်ပြောတော့...

## ငြင်းရတဲ့ ပွဲ

ဓမ္မပါလ သတို့သားက...

"ဟယ်... သေသွားတဲ့လူ၊ အခု အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်"

"ဟုတ်မှ ပြောကြပါဗျာ၊ ဆယ့်ခြောက်နှစ်နဲ့ သေရသလား"

"ဟဲ့ကောင်၊ သေတယ်ဆိုတဲ့ဥစ္စာ အရွယ်ရွေးသလားကွ။ ငယ်လည်း သေ၊ ကြီးလည်းသေ၊ အလတ်လည်း သေ၊ မိခင်ဝမ်းထဲတောင် သေသေးတာပဲ"

"ဟာ... မဟုတ်ဘူးဗျာ၊ မဟုတ်ဘူး၊ ခင်ဗျားတို့ မှားနေပြီ"

"ဘာမဟုတ်ရမှာလဲ၊ သေခြင်းဆိုတာ အရွယ်မရွေးဘူးဟဲ့"

"ဟော့... တို့ ဓမ္မပါလရွာမှာလေ၊ လူတွေဟာ နှစ်တစ်ရာ မပြည့်ဘဲနဲ့ ဘယ်တော့မှ မသေကြဘူး၊ တစ်ရာအောက်မှာ သေတဲ့လူ တစ်ယောက်မှ မရှိဘူး၊ အားလုံး တစ်ရာပြည့်၊ တစ်ရာကျော်မှာချည်းပဲ"

"ဟ... ဘယ်ရွာလဲ"

"မဟာဓမ္မပါလရွာ"

(ပရိသတ်ကြီးရေ) ဘယ်ရွာလဲ။

"မဟာဓမ္မပါလရွာပါ ဘုရား"

အဲဒီရွာ ဘယ်နားမှာရှိတယ်။

ကာသိတိုင်းရဲ့မြို့တော် ဗာရာဏသီနားမှာ ရှိနေတယ်။

"မဟာဓမ္မပါလရွာထဲမှာ နေကြတဲ့ လူတွေဟာ နှစ်ပေါင်းတစ်ရာ ကျန်းကျန်းမာမာ အသက်ရှည်ပြီးတော့ နေကြတယ်။ နှစ်တစ်ရာမပြည့်ဘဲ နှစ်တစ်ရာ မကျော်ဘဲနဲ့ တို့ရွာကလူတွေ မသေဘူးကွယ့်။ မင်းတို့ တက္က သိုလ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတယ်ဆိုတော့ အံ့ဩစရာကြီး ဖြစ်နေပြီ"

ဟို တခြားကျောင်းသားတွေက ပြန်ပြောတယ်။

"မင်းက တို့ဆီက လူသေတာ အံ့ဩသလိုပဲ၊ မင်းတို့ရဲ့ ဓမ္မပါလ ရွာက လူတွေ အသက်ရှည်ကြတာကိုလည်း တို့က အံ့ဩလို့"

အဲဒီလို ကျောင်းသူကျောင်းသားတွေ အချင်းချင်း ပြောဆိုလို့ နေနေတုန်းမှာ ဒိသာပါမောက္ခဆရာကြီး ရောက်လာတယ်။

"ဟော့... မင်းတို့ ဘာတွေပြောနေကြတာလဲ"

"အို... ဆရာကြီး၊ ကျုပ်တို့ ဒီလို ဒီလို ပြောနေကြတာပါ။ ဒါတွေ ဒါတွေ ပြောနေကြတာပါ"

"ဘာလဲကွ"

"ဓမ္မပါလရွာက လူတွေ အသက်ရှည်တယ်၊ နှစ်တစ်ရာ မပြည့် မချင်း မသေသေးဘူးလို့ ပြောတယ် ဆရာကြီးရဲ့"

"ဟော့... ဓမ္မပါလ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာကြီး" ဆိုတော့ ဆရာကြီးက မှတ်သား ထားလိုက်တယ်။ သားရဲ့ သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးစီးအောင် ဆောင်ရွက်တယ်။

ဆရာကြီးရဲ့ စိတ်ထဲမှာ ဘာဖြစ်နေသလဲလို့ဆိုတော့ အဲဒီ ဓမ္မပါလရွာက လူတွေ အသက်ရှည်တယ်ဆိုတာ "ဘာကြောင့်များ အသက်ရှည်ရသလဲ။ အဲဒါကို ငါ လေ့လာရေးခရီး ထွက်ဦးမယ်"

## လေ့လာရေးနှင့် စုံစမ်းရေးခရီးစဉ်

တက္ကသိုလ်ဆရာကြီးက (ပရိသတ်ကြီးရေ) ဘာလုပ်ဖို့ ထွက်မလဲ။ ဘယ်ကို ထွက်မလဲ။

မဟာဓမ္မပါလရွာကို အဲဒီကလူတွေ 'ဘာကြောင့် ဒါလောက်ကြောင် အသက်ရှည်တယ်' ဆိုတာကို သိဖို့အရေး တွေးပြီးတော့ လေ့လာရေးခရီးသွားမယ်လို့ သားကိစ္စ ဆောင်ရွက်လို့ပြီးတော့မှ ရိက္ခာလုံလောက်အောင်ထုပ်၊ လမ်းညွှန်ကို ကောင်းစွာ ရယူပြီးတော့မှ အဖော်သဟဲ တစ်ယောက်ကို ကိုင်ဆွဲပြီးတော့ ခရီးထွက်တယ်။

တက္ကသိုလ်ဆရာကြီး ဓမ္မပါလရွာကို လာတဲ့အခါမှာ ကြံဖန်ပြီးတော့ လုပ်လာသေးတယ် ပရိသတ်ရေ။ ဆိတ်တစ်ကောင်ရဲ့ အရိုးတွေကို သန့်ရှင်းအောင် ရေဆေးပြီးတော့ အဝတ်ကလေးနဲ့ ထုပ်လာသေးတယ်။ "ဘာလုပ်မလဲ"ဆိုတာ ပရိသတ်ကြီးက ခန့်မှန်းနိုင်လောက်တယ်။

## ဆရာကြီး လာသတဲ့ဟေ့

တက္ကသိုလ်ဆရာ ဓမ္မပါလရွာကိုရောက်၊ 'ဓမ္မပါလရွာသူကြီးအိမ် ဘယ်အိမ်လဲ' လို့ မေးမြန်းစုံစမ်း။ အိမ်ထဲကို ဝင်။

"အို... ခင်ဗျား၊ ဘယ်ကလာသလဲ"

"ငါ တက္ကသိုလ်ပြည်ကလာတာ၊ ဒိသာပါမောက္ခ ဆရာပဲ"

"အို... တို့သားရဲ့ ဆရာပဲ"ဆိုပြီး မိဘများက စနစ်တကျကြိုဆို၊ ခရီးဦးကြိုဆို၊ နေရာပေး၊ သောက်ရေ၊ သုံးရေပေး၊ အိပ်စရာ၊ နားစရာပေးပြီးတော့ အပန်းဖြေဖို့ ဆရာကြီးကိုထား၊ အပန်းလေး ဘာလေး ပြေတော့ ရေမိုးချိုး ညစာလည်း စားပြီးရော...

**သုခနိသိန္န ကာလေ၊** အေးအေးချမ်းချမ်း ထိုင်ပြီးတော့ စကားပြောနေတဲ့အချိန်မှာမှ ဒိသာပါမောက္ခဆရာက သူ့အလုပ်ကို စတာ။

"ကျွန်ုပ်လာတဲ့ကိစ္စကတော့ဗျာ၊ အလွန်အရေးကြီးလို့ လာခဲ့တာပါ"

"ဘာများ အရေးကြီးကိစ္စရှိလို့လဲ၊ ဆရာကြီး ပြောပါ"

"ပြောတော့ ပြောပါ့မယ်၊ မပြောခင် ကြိုတင်ပြီးတော့ ကျုပ်က တစ်ခု မှာထားချင်တယ်။ ခင်ဗျားတို့ စိတ်ကို ခိုင်ခိုင်ထားပြီးတော့ ကျုပ် စကား နားထောင်ကြပါ"

အမယ်... ကြီးကျယ်လိုက်တာ၊ ပြောပဲ မပြောသေးဘူး၊ ချီနေ လိုက်တာနော်။

"ဘာဖြစ်လို့ စိတ်ခိုင်ခိုင်ထားရမှာလဲ"

"အို... စိတ်ကို ထိန်းကြပါခင်ဗျာ၊ ခင်ဗျားတို့ စိတ်ထိခိုက်မှာစိုး လို့ပါ။ စိတ်တွေ သိပ်ပြီးတော့ ထိခိုက်မယ်ဆိုရင်လည်း ကျုပ်မပြောပါဘူး"

"ဘာမှ ထိခိုက်စရာ မရှိပါဘူးခင်ဗျာ၊ ပြောသာပြောပါ၊ ဘာ ကိစ္စလဲ"

"ကိစ္စကတော့ တခြားမဟုတ်ဘူး၊ ခင်ဗျားတို့သား ဓမ္မပါလ သတို့သား တက္ကသိုလ်ပြည်မှာ လာပြီးတော့ ပညာသင်နေတာ ပညာမဆုံး သေးဘူးဗျာ။ အဲဒါ အခုရောဂါတစ်ခုနဲ့ ကွယ်လွန်သွားလို့၊ အဲဒါကိုတစ်ဆင့် သတင်းပို့ရမယ် ဆိုလို့ရှိရင် ဒီသတင်း မရောက်ဘဲနေမှာစိုးလို့ အဲဒါကြောင့် ကျုပ်ကိုယ်တိုင် လာပြောတာ"

"ဟာ... ဘာလဲ၊ ခင်ဗျား ပြန်ပြောပါဦး"

"ခင်ဗျားတို့သား တက္ကသိုလ်မှာ ပညာသင်နေတုန်း သေသွားပြီ" ဆိုတော့ မိရော၊ ဖရော၊ ညီအစ်ကို၊ မောင်နှမတွေရော၊ ဆွေတွေမျိုးတွေရော ဆရာကြီးကို အံ့ဩငေးမော မျက်လုံးပြူးပြီးတော့ စိုက်ကြည့်နေကြတယ်။ ဒီဆရာကြီး စိတ်မှ ကောင်းမှကောင်းရဲ့လားပေါ့လေ။

တစ်ယောက်မှ မျက်နှာမပျက်ဘူး၊ ပရိသတ်ကြီးနော်။

သောကရောက်တဲ့ အမူအရာ တစ်ယောက်မှ မရှိဘူး။

ဒိသာပါမောက္ခဆရာကြီးလည်း ခပ်ကြောင်ကြောင် ဖြစ်သွား တယ်။ ဟယ်... ငါက စိုးရိမ်စရာ သတင်းပြောနေတယ်၊ ဘယ်သူကမှ မစိုးရိမ်ကြဘူး၊ ဘယ်လိုများပါလိမ့်မလဲ။ သူလည်းပဲ တွေးရင်း တွေးရင်းနဲ့ သူ့ဟာသူ မရဲတရဲ ဖြစ်လာတယ်။

"ခင်ဗျားတို့သား သေတယ်ဗျ။ အဲဒါ ကျုပ် လာပြောတာ" ဆိုတော့ ဟိုက...

## ငိုအားထက် ရယ်အားသန်

အမေရော၊ အဖေရော၊ ဆွေတွေ၊ မျိုးတွေ၊ ညီအစ်ကို မောင်နှမတွေရော လက်ခုပ်လက်ဝါးတီးပြီး ရယ်လိုက်ကြတာ။

"ဒိသာပါမောက္ခ ဆရာကြီးတစ်ယောက် လုပ်ပြီးတော့ ခင်ဗျား မလိမ်ပါနဲ့ဗျာ၊ မလိမ်ပါနဲ့။ မုသာဝါဒတွေ ခင်ဗျား မသုံးပါနဲ့"

"မဟုတ်ဘူးဗျ၊ ခင်ဗျားတို့သား သေတာကို သေတယ်လို့ ပြောနေတာမို့ ကျုပ် မုသာဝါဒပြောတာ မဟုတ်ဘူး"

"ဟာ... ကျုပ်တို့သား မသေနိုင်ဘူး၊ အဲဒါ ခင်ဗျား အမှားပဲ။ သေ တယ်ဆိုရင် တခြားလူ သေတာပဲဖြစ်လိမ့်မယ်" တကယ်သေတာက ဒိသာပါမောက္ခဆရာကြီးရဲ့သား သေတာနော်။

"တကယ်လို့ သေတယ်ဆိုရင်တောင် တခြားလူ သေတာပဲဖြစ်လိမ့်မယ်။ ကျုပ်တို့ သားကတော့ ဘယ်နည်းနဲ့မှ မသေနိုင်ဘူး" ဘာကြောင့် ကျုပ်တို့သား မသေတာလဲဆိုရင်...

## တရားရိပ်မှာ လုံခြုံစွာရှိ

**ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော။**

**မမ ဓမ္မပါလော**၊ ငါ့သားတော် ဓမ္မပါလဟာ။

**ဓမ္မေန ဂုတ္တော**၊ တရားဖြင့် လုံခြုံမှုရှိတယ်တဲ့။

ဓမ္မဖြင့် လုံခြုံမှုရှိတယ်။ (ပရိသတ်ကြီးရေ) သားတော် ဓမ္မပါလမှာ အသက်နဲ့ ခန္ဓာအတွက် ဘာလုံခြုံမှုရှိသတဲ့လဲ။

"ဓမ္မနဲ့ လုံခြုံမှုရှိပါတယ် ဘုရား"

ဓမ္မဆိုတဲ့ လုံခြုံမှု ကောင်းစွာရှိတယ်။

**ဓမ္မဂုတ္တ** ဒီလို ပြောပါတယ်နော်။

**ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော**၊ ငါ့သားတော် ဓမ္မပါလဟာ ဓမ္မ ဖြင့် လုံခြုံမှုရှိနေတယ်။ သေတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျုပ်တို့သား သေတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ။

## မယုံရင် အရိုးသာကြည့်

ဟာ... မယုံရင် ကြည့်ကြပါဗျာ။ ဟောဒီမှာ ကျုပ်ကိုယ်တိုင်

သင်္ဂြိုဟ်ပြီးတော့မှ သေသေချာချာ ယူလာပါတယ်။ မယုံကြည်မှာစိုးလို့ သက်သေပြဖို့ပါ။ ကြည့်။ သူက အထုပ်ကလေး ဖြေပြတော့ အရိုးတွေ ထွက်ကျလာတယ်။

(ပရိသတ်ကြီးရေ) ဘာအရိုးတွေလဲ။

"ဆိတ်အရိုးတွေပါ ဘုရား"

အဲဒီတော့...

"ဟာ... ခင်ဗျား အရူးပဲ၊ ကျုပ်တို့ကို လာလိမ်တာ၊ ဘယ်လို နည်းနဲ့မှ မဟုတ်ဘူး။ မဟုတ်တာတွေ မပြောနဲ့။ ဓမ္မပါလဆိုတဲ့ရွာမှာ မုသာဝါဒ ပြောကို မပြောဘူး။ ခင်ဗျား လာပြီးတော့ လိမ်မနေနဲ့" ဆိုတော့မှ...

(ပရိသတ်ကြီးရေ) ဒိသာပါမောက္ခ ဆရာကြီးလည်း ဘယ်လိုမှ မတတ်နိုင်တော့ဘူးနော်။

## မေးရပြီ

အဲဒီတော့မှ ဒိသာပါမောက္ခ ဆရာကြီးက မေးခွန်းထုတ်ရ တယ်။

**ကိံ တေ ဝတံ ပန ဗြဟ္မစရိယံ၊**

**ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။**

**အက္ခာဟိ မေ ဗြဟ္မဏ ဧတမတ္ထံ၊**

**ကသ္မာ နု တုမှံ ဒဟရာ န မီယရေ။** (ဇာ၊ ၄၊ ၄၊ ၅၂)

ဓမ္မပါလ၊ ဓမ္မပါလရွာကြီးတစ်ရွာလုံးကို အုပ်စိုးနေပေတဲ့ အို... ဓမ္မပါလရွာသူကြီး ခင်ဗျာ။ **တေ**, တုမှာကံ၊ သင်တို့ရဲ့။ **ဝတံ**၊ အသက်ရှည် ကြောင်း အကျင့်ကောင်းတွေဆိုတာက။ **ကိံ ဝတံ**၊ ဘယ်လို အကျင့်မျိုးတွေ ပါလဲ။ **ကိံ ပန ဗြဟ္မစရိယံ** အသက်ရှည်ကြောင်း မွန်မြတ်တဲ့ သူတော် အကျင့်တွေ ဆိုတာကကော ဘယ်လို အကျင့်မျိုးတွေပါလဲ။

**ကိဿ သုစိဏ္ဏဿ**၊ အဘယ်အကျင့်ကို ကောင်းစွာ ကျင့်တဲ့ အတွက်ကြောင့်။ **အယံ ဝိပါကော**၊ ဒီ နှစ်တစ်ရာ မပြည့်ဘဲနဲ့ မသေရဘူး ဆိုတဲ့ အကျိုးတရားဟာ (ဝါ) ဒီ အသက်ရှည်ခြင်းဆိုတဲ့ အကျိုးတရားဟာ။ **ဟောတိ**၊ ဖြစ်လာရပါသလဲ။

**ကဿ္မာ နု တုမှံ ဒဟရာ န မီယရေ။**

**တုမှံ၊** တုမှာကံ၊ သင်တို့ရဲ့။ **ကုလေ၊** အမျိုးထဲမှာ။ **ကသ္မာ၊** အဘယ်ကြောင့်။ **ဒဟရာ၊** ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ** နမီယန္တိ၊ မသေကြတာလဲရယ်လို့။ **ဒိသာပါမောက္ခ အာစရိယော၊** ဒိသာပါမောက္ခဆရာကြီးက။ **ဣမံ ပဉှံ၊** ဤမေးခွန်းကို။ **အပုစ္ဆိ၊** သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ရှာလေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

၁။ သင်တို့ရဲ့ ဓမ္မပါလအမျိုးမှာ အသက်ရှည်တယ်ဆိုတဲ့ အကျင့်တွေက ဘယ်အကျင့်မျိုးတွေများပါလဲ။

၂။ ဘယ်လို အကျင့်တွေကို ကျင့်လို့ ဒါလောက်တောင် အသက်ရှည်ကြတာလဲ။

၃။ အသက်ရှည်ခြင်းဆိုတဲ့ ဒီ အကျိုးတရားဟာ ဘယ်အကျင့်ကို ကျင့်လို့ရတာများပါလဲ။

၄။ အဘယ့်ကြောင့် သင်တို့ရွာက လူတွေ အသက်ရှည်ကြတာများသလဲ။

အသက်ရှည်ကြောင်း အကျင့်ကောင်းကို တက္ကသိုလ်ပြည်က ကြွလာတဲ့ ဒိသာပါမောက္ခ ဆရာကြီးက ဓမ္မပါလသတို့သားရဲ့ ဖခင် ဓမ္မပါလရွာသူကြီးကို မေးမြန်းနေတယ်။ သူတို့ရဲ့ တက္ကသီလာမှာ တက္ကသိုလ်မှာ အသက်ရှည်ကြောင်း အကျင့်ကောင်းဟာ (ပရိသတ်ရေ) သင်ရိုးညွှန်းတမ်းထဲမှာ မပါဘူးတဲ့။ (ပရိသတ်ရေ) ပါသတဲ့လား။

"မပါပါဘူး ဘုရား"

အဲဒါကြောင့် ဒိသာပါမောက္ခဆရာ မသိရှာလို့ ဓမ္မပါလရွာကို လာပြီး မေးတော့ ဓမ္မပါလရွာသူကြီးက ဖြေကြားလိမ့်မယ်။

## ရွာသူကြီးရဲ့ အဖြေစကား

**ဓမ္မံ စရာမ န မုသာ ဘဏာမ၊**
**ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။**
**အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ၊**
**တသ္မာ ဟိ အမှံ ဒဟရာ နမီယရေ။**

**အာစရိယာ၊** တက္ကသိုလ်ပြည်က ကြွလာတဲ့ ဒိသာပါမောက္ခဆရာကြီးခင်ဗျာ။ **မယံ၊** ငါတို့ရွာမှာရှိကြတဲ့ ဓမ္မပါလ ရွာသူရွာသားတွေဟာ။ **ဓမ္မံ၊** ဓမ္မကို။ **စရာမ၊** ကျင့်သုံးကြပါကုန်၏။

(ပရိသတ်ကြီးရေ) ဘာကျင့်သတဲ့လဲ။

“ဓမ္မကို ကျင့်တာပါ ဘုရား”

အေး... ဓမ္မကို ကျင့်တယ်။

**ဓမ္မ အဖွင့်**

**ဓမ္မံ စရာမ။**

**ဓမ္မံ၊** ဓမ္မကို။

**စရာမ၊** ကျင့်သုံးကြပါကုန်၏။

အဲဒီ ဓမ္မက ဘယ်လို ဓမ္မလဲလို့ဆိုရင်...

၁။ ဒါနရယ်၊

၂။ သီလရယ်၊

၃။ ဘာဝနာရယ်၊

၄။ အပစာယနရယ်၊

၅။ ဝေယျာဝစ္စရယ်၊

၆။ ပတ္တိဒါနရယ်၊

၇။ ပတ္တာနုမောဒနရယ်၊

၈။ ဓမ္မဝဿနရယ်၊

၉။ ဓမ္မဒေသနာရယ်၊

၁၀။ ဒိဋ္ဌိဇုကမ္မ ရယ်

လို့ ဆယ်ပါးသော အဲဒီ ဓမ္မကို ထိုရွာက အကုန်ကျင့်တယ်တဲ့။

(ပရိသတ်ရေ) ဓမ္မ ဘယ်နှမျိုးလဲ။

“ဆယ်မျိုးပါ ဘုရား”

**ကျင့်သင့်တဲ့ ဓမ္မအဓိပ္ပာယ်**

၁။ **ဒါနဆိုတာ**　　　- အလှူပေးခြင်းပေါ့။

၂။ **သီလဆိုတာ**　　　- ကိုယ်၊ နှုတ်ကို စောင့်ထိန်းခြင်းပေါ့။

၃။ **ဘာဝနာဆိုတာ** - စိတ်ကို ထိန်းပြီးတော့ စိတ်ကို ဖြူစင်အောင် ဆေးကြောခြင်းပေါ့။

၄။ **အပစာယနဆိုတာ** - အသက်အားဖြင့်၊ ဂုဏ်အားဖြင့် ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေကို ရိုသေခြင်းပေါ့။

၅။ **ဝေယျာဝစ္စဆိုတာ** - ကာယကံအမှုဖြင့် သူတစ်ပါး အကျိုးရှိမယ့် လုပ်ငန်းကို ဆောင်ရွက်ခြင်းပေါ့။

၆။ **ပတ္တိဒါနဆိုတာ** - သူတစ်ပါးတို့အား မိမိကုသိုလ်ကို အသိပေးပြီးတော့ ဝေငှခြင်းပေါ့။

၇။ **ပတ္တာနုမောဒနာ** - သူတစ်ပါးတို့ပြုတဲ့ ကုသိုလ်ကို သိရ၊ ကြားရရင် ဝမ်းမြောက်ခြင်း။

၈။ **ဓမ္မ သဝန** - တရားနာခြင်း။

၉။ **ဓမ္မ ဒေသနာ** - တရားဟောခြင်း။

၁၀။ **ဒိဋ္ဌိဇုကမ္မ** - အယူကို ဖြောင့်မတ်စွာ ထားခြင်းလို့။

(ပရိသတ်ရေ) ကျင့်စဉ် ဆယ်မျိုးနော်။ အဲဒါကို ''ဓမ္မ''လို့ ခေါ်တယ်နော်။

**ဓမ္မံ**၊ ပုညကိရိယဝတ္ထု ဆယ်ပါးဆိုတဲ့ မြတ်ဓမ္မကို (တစ်နည်း) ကုသလကမ္မပထတရား ဆယ်ပါးဆိုတဲ့ ဓမ္မဆယ်မျိုးကို။ **မယံ**၊ ငါတို့ တစ်တွေသည်။ **စရာမ**၊ ကျင့်သုံးကြပါကုန်၏။

## နောက်တစ်မျိုး ပြောဦးမယ်

နောက်တစ်မျိုးက . . .

**ဓမ္မံ**၊ သုစရိတဓမ္မ ဆယ်ပါးကို။

(ပရိသတ်ကြီးရေ) နောက်တစ်မျိုး ဘာသာပြန်တော့ **ဓမ္မံ**၊ သုစရိတ ဓမ္မဆယ်ပါး၊ အခုနက ကုသလကမ္မပထတရား ဆယ်ပါး၊ အခု နောက်ပြောတာက သုစရိတဓမ္မ ဆယ်ပါး။ အဲဒီ သုစရိတဓမ္မ ဆယ်ပါးဆိုတာကတော့ သိလွယ်တယ်။

ဒုစရိုက် ဆယ်ပါးကို ရှောင်ကြဉ်ခြင်းဟာ သုစရိုက်ဆယ်ပါး ဖြစ်တော့တာပါပဲနော်။

ဒုစရိုက် ဆယ်ပါးကို ရှောင်ကြဉ်ခြင်းသည် ဘာဖြစ်တော့လဲ။

"သုစရိုက်ဆယ်ပါး ဖြစ်ပါတယ်ဘုရား"

အေး... သုစရိုက်ဆယ်ပါးဖြစ်တော့တယ်။ အဲဒါကြောင့်...

**ဓမ္မံ**၊ သုစရိတ တရားဆယ်ပါး (သို့မဟုတ်ရင်) ကုသိုလ်ကမ္မပထတရား ဆယ်ပါးဆိုတဲ့ ဒီ ဓမ္မဆယ်မျိုး နှစ်လီကို။ **မယံ**၊ ငါတို့ရွာမှာ ရှိကြတဲ့ လူသားတွေ အားလုံးဟာ။ **စရာမ**၊ ကျင့်သုံးနေထိုင်ကြပါကုန်၏။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရောေ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဓမ္မကျင့်လို့ သက်ရာကျော်ရှည်

တစ်ရာနဲ့တစ်နှစ် သက်တော်ရှည်တော်မူခဲ့ပြီဖြစ်တဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးကို 'ဆရာတော်ဘုရား ဘာကြောင့် သက်တော်ဒါလောက်တောင် ရှည်တုန်း' လို့ တွေးလည်း တွေးမနေနဲ့တော့၊ အဖြေကို ဒီဇာတ်တော်က ဖြေပြီးနေပြီနော်။

တို့များရဲ့ ဆရာတော် ဘာကြောင့် ဒါလောက်တောင် အသက်ရှည်တုန်းဆိုရင် (ပရိသတ်ကြီးရေ) "**ဓမ္မကို ကျင့်လို့**"တဲ့။ ဘာကျင့်လို့လဲ။

"ဓမ္မကိုကျင့်လို့ပါ ဘုရား"

## ရာကျော် သာသနာတော်ပိုင် သုံးပါး

**အမှာကံ ကုလေ**၊ ငါတို့ရဲ့ အမျိုးမှာ··· အံ့သြစရာကောင်းတာ တစ်ခုက တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဘုန်းကြီးတို့ ရွှေကျင်နိကာယမှာ...

စံကင်းဆရာတော်ဘုရားကြီးတို့၊ အရှေ့ဝိသုဒ္ဓါရုံတိုက် ဆရာတော်ဘုရားကြီးတို့၊ ယခု ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီးတို့၊ ရွှေကျင်

သာသနာပိုင် အဆက်တော်တော်များများဟာ သက်တော်ရာကျော် ဆရာတော်ဘုရားကြီးတွေချည်းပဲ ဖြစ်နေတယ်။

**ဓမ္မံ စရာမ**၊ ဓမ္မကို ကျင့်ကြတယ်။ **တသ္မာ**၊ ထို့ကြောင့်။ **အမှံ အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ဓမ္မ နှစ်မျိုးကို ထိပ်က တည်ထားပြီးတော့မှ အဲဒါကို ဓမ္မပါလ ရွာသူကြီးက အဖွင့်ကလေးတွေ တစ်လုံးစီ တစ်လုံးစီ နည်းနည်းချင်း ဖွင့်သွားပေးတယ်။

ထိပ်က တည်လိုက်တဲ့ ဓမ္မက နှစ်မျိုးနော်။ ပြီးတော့မှ အဲဒါကို တစ်လုံးချင်း တစ်လုံးချင်း နည်းနည်းစီ ထပ်ပြောမယ်။

**"ဓမ္မံ စရာမ န မုသာ ဘဏာမ"**

**မယံ**၊ ငါတို့ရဲ့ ဓမ္မပါလရွာမှာ နေကြတဲ့ လူသားတွေဟာ။ **မုသာ**၊ မုသာဝါဒကို။ **န ဘဏာမ**၊ မပြောကြဘူးတဲ့။

(ပရိသတ်ကြီးရေ) တစ်လုံး ထုတ်လာတယ်နော်။

ဓမ္မ ဆယ်မျိုးကို ထိပ်မှာ တည်ပြီးတော့ တစ်လုံးချင်း ထုတ်ပြီးတော့ ရွေးပြောတယ်။

## အရေးအကြီးဆုံး ကျင့်စဉ် အမှတ်(၁)

ဘာကို အရင်ဆုံး ပြောသလဲဆိုတော့ "မုသာဝါဒ"ကို အရင်ဆုံး ထုတ်ပြတယ်။ အဲဒါကိုလည်း ပရိသတ်ကြီး စဉ်စားမယ်ဆိုရင် စဉ်းစား စရာကြီးပဲ။ ဒီ ဓမ္မပါလ ဇာတ်တော်ကြီးကို ဖတ်ပြီးတော့ ဘုန်းကြီးတို့ အကြိမ်ကြိမ် အဖန်ဖန် စဉ်းစားကြည့်တယ်။

"ကုသိုလ် ကမ္မပထတရားဆယ်ပါး သုစရိုက်တရား ဆယ်ပါး ကျင့်ရင် အသက်ရှည်တယ်" လို့ ပြောရင် တရား ဒါလောက်ကို မရှည်ဘူး။ တိုတိုလေးနဲ့ ပြီးနိုင်တယ်။

တိုတာ မကြိုက်ဘူးလား ကျောင်းဒကာကြီးရေ။

"မကြိုက်ပါဘုရား"

မကြိုက်ဘူးလား၊ ဒါဆို နည်းနည်းရှည်ကြဦးစို့ရဲ့။

အဲဒီ ဆယ်မျိုးထဲကမှ မုသာဝါဒကို ထုတ်လာတယ်။ မုသာဝါဒကိုရှောင်လို့ အသက်ရှည်တယ်ဆိုတဲ့ ဒီအဖြေကတော့ ထွက်သွားပြီပေါ့နော်။

ဒီတော့ ဘာဖြစ်လို့ မုသာဝါဒကို သီးခြားထုတ်သလဲဆိုတော့ အကြောင်း ရှိတယ် (ပရိသတ်ကြီးရေ)။

## လိမ်ညာရဲသူ မလုပ်ရဲသည့် အကုသိုလ်မရှိ

**ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**

**ဝိတိဏ္ဏ ပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။**

**ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော၊** မုသာဝါဒတစ်ခုကို လွန်ကျူးတဲ့ ပုဂ္ဂိုလ်ဟာ။ **နတ္ထိ ပါပံ အကာရိယံ၊** အဲဒီသူမပြုရဲသော တခြား ဒုစရိုက် မရှိတော့ဘူးတဲ့။

မုသာဝါဒ တစ်ခုလောက်ပြောရဲတဲ့ ပုဂ္ဂိုလ်ဟာ သူ မလုပ်ရဲတဲ့ အခြား ဒုစရိုက် မရှိတော့ဘူးတဲ့။ မုသာဝါဒဟာ (ပရိသတ်ကြီးရေ) ကြောက်စရာကောင်းတယ်။ မုသာဝါဒ တစ်ခွန်းကို ပြောရဲတဲ့ ပုဂ္ဂိုလ်က တခြား ဒုစရိုက် အားလုံးကို အကုန်လုံး လုပ်ရဲပြီတဲ့၊ ဟုတ်လား။

မုသာဝါဒဟာ ဒုစရိုက်အားလုံးရဲ့ ဂိတ်ပဲနော်။

**ဧကံ ဓမ္မံ အတီတဿ၊** မုသာဝါဒိဿ **ဇန္တုနော၊ ဝိတိဏ္ဏ ပရလောကဿ၊** မုသာဝါဒ တစ်ခွန်းပြောရဲတဲ့ ပုဂ္ဂိုလ်မှာ ဘဝသံသရာ ကောင်းကျိုးတွေ အကုန်လုံး လွဲကုန်ပြီ။

## ချမ်းသာချွတ်လွဲ မပြုရဲ မရှိ

ဘာသာပြန် နှစ်ချက်ကို မှတ်မိပစေ။

၁။ မုသာဝါဒ တစ်ခွန်းပြောရဲတဲ့ ပုဂ္ဂိုလ်သည် သူ မပြုရဲတဲ့ မကောင်းမှု ဘာမှ မရှိဘူး။

၂။ မုသာဝါဒကို တစ်ခွန်းပြောလိုက်တာနဲ့ ဘဝသံသရာ တစ်လျှောက်လုံးမှာ ကောင်းကျိုးချမ်းသာတွေ အကုန်လုံး (ဘာဖြစ်ပြီလဲ)။ လွဲချော်သွားပြီတဲ့။

ဒီနှစ်ချက်ကို (ပရိသတ်ကြီးရေ) သုန္ဒရီသုတ္တန်မှာ ဘုရားရှင် ဟော တော်မူဖူးတယ်။ တစ်လုံးလောက် စဉ်းစားကြည့်ပါလား။

ဒီကနေ့ ဆရာတော်ဘုရားကြီး သက်တော်ရှည် ပူဇော်ပွဲ ဘုန်းကြီး တို့ ပရိသတ်ကြီးက ပူဇော်မှု နှစ်မျိုးကို အဓိကထားပြုကြမယ်နော်။

၁။ အာမိသ ပူဇာ

၂။ ဓမ္မ ပူဇာ

တရားပွဲဟာ ဓမ္မပူဇာပွဲပေါ့နော်။ မိမိတို့ စွမ်းအားရှိသမျှ ယူလာ ကြတဲ့ ပစ္စည်းမျိုးစုံ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ထီး၊ ဖိနပ် စသည်ကို ဆရာတော်ဘုရားကြီးအားလည်း ပူဇော်၊ သံဃာတော်တွေကိုလည်း ပူဇော်၊ သီလရှင်တွေကိုလည်း ပူဇော်၊ ပူဇော်ကြတယ်။

အဲဒါကို အတိုချုံးလိုက်ရင် ဒါနပဲ မဟုတ်လား။

ဒီ ဒါနကို ဘာကြောင့် ဒါလောက်တောင် ပြုရသလဲဆိုရင် အတိုဆုံး အဖြေကတော့ 'အကျိုးရှိလို့' လုပ်တာ။ မှန်ရဲ့လား။

"မှန်ပါဘုရား"

'ဒါနဟာ အကျိုးရှိတယ်ဟေ့' ဆိုရင် ဘယ်လို ပြောရမလဲ။

"အတ္ထိ ဒိန္နံ"

"အလှူဒါနဟာ အကျိုးရှိတယ်နော်"

အဲဒါကို ပြောင်းပြန်ပြောတော့ ဘယ်နှယ်ပြောမလဲ။

"နတ္ထိ ဒိန္နံ" တဲ့။

(ပရိသတ်ရေ) ပြောကြည့်စမ်းပါ။

"နတ္ထိ ဒိန္နံ ပါ ဘုရား"

အလှူဒါနဟာ ဘာမှ အကျိုးမရှိဘူးတဲ့။

သစ္စာဝါဒက "အတ္ထိ ဒိန္နံ" ဒါနဟာ အကျိုးရှိတယ်။

မုသာဝါဒကတော့ (ဘာတဲ့လဲ)။

"နတ္ထိ ဒိန္နံ အလှူဒါနဟာ ဘာမှ အကျိုးမရှိဘူး"

အလှူဒါနဟာ အကျိုးမရှိဘူးဆိုတဲ့ အဲဒီစကား မှန်ရဲ့လား။

"မမှန်ပါ ဘုရား"

မမှန်ပေမယ့် အဲဒီ စကားမျိုးပြောတဲ့ လူတွေဟာ ကမ္ဘာမှာ အများကြီးပဲနော်။ လှူတာ ဘာအကျိုးမှ မရှိဘူး။ သေပြီးရင် နောက်ဘဝ

မရှိဘူး။ ငရဲမရှိဘူး။ နတ်ပြည် မရှိဘူး။ နိဗ္ဗာန် မရှိဘူး။ မရှိ၊ မရှိ ဆိုပြီးတော့ ပြောတဲ့စကားဟာ မိစ္ဆာဒိဋ္ဌိတရား ခြောက်ဆယ့်နှစ်ပါးထဲမှာ အဲဒီလို စကားလုံး ဆယ်လုံး ရှိတယ်။

"အတ္ထိ, အတ္ထိ၊ ရှိတယ်, ရှိတယ်"ဆိုတဲ့ စကားကို ပြောင်းပြန် မုသာဝါဒ လုပ်ရင် "နတ္ထိ, နတ္ထိ၊ မရှိ, မရှိ" ဒီလို သွားတယ်။

နိဗ္ဗာန်ရှိသလား ဆိုတော့...

ဘုန်းကြီးတို့ ပရိသတ်က ဘာပြောမလဲ၊ ရှိတယ်ပေါ့၊ ဟုတ်လား။

ဆန့်ကျင်ဘက်ပြောရင်တော့ "**နတ္ထိ နိဗ္ဗာနံ**၊ နိဗ္ဗာန်ဆိုတာ မရှိဘူး" ဟုတ်လား။

အဲဒီတော့ မုသာဝါဒက နည်းမျိုးစုံတယ် ပရိသတ်ကြီးရေ။

ဟို...စိဉ္စမာန ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ဘုရားရှင်ကိုယ်တော်မြတ် တရားဟောနေတုန်း ပရိသတ် အလယ်ခေါင် ဝင်ပြီးတော့ ပြောလိုက်တဲ့ စကားတွေက ဘာတွေလဲဆိုတော့ အားလုံး မုသာဝါဒတွေချည်းပဲ။ ဒီကနေ့ အဲဒီဒကာမကြီး အဝီစိမှာ ရှိသေးတယ်နော်။

မုသာဝါဒ တစ်ခွန်းပြောရဲတဲ့ ပုဂ္ဂိုလ်ဟာ သူ မလုပ်ရဲတဲ့ ဒုစရိုက် မရှိတော့ဘူး။ မုသာဝါဒရဲ့နောက်မှာ ဒုစရိုက်တွေ အကုန်လုံး သူလုပ်သွားတယ်။ အဲဒါကြောင့်...

အလွန်တရာကြီးလေးတဲ့ ပြစ်မှုဟာ မုသာဝါဒပါပဲ။

**မုသားစကား ပြောဆိုငြားမူ စကားမပီ သွားမညီတည့်** ဆိုပြီးတော့ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက လင်္ကာရေးတော်မူတယ်။

ဇူဠကမ္မဝိဘင်္ဂသုတ်တော်က ဟောပြောချက်များကို မှီငြမ်းပြုပြီးတော့ ဒီလင်္ကာလေးတွေ ရေးထားတာ ပရိသတ်ကြီးက နားလည်လွယ်တယ်။ ဩော်... မုသာဝါဒ စကားပြောရင် ဘဝအဆက်ဆက် ဘာဖြစ်တတ်လဲ။

'စကား မပီဘူး' တဲ့။

'ထိုးထိုးထစ်ထစ် ဖြစ်တတ်တယ်' တဲ့။

'သွားတွေ မလှဘူး' တဲ့။

'ပါးစပ်က နံတယ်' တဲ့။

အဲဒီ မကောင်းကျိုးတွေကို ကြောက်လွန်းလို့ ပရိသတ်ကြီးက 'မုသာ ဝါဒါ ဝေရမဏီ' လုပ်တယ်ဆိုတော့ ကိုယ့်ကိုယ်ကို သိပ်ချစ်တဲ့ မုသာဝါဒ ဖြစ်နေတယ်။

## လမ်းလွဲပို့တဲ့ မုသာဝါဒ

မုသာဝါဒရဲ့ နောက်အပြစ်တစ်ခုက ဘယ်လောက်ကြောက်စရာ ကောင်းသလဲဆိုရင် . . .

**"မုသာဝါဒေါ ဝိသံဝါဒကော လောကဿ"**

"မုသာဝါဒဟာ ကမ္ဘာလောကကြီးကို လမ်းလွဲသို့ ပို့တယ်"

မုသာဝါဒဟာ ကမ္ဘာသူ၊ ကမ္ဘာသား လူအများကို ဘယ်ပို့သလဲ။

"လမ်းလွဲသို့ပို့ပါတယ် ဘုရား"

"**အတ္ထိ ဒိန္နံ**"ကို ပြောင်းပြန်ပြော။ "**နတ္ထိ ဒိန္နံ**"လို့လည်း ဆိုစရာ (ပရိသတ်ကြီးရေ) ဒါနလုပ်ငန်းတွေ အကုန်လုံး ကွယ်ကုန်၊ လွဲကုန် လိမ့်မယ်နော်။

**"နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"**

"ကုသိုလ်၊ အကုသိုလ်၌ ကုသိုလ်၊ အကုသိုလ်ရဲ့ အကျိုးရှိတယ် ဆိုတာကို ပြောရမယ့်အစား 'မရှိဘူး'လို့ ပြောလိုက်မိရင် (ပရိသတ်ကြီးရေ) လူသားများစွာ လမ်းမှားကို မရောက်နိုင်ဘူးလား။

"ရောက်နိုင်ပါတယ် ဘုရား"

သမ္မာဒိဋ္ဌိ လမ်းကြောင်းကို လျှောက်နေတဲ့ လူကောင်း သူကောင်း တွေကို မိစ္ဆာဒိဋ္ဌိ လမ်းကြောင်းကို ပို့လိုက်တာဟာ မုသာဝါဒပါပဲ။

အဲဒီလို အယူအဆမျိုးတွေကို ပြောရုံနဲ့ အားမရဘဲနဲ့ အကျယ်တဝင့် အဓိပ္ပာယ်ဖွင့်ပြီးတော့ စာအုပ်တွေ ရေးပြီးတော့ အဲဒီစာအုပ်တွေကို ကမ္ဘာ ကိုဖြန့်လိုက်မယ်ဆိုရင် ဒီ မုသာဝါဒ စာအုပ်ကြီးတွေကို ဖတ်ရတဲ့ လူပေါင်း များစွာတို့ရဲ့ စိတ်နှလုံးဟာ (ပရိသတ်ကြီးရေ) မပျက်စီးနိုင်ဘူးလား။

"ပျက်စီးနိုင်ပါတယ် ဘုရား"

**"ဝိသံဝါဒကော လောကဿ"**

**လောကဿ**၊ ကမ္ဘာသူ ကမ္ဘာသား လောကကြီး တစ်ခုလုံးကို ဘာဖြစ်စေသလဲ။ **ဝိသံဝါဒကော**၊ အလွဲလွဲ အမှားမှား ဖြစ်စေတတ်တယ်။

အဲဒါကြောင့်...

**မုသာဝါဒံ ပဟာယ**၊ မုသာဝါဒကို ပယ်ပြီးတော့...

**"မုသာဝါဒါ ပဋိဝိရတော သမဏော ဂေါတမော"**

**သမဏော ဂေါတမော**၊ ရဟန်းဂေါတမသည် (ဝါ) ဘုရားရှင်ကိုယ်တော်မြတ်သည်။ **မုသာဝါဒါ**၊ မုသာဝါဒမှ။ **ပဋိဝိရတော**၊ ရှောင်ကြဉ်တော်မူတယ်လို့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကို အကျယ်ဖော်ပြတဲ့ မဟာသီလခန်းတွေမှာ ဒီလို ဖွင့်ဆိုချက်ရှိတယ်နော်။

## မုသားမှ ရှောင်ကြဉ်တယ်

အဲဒါကြောင့်... **မုသာ**၊ မုသာဝါဒကို။

**မုသာ**၊ ကမ္ဘာကြီး တစ်ခုလုံးကို လမ်းလွဲကိုပို့နိုင်တဲ့ မုသာဝါဒကို။

**မုသာ**၊ လူသားများစွာကို ချွတ်ချွတ်ချော်ချော် ဖြစ်စေတတ်တဲ့ မုသာဝါဒကို။

**မုသာ**၊ ဒုစရိုက်အားလုံးတို့ရဲ့ လမ်းမကြီးဖြစ်နေတဲ့ မုသာဝါဒကို။

**မယံ**၊ ငါတို့တစ်တွေဟာ။ **န ဘဏာမ**၊ မပြောကြပါဘူး။ **တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြဘူးရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော် မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

(ပရိသတ်ကြီးရေ) မုသာဝါဒရဲ့ ကြောက်စရာကောင်းပုံကို အကျယ်တဝင့် ဖွင့်ဆိုပြီးတော့ တို့ပရိသတ်ကြီး နားလည်ဖို့ ကောင်းပါတယ်။ ဒီ ဇာတ်တော်မှာကတော့ ဒီမျှနဲ့ပဲ ပရိသတ်ကြီး လမ်းစကိုသာ မှတ်သားထား။

## မုသား အပြစ်တွေ

၁။ မုသာဝါဒသည် သုစရိုက် အားလုံးရဲ့ လမ်းစပဲ ဟုတ်လား။

ပိုကြောက်စရာကောင်းတဲ့ ပြစ်မှုတစ်ခုကတော့...

၂။ ကိုယ့် မုသာဝါဒက သူတစ်ပါးတို့ကို လမ်းလွဲသို့ ပို့နိုင်တယ်။

အဲဒါကြောင့် ကိုယ့်ကိုယ်ကို ချစ်ပြီးတော့ မုသာဝါဒ ရှောင်တာလည်း တစ်မျိုးပေါ့။ ကောင်းပါတယ်။ သို့သော် 'ကမ္ဘာကြီးကို လမ်းလွဲသို့ မပို့ဘူး' ဆိုတဲ့ စေတနာမျိုး၊ မေတ္တာမျိုးနဲ့ မုသာဝါဒကို ရှောင်ရင် အဲဒါ အသက်ရှည်ကြောင်း အကျင့်တဲ့။ ဒီဇာတ်တော်က ပြောပါတယ်နော်။

**မုသာ**၊ မုသာဝါဒကို။ **န ဘဏာမ**၊ မပြောကြဘူး။ **တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ ဓမ္မပါလ လူမျိုးတွေဟာ။ **ဒဟရာ**၊ ငယ်ငယ်ရွယ်ရွယ်မှာ။ **န မီယရေ, န မီယန္တိ**၊ ဘယ်လိုနည်းနဲ့မှ မသေကြပေဘူး။

## အသက်ရှည်ကြောင်း ဒုတိယကျင့်စဉ်

"**ဓမ္မံ စရာမ၊ နော မုသာ ဘဏာမ၊**
**ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ**"

**ပါပါနိ ကမ္မာနိ**၊ ပါပကမ္မ မှန်သမျှကို။

**ပရိဝဇ္ဇယာမ**၊ ရှောင်ကြဉ်ကြတယ်။

(ပရိသတ်ကြီးရေ) ဘာကို ရှောင်ကြဉ်သလဲဆိုတော့ "**ပါပကမ္မ**"ကို ရှောင်ကြဉ်တယ်။ အားလုံး ပြောကြည့်။

"ပါပ ကမ္မကို ရှောင်ကြဉ်ပါ ဘုရား"

**ပါပါနိ ကမ္မာနိ**၊ ပါပကမ္မဆိုတဲ့ ယုတ်မာတဲ့ အမှုမှန်သမျှတွေကို။ **မယံ**၊ ငါတို့ ဓမ္မပါလရွာမှာ နေကြတဲ့ လူသားတွေဟာ။ **ပရိဝဇ္ဇယာမ**၊ ရှောင်ကြဉ်လို့ နေကြပါကုန်၏။

ယုတ်ညံ့တဲ့ အကျင့်မှန်သမျှ သူတို့ရွာကလူတွေ အကုန်လုံး ရှောင်တယ်တဲ့။ (ပရိသတ်ကြီးရေ) ယုတ်ညံ့သိမ်ဖျင်းတဲ့ အကျင့်မျိုး မှန်သမျှကို ဓမ္မပါလ ရွာသူရွာသားတွေ အကုန်လုံး ရှောင်ကြတယ်။

ဒီတော့ 'ဓမ္မပါလ' လို့ ဆိုလိုက်လို့ရှိရင်...

ဒုစရိုက် ဆယ်ပါးကို ရှောင်၊ သုစရိုက်ဆယ်ပါးကို ကျင့်။ ပုညကြိယာဝတ္ထုဆယ်ပါးကို ကျင့်၊ ဒါလောက်ဆိုရင် လုံလောက်ပြီလို့

(ပရိသတ်ကြီး) မတွက်နဲ့။ ယုတ်ညံ့တဲ့ အကျင့်မှန်သမျှ အကုန်လုံး ရှောင်ရမယ်တဲ့။ သိမ်ဖျင်းတဲ့ အကျင့်မှန်သမျှ ဘာမှ မကျင့်ရဘူးတဲ့။ ဒီတော့...

## ကြီးမြတ်ချင်လျှင် ကြီးမြတ်သည့်အလုပ် လုပ်

ဘုန်းကြီးတို့ ပရိသတ်ကြီးရေ...

သက်တော်ရှည် ဆရာတော်ဘုရားများမှာပဲဖြစ်ဖြစ်၊ လူများမှာပဲဖြစ်ဖြစ် သက်တော်ရှည်ပြီးတော့ ဂုဏ်သိက္ခာကြီးမားတဲ့ လူကြီးလူကောင်းတွေဟာ ယုတ်ညံ့သိမ်ဖျင်းတဲ့ အကျင့်မျိုးတွေကို အကြွင်းမဲ့ ရှောင်ထားကြတယ်။ ဒါကြောင့် ကြီးကြီးကျယ်ကျယ် ဖြစ်ကြတာ။

ကြီးကြီးကျယ်ကျယ် ထိပ်တန်းကနေ ဖြစ်ချင်တယ်ဆိုလို့ရှိရင် ထိပ်တန်း အကျင့်ကိုပဲ ကျင့်ရမှာပဲ။ သေးသိမ်တဲ့ အကျင့်ကို ကျင့်မယ်ဆိုရင်တော့ သေးသေးသိမ်သိမ်ပဲ ဖြစ်တတ်တာပဲ။

ဒါကြောင့် ဒီဇာတ်တော်က ပြောတယ်။

ပါပ ကမ္မလို့ခေါ်တဲ့ ယုတ်ညံ့တဲ့ အကျင့်မှန်သမျှတွေကို သူတို့ရွာမှာ အားလုံးပဲ ရှောင်ထားကြတယ်တဲ့၊ ဟုတ်လား။ ထပ်ပြီးတော့ ခိုင်မာအောင် ဘာပြောသေးလဲဆိုတော့...

## လူကြီးလူကောင်းအကျင့် မဟုတ်တာတွေ ရှောင်

**"အနရိယံ ပရိဝဇ္ဇေမ သဗ္ဗံ"**

**သဗ္ဗံ**၊ အလုံးစုံသော။ **အနရိယံ**၊ လူကြီးလူကောင်းရဲ့ အကျင့်မဟုတ်လို့ သေးသိမ်တဲ့ အကျင့်တွေကို။ **ပရိဝဇ္ဇေမ**၊ ရှောင်ကြဉ်ကြပါကုန်၏။ လူကြီးလူကောင်း အကျင့်မဟုတ်တာတွေကို သူတို့ရွာက အကုန်လုံး ရှောင်ကြတယ်။

**"န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊**
**ယေန ဝိညူ ပရေ ဥပဝဒေယျုံ"**

(ပရိသတ်ကြီး) ဒီစာပိုဒ်ကို အကုန်ရတယ်နော်။

**ယေန**၊ အကြင်အမှုကိစ္စ တစ်ခုခုကြောင့်။ **ပရေ**၊ သူတစ်ပါးဖြစ်ကုန်သော။ **ဝိညူ**၊ ပညာရှိ သူတော်ကောင်းတွေဟာ။ **ဥပဝဒေယျုံ**၊ ကဲ့ရဲ့ကုန်ရာ၏။

**တံ တာဒိသံ**၊ ထိုသို့ သဘောရှိသော။ **ခုဒ္ဒံ**၊ သေးသိမ် ယုတ်ညံ့သော။ **ပါပံ**၊ ယုတ်မာစွာသော။ **ခုဒ္ဒံ**၊ သေးငယ်တဲ့။ **ကိဉ္စိ**၊ တစ်စုံတစ်ခုသော အမှုကလေးကိုမျှ။ **န အာစရေ**၊ မကျင့်ကြပါနဲ့။

လူကြီးလူကောင်းတွေ ရှုတ်ချမယ့် အကျင့်မျိုးဆိုရင် သေးသိမ်တဲ့ အကျင့်ကလေး နည်းနည်းကလေးကိုမျှ မကျင့်ကြပါနဲ့။

အဲဒါ ဘယ်မှာပြောသလဲ။

'မေတ္တာသုတ်'ထဲမှာ ပါလာတယ်နော်။ မေတ္တာသုတ်က တကယ်စုံတာကိုးဗျ။ ''သတ္တဝါတစ်တွေ ချမ်းသာပါစေ'' တစ်ခုတည်းပါတာ မဟုတ်ဘူးနော်။ လူကြီးသူကောင်းဖြစ်ဖို့ လမ်းညွှန်ချက်တွေ အဲဒီ မေတ္တာသုတ်မှာ အများကြီးပါတယ်။

**န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊**

**ယေန ဝိညူ ပရေ ဥပဝဒေယျုံ။**

ပညာရှိသူတော်ကောင်း ကဲ့ရဲ့မယ့် အလုပ်မျိုးဆိုရင် ယုတ်ညံ့သိမ်ဖျင်းတဲ့ အကျင့်ကို နည်းနည်းကလေးတောင်မှ မကျင့်ကြပါနဲ့။ အဲဒါ မေတ္တာသုတ်တော်။ ဒီ ဓမ္မပါလ ဇာတ်တော်မှာက...

**''အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ''**

**အနရိယံ**၊ သူတော်ကောင်းတို့ရဲ့ အကျင့်မဟုတ်တဲ့ ယုတ်ညံ့သေးသိမ်တဲ့ အကျင့်မှန်သမျှ။ **သဗ္ဗံ**၊ အလုံးစုံကို။ **ပရိဝဇ္ဇေမု**၊ တို့ရွာက လူတွေ အကုန်လုံး ရှောင်ထားကြတယ်။

အဲဒီတော့ ဘုရားရှင်ရဲ့ သာသနာတော်မှာ...

## မြတ်ဗုဒ္ဓရဲ့ အသေးစိတ် လမ်းညွှန်ချက်တွေ

ဘုရားရှင်ကိုယ်တော်မြတ်က သူ့ရဲ့တပည့်သား သာဝက သံဃာများကို လူကြီးလူကောင်းဖြစ်စေဖို့ ထည်ထည်ဝါဝါ၊ ခံ့ခံ့ညားညား လူကြီးလူကောင်းတွေက အရိုအသေပေးကြစေဖို့ လူကြီးလူကောင်းတို့ရဲ့ အရိုအသေပေးခြင်းကို ခံရဖို့ဆိုပြီးတော့ ကျင့်စဉ်ပေါင်းများစွာကို ဟောထားတဲ့အထဲမှာ အံ့ဩစရာ ကောင်းလိုက်ပုံတော့ သေခိယ ခုနစ်ဆယ့်ငါးပါးကို ပရိသတ်ကြီး ဖတ်ကြည့်ရင် သိမ်အံ့ဩစရာကောင်းတာကို တွေ့ရမယ်။

**"န စပု စပု ကာရကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ"**

ဆွမ်းစားလို့ရှိရင်လေ ပါးစပ်က "စပ်စပ် ပျပ်ပျပ်' နဲ့ အဲဒီလို အသံမြည်အောင် မစားနဲ့တဲ့။

**"န ဟတ္ထနိဒ္ဓုနကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာယမိတိ သိက္ခာ ကရဏီယာ"**

"လက်ငါးချောင်းကို လျက် လျက်ပြီးတော့ မစားနဲ့"တဲ့။

ဘုရားရှင်က ဒါလောက် အသေးစိတ် ပြောထားတာ။

ဘာဖြစ်စေချင်လို့လဲ။ ကြီးကြီးကျယ်ကျယ် အထက်တန်းကျကျ ဖြစ်စေချင်လွန်းလို့ ပြောတာ။ ဒီလို မဟုတ်လား။

## သွားကြည့်ရင် တွေ့ရလိမ့်မယ်

အိန္ဒိယပြည်ကြီးမှာ အိန္ဒိယလူမျိုးတွေရဲ့ ကြားထဲမှာ ပွင့်တော်မူတဲ့ ဘုရား။ အိန္ဒိယလူမျိုးတွေက ဘုရားသာသနာတော်ထဲကို ဝင်လာပြီးတော့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်နဲ့ ဆိုပြီးတော့ အဂ္ဂသာဝကကြီးတွေ ဖြစ်လာရတဲ့ သံဃာကို ဘုရားရှင်က -

"ဆွမ်းစားတဲ့အခါမှာ ပါးစပ်က 'ပျပ်ပျပ်' မမြည်ကြစေနဲ့၊ နှုတ်ခမ်းကို 'လျက်၍ လျက်၍' မစားကြနဲ့။ လက်ကို 'လျက်၍ လျက်၍' မစားကြနဲ့" ဆိုတာတွေဟာ တို့ပရိသတ်တွေ အိန္ဒိယပြည်မှာ သွားကြည့်ရင် တွေ့ရပါလိမ့်မယ်။

အိန္ဒိယသား ကုလားစစ်စစ်တွေက ထမင်းစားလို့ရှိရင်လေ လက်ငါးချောင်းစလုံးကို အကုန်လျက်တာဗျာ၊ ဟုတ်လား။ လက်ငါးချောင်း အကုန်လျက်တာ။ သရက်သီးများစားရင် ပိုထင်ရှားတယ်။ သရက်သီးအခွံကို တစ်ခါတည်း အမြီးနဲ့ ခေါင်းနဲ့ အပြန်အလှန် ပါးစပ်နဲ့ ကိုက်ကိုက်ခွာပြီးတော့ အဲဒါ 'ရှူး ရှူး' နဲ့ ဟိုဘက် ဒီဘက် အပြန်အလှန် စုပ်တယ်။ စုပ်တာများ အမျှင်လေးတွေ ဖြူဖွေးနေအောင် ကျန်တဲ့အထိကို စုပ်တာ။ ပြီးတော့မှ အဲဒါကို လွှင့်ပစ်လိုက်ရော။ လက်ငါးချောင်းလုံး ပေရေရော မဟုတ်လား။ ပေနေတော့ အဲဒါကို လျှာနဲ့ အကုန်လုံး တစ်ချောင်းစီ လျက်တာဗျ။

ဘယ့်နှယ်... ဘဝမှာ ထိပ်တန်းကျကျ လူကြီးလူကောင်း တစ်နေရာ ရောက်ချင်တဲ့ ပုဂ္ဂိုလ်က အဲဒီလို သေးသေးသိမ်သိမ် အကျင့်တွေကို ကျင့်နေမယ်ဆိုရင် လျှောက်လျက်နေရင် ဒီပုဂ္ဂိုလ်ဟာ လူကြီးလူကောင်း ဘယ်ဖြစ်တော့မှာလဲနော်။ အဲဒီတော့ အသက်ရှည်ခြင်းဆိုတဲ့ ဥစ္စာမှာ ဒီလိုကျင့်စဉ်တွေ မပါဘူးလို့ မထင်နဲ့။ ဒီလို ကျင့်စဉ်မျိုးတွေ ပါတယ်။

## ခြေသည်း၊ လက်သည်း ရှည်လျှင်လှီး

**ခြေသည်း လက်သည်း ရှည်လျှင် လှီး**။ အမယ်... ငယ်ငယ်တုန်းက သင်ရတယ်။ ကြီးလာမှသာ မသင်ရတာ၊ ဟုတ်လား။ လက်သည်းရှည်တဲ့အခါကျ ဘာဖြစ်ရမလဲ။ ဖြတ်ပစ်ရမယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း အဲဒါ သိက္ခာပုဒ်နဲ့ကို ထားတာ။ လက်သည်းရှည်ရင် ဖြတ်ရမယ်။

ဘာဖြစ်လို့ ဖြတ်ခိုင်းလဲ သိလား။ ကျောင်းဒကာကြီး။

"မသိပါ ဘုရား"

"ဟာ... မသိဘူးတဲ့"

ပြီးမှ တိုးတိုး သင်ရဦးမယ်။

လက်ငါးချောင်းမှာ ဥပမာ လက်သန်းကလေး ဆိုကြပါစို့။ နားယားတယ်ဆို နားထဲနှိုက်၊ နှာခေါင်း ယားတယ်ဆိုရင်လည်း နှာခေါင်းထဲနှိုက်၊ အဲဒီ လက်သည်းရှည်နေတော့ လက်သည်းထဲမှာ အညစ်အကြေးတွေ အကုန်လုံးကို သိုလှောင်ထားတာ။ ဂိုဒေါင်ပဲ။ လက်သည်းရှည်တဲ့ကြားထဲမှာ တစ်ကိုယ်လုံးက နားအညစ်အကြေး၊ နှာခေါင်းအညစ်အကြေး၊ မျက်လုံးအညစ်အကြေး၊ ပါးစပ် အညစ်အကြေး အကုန်လုံး လက်ငါးချောင်းမှာ သိုလှောင်ထားတာ ကျောင်းဒကာကြီးရေနော်။

လက်သည်း မဖြတ်ခဲ့ရင် အဲဒါကို ဆရာဝန်ကြီးတွေရဲ့ ရှုထောင့်ကနေ ကြည့်လို့ရှိရင် ပိုးမွှားပေါင်း မြောက်မြားစွာ ဒီထဲမှာ နေနေကြတယ်။ အဲဒါတွေနဲ့ ထမင်းသွားစားတော့ ဘာဖြစ်မလဲ။ ဒီ ပိုးတွေကို မျိုချ၊ အညစ်အကြေးတွေကို မျိုချ၊ ဝမ်းခေါင်းထဲမှာ ပိုးမွှားတွေရဲ့ ပိုးအိမ်ကြီး ဖြစ်မနေဘူးလား။

## မဟာသမားတော်ကြီး မြတ်ဗုဒ္ဓ

"ဘုရားရှင်ကိုယ်တော်မြတ်က ဆရာဝန်ပညာကို သဗ္ဗညုတဉာဏ်တော်နဲ့ တတ်ထားတယ်"လို့ ဘုန်းကြီးတို့က ချီးကျူးပြီးတော့ ကြည်ညိုဖို့ ရှိပါတယ်။ ကျန်းမာရေး ရှုထောင့်ကကြည့်ရင် အလွန်ကို အရေးပါ အရာရောက်တဲ့ လက်သည်းဖြတ်ခြင်းပါ၊ ဟုတ်လား။ 'လက်ကို မလျက်ရခြင်း'ဆိုတဲ့ ကိစ္စတွေ၊ ဆွမ်းစားပြီးလျှင် 'သွားကို စင်အောင် ဆေးရမယ်' ဆိုတဲ့ ကိစ္စတွေဟာ ကျန်းမာရေးရှုထောင့်ကနေ သေသေချာချာ သင်ထားပေးတာ။

အဲဒီတော့ ဒီကနေ့ သာသနာတော်မှာ ထိပ်တန်းရောက်တော်မူကြတဲ့ဆရာတော်ဘုရားကြီးတွေရဲ့ နေ့စဉ်လုပ်ငန်းကို သွားကြည့်ရင် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဆရာတော်ကြီးတွေ ဘယ်လို နေထိုင်သွားသလဲ။ လက်တော်ကို ဘယ်လိုဆေးသလဲဆိုတာတွေထိ လေ့လာမှတ်သားသင့်ကြတယ်။

## အမေရိကန်ပြည်ရောက် ဂွမ်းဝင်ထွေးခံကလေး

အမေရိကန်ပြည်ထောင်စုကို ရွှေဟင်္သာဆရာတော်ကြီး ကြွလာတုန်းက ဘုန်းကြီးက အမေရိကမှာ ရှိနေတယ်။ ဆရာတော်ကြီးနှင့်တကွ ထွေးခံကလေး ပါလာတယ်။ အဲဒါလေးကို ပဝါလေးနဲ့ ထုပ်ထားတယ်။

အဲဒီ ထွေးခံလေးကို ဒကာမောင်တင်ထွန်းက ဆေးတော့ ဆရာတော်ကြီးက မှာတယ်။

"ဟေ့ … မောင်တင်ထွန်း၊ ထွေးခံလေး လွတ်မကျစေနဲ့"တဲ့။

ပြီးတော့မှ ထွေးခံလေးအနားချပြီးတော့ ဆရာတော်ကြီးနဲ့ ဘုန်းကြီးတို့ ရောက်တတ်ရာရာ စကားပြောရင်း ဘုန်းကြီးက လျှောက်တယ်။

"ဆရာတော်… ထွေးခံလေးကိုများ အမေရိကန်အထိ သယ်လာရသေးလား ဘုရား"

"ဒီ ထွေးခံ နှစ်ပေါင်းဘယ်လောက်ရှိပြီထင်သလဲ။ ရွှေဟင်္သာတိုက်ဟောင်းကို စတင်ထူထောင်တဲ့ အချိန်ကတည်းက ထွေးခံကွယ့်။ မင်းတို့ ကြည့်စမ်း၊ အပေါက်အပဲ့ အပွန်း အနာအဆာ ဘယ်နှစ်ချက်ရှိသလဲ"

ဒီတော့ ထွေးခံလေးက အသစ်အတိုင်းပဲ။ ဒီနေ့ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေတော့ ဒီလို ဘယ်ဟုတ်မလဲ။ မီးဖိုချောင် နားထောင်လိုက်မလား၊ ဆွမ်းကျွေး, ကွမ်းကျွေး နားထောင်လိုက်မလား၊ ဝုန်း ဒိုင်း ဂွမ်း ဂလွမ်ဆိုတဲ့ အသံတွေ ညံနေတာပဲနော်။ ပန်းကန်ရော၊ ခွက်ရော၊ ဇွန်းရော တစ်ခုမှ အကောင်းမရှိဘူး။ အကုန်လုံး အပဲ့အရွဲ့ အပွန်းအပိန်ချည်းပဲ။ ဒီလိုဖြစ်နေတာ၊ ဟုတ်လား။

အဲဒီတော့ အသက်ရှည်ခြင်းတို့၊ ကျန်းမာခြင်းတို့၊ ဘဝမှာ ထိပ်တန်းတစ်နေရာကို အေးအေးဆေးဆေး တက်ရောက်တော်မူသွားခြင်းတို့ဆိုတာဟာ ဒီလို မှန်မြတ်တဲ့ အကျင့်ကောင်းတွေ ကျင့်သွားလို့ တက်သွားနိုင်ခြင်း ဖြစ်တယ်ဆိုတာကို အားလုံး သူတော်ကောင်းတွေ နားလည်ကြရမယ်ဆိုရင် . . .

'တို့များလည်းပဲ ဘဝရဲ့ အထက်တန်းကို တက်လှမ်းဖို့ ဘယ်လိုလုပ်ရမယ်' ဆိုတာကို ပရိသတ်ကြီးအတွက် ဒါဟာ "ဘဝ လမ်းညွှန်" ပဲပေါ့ဗျာနော်။

## သေးသိမ်တာတွေ မလုပ်နှင့်

ဒီတော့ . . . **ခုဒ္ဒံ**၊ သေးသိမ်တဲ့ အကျင့်မျိုးကို။ **ခုဒ္ဒံ**၊ ယုတ်ညံ့သိမ်ဖျင်းတဲ့ အကျင့်မျိုး မှန်သမျှကို။ **ကိဉ္စိ**၊ တစ်စုံတစ်ခုကလေးမျှ။ **န အာစရေ**၊ မကျင့်ကြပါနဲ့။

သေးသိမ်တဲ့ အကျင့်ကလေးတွေကို နည်းနည်းကလေးတောင်မှ မကျင့်လိုက်ကြပါနဲ့။ ဒါ မေတ္တသုတ်နော်။ ခု ဒီဇာတ်တော်မှာကတော့ . . .

**သဗ္ဗံ**၊ အလုံးစုံသော။ **အနရိယံ**၊ လူကြီးလူကောင်းရဲ့ အကျင့်မဟုတ်တဲ့ သေးသိမ်တဲ့ အကျင့်မှန်သမျှကို။ **မယံ**၊ ငါတို့တစ်တွေဟာ။ **ပရိဝဇ္ဇေမ**၊ ရှောင်ကြဉ်လို့သာ နေကြပါကုန်၏။ သေးသိမ်တဲ့ အကျင့်လေးတွေကို တို့ရွာက အကုန်လုံး ရှောင်ကြတယ်။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟာရာ**၊ ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ရှင်ဘုရင်တော့ ရှင်ဘုရင်ပါပဲ ဒါပေမဲ့

လက္ခဏာပညာကို အလွန့်အလွန်ကျွမ်းကျင်တဲ့ လူကြီးတစ်ယောက် လမ်းလျှောက်သွားတော့ လမ်းမှာ ခြေရာတစ်ခုကို တွေ့ရတယ်။ ခြေရာကို ကြည့်လိုက်တဲ့အခါကျတော့ ခြေထောက်ရဲ့ လက္ခဏာဟာ မြေမှာထင်တော့ အဲဒီ လက္ခဏာဆရာက အကဲခတ်တယ်။

"ဟာ... ဒီခြေထောက် လက္ခဏာ ပိုင်ရှင်ဟာ ရှင်ဘုရင် ဖြစ်ရမယ်။ ရှင်ဘုရင် လက္ခဏာကို ဟောဒီခြေရာမှာ လာတွေ့တယ်။ မင်း ဖြစ်မယ်"

ဒါပေမဲ့ သူရပ်ပြီးတော့ ခြေရာကိုကြည့်ပြီး စဉ်းစားပြန်တယ်။

"ရှင်ဘုရင်ဖြစ်မယ့်သူက လမ်းလျှောက်တာ မြေကြီးမှာ ခြေရာ ထင်တာကို ထောက်ဆခြင်းဖြင့် ဒီလူဟာ ဘယ်လောက်များ ဆင်းရဲသလဲ မသိဘူး။ ဖိနပ်တောင် မစီးနိုင်ရှာဘူး"

ဖိနပ်မပါလို့ ခြေရာထင်တာပေါ့၊ ဟုတ်တယ် မဟုတ်လား။

"မှန်ပါ ဘုရား"

အဲဒီတော့ လက္ခဏာဆရာက...

"ဒါ ဆန့်ကျင်ဘက် နှစ်ခုဖြစ်နေပြီ၊ လက္ခဏာကတော့ ရှင်ဘုရင် ဖြစ်ထိုက်တဲ့ လက္ခဏာပဲ၊ ဒါပေမဲ့ မြေပြင်မှာ ခြေလျင်သွားတာ ဖိနပ် တောင် မပါရှာဘူး။ ဒါတော့ စိတ်ဝင်စားစရာကောင်းတယ်။ လိုက်မယ်" ဆိုပြီးတော့ ခြေရာကို နောက်က လိုက်နင်းပြီးတော့ လျှောက်လိုက်တာ ဟို... ရွေ့နားက တစ်နေရာ ချုံကွယ်မှာ ရှင်ဘုရင်ကြီးကို တွေ့ရတယ်။ ချုံကွယ်မှာ ရှင်ဘုရင် ဖြစ်ထိုက်သူကြီး အလုပ်လုပ်နေတယ်။ ဒါဆိုရင် ရိပ်မိပြီ၊ ဟုတ်လား။ ဟာ... ရှင်ဘုရင်ကြီး၊ ချုံကွယ်မှာ မတ်တတ် ရပ်ပြီးတော့ အဲဒါ မတ်တတ်ဆိုရင် သဘောပေါက်တော့၊ ဟုတ်လား။ သစ္စာလေးပါးဆို ဒါလောက်ဆို သဘောမပေါက်ဘူး။ ဒါမျိုးဆိုရင်တော့ သဘောပေါက်ပါတယ်နော်။

လွယ်လိုက်တဲ့ဖြစ်ခြင်း၊ သူတို့သိဖို့၊ နားလည်ဖို့ ဟုတ်လား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပြောရတာ ခက်တယ်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဆိုရင် အိပ်ချင်တယ်နော်။

နားကို မလည်နိုင်ကြဘူး။ ဒါမျိုးကျတော့ လွယ်လွယ်ကူကူနဲ့ သိတယ်။ ကိုင်း...ဒါဆိုလည်း မပြောတော့ဘူး။ သိပြီးသားတွေပဲ၊ ဟုတ်လား။ အဲဒီတော့...

လက္ခဏာဆရာကြီးက နောက်နားကလေးမှာ ရပ်ပြီးတော့ စောင့်နေတယ်။ ရှင်ဘုရင်ကြီး ကိစ္စမပြီးသေးလို့။ ပြီးတော့မှ သူက လက်ကလေး ဘာလေး သုတ်ပြီးတော့ ပြန်လှည့်လာတော့မှ...

"ဗျို့... ဆရာကြီး၊ ကျုပ်က ခင်ဗျားကို မေးခွန်းလေးတစ်ခုလောက် မေးချင်တယ်၊ သည်းခံပြီးတော့ ဖြေစမ်းပါ"

"ဘာ မေးမလဲ"

"ခင်ဗျား ဘာလုပ်စားသလဲ"

"ကျွန်တော် ဇာတ်ထဲမှာ အလုပ်လုပ်စားပါတယ်"

ဟာ... နည်းနည်းရိပ်မိလာပြီ။

"ခင်ဗျား ဇာတ်ထဲမှာ ဘယ်အခန်းကပါသလဲ၊ ပြောစမ်း"

"ကျုပ် ရှင်ဘုရင်အခန်းက ပါတယ်"

အဲဒီတော့မှ သဘောပေါက်တာနော်။

တကယ့်ရှင်ဘုရင် ဖြစ်မယ့်သူ၊ ရှင်ဘုရင်လက္ခဏာ အပြည့်အစုံပါတဲ့ လူ၊ ဒါပေမဲ့ လူကြီးလူကောင်းရဲ့ အမူအရာ မဟုတ်ဘူး။

ရှင်ဘုရင်ကြီး ဘာလုပ်နေတာလဲ။ မတ်တတ်ရပ်ပြီးတော့ အဲဒါ လုပ်နေတာ၊ ဟုတ်လား။ (ကျင်ငယ်စွန့်နေတာနော်)။

ခုဒ္ဒါစာရ ဟုတ်လား။

"ဩော်... ယုတ်ညံ့သေးသိမ်တဲ့ အကျင့်ကို ဒီလူကျင့်လို့ ရှင်ဘုရင် မဖြစ်တာကိုး" ဆိုပြီးတော့ လက္ခဏာဆရာက ဆုံးဖြတ်သွားပါတယ်တဲ့။ ဟုတ်လား။

အဲဒါကြောင့်...

"ထိပ်တန်းတစ်နေရာကို တက်ကြတော့မယ်ဟေ့" ဆိုရင် သေးသိမ်တာလေးတွေပါ အကုန်လုံး ရှောင်။

**အနုရိယံ ပရိဝဇ္ဇေမှ သတ္တံ။**

**သတ္တံ**၊ အလုံးစုံသော။ **အနုရိယံ**၊ လူကြီးလူကောင်း အကျင့်

မဟုတ်တဲ့ သေးသိမ်တဲ့ အကျင့်မျိုးတွေကို။ **သဗ္ဗံ**၊ အကုန်လုံး အကုန်လုံး။ **မယံ**၊ ငါတို့ တစ်တွေဟာ။ **ပရိဝဇ္ဇေမ**၊ ရှောင်ကြဉ်လို့သာ နေကြပါကုန်၏။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ရှိသေးရင် နည်းနည်းထပ်ပြောပါ

**"သုဏောမ ဓမ္မံ အသတံ သတဉ္စ၊**
**န စာပိ ဓမ္မံ အသတံ ရောစယာမ။**
**ဟိတွာ အသန္တေ န ဇယာမ သန္တေ၊**
**တသ္မာ ဟိ အမှံ ဒဟရာ နမီယရေ"**

"အို... ဓမ္မပါလ ရွာသူကြီးခင်ဗျာ၊ အသက်ရှည်ကြောင်း အကျင့်ကောင်းတွေ နောက်ထပ်ရှိရင် ပြောပါဦး" ဆိုတော့ ထပ်ပြီးတော့ ပြောလာတာက...

**"သုဏောမ ဓမ္မံ အသတံ သတဉ္စ"**

သူတော်ကောင်းတရားပဲ ဟောဟော၊ သူယုတ်မာတရားပဲ ဟောဟော၊ ကျုပ်တို့တစ်တွေ အကုန်လုံး နားထောင်ကြတယ်။

အဲဒါလည်းပဲ သဘောထားကြီးတဲ့ ကျင့်စဉ်တစ်မျိုးပဲနော်။

**သုဏောမ ဓမ္မံ အသတံ**၊ သူယုတ်မာတရားကိုလည်းပဲ ဓမ္မပါလ လူမျိုးတွေ နာယူပါတယ်။ **သတဉ္စ ဓမ္မံ**၊ သူတော်ကောင်းတရားကိုလည်းပဲ သူတို့တစ်တွေ နာယူကြတယ်။

"သူတော်ကောင်း၊ သူယုတ်မာ နှစ်မျိုးစလုံးဟာ ဘာတွေ လာဟောဟော၊ အကုန်လုံးသွားပြီးတော့ နားထောင်လိုက်တယ်" ဆိုတော့ သူတော်ကောင်း သူယုတ်မာ နှစ်မျိုးစလုံးဟာ ဓမ္မပါလရွာက လူတွေကို အကုန်လုံး ကျေနပ်လွန်းလို့တဲ့။ "တို့ပြောတာ နားထောင်တယ်" ဆိုပြီး တော့ ကျေနပ်ကြလွန်းလို့တဲ့။ မေတ္တာနာနာ ပို့တယ်ပေါ့ဗျာနော်။

ဒါပေမဲ့လို့...

**"သုဏောမ ဓမ္မံ အသတံ သတဉ္စ၊**
**န စာပိ ဓမ္မံ အသတံ ရောစယာမ"**

**အသတံ**၊ သူတော်မဟုတ် သူယုတ်မာတို့ရဲ့။ **ဓမ္မံ စ**၊ တရားကို တော့။ **န ရောစယာမ**၊ နှစ်သက်လို့တော့ မဟုတ်ဘူး။

သူယုတ်မာတရားကို နာတော့ နာယူတယ်။ ဒါပေမဲ့ နှစ်သက်လို့ နာတာမျိုးတော့ မဟုတ်ဘူး။ 'ဘာလုပ်ဖို့ နာတယ်' ဆိုတော့ အဲဒီပုဂ္ဂိုလ် တွေနဲ့ မဆန့်ကျင်အောင် သွားပြီးတော့ နာလိုက်တာ။ သဘောထားကြီးတဲ့ လက္ခဏာ (ပရိသတ်ကြီးရေ) နော်။

## မသူတော်တရားလည်း နာရမယ်

သည်းခံပြီးတော့ နားထောင်၊ မကြိုက်တာကို မကြိုက်တဲ့ အမူ အရာတွေ ဆန့်ကျင်ဘက် လက္ခဏာတွေ၊ ဆန့်ကျင်ဘက် မပြနဲ့။

မိစ္ဆာဒိဋ္ဌိ ဆရာခြောက်ယောက် လာဟောလည်း စိတ်ရှည် လက်ရှည် ရှိသေစွာ နားထောင်လိုက်ကြတာပဲ။

"ဩော်... ဒါက သူတို့ဝါဒကို သူတို့ ပြောကြတာပဲ"

ဆိုပြီး နားထောင်လိုက်တယ်။ ဟော... တိတ္ထိဆရာကြီးတွေ ကျေနပ်ပြီးတော့ ပြန်သွားကြတယ်နော်။

တချို့ မိစ္ဆာဒိဋ္ဌိတွေထဲမှာ ဈာန်ရပြီးသား၊ အဘိညာဉ်တန်ခိုး ရထားတဲ့ မိစ္ဆာဒိဋ္ဌိတချို့ ရှိတယ်။ ဈာန်အဘိညာဉ်ရထားတဲ့ မိစ္ဆာဒိဋ္ဌိတချို့က လာတရား ဟောတဲ့အချိန် သွားပြီး မနာဘူးဆိုလို့ရှိရင် -

"ဟာ... မင်း ပြောတာကို ငါ မကြိုက်ဘူးဟေ့"

လို့ ဆန့်ကျင်ဘက်လုပ်လိုက်ရင် အဲဒီ ဈာန်အဘိညာဉ်ရတဲ့ မိစ္ဆာ ဒိဋ္ဌိက ရွာကို (ဘာဖြစ်လဲ) နှိပ်စက်သွားနိုင်တယ်။

အဲဒါကြောင့် ဆန့်ကျင်ဘက် မဖြစ်ဖို့အရေး စိတ်က တွေးပြီးတော့ စိတ်ရှည်လက်ရှည် သဘောထားကြီးကြီးနဲ့ သူတော်ကောင်းတရားကို နာယူသလို သူယုတ်မာတရားကိုလည်း နာယူတယ်။ ဒါပေမဲ့... အဲဒီ သူယုတ်မာ တိတ္ထိတွေဟောတဲ့တရားကို နှစ်သက်သတဲ့လား။

"မနှစ်သက်ပါ ဘုရား"

**န ရောစယာမ**၊ နှစ်သက်လက်ခံခြင်း အလျဉ်းမရှိဘူးတဲ့။

**ဟိတွာ အသန္တေ၊** သူတော်မဟုတ် သူယုတ်မာတွေကို အပေါင်းအသင်းလည်း မလုပ်ဘဲနဲ့ သူတို့ရှောင်ထားကြတယ်။ **န ဇဟာမ သန္တေ၊** သူတော်ကောင်းတွေကိုတော့ ပေါင်းသင်းဆက်ဆံလို့ နေနေကြတယ်။

သူတော်ကောင်းတွေကို ပေါင်းသင်းဆက်ဆံတယ်။ သူယုတ်မာတွေကို မပေါင်းသင်းဘူး။ သူတော်ကောင်း သူယုတ်မာ နှစ်မျိုးစလုံးဟောတဲ့တရားကိုတော့ နာယူတယ်။ ဆန့်ကျင်ဘက် မလုပ်ဘူး။ ဒါပေမဲ့ သူတော်ကောင်းတရားကို ကျင့်သုံးပြီးတော့ သူယုတ်မာတရားကို ပယ်ရှားကြတယ်တဲ့။ ဒါက တရားနာကျင့်စဉ်အပေါ် သူတို့ရှာရဲ့ ခံယူချက်ပေါ့နော်။

**တသ္မာ၊** ထို့ကြောင့်။ **အမှံ, အမှာကံ၊** ငါတို့ရဲ့။ **ကုလေ၊** အမျိုးမှာ၊ **ဒဟရာ၊** ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ၊** မသေကြတာပဲရယ်လို့။ **ဗျာကရောတိ၊** ဆုတ်ဆိုင်းမရှိ, ဟုတ်တိုင်းမှန်စွာ, ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု… သာဓု… သာဓုပါ ဘုရား။

အဲဒီတော့ ဆရာကြီးက မဟာပါလရှာသူကြီးကို "နောက်ထပ်အသက်ရှည်ကြောင်း အကျင့်ကောင်းရှိသေးရင် ပြောပြစမ်းပါဦး" ဆိုတော့…

**ဝမ်းမြောက်နေလျှင် အသက်ရှည်**

"ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊
တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ" (ဇာ၊ ၄၊ ၄၊ နာ။ ၅၂)

**အာစရိယ၊** အို… တက္ကသိုလ်က ဆရာကြီးခင်ဗျာ။ **ပုဗ္ဗေဝ ဒါနာ၊** အလှူရဲ့ ရှေးရှေးကတည်းကိုက။ မယံ၊ ငါတို့တစ်တွေဟာ။ **သုမနာ ဘဝါမ၊** ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတယ်။

လှူရမယ် အသံကြားကတည်းက အဲဒီရှာကလူတွေ သိပ်ပြီးတော့ ဝမ်းသာနေကြတယ်။ (ပရိသတ်ကြီးရေ…) လှူရမယ် အသံကြားတဲ့အချိန်ကစ မလှူရသေးမီ ဘာဖြစ်နေလဲ…။

"ဝမ်းသာနေကြပါ ဘုရား"

အေး… ဝမ်းသာခြင်းက အသက်ရှည်ဆေးပဲ။

ဒီတော့ ဒီမှာကတော့… အလျှုဒါနနဲ့ ပတ်သက်ပြီးတော့ ဝမ်းသာခြင်းကိုပြောတာက ဒါ နိဒါန်းလောက်ပဲ ပြောတာ။ အားလုံး သူတော်ကောင်းတွေ တကယ်ကျင့်ဖို့ကတော့ အကုသိုလ်နဲ့ မပတ်သက်ခဲ့ရင်၊ ကိုသိုလ်တရားနဲ့ ပတ်သက်ခဲ့မယ်ဆိုရင်၊ အကျင့်ကောင်းနဲ့ သက်ဆိုင်ခဲ့မယ်ဆိုရင် ဘယ်အခါမျိုးမှာမဆို (ပရိသတ်ကြီးရေ…) ဝမ်းသာနိုင်အောင်ကြိုးစား။

ဝမ်းသာခြင်းက အသက်ရှည်ဆေးပဲ၊ ဟုတ်လား။ လူ့ဘဝဆိုတာ နှစ်ပေါင်း ခုနစ်ဆယ်၊ ရှစ်ဆယ်နော်။ ဆရာတော်ဘုရားကြီးမိုလို့ အံ့ဩဘနန်း ထူးဆန်းစွာ သက်တော် တစ်ရာကျော်တော်မူသွားတာနော်။

အလွန်တရာ တိုတောင်းတဲ့ နှစ်ကာလအတွင်းမှာ ဝမ်းမြောက်ဝမ်းသာ နေကြရမှ ရောဂါကင်းမယ်၊ ရောဂါကင်းတယ်။

(ပရိသတ်ကြီး) ဒီ အဆိုအမိန့်ကို လက်ခံနိုင်ရဲ့လား။

“မှန်ပါဘုရား”

ပြောင်းပြန် ဆန့်ကျင်ဘက်စဉ်းစားကြည့်။ အမြဲတမ်း သောကတွေရောက် စိတ်ညစ်နေလို့ရှိရင် (ပရိသတ်ကြီးရေ) ထင်ရှားတယ်နော်။

ရောဂါအမျိုးမျိုး ခဏလေးဝင်လာမယ်။ တစ်ခုခုကို အကြောင်းပြုပြီး စိတ်ညစ်တဲ့အချိန်မှာ ဆရာဝန်နဲ့ သွားပြီးတော့ သွေးပေါင်ချိန်တိုင်းကြည့်ပါလား၊ တက်နေလိမ့်မယ်။ ၁၆၀၊ ၁၇၀၊ ၁၈၀ နော်။ အဲဒါကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ စတဲ့ အတွင်းကျတဲ့ ရောဂါကြီးတွေဟာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတွေနဲ့ အထူးပဲသက်ဆိုင်ပါတယ်နော်။

ဝမ်းမြောက်ဝမ်းသာ နေရရင် စိတ်ထဲမှာ ကြည်လင်ရွှင်လန်းပြီးတော့ ပေါ့ပါးတက်ကြွနေတဲ့ ပုဂ္ဂိုလ်ဟာ ရောဂါကင်းလို့ အဲဒီပုဂ္ဂိုလ်အသက်ရှည်တယ်။

## အမြဲ ဝမ်းသာစရာရှာပါ

ဒါကြောင့် ဒီနေ့ ပရိသတ်အားလုံးဟာ လက်ကိုင် လက်စွဲအဖြစ်ဝမ်းသာစရာ တစ်ခုခုကို အားလုံး ရှာထားကြရမယ်နော်။

“ဝမ်းသာစရာ တစ်ခုခု အမြဲတမ်း လက်ကိုင်ပြုထားပါ”တဲ့။

ဘုရားကိစ္စလား၊ တရားကိစ္စလား၊ သံဃာကိစ္စလား၊ အလှူဒါနလား၊ တရားအားထုတ်ခြင်းလား။ တစ်ခုခုပေါ့။ ဝမ်းသာမှု တစ်ခုခု ရအောင် အမြဲတမ်း လက်ကိုင်ပြုထား။

တစ်ခါတစ်ရံ စိတ်တွေပင်ပန်းပြီးတော့ ရောဂါများ နှိပ်စက်လို့ (သို့မဟုတ်) စိတ်ညစ်လို့ရှိရင် အဲဒီ ဝမ်းသာမှု သောမနဿဝေဒနာကြောင့် ဒီသောကပရိဒေဝဟာ ခဏလေးနဲ့ ငြိမ်းသွားတယ်။

အဲဒါဟာ အသက်ရှည်ဆေးပဲ။

**ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ**၊ မလှူရမီ ရှေးဦးစွာ အလှူသတင်း ကြားချိန်ကစလို့ တို့များ ဝမ်းသာကြတယ်။ **ဒဒမ္ဘိ ဝေ အတ္တမနာ ဘဝါမ**၊ လှူနေဆဲ ကာလမှာလည်းပဲ တို့ရှာက လူတွေ ဝမ်းသာအောင် နေတတ်ကြတယ်။ **ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ**၊ လှူပြီးသည်မှ နောက်တစ်သက်လုံးလိုလို မသေမချင်းလည်းပဲ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ နေနေကြတယ်။

ဝမ်းသာခြင်းတွေ ဆက်ပြီးတော့နေအောင် (တို့ပရိသတ်ကြီး) ကြိုးစားကြရမယ်။ မလှူမီ ဝမ်းသာခြင်း၊ လှူဆဲ ဝမ်းသာခြင်း၊ လှူပြီးနောက် ဝမ်းသာခြင်း၊ ဒါက ဒါနကို ပဓာနထားလို့ပြောတဲ့ကိစ္စ။

## အမြဲ ဝမ်းသာစရာရှာပါ

တကယ် အားလုံး ကျင့်သုံးဖို့ကတော့ “**တစ်သက်လုံးလိုလို ဝမ်းသာခြင်းတွေ ဆက်၍နေပါစေ**” ဟုတ်လား။

ဝမ်းနည်းခြင်းတွေ ကြားဝင် မခိုစေဘဲနဲ့ ဝမ်းသာခြင်းတွေ ဆက်အောင် နေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ စာလိုပြောရင် အဲဒါကို…

“ပါမောဇ္ဇ” လို့ခေါ်တယ်။

ဘာခေါ်လဲ…

“ပါမောဇ္ဇ ခေါ်ပါဘုရား”

သိမ့်သိမ့်မွေ့မွေ့ ကြွေရွရလေး ဝမ်းမြောက်ပြီးတော့နေတာဟာ ပါမောဇ္ဇ။ အဲဒီလို ပါမောဇ္ဇ ဖြစ်လာရင် နောက်ထပ် ဘာအကျိုးရသလဲ ဆိုတော့ စာအတိုင်းပြောရရင် “ပီတိ” ကိုရတယ်။ ဘာကိုရလဲ…

"ပီတိကို ရပါတယ် ဘုရား"

ပီတိဆိုတာ စိတ်တွေ ပေါ့ပြီးတော့ ရွှင်လာတာ၊ မလေးတော့ဘူး။ အမြဲတမ်း စိတ်ရွှင်ပြီးတော့ ပေါ့ပါးနေတယ်။ တစ်ခါတလေ… "အမယ်လေး စိတ်တွေလေးလိုက်တာ" ဆိုရင် အဲဒါ မကြာခင် တစ်ခုခု ဖြစ်တော့မယ်၊ ဟုတ်လား။ အမြဲတမ်း ဘာဖြစ်နေကြရမလဲ‥။ ဝမ်းမြောက်နေရမယ်၊ ကြည်နူးနေရမယ်၊ စိတ်တွေ ပေါ့ပါးရွှင်လန်းတက်ကြွနေရမယ်။ အဲဒါဆိုရင် နှလုံးသား (ဘာဖြစ်ပြီလဲ…) အေးပြီ။ "ပဿဒ္ဓိ" ဟုတ်လား။ အဲဒီလို နှလုံးသားအေးလာပြီဆိုလို့ရှိရင် ဝေဒနာကိုသာ လှမ်းကြည့်လိုက်၊ "သုခဝေဒနာ"။

သုခဝေဒနာဆိုလို့ရှိရင် "သမာဓိ" ကို အထောက်အကူပြုလိမ့်မယ်။ ငြိမ်သက်တဲ့စိတ်သည် ဘာအကျိုးရှိသလဲဆိုတော့…

**"သမာဟိတော ယထာဘူတံ ပဇာနာတိ"**

ငြိမ်သက်တဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ယထာဘူတကို သိနိုင်စွမ်းရှိတယ်။ ငြိမ်သက်တဲ့စိတ် ရှိလို့ရှိရင် ယထာဘူတကို သိမယ်။ "ယထာဘူတ" ဆိုတာ… အရှိကို အရှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း၊ တော်ပြီနော်။ ယထာဘူတ ဆိုတာ ဘာလဲ…

"ရှိတာကို ရှိတဲ့အတိုင်း သိ၊ ရှိတာကို တစ်မျိုးတစ်မည် ဖန်ဆင်းပြီးတော့ ကြံဖန်ပြီးတော့ မသိနဲ့၊ အရှိအတိုင်း သိ ဖြစ်နေတာကို ဖြစ်တဲ့အတိုင်း သိ" တဲ့။

အဲဒါကို ဘာအသိ ခေါ်သလဲ။

"ယထာဘူတ အသိ ခေါ်ပါ ဘုရား"

အဲဒီ ယထာဘူတ အသိကနေပြီးတော့ ဘာရမလဲလို့ဆိုတော့ "ဝိဇ္ဇာ၊ ဝိမုတ္တိ" ကို ရလာလိမ့်မယ်၊ ဟုတ်လား။ အဲဒါကြောင့်…

ငါတို့တစ်တွေ တစ်သက်လုံး ဝမ်းမြောက်အောင် နေတတ်တဲ့ အတွက်ကြောင့် ဝမ်းမြောက်ခြင်း အဖြစ်များတဲ့ တို့ရွာကလူတွေ အသက်ရှည်တယ်၊ ဝမ်းမြောက်ဝမ်းသာ နေတတ်တဲ့ ပုဂ္ဂိုလ်ဟာ ငယ်ငယ်နဲ့ မသေဘူး ဆိုပြီးတော့။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ၊ **ဒဟရာ**၊ ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န**

**မိယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ, ဟုတ်တိုင်းမှန်စွာ, ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု… သာဓု… သာဓုပါ ဘုရား

## ဝမ်းသာခြင်း လက်ကိုင်ရှိတဲ့ ဆရာတော်

ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးထံ အကြိမ်များစွာ ချဉ်းကပ်ဖူးပါတယ်။ ဘုန်းကြီးတို့ရဲ့ ဆရာတော်ကြီးမှာ စိတ်ညစ်ပြီးတော့၊ ဝမ်းနည်းပြီးတော့ မျက်နှာပျက်နေတာ တစ်ခါမှ ဘုန်းကြီးတို့ မတွေ့ဖူးဘူး။ အမြဲတမ်း မျက်နှာကြည်ပြီးတော့ ရွှင်နေတာပဲ တွေ့ရတယ်။ **ပီတိ၊ ပါမောဇ္ဇတရား** လက်ကိုင်လက်စွဲ တစ်ခုခုရှိရမယ်ပေါ့။ ဒါကြောင့် အသက်ရှည်တာနော်။

အဲဒါကြောင့် ယခုဖြေတဲ့ အဖြေမှာတော့ ဝမ်းမြောက်အောင်နေတတ်တဲ့ ပုဂ္ဂိုလ်ဟာ (ဘာဖြစ်သလဲ)။ အသက်ရှည်တယ်။

အဲဒါ တစ်ချက်မှတ်ခဲ့။

နောက်တစ်ခါ ဘာပြောမလဲဆိုတော့…

## အသက်ရှည်ဆေး တစ်ဖုံ

**သမဏေ မယံ ဗြာဟ္မဏေ အဒ္ဓိကေ စ၊**
**ဝနိဗ္ဗကေ ယာစနကေ ဒလိဒ္ဒေ။**
**အန္နေန ပါနေန အဘိတပ္ပယာမ၊**
**တသ္မာ အမှံ ဒဟရာ န မီယရေ။**

**အာစရိယ**၊ အို… တက္ကသိုလ်က ဆရာကြီးခင်ဗျာ။ **မယံ**၊ ငါတို့ ဓမ္မပါလရွာမှာ ရှိကြတဲ့ လူသားတွေဟာ။ **သမဏေ စ**၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်ကြတဲ့ ရဟန်းတော်များကို။ **အန္နေန ပါနေန**၊ ဆွမ်း ခဲဖွယ် ဘောဇဉ် အဖျော်ယမကာဖြင့်။ **အဘိတပ္ပယာမ**၊ ရောင့်ရဲ တင်းတိမ်အောင် လုပ်ကျွေးပြုကြပါကုန်၏။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ**, **အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**။ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ**, **န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ခုတစ်ခါ ဘာပြောသလဲလို့ဆိုရင်...

ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းတွေကို ကျင့်တော်မူကြတဲ့ ရဟန်းတော်များကို လုပ်ကျွေးတဲ့နေရာမှာ ဆွမ်းနဲ့ပဲ လုပ်ကျွေးလုပ်ကျွေး၊ သင်္ကန်းနဲ့ပဲ လုပ်ကျွေးလုပ်ကျွေး၊ ဆေးနဲ့ပဲ လုပ်ကျွေးလုပ်ကျွေး၊ အဖျော် ယမကာနဲ့ပဲ လုပ်ကျွေးစေကာမူ ဘာနဲ့ပဲ လုပ်ကျွေးလုပ်ကျွေး ကိလေသာ ငြိမ်းကြောင်း အကျင့်ကောင်း ကျင့်ကြတဲ့ သူတော်ကောင်းတွေကို ပြုစု လုပ်ကျွေးတဲ့ နေရာမှာ...

"များတာ မြတ်တာက ပဓာန မဟုတ်ဘူး၊ ရောင့်ရဲတင်းတိမ် အောင်သာ လုပ်ကျွေးပါတဲ့"

ဘယ်လို လုပ်ကျွေးရမှာတဲ့လဲ။

"ရောင့်ရဲတင်းတိမ်အောင် လုပ်ကျွေးရမှာပါ ဘုရား"

## ဝအောင်ထက် မျှအောင်ပြုစု

သံဃာတော် အရှင်မြတ်တွေကို ပြုစုလုပ်ကျွေးတဲ့နေရာမှာ ကျေနပ် အောင်၊ အားရအောင်၊ ရောင့်ရဲအောင်၊ တင်းတိမ်အောင် လုပ်ကျွေးတယ် ဆိုရင် အဲဒီဟာလည်းပဲ။

ရောင့်ရဲ တင်းတိမ်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ထဲမှာ နှစ်နှစ်ခြိုက် ခြိုက်၊ ကျေကျေနပ်နပ် ဖြစ်သွားရင် အဲဒီအကျိုးဟာ ကိုယ့်ဘက်ကို အပြည့် အဝ ပြန်လာတယ်နော်။

ဆွမ်းကပ်မယ်၊ အားရကျေနပ်အောင် ကပ်ပါ၊ (ပရိသတ်ကြီးရေ ...) နော်။ နတ်ပြည်က ဆွမ်းတွေ, ဟင်းတွေ, နတ်သုဓ္ဒါတွေကို ယူပြီး ကပ်ဖို့တော့ မလိုပါဘူး။ ဒါပေမဲ့...

ဝဝလင်လင်, ပြည့်ပြည့်ဖြိုးဖြိုး, ကျေကျေနပ်နပ်, ဖြစ်အောင် အချဉ်ဟင်းကလေး ဘုဉ်းပေးချင်တယ်ဆိုရင် အချဉ်ကလေး လုပ်ပေးရမယ်။ အချိုဟင်း ဘုဉ်းပေးချင်တယ်ဆိုရင် အချို, အငန်ဆိုရင် အငန်, အစပ် ဆိုရင် အစပ်, အရသာခြောက်ပါး တော်ရာ တော်ရာလေးကို အပ်အပ်စပ် စပ်, တင်းတိမ်အောင် လုပ်ကျွေးဖို့၊ ဒါ ပြောလိုတာ။ ချုံပြောရင် ဘာ တဲ့လဲ...။ သပ္ပာယ ဖြစ်စေရမယ်။

ဘာ ဖြစ်စေရမယ်···
''သပ္ပာယ ဖြစ်စေရမှာပါ ဘုရား''

## မာတိကာရွာမှ မယ်တော်ကြီး

'မာတိကာ' ဆိုတဲ့ရွာမှာ တရားအားထုတ်ကြတဲ့ သံဃာတော် အပါးခြောက်ဆယ်ကို နေ့စဉ် ဆွမ်းကပ်နေတဲ့ ''မာတိကာမာတာ'' ဆိုတဲ့ ဒကာမကြီးဟာ တစ်ရွာလုံးမှာရှိတဲ့ အမျိုးသမီးတွေကို စည်းရုံးပြီးတော့ သံဃာတော်ခြောက်ဆယ်ကို ဆွမ်းလုပ်ကျွေးပါတယ်။ ဒါပေမဲ့ သူတို့ စိတ်ကြိုက် မွှမ်းမံပြင်ဆင် ချက်ပြုတ်ပြီးတော့ ကပ်ကြတာ၊ သံဃာတော်တွေ စိတ်ကြိုက်မဖြစ်ဘူး။

သူတို့ကြိုက်တာ သူတို့ကပ်တာ၊ သံဃာတော်တွေကလည်း ဝိနည်း လေးစား၊ နှုတ်ပိတ်ပြီးတော့ ခံယူသွား၊ မနက် သံဃာတော်ခြောက်ဆယ် တန်းပြီးတော့ ဆွမ်းခံကြွ၊ လောင်းလိုက်တဲ့ ဖြစ်ခြင်း၊ သပိတ်ကို မောက်လျှံ နေတာပဲ။ ကျောင်းကျတော့ သံဃာတော် အရှင်မြတ်တွေ သပ္ပာယ မဖြစ် ကြဘူးတဲ့။ သပိတ်ပြည့်အောင်တော့ ရတယ်။

ဥပမာဆိုပါစို့၊ တချို့ ကိုယ်တော်က သွေးတိုးရောဂါရှိတယ်။ အဲဒီ ကိုယ်တော်ရလာတဲ့ သပိတ်ထဲ အပြည့်ပဲ။ ဘာတွေလဲဆိုတော့ ''ငပြာ ရည်ကြော်'' တို့ ''ငါးပိကြော်'' တို့ ဘယ့်နှယ်လုပ် ရောင့်ရဲတင်းတိမ်မှု ဖြစ်မလဲ။ ရတော့ ရတယ်··· နော်။

တချို့ ကိုယ်တော်တွေကျတော့လည်း ဘာတွေဖြစ်နေလဲ··· ဆို တော့ ဆီးချိုရောဂါ ဖြစ်နေတယ်။ ရလာတာတွေက အုန်းထမင်းဆိုတာ တွေဖြစ်နေတော့ အကြီးအကျယ် စိတ်ပျက်သွားတယ်။

ကောင်းပေမယ့် သပ္ပာယ မဖြစ်တော့ဘူး၊ မရောင့်ရဲဘူး၊ မစား လိုက်ရဘူး။ စားစရာ တခြားလည်း မရှိဘူးဆိုတော့ ဒါကို သည်းခံပြီးတော့ စားရတယ်။ စိတ်ထဲမှာတော့ မချမ်းသာဘူးပေါ့။

တချို့ ကိုယ်တော်တွေကျတော့လည်း လေနာ ထနေတယ်။ ဆွမ်းခံ သွားတော့ ပဲပြုတ်ပဲ ရလာခဲ့တယ်။ အားကြီး စိတ်ညစ်စရာ ကောင်းတယ် နော်။ အဲဒါကြောင့်··· ရောင့်ရဲတင်းတိမ်အောင် လုပ်ကျွေးရမယ်။ (ပရိသတ် ကြီးရေ···) ဘယ်လို လုပ်ကျွေးရမယ်···။

“ရောင့်ရဲတင်းတိမ်အောင် လုပ်ကျွေးရမှာပါ ဘုရား”

ကိုယ်တော် ခြောက်ဆယ် အဲဒီလိုချည်းပဲ ဖြစ်နေတယ်။ ဝါကျွတ်ခါနီးတော့ ဒီကိုယ်တော် ခြောက်ဆယ်ဟောတဲ့ တရားနဲ့ အဲဒီ ဆွမ်းအမကြီး မာတိကာမာတာက အနာဂါမ် တည်သွားတယ်။ သူ ဆွမ်းလောင်းနေတဲ့ ကိုယ်တော်ခြောက်ဆယ်က တရားအားထုတ်တာ ဘာမှမဖြစ်ဘူး။ ကိုယ်တော်တွေ ပိန်ကြုံချည့်နဲ့ပြီးတော့ ဝါလည်း ကျွတ်တော့မယ်။ ပျံတော်မူတော့မလို ဖြစ်ကုန်တယ်။

အဲဒီတော့ “ငါ့ကိုယ်တော်တွေ ဟောတဲ့တရားနဲ့ ငါက အနာဂါမ် ရပြီးတော့ ငါလုပ်ကျွေးတဲ့ ကိုယ်တော်တွေက ပျံတော်မူတော့မလို ဖြစ်ကုန်တယ်။ ဘာများ လိုနေပါလိမ့်မလဲ”လို့။

ဒီ ဆွမ်းအမကြီးက အဘိညာဉ်လည်းရတယ်၊ အဲဒီညကျတော့ ဆွမ်းတွေ မချက်သေးခင် ကျောင်းက ကိုယ်တော်ခြောက်ဆယ်ကို လှမ်းပြီးတော့ သူရတဲ့ အဘိညာဉ်နဲ့ ကိုယ်တော်တစ်ပါးချင်း တစ်ပါးချင်းရဲ့စိတ်ကို စိစစ်ကြည့်တာကိုဗျ။ အကြည့်နည်းနည်း နောက်ကျသွားတယ်နော်။ (ဒကာကြီး၊ ဒကာမကြီးတွေ သေချာကြည့် လုပ်ကျွေး၊ ဟုတ်လား။)

အဲဒီလို ကြည့်တော့မှ ဘာသွားတွေ့သလဲလို့ဆိုရင်...

## ကိုယ်ကြိုက်တာထက် သူကြိုက်တာကိုကျွေး

ဟာ... ကိုယ်တော်တွေ ငါလှူတဲ့ ဘောဇဉ်ဟာ မွန်တော့ မွန်မြတ်ပါရဲ့၊ ကိုယ့်ဘက်ကကြည့်ရင် မွန်မြတ်တယ်ပေါ့။ များလည်း များတယ်။ မြတ်လည်း မြတ်တယ်။ ဒါပေမဲ့ အရှင်မြတ်တို့အတွက် သပ္ပါယ မဖြစ်ဘူး။ သပ္ပါယမဖြစ်တော့ ရလာတဲ့ ဘောဇဉ်တွေဟာ ရောဂါနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်ဖြစ်နေတဲ့အတွက်ကြောင့် ကိုယ်တော်တွေ ဝအောင် မစားရဲဘူး။ စားလိုက်ရင် ရောဂါဖြစ်ပြီးတော့ ပျံတော်မူမှာ။ အဲဒါ နောက်ကျမှ သိတော့...

“ကိုင်း... မဖြစ်ချေဘူး၊ သပ္ပါယဖြစ်အောင် လုပ်မှပဲ” ဆိုပြီး တစ်ပါး ချင်းရဲ့ စိတ်ကို ဝင်စားကြည့်တယ်။ အရုဏ်တက်ခါနီးမှာ...

“ငါ့ကျောင်းက သံဃာတော်ခြောက်ဆယ် မနက်ခင်း ရွာထဲကို ဆွမ်းခံဝင်မယ်။ အဲဒီကိုယ်တော်တွေ တစ်ပါးချင်း တစ်ပါးချင်းရဲ့ စိတ်ထဲမှာ

ဘာတွေ ဖြစ်နေတုန်း။ ဘယ်ကိုယ်တော်က ဘာဟင်းကို ဘုဉ်းပေးချင်စိတ်ပေါက်သလဲ။ ဘယ်ကိုယ်တော်က ဘယ်ဖျော်ရည်မျိုးကို ကြိုက်တတ်သလဲ"

အဲဒီလို တစ်ပါးချင်းရဲ့ စိတ်တွေကို မာတိကာ မာတာ ဒကာမကြီးက အကုန်လုံး အဘိညာဉ်နဲ့ကြည့်ပြီးတော့ မှတ်ထားတယ်။

မှတ်ထားပြီးတော့ တကတည်း အရေးတကြီး သူ့အပေါင်းအသင်းတွေကို နှိုးပြီးတော့ စနစ်တကျ အကုန်လုံး စီမံပြီးတော့...

ကိုယ်တော်တွေလည်း ကြွလာရော ဟာ...သူ့ဆွမ်းနဲ့ သူ့ကိုယ်တော်နဲ့ သူ့ဟင်းနဲ့ သူ့ကိုယ်တော်နဲ့ သူ့အဖျော်နဲ့ သူ့ကိုယ်တော်နဲ့ တည့်အောင် အဆင်ပြေအောင် လောင်းတာ။

မှားလောင်းလို့ မဖြစ်ဘူး။ မှားလောင်းရင် ဒုက္ခများဦးမယ်နော်။

## စောစောလေး သိကြပါ

လေနာထနေတဲ့ ကိုယ်တော်အတွက် လေနာပျောက်စေဖို့ တဆောင်းခါးလေး ဘာလေး ချက်မယ်ပေါ့ဗျာ၊ သဘော ဟုတ်လား။ အဲဒီလိုလေးတွေ အဆင်ပြေအောင် လုပ်ပြီးတော့ ချက်ပြီးတော့ ကပ်လိုက်တော့... ဟာ ကိုယ်တော်တွေ ကျောင်းလည်းရောက်ရော၊ ဆွမ်းဘုန်းပေးလိုက်ကြတာ အားပါးတရဆိုပဲ။ အဲဒီနေ့ကျမှ ရောင့်ရဲတင်းတိမ်အောင် ဘုဉ်းပေးရတာကိုး၊ ဟုတ်လား။

အဲဒီလို နေ့စဉ်နေ့စဉ် ကြည့်ပြီးတော့ ဆွမ်းကပ်လိုက်တာ ဝါလည်းကျွတ်ရော၊ သံဃာတော် ခြောက်ဆယ် ဘောဇနသပ္ပာယဖြစ်တဲ့အတွက်ကြောင့် သုခဝေဒနာ ကောင်းစွာရလို့မို့ တိုအောင်ပြောတော့ သမာဓိဖြစ် (ဘယ်ရောက်လဲ) ယထာဘူတဉာဏ်ရောက်ပြီး အားလုံး ဝါကျွတ်တော့ ရဟန္တာ ဖြစ်ကြတယ်။

ဒီတော့မှ ကျောင်းအစ်မကြီးက...

"ဩော်... စောစောကများ သိလိုက်ရရင် ဒီကိုယ်တော်တွေ ဒါလောက် မဆင်းရဲဘူး။ စောစောက မသိလိုက်လို့ ငါ့သားတော်သုံးဆယ် ဆင်းရဲလိုက်တာ" တဲ့။ ပရိသတ်ကြီးလည်း စောစောကသိ... နော်၊ အေး စောစောက မသိရင် အဲဒါ ဆင်းရဲတယ်ဗျာ။

**ကျွေးမွေး ပြုစုသင့်သူ (၆)ဦး**

**သမဏေ စ**၊ ကိလေသာငြိမ်းကြောင်း၊ အကျင့်ကောင်းကို၊ ကျင့်တော်မူကြတဲ့၊ ရဟန်းတော် သံဃာတော်များကိုလည်းကောင်း။ **ဗြာဟ္မဏေ စ**၊ သာသနာအတွင်း အကျင့်မဟုတ်တဲ့ သာသနာပြင်ပမှာ စိတ်ကောင်းကောင်းနဲ့ တောထွက်ပြီးတော့ တရားအားထုတ်နေကြတဲ့ ရသေ့ သူတော်ကောင်းတို့ကိုလည်းကောင်း။ **အဒ္ဓိကေ စ**၊ ခရီးသွား ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ **ဝနိဗ္ဗကေ စ**၊ ခိုကိုးရာမဲ့နေတဲ့ အထီးကျန်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ **ယာစနကေ**၊ ဖုန်းတောင်းယာစကာဆိုတဲ့ တောင်းခံစားသောက်တဲ့ ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ **ဒလိဒ္ဒေ**၊ ဆင်းရဲသူ ဆင်းရဲသားတို့ကို လည်းကောင်း။

(၁) သမဏေ (၂) ဗြာဟ္မဏေ
(၃) အဒ္ဓိကေ (၄) ဝနိဗ္ဗကေ
(၅) ယာစနကေ (၆) ဒလိဒ္ဒေ

(ပရိသတ်ကြီးရေ) ပုဂ္ဂိုလ် ဘယ်နှစ်မျိုးလဲ။ ပြောကြည့်။

ထုံးစံအတိုင်းပဲ၊ နှစ်ခါက်ပြန်ရမယ်၊ ဟုတ်လား။

(၁) ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်တော်မူကြတဲ့ သံဃာတော်များ။
(၂) သာသနာတွင်း မဟုတ်ဘူးဆိုရင် သာသနာ ပြင်ပမှာ သူတော်ကောင်းအကျင့်ကို စိတ်ကောင်းကောင်းနဲ့ ကျင့်ကြတဲ့ ရသေ့များ။
(၃) ခရီးသွားတဲ့ ပုဂ္ဂိုလ်များ။
(၄) ခိုကိုးရာမဲ့နေတဲ့ အထီးကျန်ပုဂ္ဂိုလ်များ။
(၅) ဖုန်းတောင်းယာစကာများ။
(၆) ဆင်းရဲသူ ဆင်းရဲသားများ။

ဘယ်နှစ်မျိုးလဲ…

"ခြောက်မျိုးပါ ဘုရား"

အေး… အဲဒီခြောက်မျိုးသော ပုဂ္ဂိုလ်တွေကို ဘယ်လိုလုပ်မလဲ။

**အန္နေန ပါနေန**၊ စားဖွယ် သောက်ဖွယ်တွေနဲ့။ **အဘိ တပ္ပယာမ**၊ ရောင့်ရဲတင်းတိမ်အောင် လုပ်ကျွေးကြပါကုန်၏။

ရောင့်ရဲတင်းတိမ်ခြင်းကို ရလိုက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ထဲမှာ

ကျေနပ်လွန်းလို့ ကျေနပ်တဲ့ အကျိုးကျေးဇူးတွေဟာ ကိုယ့်ဘက်ကို ပြန်လာလိမ့်မယ်။ အဲဒါဟာ အသက်ရှည်ကြောင်း အကျင့်ကောင်းပဲတဲ့။

**တသ္မာ**၊ ထို့ကြောင့်။ **အမ္ဘ, အမ္ဘာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တူသောအကျိုးတွေ ပြန်လာမယ်

"သူတစ်ပါးတို့ကို ပေးကမ်းတယ်၊ စွန့်ကြဲတယ်၊ ပြုစုတယ်၊ လုပ်ကျွေးတယ်" ဆိုတဲ့နေရာမှာ ခြုံလိုက်ရင် ဘာလဲဆိုတော့ "ရောင့်ရဲတင်းတိမ် ကျေနပ်အောင် လုပ်ကျွေးခြင်းပဲ" တဲ့။

မရောင့်ရဲ မတင်းတိမ်ဘဲနဲ့၊ အားမရဘဲနဲ့ လုပ်ကျွေးထားတယ်ဆိုရင် သူတို့ရဲ့ အာသာမပြတ်ဘဲ ကျန်နေတာဟာ အဲဒါ ဒုက္ခပေးခြင်းတစ်မျိုးပဲနော်။ အဲဒါလေးကို သဘောပေါက်သင့်တာ၊ ဟုတ်လား။ 'ဆွမ်းသာ စားလိုက်ရတယ်၊ ဝကို မဝဘူးကွာ' ဆိုလို့ရှိရင်လေ အဲဒီ အာသာဆန္ဒလေး ကျန်နေတာက အဲဒီပုဂ္ဂိုလ်ကို ဒုက္ခပေးထားတာနဲ့ သဘောတူတယ်။

အဲဒီလို ဒုက္ခမပေးဘဲနဲ့ စိတ်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ဖြစ်သွားလောက်အောင် လုပ်ကျွေးလိုက်လို့ရှိရင် အဲဒါ ကိုယ့်အတွက် ကောင်းကျိုးတွေ များစွာပြန်လာမယ်။ အဲဒါက အသက်ရှည်ဖို့ အကြောင်းပါပဲနော်။

## နောက်ထပ် အသက်ရှည်ဆေး တစ်ခွက်

နောက်တစ်ခါ...

သူတော်ကောင်းအကျင့် အသက်ရှည်ကြောင်း အကျင့်ကောင်းတွေက ဒီမျှပဲလား၊ နောက်ထပ်ရှိရင် ပြောပါဦးဆိုတော့...

မဟာဓမ္မပါလ ရွာသူကြီးက...

**မယဉ္စ ဘရိယံ နာတိက္ကမာမ၊**

**အမှေ စ ဘရိယာ နာတိက္ကမန္တိ။**

**အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊**

**တသ္မာ ဟိ အမှံ ဒဟရာ နမီယရေ။** (ဓာ၊ ၄၊ ၄၊ နှာ၊ ၅၂)

**အာစရိယ၊** တက္ကသိုလ်ပြည်က ကြွလာသည့် အို... ဒိသာပါမောက္ခ ဆရာကြီးခင်ဗျား...

**မယဉ္စ ဘရိယံ နာတိက္ကမာမ၊** ငါတို့တစ်တွေကလည်းပဲ ဇနီးမယားတွေကို ကျော်လွန်ပြီးတော့ တခြားအမျိုးသမီးတွေကို ဖောက်ပြန်တယ်ဆိုတာ မရှိကြဘူး။ **အမှေစ ဘရိယာ နာတိက္ကမန္တိ၊** ငါတို့ ယောက်ျားတွေကိုလည်း လွန်ကျူးပြီးတော့ တခြားယောက်ျားနဲ့ တို့ဇနီးတွေက ဖောက်ပြန်တယ်ဆိုတာ မရှိကြဘူး။

ကာမေသု မိစ္ဆာစာရကို ရှောင်ကြဉ်တဲ့ အကြောင်းပေါ့နော်။

(ပရိသတ်ကြီးရေ) ဘာကို ရှောင်ရမလဲ။

"ကာမေသုမိစ္ဆာစာရကို ရှောင်ရမှာပါ ဘုရား"

ကာမဂုဏ်ကို လွန်လွန်ကဲကဲ မှားမှားယွင်းယွင်း လိုက်စားခြင်းဟာ အသက်တိုခြင်းရဲ့ အကြောင်းဆိုတာ ကမ္ဘာမှာ အလွန်ထင်ရှားနေတဲ့ အဆိုအမိန့်ပဲနော်။

**မယဉ္စ၊** ငါတို့တစ်တွေဟာ။ **အမှာကံ၊** ဇနီးမယားတွေကို။ **နာတိက္ကမာမ၊** ကျော်လွန်ပြီးတော့ မကျင့်ကြဘူး။ **အမှာကံ ဘရိယာ၊** ငါတို့ရဲ့ ဇနီးမယားတွေကလည်းပဲ။ **အမှေ၊** ငါတို့တစ်တွေကို။ **နာတိက္ကမန္တိ၊** ကျော်လွန်ပြီးတော့ မကျင့်ကြပါဘူး။ **တသ္မာ၊** ထို့ကြောင့်။ **အမှံ, အမှာကံ၊** ငါတို့ရဲ့။ **ကုလေ၊** အမျိုးထဲမှာ။ **ဒဟရာ၊** ငယ်ကုန်, ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ၊** မသေကြဘူး။

ကာမေသုမိစ္ဆာစာရကို တကယ် ရှောင်ကြတဲ့အတွက်ကြောင့် ကာမဂုဏ်ကို အလွန်အကျူး မသုံးဆောင်ကြတဲ့အတွက်ကြောင့်လည်းပဲ သူတို့လူမျိုးမှာ အသက်ရှည်တယ်။ ဒါတင်ပဲလားဆိုတော့...

**"အညတြ တာဟိ ဗြဟ္မစရိယံ စရာမ"**

**တာဟိ၊** ထို ဇနီးမယားတွေကိုတောင်မှ။ **အညတြ၊** ကြဉ်ဖယ်ရှောင်ရှား, အလွတ်ထားပြီးတော့။ **ဗြဟ္မစရိယံ၊** ဗြဟ္မစရိယကို။ **စရာမ၊** ကျင့်သုံးကြပါကုန်၏။

(ပရိသတ်ကြီးရေ) ဘာကျင့်ကြပြန်သတဲ့လဲ။

"ဗြဟ္မစရိယကို ကျင့်ကြတာပါ ဘုရား"

"ကာမေသု မိစ္ဆာစာရကို ရှောင်တယ်" ဆိုတဲ့နေရာမှာ အဗြဟ္မစရိယကို တကယ် မရှောင်သေးဘူး။ တရားဝင် စနစ်တကျ စည်းနဲ့ကမ်းနဲ့ မိမိတို့ ဇနီးခင်ပွန်း အချင်းချင်းတော့ ကာမဂုဏ်ခံစားတယ်ဆိုတာ သူတို့မှာ ရှိပါတယ်။ သို့သော် တစ်ခါတစ်ခါ ဗြဟ္မာစရိယကို သူတို့ ကျင့်ကြတယ်။

## အကြို အပိုပါ ဥပုသ်ထည့်ဆောင်

ဆိုကြပါစို့... လဆန်း ရှစ်ရက် ဥပုသ်နေ့။

"**အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ**"ဆိုရင် ဒါ ဗြဟ္မစရိယကို ကျင့်တာနော်။

ဟာ... ဒါလောက်နဲ့ အားမရပြန်ဘူးတဲ့။ အကြိုတစ်ရက်က စောင့်မယ်၊ လဆန်း ခုနစ်ရက်၊ ဟာ... ဒါလောက်နဲ့ စောင့်ရတာ အားမရပြန်ဘူးတဲ့၊ အပိုတစ်ရက် ထည့်စောင့်ဦးမယ်၊ လဆန်း ကိုးရက်၊ အကြိုတစ်ရက်၊ အပို တစ်ရက်၊ အလယ်ခေါင် ဥပုသ်ရက်။ လပြည့်ကျတော့လည်း အဲဒီအတိုင်းပဲပေါ့။ အကြိုတစ်ရက် ဆယ့်လေးရက် စောင့်ပြီးတော့ ဥပုသ်နေ့ စောင့်ပြီးတော့ ပိုပြီးတော့ တစ်ရက်စောင့်၊ လဆုတ်မှာလည်း ဒီအတိုင်းပဲ။

ဒါဆို တစ်လမှာ သုံးရက်၊ သုံးရက် လေးလီ သူတို့ ဘယ်လောက် စောင့်လဲ။ တစ်ဆယ့်နှစ်ရက်တို့ ကာလပတ်လုံး (ဘာနဲ့နေလဲ) 'ဗြဟ္မစရိယ' နဲ့ နေတယ်တဲ့။ အဲဒါ အသက်ရှည်ဖို့ပဲပေါ့။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ**, **အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မိယရေ**, **န မိယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ကျင့်စဉ်တစ်မျိုး ဖြေကြဦးစို့

**"ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ၊**

**လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။**

**အမဇ္ဇပါ နော ဝိ မုသာ ဘဏာမ၊**

**တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ"** (ဇာ၊ ဋ္ဌ၊ ၄၊ နှာ၊ ၅၄)

**အာစရိယ၊** တက္ကသိုလ်ပြည်က ကြွလာတဲ့ အို... ဒိသာပါမောက္ခ ဆရာကြီးခင်ဗျား။ **အမှာကံ ဓမ္မပါလ ဂါမေ၊** ငါတို့ရဲ့ ဓမ္မပါလရွာမှာ။ **မယံ၊** ငါတို့ တစ်ရွာလုံးမှာ ရှိနေကြတဲ့ လူသားတွေ အကုန်လုံးဟာ။

**ပါဏာတိပါတာ၊** ပါဏာတိပါတမှ။ **ဝိရမာမ၊** ရှောင်ကြဉ်ကြပါကုန်၏။ (ပရိသတ်ကြီး) ဘာရှောင်တယ်။

"ပါဏာတိပါတကို ရှောင်ပါဘုရား"

ပါဏာတိပါတကို ရှောင်တယ်။ ရည်ရွယ်ချက်က ဘယ်လိုလဲဆိုရင် "**သတ္တာနံ အဘယဒါနဿ ဒါတုကာမတ္တာ**" တဲ့။

သတ္တလောကကြီး တစ်ခုလုံးကို အဘယဒါန ပေးချင်လို့တဲ့။

သူတို့ ရှောင်တာက (ပရိသတ်ကြီးရေ)။ ဘာလုပ်ချင်လို့လဲ။

"အဘယဒါန ပေးချင်လို့ပါ ဘုရား"

သတ္တလောကကြီးတစ်ခုလုံးကို အဘယဒါန ပေးချင်လို့တဲ့။

အဘယဒါန ဆိုတာ ဘေးမဲ့အလှူ။ ဘာအလှူ။

"ဘေးမဲ့အလှူပါ ဘုရား"

## ဘေးဆိုက်နေတဲ့ ကမ္ဘာကြီး

ဒါဖြင့် ဒီနေ့ ကမ္ဘာမှာ ဘာဖြစ်နေသလဲဆိုရင် ဒီ အဘယဒါနဆိုတဲ့ စကားရဲ့ ဆန့်ကျင်ဘက်ကို ပြောရရင် ကမ္ဘာမှာ ဘေးဆိုက်နေတယ်။ ဘာဘေးလဲဆိုရင်...

(၁) **ပါဏာတိပါတ ဘေး** - အသတ်ခံရတဲ့ ဘေး။

(၂) **အဒိန္နာဒါန ဘေး** - ပစ္စည်းဥစ္စာဆုံးရှုံးတဲ့ အလုအယက်ဘေး၊ အခိုးခံရတဲ့ဘေး။

(၃) **ကာမေသုမိစ္ဆာစာရဘေး** - သူတစ်ပါး ပိုင်ထားတဲ့ ကာမဂုဏ်ကို တိတ်တဆိတ် ဖြားယောင်းပြီးတော့ သုံးဆောင်ခံစားတဲ့ ဘေး။

(၄) မုသာဝါဒ ဘေး - စကားတစ်လုံးကိုတောင်မှ ယုံ

ကြည် စိတ်ချရခြင်း မရှိဘူး ဆိုတဲ့ ကမ္ဘာမှာ အဲဒီစကားတွေ ကို ကြောက်နေရတဲ့ မုသာဝါဒ ဘေး။

(၅) **သုရာမေရယမဇ္ဇပမာဒဘေး**-မူးယစ်ထုံထိုင်းတဲ့ ပစ္စည်းတွေ၊ အရည်တွေ၊ အမှုန့်တွေ မျိုးစုံ ပေါ့လေ။ အဲဒါတွေ ဝမ်းခေါင်း ထဲ ထည့်လိုက်တာနဲ့ အလွန့် နူးညံ့ဖြူစင် မွန်မြတ်တဲ့ နှလုံး သားဟာ (ပရိသတ်ကြီးရေ) ပျက်စီးသွားတယ်နော်။

သူတော်ကောင်းစိတ်ဓာတ်တွေ အကုန်လုံး (ဘာဖြစ်သွားလဲ)။ ပျက်စီးသွားတယ်။ အဲဒီဘေးဟာ အဆိုးဆုံးပဲနော်။

မေတ္တာတို့၊ ကရုဏာတို့၊ မုဒိတာတို့၊ ပညာတို့ဆိုတဲ့ မွန်မြတ်တဲ့ စိတ်ထား စေတနာတွေ အကုန်လုံးကို (ပရိသတ်ကြီးရေ) သုရာမေရယက (ဘာလုပ်သလဲ) ဖျက်ဆီးပစ်လိုက်တယ်။

အဲဒါကြောင့် ကောင်းမြတ်တဲ့ စိတ်ဓာတ်နဲ့ နှလုံးသားမှန်သမျှကို ပျက်စီးစေနိုင်တဲ့ သုရာမေရယဟာ ကမ္ဘာမှာ ကြောက်စရာအကောင်းဆုံး ဘေးပဲတဲ့။ ဒီလို မဟုတ်လား။

## သမာဒိယာမိ တားဆီးကာကွယ်ပါ၏

ဒါကြောင့် ငါးပါးသီလဟာ (ပရိသတ်ကြီးရေ) ပြောင်းပြန် နားလည်ဖို့ ကောင်းတာက ကမ္ဘာရဲ့ ဘေးဆိုးကြီး ငါးပါးနော်။

''**ပဥ္စဝေရဘယသုတ္တန်**'' ဆိုတာမှာ ဘုရားက ဒီအတိုင်း ဟော ထားတယ်။ ဒီငါးမျိုးကို သမာဒိယာမိ၊ တားဆီးပါ၏ပေါ့ဗျာ။ သမာဒိယာမိ၊ ကာကွယ်ပါ၏။ (ဘာကိုလဲ။) ဘေးကြီးငါးပါးကို ကာကွယ်စောင့်ရှောက် ပါ၏။ မကောင်းဘူးလား။

ကမ္ဘာမှာ ရောက်နေတဲ့ ဘေးဆိုးကြီး ငါးမျိုးကို ကျွန်ုပ်တို့ ကာကွယ် စောင့်ရှောက်ပါ၏ ဆိုပြီးတော့ 'ပါဏာတိပါတာ ဝေရမဏိ'

လုပ်၊ 'ပါဏာတို ပါတာ ဝေရမဏီ' လုပ်လိုက်တာနဲ့ ကမ္ဘာမှာ အသတ်ခံရတဲ့ဘေးမှ လွတ်သွားတယ်။ အဲဒါကြောင့်...

ငါးပါးသီလ မြဲလိုက်တာနဲ့ (ဘာဖြစ်လဲ။)

ကမ္ဘာမှာ ဘေးကြီးငါးပါး လွတ်သွားတယ်။

**အဆင့်မြင့်တဲ့ သီလမျိုး**

အဲဒါကြောင့် ငါးပါးသီလကို 'သမာဒိယာမိ' လို့ ဆောက်တည်ကြတဲ့အခါမှာ...

ကမ္ဘာကြီးဆိုက်နေတဲ့ ဘေးဆိုးငါးမျိုး ကင်းဝေးစေချင်တယ်။

ဒီ ဘေးဒုက္ခတွေမှ သူတို့ လွတ်ပါစေဆိုတဲ့ မေတ္တာကို သမာဒိယာမိထဲကို ထည့်ပြီးတော့ ဆောက်တည်လိုက်ရင် ဒီ သီလဟာ (ဘာခေါ်လဲ)။ ကိုယ့်ကိုယ်ကိုယ် အပါယ်လေးပါးကျမှာကြောက်လို့ တည်ဆောက်တဲ့ သီလထက် ကမ္ဘာသူ ကမ္ဘာသားတွေကို ဘေးမဖြစ်စေချင်လို့ ဆောက်တည်တဲ့ သီလက ပိုပြီး အဆင့်မြင့်သွားတယ်။

အဲဒါကြောင့် **မယံ**၊ ငါတို့ ဓမ္မပါလရွာမှာ ရှိကြတဲ့ လူသားတစ်တွေဟာ။ **ပါဏာတိပါတာ ဝိရမာမ**၊ ပါဏာတိပါတမှ ရှောင်ကြတယ်။

**မုသာဝါဒါ ဝိရမာမ**၊ မုသာဝါဒမှလည်း ရှောင်ကြတယ်။ **သုရာမေရယ မဇ္ဇပမာဒါ**၊ သုရာမေရယ မဇ္ဇပမာဒမှလည်းပဲ။ **ဝိရမာမ**၊ ရှောင်ကြဉ်ကြပါတယ်။

ဒါဟာ ဘာပြောလည်းဆိုတော့ ငါးပါးသီလကို ပြောတာပါပဲနော်။ ဘယ်လိုပြောသွားလဲ။ ပြန်မှတ်မိစေချင်တယ်။ ကမ္ဘာကြီးမှာ ပါဏာတပါတ စသည်တို့ဟာ (ဘာဖြစ်တာလဲ)။ ဘေးငါးပါးဆိုက်တာ၊ အသတ် ခံရခြင်း၊ ခိုးဝှက် လုယက်ခံရခြင်း ကာမဂုဏ်ကို ဖြားယောင်းပြီးတော့ ခံစားသွား ကြခြင်း၊ အလိမ်ခံရခြင်း၊ နှလုံးသား ဖျက်ဆီးခံရခြင်း ဘေးကြီးငါးပါး။

ဩော်... အဲဒီ ဘေးကြီးငါးပါးမှ ဒီကမ္ဘာသူ ကမ္ဘာသားတွေ လွတ်ပါစေဆိုပြီးတော့ 'သမာဒိယာမိ၊ သမာဒိယာမိ' လုပ်ရင် အဲဒီလို သီလမျိုးက (ပရိသတ်ရေ) ကိုယ်အပါယ်ကျမှာကြောက်လို့ ဆောက်တည်တဲ့ သီလထက် အဆင့်မြင့်တယ်။

အဲဒီလို ဆောက်တည်ပြီး ကမ္မာကို ဘေးမဲ့ပေးတယ်။ မေတ္တာဓာတ်တွေ ဖြန့်ဝေပြီး ဆောက်တည်ကြလို့ တို့ရွာကလူတွေ အသက်ရှည်ကြတာပဲလို့။ **ဓမ္မပါလ ဂါမဘောဇကော၊ ဓမ္မပါလရွာသူကြီးသည်။**

**ဗျာကရော တိ၊** ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## မျိုးစေ့မှန်မှ အပင်သန်

**"ဇတာသု ဝေ ဓာယရေ သုတ္တမာသု၊**
**မေဓာဝိနော ဟောန္တိ ပဟူတပညာ။**
**ဗဟုဿုတာ ဝေဒဂုနော ဟောန္တိ၊**
**တသ္မာ ဟိ အမှံ ဒဟာရာ န မီယရေ"**

(ပရိသတ်ကြီးရေ) လယ်ယာမြေတစ်ခုမှာ မျိုးစေ့ တစ်မျိုးမျိုးကို ကြဲချ စိုက်ပျိုးတော့မယ်ဆိုရင် လယ်သမားက ရှေးဦးစွာ ထိုလယ်ယာမြေကို ညက်ညက်ကြေအောင် ထွန်ယက်လို့ လယ်ယာမြေဟာ သန့်ရှင်းပြီးတော့ မှုန့်မှုန့်ညက်ညက် ဖြစ်နေပြီဆိုတဲ့ အခါကျတော့မှ...

မြေဩဇာသွင်းတယ်၊ မြေဩဇာ သွင်းပြီးတော့မှ အပူမိခြင်း၊ အအေးမိခြင်း၊ မှိုတက်ခြင်း၊ ပိုးကိုက်ခြင်း ကင်းပြီးတော့ သန့်ရှင်းတဲ့ မျိုးစေ့ကို ကြဲတာနော်။ အဲဒီတော့မှ (ဘာဖြစ်သလဲဆိုတော့) အပင်သန်တယ်၊ အသီးလည်း ကြီးထွားတယ်။ ဒီလိုနော်။ အဲဒီတော့ ဒီ ဓမ္မပါလရွာမှာ မွေးလာတဲ့လူတွေက ဘယ်လို မိခင်တို့ရဲ့ ဝမ်းမှာ ကိန်းအောင်းပြီး မွေးသလဲဆိုတာ အဖြေကရှင်းနေပြီ။ အဲဒီ မိခင်တွေရဲ့ ဝမ်းကြာတိုက်ခန်းကို ရောက်သွားကြတဲ့ ပဋိသန္ဓေမျိုးစေ့ကရော ဘယ်လိုမျိုးစေ့လဲဆိုတာ အဖြေကရှင်းနေပြီ။

## ဓမ္မဓာတ်တွေ ပါခဲ့ပြီလေ

ဓမ္မနဲ့ ထုံမွမ်းထားတဲ့ မိခင်တို့ရဲ့ ဝမ်းမှာ ဓမ္မနဲ့ ထုံမွမ်းထားတဲ့ ဖခင်တို့ရဲ့ သွေးသားတွေကို ပေါင်းစပ်လိုက်တဲ့အခါကျတော့ (ဟို... လယ်ထဲက အပင်ကလေးတွေ ပေါက်လာသလိုပဲ)။

အို... သားကောင်း သမီးကောင်းလေးတွေ ဖြစ်ထွန်းလာတော့ ဒီ သားတွေ၊ သမီးတွေမှာလည်း ဓမ္မစာတ်ဟာ ပဋိသန္ဓေကတည်းက ပါပြီးသား။ ဒီလို မဟုတ်လား။

**တေသု စေ ဇာယရေ သုတ္တမာသု။**

**သုတ္တမာသု**၊ ကိုယ်ကျင့်တရား မွန်မြတ်စွာ ကျင့်သုံးနေထိုင်ကြကုန်သော။ **တေသု**၊ ထိုဓမ္မပါလ အမျိုးသမီးတွေရဲ့ ဝမ်းကြာတိုက်ခန်းတွေမှာ။ **မေဓာဝိနော**၊ အသိဉာဏ်ရှိကြတဲ့ သူတော်ကောင်းတွေဟာ။ **ပဟူတပညာ**၊ ကျယ်ကျယ်ပြန့်ပြန့် လေးစားအပ်တဲ့ ပညာရှိသူတွေဟာ။ **ဗဟုဿုတာ**၊ ဗဟုသုတ အလွန်များကြတဲ့ သားကောင်း သမီးကောင်းတွေဟာ။ **ဝေဒဂုနော**၊ ဝေဒသုံးပုံပို ဆောင်နိုင်စွမ်းရှိကြတဲ့ သားကောင်း သမီးကောင်းတွေဟာ။ **ဇာယရေ**၊ မွေးဖွားလာကြကုန်လေ၏။

မိကောင်း ဖကောင်းတွေရဲ့ ဝမ်းကြာတိုက်ခန်းမှာ သားကောင်း သမီးကောင်းတွေ မွေးဖွားလာကြတဲ့အတွက်ကြောင့် မြေကောင်းမျိုးကောင်းတော့ အပင်ကောင်းသလိုပဲပေါ့နော်။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးထဲမှာ။ **ဒဟရာ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တစ်မျိုးလုံး ကျင့်ကြပါတယ်

"မာတာစ ပိတာစ ဘဂိနီ ဘာတရော၊
ပုတ္တာ စ ဒါရာ စ မယံ စ သဗ္ဗေ။
ဓမ္မံ စရာမ ပရလောကဟေတု၊
တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ"

**အာစရိယ**၊ တက္ကသိုလ်ပြည်က ကြွလာတဲ့ အို... ဒိသာပါမောက္ခ ဆရာကြီးခင်ဗျာ။ ဒိသာပါမောက္ခ ဆရာက ဓမ္မပါလရွာသူကြီးပြောသမျှ အသက်ရှည်ကြောင်း အကျင့်ကောင်းတွေကို အကုန်လုံး သူ့စာအုပ်ထဲမှာ ရေးနေတယ်နော်။ ငါ တက္ကသိုလ်ပြန်ရောက်ရင် ငါ့ကျောင်းသားတွေကို

အကုန် ပြန်သင်ပြလိုက်မယ်။ သူတို့ရဲ့ တက္ကသိုလ်မှာ မရှိတဲ့ ကျင့်စဉ်တွေကို ဓမ္မပါလရွာမှာ လာပြီးတော့ သင်ယူနေရတာ၊ ဟုတ်လား။

အဲဒါကြောင့် ပညာဆိုတဲ့ဥစ္စာဟာ 'ကျောင်းမှာသင်ရုံနဲ့ ပြည့်စုံပြီ' လို့ မထင်နဲ့။ အဲဒီအထင်ဟာ တကယ်မမှန်ဘူး။ လမ်းစလေးလောက်ပဲ ကျောင်းကပေးတယ်၊ တကယ် အပြည့်အစုံကိုတော့ ကမ္ဘာလောကကြီး ထဲမှာ လှည့်ပြီးတော့လည်း သင်ရမယ်။

## လောကကြီးသည် ငါတို့ရဲ့ဆရာ

"လောကော သတ္တာန မာစေရော"

**လောကော**၊ ကမ္ဘာလောယကကြီးသည်။ **သတ္တာနံ**၊ သတ္တဝါ တို့၏။ **အာစေရော**၊ ဆရာသမားပဲ။

ကမ္ဘာလောကကြီးသည် လူသားတို့ရဲ့ ဆရာသမား။

ဟောဒီ လူသားတွေရဲ့ ဆရာသမားဟာ ဘယ်သူပါလဲဆိုရင် ကမ္ဘာလောကကြီးပါပဲ။ ဘာကြောင့်လဲ။

"အတ္ထာ နတ္ထ ပဒဿကော"

အကျိုးရှိ အကျိုးမဲ့ ဒီနှစ်မျိုးကို နေ့တိုင်း ဒီကမ္ဘာက ပြနေတယ်၊ ဟုတ်လား။ အကျိုးရှိ အကျိုးမဲ့ နှစ်မျိုးကို ကမ္ဘာလောကက နေ့တိုင်း ပြနေတယ်။

အကျဉ်းချုပ်ကတော့ ဓမ္မကို မစောင့်ရှောက်ဘူး ဆိုလို့ရှိရင် အကျိုးမဲ့ ဖြစ်လိမ့်မယ်။ ဓမ္မကို စောင့်ရှောက်သူဟာ အကျိုးရှိလိမ့်မယ်။ အဲဒါဟာ (ပရိသတ်ကြီးရေ) ဆရာသင်သင်၊ မသင်သင် ကမ္ဘာက နေ့တိုင်း သင်ပေးနေ ပါတယ်။ ကမ္ဘာလောကကြီးသည် လူသားတို့၏ ဆရာသမား၊ အကျိုးမဲ့ ဖြစ်တာတွေကိုလည်း နေ့တိုင်း ကမ္ဘာက သင်ပြနေပြီ။ သင်ယူ လိုက်ကြပါ။ အကျိုးရှိတာတွေကိုလည်း ကမ္ဘာက နေ့တိုင်း သင်ပြပေး နေပြီ။ အဲဒါတွေကို သင်ယူလိုက်ကြပါ။

ဒါပေမဲ့ '**အနတ္ထ**၊ အကျိုးမဲ့ဖြစ်မယ်ဟော့' ဆိုရင် အဲဒီ အကျင့်မျိုးကို ပယ်ဖို့လို့ပဲ။ 'အတ္ထ အကျိုးရှိမယ်' ဆိုရင် ဒီအကျင့်မျိုးတွေကို သိမ်းဆည်းပြီး တော့ ကျင့်သုံးဖို့ပဲ။

**ဉာဏီ**၊ သင်ယူတတ်တဲ့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေက။ ဂါဟကော

ယူတတ်မယ်ဆိုရင်။ **သုခံ လောကီ လောကုတ္တရာ**ဆိုတဲ့ ချမ်းသာမျိုးစုံကို။ **အဓိဂစ္ဆတိ၊** ကမ္ဘာလောကထဲမှာပဲ မုချပိုင်ပိုင် ရရှိတော်မူနိုင်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ဒီသာပါမောက္ခ ဆရာကြီးက သူတို့ရဲ့ တက္ကသိုလ်မှာ မရှိတဲ့ ပညာရပ်တွေကို ဓမ္မပါလရှာမှ သင်ယူနေတာပါ။

**"မာတာစ ပိတာစ ဘဂိနီ ဘာတရော၊**

**ပုတ္တာ စ ဒါရာ စ မယံ စ သဗ္ဗေ။**

**ဓမ္မံ စရာမ ပရလောကဟေတု၊**

**တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ"** (ဇာ၊ ဋ္ဌ၊ ၄၊ နှာ၊ ၅၃)

**မယဉ္စ၊** ငါတို့တစ်တွေသည်လည်းကောင်း။ **အမှာကံ။** ငါတို့ရဲ့။ **မာတာစ၊** မိခင်တို့သည်လည်းကောင်း။ **ပိတာစ၊** ဖခင်တို့သည်လည်း ကောင်း။ (မိဘနှစ်ပါး)။ **ဘဂိနီ ဘာတရောစ၊** ညီအစ်ကို မောင်နှမတွေ။ **ပုတ္တာစ ဒါရာစ၊** သားသမီးတစ်တွေ။ **မယံ သဗ္ဗေ၊** ငါတို့တစ်တွေ အကုန်လုံးဟာ။ **ပရလောက ဟေတု၊** တမလွန်လောက၊ နောက်ဘဝ ဟူသော အကြောင်းကြောင့်။ **ဓမ္မံ စရာမ၊** ဓမ္မကို ကျင့်သုံးကြပါကုန်၏။

## နောက်ဘဝကို ယုံတဲ့စိတ်နဲ့ကျင့်

(ပရိသတ်ကြီးရေ) "ပရလောက ဟေတု" တဲ့။ ဒီစာလုံး ပါလာတယ်။ ဘာပါလာသလဲ။

"ပရလောကဟေတု ပါလာတာပါ ဘုရား"

**ပရလောကဟေတု၊** တမလွန်လောက, နောက်ဘဝတည်းဟူသော အကြောင်းကြောင့်။ **ဓမ္မံ စရာမ၊** ဓမ္မကိုတို့ ကျင့်ကြတယ်။

တချို့ သူတော်ကောင်းတရားကို ကျင့်တယ်။ ဓမ္မကို ကျင့်တယ်။ မင်း ဘာဖြစ်လို့ သူတော်ကောင်းတရား ကျင့်သလဲဆိုတော့...

"ကောင်းလို့ကျင့်တာ"တဲ့။

ငရဲကြောက်လို့လား။

"ငါ ငရဲ မယုံဘူး"

နတ်ပြည်မျှော်ပြီးတော့ ကျင့်သလား။

"ငါ နတ်ပြည်ဆိုတာလည်း မယုံဘူး"

ဒါဖြင့် မင်း နိဗ္ဗာန်ကို မျှော်သလား။

''အို... ဝေးပါသေးတယ်၊ နိဗ္ဗာန်ဆိုတာ ဘယ်နေမှန်းတောင် မသိဘူး''

ဒါဆို ဘာဖြစ်လို့ ကျင့်သလဲ။

''ကောင်းလို့ ကျင့်တာ''

အဲဒီလို ''ကောင်းလို့ ကျင့်တယ်'' ဆိုတဲ့ လူတွေဟာလည်းပဲ ကမ္ဘာမှာ အများကြီးပဲ။ ဘုန်းကြီးတို့ သူတော်ကောင်းတွေ ကျင့်ကြရမှာက အဲဒီလို ကျင့်နည်းမျိုး မဖြစ်သင့်ဘူးနော်။

ငရဲလည်း မယုံဘူး၊ နတ်ပြည်လည်း မယုံဘူး၊ နိဗ္ဗာန်လည်း မယုံဘူး။ ဒါပေမယ့် ကောင်းတဲ့အကျင့်တော့ ကျင့်တယ်။ ကောင်းတဲ့အကျင့် ကျင့်ရင် လူကောင်းတစ်ယောက်တော့ ဖြစ်တာပေါ့ဗျာ။ ငရဲ၊ နတ်ပြည်၊ နိဗ္ဗာန်ဆိုတဲ့ ပရလောကကို မယုံဘဲနဲ့ ကျင့်လို့ရှိရင် ရာနှုန်းပြည့် ကောင်းကျိုး မရဘူး။ (ပရိသတ်ကြီးရေ) ဟုတ်လား။ အဲဒါကြောင့်...

## အယူဖြောင့်ဖို့ လိုပါတယ်

တမလွန်လောက၊ နောက်ဘဝ၊ ကုသိုလ်၊ အကုသိုလ်၊ ငရဲ၊ နတ်ပြည်၊ နိဗ္ဗာန်တွေကို ယုံကြည်လို့ ကျင့်တယ်ဆိုရင် ဘာပြဋ္ဌာန်းသလဲ၊ သိရဲ့လား။

ဒီအကျင့်ထဲမှာ ဘာပြဋ္ဌာန်းသလဲ။

''ဒိဋ္ဌိဇုကမ္မ'' ပြဋ္ဌာန်းတယ်။

(ပရိသတ်ရေ) ပြောလိုက်၊ ဘာတဲ့လဲ။

''ဒိဋ္ဌိဇုကမ္မ ပြဋ္ဌာန်းပါ ဘုရား''

ဒိဋ္ဌိဇုကမ္မ ဆိုတာဟာ 'အယူဖြောင့်တာ' ကို ခေါ်တာပါ။

ငရဲ၊ နတ်ပြည်၊ နိဗ္ဗာန်၊ ကုသိုလ်၊ အကုသိုလ်၊ ဘဝသံသရာကို ယုံကြည်တဲ့စိတ်နဲ့ ပြုနေတဲ့၊ ကျင့်နေတဲ့ ဒီ ဓမ္မထဲမှာ 'ဖြောင့်မတ်သောအယူ' ဆိုတာ ပြဋ္ဌာန်းလို့နေတဲ့အတွက်ကြောင့်မို့လို့ ပိုပြီးတော့ အကျိုးကြီးသွားတယ်။

''ဗာဟိယသုတ်တော်'' မှာ ဟောထားတာရှိတယ်။

''ကုသိုလ်သည် ဘယ်က စသလဲ''လို့ ဗာဟိယက မေးတယ်။

ဘုရားမြတ်စွာက ကုသိုလ်ရဲ့ အစဟာ...

(၁) သီလရယ်၊

(၂) ဒိဋ္ဌိဇုကမ္မရယ်လို့ ဖြေတယ်။

ကုသိုလ်အစ ဘယ်ကလဲ။

''သီလနဲ့ ဒိဋ္ဌိဇုကမ္မပါ ဘုရား''

သီလမပြည့်စုံရင် အဲဒီ ကုသိုလ်ဟာ အစကတည်းက မသန့်ရှင်းဘူး။ အယူမဖြောင့်ဘူး ဆိုလို့ရှိရင်လည်းပဲ မိစ္ဆာဒိဋ္ဌိနဲ့ လျှုနေရင် တန်းနေရင် ကျင့်နေရင်ပေါ့၊ ဟုတ်လား။ အဲဒီ ကုသိုလ်ဟာ အစကတည်းကိုက မသန့်ရှင်းဘူး။

အယူဖြောင့်လို့ သမ္မာဒိဋ္ဌိ။

ကိုယ်, နှုတ် နှစ်ပါးကို သီလနဲ့လည်း သန့်ရှင်းထားလိုက်မယ် ဆိုရင် ကုသိုလ်ကို စလည်းစပြီ၊ အစကတည်းကလည်း ဒီကုသိုလ်ဟာ သန့်ရှင်းပြီတဲ့။ ဒါ ဗာဟိယသုတ်မှာ ဟောတာနော်။

အဲဒါကြောင့် 'ပရလောက ဟေတု' ဆိုတာဟာ အဓိပ္ပာယ် အလွန်ရှိတာကိုးဗျ။

**အမှာကံ**၊ ငါတို့ရဲ့။ **မာတာစ, ပိတာစ, ဘဂိနီ, ဘာတရောစ**၊ မိခင်ရယ်, ဖခင်ရယ်, ညီအစ်ကို, မောင်နှမတွေရယ်။ **ပုတ္တာ စ ဒါရာစ**၊ သားတွေ သမီးတွေနဲ့ ဇနီးမယားတွေရယ်။ **မယံ စ သဗ္ဗေ**၊ အကျွန်ုပ်တို့ အကုန်လုံးဟာ။ **ပရလောက ဟေတု**၊ တမလွန်လောက နောက်ဘဝကို ယုံကြည်စိတ်ချတဲ့ သမ္မာဒိဋ္ဌိ ရှေ့သွားရှိသည်ဖြစ်၍။ **ဓမ္မံ**၊ ဓမ္မကို။ **စရာမ**၊ ကျင့်ကြပါကုန်၏။ (သမ္မာဒိဋ္ဌိနဲ့ တကယ်ကျင့်ကြတာ။)

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

ဒီအပိုဒ်ရဲ့ ပြောပုံက ဘာလဲလို့ဆိုရင်...

အိမ်ထောင်စု တစ်စုလုံးမှာ ရှိရှိသမျှ အမိ, အဖ, ညီအစ်ကို, မောင်နှမ, သား, သမီး, ဇနီးမယား အကုန်လုံးတဲ့။

ဘယ်လို ကျင့်သလဲ။ ဘဝသံသရာ ကောင်းကျိုးကို မျှော်လင့်ပြီး တော့ ကျင့်ကြတာ၊ ဟုတ်လား။ အဲဒါကြောင့် ဘာဖြစ်လဲ။ တို့ရွာကလူတွေ အသက်ရှည်တယ်ဆိုတော့ ဘာတွေ ကျန်နေသလဲ။ အလုပ်သမား၊ အစေ အပါး၊ ခြံစောင့်၊ အခြံအရံ၊ ပရိသတ် နောက်လိုက်တွေ ကျန်နေတော့။

ဒီရွာကလူတွေ တရားစောင့်တယ်ဆိုတာ အိမ်က ခေါင်းဆောင် လူကြီးလူကောင်းတွေသာ ကျင့်ပြီးတော့ သူတို့အိမ်က အလုပ်သမားတွေ၊ အစေအပါးတွေ၊ ခြံစောင့်၊ ဝန်းစောင့်၊ တံမြက်စည်းလှည်း၊ သစ်ပင်ရှင်း၊ ချုံရှင်း၊ ပန်းကန်ဆေး၊ ခွက်ဆေး ဒီလိုလူမျိုးတွေက တရားမကျင့်ဘူးလားလို့ မေးခဲ့ရင်... ဓမ္မပါလ ရွာသူကြီးက အဖြေပေးတယ်။

**အလုပ်သမားလည်း ကျင့်တာပဲ**

**ဒါသာ စ ဒါသျော အနုဇီဝိနော စ၊**

**ပရိစာရကာ ကမ္မကရာ စ သဗ္ဗေ။**

**ဓမ္မံ စရန္တိ ပရလောကဟေတု၊**

**တသ္မာ ဟိ အမှံ ဒဟရာ နမီယရေ။** (ဇာ၊ ၄၊ ၄၊ နှာ၊ ၁၅၃)

**အာစရိယ**၊ တက္ကသိုလ်ပြည်က ကြွလာတဲ့ အို... ဒိသာပါမောက္ခ ဆရာကြီးခင်ဗျာ။ **အမှာကံ** **ဓမ္မပါလဂါမေ**၊ ငါတို့ရဲ့ ဓမ္မပါလရွာမှာ။ **ဒါသာ စ**၊ ကျွန်ယောကျ်ားတို့လည်းကောင်း။ **ဒါသျော စ**၊ ကျွန်အမျိုးသမီး တို့သည် လည်းကောင်း, ကျွန်ယောကျ်ားတွေ, ကျွန်အမျိုးသမီးတွေဟာ လေ။ **ဓမ္မံ စရန္တိ**၊ တရားကျင့်ကြကုန်၏။ ဘာရည်ရွယ်ချက်နဲ့လဲ။ **ပရ လောကဟေတု**၊ ဘဝ သံသရာကောင်းကျိုးကို မျှော်ကိုးပြီးတော့။ **ဓမ္မံ စရန္တိ**၊ သူတို့လည်း တရားကျင့်ကြတယ်။

ဓမ္မပါလရွာသူကြီး တရားကျင့်သလို အဲဒီရွာထဲက ကျွန်တွေ လည်းပဲ တရားကျင့်တယ်။ ကျွန်နဲ့ သူကြီး နာမည်ပဲကွာတယ်။ တရား ကျင့်တာမှာတော့ အတူတူပဲ။

**အနုဇီဝိနော စ**၊ ကျွန် မဟုတ်ပေမယ့် သူတစ်ပါးတို့ကို မှီခိုကပ်ရပ် ပြီးတော့ အသက်မွေးနေကြတဲ့ ပုဂ္ဂိုလ်တွေဟာလည်းပဲ။ **ဓမ္မံ စရန္တိ ပရ လောက ဟေတု**၊ နောက်ဘဝ မျှော်လင့်ချက်နဲ့ သူတို့လည်း တရားကျင့်ကြ တယ်။ ''**အနုဇီဝိ**''တဲ့။

ဟာ... တကတည်း ကံ၊ ဉာဏ်၊ ဝီရိယက နည်းတော့ စားဖို့၊ နေဖို့၊ ဝတ်ဖို့က မရှိတော့ ပြည့်စုံတဲ့လူရဲ့နောက်မှာ မှီပြီးတော့ သူတို့ရဲ့ ဝေယျာဝစ္စလေးတွေကို လုပ်ကိုင်ဆောင်ရွက်ပေးပြီးတော့ သူဌေး၊ သူကြွယ်တွေက ပေးသမျှလေးသာ သုံးနေရတဲ့ မှီခိုတဲ့ ပုဂ္ဂိုလ်တွေကို ပါဠိစာပေမှာ **"အနုဇီဝိ"** တဲ့နော်။

အဲဒီ ပုဂ္ဂိုလ်တွေမှာလည်းပဲ "တရားကင်းတယ်" လို့ မအောက်မေ့နဲ့။ စားစရာ၊ ဝတ်စရာ၊ နေစရာ မရှိပေမယ့် စားစရာ၊ ဝတ်စရာ၊ နေစရာ ပြည့်စုံတဲ့ သူဌေးတွေလို သူလည်းပဲ တရားနဲ့ပြည့်စုံတာပဲတဲ့။

**"ပရိစာရကာ၊ အခြံအရံ ပရိသတ်တွေ"**

ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်သာလျှင် တရားစောင့်တယ်လို့ မဟုတ်ဘူးတဲ့။ နောက်ကလိုက်ပြီးတော့ ခြံရံတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးကလည်းပဲ။ **ပရလောက ဟေတု၊** တမလွန်လောက နောက်ဘဝတည်း ဟူသော အကြောင်းကြောင့်။ **ဓမ္မံ စရန္တိ၊** သူတို့လည်း တရားကျင့်လို့ နေနေကြတယ်။

နောက်လိုက် အခြံအရံတွေလည်း တရားကျင့်ပါတယ်။ **ဓမ္မံ စရန္တိ ပရ လောကဟေတု၊** နောက်ဘဝ သံသရာကောင်းကျိုးကို မျှော်ကိုးပြီးတော့ သူတို့တစ်တွေ ကျင့်ကြတယ်။

**"ကမ္မကရာ စ သဗ္ဗေ"**

**သဗ္ဗေ၊** အလုံးစုံကုန်သော။ **ကမ္မကရာ စ၊** အလုပ်သမားဆိုတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ။ **ဓမ္မံ စရန္တိ၊** နောက်ဘဝ နောင်ရေးကို မျှော်တွေးလို့ သူတို့လည်း တရားကျင့်ကြတယ်။

## ပန်းမှိုက်သွန် ဆိုသည်မှာ

ဓမ္မပါလရွာမှာ တရားမကျင့်တဲ့ ပုဂ္ဂိုလ်ရယ်လို့ ကျန်သေးလား။

"မကျန်တော့ပါ ဘုရား"

ဟို... (အောက်ထစ်ဆုံး) ပြောရရင် "**ပုပ္ဖဆဍ္ဍက**"ဆိုတဲ့ ပုဂ္ဂိုလ်တွေတောင် တရားကျင့်ပါတယ်တဲ့။ **ပုပ္ဖဆဍ္ဍက** ဆိုတာ ဘာလဲ ဆိုတော့...

**ပုပ္ဖ**-ဆိုတာ ပန်း။ **ဆဍ္ဍက** ဆိုတာ စွန့်တာ။

အဲဒီအတိုင်း တိုက်ရိုက်ဘာသာပြန်ရင် 'ပန်းကို စွန့်သွန်တယ်'လို့ အဓိပ္ပာယ်ရတယ်။ ပန်းစွန့်တဲ့ ပုဂ္ဂိုလ်၊ ဒီလောက်ပဲဆိုရင် ပရိသတ်ကြီး နားလည်မှာ မဟုတ်ဘူး။

ရှေးတုန်းက ယခုလို အလွန်ခေတ်မီတဲ့ အိမ်သာတွေ၊ ဘာတွေ ဆိုတာ မရှိကြသေးတဲ့ခေတ်၊ အိန္ဒိယပြည်မှာ ဒီကနေ့တိုင်အောင်ပါပဲ။ နေရာတကာမှာ လူတွေဟာ မနက်မိုးလင်းလို့ ရှိရင်လေ... စကားလေး တပြောပြောနဲ့ ထိုင်ပြီးတော့ သွားနေကြတာ၊ မနက်စောစော အိန္ဒိယမှာ ဘုန်းကြီးတို့ ခရီးသွားဖူးတယ်။

ခရီးသွားတာကတော့ ညပိုင်းက သွားတာပါပဲ။ မနက်မိုးလင်းပိုင်း ရွာတွေ ရွာတွေက ဘူတာတွေကိုရောက်တော့ အရုဏ်ကျင်းလို့ လင်းလာပြီ ဆိုပြီး ရထားပေါ်ကနေ ဘေးဘီ ရှုခင်းတွေကို ကြည့်မိတော့ ရွာတွေက ရွာတွေက လူတွေဟာလေ အို... ကြေးအိုးကလေးတွေ ကိုင်ကိုင်ပြီးတော့ (နှုတ်ခမ်းလန်လန် ကြေးအိုးခရားလေးတွေ ကိုင်ကိုင်ပြီးတော့) အဲဒါကို နွယ်တာအိုးလို့ ခေါ်တယ်။

အဲဒီ နွယ်တာအိုးလေးတွေ ကိုယ်စီကိုင်ပြီးတော့ ထွက်ထွက်လာ လိုက်ကြတာ၊ ပြီးတော့မှ အိုးလေးတွေ ဘေးနားချပြီးတော့ ထိုင်ပြီးစွန့်ကြ တာတဲ့။ အိမ်သာမရှိဘူးလေနော်။ အဲဒီတော့ အဲဒီလို အိမ်သာရယ်လို့ မရှိဘဲနဲ့ သွားထားကြတဲ့ အညစ်အကြေးတွေကို မြို့ကြီးပြကြီးတွေမှာ ဘာလုပ်တဲ့ထုံးစံ ရှိသလဲဆိုလို့ရှိရင်...

မနက်စောစော မိုးမလင်းတလင်းမှာ လူတစ်ယောက်က အဲဒါ တွေကို ပန်းပွင့်လေးတွေနဲ့ လိုက်လိုက်ပြီးတော့ ဖုံးရတယ်။ ပန်းပွင့်လေးနဲ့ ဖုံးတဲ့လူက လျှောက်ဖုံးသွားတယ်။

ပြီးတော့ နောက်လူက အဲဒါ တောင်းကြီး ခွက်ကြီးနဲ့ လာပြီး တော့မှ အဲဒီ ဖုံးထားတဲ့ဥစ္စာလေးတွေကို ဂေါ်လေးနဲ့ ကော်ကော်ပြီးတော့ တောင်းထဲထည့်ပြီးတော့ ကျုံးပစ်ရတာ။ အဲဒီလူကို ဘာခေါ်လဲဆိုတော့ ပန်းမှိုက်သွန်တဲ့။

ပန်းနဲ့ဖုံးထားတဲ့ မစင်ကို ကျုံးတဲ့လူပါပဲနော်။ ပန်းမှိုက်သွန်တဲ့။ ဒါကို **"ပုပ္ဖဆဍ္ဍက"**လို့ ခေါ်တယ်။ (ပရိသတ်ကြီးရေ) ဒီလူထက် အောက် တန်းကျတဲ့ လူမျိုးဟာ မရှိနိုင်တော့ဘူးနော်။ အဲဒီလို လူမျိုးတွေတောင်မှ

တရားကျင့်တာမှာ ရှာသူကြီး ဓမ္မပါလနဲ့ အတူတူပဲတဲ့။ ဒီတော့ ဒီရွာသူ ဒီရွာသား အသက်မရှည်ဘဲ ဘယ်နေတော့မလဲနော်။ အဲဒါကြောင့် . . .

**သဗ္ဗေ**၊ အလုံးစုံကုန်သော။ **ကမ္မကရာ**၊ ပန်းမှိုက်သွန်ကို အစထား ပြီးတော့ တစ်ရွာလုံးမှာ ရှိကြတဲ့ အလုပ်သမားတွေဟာ။ **ပရလောကယောတု**၊ တမလွန်လောက, နောင်ဘဝကို မျှော်လင့်ချက်ထားပြီးတော့။ **ဓမ္မံ စရန္တိ**၊ တရားကျင့်၍ နေကြလေကုန်၏။

**တသ္မာ**၊ ထို့ကြောင့်။ **အမှံ, အမှာကံ**၊ ငါတို့ရဲ့။ **ကုလေ**၊ အမျိုးမှာ။ **ဒဟရာ**၊ ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တွေဟာ။ **န မီယရေ, န မီယန္တိ**၊ မသေကြတာပဲရယ်လို့။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

(ပရိသတ်ကြီးရေ) ဓမ္မပါလရွာသူ ရွာသားတွေ ကျင့်ကြတဲ့ အသက်ရှည်ကြောင်း ကျင့်စဉ်ဟာ ဒါတွေပဲတဲ့။ ဓမ္မပါလ ရွာသူရွာသားတွေ ကျင့်ကြတဲ့ ကျင့်စဉ်တွေဟာ ပြည့်စုံတယ်၊ ကုံလုံတယ်၊ လုံလောက်တယ်။ အဲဒီတော့ ဓမ္မပါလ ရွာသူကြီးက သူ့ရဲ့အသက်ရှည်ကြောင်း အကျင့်ကောင်း တွေကို နိဂုံးချုပ်လိုတဲ့အတွက်ကြောင့် . . .

## တရားစောင့်သူကို တရားကပြန်စောင့်

**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မ စာရိံ၊**
**ဓမ္မော သုစိဏ္ဏော သုခ မာဝဟာတိ။**
**ဧသာ နိသံသော ဓမ္မေ သုစိဏ္ဏေ၊**
**န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။** (ဇာ၊ ဋ၊ ၄၊ နှာ၊ ၅၄)

**"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ"**

**ဓမ္မစာရိံ**၊ ဓမ္မကို ကျင့်တဲ့ပုဂ္ဂိုလ်ကို။ **ဓမ္မော**၊ ထိုသူကျင့်တဲ့ တရားက။ **ဟဝေ ရက္ခတိ**၊ တကယ်စောင့်တယ်။ ဓမ္မကျင့်တဲ့ပုဂ္ဂိုလ်ကို ထိုသူကျင့်တဲ့ ဓမ္မက (ဘာတဲ့လဲ)။ တကယ်စောင့်တယ်။

**"ဓမ္မော သုစိဏ္ဏော သုခ မာဟာဝတိ"**

ဓမ္မကိုင်တဲ့ပုဂ္ဂိုလ်ရဲ့ အထံကို ထိုသူကျင့်တဲ့ ဓမ္မက ချမ်းသာသုခ တွေ သယ်ဆောင်လာလိမ့်မယ်။ တရားကျင့်သူရဲ့ အထံကို ထိုသူကျင့်တဲ့

တရားတွေက (ဘာယူလာမတဲ့လဲ)။ ချမ်းသာသုခတွေကို ကိုယ့်တရားက ကိုယ့်ထံကို သယ်ယူလာလိမ့်မယ်။

**"န ဒုဂ္ဂတိ ဂစ္ဆတိ ဓမ္မစာရီ"**

**ဓမ္မစာရီ**၊ တရားကိုကျင့်တဲ့ ပုဂ္ဂိုလ်သည်။ **ဒုဂ္ဂတိ**၊ မကောင်းတဲ့ အဖြစ်ဆိုး ဘဝဆိုးကို။ **ကုဒါစနံ**၊ ဘယ်သောအခါမျှ။ **န ဂစ္ဆတိ**၊ မရောက် နိုင်ဘူး။ တရားကျင့်တဲ့ ပုဂ္ဂိုလ်သည် မကောင်းတဲ့ အဖြစ်ဆိုး ဘဝဆိုးကို ဘယ်တော့မှ မရောက်နိုင်ဘူးတဲ့။

"ကျူပ်သား တက္ကသိုလ်သွားတာ ဘယ်တော့မှ အဖြစ်ဆိုး မဖြစ်ဘူး" ဗျာ။ ဒါ အခိုင်အမာ ပြောတာနော်။

**"သောနိသံသော ဓမ္မေ သုစိဏ္ဏေ"**

"တရားကို ကောင်းစွာကျင့်"ဆိုတဲ့ ကိစ္စမှာ အဲဒါဟာ တရား ကျင့်ခြင်းရဲ့ အကျိုးပါပဲရယ်လို့။ **အဝေါစ**၊ ကရုဏာရှေ့ထား, မေတ္တာ အားဖြင့် ပြောကြားတော်မူလိုက်ပါပေသတည်း

သာဓု - သာဓု - သာဓုပါ ဘုရား။

## မိုးရွာထဲမှာ ထီးကြီးကြီး ကိုင်သွားသလို

**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ၊**
**ဆတ္တံ မဟန္တံ ဝိယ ဝဿကာလေ။**
**ဓမ္မေန ဝုတ္တော မမ ဓမ္မပါလော၊**
**အညဿ အဋ္ဌီနိ သုခီ ကုမာရော။** (ဇာ၊ ဋ္ဌ၊ ၄၊ နှာ၊ ၅၃)

**အာစရိယ**၊ တက္ကသိုလ်ပြည်က ကြွလာတဲ့ အို... ဒိသာပါမောက္ခ ဆရာကြီးခင်ဗျာ။ **ဆတ္တံ မဟန္တံ ဝိယ ဝဿကာလေ**၊ မိုးရွာတဲ့အခါမှာ ထီးကြီးကြီး ကိုင်သွားသလိုပဲ။ ဘာကိုင်သွားသလဲ။

"ထီးကိုင်သွားပါ ဘုရား"

ထီးသေးသေးလေး မဟုတ်ဘူးနော်။ ထီးကြီးကြီး။ ထီးသေး သေးလေးဆိုရင် ကိုယ့်ရဲ့ခေါင်းကို လုံအောင်တောင် မနည်း ကာကွယ် ရမယ်။

အဲဒါကြောင့် "တရားစောင့်တယ်"ဆိုတာ နည်းနည်းပါးပါး စောင့်လို့တော့ မရဘူး။ အပြည့်အစုံ စောင့်ရမယ်နော်။

**ဆတ္တုံ မဟန္တံ ဝိယ ဝဿကာလေ၊** မိုးရွာတဲ့အခါမှာ ထီးကြီးကြီးကို ကိုင်ဆွဲပြီး သွားသလိုပဲ။ သုံးဆယ့်တစ်ဘုံ၊ အဝီစိနဲ့ ဘဝဂ် အစုန်အဆန် သွားနေတာဟာလည်းပဲ နေပူထဲ၊ မိုးရွာထဲ သွားနေသလိုပါပဲ။

တစ်ခါတစ်ခါ အေးအေးချမ်းချမ်းရှိသလိုပဲ၊ တစ်ခါတစ်ခါကျတော့လည်း တယ်ပူလောင်တယ်နော်။ အပါယ်လေးဘုံ ရောက်သွား ပူလောင်လိုက်တဲ့ဖြစ်ခြင်း။

ဟို... နတ်ပြည်၊ ဗြဟ္မာပြည် တက်သွားတော့လည်း အေးသလိုပဲ။ လူ့ပြည်ကျတော့ အပူရော၊ အအေးရော အကုန်လုံး ရောနေတယ်နော်။ အဲဒါဆိုရင် သုံးဆယ့်တစ်ဘုံ အစုန် အဆန်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာဆောင်သွားရမလဲဆိုရင် (ပရိသတ်ကြီးရေ) ဓမ္မထီးကို ဆောင်းပြီး သွားရမယ်။

ဘာထီးနဲ့သွား။

"ဓမ္မထီးနဲ့ သွားရပါမယ်ဘုရား"

ထီးကြီးကြီး ဆောင်းရမယ်နော်။

**ဆတ္တုံ မဟန္တံ ဝိယ ဝဿကာလေ၊** နေပူထဲ မိုးရွာထဲ ထီးကိုင်ဆွဲသွားသလိုပဲ။ **ဓမ္မ စာရိံ၊** ဓမ္မကျင့်တဲ့ ပုဂ္ဂိုလ်ကို။ **ဓမ္မော၊** ထိုသူကျင့်တဲ့တရား ဓမ္မက။ **ဟဝေ ရက္ခတိ၊** တကယ်စောင့်တယ်။

## ချမ်းသာစွ ငါ့သား တခြားက အရိုးတွေ

**"ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော"**

**မမ ဓမ္မပါလော၊** ငါ့သားတော် ဓမ္မပါလသည်။ **ဓမ္မေန ဂုတ္တော၊** သူကျင့်တဲ့တရားနဲ့ သူ့မှာ လုံခြုံမှုရှိပါတယ်။ 'ငါ့သား ဓမ္မပါလ မသေဘူး၊ သူကျင့်တဲ့တရားနဲ့ သူ့မှာ လုံခြုံအရိပ်ရနေတယ်' ဓမ္မစိတ် အပြည့်အစုံရှိတယ်။ မင်းပြောသလို ငါ့သား မသေဘူး။

**"အညဿ အဋ္ဌီနိ၊ သုခီ ကုမာရော"**

မင်းပြတဲ့ အဲဒီ အရိုးတွေဟာ ဆိတ်ရိုးတွေဖြစ်ရမယ်။ **သုခီ ကုမာရော၊** ငါ့သား ဓမ္မပါလ အသက်ရှည်ရှည် ချမ်းသာစွာ ရှိနေတယ်လို့။ **မဟာဓမ္မပါလ ဂါမ ဘောဇကော၊** မဟာဓမ္မပါလ ရွာသူကြီးက။ **ဒိသာ ပါမောက္ခာ စရိယဿ၊** တက္ကသိုလ်ပြည်ကနေ အသက်ရှည်ဆေးကို

မေးမြန်းဖို့ လာခဲ့တဲ့ ဒိသာပါမောက္ခဆရာကြီးအား။ **အဝေါစ**၊ ကရုဏာ ရှေ့ထား၊ မေတ္တာအားဖြင့် ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဆေးနည်းယူလို့ ပြန်ခဲ့ပြီ

ဒိသာပါမောက္ခဆရာကြီးဟာ အသက်ရှည်ကြောင်း အကျင့်ကောင်းတွေကိုလည်း အပြည့်အစုံ ရပြီးပြီ။

"အို… အံ့ဩစရာ အလွန်ကောင်းလိုက်တဲ့ရွာ၊ သိပ်ပြီးတော့ အံ့ဩချီးမွမ်းစရာကောင်းတဲ့ ရွာသူရွာသားတွေပဲ။ တကယ့်ကို တရားစောင့်လို့ တကယ့်ကို 'ဓမ္မပါလ' ခေါ်တာပဲ ဆိုပြီးတော့ သူပြောမိတဲ့ မုသာဝါဒ၊ သောကဖြစ်အောင် ဆိုပြီးတော့ စမ်းသပ်မိတဲ့ ကိစ္စကို ထိုင်ပြီးတော့ ရှိခိုးတောင်းပန် ကန်တော့ပြီးတော့မှ…

"ကျုပ်ဗျာ ခင်ဗျားတို့ ဓမ္မပါလရွာက ရခဲ့တဲ့ အသက်ရှည်ကြောင်း အကျင့်ကောင်းတွေကို တက္ကသိုလ်ကို ပြန်ရောက်ရင် ကျောင်းသူကျောင်းသား အားလုံးကို ပြန်လည်ပို့ချမယ်"လို့ ကတိပေးလို့ ပညာရပ်တွေ အကုန်လုံး စုစည်းပြီးတော့ တက္ကသိုလ်ပြည်ကို ဆရာကြီး ပြန်ပါတယ်တဲ့။

## ဒေသနာနိဂုံး သုံးမင် သုံးဖိုလ်ရ

ပညာစုံတဲ့အခါမှာ ဓမ္မပါလ သတို့သားလည်း မိဘများထံ ပြန်လာခဲ့တယ်။

**ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်က။ **တာတ**၊ ဖခင်။ **ဣဒါနေဝ**၊ ယခုအခါ၌သာလျှင်။ **ပုတ္တဿ**၊ သားတော်ရဲ့။ **မတဘာဝံ**၊ 'သေပြီ'ဆိုတဲ့ သတင်းစကားကို။ **ပိတုနော**၊ ခမည်းတော်မင်းတရားရဲ့။ **အသဒ္ဒဟနံ**၊ မယုံကြည်ဘူးဆိုတာ။ **န အဟောသိ**၊ မဟုတ်သေးဘူး။

အခုမှသာလျှင် မယုံတာ မဟုတ်သေးဘူး။ **ပုဗ္ဗေပိ**၊ အတိတ်ဝေးစွာ ရှေးကမ္ဘာတုန်းကလည်းပဲ။ **ဝုတ္တဿ**၊ သားတော် ဓမ္မပါလရဲ့။ **မတဘာဝံ**၊ 'တက္ကသိုလ်မှာ သေပြီ' ဆိုတဲ့ ဒီ သတင်းစကားကို။ **အသဒ္ဒဟိ**၊ မယုံကြည်ခဲ့ဘူးလို့။ **ဝတွာ**၊ မိန့်ကြားတော်မူပြီးတော့မှ။

**သစ္စာနိ**၊ သစ္စာလေးလီ ခိုင်နှင်းဆီတို့ကို။ **ဘဂဝါ**၊ ဘုရားရှင်က။ **ပကာသေတိ**၊ ပြတယ်။ **ဒေသနာဝသာနေ**၊ မဟာဓမ္မပါလဇာတ်တော်ရဲ့ သစ္စာလေးပါး တရားနိဂုံးဒေသနာ ပြီးဆုံးသွားတဲ့အခါမှာ။ **ရာဇာ**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခမည်းတော်ဘုရား သုဒ္ဓေါဒန မင်းတရားကြီးသည်။ **အနာ ဂါမိဖလေ**၊ တတိယ မဂ်ဖိုလ်လို့ ဆိုရတဲ့ အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်၌။ **ပတိဋ္ဌဟိ**၊ ကောင်းစွာမသွေ တည်တော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

မဟာဓမ္မပါလဇာတ် တရားဒေသနာနိဂုံး ပြီးဆုံးသွားတဲ့အခါမှာ သစ္စာလေးပါးကိုပြတော့...

"သားတော်သေပြီ" ဆိုတဲ့ စကားကို နှစ်ကြိမ်ကြိမ်တိုင်တိုင် မယုံကြည်ခဲ့တဲ့ ဘုရားရှင်ရဲ့ ခမည်းတော် သုဒ္ဓေါဒန မင်းတရားဟာ အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်တယ်။

## ဇာတ်တော်ပေါင်းတဲ့အခါမှာ

အဲဒီအခါမှာ...

**ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က။ **အတီတံ အာဟရိတွာ**၊ အတိတ်ကို အဲဒီလို အပြည့်အစုံ ဆောင်ပြပြီးတော့မှ။ **ဇာတကံ သမောဓာနေသိ**၊ ဇာတ်တော်ကို ပေါင်းလိုက်တဲ့အခါကျတော့။ **တာတ**၊ ဖခင်။ **တဒါ**၊ ထိုစဉ်ကာလတုန်းက။ **မဟာဓမ္မပါလ ဂါမဘော ဇကော**၊ မဟာဓမ္မပါလရွာကို အပိုင်စားရတဲ့ ဓမ္မပါလရွာသူကြီးသည်။ **ဣဒါနိ**၊ ယခုအခါမှာ။ **ပိတာ**၊ ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည်။ **အဟောသိ**၊ ဖြစ်လာခဲ့ပြီ။ (ပရိသတ်ကြီးရေ) ဟိုတုန်းက ဓမ္မပါလ ရွာသူကြီးသည် ယခုအခါ ခမည်းတော်ဘုရား သုဒ္ဓေါဒန မင်းတရား ဖြစ်လာခဲ့ပြီ။

**အာစရိယော**၊ ဓမ္မပါလရွာကို လာရောက်ပြီးတော့မှ အသက်ရှည်ကြောင်း အကျင့်ကောင်းတွေကို သင်ယူသွားတဲ့ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာသည်။ **သာရိပုတ္တော**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ယာရံ ပညာအရာ ပညာဧတဒဂ်ရတဲ့ သာရိပုတ္တရာ မထေရ်သူမြတ်သည်။ **အဟောသိ**၊ ဖြစ်လာခဲ့ပြီ။

တက္ကသိုလ်က ဒိသာပါမောက္ခဆရာကြီးက အရှင်သာရိပုတ္တရာ၊ ဓမ္မပါလ ရွာသူကြီးကတော့ ဘုရားရှင်ရဲ့ ခမည်းတော်ဘုရား။

**ဓမ္မပါလကုမာရော ပန**။

တက္ကသိုလ်ပြည်မှာ ပညာသင်သွားစဉ်တုန်းက ဒိသာပါမောက္ခ ဆရာကြီးက 'သေပြီ' လို့ တစ်ကြိမ် ပြောခဲ့တယ်။

ဒက္ခရစရိယာ အကျင့်ကို ခြောက်နှစ်ကြာ ကျင့်စဉ်တုန်းက မာရ်နတ်က 'သေပြီ' လို့ တစ်ကြိမ် ပြောခဲ့တယ်။

အဲဒီလို လူကလည်း 'သေပြီ' ပြော၊ နတ်ကလည်း 'သေပြီ' ပြော၊ လူတွေ နတ်တွေက ဘယ်လိုပဲ 'သေပြီ'၊ 'သေပြီ' လို့ ပြောပြောနေခဲ့ ကြပေမယ့် တရားကို တကယ်ကျင့်သုံး စောင့်ထိန်းခဲ့တဲ့အတွက်ကြောင့် အသက်မသေ အသက်ရှည်စွာ နေခဲ့ရပါတဲ့ ''ဓမ္မပါလသတို့သား'' ကတော့...

**အဟမေဝ**၊ ငါဘုရားရှင် ကိုယ်တော်မြတ်သည်သာလျှင်။ **အဟောသိ**၊ ဖြစ်လာခဲ့ပြီရယ်လို့။ **ဇာတကံ**၊ မဟာဓမ္မပါလဇာတ် အတ္တုပ္ပတ် ဒေသနာတော်ကို။ **သမောဓာနေသိ**၊ ကောင်းစွာမသေ့ စုပေါင်း၍ ပြတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## မှတ်ကျောက်တင် ကြည့်နိုင်ကြပါပြီ

အသက်ရှည်ကြောင်း အကျင့်ကောင်းတွေကို ကောင်းစွာ ဖော်ပြသော ဘုရားမြတ်စွာက ခမည်းတော်ဘုရားအား ဟောကြားတော်မူတဲ့ မဟာဓမ္မပါလ ဇာတ်တော်တဲ့။ (ပရိသတ်ကြီးရေ) အစ, အဆုံး အကုန်လုံး ပြီးသွားပါပြီ။

''ငါတို့များရဲ့ ကျေးဇူးရှင် သက်တော်ရှည် ရွှေဟင်္သာဆရာတော် ဘုရားကြီးဟာ ဘာ့ကြောင့်များ အသက်ရာကျော် ရှည်ရသလဲဆိုတဲ့ အကြောင်းအရာဟာ မဟာဓမ္မပါလဇာတ်တော်ဖြင့် ပရိသတ်ကြီးက မှတ်ကျောက်တင်လို့ ကြည့်နိုင်ကြပြီပေါ့။

ဒီထက် ပိုလွန်တဲ့ သူတော်ကောင်း အကျင့်တွေဟာလည်းပဲ ဆရာ တော်ဘုရားရဲ့ သန္တာန်မှာ ရှိကောင်း ရှိမှာပါပဲ။ ဒါ့ကြောင့်...

ဒီကနေ့ည သက်တော် (၁၀၁)နှစ်ပြည့်မြောက် သက်တော် (၁၀၂) နှစ်သို့ ရောက်တော်မူပြီဖြစ်တဲ့ ကျေးဇူးတော်ရှင် ရွှေဟသ်ာဆရာတော်ကြီးအား "မဟာဓမ္မပါလဇာတ်တော်"ဆိုတဲ့ အသက်ရှည်ဆေးဖြင့် ပူဇော်ခွင့် ရလိုက်လို့ ဘုန်းကြီးတို့က အထူးပဲ ကြည်နူးပြီးတော့ ပီတိများစွာ ဖြစ်ရပါတယ်။

အားလုံးသော သူတော်ကောင်းများလည်းပဲ ဒီအတိုင်း ပီတိများစွာ ဖြစ်ကြလိမ့်မယ်လို့ ဘုန်းကြီးတို့ ယုံကြည်ပါတယ်။

ပရိသတ်အားလုံး ပီတိသောမနဿနှင့် ရွှင်လန်းဝမ်းသာပြီးတော့ ဓမ္မပါလ အကျင့်တွေကို ကျင့်သုံးတော်မူကြပါလို့ ဘုန်းကြီးတို့က တိုက်တွန်းပါတယ်။

ကိုင်း... (ပရိသတ်ကြီးရေ) ဒီမှာပဲ ဇာတ်တော်ကြီး ပြီးပါပြီ။ မေတ္တာဖြင့် နိဂုံးချုပ်ရအောင်ပါ။

မေတ္တာပို့ စာပိုဒ်လေးတွေ ဆိုလိုက်ကြပါ။

**မေတ္တာနိဂုံး**

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

# ပညာရှိတစ်ဆူကို ပူဇော်ခြင်း
# တရားတော်

ဒေါက်တာအရှင်ဉာဏိဿရ

၁၃၅၉ ခုနှစ် နတ်တော်လဆန်း (၇)ရက်နေ့
စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် မဟာဓမ္မ ဗိမာန်တော်ကြီးမှာ
ဆင်ယင်ကျင်းပတဲ့ ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့
(၁၀၄)နှစ်မြောက် ဝိဇာယနပူဇာ ဓမ္မသဘင်၌
ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော

**ပညာရှိတစ်ဆူကို ပူဇော်ခြင်း**
**တရားတော်**

**တရားဖွင့်ပြီ မေတ္တာစည်**

**မေတ္တာနိသာကရော လောကေ၊**

**သမ္မာ ဘာတု သုခံကရော။**

**မေတ္တာသီတလရံသီဟိ၊**

**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ**၊ သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ် ကမ္ဘာ အတွင်း၌။ **မေတ္တာနိသာကရော**၊ မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီး သည်။ **သမ္မာ**၊ သတ္တဝါတစ်တွေ အေးမြစေဟု အသရေရွှန်းကာ ကောင်းမွန် စွာ၊ **သုခံကရော**၊ သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာ ယခု ချမ်းသာကိုပြုလျက်၊ **ဘာတု**၊ ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင် သည့် အရောင်အဝါတို့ဖြင့်၊ **ဖုသိတာ**၊ အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် တွေ့ထိ အပ်ကုန်သော။ **ပဇာ**၊ ကမ္ဘာ့ခေတ်ဖွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု**၊ ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာ တကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန် ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာစာတ်တွေ ပို့လွှတ်ကြရအောင်။

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖျန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ပဏ္ဍိတကို ပဏ္ဍိတနဲ့ ပူဇော်ကြစို့

၁၃၅၉ ခုနှစ် နတ်တော်လဆန်း (၇)ရက် ညချမ်းကာလ (၇)နာရီ မိနစ် (၃၀) အချိန်မှစ၍ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် မဟာဓမ္မ ဗိမာန်တော်ကြီးမှာ ဆင်ယင်ကျင်းပတဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ (၁၀၄)နှစ်မြောက် ဝိဇာယနပူဇာ ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ မေတ္တာပတ္ထနာနဲ့ စတင်ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲ အားခဲလို့လာကြတဲ့ တရားချစ်ခင် သူတော်စင် အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြ ဝဠာမှာ ရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာစာတ်တွေ ဖြန့်ဝေပြီးတော့ ယခုအခါ ဓမ္မသဘင်ကို ဖွင့်လှစ်ပါပြီ။

ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၁၀၄)နှစ်မြောက် မွေးနေ့ ပူဇော်ပွဲမှာ ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့ဂုဏ်ကို လှမ်းကြည့်လိုက်မယ်ဆိုရင် "ပဏ္ဍိတ" အမည်ရှိတဲ့ ဘွဲ့တော်နဲ့ လောကမှာရော၊ သာသနာတော်မှာပါ ထင်ရှားတော်မူခဲ့တာ။

"ပဏ္ဍိတ"ဆိုတာ ပညာရှိ။ ဒီတော့ ဒီကနေ့ ပဏ္ဍိတတစ်ဆူရဲ့ (၁၀၄)နှစ်မြောက် အခါတော်မှာ ပဏ္ဍိတတစ်ဆူအား မြတ်စွာဘုရား

ကိုယ်တော်မြတ်က ချီးမွမ်းတော်မူတဲ့ အကြောင်းလေးကို ဘုန်းကြီးတို့ ပြောပြမယ်ပေါ့။

"ပဏ္ဍိတပူဇာ ဖြစ်စေတော့" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုန်းကြီးတို့ ဒီကနေ့ ပဏ္ဍိတမထေရ်တစ်ဆူအား လွမ်းဆွေး တသကြတဲ့ တပည့်များ၊ ဒကာ၊ ဒကာမများက ဆင်ယင်ကျင်းပတဲ့ (၁၀၄)နှစ်မြောက် ပူဇော်ပွဲမှာ ပဏ္ဍိတမထေရ်တစ်ပါးအား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ချီးမွမ်းတော်မူတဲ့ အကြောင်းလေးကို ဘုန်းကြီးတို့ တိုတိုကလေး ပြောပြမယ်ပေါ့။ တိုတာ ကောင်းတယ်နော်၊ တိုလို့ရှိရင် အားလုံး မငိုက်သေးခင် ပြီးတာပေါ့။

## ဘုရားမေးတဲ့ မေးခွန်း နှစ်ပုဒ်

**ယေ စ သင်္ခါတဓမ္မာသေ၊ ယေ စ သေခါ ပုထူ ဣဓ၊**
**တေသံ မေ ပုဋ္ဌော ပဗ္ဗြူဟိ မာရိသ။**

**မာရိသ၊** ချစ်သား သာရိပုတ္တရာ။ **ဣဓ၊** ဤလောကမှာ။ **ယေစ၊** အကြင်သူတို့သည်ကား။ **သင်္ခါတဓမ္မာသေ**။

**သင်္ခါတဓမ္မာသေ** ဆိုတဲ့ ပုဒ်မှာ **သင်္ခါတ** ဆိုတဲ့ ဒီပုဒ်က "သင်္ခ" ခေတ်လိုပြောရင် "သင်္ချာ"ဆိုတဲ့ ရေတွက်တဲ့ အဓိပ္ပာယ်။ **သင်္ခါတ** လို့ ဆိုလို့ရှိရင် အဲဒါ **သင်္ခတ** လို့ သွားမမှတ်နဲ့၊ **သင်္ခါတ** သည် ရေတွက်ခြင်း (ပေါင်းခြင်း) အဓိပ္ပာယ်ရှိတယ်လို့ မှတ်ထားကြရမယ်။ အဲဒါကြောင့် **သင်္ခါတဓမ္မာသေ၊** (သင်္ခါတဓမ္မသည်) ဓမ္မတို့ကို ရေတွက် ပြီးကြလေကုန်၏။

**တေစ၊** ထိုပုဂ္ဂိုလ်တို့လည်းပဲ။ **ဗဟူ၊** များစွာပဲရှိနေကြတယ်။ လောကကြီးမှာ ဓမ္မကို ရေတွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးပဲတဲ့။ အဲဒါက တောက်လျှောက် အဖြောင့် စကားပြေ။

"ချစ်သား သာရိပုတ္တရာ- ဓမ္မကို ရေတွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီးပဲ" ဒီလိုလေး တစ်ချက်မှတ်ထား။

နောက်တစ်ခါ-

**သာရိပုတ္တ၊** ချစ်သား သာရိပုတ္တရာ၊ **ဣဓ၊** ဤ လောကမှာ၊ **သေခါ**တဲ့။ နောက်တစ်မျိုးက **သေခါ၊** သေခါဆိုတဲ့ ပုဂ္ဂိုလ်။ **သေခါဓမ္မာ၊** သေခဓမ္မဆိုတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ။ **ဗဟူ၊** များစွာပဲ ရှိနေကြတယ်။

နောက်တစ်မျိုးက ဘာလဲဆိုတော့ **သေခါ၊ သေခမွှာ** ပုဒ်နှစ်ပုဒ် မတူကြဘူး။ တစ်ပုဒ်က **သင်္ခါတဓမ္မပုဂ္ဂိုလ်**။ နောက်တစ်မျိုးက **သေခဓမ္မပုဂ္ဂိုလ်** အားလုံးသော သူတော်ကောင်းတွေ ယူသွား၊ ပုဂ္ဂိုလ် နှစ်မျိုး။

နံပါတ်(၁)က ဘာပုဂ္ဂိုလ်လဲ။

"သင်္ခါတပုဂ္ဂိုလ်၊ ခ ခွေးကို ရေးချနဲ့ ထည့်ဖတ်။ သင်္ခါတဓမ္မဆိုတာ ဓမ္မကို ရေတွက်ပြီးတဲ့ ပုဂ္ဂိုလ်တွေ"

နံပါတ်(၂) နောက်တစ်မျိုးကတော့ သေခဓမ္မပုဂ္ဂိုလ်တဲ့။

ဓမ္မကိုရေတွက်တာ မပြီးသေးဘူးတဲ့။ ရေတွက်နေတုန်းပဲ။

(ပရိသတ်ရေ) ပုဂ္ဂိုလ် ဘယ်နှမျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

အဲဒီ နှစ်မျိုးမှတ်ထား။

**ယေ စ သင်္ခါတဓမ္မာသေ၊** ဓမ္မကို ရေတွက်ပြီးတဲ့ ပုဂ္ဂိုလ်တွေဟာ။ **ဗဟူ၊** များစွာရှိတယ်။ **ယေ စ သေခါဓမ္မာ၊** ဓမ္မကို ရေတွက်လို့ မပြီးဆုံးသေးတဲ့ ပုဂ္ဂိုလ်တွေလည်း။ **ဗဟူ၊** များစွာရှိတယ်။

**သာရိပုတ္တ၊** ချစ်သား သာရိပုတ္တရာ။ **တေသံ၊** ထိုပုဂ္ဂိုလ်နှစ်မျိုးတို့ရဲ့။ **ဣရိယံ၊ ကိရိယံ၊ စရိယံ၊** အကျင့်ကို။ **မေ၊** ငါ့သည်။ **ပုဋ္ဌော၊** မေးအပ်သည် ဖြစ်၍။ **နိပကော၊** ရင့်ကျက်တဲ့ ဉာဏ်ပညာရှိသော။ **ပဏ္ဍိတော၊** ပညာရှိတစ်ဆူဖြစ်တော်မူသော။ **တွံ၊** သင်သည်။ **ပဗြူဟိ၊** ဖြေကြားလိုက်ပါလော့။ (ဣတိ၊ ဤသို့)

**သတ္ထာ၊** နတ်လူတို့ဆရာ ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်က။ **အပုစ္ဆိ၊** သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ပုဂ္ဂိုလ်နှစ်မျိုး ဥဒါန်းထိုး

ပရိသတ်ရေ ပုဂ္ဂိုလ်နှစ်မျိုးတဲ့။

(၁) သင်္ခါတဓမ္မပုဂ္ဂိုလ်ရယ်၊

(၂) သေခဓမ္မပုဂ္ဂိုလ်ရယ်၊

ဘယ်နှမျိုးပါလိမ့်။

နှစ်မျိုးပါဘုရား။

"နံပါတ်(၁) အမျိုးအစားကို ပြောကြည့်စမ်းပါ"

"သင်္ခါတဓမ္မပါ ဘုရား"

သင်္ခါတဓမ္မလို့ ပီပီသသ သတ်ပုံမပျက်အောင် ဖတ်နော်။

သင်္ခါတဓမ္မဆိုတာ ဓမ္မကို ရေတွက်ပြီးသူတဲ့။

နောက်တစ်ယောက်ကတော့ သေခဓမ္မ။ ဘာတဲ့လဲ။

"သေခဓမ္မပုဂ္ဂိုလ်ပါ ဘုရား"

သေခဓမ္မ ဆိုတာကျတော့ ဓမ္မကို ရေတွက်နေတာ မပြီးသေးဘူးတဲ့။ အဲဒီပုဂ္ဂိုလ် နှစ်ယောက်တို့၏။

**တေသံ**၊ ထိုနှစ်ယောက်တို့၏။ **ဣရိယံ**၊ **ကိရိယံ**၊ **စရိယံ**၊ ကျင့်ကြတဲ့ အကျင့်တွေကို။ **ပုဋ္ဌော**၊ ငါမေးတယ်ဆိုရင်။ **နိပကော**၊ ရင့်ကျက်တဲ့ ပညာရှိတဲ့။ **တွံ**၊ သင်သည်။ **ပဗြူဟိ**၊ ဖြေကြားလိုက်ပါတော့လော့။

"အဲဒါ ငါမေးတယ်ကွာတဲ့။ ဒီနှစ်ယောက် အကျင့်ထူးခြားချက်ကို မင်းဖြေစမ်းပါ" ဆိုပြီးတော့ အရှင်သာရိပုတ္တရာကို မေးတာ။

**နိပကော** ဆိုတဲ့ ဂုဏ်ထူးနဲ့ ဘုရားက ချီးကျူးပြီး မေးတယ်။

**နိပကော**၊ **နေပက္ကော**၊ **နိပက္ကပညော**၊ ရင့်ကျက်သော၊ ဉာဏ်ပညာရှိသော။ ဒါ အရှင်သာရိပုတ္တရာရဲ့ ဂုဏ်ပုဒ်ပါ။ ဘယ်လို ပညာရှိမှာတဲ့လဲ။

ရင့်ကျက်သော၊ ဉာဏ်ပညာရှိသော။ **ပဏ္ဍိတော**၊ ပဏ္ဍိတတစ်ဆူဖြစ်တော်မူသော။ **တွံ**၊ သင်သည်။ **ပဗြူဟိ**၊ ဖြေကြားပါလော့။

"ရင့်ကျက်တဲ့ ပညာရှိတဲ့ ချစ်သား သာရိပုတ္တရာ အဲဒီမေးခွန်းကို ဖြေ။ သင်္ခါတဓမ္မနဲ့ သေခဓမ္မ အဲဒီနှစ်ယောက် ဘယ်လိုထူးတယ်ဆိုတာ ဖြေ" ဆိုတော့ -

## ဓမ္မဆိုတာ ဘာတွေလဲ

အရှင်သာရိပုတ္တရာက စဉ်းစားတယ်။ သင်္ခါတဓမ္မမှာ သင်္ခါတကတော့ ရေတွက်တယ်။ ဓမ္မက ဘာလဲ၊ ဘာဓမ္မလဲ။ ဓမ္မက အများကြီးပဲ။

ဘာဓမ္မတွေလဲလို့ ဆိုလို့ရှိရင် -

ပရိယတ္တိဆိုလည်း ဓမ္မပဲ။ ပိဋကသုံးပုံကိုခေါ်တာ။

ပဋိပတ္တိဆိုလည်း ဓမ္မပဲ။ သိက္ခာသုံးပါးကိုခေါ်တာ။

ပဋိဝေဓဆိုရင်လည်း ဓမ္မပဲ။ သစ္စာလေးပါးကိုခေါ်တာ။

ခန္ဓာငါးပါးဆိုရင်လည်း ဓမ္မပဲ။

အာယတန ဆယ့်နှစ်ပါးဆိုရင်လည်း ဓမ္မပဲ။

ဓမ္မရဲ့ အဓိပ္ပာယ်တွေက မြောက်မြားစွာ ဖော်ထုတ်လို့ ဖြစ်နိုင်တာ။

**"ဓမ္မော သဘာဝေ ပရိယတ္တိပညာ၊**

**ဉာယေသု သစ္စာ ပကတီသု ပုညေ"**

ဆိုပြီးတော့ အဘိဓာန် အနေကတ္ထဝဂ်ကို လှမ်းကြည့်လိုက်ကြ။ ဓမ္မရဲ့ ဟောနက်တွေက မနည်းဘူး။

အဲဒီတော့ "ဓမ္မကို ရေတွက်ပြီးပြီ" ဆိုတော့ "ဘယ် ဓမ္မလဲ" လို့ အရှင်သာရိပုတ္တရာ စဉ်းစားရတာ၊ ဒါ တော်တော်ခက်သွားတယ်။

## သေခဓမ္မ ဆိုတာ

နောက်တစ်ခုက ဘာလဲဆိုတော့ **သေခဓမ္မ။**

သေခဓမ္မမှာ ဓမ္မဆိုတဲ့ စာလုံးမပါဘဲနဲ့ သေခလို့ ပြောရင်တော့ တောင်ရိုးပရိသတ်က သိတယ်။

သေခ၊ သေခပုဂ္ဂိုလ်။

ဟို- နောက်တစ်မျိုး ပြောဦးမလား။

သတ်ပုံလေး၊ ဟိုဘက်က ကကြီးလေးနဲ့ ထပ်ဖတ်။ သေက္ခပုဂ္ဂိုလ် ဆိုရင် ဟောဒီလူတွေ အကုန်သိတယ်။ သေခ ဆိုတာနဲ့ သေက္ခ ဆိုတာ အတူတူပဲ။

ဒီတော့ သေက္ခပုဂ္ဂိုလ် (သို့မဟုတ်) သေခပုဂ္ဂိုလ် (သို့မဟုတ်) သေခ ဓမ္မပုဂ္ဂိုလ်၊ ကျင့်ဆဲဓမ္မရှိသူဆိုရင် အားလုံး ရှင်းသွားပြီ၊ ဟုတ်လား။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တွေက ကျင့်ဆဲ ပုဂ္ဂိုလ်တွေ၊ ဘယ်ဓမ္မကိုမဆို သူတို့တစ်တွေ (ဘာလုပ်တုန်းလဲ)။ ကျင့်တုန်းပဲ။

အဲဒါကြောင့် ကျင့်နေဆဲပုဂ္ဂိုလ်တွေဟာ ဓမ္မကို ရေတွက်နေတုန်းပဲလို့ အဓိပ္ပာယ် မှတ်ရမယ်။

## ရှုမှတ်တာက ရေတွက်တာ

ဝိပဿနာ အားထုတ်တယ်ဆိုရင်ပဲ ကြည့်ပါ။

ဘယ်ကစသလဲ ဆိုလို့ရှိရင် နှာသီးဖျားက ထွက်လေ ဝင်လေကို ထွက်တယ် (တစ်)၊ ဝင်တယ် (နှစ်) စသဖြင့် ရေတွက်နေရတာပဲ။ သမာဓိကို ထူထောင်တော့မယ်ဆိုရင် စစချင်း ဂဏနာနည်းကစတာ။

ပရိသတ်ရေ- ဘယ်နည်းက စရမှာလဲ။

''ဂဏနာနည်းက စရမှာပါဘုရား''

ဂဏနာ ဆိုတာက ရေတွက်တာ။ အဲဒီ ထွက်လေ ဝင်လေကို ရေတွက်ရင်း ရေတွက်ရင်းနဲ့ နောက်ဆုံး တဖြည်းဖြည်းကျတော့ ထွက်လေ ဝင်လေ ကြာတယ်၊ မြန်တယ်။

ဟာ- ထွက်လေ ဝင်လေ ထိတယ်၊ သိတယ်။ စသဖြင့် တဖြည်းဖြည်းနဲ့ မှတ်သိစိတ်တွေ စိပ်စိပ် စိပ်စိပ် သွားလိုက်တာ နောက်ဆုံးကျတော့ သမာဓိလည်း ဖြစ်လည်းသွားရော အဲဒီ သမာဓိနဲ့ ထိန်းထားတဲ့ စိတ်ကို ရုပ်ခန္ဓာထဲ ထည့်လိုက်တော့ ရုပ် (၂၈)ပါးကို (သူ ဘာလုပ်လဲ)။

ဉာဏ်နဲ့ရှုမှတ်ပြီး ခွဲချလိုက်တာ၊ ဟို စိတ်တွေထဲ ထည့်သွင်းလိုက်ပြီးတော့ စိတ် (၈၉)မျိုးကိုလည်း ဉာဏ်နဲ့ ခွဲချလိုက်တော့ (ဘာတွေဖြစ်သွားလဲ)။ အဲဒီအချိန်မှာ နာမရူပ ပရိစ္ဆေဒဉာဏ် ပိုင်သွားတာ။

အဲဒီလို ရှုနေတာဟာ ဘာလုပ်နေတာလဲဆိုရင် နာမ်ရုပ်ကို ရေတွက်နေတာနဲ့ အတူတူပဲတဲ့။ ဝိပဿနာရှုတာကို ပြောတာနော်။

ပရိသတ်ရေ ဘာလုပ်တာကို ပြောတာပါလဲ။

''ဝိပဿနာရှုတာကို ပြောတာပါဘုရား''

ဝိပဿနာရှု ဆိုတာ နာမ်ရုပ်ကို ရေတွက်နေတဲ့ အလုပ်ပဲ။

အဲဒီတော့ နာမ်တရား၊ ရုပ်တရားကို ရေတွက်ရင်း ရေတွက်ရင်းနဲ့ နာမ်နဲ့ ရုပ်တွေ အသေးစိတ် သိပြီးရင် နာမ်ရုပ်ရဲ့ လက္ခဏာကို ဒါက အနိစ္စ၊ ဒါက ဒုက္ခ၊ ဒါက အနတ္တလို့ လက္ခဏာသုံးချက်ကိုလဲ (ဘာလဲ)၊ ဆက်ပြီး ရေတွက်ရသေးတာပဲ။ အဲဒါကြောင့် -

သင်္ခါတဓမ္မ၊ ဓမ္မကို ရေတွက်တယ်ဆိုတာဟာ ဝိပဿနာ ရှုတာပဲ။

ရေတွက်လို့ ပြီးသွားပြီဆိုတော့ သူဟာ ရဟန္တာဖြစ်သွားပြီ။

ပရိသတ်ရေ - သူ ဘာဖြစ်သွားပြီလဲ။

"ရဟန္တာဖြစ်သွားပါပြီ ဘုရား"

ဒါဆိုလို့ရှိရင် "သင်္ခါတဓမ္မ"ဆိုတဲ့ ပုဂ္ဂိုလ်ဆိုတာ ရဟန္တာကို ပြောတာ။ ပရိသတ်ရေ ဘာကိုပြောတာတုန်း။

"ရဟန္တာကို ပြောတာပါဘုရား"

ဝိပဿနာလုပ်ငန်းမှာ ပဓာနရှုရတာက ဘာလဲဆိုတော့ ခန္ဓာငါးပါး။

ပရိသတ်ရေ ဘာကိုရှုရမှာလဲ။

"ခန္ဓာငါးပါးကို ရှုရမှာပါဘုရား"

အဲဒါကြောင့် ခန္ဓာငါးပါးကို အသေးစိပ်ရှုပြီးသော ရဟန္တာကြီးများဟာ (ဘာလဲ)။ သင်္ခါတဓမ္မ၊ ဒါက တကယ့် အဓိပ္ပာယ်။ နောက် သေခဓမ္မ ဆိုတော့ အဲဒီ ခန္ဓာငါးပါးကို ရှုတော့ ရှုတယ်၊ မပြီးသေးဘူး။ ရှုတဲ့ပုဂ္ဂိုလ်တွေက (ဘာလဲ)။ သေခဓမ္မ။ ပေါင်း နှစ်ယောက်။

**သာရိပုတ္တရာ**- သေခဓမ္မပုဂ္ဂိုလ်နဲ့ သင်္ခါတဓမ္မပုဂ္ဂိုလ်၊ ဒီနှစ်ယောက်ရဲ့ ခြားနားချက်ကို ပြောစမ်း။ သူတို့ ဘာကို ကျင့်ကြသလဲ။ သင်္ခါတဓမ္မက ဘာကို ကျင့်သလဲ၊ သေခဓမ္မက ဘာကိုကျင့်သလဲ။

**တေသံ**၊ ထို သင်္ခါတဓမ္မနဲ့ သေခဓမ္မပုဂ္ဂိုလ် နှစ်ယောက်တို့ရဲ့။ **ဣရိယံ ကိရိယံ စရိယံ**၊ ကျင့်ကြတဲ့ အကျင့်တွေကို။ **မယှာ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ **ပုဋ္ဌော**၊ မေးအပ်သည်ဖြစ်ခြင်းကြောင့်။ **တံပဉှံ**၊ ထိုပြဿနာကို။ **နိပကော**၊ ရင့်ကျက်သော ပညာရှိပုဂ္ဂိုလ်ဖြစ်တဲ့။ **တွံ**၊ သင် သာရိပုတ္တရာသည်။ **ပဗြူဟိ**၊ ဖြေကြားပါလော့။

(ဣတိ၊ ဤသို့)။ **သတ္ထာ**၊ နတ်လူတို့ဆရာဖြစ်တော်မူသော ဘုရားသဗ္ဗညုသည်။ **အပုစ္ဆိ**၊ သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## အလိုတော်သိမှ ဖြေနိုင်ကြ

မြတ်စွာဘုရားရဲ့ မေးခွန်းကို တိုက်ရိုက် သိဖို့ဆိုရင် မြတ်စွာဘုရားရဲ့အလိုတော် ရည်ညွှန်းချက်ကို သိထားမှဖြစ်မယ်။ အဲဒီ မြတ်စွာဘုရားရဲ့အလိုတော်ကို ဗုဒ္ဓအဇ္ဈာသယ (သို့မဟုတ်) ဗုဒ္ဓါဓိပ္ပါယလို့ ခေါ်ရတယ်။

ဘာတဲ့လဲ ပရိသတ်။

''ဗုဒ္ဓါဓိပ္ပါယပါ ဘုရား''

ဗုဒ္ဓါဓိပ္ပါယ ဆိုတာ ဘုရားရှင်ရဲ့ အလိုတော်ကို ပြောတာ။

ဘယ်သူ့ရဲ့ အလိုတော်လဲ။

''ဘုရားရှင်ရဲ့ အလိုတော်ပါဘုရား''

ဒီ သန်္ဒိတဓမ္မ သေခဓမ္မ ဆိုတဲ့နေရာမှာ ဓမ္မဆိုတာဟာ မြတ်စွာဘုရားက ဘာကိုဆိုလိုတာလဲ ဆိုတာကို သိဖို့ရာ အတော်ခက်တယ်။ ဓမ္မကို ရေတွက်ပြီးပြီ၊ ရေတွက်နေဆဲ။

ဘာ ဓမ္မလဲ။

ပရိယတ္တိလား၊ ပဋိပတ္တိလား၊ ပဋိဝေဓလား၊ ခန္ဓလား၊ အာယတနလား၊ ဓာတ်လား၊ သစ္စာလား။ ဒါ တော်တော်ခက်တယ်။

သစ္စာလေးပါးကို ရေတွက်ပြီးပြီဆိုရင် ဒါ အရှင်းပဲ။ ဒုက္ခ သမုဒယ၊ နိရောဓ၊ မဂ္ဂပေါ့နော်။ အာယတနကို ရေတွက်ပြီးပြီဆိုရင် အာယတန ဆယ့်နှစ်ပါး ပြောလို့ရတယ်။

''ဓမ္မကို ရေတွက်ပြီးပြီ၊ ဓမ္မကို ရေတွက်လို့ မပြီးသေးဘူး။ သူတို့ နှစ်ယောက် ခြားနားချက်ကို ပြော'' ဆိုတော့ ''ဘုရားဆိုလိုတဲ့ ဓမ္မက ဘာလဲ'' အဲဒါ အခက်ဆုံးပဲ။

အဖြေရှာဖို့ရာ သိပ်မခက်လှပေမယ့် ဘာဆိုလိုတယ်ဆိုတဲ့ ဆိုလိုချက်ကို သိဖို့ခက်တယ်။

## မေးခွန်းအဆင့် ဤကိုးဆင့်

အဲဒီတော့ မေးခွန်းဆိုတဲ့ဥစ္စာဟာ (ဒီမှာ ဘုရားမြတ်စွာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို မေးနေတာ)။

(၁) ပုထုဇဉ်၏ အရာ၌တည်သော မေးခွန်း၊

ပရိသတ်ရေ - ဘယ်အရာ၌ တည်သောလဲ။

''ပုထုဇဉ်အရာ၌ တည်သောပါ ဘုရား''

ပုထုဇဉ်တောင်မှ ဖြေနိုင်တဲ့ မေးခွန်းပေါ့ဗျာ။ အဲဒါ မေးလိုက်တယ်ဆိုလို့ရှိရင် အရှင်သာရိပုတ္တရာတောင် ဖြေစရာ မလိုဘူး။ နားထောင်နေတဲ့ လူထုပရိသတ်ကြီးက အကုန်ရောပြီးဘော့ ဖြေလိုက်တယ်။

ဟာ - ပရိသတ်က ကုဋေသုံးဆယ်တောင်ရှိတယ်။

မြတ်စွာဘုရား၊ ဒီမေးခွန်းမေးတဲ့ပွဲမှာ လူပေါင်း ဘယ်လောက်လဲ။

"ကုဋေသုံးဆယ်ပါ ဘုရား"

သင်္ကဿမြို့ရဲ့ တောင်ဘက်တံခါးဝ မြတ်စွာဘုရား တာဝတိံသာက ပြန်ဆင်းတဲ့အခါမှာ စောင်းတန်းစိုက်တဲ့ စောင်းတန်းဦး၊ ဘုရားရှင် ကိုယ်တော်မြတ် ပထမဆုံး လက်ယာခြေတော်ရာ ချနင်းတဲ့နေရာ။

"သင်္ကဿနဂရာကို ရှင်မြတ်ဘဂဝါ ကြွမြန်းပါတဲ့နေ့"ဆိုတာ သီတင်းကျွတ်လပြည့် အဘိဓမ္မာဒေသနာနိဂုံး ပြီးဆုံးလို့ တာဝတိံသာက ပြန်ဆင်းတဲ့နေ့။ သင်္ကဿနဂိုရ် မြို့တံခါးမှာ ဘုရားကို စောင့်ကြိုကြတဲ့ ပရိသတ်က ကုဋေသုံးဆယ်ရှိတယ်။ သံဃာတော်တွေကတော့ မရေနိုင် မတွက်နိုင်ဘူး။

အရှင်သာရိပုတ္တရာက အစောဆုံး မြတ်စွာဘုရားကို ခြေဦး နဖူး လာတိုက်ပြီးတော့ လှေကားဦးကနေ ကြိုတယ်၊ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးခုက ဆင်းတာ။

အဲဒီ ကုဋေသုံးဆယ်ရှိတဲ့ ပရိသတ်ထဲမှာ ပုထုဇဉ်တို့သာ ဖြေနိုင်တဲ့ မေးခွန်း၊ ပုထုဇဉ်များအထိ ဖြေနိုင်တဲ့ မေးခွန်းကို မေးလိုက်တော့ လူအုပ်ကြီး က ဖြေသွားတယ်။ အရှင်သာရိပုတ္တရာ ဖြေစရာ မလိုဘူး။

နောက် နည်းနည်းမြှင့်လိုက်ပြီ။

(၂) သောတာပန် ဖြေနိုင်တဲ့ မေးခွန်းလည်း မေးလိုက်ရော ပုထုဇဉ် တွေ ကျန်နေရစ်ခဲ့တယ်။ မဖြေနိုင်တော့ဘူး။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အထက်ရဟန္တာတွေအထိ ဖြေသွားတယ်။

(၃) သကဒါဂါမ်က စဖြေနိုင်တဲ့မေးခွန်းလည်း မေးလိုက်ရော ပုထုဇဉ်နဲ့ သောတာပန် ကျန်ရစ်တယ်။ မဖြေနိုင်ဘူး။

ဘယ်နှစ်မျိုးရှိပြီလဲ မေးသွားတာ။

ပုထုဇဉ်အရာ၌တည်တဲ့ မေးခွန်း၊ သောတာပန်အရာ၌တည်တဲ့ မေးခွန်း၊ သကဒါဂါမ်အရာ၌တည်တဲ့ မေးခွန်း။

(၄) နောက်တစ်ခါ အနာဂါမ်တို့အရာ၌တည်တဲ့ မေးခွန်းကို မေးလိုက်ပြီဆိုတော့ အနာဂါမ်နဲ့ ရဟန္တာများပဲ ဖြေဆိုနိုင်တယ်တဲ့။ သောတာပန်၊ သကဒါဂါမ်၊ ပုထုဇဉ်တွေ မဖြေနိုင်တော့ဘူး။

နောက်တစ်ခါ -

(၅) ရဟန္တာတို့အရာ၌တည်တဲ့ မေးခွန်းလည်း မေးလိုက်ရော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေ ကျန်ခဲ့တယ်။ မဖြေနိုင်တော့ဘူး။

မေးခွန်းက တဖြည်းဖြည်း မြင့်မြင့် မြင့်မြင့်သွားတော့ ဖြေနိုင်တဲ့ ပုဂ္ဂိုလ် (ဘာဖြစ်လဲ)။ နည်းနည်းသွားတယ်။

စာမေးပွဲခန်းမတွေ သွားကြည့်ပါလား။ ပထမငယ်တန်းဟော့ဆိုလို့ ရှိရင် ကျပ်နေတာပဲ။ အလတ်တန်းဆို နည်းနည်းလျော့သွား၊ အကြီးတန်း စာမေးပွဲဆို ခြောက်ကပ်ကပ်နဲ့ အခန်းထဲမှာ ဟိုတစ်ပါး၊ ဒီတစ်ပါးပဲရှိတော့တယ်။ အတန်းမြင့်မြင့်လာလေ ဖြေနိုင်တဲ့ပုဂ္ဂိုလ် (ဘာဖြစ်လဲ)။ နည်းနည်းသွားလေလေ၊ မူလတန်းဟော့ဆို ခြေချင်းကို လိမ်နေတာပဲ၊ ဖြေကြတာနော်။

အဲဒီတော့ -

ဟိုမှာ ကုဋေသုံးဆယ်သော လူထုပရိသတ်ကြီးမှာ ဘုရားမေးနေတဲ့ မေးခွန်းက ဖြေးဖြေးချင်း မြင့်မြင့်မလာဘူးလား။ ရဟန္တာများ ဖြေနိုင်တဲ့ မေးခွန်းလည်း မေးလိုက်ရော အောက်က သေက္ခပုဂ္ဂိုလ် သုံးယောက် မဖြေနိုင်ဘူး၊ ကျန်ခဲ့တယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ပုထုဇဉ်ကော မဖြေနိုင်ဘူး။ ကျန်ခဲ့တယ်။ ရဟန္တာပဲ ဖြေတယ်။

နောက် ရဟန္တာပုဂ္ဂိုလ်တောင်မှ ရဟန္တာချင်း တူရဲ့လား။

ပညာထူးချွန်တဲ့ ရဟန္တာနဲ့ ပညာမထူးချွန်တဲ့ ရဟန္တာရယ်လို့ တိုတိုလေး ဒီလောက်ပဲခွဲထား။ ရှင်းအောင် မှတ်ချင်ရင်တော့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာနဲ့ ပဋိသမ္ဘိဒါပတ္တ မဟုတ်တဲ့ ရဟန္တာပေါ့ဗျာ။

**အတ္ထ ပဋိသမ္ဘိဒါ**

**ဓမ္မ ပဋိသမ္ဘိဒါ**

**နိရုတ္တိ ပဋိသမ္ဘိဒါ**

**ပဋိဘာန ပဋိသမ္ဘိဒါ**

ဖောက်ထွင်းခွဲဖြတ်နိုင်တဲ့ ဉာဏ်ကြီး (၄)ခု၊ အဲဒါကို ပဋိသမ္ဘိဒါ ဉာဏ်၊ အဲဒီ ဉာဏ်လေးပါးကို ရသောရဟန္တာနဲ့ မရသောရဟန္တာ မတူဘူး။

ပဋိသမ္ဘိဒါဉာဏ်လေးပါးကို ရသော ရဟန္တာကတော့ မေးခွန်း မေးချင်တိုင်းမေး၊ အကုန်ဖြေမယ်၊ ပဋိသမ္ဘိဒါဉာဏ်မရတဲ့ ရဟန္တာကတော့

မဖြေနိုင်ဘူး။ အဲဒီတော့ ဉာဏ်ရှိသော ရဟန္တာနဲ့ ဉာဏ်မရှိသော ရဟန္တာလို့ အဲဒီလိုပြောရင် ခုနက ပဋိသမ္ဘိဒါကို ညွှန်းတယ်လို့ (ပရိသတ်ကြီးက) သိရမှာပါ။

"ရဟန္တာတိုင်း ဉာဏ်ရှိတာပေါ့" လို့ ပြောရင် ဟုတ်သင့်သလောက် ဟုတ်ပေမယ့် ပဋိသမ္ဘိဒါနဲ့ ပြောရင်တော့ (ပရိသတ်ရေ) မဟုတ်တော့ဘူး။

(၆) ပဋိသမ္ဘိဒါဉာဏ်မရသော ပုဂ္ဂိုလ်တို့အတွက် ရည်ညွှန်းတဲ့ မေးခွန်းဆိုရင် အားလုံး ရဟန္တာတိုင်း ဖြေသွားပြီ။

(၇) ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးတို့ကို ညွှန်းတဲ့ မေးခွန်းမျိုးဆိုရင် ပဋိသမ္ဘိဒါ မရတဲ့ ရဟန္တာတွေက မဖြေနိုင်ဘူး။ ကျန်ခဲ့မယ်။

· နောက်တစ်ခါ မြှင့်လိုက်ဦးတဲ့။

(၈) ပညာဝေဒဂ်ရ ပုဂ္ဂိုလ်များသာ ဖြေရမယ့် မေးခွန်းမျိုးဆိုရင် တခြားသော ရဟန္တာတွေက ပဋိသမ္ဘိဒါ ရရ၊ မရရ (ဘာဖြစ်လဲ)။ မဖြေနိုင်ပြန်တော့ဘူး။

နောက် မြှင့်လိုက်ဦး၊ မေးခွန်း။

(၉) ဘုရားအရာဌ်တည်သော မေးခွန်း၊ ဗုဒ္ဓဝိသယပညာ၊

ပြော - ဘာ ပညာလဲ။

"ဗုဒ္ဓဝိသယ ပညာပါ ဘုရား"

ဘုရားအရာဌ်တည်သော မေးခွန်းကို မေးပြီလည်းဆိုရော (ပရိသတ်ရေ) ဖြေနိုင်တဲ့ပုဂ္ဂိုလ်ဟာ မရှိနိုင်တော့ဘူးလို့ တွက်စရာပဲ။ ဒါပေမဲ့ ဘုရားရဲ့ မေးခွန်းက ခုနက စကားလုံးကို ပြန်ကြည့်။ "ဓမ္မ"လို့ သုံးထားတယ်။

တစ်ခုက သင်္ခါတဓမ္မ၊ နောက်တစ်ခုက သေခဓမ္မ။

သင်္ခါတနဲ့ သေခက ရေတွက်ပြီးပြီ၊ မပြီးသေးဘူး။ ကျင့်ပြီးပြီ၊ မကျင့် ရသေးဘူးလို့ အဓိပ္ပာယ်ရတယ်။

ဓမ္မကတော့ ဘာဓမ္မမှန်းကို မသိနိုင်ဘူး။

ရုပ်ဓမ္မလို့ ပြောလိုက်လို့ရှိရင် မဟုတ်ဘူး၊ ခန္ဓာကို ပြောတာ။

ခန္ဓာဓမ္မလို့ ပြောလိုက်ရင် မဟုတ်ဘူး။ ပရိယတ္တိဓမ္မကို ပြောတာလို့ အဲဒီလို ဓမ္မအမျိုးအစားတွေ အများကြီး ဖြစ်လာနိုင်စရာရှိတော့ ဖြေမယ့်

ပုဂ္ဂိုလ်က ဘုရားရဲ့ အာဘော်မိဖို့ရာ တော်တော်ခက်တယ်။ အဲဒါကို မေးခွန်း အဆင့် ပုထုဇ္ဇနဝိသယပညာ ကနေပြီးတော့ အမြင့်ဆုံး (ဘယ်ဝိသယပညာ ရောက်ပါလဲ)။

ဗုဒ္ဓဝိသယပညာအထိ ရောက်သွားပြီ။

တဖြည်းဖြည်းနဲ့ ဖြေနိုင်တဲ့သူ (ဘာဖြစ်လာလဲ)။ နည်းနည်းနည်း နည်း လာလိုက်တာ နောက်ဆုံး မေးခွန်းအမြင့်ဆုံးက (ဘာလဲ)။

ဗုဒ္ဓဝိသယပညာ။ အဲဒါကိုဖြေမယ့်ပုဂ္ဂိုလ်ဟာ အရှင်သာရိပုတ္တရာ ကလွဲရင် တစ်ယောက်မှ မရှိဘူးတဲ့ ပရိသတ်ရေ။ လာတဲ့ ပရိသတ်က ဘယ်လောက်လဲ။

ကုဋေသုံးဆယ် ဟုတ်လား။

အဲဒီတော့ အရှင်သာရိပုတ္တရာက စဉ်းစားတယ်။ ဒီမေးခွန်းကို ငါပဲ ဖြေရမှာ။ "မြတ်စွာဘုရား အလိုတော်က ဘာလဲ" ဆိုတာကို စဉ်းစား၊ ဘုရား လိုချင်တဲ့ အဓိပ္ပာယ်ကို ထိသွားဖို့က အရေးကြီးတယ်။ ဓမ္မပုဒ်ထဲမှာ ခန္ဓလား။ အာယတနလား။ ဓာတ်လား။ သစ္စာလား။ ပရိယတ် လား။ ပဋိပတ်လား။ ပဋိဝေဓလား။ ဘာမဆို ဓမ္မချည်း ဖြစ်နေတာ။

## နည်းပေးပြောပြ တစ်ခွန်းမျှ

အဲဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က -

"ဩော်- ငါဘုရားရှင်ကိုယ်တော်မြတ်ကသာ နည်းပေးလမ်းပြ နယဒဿန မလုပ်ရင် ဒီမေးခွန်းမှာ ငါ့အာဘော်ကို သိမှာမဟုတ်ဘူး။ နည်းသာ ပေးလိုက်ရင် အရှင်သာရိပုတ္တရာဟာ ဖြေနိုင်မှာပဲ၊ နည်းလေးတော့ ပြောမှပဲ" ဆိုပြီးတော့ -

မြတ်စွာဘုရားကိုယ်တော်မြတ် ပြောတာက -

**"သင်္ခါတမေ့ာတိ ပရိဝိမံသိတ ခန္ဓာ"**

ဒါလေးပဲ ပြောလိုက်တယ်။

သင်္ခါတမေ့ ဆိုတာက ပရိဝိမံသိတ ခန္ဓာတဲ့။

(ပရိသတ်ရေ) ဘယ်လိုပြောလိုက်လဲ။

"ပရိဝိမံသိတ ခန္ဓာပါ ဘုရား"

အေး- ဉာဏ်နဲ့ စိစစ်ပြီးသား ခန္ဓာတဲ့။

ဒါလေးပြောလိုက်တော့ ပထမမေးခွန်းက ရဟန္တာကိုညွှန်းတာ၊ နောက်မေးခွန်းက သေက္ခပုဂ္ဂိုလ် သုံးယောက်ကို ညွှန်းတာဆိုတဲ့အကြောင်း အရှင်သာရိပုတ္တရာက တန်းပြီးတော့ တစ်ခါတည်း သိသွားတယ်။ ဘုရားရှင်ရဲ့ အာဘော်ကို အရှင်သာရိပုတ္တရာ သိသွားပြီ။

**ယေ စ သင်္ခါတ ဓမ္မာသေ**၊ ခန္ဓာငါးပါးကို ဝိပဿနာ ရှုပြီးတဲ့ပုဂ္ဂိုလ် တွေ၊ ဒီလိုဆိုရမှာ။ နောက်တစ်ပုဒ်က ဘာတဲ့လဲ။

**ယေစ သေခမ္မောသေ**၊ ခန္ဓာငါးပါးကို ဝိပဿနာရှုလို့ မပြီးဆုံး သေးတဲ့ ပုဂ္ဂိုလ်တွေ။

**တေသံ**၊ အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်တို့ရဲ့။ **ဣရိယံ ကိရိယံ စရိယံ**၊ ခြားနားတဲ့ ကျင့်စဉ်တွေကို။ **ပဗြူဟိ**၊ ဖြေကြားစမ်းပါ။ **နိပကော**၊ ရင့် ကျက်တဲ့ ပညာရှိတဲ့။ **တွံ**၊ သင်သည်။ **မယာ ပုဋ္ဌော**၊ ငါ ဘုရားမေးတဲ့ အခါမှာ။ **ပဗြူဟိ**၊ ဖြေကြားပါလော့။

(ဣတိ-ဤသို့)။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်က။ **အပုစ္ဆိ**၊ သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ရာထောင်မက သူဖြေပြီ

ပရိသတ်ရေ အမြင့်ဆုံးမေးခွန်းက ဘာ ဝိသယလဲ။

"ဗုဒ္ဓဝိသယ မေးခွန်းပါ ဘုရား"

ဘုရားမေးတဲ့ မေးခွန်းကို ဘုရားပဲ ဖြေနိုင်မှာ။ ဒါပေမဲ့ အရှင် သာရိပုတ္တရာကို ဘုရားက နည်းကလေး ချပေးလိုက်တော့ "ဟာ- မြတ်စွာ ဘုရားရှင်ရဲ့ အာဘော်က ဒါပဲ" ဆိုတာကို အရှင်သာရိပုတ္တရာက သိလည်း သွားရော -

**"နယသတေနပိ နယသဟဿေနပိ သာရိပုတ္တော ပဉှံ ဗျာကာသိ"** တဲ့။

**နယသတေနပိ**၊ နည်းပေါင်းတစ်ရာနှင့်လည်းကောင်း။ **နယသဟ ဿေနပိ**၊ နည်းပေါင်းတစ်ထောင်နှင့်လည်းကောင်း။ **ဘဂဝတော ပဉှံ**၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မေးခွန်းကို။ **အာယသ္မာ သာရိပုတ္တော**၊

အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည်။ **ဗျာကာသိ၊** ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

**သေခ၏ ပထမကျင့်စဉ် မတပ်မက်ရ**

**ကာမေသု နာဘိ ဂိဇ္ဈေယျ၊ မနသာ နာဝိလော သိယာ။**

**ကုသလော သဗ္ဗဓမ္မာနံ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။**

**ဘန္တေ ဘဂဝါ၊** ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အရှင်သာရိပုတ္တရာ ပြန်ပြီးတော့ ဖြေကြားမှာက -

၁။ သင်္ခါတဓမ္မလို့ ဆိုသော အသေက္ခပုဂ္ဂိုလ်၊

၂။ သေခဓမ္မ လို့ဆိုတော့ သေက္ခပုဂ္ဂိုလ်။

အဲဒီပုဂ္ဂိုလ် နှစ်ယောက်တို့ရဲ့ မတူတဲ့ အကျင့်ကလေးကို ဖြေ။ ဒါ မေးတာပါ။

အဲဒီတော့ ဒီမယ် အဖြေလာတယ်။

**ကာမေသု နာဘိ ဂိဇ္ဈေယျ။**

**ဘန္တေ ဘဂဝါ၊** ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **သေခ ဓမ္မော၊** ဓမ္မကို ကျင့်နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ။ **ကာမေသု၊** ကာမတရားတို့၌။ **နာဘိ ဂိဇ္ဈေယျ၊** တပ်မက်ခြင်း အလျဉ်းမရှိသင့်ပါ ဘုရား။

ဓမ္မကို ကျင့်နေတဲ့ပုဂ္ဂိုလ်သည် ကာမကို တပ်မက်ခြင်း မဖြစ်သင့်ဘူးတဲ့။ ဒါ သေက္ခပုဂ္ဂိုလ်အတွက် ပထမကျင့်စဉ်။

ပြော ဘယ်ပုဂ္ဂိုလ်အတွက်လဲ။

"သေက္ခပုဂ္ဂိုလ်တို့အတွက် ကျင့်စဉ်ပါ ဘုရား"

**ကာမေသု နာဘိ ဂိဇ္ဈေယျ။**

**ကာမေသု၊** ကာမတရားတို့၌။ **နာဘိ ဂိဇ္ဈေယျ၊** တပ်မက်ခြင်း အလျဉ်း မရှိသင့်ပါဘုရားလို့။ **အာယသ္မာ သာရိပုတ္တော၊** အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည်။ ဗုဒ္ဓဝိသယေ ဌိတံ ဘဂဝတော ပဉှံ၊ ဘုရားအရာ၌ တည်တဲ့ ဘုရားရှင်ရဲ့ မေးခွန်းကို။ **ဗျာကာသိ၊** ကောင်းစွာမသွေ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သေခ၏ ဒုတိယကျင့်စဉ် စိတ်မညစ်ရ

နောက် -

**မနသာ နာဝိလော သိယာ။**

**ဘန္တေ ဘဂဝါ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **သေခ ဓမ္မော**၊ ကျင့်နေဆဲဖြစ်တဲ့ ဒီပုဂ္ဂိုလ်ဟာ၊ (ဝါ) ခန္ဓာငါးပါးဆိုတဲ့ ဓမ္မကို ရေတွက်နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ။ **မနသာ နာဝိလော**၊ စိတ်ထဲမှာ အညစ်အကြေး ကင်းသင့်သည်။ **မနသာ**၊ စိတ်ဖြင့်လည်း။ **အနာဝိလော**၊ နောက်ကျုခြင်း အလျဉ်းမရှိသည်။ **သိယာ**၊ ဖြစ်သင့်ရာပါ၏ ဘုရား။

ဒုတိယကျင့်စဉ်က -

သေခဓမ္မ ပုဂ္ဂိုလ်ဟာ စိတ်ထဲမှာ နောက်ကျုမနေသင့်ဘူးတဲ့။ စိတ်ထဲမှာ ညစ်မနေသင့်ဘူး။ စိတ်ထဲက အညစ်အကြေးကို ထုတ်ပစ်ရမယ် ဆိုတာက ဒါ အနုသယကို ညွှန်းတာ။

အသေက္ခပုဂ္ဂိုလ် (သို့မဟုတ်) သင်္ခါတဓမ္မပုဂ္ဂိုလ်ဆိုရင် အနုသယ ဘာမှ မကျန်တော့ဘူး။ သူ့အတွက် အနုသယ ဆိုတာတွေကို အားလုံး နုတ်ပြီးသား၊ ဒါ သူ့ (အသေက္ခ)အတွက် ပြောတဲ့ ကျင့်စဉ် မဟုတ်ဘူး။

**မနသာ နာဝိလော သိယာ။**

**မနသာ နာဝိလော**၊ စိတ်ထဲမှာ နောက်ကျုခြင်း အလျဉ်းမရှိသည်။ **သိယာ**၊ ဖြစ်သင့်ရာ၏။

သေခဓမ္မပုဂ္ဂိုလ်ဟာ စိတ္တသန္တတိခေါ်တဲ့ စိတ်အစဉ်မှာ စွဲဝင်တဲ့ အနုသယ ကိလေသာ အညစ်အကြေးတွေနဲ့ နောက်ကျုမနေသင့်ဘူး ဘုရား ဆိုပြီးတော့ နည်းနှစ်ပါးနဲ့ သေခဓမ္မပုဂ္ဂိုလ်ရဲ့ အကျင့်နှစ်ပါးကို ပြောပြတာ။

နည်းနှစ်ပါးမှာ တစ်က (ဘာတဲ့လဲ)။ ကာမဂုဏ် တပ်မက်ခြင်း မဖြစ်သင့်ဘူး။ နှစ်က စိတ်ထဲမှာ စွဲနေတဲ့ အနုသယ အညစ်အကြေးကို ထုတ်ပစ်သင့်တယ်။

အနုသယ အညစ်အကြေး ထုတ်ပစ်သင့်တယ်ဆို ကတည်းက ဒါ သေခပုဂ္ဂိုလ်ကို ပြောနေတာ။ အသေက္ခပုဂ္ဂိုလ်ဆို ဒါ ပြောစရာတောင် မလိုတော့ဘူး။

အဲဒါကြောင့် အဲဒီ အဖြေနှစ်ခုသည် **သေခဓမ္မသ** (သို့မဟုတ်ရင်) **သေခပုဂ္ဂလဿ**၊ သေက္ခပုဂ္ဂိုလ်အတွက်။ **အာယသ္မာသာရိပုတ္တော**၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်က။ **ဘဂဝတော ပဉှံ**၊ ဘုရားရှင်ရဲ့ မေးခွန်းကို။ **ဗျာကာသိ**၊ ကောင်းစွာမသွေ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

**ကုသလော သဗ္ဗဓမ္မာနံ၊**

**သတော ဘိက္ခု ပရိဗ္ဗဇေ။**

**ဘန္တေ ဘဂဝါ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **ဘိက္ခု**၊ သင်္ခါတဓမ္မ ဆိုတဲ့ ရဟန်းတော်သည်။

(ပရိသတ်ရေ) ဘာရဟန်းလဲ။

"သင်္ခါတဓမ္မရဟန်းပါ ဘုရား"

## အသေခ၏ ပထမကျင့်စဉ် ဓမ္မကျွမ်းကျင်ရမည်

သင်္ခါတဓမ္မ ဆိုတာ အသေက္ခ ပုဂ္ဂိုလ်ပေါ့။

ခန္ဓာငါးပါးကို အကုန်လုံး အပြန်အလှန် ရှုမှတ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ သင်္ခါတ ဓမ္မ၊ အဲဒီ **သင်္ခါတဓမ္မပုဂ္ဂလော**၊ သင်္ခါတဓမ္မ အမည်ရတဲ့ ထိုပုဂ္ဂိုလ်သည်။ **သဗ္ဗဓမ္မာနံ** တဲ့။

ဒီပုဒ်ကို နားထောင်ကြည့်။ ဘယ်လိုပြောလိုက်လဲ။

**သဗ္ဗဓမ္မာနံ**၊ ဘာမှ မကျန်တော့ဘူး။

ဓမ္မသာမည ပြောရင် ဒါ သာဝသေသဖြစ်ပြီး အကြွင်းအကျန်ရှိတယ်။ **သဗ္ဗ ဓမ္မာနံ** ဆိုတော့ ဘာမှ မကျန်ဘူး။ နိဗ္ဗာန်ပါ ပါသွားပြီ။

အဲဒါကြောင့် **သဗ္ဗဓမ္မာနံ**၊ ရှိရှိသမျှ သင်္ခတ၊ အသင်္ခတ၊ လောကီ၊ လောကုတ္တရာ၊ ဓမ္မ အကုန်လုံးကို။ (ဝါ) ဓမ္မ အကုန်လုံး၌။ **ကုသလော**၊ ကျွမ်းကျင် နိုင်နင်းသည်။ **သိယာ**၊ ဖြစ်ရာပါသည် ဘုရား။ လောကီလောကုတ္တရာတရား အကုန်လုံး သင်္ခတ အသင်္ခတ ဓမ္မအကုန်လုံး နိဗ္ဗာန်သော်မှမကျန် ဘာမဆို အကုန်လုံး ကျွမ်းကျင်သွားပြီတဲ့။

ဥပမာ- သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်မြင်တာမှန်တယ်။ သူ ဝင်စားနိုင်ရင်လည်း သောတာပတ္တိဖလ သမာပတ်ပဲရမယ်။ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တဖလသမာပတ်ကို သူမဝင်စားနိုင်ဘူး။

ဒီအတိုင်းပဲ အောက်အောက် မဂ်ဖိုလ်ကို ရပြီးတဲ့ ပုဂ္ဂိုလ်ဟာ လည်းပဲ အထက် အထက် မဂ်ဖိုလ်တွေကို မဝင်စားနိုင်ဘူး။ အမြင့်ဆုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရပြီးသော အသေက္ခ ဆိုတဲ့ ရဟန္တာပုဂ္ဂိုလ် များကျတော့ ဘယ် ဖလသမာပတ်ကိုမဆို (ဘာဖြစ်လဲ)။ ဝင်စားနိုင်တယ်။

အဲဒါကြောင့် ဓမ္မမှာ အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်ဟာ ဘယ်သူလဲဆိုရင် ရဟန္တာပုဂ္ဂိုလ်ပဲ။ သင်္ခတဓမ္မလည်း ကုန်ပြီ။ သူ ရှုပြီးပြီ။ အသင်္ခတ နိဗ္ဗာန်နဲ့ ပတ်သက်လို့ ဘာဖြစ်လဲ။ ဝင်စားနိုင်တယ်ဆိုတော့ -

ဓမ္မအကုန်လုံး ကျွမ်းကျင်သွားပြီဆိုတာ (ဘယ်သူလဲ)။ ရဟန္တာ။

အရှင်သာရိပုတ္တရာ ဖြေပုံနဲ့ မြတ်စွာဘုရားမေးပုံက နက်နက်နဲနဲ ရှိတယ်။ ဒါမျိုးကို ဂမ္ဘီရပဉှာ ခေါ်တယ်။ လေးနက်တဲ့ မေးခွန်း။ ဘယ်လို ပုဂ္ဂိုလ်တွေအတွက် မေးထားတာလဲဆိုရင် ပဋိသမ္ဘိဒါပတ္တဉာဏ်ကြီး ရထားတဲ့ ရဟန္တာတွေအတွက် မေးလိုက်တဲ့ မေးခွန်း။

ပုထုဇဉ်လည်း မဖြေနိုင်ဘူး၊ သောတာပန်၊ သကဒါဂါမ်၊ အနာ ဂါမ်လည်း မဖြေနိုင်ဘူး။ ပဋိသမ္ဘိဒါဉာဏ်မရတဲ့ ရဟန္တာလည်း မဖြေ နိုင်ဘူး။ အားလုံး ကျန်နေရစ်ခဲ့တယ်။

နောက်ဆုံး ဒီမေးခွန်းကို ဖြေသွားတာ (ဘယ်သူလဲ)။

အရှင်သာရိပုတ္တရာတစ်ပါးတည်းပဲရှိတယ်။ ပရိသတ် ဘယ် လောက်ရဲ့ ကြားထဲမှာလဲ။ ကုဋေသုံးဆယ်ရဲ့ ကြားထဲမှာနော်။ အဲဒီတော့ ဘယ်နေရာမှာ မေးတဲ့ မေးခွန်းလဲဆိုရင် သင်္ကဿနဂိုရ် တံခါးဝမှာနော်။

**ကုသလော သဗ္ဗဓမ္မာနံ။**

**သဗ္ဗဓမ္မာနံ**၊ အလုံးစုံသော တရားတို့ကို။ **ကုသလော**၊ ကျွမ်းကျင် လိမ္မာတဲ့ ပုဂ္ဂိုလ်သည်။ **သိယာ**၊ ဖြစ်ရာ၏။

**တသ္မာ**၊ ထို့ကြောင့်။ **ဘိက္ခု**၊ သံသရာနဲ့ ခန္ဓာကို ကောင်းစွာ ထင်ထင် ဆင်ခြင်တတ်တဲ့ ရဟန်းမှန်သမျှဟာ။ **သတော**၊ သတိတရား လက်ကိုင်တော်မူရာ၏ရယ်လို့။ **အာယသ္မာ သာရိပုတ္တော**၊ အရှင်သာရိ ပုတ္တရာ မထေရ်သူမြတ်သည်။ **ဘဂဝတော ပဉှံ**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဘုရားအရာမှာ တည်နေတဲ့ ဒီမေးခွန်းကို။ **ဗျာကရောတိ**၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားလိုက်ပါတော့သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## တန်ခိုးပြဟန် အရှင်မောဂ္ဂလာန်

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဝါတော် (၇)ဝါ အရတုန်းက တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းက ပဏ္ဍုကမ္ဗလာမှာ ဝါဆိုပြီးတော့ မိခင်ကြီးကို ကျေးဇူးဆပ်ဖို့ တစ်ဝါတွင်းလုံး အဘိဓမ္မာတရား ဟောတာ။

အဲဒီ အဘိဓမ္မာတရားပွဲအတွက် တာဝတိံသာကို ကြွသွားတာက သာဝတ္ထိမြို့နားက **"ကဏ္ဍမ္ဗရုက္ခမူလေ ပရဟိတကရော ယော မုနိန္ဒော"** ဆိုတဲ့ နမက္ကာရ ဘုရားရှိခိုးလာတဲ့အတိုင်းပဲ သရက်ဖြူပင်ရင်းကနေ ကြွသွားတာ။

အဲဒီမှာ တိတ္ထိတွေကို နှိမ်နင်းဖို့ဆိုပြီးတော့ ယမကပါဋိဟာရိယ ရေမီး အစုံအစုံ တန်ခိုးလွှတ်ပြပြီးတော့ တိတ္ထိတွေကို အောင်ပွဲခံတာ။

ယမိုက်ပြဋ္ဌိဟာ ပြပြီးတော့ တိတ္ထိတွေကို နှိမ်နင်းတဲ့ အဲဒီပွဲမှာ အရှင် မဟာမောဂ္ဂလာန်ရဲ့ ဂုဏ်ကျေးဇူးဟာ ထင်ရှားခဲ့ပြီးပြီ။ ဘာကြောင့် ထင်ရှားသလဲဆို တိုတိုလေးပြောရရင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီ တိတ္ထိတက္ကတွန်းတွေကို နှိမ်နင်းဖို့ကိစ္စမှာ -

"မြတ်စွာဘုရားကိုယ်တော်မြတ် ထွက်တော်မမူပါနဲ့၊ ချမ်းသာစွာ နေပါ။ ဒီလို သာသနာ့ ရန်စွယ်အသေးအမွှားလေးတွေကို တပည့်တော် နှိမ်နင်းပါ့မယ်" လို့ အရှင်မောဂ္ဂလာန်က ဝင်လျှောက်တာ။

အဲဒီမှာရှိတဲ့ ပရိသတ်ကလည်း တစ်ဆယ့်နှစ်ယူဇနာကျယ်တဲ့ ပရိသတ်ကြီး ကျပ်ကျပ်ကို တိုးနေတာ။ ဒီတော့မှ အရှင်မောဂ္ဂလာန်ရဲ့ ဂုဏ်ကို ထင်ရှားသွားအောင် ဘုရားက မေးလိုက်တာက-

"ကောင်းပြီ၊ ဒီ တိတ္ထိတွေကို နှိမ်နင်းဖို့ တန်ခိုးပြတော့မယ့် ချစ်သား မောဂ္ဂလာန်၊ မင်း ဘယ်လိုပြမလဲ၊ ပြမယ့်နည်းလေးကို ငါဘုရားကို လျှောက်စမ်း"ဆိုတော့ -

တစ်ဆယ့်နှစ်ယူဇနာ နယ်နိမိတ်ရှိတဲ့ ပရိသတ် အကုန်လုံး ကြားတယ်။ အရှင်မောဂ္ဂလာန် လျှောက်တာ။

"ဟောဒီ မဟာပထဝီမြေကြီးလောက်ကြီးကျယ်တဲ့ ကမ္ဘာမြေလုံးကြီးတစ်ခုကို တပည့်တော် ဘယ်ဘက်လက်ဖဝါးပေါ်မှာ ဖန်ဆင်းထားမယ်။ ကမ္ဘာမြေကြီးပေါ်က ရှိတဲ့လူတွေ သတ္တဝါတွေ အကုန်လုံးကို

အဲဒီ ဘယ်ဘက်လက်ဖဝါးပေါ်မှာရှိတဲ့ ကမ္ဘာလုံးကြီးပေါ် တင်လိုက်မယ်။ ပြီးတော့မှ ဟောဒီ လက်ရှိ ကမ္ဘာမြေကြီးကို တစ်လွှာစီ၊ တစ်လွှာစီ လွှာလွှာပြီးတော့ အထဲက ထွက်လာတဲ့ မြေဆီ မြေလွှာ မြေဩဇာတွေကို အဲဒီလူတွေကို ကျွေးပြလိုက်မယ်ဘုရား" တဲ့။

အရှင်မောဂ္ဂလာန်လျှောက်တာ။ နောက်ထပ်လျှောက်ထားတဲ့ တန်ခိုး ပြာဋိဟာပြမယ့် နည်းတွေကလည်း အများကြီးပဲ။

"ချစ်သား မောဂ္ဂလာန်၊ တကယ်လုပ်ပြနိုင်သလား"

"မှန်ပါ၊ တကယ်လုပ်ပြနိုင်ပါတယ် ဘုရား။ ကြောက်စရာ မလိုပါဘူး။ ဟောဒီ ဆယ့်နှစ်ယူဇနာ ပရိသတ်ကြီးကို လက်ဖဝါးပေါ်မှာ ကမ္ဘာလုံးကြီး ဖန်ဆင်းပြီး တင်ပြထားမယ်ဘုရား"လို့ အရှင်မောဂ္ဂလာန် ရှင်းပြတော့ -

ပရိသတ်က "ဟာ- ဒီလိုပြောနေတာ ဘယ်သူလဲဟေ့"လို့ အကုန်လုံး ခေါင်းတွေ ထောင်ကြည့်ကြတော့ ဟ ဟ အလို- အရှင် မောဂ္ဂလာန် ပါတကား၊ ဒီလောက် ကြီးကျယ်တဲ့ တန်ခိုးရှိတာ တို့ အခုမှ သိရတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်က သူလျှောက်တာ လက်ခံတယ်ဟ၊ တကယ်တန်ခိုးကြီးတဲ့ ကိုယ်တော်ပဲဟေ့" ဆိုပြီးတော့ အရှင်မောဂ္ဂလာန်ရဲ့ တန်ခိုးကြီးပုံဟာ တာဝတိံသာကိုအတက် အဲဒီ သရက်ဖြူပြင်ကုန်းမှာ ထင်ရှားခဲ့ပြီးပြီတဲ့။

အဲဒီနောက်တော့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ အမျိုးမျိုးကို ဘုရားရှင်ကိုယ်တော်မြတ်က ပြတော်မူပြီး တာဝတိံသာကို တက်သွားတယ်။ အရှင်မောဂ္ဂလာန်နဲ့ ဒီပရိသတ်ကြီးက အဲဒီ သရက်ပင်ရင်းမှာစောင့်ပြီးတော့ ကျန်ရစ်ခဲ့တယ်။

မြတ်စွာဘုရားရဲ့ တန်ခိုးပြတာကို ကြည်ညိုလွန်းလို့ ဆိုပြီးတော့ ယောကျ်ား (၅၀၀)က အရှင်သာရိပုတ္တရာထံမှာ ရဟန်းဝတ်ကြတာ။ ဟောဒီ သရက်ဖြူပြင်ရင်းမှာ ဘုရားတန်ခိုးပြတဲ့ပွဲ၊ ယမိုက်ပြာဋိဟာပြတဲ့ပွဲမှာ လူ ပေါင်း (၅၀၀) ရဟန်းဝတ်ကြတာ ဘယ်သူ့ထံလဲ။

အရှင်သာရိပုတ္တရာထံ ရဟန်းဝတ်တယ်။

မြတ်စွာဘုရား တာဝတိံသာတက်သွားတယ်။ ပင်လယ်ကသစ်ပင် ရင်း ပဏ္ဍုကမ္ဗလာမှာ တစ်ဝါဆို၊ သီတင်းသုံး၊ အဘိဓမ္မာ ခုနစ်ကျမ်းဟော၊

မြတ်စွာဘုရား တက်သွားတာတော့ ဟုတ်ပြီ၊ ဘယ်မှာ ပြန်ဆင်းမှာလဲ။ အဲဒါ အရှင်သာရိပုတ္တရာက လျှောက်လိုက်တော့ -

မြတ်စွာဘုရားက "သင်္ကဿမြို့ တံခါးဝမှာ ငါဆင်းမယ်"တဲ့။

ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ရှေးက ဘုရားသုံးဆူလည်း ဒီနေရာမှာပဲ ဆင်းခဲ့ဖူးတယ်။ အဲဒါကြောင့် "ရှေးရှေးဘုရားတွေ ဆင်းခဲ့တဲ့ နေရာမှာ ငါဘုရား ထပ်ဆင်းမယ်" ဆိုတော့ -

အဲဒီနေရာ ဘုရားလေးဆူတို့ တာဝတိံသာက ဆင်းတိုင်းဆင်းတိုင်း ပထမဆုံး ယာဘက်ခြေတော်နဲ့ နင်းတဲ့နေရာ အလွန်ထူးမြတ်တဲ့နေရာ၊ အဝိဇဟိတဌာနကြီးတစ်ခုပဲ။ ဒါကြောင့် အသောကမင်းကြီးက အဲဒီနေရာမှာ ဆင်ရုပ်ကြီး အထွဋ်တပ်တဲ့ ကျောက်တိုင်ကြီးကို စိုက်ထားတာ။

အခု ကျောက်တိုင်ကြီး မရှိတော့ပေမယ့် အပေါ်ပိုင်း ဆင်ရုပ်ကြီး ကတော့ ဒီကနေ့အထိ သံဝင်းခြံကြီး ခတ်ပြီးတော့ ထိန်းသိမ်းထားတာ ခုထိရှိတယ်။ အသောကကျောက်တိုင် တစ်ပိုင်းပေါ့။ အပေါ်ပိုင်း အကျိုး ပေါ့။ ဆင်ရုပ်နဲ့။

ဒီနေရာ ဆင်းမယ်ဆိုတာ သိတော့ အရှင်သာရိပုတ္တရာက သင်္ကဿ မြို့တံခါးဝသွားပြီးတော့ အဲဒီမှာ နေရာထိုင်ခင်းတွေ ပြင်ဖို့ဆင်ဖို့ သင်္ကဿ မြို့သူမြို့သားတွေကို ပြောကြားပြီးတော့ အကုန်လုံး ခင်းကျင်း ရှင်းလင်း သုတ်သင်လို့ထား။ အရှင်သာရိပုတ္တရာက သင်္ကဿနဂိုရ်မှာ ဝါဆိုတယ်။ အဲဒီ (၇)ဝါ မြောက်တုန်းက -

ဘုရားကိုယ်တော်မြတ်က တာဝတိံသာမှာ။
အရှင်မောဂ္ဂလာန်က သရက်ဖြူပြင်နားမှာ။
အရှင်သာရိပုတ္တရာက သင်္ကဿနဂိုရ်မှာ။

## ဝါတွင်းဆင်နွဲ တရားပွဲ

သူ့နောက်က ရဟန်းဘယ်နှပါး ပါသွားလဲဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တန်ခိုးပြာဋိဟာပြတဲ့ပွဲမှာ ကြည်ညိုလွန်းလို့ ဆိုပြီးတော့ အရှင်သာရိပုတ္တရာထံမှာ ရဟန်းဝတ်လိုက်ကြတဲ့ ရဟန်းအသစ်စက်စက် (၅၀၀)။ အဲဒါ ရှင်သာရိပုတ္တရာနဲ့အတူ ဟို သင်္ကဿနဂိုရ်မြို့တံခါးဝကို ပါသွားတယ်။

ဘုရားက တစ်ဝါတွင်းလုံး တာဝတိံသာမှာ အဘိဓမ္မာခုနစ်ကျမ်း ဟော၊ ဆွမ်းစားချိန်တိုင်း ဆွမ်းစားချိန်တိုင်း ပြန်ပြန်ဆင်းလာပြီးတော့ မြတ်စွာဘုရားက မြောက်ကျွန်းမှာ ဆွမ်းသွားခံ။ ဟိမဝန္တာ အနောတတ္တ ရေအိုင်မှာ ရေသုံးသပ်၊ စန္ဒကူးတောမှာ အနားယူ အပန်းဖြေပြီးတော့ တာဝတိံသာမှာ တစ်နေ့လုံးဟောခဲ့တဲ့ အဘိဓမ္မာတွေကို အရှင်သာရိပုတ္တအား အကျဉ်းချုပ်ကလေး ပြန်ဟောတယ်။ (၁၀)မိနစ် (၁၅)မိနစ်လောက် ပြန်ဟောမှာပေါ့။

အဲဒီ အကျဉ်းချုပ်ကလေး မှတ်သားပြီးတော့မှ အရှင်သာရိပုတ္တရာ ကပြန်လာပြီး သူ့တပည့် ရဟန်းအသစ်စက်စက် (၅၀၀)ကို ပြန်ဟောတာ။ အဲဒီလို အဆင့်ဆင့် ဟောရင်း ဟောရင်းနဲ့ ဆောင်ရွက်တော်မူကြတာဟာ တစ်ဝါတွင်းကြာတယ်။

(၇)ဝါပြည့်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ ဘုရား တာဝတိံသာ ကနေ လူ့ပြည်ကို ပြန်ဆင်းလာတယ်။ တာဝတိံသာကဆင်းတဲ့ သင်္ကဿမြို့ တောင်ဘက်တံခါးနားမှာ စောင်းတန်းသုံးခု စိုက်ပြီးတော့ ကျလာစေဖို့ သိကြားမင်း ဖန်ဆင်းပေးတယ်။ အဲဒီနေရာမှာ အရှင်သာရိပုတ္တရာနဲ့ သူ့တပည့် ရဟန်း (၅၀၀)တို့က လှေကားဦးက စောင့်နေကြပြီတဲ့။

အဲဒီတော့ ဘုရားက ဟို တာဝတိံသာမှာ နတ်တွေကို ဟောခဲ့တဲ့ တရားဒေသနာကို အကျဉ်းချုံးလို့ (ဘယ်သူ့ပြန်ဟော)။ စန္ဒကူးတောထဲမှာ အရှင်သာရိပုတ္တရာကို ပြောဟောတာ။ အရှင်သာရိပုတ္တရာမထေရ်ကြီးက အဲဒီတရားကို မကျဉ်းမကျယ် ပြန်လုပ်ပြီးတော့ သူ့တပည့် (၅၀၀)ကို ပြန်ဟောတော့ တစ်ဝါတွင်းထဲမှာ အဘိဓမ္မာတရားပွဲက သုံးကြိမ်ဖြစ်နေ တယ်။

နတ်ပြည်မှာ နတ်တွေကို ဘုရားဟောတာက တစ်ကြိမ်။

စန္ဒကူးတောမှာ အရှင်သာရိပုတ္တရာအား ဘုရားပြန်ဟောတာက တစ်ကြိမ်။

အရှင်သာရိပုတ္တရာက သင်္ကဿမြို့တံခါးဝမှာ သူ့တပည့် ရဟန်း (၅၀၀)တို့အား ပြန်ဟောတာက တစ်ကြိမ်ဆိုပြီးတော့ (ပရိသတ်ရေ) တစ်ဝါတွင်းထဲမှာပဲ အဘိဓမ္မာတရားပွဲကြီး (၃)ကြိမ် ဟောကြ၊ နာကြ တယ်လို့ ဒီလို မှတ်ခဲ့ပါ။

ဝါလည်းကျွတ်ရော ရှင်သာရိပုတ္တရာရဲ့ တပည့် ရဟန်း (၅၀၀) ဟာ ရဟန္တာမဖြစ်သေးဘဲနဲ့ (ဘာဖြစ်ကုန်ပြီလဲ)။

"အဘိဓမ္မဆောင်ပုဂ္ဂိုလ်တွေ ဖြစ်သွားကြတယ်"

## ရဟန်း ၅၀၀ နဲ့ အဘိဓမ္မာ

အဘိဓမ္မကျမ်းဆောင် ပုဂ္ဂိုလ်တွေက ရဟန္တာမဖြစ်ခင်ကတည်းက အဘိဓမ္မာခုနစ်ကျမ်း ဆောင်ကြတယ်။

မြတ်စွာဘုရား တာဝတိံသာကပြန်ဆင်းလို့ စောင်းတန်းဦး မြေကြီးပေါ်မှာ ညာခြေနင်းလိုက်တော့ ရှေးက ဘုရားသုံးဆူနင်းထားတဲ့ ခြေရာပေါ် ဘုန်းကြီးတို့ ဂေါတမဘုရား ခြေရာက တစ်ထပ်တည်း လာကျတယ်။ အဲဒီပွဲမှာ လူထုပရိသတ်ရော၊ နတ်ဗြဟ္မာတွေရော အားလုံး ကုဋေသုံးဆယ်၊ နည်းတဲ့ ပရိသတ်ကြီးမဟုတ်ဘူး။

"သြော်- အရှင်သာရိပုတ္တရာ ကျေးဇူးကြီးလိုက်တာ။ နတ်ပြည်မှာ ဟောတဲ့ အဘိဓမ္မာကို လူ့ပြည်မှာ ပြန်လည်ပို့ချတာ တစ်ဝါတွင်းနဲ့ ပြီးဆုံးသွားတယ်။

အဘိဓမ္မာဆောင်တဲ့ အဘိဓမ္မိကပုဂ္ဂိုလ် ဘယ်နှယောက် ရလိုက်သလဲ။ အပါး (၅၀၀) ရလိုက်တယ်။ အရှင်သာရိပုတ္တရာ ကျေးဇူးကြီးတယ်။ အလွန်ဆောင်ဖို့၊ ကျက်ဖို့၊ မှတ်ဖို့၊ သင်ဖို့ခက်တဲ့ အဘိဓမ္မာကို သာရိပုတ္တရာက သူ့တပည့် (၅၀၀)ကို ပို့ချ၊ သာရိပုတ္တရာ ကျေးဇူးကြီးတယ်။ ဒီလောက် ဉာဏ်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ရဲ့ ဉာဏ်ကြီးကျယ်ပုံကို ဒီ ပရိသတ်ထဲမှာ ထင်ရှားအောင် ငါ ပြဦးမယ်"

ပရိသတ်ရေ- ဘုရားက သာရိပုတ္တရာကို ဘာလုပ်ချင်တာလဲ။

"ချီးမြှောက်ချင်တာပါဘုရား"

ဟို- တန်ခိုးပြတဲ့ပွဲတုန်းက ဘယ်သူ ထင်ရှားသွားပြီလဲ။

"အရှင်မောဂ္ဂလာန် ထင်ရှားသွားပါပြီ ဘုရား"

အခု ပညာပွဲမှာ ဘယ်သူ ထင်ရှားရမှာလဲ။

"အရှင်သာရိပုတ္တရာ ထင်ရှားရမှာပါ ဘုရား"

အဲဒါကြောင့် အရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူးကို ထင်ရှားစွာ ဖော်ထုတ်ဖို့နဲ့ အရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောကြားဖို့ဆိုပြီး

တော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာမထေရ်ကြီးကို (ဘာလုပ်တာလဲ)။ လူထုပရိသတ်ထဲမှာ မေးခွန်းမေးတာ။

စ,စချင်း မေးခွန်းက (ဘာလဲ)။

**ပုထုဇ္ဇန ဝိသယ ပဉှာ၊**

တစ်ဆင့်တက်တော့ သောတာပန်၊ နောက်တစ်ဆင့်တက်တော့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ။ နောက်တစ်ဆင့်တက်တော့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ။

အမြင့်ဆုံးမေးခွန်း မြင့်တင်လိုက်တော့ (ဘာလဲ)။

**ဗုဒ္ဓဝိသယပဉှာ** တဲ့။

မေးခွန်းတွေ အဆင့်ဆင့်မေးသွားတာ၊ မေးခွန်းတွေက မြင့်မြင့်မြင့်မြင့်လာလေ ဖြေတဲ့ပုဂ္ဂိုလ် (ဘာဖြစ်လဲ)။ နည်းနည်းသွားလေလေပဲ။

နောက်ဆုံး ဗုဒ္ဓဝိသယပဉှာလည်းကျရော ဖြေနိုင်တဲ့ပုဂ္ဂိုလ်ဟာ (ဘယ်သူလဲ)။ အရှင်သာရိပုတ္တရာ တစ်ပါးတည်းပဲ ကျန်တော့တယ်တဲ့။ ကျန်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်သူမှ မဖြေနိုင်ကြတော့ဘူး။

အဲဒီတော့မှ -

## အတိတ်အကြောင်း ဇာတ်တော်ဟောင်း

"ဟာ- ဒီမေးခွန်းက ဘုရားပဲဖြေနိုင်တဲ့ မေးခွန်း၊ ဘယ်သူဖြေသွားတာလဲဟေ့" ဆိုပြီးတော့ ပရိသတ်ကြီးက ရှန်းရှန်း ရှန်းရှန်းနဲ့ မော့ကြည့်တော့ အရှင်သာရိပုတ္တရာရဲ့ ပညာကြီးကျယ်ပုံတွေဟာ သင်္ကဿနဂိုရ်ရဲ့ စောင်းတန်းဦးမှာ (ဘာဖြစ်လဲ)။ သိပ်ထင်ရှားသွားတယ်။ အဲဒီမှာ သံဃာတော်တွေက အုတ်အုတ်ကျက်ကျက်နဲ့ အရှင်သာရိပုတ္တရာမထေရ်ကြီးကို ချီးမွမ်းကြတာ။

**အာယသ္မာ သာရိပုတ္တော ပဏ္ဍိတော မဟာပညော။**

**အာယသ္မာ သာရိပုတ္တော၊** အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည်။ **ပဏ္ဍိတော၊** ပညာရှိ စင်စစ်ဖြစ်တော်မူစွတကား။ **မဟာပညော၊** ကြီးကျယ်တဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတော်မူစွတကားရယ်လို့၊ **ဘိက္ခူ၊** ကြွရောက်လာတဲ့ ရဟန်းတော်တွေက။ **အဘိတ္ထဝိံသု၊** ချီးမွမ်းတော်မူကြတယ်။

**သာရိပုတ္တော ပဏ္ဍိတော မဟာပညော။**

"အရှင်သာရိပုတ္တရာဟာ အလွန် ဉာဏ်ပညာကြီးကျယ်တဲ့ ပုဂ္ဂိုလ်ပဲ" အဲဒီလို ချီးမွမ်းစကားတွေကို ပရိသတ်ကြီးက တစ်ခါတည်း အုတ်အုတ် ကျက်ကျက် ပြောတဲ့အခါမှာ ဘုရားက -

**ဘိက္ခဝေ**၊ ရဟန်းတို့။ **သာရိပုတ္တော**၊ အရှင်သာရိပုတ္တရာမထေရ် သူမြတ်သည်။ **ပဏ္ဍိတော**၊ ပညာရှိတယ်ဆိုတာဟာ။ **မဟာပညော**၊ ကြီးကျယ်တဲ့ ပညာဉာဏ် ရှိတယ်ဆိုတာဟာ။ **န ဣဒါနေဝ**၊ ယခုမှ မဟုတ်သေးဘူး။

**ပုဗ္ဗေပိ**၊ အတိတ်ဝေးစွာ ရှေးအခါတုန်းကလည်း။ **ပဏ္ဍိတော မဟာပညော**၊ အလွန်ဉာဏ်ရှိတဲ့ ပညာကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ခဲ့ဖူးတယ်ရယ်လို့။ **ဝတွာ**၊ မိန့်ကြားတော်မူပြီးတော့မှ။

**အတီတံ အာဟရိတွာ**၊ အတိတ်ကို ဆောင်ပြပြီးတော့မှ။ **တသ္မိံ**၊ ထို သက်သမြို့တံခါးဝက စောင်းတန်းသုံးသွယ်ရဲ့ အဦးနားမှာပဲ။ **ပရောသဟဿ ဇာတကံ**၊ ပရောသဟဿဇာတ် အတ္ထုပ္ပတ္တိ ဒေသနာတော်ကို။ **ဒေသေသိ**၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## သုတ္တန်တစ်ပုဒ် ဇာတ်နှစ်ပုဒ်

သက်သမြို့နား တောင်ဘက်တံခါးက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်ရဲ့ ဦးနားမှာ အရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူး ပညာဉာဏ် ကြီးကျယ်ပုံကို ဖော်ပြဖို့ ဆိုပြီးတော့ (ပရိသတ်ရေ) ဇာတ်တော်တဲ့၊ ပြန်ဟောတာ။

ဘာဇာတ်လဲဆိုရင် ပရောသဟဿ ဇာတ်တော်။

ပရိသတ်ရေ ဘာဇာတ်တော်လဲ။

"ပရောသဟဿဇာတ်တော်ပါ ဘုရား"

နောက် သရဘမိဂဇာတ်ဆိုတဲ့ ဇာတ်တော်ကိုလည်းပဲ အဲဒီနေရာမှာပဲ ဟောခဲ့ပါသေးတယ်။ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို လျှောက်ထားလို့ မြတ်စွာဘုရားက အဲဒီနေရာမှာ သုတ္တန်ကြီးတစ်ခု ဟောသွားသေးတယ်။ အဲဒီ သုတ္တန်ကြီးကိုတော့ သာရိပုတ္တသုတ္တန်တဲ့။

မြို့တံခါးဝက စောင်းတန်းဦးမှာ ဟောတဲ့တရားတွေနော်။ ဒါကြောင့် သင်္ကဿမြို့ကလည်း သိပ်ထူးတဲ့နေရာ။ ဒီနေရာကို ဦးတိုက်ရရင် အပါယ်မကျဘူးပေါ့။ အဝိဇဟိတ လေးဌာနမှာ တော်တော်ထူးတဲ့နေရာပဲ။

သူ့တပည့် ရဟန်း (၅၀၀)က အဘိဓမ္မာခုနစ်ကျမ်းတော့ ဆောင်ပြီးပြီ။ ဒါပေမဲ့ ပုထုဇဉ်ပဲ ရှိသေးတာဆိုတော့ အရှင်သာရိပုတ္တရာက ဘုရားကို လျှောက်တယ်။

"တပည့်တော်ရဲ့ တပည့် ရဟန်း (၅၀၀) ပုထုဇဉ်ဘဝမှာပဲ ရှိသေးတယ် ဘုရား၊ သေသေချာချာ ဆုံးမထားပါတယ်။ သုသိက္ခိတ သုဝိနယတပည့်ကောင်းတွေပဲ။ အဘိဓမ္မာ ခုနစ်ကျမ်းကိုလည်း တပည့်တော် သင်ပြ ပေးထားလို့ သူတို့အားလုံး နှုတ်ငုံဆောင်နိုင်နေကြပါပြီ။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်ကို ကြွတဲ့နေ့တုန်းက (ဘာလုပ်ကြတာလဲ)။ ရဟန်းတက်ကြတာ။ အဲဒီ ရဟန်းတက်ကြတဲ့ ရဟန်းသစ် (၅၀၀) ကို အရှင်သာရိပုတ္တရာက တစ်ဝါတွင်းလုံး စာချထားတာ။ ကိုယ်တော်တွေ (ဘာဆောင်သွားပြီလဲ)။

အဘိဓမ္မာခုနစ်ကျမ်း တက်ပြီးကုန်ပြီ။ တပည့်ကြီးပီပီ၊ တပည့်ရင်းပီပီ တပည့်ကောင်းတွေ ဆက်မွေးထားတာ (ဘယ်လောက်ရ)။ (၅၀၀)နော်။

အဘိဓမ္မိက ပုဂ္ဂိုလ်တွေ။ ဒါပေမဲ့ -

"ရဟန္တာ မဖြစ်သေးလို့ ရဟန္တာကျင့်စဉ် ဟောပေးပါဦး" ဆိုတော့ တပည့် (၅၀၀)အတွက် ရဟန္တာကျင့်စဉ် ဘုရားဟောတာ ဂါထာပုဒ်ပေါင်း (၁၃)ပုဒ်တို့နဲ့ တန်ဆာဆင်ထားတဲ့ သာရိပုတ္တသုတ္တန်ကို အဲဒီမှာ ဟောတာ။ သာရိပုတ္တသုတ္တန်ကြီးကို ဟောပြလို့ အဆုံးမှာ တပည့် (၅၀၀) (ဘာဖြစ်လဲ)။ အားလုံး ရဟန္တာဖြစ်ကြတယ်။ အဲဒါကိုလည်း ပရိသတ်က သိပ်ချီးကျူးတာ။

"အရှင်သာရိပုတ္တရာ တပည့်မွေး သိပ်ကောင်းတာပဲ၊ တပည့်တွေ ရဟန္တာဖြစ်အောင်လည်း ဆုံးမတယ်၊ တပည့်တွေ အဘိဓမ္မာခုနစ်ကျမ်း ဆောင်နိုင်အောင်လည်း ပို့ချတယ်။ အလွန်ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ပဲ" ဆိုပြီးတော့ သိပ်ချီးကျူးကြတာ။

အဲဒီ ချီးကျူးခန်းကို ပိုပြီးတော့ ခိုင်မာသွားအောင်ဆိုပြီး ဘုရားက "ခုလို ရဟန္တာဖြစ်တဲ့ဘဝမှာမှ ဉာဏ်ကြီးကျယ်တာ မဟုတ်သေးဘူး၊

ဟိုရှေးတုန်းက ပါရမီတွေ ဖြည့်ကျင့်နေတဲ့ အတိတ်ဘဝတုန်းကလည်း ဒီလိုပဲ ကြီးကျယ်ခဲ့ဖူးတယ်'' ဆိုပြီးတော့ ဂုဏ်ဖော်ပြဖို့ ပရောသဟဿ ဇာတ်၊ သရဘမိဂဇာတ် ဆိုတာကို အဲဒီမှာ ဟောတာ။

## ဇာတ်တော် စုံမယ် သိမ်းကြမယ်

သရဘမိဂဇာတ်နဲ့ သာရိပုတ္တရာသုတ္တန်တို့ကို ထားလိုက်တော့။ ပရော သဟဿ ဇာတ်ကလေးကို ပြောပြီးတော့ ဘုန်းကြီးတို့ ဒီနေ့ည တရားသိမ်းကြရအောင်။

ပရိသတ်ရေ ဘာဇာတ်တော်လဲ။

''ပရောသဟဿဇာတ်တော်ပါ ဘုရား''

ပရော ဆိုတာ အလွန်ပဲ၊ သဟဿက တစ်ထောင်။ ပရော သဟဿ ဆိုတော့ တစ်ထောင်ကျော်ဆိုတဲ့ ဒီဇာတ်တော်ကြီး အတိတ် အကြောင်းကို မြတ်စွာဘုရား ပြန်ပြောပြတယ်။

ရဟန်းတို့ -

အတိတ်ဝေးစွာ ရှေးကမ္ဘာတစ်ခုတုန်းက ငါဘုရားရှင် ကိုယ်တော် မြတ် အလောင်းတော်ဟာ တပည့်ပရိသတ် (၅၀၀)တို့နဲ့အတူ ဟိမဝန္တာမှာ တရားနှလုံး ကျင့်သုံးပြီးတော့ နေခဲ့ဖူးပြီ။

**ဘိက္ခဝေ**၊ ရဟန်းတော်များ အို-ချစ်သားတို့။ **အတီတေ**၊ အတိတ် ဝေးစွာ ရှေးအခါတုန်းက။ **ဗောဓိသတ္တော**၊ ငါဘုရားအလောင်းတော်သည်။ **ဟိမဝတိယာ**၊ ဟိမဝန္တာတောထဲမှာ။ **ပဉ္စမတ္တေဟိ ဣသိသတေဟိ**၊ ရသေ့ ပေါင်း (၅၀၀)တို့နှင့်။ **သဒ္ဓိံ**၊ အတူတကွ။ **ဣသိ ပဗ္ဗဇ္ဇံ**၊ ရသေ့ရဟန်း ပြုလျက်။ **ကမ္မဋ္ဌာနံ**၊ ကမ္မဋ္ဌာန်းအလုပ်ကို။ **ယုဉ္ဇန္တော**၊ အားထုတ်လျက်။ **ဝိဟာသိ**၊ ဟိမဝန္တာမှာ ကောင်းစွာမသွေ နေထိုင်ခဲ့ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဈာန်တွေရပြီး ရသေ့ကြီး

ရသေ့ (၅၀၀) ခြံရံလို့ ဘုရားအလောင်း ရသေ့ကြီး ဟိမဝန္တာမှာ နေခဲ့ဖူးတယ်။ တစ်ခုသောကာလ ရာသီဥတုက ပြင်းထန်လွန်းလို့ ဆိုပြီးတော့ ဘုရားအလောင်း ခေါင်းဆောင်ရသေ့ကြီးမှာ (ပရိသတ်ရေ) ပြင်းထန်စွာ

ရောဂါဝေဒနာနှိပ်စက်လို့ ညောင်စောင်းမှာ လဲလျောင်းပြီးတော့ နေနေရရှာတယ်။ ဒါပေမဲ့ အဲဒီ ဘုရားအလောင်း ရသေ့ကြီး ရောဂါစွဲပြီးတော့နေပေမယ့် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူထားတာဟာ -

လောကီအဘိညာဉ် (၅)ပါးကို ရထားပြီးပြီတဲ့။

ပရိသတ်ရေ ဘာရထားပြီးပြီလဲ။

"အဘိညာဉ် (၅)ပါးကို ရထားပြီးပါပြီ ဘုရား"

(၁) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊

(၂) ဒိဗ္ဗစက္ခု အဘိညာဉ်၊

(၃) ဒိဗ္ဗသောတ အဘိညာဉ်၊

(၄) ဣဒ္ဓိဝိဓ အဘိညာဉ်၊

(၅) ပရစိတ္တဝိဇာနန အဘိညာဉ်ဆိုတဲ့ လောကီအဘိညာဉ် ငါးပါး၊ ရူပါဝစရဈာန် လေးပါး၊ အရူပါဝစရဈာန် လေးပါးဆိုတဲ့ သမာပတ်ရှစ်ပါးကို ရတော်မူထားတယ်နော်။ လောကီ အဘိညာဉ် ငါးပါးလုံးလည်း ရတယ်။ သမာပတ် ရှစ်ပါးဆိုတဲ့ ဈာန်ရှစ်မျိုးလည်း ဘုရားအလောင်း ရသေ့ကြီး ရထားတယ်။

အခြံအရံ တပည့်တွေက (ဘယ်လောက်တဲ့လဲ)။ (၅၀၀)ရှိတယ်။ အဲဒီ တပည့် (၅၀၀)ကို အုပ်ချုပ်ဖို့ လက်ထောက် တပည့်ကြီးတစ်ယောက် မွေးထားပါတယ်တဲ့။ ဆရာရသေ့ အပြင်းအထန် ရောဂါဖြစ်တယ်ဆိုတော့ လက်ထောက် တပည့်ကြီးက မိုးကုန်တဲ့အချိန် တပည့်ရသေ့ (၂၅၀)ကို ခေါ်ပြီးတော့ ဟိမဝန္တာကနေထွက်၊ မြို့ရွာကို ချဉ်းကပ်ပြီးတော့ ဆရာရသေ့ကြီးအတွက် စာထဲကအတိုင်း ပြောရရင် -

လောဏမ္ဗိလ သေဝနတ္ထာယ လောဏမ္ဗိလ ပရိယေသနတ္ထာယ။

ချဉ်သီးနဲ့ ဆားကို ရှာတယ်။

တကယ်တော့ ဆေးသွားရှာကြတာ။

အဲဒီတော့ အချဉ်လေးရှာ၊ ဆားလေးရှာပေါ့လေ။ သံပုရာသီးလေး၊ ဆားလေးတို့ ရှာတာပေါ့လေ။ တောထဲတောင်ထဲမှာ ဒါမျိုး သုံးရတယ်ဆိုရင်ပဲ ကျန်းမာရေး တစ်မျိုးကောင်းတာပဲပေါ့။ အဲဒါ ထွက်ရှာဖို့ဆိုပြီးတော့ လက်ထောက်တပည့်ကြီးနဲ့ တပည့်ရသေ့ပေါင်း (၂၅၀)တို့ မြို့ရွာကို ဆင်းတယ်။

တောထဲမှာ တပည့်ရသေ့ပေါင်း (ဘယ်လောက်ကျန်ခဲ့လဲ)။ နှစ်ရာငါးဆယ် ကျန်ခဲ့တယ်။

ဆရာကြီးက ညောင်စောင်းမှာ လဲလျောင်းလို့နေနေတုန်း လက်ထောက်တပည့်ကြီးက ဟိုမြို့ရွာကို သွားပြီးတော့ ချဉ်သီး၊ ဆားဆေးဝါးကိုရှာပြီးလို့ ပြန်မလာသေးမီမှာ ဆရာရသေ့ကြီးဟာ အဲဒီ ညောင်စောင်းပေါ်မှာပဲ ကွယ်လွန်သွားရှာတယ်။

## တရားထူးလျှင် လက်တို့ပြောပါ

ကွယ်လွန်ကာနီး ရောဂါဝေဒနာ အပြင်းအထန်နှိပ်စက်လို့ နေနေတုန်းမှာ တပည့်တွေက "ဟာ- ဆရာကြီးကိုတော့ မေးဦးမှပဲ" ဆိုပြီးတော့ မေးကြတာ။

**အာစရိယ**၊ ဆရာ။ **တယာ အဓိဂတော**၊ သင်ရရှိထားတဲ့။ **ဓမ္မဝိသေသော**၊ တရားအထူးဟာ။ **အတ္ထိ နုခေါ**၊ ရှိများ ရှိလေသလား။

ဆရာ ရထားတဲ့ ဓမ္မဝိသေသ တရားအထူး တစ်စုံတစ်ခု ရှိများရှိသလား မေးကြတာ။ အဲဒီတော့ ဆရာကြီးက ဘာပြောလဲဆိုတော့ -

**နတ္ထိ ကိဉ္စိ** တဲ့။

ဒါပဲပြောတယ်။ **ကောစိ အတ္ထိ ဓမ္မဝိသေသော**၊ ဓမ္မအထူးရတာရှိသလားဆိုတော့ ဆရာရသေ့ကြီး (ဘာပြောလဲ)။

**နတ္ထိ ကိဉ္စိ**။

ဟောဒီ ဆရာလေးတွေ အကုန်လုံး ဒီပါဠိကို ဘာသာပြန်ရင် **ကိဉ္စိ**၊ တစ်စုံတစ်ခုမျှ။ **နတ္ထိ**၊ မရှိဘူးလို့ ဘာသာပြန်မှာပဲ။ ရိုးရိုးလေးဘာသာပြန်၊ ဒီအတိုင်းပဲ ပြန်ရမှာပဲ။ အဲဒီတော့ ရသေ့ (၂၅၀)တို့ဟာ-

"ဟာ- တို့ဆရာ ဘာတရားထူးမှ မရဘူးပေါ့" ဒီလို ထင်ကြတာ။ အဲဒါနဲ့ "တရားထူးမှ မရဘဲကွာ" ဆိုပြီးတော့ အဲဒီ ကွယ်လွန်ပြီးတဲ့ ဆရာရသေ့ရဲ့ ရုပ်အလောင်းကို ညောင်စောင်းနဲ့ ထမ်းထုတ်ပြီးတော့ သုသာန်မှာသွားပြီး ဒီအတိုင်း ပစ်ထားကြတာ။ ဘာမှ ပူပူဇော်ဇော် ပပသသ မလုပ်ကြဘူးတဲ့။ ဒီအတိုင်းပဲ ပစ်ထားလိုက်ကြတယ်။

ဟော- ချဉ်သီး၊ ဆားနဲ့ ဆေးဝါးရှာပြီးတော့ လက်ထောက်တပည့်ကြီးနဲ့ တပည့် ရသေ့ပေါင်း (၂၅၀)တို့ ပြန်ရောက်လာတော့ -

"ဘယ်မလဲဟေ့ ဆရာကြီး"

"မရှိဘူး၊ ကွယ်လွန်သွားပြီ၊ လွန်သွားပြီ"

"ဟာ- အဲဒါဆို ကွယ်လွန်ခါနီး ဆရာ့ကို သင်တို့ တစ်စုံတစ်ခု မေးလိုက်ကြသေးလား"

"မေးပါတယ်"

"ဘာပြောသွားတုန်း"

"နတ္ထိ ကိဉ္စိ"လို့ ပြောသွားပါတယ်။

"ဒါဆို ဘယ်မှာလဲ ဆရာ့ရုပ်ကလာပ်" ဆိုတော့ -

"ဟို ခြုံတွေ၊ တောတွေထဲမှာ ပစ်ထားလိုက်တယ်" ဆိုတော့မှ တပည့်ကြီးက သွားကြည့်တယ်။ တော်တော်မိုက်တဲ့ သူတွေပဲ။ ဆရာ ပြောဆိုသွားတဲ့ စကားကို ဆရာ့ခြေရင်း ဝပ်စင်းနေကြတာ နှစ်ပေါင်း များစွာ ဆရာနဲ့အတူ ကျင့်သုံးနေတာ (ဘယ်လောက်လဲ)။ နှစ်ပေါင်းများစွာ ဆရာပြောတာကို ဒီတပည့်တွေ (ဘာဖြစ်လဲ)။ တစ်ယောက်မှ နားမလည် ကြဘူး၊ မသိကြဘူး။

ပြောတာက (ဘာပြော)။

နတ္ထိ ကိဉ္စိတဲ့။ ပြောကြည့်စမ်း။

"နတ္ထိ ကိဉ္စိပါ ဘုရား"

အဲဒါကို ဘယ်သူမှ နားမလည်ဘူး။ တပည့်ပေါင်း ငါးရာရှိတယ် နော်။ အဲဒီ တပည့်ကြီးတစ်ယောက်ကလွဲရင် ကျန်တဲ့သူတွေ ဘယ်သူမှ နားမလည်ဘူး။

## နတ္ထိ ကိဉ္စိ ဆိုတာ ဒါ

နတ္ထိ ကိဉ္စိ။

ဈာန်တွေကို ကျင့်ကြံအားထုတ်ကြတဲ့အခါမှာ အရူပဈာန် လေးပါး ကို ပြန်ကြည့်။

ပထမဈာန်က အာကာသနဉ္စာယတနဈာန်။

ပြော ဘာဈာန်လဲ။

"အာကာသနဉ္စာယတနဈာန်ပါ ဘုရား"

အဘိဓမ္မတ္ထသင်္ဂြိုဟ် ပြန်ဖတ်၊ လွယ်လွယ်ကလေးရယ်။

အဲဒီဈာန်အတွက် စီးဖြန်းတာက "**အနန္တံ အာကာသံ၊ အနန္တံ အကာသံ**" အဓိပ္ပာယ် ဘာတဲ့လဲဆိုတော့-

**အာကာသံ**၊ ကောင်းကင်ကြီးသည်။ **အနန္တံ**၊ အဆုံးပိုင်းခြားမရှိဘူး။ အပိုင်းအခြားမရှိတဲ့ ကောင်းကင်ကြီး ကြည့်ပြီးတော့ "**အနန္တံ အာကာသံ အနန္တံ အာကာသံ**"လို့ စီးဖြန်းရင်း စီးဖြန်းရင်းနဲ့ သမာဓိတွေဖြစ်ပြီးတော့ အာကာသာနဉ္စာယတနဈာန်ကို ရတယ်။

အာကာသနဉ္စာယတနဈာန်ကနေ နောက်တစ်ဆင့်တက်ရင် ဘာဈာန်ကို တက်မလဲ။

ဝိညာဏဉ္စာယတနဈာန်။

ဝိညာဏဉ္စာယတနဈာန်ရဲ့ ပရိကံက "**အနန္တံ ဝိညာဏံ**"တဲ့။

ဘယ်လို စီးဖြန်းရမှာလဲ။

"အနန္တံ ဝိညာဏံလို့ စီးဖြန်းရမှာပါ ဘုရား"

အာကာသနဉ္စာယတန ဈာန်တုန်းက "အနန္တံ အာကာသံ" "ကောင်းကင်ကြီး အဆုံးမရှိ" ဒါ စီးဖြန်းရင်းနဲ့ ဈာန်ရတာ။ နောက်တစ်ဆင့် တက်မယ်။ **အနန္တံ ဝိညာဏံ**၊ ဝိညာဏ်သည် အဆုံး အပိုင်းခြားမရှိ။ ဘာ ဝိညာဏ်လဲဆိုတော့ -

အာကာသနဉ္စာယတနဈာန်စိတ်ရဲ့ အဆုံးအပိုင်းအခြား မရှိပုံကို စီးဖြန်းတော့ အနန္တံ ဝိညာဏံ၊ အာကာသနဉ္စာယတနဈာန်စိတ်ကို ဝိညာနဉ္စာယတနဈာန်စိတ်က ကြည့်တာ။ အချင်းချင်း အညမည နိဿယနဲ့ မှီနေတာ။ သူတို့က နောက် တတိယဈာန် တက်မယ်။

တတိယဈာန်က (ဘာဈာန်လဲ)။

အာကိဉ္စညာယတနဈာန်၊ အရူပဈာန် တတိယအဆင့်။

တတိယအဆင့် အာကိဉ္စညာယတနဈာန်ကို စီးဖြန်းမယ်ဆိုလို့ရှိရင် ဘာလုပ်ရမလဲဆိုတော့ ဒုတိယ အရူပဈာန်စိတ်ဖြစ်တဲ့ ဝိညာဏဉ္စာယတနဈာန်စိတ်ရဲ့ ပျက်သွားပြီးတဲ့နောက် မရှိတဲ့သဘော။

(ပရိသတ်ရေ) ဘာသဘောလဲ။

"မရှိတဲ့သဘောပါ ဘုရား"

ပါဠိလိုပြောရင် **နတ္ထိဘာဝ**တဲ့။ ဘာတဲ့လဲ။

"နတ္ထိဘာဝပါ ဘုရား"

အတ္ထိဘာဝ မဟုတ်ဘူး။ ဝိညာဏဉ္စာယတနစျာန်စိတ် ဥပ္ပါဒဆိုရင် အတ္ထိ ကိဉ္စိ၊ ဌီတိ ဆိုရင် အတ္ထိကိဉ္စိ၊ ဘင် ဆိုရင် နတ္ထိကိဉ္စိ ဝိညာဏဉ္စာယတန စျာန်စိတ် မရှိတော့ဘူး။ ဒီတော့ -

တတိယ အာကိဉ္စညာယတနစျာန်ကို စီးဖြန်းတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ ဒုတိယ အရူပစျာန်စိတ်၏ ပျက်သွားပြီးတဲ့နောက်ပိုင်း မရှိသော (ဘာတဲ့လဲ)။ နတ္ထိဘာဝကို ကြည့်တာ။ ဝိညာဏဉ္စာယတန စျာန်စိတ်သည် ''ဘင်''ဆိုပြီး ပျက်လည်း ပျက်သွားရော မရှိဘူး။ အဲဒီမှာ ဘာရှိသေးလဲ။ ဘာမှ မရှိတော့ဘူး။

အဲဒီလို ဘာမှမရှိတာလေးကို (ဘာခေါ်လဲ)။

နတ္ထိကိဉ္စိ တဲ့။ ဒါပြောတာနော်။

အဲဒီတော့ နားလည်ဖို့ရာ အလွန်ခက်တယ်။ ဆရာ့ခြေရင်း ဝပ်စင်းလို့ ပြုစုပြီးတော့ တစ်ခါတည်း မီးခိုလို့ လုပ်ကျွေးလို့ သင်ကြားလို့ နေနေကြတာ တပည့်ပေါင်း (၅၀၀)နော်။

လက်ထောက်တပည့်ကြီးတစ်ယောက်ကို ချန်ထား။ အဲဒီ (၅၀၀) စလုံးက အဲဒီ နတ္ထိ ကိဉ္စိရဲ့ အဓိပ္ပာယ်ကို ဘယ်သူမှ နားမလည်ကြဘူး။

ဆရာ့အဖြေက ဘယ်လိုတဲ့လဲ။

**ကိဉ္စိ**၊ ဝိညာဏဉ္စာယတန စျာန်စိတ်၏ တစ်စုံတစ်ခုသော အကြွင်းအကျန်ကလေးသည်။ **နတ္ထိ**၊ မရှိတော့ဘူး။

ဝိညာဏဉ္စာယတနစျာန်စိတ်ဟာ ဘာမှ အကြွင်းအကျန် မရှိတော့ဘူးဆိုတော့ နတ္ထိဘာဝကို သူ ရှုပြီးတော့ (ဘာရလဲ)။ အာကိဉ္စာညာယတနစျာန်ကို သူရတာ။

အဲဒီလို ဆရာရသေ့ကြီးက အာကိဉ္စညာယတန စျာန်ကို သူ ရကြောင်း ပြောသွားတာကို တပည့်တွေက ''တို့ဆရာ ဘာမှ မရဘူး''လို့ အဲဒီလို ထင်သွားကြတာ။ အဲဒါကြောင့် -

''အနန္တံ အာကာသံ''လို့ စီးဖြန်းရင် အာကာသာနဉ္စာယတနစျာန် ရမယ်။ ''အနန္တံ ဝိညာဏံ''လို့ စီးဖြန်းရင် ဝိညာနဉ္စာယတနစျာန်ကို ရတယ်။ ''နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ'' လို့ စီးဖြန်း စီးဖြန်းနေရင် ဘာရလဲ။ အာကိဉ္စညာယတနစျာန်ကို ရသွားတယ်။

အဲဒါကို သေခါနီးမှာ နတ္ထိ ကိဉ္စိလို့ ပြောသွားတာ။

"အာကိဉ္စညာယတနစျာန်ကို ငါရတယ်ဟေ့" လို့ မပြောဘဲနဲ့ ပဟေဠိလေး လုပ်သွားတာ။

အဲဒါကို ဘာမှနားမလည်ကြရှာတော့ "တို့ဆရာ ဘာမှမရဘူး၊ အချည်းအနှီး ဖြစ်သွားပြီ" ထင်ပြီးတော့ ရုပ်အလောင်းကို ဟိုသုသာန်မှာ ဒီအတိုင်း ပစ်ထားကြတာ။ အဲဒါကို လက်ထောက်တပည့်ကြီးက ချဉ်သီးနဲ့ ဆား၊ ဆေးဝါး ရှာလို့ ပြန်အလာမှာ -

"တပည့်တွေ- မင်းတို့ မှားကုန်ပြီ၊ တို့ဆရာ နတ္ထိ ကိဉ္စိလို့ ပြောတာဟာ အာကိဉ္စညာယတနစျာန်ကို ရတယ်လို့ ပြောသွားတာကွ"

သိတဲ့သူက တစ်ယောက်တည်းရယ်။ ကျန်တဲ့ တပည့် (၅၀၀)က ဘာမှ မသိဘူးဆိုတော့ အဲဒီ (၅၀၀)ယုံအောင် ဟို တစ်ယောက်တည်းက ဘယ်လိုမှ မတတ်နိုင်ဘူး။

"ဟာ- ဒါတော့ မဖြစ်နိုင်ဘူး။ ဆရာကြီးကိုယ်တိုင်က သေခါနီးမှာ နတ္ထိ ကိဉ္စိလို့ ပြောသွားခဲ့တာပဲ။ ဆရာကြီး အာကိဉ္စညာယတနစျာန်ကို ရတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"လို့ တပည့်အားလုံးက ဝိုင်းငြင်းကြတော့ -

"ကိုင်း- ငါလည်း မင်းတို့ယုံအောင် မတတ်နိုင်ဘူး၊ အကယ်၍ တို့ဆရာကြီး ရောက်ရာဘဝက ပြန်လာပြီး ပြောပြရင် ဘယ်လောက်ကောင်းလိုက်မလဲ" စိတ်ထဲက တောင့်တတာ။

## ဆုကြီးပန်ကွဲ့ မဖြစ်တဲ့ဘုံ

အဲဒီအချိန်မှ ဆရာရသေ့က ကောင်းကင် ဗြဟ္မာ့ဘုံကနေ ဆင်းလာတယ်တဲ့။ ဆရာရသေ့ကြီး ဘယ်ဗြဟ္မာ့ပြည်က လာသလဲဆိုရင် အာဘဿရာ ဗြဟ္မာ့ပြည်က လာတာ။ ဆရာရသေ့ အာဘဿရာ ဗြဟ္မာ့ဘုံကို ကြွသွားတာနော်။

အာကိဉ္စညာယတနစျာန်ကို ရထားပါလျက်နဲ့ ဘယ့်နှယ်ကြောင့် အာကိဉ္စညာယတန ဗြဟ္မာ့ပြည် အရူပဘုံကို မသွား၊ အာဘဿရာဗြဟ္မာ့ဘုံကို သွားသလဲလို့ မေးခွန်းမေးစရာရှိတယ်။

အရူပလေးဘုံ ဆိုတာဟာ ဘုရားအလောင်းတို့ ဘုရားဆုပန်ပြီးရင် ဘယ်တော့မှ မဖြစ်တဲ့ဘုံ၊ ရုပ်ပြစ်ရှစ်ပါးထဲမှာ အရူပလေးဘုံ ပါတယ်။

ဒါကြောင့် အာကိဉ္စညာယတနစျာန်ကို ရသွားတဲ့ ဆရာရသေ့ကြီးဟာ အာကိဉ္စညာယတန ဗြဟ္မာ့ပြည်ကို သွားမလား။

အာဗ္ဗဒ္ဒသနဗ ဖြစ်ခြင်းကြောင့် မသွားဘူးတဲ့။

ဘယ်သွားလဲဆိုတော့ အာဘဿရာ ဗြဟ္မာ့ပြည်သွားတယ်။

အာဘဿရာဗြဟ္မာ့ပြည်ရောက်နေတဲ့ ဗြဟ္မာကြီးက -

"ဩော် ငါ့တပည့်တွေ ဉာဏ်နည်းလိုက်ကြတာ၊ ငါ အာကိဉ္စညာယတနစျာန် ရထားလို့ နတ္ထိ ကိဉ္စိလို့ တိုတိုလေးပြောသွားတဲ့ အကြောင်းကို သူတို့ နားမလည်ကြရှာဘူး၊ တပည့်ကြီးက ရှင်းပြနေရှာပေမယ့် တပည့်ငယ်တွေ မသိဘဲနဲ့ ငြင်းခုန်နေကြကုန်ပြီ။ အဲဒါကိုတော့ ပြေလည်အောင် ငါသွားပြီးတော့ ရှင်းမှပဲဆိုပြီးတော့ -

အာဘဿရာဘုံက ရသေ့ကြီးဘဝက တစ်ဖြစ်လဲသွားခဲ့တဲ့ ဗြဟ္မာကြီးဟာ လူ့ပြည်ကို ဆင်းလာပြီးတော့ ဒီမှာ ကိုယ်ထင်ရှားပြပြီးတော့ တရားပြန် ဟောရတာနော်။

## ကိုယ်တိုင်ပြောမှ ယုံကြရ

"ဟော့- မင်းတို့ ဆရာ့ကို မှတ်မိကြရဲ့လား"ဆိုတော့-

"ဟာ- ဟိုတုန်းက ပုံအတိုင်းပဲ" ပေါ့။

ဗြဟ္မာ့ပြည်ကနေ ပြန်ဆင်းလာတာ။

ပရိသတ်ရေ- ဆရာရသေ့ကြီး ဘယ်က ပြန်ဆင်းလာလဲ။

"အာဘဿရာဘုံကပါ ဘုရား"

အေး- အခုလည်းပဲ ရွှေဟင်္သာဆရာတော်ကြီး ပြန်ဆင်းလာရင် သိပ်ကောင်းမှာပဲနော်။

ဟိုတုန်းကပုံစံအတိုင်းပဲ မှတ်မိသေးတယ်။ ပုံတောင်မပျက်သေးဘူး။ ဒီအတိုင်းပဲ။

ဒါ တို့ဆရာပဲ။

"ပြောစမ်းပါဘုရား၊ အခု ဘယ်ရောက်နေပါသလဲ"

"ငါ အာဘဿရာဗြဟ္မာ့ပြည်မှာကွ"

"ဒါဖြင့်ရင် သေခါနီး ဆရာ နတ္ထိကိဉ္စိလို့ ပြောသွားတာ ဘာအဓိပ္ပာယ်လဲ"

"တော်တော် အတဲ့ကောင်တွေ၊ ဆရာ့ခြေရင်း ဝပ်စင်းတာ ကြာပြီ။ ဆရာ ဘယ်အခြေအနေ ဘယ်အဆင့် ရောက်တယ်ဆိုတာ မသိဘူး။ မင်းတို့ လူညံ့တွေချည်းပဲ။ နတ္ထိ ကိဉ္စိဆိုတာ အာကိဉ္စညာယတန ဈာန် ရတယ်လို့ ပြောသွားတာကွ"လို့ ဆိုလိုက်တော့မှ-

"ဟာ- ဆရာကိုယ်တိုင် လာပြောပြီ"ဆိုပြီး အဲဒီတော့မှ ကျန်တဲ့ တပည့်တွေ (ဘာဖြစ်လဲ)၊ ယုံကြည်တယ်တဲ့။ အဲဒီနေရာမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်က ပြန်ပြောပြတယ်။

## အနှစ်တစ်ရာငိုလည်း အလကားပဲ

**ပရောသဟဿမ္ပိ သမာဂတာနံ၊**
**ကန္ဒေယျုံ တေ ဝဿသတံ အပညာ။**
**ဧကောဝ သေယျော ပုရိသော သပညော။**
**ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။**

**ဘိက္ခဝေ၊** ရဟန်းတော်များ အို-ချစ်သားတို့။ **သမာဂတာနံ၊** စည်းဝေး ညီညာ ရောက်ရှိ၍ လာကြကုန်သော လူအပေါင်းတို့၏။ **သမိတိ၊** အစည်းအဝေးပွဲကြီးကား။ **ပရောသဟဿမ္ပိ၊** တစ်သောင်းအလွန်ပင် ဖြစ်သော်လည်းပဲ၊ (ဝါ) ထောင်ပေါင်းများစွာ စည်းဝေး၍ နေကြသော် လည်းပဲ။

**အပညာ၊** ပညာဉာဏ်မရှိကြဘဲ စည်းဝေးညီညာ ရောက်ရှိ၍လာ ကြတဲ့ ထောင်ပေါင်းများစွာသော ထိုပုဂ္ဂိုလ်တို့သည်။ **ဝဿသတံ၊** နှစ်ပေါင်း တစ်ရာ ကာလကြာအောင်။ **ကန္ဒေယျုံ၊** ဆရာ လွန်သွားတာကို ငိုကြွေးမြည် တမ်း၍ နေကြစေကာမူ။ **တေသံ၊** ဉာဏ်မဲ့တဲ့ ထိုပုဂ္ဂိုလ်တို့ရဲ့။ **ဝဿသတံ ကန္ဒနံ၊** နှစ်ပေါင်းတစ်ရာ ငိုကြွေးမြည်တမ်း၍ နေခြင်းဟာ။ **နသေယျော၊** အကျိုးမပြီး အချည်းနှီးသာတည်း။

"အသိဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေ နှစ်ပေါင်းတစ်ရာ ငိုကြွေး နေပေမယ့် ဒါ အချည်းနှီးပဲ" တဲ့။

ဆရာကို ပူဇော်ရာမရောက်ဘူး။ အသိဉာဏ် ကင်းမဲ့တဲ့လူတွေ ဘယ်လောက်များလဲ။ ဘုရားလောင်း ဆရာ ရသေ့ကြီးနားမှာ (၅၀၀)၊ သိတဲ့လူက ဘယ်လောက်တည်း ရှိသလဲ။

## ပညာရှိမှ မြတ်သည်

တစ်ယောက်တည်းပဲရှိတယ်။ အဲဒါကြောင့် -

**ဧကောဝ သေယျော ပုရိသော သပညော။**

**ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။**

**ဘိက္ခဝေ၊** ရဟန်းတော်များ အို-ချစ်သားတို့။ **ဧကောဝ ပုရိသော၊** တစ်ယောက်တည်းသော ပုဂ္ဂိုလ်သည်သာလျှင်။ **သပညော၊** အသိအလိမ္မာ ဉာဏ်ပညာရှိ၏။

အသိဉာဏ်ရှိတာ ဘယ်နှယောက်လဲ။

တစ်ယောက်တည်းတဲ့။

**ဧကောဝ သေယျော သပညော၊**

**သပညော၊** ဉာဏ်ရှိသော။ **ဧကောဝ ပုရိသော၊** ထိုလူတစ်ယောက်သည်သာလျှင်။ **သေယျော၊** မွန်မြတ်ပါပေ၏။ ဘာကြောင့်လဲဆိုတော့-

**သောပုဂ္ဂလော၊** ထိုပုဂ္ဂိုလ်သည်။ **ဘာသိသဿ အတ္ထံ၊** ဆရာပြောတဲ့ စကားကို။ **ဇာနာတိ၊** ကောင်းစွာပိုင်ပိုင် ထိုသူ သိနိုင်ခဲ့တယ်။

အဲဒီပုဂ္ဂိုလ် ဘာစွမ်းလဲ။ ဆရာ့ဆိုလိုချက် ဆရာပြောသမျှ (ဘာတဲ့လဲ)။ **ဝိဇာနာတိ၊** သိတယ်။

**ဘာသိတဿ အတ္ထံ၊** ဆရာပြောတာကို။ **ဝိဇာနာတိ၊** ကောင်းစွာပိုင်ပိုင် သိရှိနိုင်၏။ **သော ဧကောဝ သပညော၊** ဆရာပြောသမျှကိုသိတဲ့ ပုဂ္ဂိုလ်တစ်ယောက်တည်းသာလျှင်။ **ပရောသဟဿမ္ပိ သမာဂတာနံ၊** စည်းဝေးညီညာ ရောက်ရှိလာကြတဲ့ ထောင်ပေါင်းများစွာသော ပုဂ္ဂိုလ်တို့တွင်။ **သေယျော သေဋ္ဌော၊** အမြတ်ဆုံးပဲရယ်လို့။

**သတ္ထာ၊** နတ်လူတို့ဆရာ ဘုရားရှင်ကိုယ်တော်မြတ်သည်။ **ဝတွာ၊** မိန့်ကြားတော်မူပြီးတော့မှ။ **ဇာတကံ၊** ဟောဒီ ပရောသဟဿဇာတ် အတ္ထုပ္ပတ် ဒေသနာတော်ကို။ **သမောဓာနေသိ၊** ကောင်းစွာမသွေ စုပေါင်း၍ ပြတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ဇာတ်တော်ပေါင်းရုံး ဤနိဂုံး

ဆရာ့ရုပ်အလောင်းဘေးမှာ လူတွေ ထောင်ပေါင်းများစွာ နှစ်

ပေါင်းတစ်ရာ ငိုကြွေး၍ နေကြစေကာမူ ဆရာပြောတာကို မသိကြတဲ့ အဲဒီပုဂ္ဂိုလ် ထောင်ပေါင်းများစွာတွေ့ရဲ့ အနှစ်တစ်ရာ ငိုကြွေးနေခြင်းဟာ အချည်းနှီးပဲ။

ဆရာပြောဆိုဆုံးမတာကို သိနားလည်သော ပုဂ္ဂိုလ်သည်သာလျှင် အဲဒီ ထောင်ပေါင်းများစွာသော လူတွေထဲမှာ မွန်မြတ်တယ်ဆိုပြီးတော့ မြတ်စွာဘုရား ဇာတ်တော်ကိုပေါင်းတော့ -

**ဘိက္ခဝေ၊** ရဟန်းတော်များ အို-ချစ်သားတို့။ **တဒါ၊** ထိုအခါ တုန်းက။ **ဗြဟ္မာ၊** ကောင်းကင် အာဘဿရာ ဗြဟ္မာ့ပြည်ကနေ ပြန်ဆင်း လာပြီးတော့မှ နတ္ထိ ကိဉ္စိလို့ ဆိုသွားတဲ့ ငါ့စကားဟာ အာကိဉ္စညာယ တနစျာန် ရတယ်လို့ဆိုတဲ့အကြောင်း ပြန်လာပြီးတော့ ရှင်းပြတဲ့ ဗြဟ္မာကြီး သည်။ **အဟမေဝ၊** ငါဘုရားရှင် ကိုယ်တော်မြတ်သည်သာလျှင်။ **အဟောသိ၊** ဖြစ်ခဲ့လေပြီ။

**ဘာသိတဿ အတ္ထံ ဇာနန္တော၊** ဆရာပြောတဲ့ နတ္ထိ ကိဉ္စိ ဆိုတဲ့ စကားလေးရဲ့ အဓိပ္ပာယ်ကို ကောင်းစွာသိတဲ့ တပည့်ကြီးကတော့ (ဘယ်သူ ဖြစ်လာသလဲ)။

**အာယသ္မာ သာရိပုတ္တော၊** ပညာဉာဏ်ကြီးကျယ်တဲ့ အရှင် သာရိပုတ္တရာ မထေရ်သူမြတ်သည်။ **အဟောသိ၊** ဖြစ်လာခဲ့တယ်ရယ်လို့။ **ဇာတကံ၊** ပရောသဟဿဇာတ် အတ္ထုပ္ပတ္တိ ဒေသနာတော်ကို။ **သမော ဓာနေသိ၊** ကောင်းစွာမသွေ စုပေါင်း၍ ပြတော်မူလိုက်ပါပေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

## ပူဇော်ထိုက်သူ ပူဇော်မှု မှတ်ယူမင်္ဂလာ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဏ္ဍိတ မဟာထေရ်မြတ် ဘဝနတ်ကျောင်းလား၊ ဗြဟ္မာ့နတ်ကျောင်းလား၊ ပြောင်းတော်မူသည်ကို အကြောင်းပြုလို့ နှစ်ပေါင်း (၁၀၄)နှစ် မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲကို အားခဲလို့ ကြွရောက်လာကြတဲ့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်း တို့အား ဒီကနေ့ ဟောကြ၊ နာကြ၊ ကြည်ညိုကြတဲ့-

ပဏ္ဍိတပူဇာ ဓမ္မကထာ ဒေသနာ တဲ့ (ပရိသတ်ရေ)။

ဒီမှာပဲ နိဂုံးကမ္ပတ် အဆုံးသတ်ပါပြီ။

ဤတရားဒေသနာကို နာကြားကြရတဲ့ သူတော်ကောင်းများ အားလုံးကလည်းပဲ မိမိတို့ ဆရာသမားရဲ့ ဂုဏ်ကျေးဇူးတွေကို ပြည့်ပြည့်စုံစုံ သိပြီးတော့ မိမိတို့ ဆရာသမား သင်ကြားပို့ချထားခဲ့တဲ့ ဆုံးမဩဝါဒတွေကို အကုန်လုံး သိရှိပြီးတော့ -

မိမိတို့ ဆရာ့ဂုဏ်နဲ့ ဆရာ့အရည်အချင်းကိုပါ ရေရေလည်လည် ကျေကျေနပ်နပ် နှံ့နှံ့စပ်စပ် အကုန်သိပြီးတော့ မိမိတို့လည်းပဲ ထိုအသိနောက် ကနေ လိုက်နာကျင့်သုံးနိုင်ကြပါစေလို့ တိုက်တွန်းရင်း တရားတော်ကို ဒီမှာပဲ နိဂုံးချုပ်ပါတယ်။

**မေတ္တာနိဂုံး ကမ္မတ်ဖုံး**

ကိုင်း- အားလုံး မေတ္တာနိဂုံးပါဗျာ၊ အားလုံး မေတ္တာပို့လိုက်ကြ။

❐ **ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။ (သုံးခေါက်)**

❐ **မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။ (သုံးခေါက်)**

❐ **တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။ (သုံးခေါက်)**

**သန္ဒိတံ မေ မဟာပုညံ၊**
**ဓမ္မဒေသက သန္ဒိတံ။**
**တေန သဗ္ဗေ သုခါယန္တု၊**
**ဇနာ ဣဋ္ဌသမိဂ္ဂိနော။**

**မေ** မယာ၊ ဒေသကဖြစ်သော တရားဟောဆရာ ငါသည်။ **ဓမ္မဒေသက သန္ဒိတံ၊** ပရောသဟဿဇာတ်ကို အခြေခံပြီးတော့ ပဏ္ဍိတပူဇာ ဓမ္မကထာ ဒေသနာတော်ကို ထုတ်ပြန်ကာ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော။ **ယံ မဟာပုညံ၊** အကြင် ဓမ္မဒါန တရားအလှူတည်းဟူသော ပုညကိရိယာ ကုသိုလ်ထူးကို။ **သန္ဒိတံ၊** တရားလိုလားကြတဲ့ အမျိုးသား အမျိုးသမီးများ အတွက် ကြိုးစား၍ ဆည်းပူးလိုက်ရပါပေပြီ။

**တုမှေ ဟိပိ၊** တရားချစ်ခင် စိတ်ကောင်းဝင်ကြတဲ့ သင်သူတော်စင် ပရိသတ်အပေါင်းတို့သည်လည်း။ **ယံ မဟာပုညံ၊** အကြင် တရားနာကြရတဲ့ ဓမ္မဿဝန ဘာဝနာမယ ပုညကိရိယာ ကုသိုလ်ထူးကို။ **သန္ဒိတံ၊** ကောင်းစွာ မသွေ ဆည်းပူးမိကြပါပေပြီ။

**တေန**၊ ထိုသို့ဆည်းပူး ဓမ္မဒါန ဓမ္မသဝန၊ ဘာဝနာမယ၊ ပုည ကိရိယာကုသိုလ်ထူးကြောင့်။ **သဗ္ဗေ**၊ လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာ မကြွင်း ခပင်းဉဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ **ဇနာ**၊ တရားဟော တရားနာနှင့် တကွ သတ္တဝါ,ဟူ နတ်လူပြဟ္မာ ပေါင်းများစွာတို့သည်။ **ဣဋ္ဌသမ်ဂိနော**၊ မိမိတို့ လိုလားတောင့်တအပ်သော ကောင်းကျိုးချမ်းသာ၊ ဣဋ္ဌအထွေထွေ။ ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍။

**သုခါ ယန္တု**၊ ယနေ့ကစ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

**တရားတော်ပြီး၏**

## ပရောသဟဿဇာတ် မြန်မာပြန်အပြည့်အစုံ ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် **ပရောသဟဿမ္ပိ သမာဂတာနံ** အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပရောသဟဿဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် "ပုထုဇဉ်တို့ကို မေးအပ်သော ပြဿနာ"ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဤဝတ္ထုသည် သရဘင်္ဂဇာတ်၌ ထင်ရှားစွာ ဖြစ်လတ္တံ့။ အထူးကား)။

တစ်ရံရောအခါ သဗ္ဗညုမြတ်စွာဘုရားသည် တရားသဘင်၌ စည်းဝေးကုန်လျက် -

"ငါ့ရှင်တို့- သဗ္ဗညုမြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟော တော်မူအပ်သော တရားကို တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ သည် အကျယ်အားဖြင့် ဟောတော်မူ၏" ဟု အရှင်သာရိပုတ္တရာ၏ ကျေးဇူးကိုပြောဆိုလျက် နေကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ "ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏" ဟု နားတော် လျှောက်သည်ရှိသော် -

''ရဟန်းတို့- သာရိပုတ္တရာသည် ယခုအခါ၌သာလျှင် ငါဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော စကားကို အကျယ်အားဖြင့် ဆိုသည် မဟုတ်သေး။ ရှေး၌လည်း ဆိုဖူးသည်သာလျှင်တည်း'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်ပြီးသည်ရှိသော် ကာမတို့ကို ပယ်၍ ရသေ့ရဟန်းပြုပြီးလျှင် ငါးပါးသော အဘိညာဉ်၊ ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာ၌ နေ၏။

ဘုရားလောင်းအား အခြံအရံ ရသေ့ငါးရာတို့သည် ဖြစ်ကုန်၏။ ဘုရားလောင်း၏ တပည့်ကြီးသည် မိုးကာလ၌ ထက်ဝက်သော ရသေ့အပေါင်းကို ယူ၍ ချဉ်၊ ဆား မှီဝဲအံ့သောငှာ လူ့ပြည်သို့ သွား၏။ ထိုအခါ ဘုရားလောင်း၏ စုတေသော ကာလသည်ဖြစ်၏။ စုတေခါနီး၌ ဘုရားအလောင်းကို တပည့်တို့သည် -

''ဆရာသည် အဘယ်တရားကို ရပါသနည်း''ဟု ရအပ်သော တရားကို မေးကုန်၏။ ဘုရားလောင်းသည် ''နတ္ထိ ကိဉ္စိ'' ဟု ဆို၍ အာဘဿရ ဗြဟ္မာ့ပြည်၌ဖြစ်၏။ ထိုစကားသည် မှန်၏။ ဘုရားလောင်းတို့သည် အရူပသမာပတ်ကို ရကုန်သော်လည်း မလားအပ်သော အရပ်ဖြစ်သောကြောင့် အရူပဘုံ၌ မဖြစ်ကုန်။ တပည့်တို့သည် ဆရာအား ''ရအပ်သော တရားသည် မရှိ'' ဟု သဂြိုဟ်ရာ သုသာန်၌ ပူဇော်သက္ကာရကို မပြုကုန်။

တပည့်ကြီးသည် လာလတ်၍ ''ဆရာသည် အဘယ်မှာနည်း'' မေးလတ်သော် ''စုတေပြီ'' ဟု ကြား၍ ''ဆရာကို ရအပ်သောတရား မေးလိုက်ကြကုန်၏လော'' ဟု ဆို၏။ ''မေးကုန်၏'' ဟု ဆိုကုန်သော် အသို့ ဆရာပြောသနည်း'' ဟု မေး၏။

''နတ္ထိ ကိဉ္စိ ဟု ဆရာသည် ဆို၏။ ထို့ကြောင့် အကျွန်ုပ်တို့သည် ဆရာအား ပူဇော်သက္ကာယကိုမပြု'' ဟု ဆိုကုန်၏။

‘‘သင်တို့ကား ဆရာဆိုသော စကား၏အနက်ကို မသိကြကုန်။ အာကိဉ္စညာယတနသမာပတ်ကို ရ၏’’ ဟု ဆို၏။

ထိုရသေ့တို့သည် တပည့်ကြီး အဖန်တလဲလဲ ပြောဆိုသော်လည်း မသိကုန်။

ဘုရားလောင်းသည် ထိုအကြောင်းကို သိ၍ ‘‘အလွန်မိုက်ကုန်သော ရသေ့တို့သည် ငါ့တပည့်ကြီး၏စကားကို မသိကြကုန်၊ ထိုရသေ့တို့အား ထင်စွာပြုအံ့’’ဟု ဗြဟ္မာ့ပြည်မှလာ၍ ရသေ့တို့၏ ကျောင်းထိပ်အပြင် ကောင်းကင်၌ ကြီးစွာသော အာနုဘော်ဖြင့် ရပ်၍ တပည့်ကြီး၏ ပညာအာနုဘော်ကို ချီးမွမ်းလိုရကား -

**ပရောသဿမ္ပိ သမာဂတာနံ၊**

**ကန္ဒေယျုံ တေ ဝဿသတံ အပညာ။**

**ဧကောဝ သေယျော ပုရိသော သပညော၊**

**ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။**

ဟူသော ဤဂါထာကို ဆို၏။

**သမာဂတာနံ**၊ စည်းဝေးကုန်သောသူတို့၏။ **ပရောသဟဿမ္ပိ**၊ တစ်ထောင်အလွန်ရှိသည်လည်း။ **စေ သိယာ**၊ အကယ်၍ ဖြစ်ငြားအံ့။ **အပညာ**၊ ပညာမရှိကုန်သော။ **တေ**၊ ထိုတစ်ထောင် အလွန်ရှိကုန်သော သူတို့သည်။

**ဝဿသတံ**၊ အနှစ်တစ်ရာပတ်လုံး။ **ကန္ဒေယျုံ**၊ ငိုကုန်ငြားအံ့။ **အတ္ထံဝါ**၊ အနက်ကိုလည်းကောင်း။ **ကာရဏံဝါ**၊ အကြောင်းကိုလည်း ကောင်း။ **နေဝ ဇာနေယျုံ**၊ မသိကုန်ရာ။

**တသ္မာ**၊ ထို့ကြောင့်။ **ယော ပုရိသော**၊ အကြင်ယောကျ်ားသည်။ **ဘာသိတဿ**၊ ဆိုအပ်သော စကား၏။ **အတ္ထံ**၊ အနက်ကို။ **ဝိဇာနာတိ**၊ သိ၏။ **သပညော**၊ ပညာရှိသော။ **ဧကော**၊ တစ်ယောက်သော။ **သောပုရိသောဝ**၊ ထိုယောကျ်ားသည်သာလျှင်။ **သေယျော**၊ တစ်ထောင်အလွန်ရှိသော သူတို့ထက် မြတ်၏။

ဤသို့ ဘုရားလောင်းသည် ကောင်းကင်၌ ရပ်လျက်လျှင် တရားဟော၍ ရသေ့အပေါင်းတို့ကို သိစေ၍ ဗြဟ္မာ့ပြည်သို့သာလျှင် သွား၏။ ထိုရသေ့တို့သည်လည်း အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ သာရိပုတ္တရာသည် ထိုအခါ တပည့်ကြီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာဗြဟ္မာဖြစ်ဖူးပြီ" ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

မမေ့တတ်သူမှ မမေ့အပ်သူသို့
တရားတော်

ဒေါက်တာအရှင်ဉာဏိဿရ

**စစ်ကိုင်းတောင်ရိုး**
**ရွှေဟင်္သာတိုက်သစ် မဟာဓမ္မ ဗိမာန်တော်ကြီးမှာ ဆင်ယင်ကျင်းပတဲ့**
**ရွှေဟင်္သာဆရာတော်ဘုရားကြီး၏**
**သက်တော် (၁၀၈)နှစ်မြောက် မွေးနေ့ ဓမ္မသဘင်၌**
**ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူအပ်သော**

## မမေ့တတ်သူမှ မမေ့အပ်သူသို့
## (သံဝေဇနီယကထာ) တရားတော်

### တရားဖွင့်ပြီး မေတ္တာစည်

**မေတ္တာနိဿာကရော လောကေ၊**
**သမ္မာ ဘာတု သုခံကရော။**
**မေတ္တာသီတလရံသီဟိ၊**
**သုခန္တု ဖုသိတာ ပဇာ။**

**လောကေ၊** သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ် ကမ္ဘာအတွင်း၌။ **မေတ္တာနိဿာကရော၊** မေတ္တာအေးလူ ဖွေးဖြူပဟင်း ငွေလမင်းကြီးသည်။ **သမ္မာ၊** သတ္တဝါတစ်တွေ အေးမြစေ,ဟု အသရေရွှန်းကာ ကောင်းမွန်စွာ၊ **သုခံကရော၊** သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်၊ **ဘာတု၊** ရန်လည်းကင်းဝေး ဘေးလည်းမခအအေးရဖို့ ရွှန်းမြအသရေ ထွန်းပပါစေသတည်း။

**မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်၊ **မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ၊** အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ **ပဇာ၊** ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်။ **သုခန္တု၊** ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

အားလုံးသော တရားချစ်ခင် သူတော်စင်များ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်။

- ❒ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❒ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❒ မေတ္တာရေစမ်း၊ ကိုယ်စီဖျန်း၊ အေးချမ်းကြပါစေ။
- ❒ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❒ ခန္တီနှလုံး၊ အစဉ်သုံး၊ ရွှင်ပြုံးကြပါစေ။
- ❒ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## မွေ့သဘင် စတင်ပါပြီ

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် မဟာမွေ့ ဗိမာန်တော်ကြီးအတွင်းမှာ ဆင်ယင်ကျင်းပတဲ့ ကျေးဇူးတော်ရှင် အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင် စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၁၀၈) နှစ်မြောက် မွေးနေ့အမှတ်တရ ပူဇော်ပွဲ မွေ့သဘင်ကို ယခုအခါ စတင် ဖွင့်လှစ်ပါပြီ။

ဒီမွေ့သဘင်ပွဲအတွက် ရွှေဟင်္သာဆရာတော်က တယ်လီဖုန်း ဆက်ပြီး ပြောထားတာ ကြာပါပြီ။

"သီတဂူဆရာတော် ဒီနှစ် တပည့်တော်တို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးခေါင်းချသွားတော်မူတဲ့ အန္တိမအဂ္ဂိဈာပနပွဲ ပြုခဲ့ရာနေရာမှာ သံဝေဇနီယဌာနတစ်ခုအဖြစ် မှတ်တိုင်တစ်ခု၊ ကျောက်စာ တစ်ချပ် အမှတ်တရ စိုက်ထူ ပူဇော်ကြပါတယ်။

ဒါကြောင့် ခါတိုင်း ကျင်းပမြဲဖြစ်တဲ့ နတ်တော်လဆန်း ၈ ရက် ရွှေဟင်္သာဆရာတော်ဘုရားကြီး မွေးနေ့ပူဇော်ပွဲမှာ စုပေါင်းပြီး ရေစက်ချပွဲ ကျင်းပပါ့မယ်။

ဒါကြောင့် သီတဂူဆရာတော်အနေနဲ့ သံဝေဇနီယကထာ အနုမောဒနာကထာ ရေစက်ချတရား ကြွရောက်ဟောပေးစေချင်ပါတယ်"တဲ့။

## တရားဆို တိုမှကောင်း

နီးတော့လည်း ထပ်ပြောပါတယ်။

"သီတဂူဆရာတော် ကြွဖြစ်အောင် ကြွပါ။ သီတဂူဆရာတော် လုပ်စရာ အလုပ်တာဝန်တွေ များတာသိလို့ အားတော့နာပါတယ်။ မအား လပ်ရင်တောင်မှ တရားတိုတိုလေး တစ်ပုဒ်လောက်ပဲ ချီးမြှင့်ရင် ရပါ တယ်" တဲ့။

ဒီတော့ ဘုန်းကြီးက ဆရာတော်ကို လျှောက်လိုက်တယ်။

"ရွှေဟင်္သာဆရာတော် တရားက ဘယ်လောက်တိုရမလဲ ဘုရား" ဆိုတော့...

"အို... သီတဂူဆရာတော်ကလည်း...

**ဒေမ** - လှူပါကုန်၏။

**လဘေယျာမ** - ရရပါလိုကုန်၏။

**ပဋိလဘန္တု** - ရကြပါစေကုန်သတည်း။

ဒီ သုံးလုံးပါရင် ပြီးတာပါပဲ။ ကြွဖြစ်အောင် ကြွပါ" ဆိုတော့ ဘုန်းကြီးတို့ ဒီဓမ္မသဘင်မှာ ဟောပြောဖို့ ရောက်လာရတာပါ။ အခမ်းအနား စတာက နေ့မွန်းတည့် ၁၂ နာရီ၊ ဘုန်းကြီးတို့လည်း ငါန်းဇွန်မြို့နယ် ကျောက်တစ်လုံးကျေးရွာမှာ နေ့တရားပွဲဟောအပြီး ကားနဲ့ ချက်ချင်း ကြီးတော့ မောင်းချလာခဲ့တာပါပဲ။

ဒါပေမဲ့ ကားမောင်းရတာက ၁၅ မိနစ်သာသာ ဧရာဝတီမြစ်ကို ဖြတ်ကူးဖို့အတွက် ဇက်စောင့်ရတာက မိနစ် ၂၀ လောက် ကြာခဲ့ရလေတော့ ဒီပွဲကို ရောက်လာတော့ နေ့မွန်းလွဲ ၁၂ နာရီခွဲလုပြီ ဖြစ်နေတယ်။ ဒီတော့ ရွှေဟင်္သာဆရာတော်ကလည်း "တရားတိုတို ဟောပေးပါ"လို့ မှာထား တယ်။ အခမ်းအနား ကျင်းပချိန်ကလည်း နေ့လယ် ထမင်းစားပြီးလို့ ၁၂ နာရီ၊ နေမွန်းတိမ်းခါစဆိုတော့ အားလုံးကလည်း ထမင်းဆီရစ်ပြီး အိပ်ချင်နေကြတာကြောင့် (ပရိသတ်ရေ) တရားတိုတာပဲ ကောင်းပါ တယ်နော်။

## တွေးပူမိသေးတယ်

"စစ်ကိုင်းတောင်ရိုးကြီးမှာ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီး

ဆိုတာ ဟိုအရင်က ရွှေဟင်္သာဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်ဘုန်းက ဝင်ထွက်သွားကြ လာကြတဲ့ ဆရာတော် သံဃာတော် အရှင်သူမြတ်တွေနဲ့ လာရောက်ကန်တော့ကြ၊ လှူကြတန်းကြတဲ့ ဒကာ၊ ဒကာမ ပရိသတ်တွေနဲ့ ကျောင်းတိုက်ကြီးဟာ အလွန်အင်မတန် စည်စည် ကားကား ရှိခဲ့တာ။

ရွှေဟင်္သာဆရာတော်ဘုရားကြီး လွန်တော်မူပြီး နောက်ပိုင်းမှာ လည်း အဲဒီလို ဆရာတော် သံဃာတော်တွေ ရှိမှရှိပါတော့ဦးမလားလို့ ဘုန်းကြီးတို့က ဒီလို ပူပါတယ်။

ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး သီတင်းသုံး တော်မူတဲ့ ဒီ ရွှေဟင်္သာတိုက်ကြီး တစ်တိုက်တည်းအတွက်တင် ဘုန်းကြီး တို့က ပူတာမဟုတ်ပါဘူး၊ သာသနာတော်ကြီး တစ်ခုလုံးအတွက် ပူတာပါ။

ပရိယတ်နဲ့ ပဋိပတ်သာသနာတော်အတွက် တကယ့်ကို အားထုတ် တော်မူကြတဲ့ ဆရာတော်ဘုရားကြီးတွေရဲ့ ကျောင်းတိုက်ကြီးတွေတိုင်း အတွက် ဘုန်းကြီးတို့က ဒီလိုပဲ အမြဲပူမိတာပါ။

အဲဒါကြောင့် အဲဒီလို လောကဗဟုပကာရ (လောကသူ၊ လောက သားတွေအတွက် ကျေးဇူးများတော်မူတဲ့) သာသနဗဟုပကာရ (သာသနာ တော်တစ်ရပ်လုံးအတွက် ကျေးဇူးအထူးများတော်မူတဲ့) ဒီ သာသနာ့ ထိပ်ခေါင်တင် ဆရာတော် အရှင်သူမြတ်ကြီးတွေနဲ့ ပတ်သက်တဲ့ ပွဲတိုင်း ပွဲတိုင်းကို ဘုန်းကြီးတို့က မလွတ်တမ်း ကြိုးစားပြီးတော့ သွားပါတယ်။

## မထေရ်မြတ်တွေ မဖူးရမှာစိုးလို့

ဒီလို သွားရောက် ပူဇော်ခြင်းအားဖြင့် ဆရာတော်ဘုရားကြီး ကိုရော၊ သာသနာတော်ကြီးကိုပါ ပူးတွဲပြီး ပူဇော်ခွင့်ရလိုက်တယ်လို့ ဒီလို သဘောပေါက်မိလို့ပါ။ ဘုန်းကြီး အခု တွေးပူသလိုပဲ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးတုန်းကလည်း အရှင်အာနန္ဒာမထေရ်မြတ်ဟာ သူ တွေးပူမိခဲ့သေးတယ်။

အရှင်အာနန္ဒာ ပူပန်တာက ‘‘မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံ တော်မူပြီးတဲ့နောက် **မနောဘာဝနီယ** အရှင်မြတ်တွေက ဘုရားဖူးဖို့ ကြွလာ ကြတော့မှာ မဟုတ်တော့တဲ့အတွက် တပည့်တော်တို့လည်း အဲဒီ မနော

ဘာဝနီယ အရှင်မြတ်ကြီးတွေကို ဖူးတွေ့ခွင့်ရတော့မှာ မဟုတ်တော့ဘူး" လို့ ဒီလို တွေးပြီး ပူခဲ့ဖူးတယ်။ ဆရာကြီး၊ ဆရာလေးတွေ ဒီစကားလုံးလေးကို သေချာမှတ်ကြပါ။

"**မနောဘာဝနီယ**"တဲ့။

"ပြော ဘာတဲ့လဲ"

"မနောဘာဝနီယ ပါဘုရား"

အေး... မနောဘာဝနီယ ဆိုတာ စိတ်နှလုံး ကြည်နူးဖွယ် စိတ်အားတက်ဖွယ်ကောင်းတဲ့ မထေရ်သူမြတ်ကြီးတွေကို ခေါ်တာပါ။ အလွန်ကြည်ညို မြတ်နိုးထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဂုဏ်တွေနဲ့ ပြည့်စုံတော်မူနေတဲ့ အရှင်မြတ်ကြီးတွေကိုများ ဖူးလိုက်ရရင် ရင်ထဲနှလုံးသားထဲမှာ အေးမြသွားတယ်။ ကြည်လင်သွားတယ်။ အားတွေတက်လာ တိုးလာတယ်။ အဲဒါကြောင့် "မနောဘာဝနီယ"။

"တကယ်လို့ မြတ်စွာဘုရားသာ ပရိနိဗ္ဗာန် ဝင်စံပြီဆိုရင်တော့ အဲဒီလို မနောဘာဝနီယ မထေရ်ကြီးတွေလည်း ကြွလာကြတော့မှာ မဟုတ်ဘူး"လို့ တွေးပြီး အရှင်အာနန္ဒာ ငိုခဲ့ဖူးတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်အာနန္ဒာကို ခေါ်တော်မူပြီး အမိန့်ရှိတယ်။

## ဖူးမြော်စရာ ဉာလေးနေရာ

"အာနန္ဒာ... ငါဘုရား မရှိတဲ့နောက် ဖူးမြော်စရာ၊ ပူဇော်စရာ၊ အရှိအသေ အလေးမြတ်ပြုစရာ မရှိတော့ဘူးလို့ မမှတ်ကြနဲ့၊ မတွက်ကြနဲ့။ ဖူးစရာ၊ မြော်စရာ၊ ပူဇော်စရာ၊ အရှိအသေပြုစရာ၊ အလေးအမြတ်ပြုစရာတွေ သင်တို့မှာ ရှိတယ်။

လောကမှာ အမြတ်ဆုံး ယောကျ်ား မရှိတော့ပေမယ့် အဲဒီ အမြတ်ဆုံးယောကျ်ားနဲ့ ဆက်စပ်တဲ့ နေရာတွေမှာ သွားရောက်ပြီး ရှိခိုး ပူဇော် ကန်တော့ကြရမယ်"

(၁) အဲဒါတွေက ဘာတွေတုန်းဆိုတော့ လောကမှာ အမြတ်ဆုံး ယောကျ်ား မွေးဖွားတဲ့ **ဇာတဌာန**။ အဲဒီ မွေးဖွားရာ ဇာတဌာနကို သွားပြီးတော့ ပူဇော်ကြရမယ်။

(၂) အဲဒီ အမြတ်ဆုံးယောကျ်ား မွေးဖွားပြီးတဲ့နောက် တစ်လောကလုံးရဲ့ အထွတ်အထိပ်သို့ ရောက်တော်မူတဲ့နေရာပါဠိလိုတော့ **ဗောဓိဌာန**။
လောကမှာ အမြတ်ဆုံး မဟာလူသား မြတ်ဗုဒ္ဓဖွားရာမြေလုမ္ဗိနီဒေသကို မပြတ်သွားရောက်ပြီး ရှိခိုးပူဇော် ကန်တော့ကြရသလိုပဲ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိပင်နဲ့ ရွှေပလ္လင်ကိုလည်း မပြတ် သွားရောက် ရှိခိုးကန်တော့ကြရမယ်တဲ့။

(၃) ဓမ္မစကြာကို စတင်ပြီးတော့ လှည့်တဲ့နေရာ၊ အဲဒီနေရာလည်း မမေ့အပ်ဘူး။ မပြတ် သွားပြီးတော့ ပူဇော်ရမယ်။

(၄) လောကမှာ အဲဒီလို မြင့်မြတ်တော်မူတဲ့ မဟာပုရိသ၊ ယောကျ်ားမြတ်တစ်ဆူ ဦးခေါင်းချသွားတဲ့နေရာ၊ အဲဒီနေရာဟာလည်း မမေ့အပ်တဲ့ နေရာတစ်ခုပါပဲ။ အဲဒီနေရာကိုလည်း သွားသွားပြီးတော့ ဖူးရမယ်။ ပူဇော်ရမယ်။ ရှိခိုးကန်တော့ကြရမယ်။

မြတ်ဘုရား မရှိတော့သော်လည်း ဟောဒီ ကမ္ဘာမြေကြီး ရှိနေသမျှ ဒီလေးနေရာဟာ လောကမှာ ရှိနေကြမယ်။ မပျောက်နိုင်ဘူး။ သို့သော် အရေးကြီးတာက . . .

"ဒီနေရာမှာ မြတ်စွာဘုရား ဖွားတော်မူတယ်"

"ဒီနေရာမှာ မြတ်စွာဘုရား ဗောဓိဉာဏ်ကို ရတော်မူတယ်"

"ဒီနေရာမှာ မြတ်စွာဘုရား ဓမ္မစကြာကို စတင် လှည့်တော်မူတယ်"

"ဒီနေရာမှာ မြတ်စွာဘုရား ဦးခေါင်းချတော်မူတယ်"

ဆိုပြီးတော့ နောင်လာနောက်သားတွေ မှတ်မိကြစေဖို့၊ သိရှိကြစေဖို့ မှတ်တိုင်ကြီးတွေ၊ ကျောက်တိုင်ကြီးတွေ စိုက်ထူထားဖို့တော့ လိုလိမ့်မယ်နော်။

အဲဒီလို နေရာထူး၊ နေရာမြတ်တွေမှာ သမိုင်းမှတ်တမ်းကို တင်ပြနိုင်တဲ့ သမိုင်းမှတ်တိုင် ကျောက်စာတိုင်ကြီးတွေကို အခိုင်အမာမှတ်တမ်းတင် စိုက်ထူမထားနိုင်ကြဘူးဆိုရင် နောင် နှစ်ပေါင်းများစွာ

ကြာတဲ့အခါမှာ အဲဒီ နေရာထူးနေရာမြတ်တွေကို ပြန်ရှာလို့ မတွေ့ဘဲ ဖြစ်သွားမယ်နော်။

## မှတ်တိုင်စိုက်ဖို့ လိုအပ်တယ်

နောင် နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ အဲဒီနေရာထူး၊ နေရာမြတ်တွေကို ပြန်ရှာလို့ မတွေ့နိုင်ကြတော့ရင် အဲဒီ မွန်မြတ်တဲ့ နေရာတွေဟာ အိမ်အောက်၊ လမ်းအောက်ကို ရောက်မသွားနိုင်ဘူးလား။ ဒါဟာ သတိပြုရမယ့် အချက်တစ်ခုပါပဲနော်။

နားလည်အောင် ဥပမာလေးတစ်ခု ပြောပြပါမယ်။

အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတော်ကြီးရဲ့ အင်္ဂါထောင့် နေရာလေးမှာ စေတီဟောင်းလေးတစ်ဆူ ပြိုကျပျက်စီးနေတာရှိတယ်။ စေတီပျက်လေး တစ်ခု။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ ဆောက်လုပ်လှူဒါန်းထားတဲ့ ဒီဝေဠုဝန်ကျောင်းတိုက်ကြီးအတွင်းမှာ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူကြတဲ့ အရှင်မြတ်ကြီးတွေ မရေမတွက်နိုင်အောင် ရှိကြမယ်နော်။

အရှင်မဟာမောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံတော့လည်း ဒီရာဇဂြိုဟ်မှာပါပဲ။ ဒါပေမဲ့ ဒီကနေ့ အဲဒီနေရာဟာ ဘယ်အရပ် ဘယ်နေရာလို့ ဘယ်သူမှ အတိတကျ မပြောနိုင်ကြဘူး။

တကယ်တော့ စေတီတော်တွေ၊ မှတ်တိုင်တွေ၊ ကျောက်တိုင်တွေဟာ မြေကြီးရဲ့ အမှတ်အသားတွေပါပဲ။ ဒီကနေ့ ဝေဠုဝန်ကျောင်းရဲ့ အင်္ဂါထောင့်က စေတီလေးလိုပေါ့။

မြတ်စွာဘုရား ဘာတရား၊ ဘာသုတ္တန် ဟောခဲ့တယ်ဆိုပြီး မှတ်တမ်းတင်ထားတာလည်း ဖြစ်နိုင်တယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သံဃာတော် အပါး ၂၅၀၀ နဲ့ ပထမသံဃာသန္နိပါတ (ပထမအကြိမ်မြောက် သံဃာ့ အစည်းအဝေးပွဲကြီး) ကျင်းပတဲ့နေရာလည်း ဖြစ်နိုင်တယ်။ တစ်ခုခုတော့ ဖြစ်နိုင်တယ်ပေါ့လေနော်။

ခုတော့ တည်ထားတဲ့ စေတီကြီးက နှစ်ပေါင်း ၂၅၀၀ ကျော်အောင် ကြာခဲ့ပြီဆိုတော့ ပြိုကျပျက်စီးပြီး ခြုံတွေ နွယ်တွေနဲ့ ပိတ်ဖုံးနေကြတယ်။

အဲဒီ စေတီတော်ကုန်းလေးရဲ့အပေါ်မှာ ဗုဒ္ဓဘာသာမဟုတ်တဲ့ တခြားဘာသာတစ်ခုရဲ့ သင်္ချိုင်းလေးတစ်ခုက အဲဒီ စေတီပျက်ပေါ်မှာ ရောက်နေတယ်။ အဲဒီရောက်ရင် ကြည့်လိုက်ကြဦး။ အိန္ဒိယကို ရောက်ဖူးတဲ့ သူတွေ အတော်များများရှိမယ်။ သတိပြုလိုက်ကြပါ။

## ပိုင်ရှင်အစစ် ဘယ်သူလဲ

ဗာရာဏသီရောက်တဲ့အခါ တရားဦး ဓမ္မစကြာကိုဟောတဲ့ မိဂဒါဝုန်တောအုပ် အဝင်ဝနားလေးမှာ စေတီပျက်ကြီး တစ်ခုရှိတယ်။ မိဂဒါဝုန်အဝင်ကို မော်တော်ကားလမ်းကသွားရင် ဘယ်ဘက်(လက်ဝဲဘက်) မှာပေါ့လေ။ အဲဒီမှာ စေတီပျက်ကြီး တစ်ဆူရှိတယ်။ စစ်ကိုင်းကောင်းမှု တော် စေတီကြီးလောက်ကို ရှိတယ်။ ခုတော့ စေတီကြီးက ပြိုကျနေ တာပါ။

အဲဒီ စေတီပျက်ကြီးရဲ့အပေါ်မှာ ရှစ်မြောင့်သဏ္ဌာန် အုတ်နဲ့ ဆောက်ထားတဲ့ အဆောက်အဦတစ်ခု ရောက်နေတာတွေ့ရတယ်။ ''အဲဒါ ဘာလဲ''လို့ လေ့လာကြည့်တော့ အစ္စလာမ်ဘုရင်တွေနဲ့ ဟိန္ဒူဘုရင်တွေ စစ်ဖြစ်ကြတဲ့အခါကျတော့ ဘုရင်တွေနဲ့ မဂိုဘုရင်တွေက ဘုရားစေတီ ဟောင်းကြီးရဲ့ အထက်မှာ စစ်ခံတပ်ကြီး ဆောက်လုပ်ထားကြတာဖြစ် ကြောင်း သွားတွေ့ရတယ်။

စေတီတော်ပေါ်မှာ စစ်ခံတပ်ကြီး ဆောက်ထားကြတယ်။ ခုထိ ပြန်ဖျက်ပစ်လို့ မရဘူး။ အဲဒါကို ဗုဒ္ဓဘာသာတွေကလည်း ''တို့နေရာ ဖြစ်တယ်၊ တို့ပိုင်တယ်''လို့ ပြောတယ်။

ဟိုက စစ်သမိုင်းပညာရှင်တွေကလည်း ''ဒါ စစ်ခံတပ်နေရာ'' လို့ အခိုင်အမာ ပြောနေကြတယ်။ ခုထိ ငြင်းနေကြတာ မပြီးသေးဘူး။

အဲဒီလို ဝေဠုဝန်ကျောင်းရဲ့ အင်္ဂါထောင့်က စေတီပျက်က ဘာ စေတီမှန်း၊ ဘယ်နေရာမှန်း မသိရတာတွေ၊ ကောင်းမှုတော်လောက်ကြီးတဲ့ စေတီတော်နေရာပေါ်မှာ ခံတပ်ဆောက်ထားတာကို ''တို့နေရာပါ''လို့ လက်ဆုပ်လက်ကိုင် မပြောနိုင်ကြတာတွေဟာ အဲဒီစေတီ၊ အဲဒီနေရာ တွေမှာ ခိုင်မာတဲ့ ကျောက်စာတိုင်ကြီးတွေ မှတ်တိုင်ကြီးတွေ မစိုက်ထူ ထားခဲ့ကြလို့ပါပဲ။

## အမျိုးအကျိုး ဆောင်သူတွေ

**ရုက္ခာ ဖလန္တိ ပရောပကာရဋ္ဌာယ။**

သစ်ပင်တွေဟာ သူတစ်ပါးတွေကို ကျေးဇူးပြုဖို့အတွက် သီးလာကြတာဖြစ်တယ်။ သစ်ပင်တွေဟာ သူတစ်ပါးတွေအတွက် သီးတာပါ။ သူတို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် ဘာတစ်ခုမှ မပါပါဘူး။ ဒါ ရှေးသူဟောင်းတွေဆိုတဲ့ စကား။

**ဂါဝေါ ဒုဟန္တိ ပရောပကာရဋ္ဌာယ။**

နွားမတွေကနေ နို့ရည်တွေ တဒီးဒီး ထွက်ကျစီးဆင်းပေးတာ သူတို့ သောက်ဖို့ မဟုတ်ပါဘူး။ နွားထီးတွေက ပခုံးပွန်းအောင် ထွန်ပေးကြတယ်။ ယက်ပေးကြတယ်။ ဆန်တွေ၊ စပါးတွေ၊ ဂျုံတွေ၊ ပဲတွေ၊ နှမ်းတွေ အကုန်ထွက်အောင် လုပ်ပေးကြတယ်။ အဲဒီလို သီးနှံတွေ အကုန်ထွက်အောင် ဒီနွားထီးတွေက ပခုံးအပွန်းခံပြီး ထွန်ယက်ပေးကြပေမယ့် သူတို့အတွက်တော့ ဘာတစ်ခုမှ မပါကြပါဘူး။ သူတို့က ရိုးပြတ်ကောက်ရိုး ဒါပဲ စားကြတာပါ။

**နဇ္ဇော သန္ဒန္တိ ပရောပကာရဋ္ဌာယ၊**

မြစ်တွေ၊ ချောင်းတွေဟာ သူတို့သောက်ဖို့အတွက် ရေတွေကို အလျှဉ်မပြတ် စီးဆင်းပေးနေကြတာ မဟုတ်ပါဘူး။ သတ္တဝါတွေ အားလုံး သောက်ကြဖို့၊ သုံးကြဖို့၊ ချိုးကြဖို့၊ လျှော်ကြ ဖွပ်ကြဖို့၊ ဆေးကြကြောကြဖို့ ရေတွေကို တသွင်သွင် စီးဆင်းပေးနေကြတာပါ။

အဲဒီတော့ အသိဉာဏ်အလွန်နည်းတဲ့ နွားတွေက ပခုံးနှစ်ဘက် အပွန်းခံပြီး အသက်စွန့်ရတဲ့အထိ ထွန်ယက်လုပ်ကိုင်ပြီး လူတွေရဲ့ အကျိုးကို ဆောင်သလို၊ နွားမတွေက လူတွေအတွက် နို့ရည်တွေ တဒီးဒီး ယိုစီးကျဆင်းပေးသလို၊ မြစ်တွေ ချောင်းတွေက သက်ရှိသတ္တဝါတွေ အားလုံးအတွက် မြစ်ရေ ချောင်းရေတွေ တသွင်သွင် စီးဆင်းပေးနေသလို လောကမှာ လူကောင်းသူကောင်း သူတော်ကောင်းမှန်တဲ့ ပုဂ္ဂိုလ်တွေဟာလည်း အများကောင်းကျိုးကို သယ်ပိုးဆောင်ရွက်သင့်ကြတယ်။

ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ်မဲ့တဲ့ မြစ်တွေ ချောင်းတွေ၊ သစ်ပင်တွေ၊ အသိဉာဏ်နည်းတဲ့ နွားတွေကတောင် သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး အများအကျိုးဆောင်

နိုင်ရင် အသိဉာဏ် အလွန်တရာ ကြီးပါတယ်ဆိုတဲ့ လူသားတွေအနေနဲ့ ဒီထက်ပိုပြီး အများကောင်းကျိုး လုပ်ဆောင်သင့်ကြတယ်။ ဒါပေမဲ့ တချို့တွေများကျတော့ ငါ့ဖို့သာ အဓိကကျတယ်ဆိုတဲ့ ဝါဒနဲ့ ကိုယ်ကျိုးရှာလွန်းတဲ့ အတ္တသမားတွေဟာလည်း ဒုနဲ့ ဒေးပဲ။

အဲဒါကြောင့် လူတွေဟာ အများကောင်းကျိုးအတွက် အလုပ်မလုပ်ကြဘဲ ကိုယ့်အတွက်ချည်းပဲ အလုပ်လုပ်နေကြမယ်ဆိုရင် ပွင့်ပွင့်လင်းလင်း ပြောကြရရင် အဲဒီနွားတွေ၊ သစ်ပင်တွေလောက်တောင်မှ ဘဝမှာ မမြင့်မြတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ကို သက်ရောက်နေပါတယ်။

နွားတွေဟာ အသိဉာဏ် ဘာမှ မရှိကြပါဘူး။ ဒါပေမဲ့ သူတို့ လုပ်ပေးသမျှဟာ သူတစ်ပါးအတွက်တွေချည်းပါပဲ။ နွားမတွေကနေ နို့ရည်တွေ ထုတ်ပေးနေတာလည်း သူတစ်ပါးအတွက်ချည်းပါပဲ။

ဒါပေမဲ့ လူတွေလို အသိဉာဏ် မရှိတဲ့အတွက်သာ သူတို့မှာ ကုသိုလ်မဖြစ်ကြတာပါ။ လူလိုသာ အသိဉာဏ်ရှိရင် ဒီသတ္တဝါတွေ (ဒီသစ်ပင်တွေ)ဟာ သိပ်ကုသိုလ်ရကြမှာပေါ့။

## လူဆိုတဲ့ အဓိပ္ပာယ်

ဒီတော့ လူရဲ့အဓိပ္ပာယ်က ဘာလဲ။

"အသိရှိလို့ သတ္တဝါမျိုးကို လူလို့ ခေါ်ပါတယ်"

၁။ **သကတ္တနဲ့ ပရတ္တကို** သိတာ လူဖြစ်တယ်။
မိမိအကျိုး၊ သူတစ်ပါးအကျိုး ဒီ နှစ်မျိုးကို သိတာဟာ လူပါပဲ။

၂။ **အတ္တနဲ့ အနတ္တကို** သိတာလည်း လူပဲ ဖြစ်ပါတယ်။
ဒါကတော့ အကျိုးရှိတယ်။ ဒါကတော့ အကျိုးမဲ့ဖြစ်တယ်။ ဒီလို ခွဲခြားသိတတ်သူကို လူလို့ခေါ်ရပါတယ်။

၃။ **ပုညနဲ့ ပါပကို** သိတာ လူ။
ကောင်းမှုနဲ့ မကောင်းမှု၊ ကုသိုလ်နဲ့ အကုသိုလ် ဒါတွေကို ခွဲခြမ်းစိတ်ဖြာပြီး သိတတ်တဲ့ အသိဉာဏ်ရှိရင် အဲဒါ လူပါပဲ။

၄။ **ကာရဏနဲ့ ဖလကို** သိသူဟာ လူဖြစ်တယ်။
အကြောင်းနဲ့ အကျိုးကို သိတာကို ခေါ်တာပါ။

အဲဒီလို...

၁။ မိမိအကျိုးနဲ့ သူတစ်ပါးအကျိုး၊

၂။ အကျိုးရှိနဲ့ အကျိုးမဲ့၊

၃။ ကောင်းမှုနဲ့ မကောင်းမှု၊

၄။ အကြောင်းနဲ့ အကျိုး။

ဒီ အစုံအစုံသော တရား လေးမျိုးကို သိတတ်တဲ့အတွက်ကြောင့် "လူ" လို့ ခေါ်ရပါတယ်။

ဒါဟာ "လူ" ဆိုတဲ့ သတ္တဝါရဲ့ အဓိပ္ပာယ်ပဲ။ အဲဒီလောက်မှ မသိတတ်ရင် အသိဉာဏ်မရှိရင် အဲဒီသူမှာ လူ့ဘဝအဓိပ္ပာယ် မပြည့်စုံနိုင်ဘူး။

## လုပ်ကျွေးရဲ့သားနဲ့ ကုသိုလ်မရတာ ဘာ့ကြောင့်လဲ

အဲဒီတော့ တိရစ္ဆာန်မှာ အဲဒီလို အသိမျိုး လုံးလုံးရနိုင်ခွင့် မရှိကြလေတော့ သူတို့ဟာ ပခုံးပွန်းရုံမကလို့ တစ်ကိုယ်လုံးမှာရှိတဲ့ အသားတွေကိုပါ လူတွေကို ကျွေးလိုက်ရစေကာမူ တိရစ္ဆာန်တွေမှာ ကုသိုလ်ဖြစ်ခွင့် မရကြတော့ဘူး။

နွားတွေဟာ တစ်နေကုန်တစ်နေခန်း လယ်ထဲ ယာထဲမှာ ရုန်းကန်ထွန်ယက်ပြီး လူတွေကို ကျွေးမွေးကြတယ်။ ပခုံးပွန်းအောင် ထွန်ယက်ပြီး ကျွေးကြတယ်။ ဝန်ထုပ်ဝန်ပိုးတွေကိုလည်း ထမ်းပြီးပေးကြ၊ ကျွေးကြသေးတယ်။ နောက်ဆုံး မရုန်းနိုင်တော့ ဒီလူတွေက နွားတွေကို သတ်ပြီး စားပစ်လိုက်ကြသေးတယ်။

ဒါတောင် ဒီသတ္တဝါတွေမှာ "ကုသိုလ်ဖြစ်သလား" ဆိုတော့ သူတို့မှာ အသိမရှိလို့ ကုသိုလ်မဖြစ်ကြရှာဘူး။ လူ့လောကကို ကျေးဇူးပြုတာကတော့ အမှန်ပဲ။ ဒါပေမဲ့ ဒီသတ္တဝါတွေဟာ လူ့လောကကို ကျေးဇူးပြုတယ်လို့ သိတတ်တဲ့ပုဂ္ဂိုလ်ကလည်း ကမ္ဘာမှာ နည်းနည်းပဲရှိတယ်။

ဒီတော့ ဆိုလိုတာက "လူတွေဟာ အဲဒီနွားတွေ၊ ကျွဲတွေ၊ သစ်ပင်တွေလို ကိုယ့်အသက်ကို စွန့်ပြီးတော့ အသွေးအသားကို စွန့်ပြီးတော့ သူတစ်ပါးတို့အတွက် ကျေးဇူးပြုကို ပြုရမယ်လို့တော့ ဒီလို မဆိုလိုပါဘူး။ ဒါပေမဲ့ မြေကြီးပေါ်ရောက်လာတဲ့ ဒီလူဟာ ကိုယ့်ရဲ့ တစ်ဘဝတာ

အတွက်လေး ကွက်ကွက်လေး အလုပ်လုပ်ရုံနဲ့ ခေတ်စကားနဲ့ပြောရရင် တာဝန်ကျေသူ တစ်ယောက် မဖြစ်နိုင်ဘူး။ သူတစ်ပါး အကျိုးစီးပွားကို များများကြီး ကျေးဇူးပြုနိုင်ပါမှ လူဟာ သူ့တာဝန်ကို ကျေအောင် ထမ်းရာရောက်တာ။

## လူ့တာဝန်ကျေအောင် လုပ်ကြတာ

လူဟာ တစ်ယောက်တည်း ကမ္ဘာကြီးထဲမှာ နေလို့မရဘူး။ ရှေးတုန်းက အနေအထားမှာရော အခုအနေအထားမှာပါ ကိုယ့်ပတ်ဝန်းကျင်နဲ့ အပြန်အလှန် ဆက်သွယ်မှီခိုနေကြရတာပါ။

အဲဒီတော့ အပြန်အလှန် ဆက်သွယ်မှီခိုနေကြသူအချင်းချင်းဟာ အပြန်အလှန် ကျေးဇူးပြုပါမှ ဘဝမှာ တာဝန်ကျေပွန်တယ်လို့ ဒီအဓိပ္ပာယ်ကို မြတ်ဗုဒ္ဓကလည်း "**လောကတ္ထစရိယ**"မှာ အကျယ်တဝင့် ဟောထားတာ ရှိပါတယ်။

အသိဉာဏ်ရှိတဲ့ လူတွေဟာ ကိုယ်ရရှိထားတဲ့ အကျိုးစီးပွားကို သူတစ်ပါးတွေနဲ့ ဝေငှပြီး စားနိုင်ပါမှ ဘဝမှာ တာဝန်ကျေပါတယ်။ ဒါမှလည်း မြတ်ဗုဒ္ဓရဲ့ အလိုတော်ကျ ဖြစ်မှာမို့ ပရိသတ်ကို ဒါ တိုက်တွန်းပါတယ်။

ဒီကနေ့ မန္တလေးမြို့ ကျောင်းဒကာကြီး ဦးသာဌေး + ကျောင်းအမကြီး ဒေါ်သန်း၊ (သမီး) ဒေါ်မြင့်မြင့်တို့က ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဦးခေါင်းချတော်မူရာ အန္တိမစျာပန ပြာချရာနေရာမှာ သံဝေဇနိယဌာနအဖြစ် ကျောက်တိုင်စိုက်ထူ လှူကြတာ သာမညလောက်ပဲလို့ တွေးရင် မှားပါလိမ့်မယ်။

မိမိအကျိုးနဲ့ သူတစ်ပါးအကျိုး၊ အကျိုးရှိနဲ့ အကျိုးမဲ့၊ ကောင်းမှုနဲ့ မကောင်းမှု၊ အကြောင်းနဲ့ အကျိုး ဒါတွေကို သိတတ်တဲ့လူဆိုတာက လောကမှာရှိတဲ့ လူသားတွေရဲ့ အသိဉာဏ်ဓာတ်ကို ပွင့်လင်းစေမယ့် ဒီလို အလုပ်မျိုးကို လုပ်ရတာဟာ အလွန် ဂုဏ်ယူထိုက်တဲ့ကိစ္စ ဖြစ်တယ်။

"တို့မှာ ငွေပြည့်စုံလို့ လှူတာပဲ" ဆိုတဲ့ အသိဉာဏ်ထက် "တစ်လောကလုံးကို ဉာဏ်မျက်လုံးပေးဖို့ ဒီနေ့ ငါတို့လှူကြတာ" လို့ ဆိုရင် အဓိပ္ပာယ်ဟာ လေးနက်သွားမယ်။ အဓိပ္ပာယ်လေးနက်ရင် ဒီ

ကောင်းမှုဟာလည်း အလွန်မြင့်မြတ်တဲ့ ကောင်းမှုတစ်မျိုး ဖြစ်သွားပါလိမ့်မယ်။

## အသောကမင်းရဲ့ သာသနာပြုပုံတွေ

အသောကမင်းတရားရဲ့ သာသနာပြုပုံတွေကို ကြည့်ပါ။ မြတ်ဗုဒ္ဓနဲ့ စပ်တဲ့ နေရာတွေမှာ အသောကမင်းတရားဟာ အထိမ်းအမှတ်ကျောက်တိုင်ကြီးတွေ အကြီးအကျယ်စိုက်ထူပြီး မှတ်တမ်းတင်ပစ်ခဲ့တယ်။

❒ မြတ်စွာဘုရား ဖွားတော်မူတဲ့နေရာ။

❒ မြတ်စွာဘုရား ဘုရားဖြစ်တော်မူတဲ့နေရာ။

❒ မြတ်စွာဘုရား ဓမ္မစကြာကို စတင်လှည့်တော်မူတဲ့နေရာ။

❒ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့နေရာ။

ဒါ့အပြင် မြတ်စွာဘုရားနဲ့ပတ်သက်တဲ့ ဘယ်အရပ် ဘယ်နေရာမဆိုပေါ့လေ၊ နှစ်ပေါင်းကလည်း ၂၅၀၀ ကျော်လာခဲ့ပြီဆိုတော့ ဒီလောက်ကြာညောင်းတဲ့ ကာလခရီးရှည်ကြီးကိုလည်း ရောက်ရော၊ ''ဒီနေရာဟာ သိဒ္ဓတ္ထမွေးတဲ့ နေရာပဲ''လို့ (ပုံမှန်အားဖြင့်) ဘယ်သူမှ မသိနိုင်ကြတော့ဘူး။

ဒီတော့ အသောကမင်းတရားက ဒါတွေကို နောက်နောင်းလူတွေ သိရစ်ကြရလေအောင်ဆိုပြီးတော့ ပေ ၃၀၊ ပေ ၄၀၊ ပေ ၅၀ မြင့်မားတဲ့ ကျောက်တိုင်ကြီးတွေ စိုက်ထူထားခဲ့တယ်။ အဲဒီ ကျောက်တိုင်ကြီးတွေမှာပဲ ကျောက်သားကို ထွင်းထုပြီး ကျောက်စာတွေ ရေးပစ်ခဲ့သေးတယ်။

''ဒီနေရာဟာ သကျမုနိ သဒ္ဓတ္ထဂေါတမရဲ့ ဖွားရာမြေဖြစ်တယ်'' လို့ ကျောက်စာတွေ ရေးထားလိုက်သေးတယ်။ အပြည့်အစုံ ပြောရရင်တော့ ''ငါသည် အဘိသိက်ခံယူပြီး၍ (၂၁)နှစ်ကြာသောအခါ သကျမုနိ ဂေါတမ သိဒ္ဓတ္ထဖွားရာ လုမ္ဗိနီဂါမသို့ ရောက်ခဲ့သည်''လို့ ရေးပစ်ခဲ့တာ ဖြစ်ပါတယ်။

အဆောက်အဦတွေ ဘာတွေ ဆောက်တာက ရိုးသွားပြီ။ အသောကမင်းတရားကတော့ ကျောက်တိုင်ကြီးတွေ စိုက်ထူတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးတဲ့နောက် နှစ်ပေါင်း (၂၃၀) ကျော်ကျော်လောက်မှာ အိန္ဒိယမှာ မြတ်စွာဘုရားရဲ့ သာသနာဟာ တဖြည်းဖြည်း ကွယ်ပသွားတယ်။ တိတိကျကျ ပြောရမယ်ဆိုရင် မြတ်ဗုဒ္ဓ

ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက်နှစ်ပေါင်း (၁၈၀၀) ကြာတဲ့အခါ အိန္ဒိယ ပြည်ကြီးမှာ ဗုဒ္ဓဘာသာဟာ လုံးဝနီးပါးလောက် ကွယ်ပျောက်သွားခဲ့ ရတယ်။

## အသောကရဲ့ ကျေးဇူးတရားကြောင့်

ဟိုအနောက်ဘက် တူရကီနိုင်ငံဘက်ကနေပြီးတော့ အစ္စလာမ် ဘာသာဝင်တွေက အိန္ဒိယပြည်ကြီး တစ်ပြည်လုံးကို ဝင်ရောက်တိုက်ခိုက်ပြီး တော့ တစ်ပြည်လုံးကို ဖျက်ဆီးပစ်လိုက်ကြတဲ့အခါမှာ ဗုဒ္ဓဘာသာ ဘုရား ကျောင်းကန်တွေဟာ အများဆုံး အဖျက်ဆီးခံခဲ့ရတယ်။

အဲဒီလို ဘုရားကျောင်းကန်တွေ ကွယ်ပျောက်သွားကြပေမယ့် အသောကမင်းတရားရဲ့ ကျောက်စာတိုင်ကြီးတွေကတော့ ကျန်ရစ်နေခဲ့ကြ တယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၅၀၀ ပြည့်တဲ့အခါ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့်ပွဲတော်ကြီးကို ကမ္ဘာနဲ့အဝန်း ကြွေးကြော်ပြီး အခမ်းအနား ကြီးကို အကြီးအကျယ် ကျင်းပတယ်။ အဲဒီအချိန်မှာ အိန္ဒိယပြည် ဝန်ကြီးချုပ် ပဏ္ဍိတ်နေရူးနဲ့ မြန်မာပြည်က ဝန်ကြီးချုပ် ဦးနုတို့ နှစ်ယောက် သားတိုင်ပင်ပြီး အဲဒီ မြတ်ဗုဒ္ဓနဲ့စပ်တဲ့ နေရာတွေ အကုန်ပြန်ဖော်ထုတ်တာ၊ လမ်းတွေ ဖောက်တယ်။ ဟောင်းနွမ်းပျက်စီးနေတာတွေ အားလုံး ပြန်ဖော် ထုတ်တယ်။

မြေကြီးအောက်ရောက်အောင် နစ်မြုပ်ပျောက်ကွယ်နေတာတွေပါ ပြန်တူးဖော်လို့ ပြန်လည်ပေါ်လာရော **"ဒါဟာ မြတ်ဗုဒ္ဓဖွားရာ မြေအစစ်ပဲ"** ဆိုတာ သိခွင့်ရကြလို့ ဒီကနေ့ ဗုဒ္ဓဘာသာဝင်တွေ အားလုံး အားပါးတရ ဖူးမြော်ကြည်ညိုခွင့် ရကြတယ်။

ဒါ အသောကမင်းတရားကြီး စိုက်ထူခဲ့တဲ့ မှတ်တိုင်ကြီးတွေရဲ့ ကျေးဇူးပါပဲ။ တကယ်လို့ အသောကမင်းတရားကြီးသာ အထိမ်းအမှတ် ကျောက်စာတိုင်ကြီးတွေ စိုက်ထူမထားခဲ့ဘူးဆိုရင် "ဇေတဝန်ကျောင်းက ဘယ်နေရာမှာလဲ"၊ "ဝေဠုဝန်ကျောင်းက ဘယ်နေရာမှာလဲ"လို့ ဘယ်သူမှ သိနိုင်မှာမဟုတ်တော့ဘူး။

အုတ်ကျိုး အုတ်ပဲ့ အဟောင်းတွေကို "ဒါတွေဟာ ဘုရား ကျောင်းကန်တွေပဲ" လို့ ဘယ်သူမှ မသိနိုင်ကြတော့ဘူး။ မှတ်တိုင်ကြီးတွေ

ရှိလို့သာ ဒီကနေ့ လက်ဆုပ်လက်ကိုင် ပြောနိုင်ကြတာ။ ဒီလို မှတ်တိုင်ကြီး တွေကိုကြည့်ပြီး . . .

"ဒီနေရာက မြတ်ဗုဒ္ဓ ဖွားရာမြေ"

"ဒီနေရာက မြတ်ဗုဒ္ဓ ဘုရားဖြစ်ရာမြေ"

"ဒီနေရာက မြတ်ဗုဒ္ဓ ဓမ္မစက်ကို စတင်လှည့်ရာမြေ"

"ဒီနေရာက မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံရာမြေ"

လို့ သိခွင့်ရကြတယ်။ ဒီလို သိခွင့်ရလိုက်တော့ ဘာကျေးဇူးများ ရှိပါသလဲဆိုတော့ ဘုရားရှင်ကိုယ်တော်တိုင် ပရိနိဗ္ဗာန်မစံခင် အင်ကြင်း ပင်ရိပ်မှာ ပြောသွားခဲ့တဲ့ စကားတော်ရှိတယ်။

## တန်ဖိုးမဖြတ်နိုင်တဲ့ ကောင်းမှု

"အာနန္ဒာ . . . ဘယ်လိုမှ မမေ့ကောင်းတဲ့ နေရာ လေးခုရှိတယ်။ အဲဒီ မမေ့ကောင်းတဲ့ နေရာလေးခုကို တကယ် မမေ့ဘဲ ရှိခိုးပူဇော် ဖူးမြော် ကြသူတွေဟာ ကုသိုလ်အကြီးအကျယ် တိုးတက်ကြီးပွားနိုင်တယ်"

"အာနန္ဒာ . . . အဲဒီနေရာတွေကတော့ . . .

၁။ ဘုရားဖွားမြင်တော်မူတဲ့နေရာ။

၂။ ဘုရား ဘုရားဖြစ်တော်မူတဲ့နေရာ။

၃။ ဘုရား ဓမ္မစက်ကို စတင်လှည့်လည်တော်မူတဲ့နေရာ။

၄။ ဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့နေရာတွေပဲ ဖြစ်တယ် အာနန္ဒာ"

အဲဒီ နေရာလေးခုကို သဒ္ဓါတရားကောင်းတဲ့ လူတွေ ရောက်ကြ မယ်ဆိုရင် ပန်းလေးတစ်ပွင့်၊ ရေလေးတစ်ခွက်၊ လက်အုပ်လေး တစ်ခါချီပြီး တော့ ငါဘုရားရဲ့ ဂုဏ်တော်ကို ပူဇော်လိုက်တာနဲ့ ဒီပုဂ္ဂိုလ်အတွက် ဒီကောင်းမှုဟာ နတ်ပြည်ခရီးအတွက် လုံလောက်တယ်" လို့ ဘုရားက ဒီလိုပြောဖူးတယ်။

ဒီလို နေရာဌာနကြီးတွေကို ဒီကနေ့ သိခွင့်ရတာက ဘာကျေးဇူး များသလဲလို့ မေးရင် တိုအောင်ပြောရရင်တော့ "သိရတဲ့ ပုဂ္ဂိုလ်တွေအတွက် နတ်ပြည်ခရီး နတ်ပြည်စောင်းတန်း လှေကား တည်ဆောက်ပြီးသား ဖြစ်တယ်" လို့ ဒီလိုပဲ ပြောရမှာပါ။

ဒါကြောင့် ရှေးဟောင်း ဘုရားနဲ့ပတ်သက်တဲ့နေရာတွေ ပြန်လည်ဖော်ထုတ်ပြီးတော့ မှတ်တိုင်ကြီးတွေစိုက်၊ ကျောက်တိုင်ကြီးတွေစိုက်၊ ကျောင်းကန် ဘုရားတွေ တည်ကြတယ်ဆိုတာဟာ ဟောဒီ လောကမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက သမိုင်းပညာရှင်တွေအတွက်ပါ အလွန်တရာ တန်ဖိုးမဖြတ်နိုင်တဲ့ မှတ်တမ်းတွေကို ပြန်လည်ဖော်ထုတ်ပေးတာဖြစ်ခြင်းကြောင့် "လှူရတဲ့ အလှူဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ကောင်းမှုမျိုးဖြစ်တယ်" လို့ ဘုန်းကြီးတို့က ဒီလို ပြောချင်ပါတယ်။

အဲဒါကြောင့် . . .

- ❐ မြတ်ဗုဒ္ဓရဲ့ ဖွားရာမြေ **ဇာတဌာန = လုမ္ဗိနီ**။
- ❐ မြတ်ဗုဒ္ဓရဲ့ ဗောဓိဉာဏ်ကို ရရာမြေ = **အပရာဇိတနေရာ။ မဟာဗောဓိမဏ္ဍိုင်**။
- ❐ မြတ်ဗုဒ္ဓရဲ့ တရားဦးဟောတဲ့မြေ = **မိဂဒါဝုန်**။
- ❐ မြတ်ဗုဒ္ဓရဲ့ ပရိနိဗ္ဗာန်စံရာမြေ = **ကုသိနာရုံ**။

မြတ်ဗုဒ္ဓရဲ့ မမေ့နိုင်တဲ့ နေရာ လေးခု ရှိနေသေးသမျှ ကာလပတ်လုံး သွားပြီးတော့ ပူဇော်ကြ၊ ကြီးကျယ်တဲ့ ကုသိုလ်ထူးတွေရမယ်။

## အလေးအနက် ဂုဏ်ပြုပါတယ်

"ချစ်သား အာနန္ဒာ . . . ငါဘုရားမရှိတော့ဘူးဆိုပြီး ဖူးမြော်စရာ၊ ကြည်ညိုစရာ မရှိတော့ဘူး" လို့ မမှတ်လိုက်ကြနဲ့။ အဲဒီလေးနေရာ ရှိသမျှ ကာလပတ်လုံး ဘုရားဖူးဖို့ ရှိသေးတယ်။ ဒီ လေးနေရာ ဟောဒီကမ္ဘာမြေကြီးပေါ်က မပျောက်သေးသမျှ ကာလပတ်လုံး ဖူးမြော်စရာရှိတယ်။ ဘုရားကဲ့သို့ သဘောထားပြီး ဖူးမြော်ကြရမယ်။

ဒါပေမဲ့ ခုနကပြောသလို အသောကမင်းတရား ကျောက်တိုင်ကြီးတွေ စိုက်ထူခဲ့သလို မှတ်တိုင်ကြီးတွေ သေသေချာချာ ခိုင်ခိုင်မာမာ မစိုက်ထူနိုင်ဘူးဆိုရင် "ဒါဟာ မြတ်ဗုဒ္ဓနဲ့ပတ်သက်တဲ့ နေရာပဲ" လို့သာ မပြောနိုင်တော့ဘူးဆိုရင် ဘုန်းကြီးတို့တစ်တွေ ဘာကိုသွားပြီး ရှိခိုးကြတော့မတုန်း။

အသောကမင်းတရားကျေးဇူးနဲ့ ဘုန်းကြီးတို့ လုမ္ဗိနီမှာ ကျောက်တိုင်ကြီးရခဲ့တယ်။ အသောကမင်းကြီးကျေးဇူးနဲ့ ဗောဓိမဏ္ဍိုင်မှာ စေတီကြီး

ရခဲ့တယ်။ အသောကမင်းကြီးကျေးဇူးနဲ့ မိဂဒါဝုန်မှာ ခြင်္သေ့လေးစီးတပ်ထားတဲ့ ကျောက်တိုင်ကြီး ရခဲ့တယ်။ အသောကမင်းကြီးကျေးဇူးနဲ့ ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့နေရာမှာ ခြင်္သေ့တစ်စီးတပ်ထားတဲ့ ကျောက်တိုင်တစ်တိုင်နဲ့ စေတီတော်တစ်ဆူ ရခဲ့တယ်။

အဲဒီ မှတ်တိုင်တွေကြောင့် ဒီ လေးနေရာဟာ နှစ်ပေါင်း ၂၅၀၀ ကျော်ကြာတဲ့အထိ မပျောက်မပျက် သိရှိ ဦးခိုက် နေနိုင်ကြတာဟာ အသောကမင်းတရားရဲ့ ဒီကျောက်တိုင်ကြီးတွေရဲ့ ကျေးဇူးတရားတွေပါပဲ။

ဒီကနေ့ ကျေးဇူးတော်ရှင် ရွှေဟသ်ာဆရာတော်ဘုရားကြီး ဦးခေါင်းချတော် မူတဲ့နေရာမှာ ဆရာတော်ဘုရားကြီးရဲ့ ချစ်စွာသော တပည့်ဒကာ ဒကာမတွေက မှတ်တိုင်စိုက်ထူတယ်လို့ ဘုန်းကြီးတို့က သိရတော့ အလွန် အလေးအနက် ဂုဏ်ပြုပါတယ်။

## အားလုံးသာသနာ ထိန်းနိုင်ပါစေ

မမေ့အပ်တဲ့ နေရာကို မမေ့အပ်တဲ့ သူတွေအား ဘုန်းကြီးတို့က များစွာ ကျေးဇူးတင်ပါတယ်။ ဂုဏ်လည်းပြုပါတယ်။ အဲဒါကြောင့် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးကို ရိုသေမြတ်နိုးကြတဲ့ တပည့်၊ ဒကာ၊ ဒကာမ၊ ရဟန်း၊ သာမဏေ၊ သီလရှင် အားလုံးတို့ဟာ...

၁။ ရွှေဟင်္သာဆရာတော်ကြီး ဖွားသောနေရာ။

၂။ ရွှေဟင်္သာဆရာတော်ကြီး ရဟန်းဖြစ်တော်မူတဲ့နေရာ။

၃။ ရွှေဟင်္သာဆရာတော်ကြီး ဓမ္မစက်ကို လှည့်တဲ့နေရာ။

၄။ ရွှေဟင်္သာဆရာတော်ကြီး ဦးခေါင်းချ တေဇောဓာတ်လောင်တဲ့နေရာ

ဆိုတဲ့ ဒီ လေးနေရာကို မမေ့မပျောက်ရလေအောင် အားလုံးက သဒ္ဓါ၊ ဝီရိယ၊ အသိပညာ ထက်သန်စွာဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေ။ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ သာသနာ့တာဝန်ကို ဆတက်ထမ်းပိုး တိုးပြီးတော့ သည်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဘုန်းကြီးတို့ရဲ့ သံဝေဇနီယကထာကို နိဂုံးချုပ်ပါတယ်။

"သာသနာကို အားလုံး ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေ ကုန်သတည်း"

သာဓု - သာဓု - သာဓုပါ ဘုရား။

# သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏
# သီတဂူအဆိုအမိန့်များ

## သတိဂုဏ် အဆိုအမိန့်များ

### နိဗ္ဗာန်လမ်းကြောင်း

''သတိ''ဆိုတဲ့ ပရမတ္ထ တရားကလေးတစ်လုံးကို အလွန် တန်ဖိုးရှိတဲ့ တရားတစ်ခုအနေနဲ့ မြတ်စွာဘုရားက ဟောထားတယ်။

''သတိ''ဟာ ''အမတ''လို့ခေါ်တဲ့ နိဗ္ဗာန်ရဲ့အခြေခံအကြောင်း ရင်းကြီးပဲ။ နိဗ္ဗာန်သွားရာ လမ်းဖြောင့်ပဲ။ ''အမတ'' လို့ခေါ်တဲ့ နိဗ္ဗာန်ကို ရကြောင်းတရားဟာ ဒီ ''အပ္ပမာဒ'' ''သတိ'' တရားပဲ။

### ရောဂါပျောက်ဖို့ ဆေးသောက်ပါ

ဆရာဝန်ရဲ့ ဆေးကို ယုံကြည်ရုံနဲ့ ရောဂါမပျောက်ပါဘူး။ အဲဒီလိုပဲ ပိဋကတ်သုံးပုံဆိုတဲ့ ဆေးညွှန်းကိုတင်ပဲ ဖတ်ကြည့်ပြီး ကြိုက်ရုံနဲ့ မရဘူး။ ဝိပဿနာဆိုတဲ့ ဆေးကိုသောက်မှ နိဗ္ဗာန်ကိုရမယ်။

### နိဗ္ဗာန်နယ်လွယ်လွယ်နဲ့ သွားချင်သလား

''အပ္ပမာဒ''လို့ခေါ်တဲ့ ''သတိ''နဲ့သာ နေနိုင်ကြမယ်ဆိုရင် ''အမတ'' လို့ခေါ်တဲ့ နိဗ္ဗာန်ကို လွယ်လွယ်နဲ့ ရနိုင်စရာ အကြောင်းရှိ တယ်။

''အပ္ပမာဒ''တရားမရှိဘဲ ''သတိလက်လွတ်'' ဖြစ်မိရင်တော့ ''အမတ'' လို့ခေါ်တဲ့ နိဗ္ဗာန်နဲ့လည်း ဝေးတတ်တယ်။

### ဝိပဿနာသဘော

ဝိပဿနာဆိုတာ ကိုယ့်ကိုယ်ထဲမှာရှိတဲ့ အရှိတရားတွေကို အရှိ အတိုင်း မြင်အောင်ကြည့်ရတာ။

## အသက်ရှင်လျက် သေနေသူ

မေ့လျော့မှု "ပမာဒ"တရားလွှမ်းမိုးနေလို့ရှိရင် ဒီလူဟာ အသက်ရှင်ဆဲ ဖြစ်ပေမယ့် "သတိ"ကင်းလွတ်နေတဲ့အတွက် ကြောင့် အသက်ရှင်လျက်နဲ့ "သေနေတဲ့လူ" ပဲ ဖြစ်တယ်။

ဒီတော့ ဘဝမှာ ဘာ အရေးကြီးသလဲ?

"သတိ" သိပ် အရေးကြီးတယ်။

လောကကြီးဟာ လောဘ၊ တဏှာတွေ၊ ကာမဂုဏ် တရားတွေနဲ့ လွှမ်းမိုးနေလွန်းရင် မြတ်စွာဘုရားက ဈာန်ချမ်းသာနဲ့ နေသတဲ့။ ဒါဟာ လူမြတ်တို့ရဲ့ နေခြင်းပဲ၊ ဒီလိုနေနိုင်မှ လူစွမ်းကောင်း။

## ပိဋကတ်သုံးပုံ ငုံမိတဲ့တရား

ဘုရားရှင်ကိုယ်တော်မြတ် (၄၅)နှစ်တိုင်တိုင် ဟောတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အကုန်လုံးကို ခြုံငုံမိလောက်အောင် ပရိနိဗ္ဗာန်စံတော်မူခါနီးကျတော့ စကားတစ်လုံးတည်းသုံးပြီး မှာသွားတာ ရှိတယ်။ "**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ**" ဒီစကားလေးတစ်လုံး တည်းနဲ့ ပိဋကတ်သုံးပုံကို ငုံမိသွားတယ်။

## ဓမ္မဆိုတာ ဘယ်သောအခါမှ မဟောင်း

ဘုန်း၊ လက်ရုံး၊ သမ္ဘာ၊ တန်ခိုးအာဏာကြီးမားတဲ့ မင်းကြီးတို့ တည်ဆောက်တဲ့ နန်းတော်ကြီးတွေ နိုင်ငံတော်ကြီးတွေ ဆွေးမြေ့အိုဟောင်း သွားပေမယ့် ဘယ်တော့မှ မဟောင်းနိုင် မဆွေးနိုင်တာကတော့ ဓမ္မပဲ။

## ဘုရားရှင်၏ နောက်ဆုံးမှာတမ်း

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ နောက်ဆုံးမိန့်ခွန်းတော်ဟာ **အပ္ပမာဒ** တရားပဲ။

ဘုရားကို မမေ့ဘူး၊ တရားကို မမေ့ဘူး၊ သံဃာကို မမေ့ဘူး ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ နောက်ဆုံးမှာတမ်း စကားတော်လေးဖြစ်တဲ့ **အပ္ပမာဒ** တရားကိုလည်း မမေ့ဖို့ အရေးကြီးပါ သေးတယ်။

## ဗုဒ္ဓရဲ့ လောကတ္ထစရိယ

ချစ်သူ၊ မုန်းသူ၊ လူကောင်း၊ လူဆိုး၊ ဝေးသူ၊ နီးသူ၊ ဖြူသူ၊ မဲသူ၊ ကိုးကွယ်တဲ့ ဘာသာအမျိုးမျိုး၊ အသားရောင် အမျိုးမျိုး၊ လူမျိုး အထွေထွေ ဘယ်မျက်နှာမှ မကြည့်ဘဲနဲ့ အသက်ရှိသတ္တဝါအားလုံးရဲ့ ကောင်းကျိုးကို ငါ ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို **လောကတ္ထ စရိယ** လို့ ခေါ်တယ်။

## ဘုရားကို လေးစားကြည်ညိုတယ်ဆိုရင်

ဘဝတစ်လျှောက်လုံး ဘယ်လောက်ပဲ အဖိုးတန်တဲ့ စကားတွေ ပြောခဲ့ ပြောခဲ့၊ သူတို့ နောက်ဆုံးပြောသွားတဲ့ စကားလေးတွေဟာ ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရင်ထဲ နှလုံးသားထဲမှာ စွဲပြီးတော့ ကျန်ရစ်တယ်။ နောက်ဆုံးမှာတာလေးတွေကို အထူးမှတ်သားပြီး လေးစားလိုက်နာကြရတယ်။ ဒီတော့ ဘုရားကို တကယ်လေးစားကြည်ညိုပါတယ်ဆိုရင် ဘုရား နောက်ဆုံးမှာသွားတဲ့ **အပ္ပမာဒ** တရားနဲ့ နေကြရမယ်။

ကိုယ်မှာလည်း စည်းကမ်းနဲ့၊ နှုတ်မှာလည်း စည်းကမ်းနဲ့ဆိုပြီး ကိုယ်၊ နှုတ်နှစ်ပါးကို စည်းကမ်းတကျ ထိန်းသိမ်းတာကို သီလလို့ ခေါ်တယ်။

## အသက်ရှည်လိုခြင်းရဲ့ အဓိပ္ပာယ်

လူတွေ အသက်ရှည်ချင်ကြတယ် လို့ ဆိုကြတယ်။

ဘာကြောင့် အသက်ရှည်ချင်ကြသလဲ? လို့ ကိုယ့်ကိုယ်ကို မေးခွန်းလေးများ ထုတ်ကြည့်ကြပါဦး။ ပစ္စက္ခဘဝမှာ ကာမဂုဏ်တွေနဲ့ ပျော်ပျော်လေး နေချင်လို့လား? အများကောင်းကျိုး၊ လောကကောင်းကျိုးကို ဆောင်ရွက်ချင်လို့လား? ဒါမှမဟုတ် သံသရာဝဋ်က လွတ်အောင် ရုန်းဖို့လား? ကိုယ့်ကိုကိုယ် မေးကြည့်ပါဦး?

## ဝစီကံ မင်္ဂလာရှိပါစေ

မှန်တာပြော၊ ရိုးရိုးသားသားပြော၊ ယဉ်ယဉ်ကျေးကျေးပြော၊ အကျိုးရှိတဲ့ စကားပြော၊ ချစ်ခင်ညီညွတ်မှုရှိမယ့် စကားကို ပြောရမယ်။

## ကာမဂုဏ်ချမ်းသာ ခံစားတယ်ဆိုတာ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာ အာရုံငါးမျိုးကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတဲ့ ဒွါရငါးပေါက်ကနေ ခံစား၊ သာယာနေတာကို "ကာမဂုဏ် ချမ်းသာကို ခံစားတာလို့" ခေါ်ရတယ်။

## မင်္ဂလာရှိအောင်နေပါ

မင်္ဂလာဆိုတာ နေထဲကလည်း ဆင်းမလာဘူး။ လထဲကလည်း ဆင်းမလာဘူး၊ သိကြားဗြဟ္မာတွေကလည်း မပေးဘူး၊ ကိုယ့်ရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာကသာလျှင် ကိုယ့်ကိုပေးတာဖြစ်တယ်။

## ကာမချမ်းသာလို့ ထင်ရပေမယ့်

မနက်မိုးသောက် အလင်းရောက်ချိန်ကနေပြီးတော့ ညနေ နေဝင် မိုးချုပ်တဲ့အထိ အရပ်လေးမျက်နှာ ပြေးလွှားပြီး ရန်သူမျိုးငါးပါးတို့ရဲ့ ကြားကနေ ပြေးလွှားရှာဖွေရတဲ့ ဒုက္ခဟာ သေးတာမဟုတ်ဘူးနော်။

ဟော- ရလာပြန်တော့လည်း "ဒီပစ္စည်းတွေ ငါပိုင်ပြီ"လို့ ဆုံးဖြတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒါတွေကို မပျောက်ပျက်အောင် စောင့် ရှောက်ရမယ့် တာဝန်တွေ ပိုလာတယ်။ မရသေးရင် ရအောင်ရှာ၊ ရပြီဆိုရင် လုံအောင်စောင့်၊ ဘယ်မှာလဲ ကာမချမ်းသာ။

## စိတ်ရဲ့ပွဲ့ကိုင်

မျောက်နဲ့ တူတဲ့စိတ်ကို စည်းကမ်းတကျဖြစ်အောင် ယဉ်ကျေး အောင် လုပ်ဖို့နည်းဟာ "သမာဓိ" ဆိုတာပဲ ရှိတယ်။ ကဏှဇာတ်တော် မှာ ပါဠိတော်တစ်ပိုဒ်ရှိတယ်။

"ပဥ္စန္နံ ဝေရာနံ သာတေရဏာဘာဝေန ဟိ အသာရဿ ဓနဿ ဒါနံနာမ သာရော"

ရန်သူမျိုးငါးပါးနဲ့ အမြဲမပြတ် ဆက်ဆံနေနေရတဲ့အတွက်ကြောင့် အနှစ်သာရရှာမရတဲ့ စီးပွားဥစ္စာရဲ့ အနှစ်သာရဆိုတာဟာ "ဒါန"တရား ပါပဲတဲ့။

## ချစ်တတ်ပါစေ

ကျယ်ကျယ်ပြန့်ပြန့် ချစ်တာမှ မေတ္တာ၊ မေတ္တာမှာ ချစ်သူ၊ မုန်းသူ၊ ရန်သူ၊ မိတ်ဆွေ၊ လူကောင်း၊ လူဆိုး၊ ဝေးသူ၊ နီးသူ မရှိဘူး။

## စီးပွားအနှစ်ချုပ် ဒါနထုပ်

မရသေးရင် ရအောင်ရှာရတဲ့ဒုက္ခ၊ ရပြန်တော့ မပျောက်ပျက်အောင် စောင့်ရှောက်ရတဲ့ ဒုက္ခ၊ စောင့်ရှောက်နေတဲ့ ကြားထဲကနေပဲ ရန်သူမျိုးငါးပါး နှိပ်စက်လို့ ကုန်ခန်းပျက်စီးရတော့မယ်။

ဒုက္ခတွေ မတွေ့ကြုံချင်ဘူး၊ သေရာပါအောင် အနှစ်ချုပ်ပြီး "အထုပ်" ထုပ်ချင်ပါတယ်ဆိုရင်တော့ "ဒါန" ကောင်းမှုပြုထားလိုက်ပေတော့။

## ဒါတွေထိန်းချုပ် ဒါတွေပယ်နုတ်

ကိုယ်နှုတ်ကထိန်းတာ **သီလ**၊ ကိုယ်ကျင့်တရား၊ ဒေါသကို ပယ်နုတ်တာ **မေတ္တာ**၊ သောကကို ပယ်နုတ်တာ**ကရုဏာ**၊ ဣဿာကို ပယ်နုတ်တာ **မုဒိတာ** ဒီလိုသိရမယ်။

## ဒါနထုပ်လို့ တဏှာချုပ်

ဒါနကောင်းမှုပြုပြီး စီးပွားဥစ္စာကနေ ဒါနအနှစ်ထုတ် ယူထားလိုက်ပြီဆိုရင် အဲဒီ စီးပွားဥစ္စာတွေပေါ်မှာ တွယ်တာမက်မောနေတဲ့ တဏှာလောဘ အပူဓာတ်တွေလည်း ချုပ်ငြိမ်းသွားတယ်။

ဒါတွေ မပျောက်ပျက်အောင် စောင့်ရှောက်ရတဲ့ ဒုက္ခတွေမှလည်း လွတ်သွားမယ်။

ကာမဂုဏ်ချမ်းသာဟာ ဘယ်လောက်ပဲ ချမ်းသာပါတယ်လို့ ပြောနေ ပြောနေ။ တကယ်တမ်း သေသေချာချာ စိစစ်ကြည့်လိုက်ရင်

(၁) ရှာဖွေနေရတဲ့ ပရိယေသန ဒုက္ခရယ်

(၂) စောင့်ရှောက်နေတဲ့ အာရက္ခ ဒုက္ခရယ်

ဒီဒုက္ခကြီးနှစ်ပါးက အမြဲနှိပ်စက်နေတာကြောင့် ကာမချမ်းသာဆိုတာဟာ ဘာမှ အရသာမရှိတဲ့ ချမ်းသာကြီးပဲ။

## ကာမချမ်းသာနဲ့ အစွန်းနှစ်ဖက်

ကာမချမ်းသာနဲ့ ပြည့်စုံနေရင် ရရှိနေရင် ကျေနပ်တယ်ဆိုတဲ့ **လောဘ အစွန်း** ဝင်လာတယ်။ ရှာလို့ဖွေလို့ မရရင်ဘဲဖြစ်ဖြစ်၊ စောင့်ရှောက်တဲ့အတိုင်း မလုံခြုံလို့ပဲဖြစ်ဖြစ်၊ ဘေးရန်တွေနဲ့ ကြုံလာရရင်ပဲ ဖြစ်ဖြစ် "မကျေနပ်ဘူး" ဆိုတဲ့ **ဒေါသ အစွန်း** ဝင်လာတယ်။

အဲဒီလို လောဘ၊ ဒေါသ (ကာမစ္ဆန္ဒ၊ နီဝရဏ၊ ဗျာပါဒ နီဝရဏ) ချစ်ခြင်း၊ မုန်းခြင်း အစွန်းနှစ်ခုနဲ့ ညှပ်ပြီး နှိပ်စက်နေတဲ့ အတွက်ကြောင့် "ဒါ မမှီဝဲအပ်တဲ့တရားပဲ"ဆိုတာ သိလောက်ပြီဖြစ်တယ်။

## အရသာမရှိတဲ့ ကာမ

ကာမချမ်းသာဟာ ပြည့်စုံရင် ကာမစ္ဆန္ဒနီဝရနဲ့ ကာမသုခလ္လိကာ နုယောဂ အစွန်းတစ်ဖက်ကို ရောက်သွားတယ်။

မပြည့်စုံရင် ပျက်စီးသွားရင် ဗျာပါဒ နီဝရဏနဲ့ အတ္တကိလမထာ နုယောဂ အစွန်းတစ်ဖက်ကို ရောက်သွားတယ်။

ဒီတော့ ကာမချမ်းသာဟာ ဘယ်ဘယ်ကကြည့်လိုက် ကြည့်လိုက် ပြည့်စုံရင်လည်း မကောင်းဘူး၊ မပြည့်စုံရင်လည်း မကောင်းဘူး။

ဒါကြောင့် "အပ္ပဿာဒါ ဒုခါ ကာမာ" ဘာမှ အရသာ မရှိတဲ့ ကာမဂုဏ် ချမ်းသာလို့ ဘုရားက ဟောတာဖြစ်တယ်။

ကာမရဲ့ ကောင်းကျိုး ဆိုးပြစ်၊ ဘဝရဲ့ကောင်းကျိုး ဆိုးပြစ်တွေကို ဘယ်ပုဂ္ဂိုလ်မှ မြင်တုန်းဆိုလို့ရှိရင် "အပ္ပမာဒ" လို့ခေါ်တဲ့ သတိအား ကောင်းတဲ့ ပုဂ္ဂိုလ်မျိုးမှ မြင်နိုင်တယ်။

သတိလက်လွတ်ဖြစ်နေရင် ဒါတွေကို မြင်နိုင်ဖို့ မလွယ်ဘူး။ ဒါတွေကို ဆင်ခြင်နိုင်စေဖို့ "သတိ"လက်ကိုင်ရှိကြရမယ်။

## ဈာန်ဆိုတာ

"ဈာန-ဈာန်" ဆိုတာကို ကောင်းကင်ထပျံလိုက်မှ ဈာန် ခေါ်တယ်လို့ မမှတ်လိုက်ပါနဲ့။

လိုချင်တပ်မက်တာ၊ ခက်ထန်ကြမ်းကြုတ်တာ၊ လေးလံထိုင်း မှိုင်းတာ၊ ပျံ့လွင့်တုန်လှုပ်တာ၊ ယုံမှားတွေးတောတာ၊ မသိနားမလည်

တာတွေကို လောင်ကျွမ်းပစ် ရှို့မြှိုက်ပစ်လိုက်သလို ဖယ်ရှားပေးပစ်တဲ့ တရားမျိုးကို **ဈာန-ဈာန်** လို့ ခေါ်ရတယ်။

## ဈာန်ချမ်းသာရဲ့ အခြေခံ

ကာမဂုဏ်ချမ်းသာထက် လွန်ကဲတဲ့ ဈာန်ချမ်းသာကို ရချင်တယ် ဆိုရင် (၁) သတိရယ်၊ (၂) ဝီရိယရယ်၊ (၃) ပညာရယ် ဒီတရားသုံးပါးကို သုံးစွဲဖို့ လိုအပ်တယ်။ စာမှာတော့ "အာတာပီ သမ္ပဇာနော သတိမာ" လို့ဆိုတယ်။

## နိဗ္ဗာန်သွားမယ့် ဝီရိယ

"မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်ရအောင် ကြိုးစားပြီးတော့ တားလိုက်မယ်၊ သတိလက်လွတ်ခဲ့တဲ့အတွက် ဖြစ်ခဲ့ရတဲ့ အကုသိုလ်တွေကို လည်း ထပ်ကာထပ်ကာ မစဉ်းစားတဲ့နည်းနဲ့ အကျိုးပေးခွင့် မရအောင်ပယ် လိုက်မယ်"

မဖြစ်သေးတဲ့ ကုသိုလ်တွေ အပြီးတိုင်ရအောင် ငါ ကြိုးစားမယ်၊ ဖြစ်ပြီးသား ကုသိုလ်တွေကိုလည်းပဲ ပိုပြီးပိုပြီး ကြည်နူးစရာ ဖြစ်လာအောင် ငါကြိုးစားမယ်" ဆိုတဲ့ ဝီရိယမျိုးကို **အာတာပီ ဝီရိယ** လို့ ခေါ်ရမယ်။ **သမ္မပ္ပဓာန ဝီရိယ** လို့ ခေါ်ရတယ်။

ဒါဟာ "နိဗ္ဗာန်သွားမယ့် ဝီရိယ" ပဲ။

ဝီရိယတော့ ရှိပါရဲ့၊ ဒါပေမယ့် သတိလက်လွတ် ဖြစ်နေခဲ့မယ် ဆိုရင် နီဝရဏတွေက ဝင်ရောက်နှိပ်စက်တဲ့အတွက်ကြောင့် ကိုယ်ရော စိတ်ပါ မချမ်းမသာ ဖြစ်ရတတ်တယ်။

ဒါကြောင့် ဝီရိယရှင်ဟာ ဝီရိယသာမက "သတိ" ပါ "ကပ်" နေရမယ်။ ဝီရိယဟာ "သတိမကင်းသော ဝီရိယ"ဖြစ်ရမယ်။

## အသိဉာဏ်ရှိဖို့လိုအပ်တယ်

အလုပ်တစ်ခုလုပ်တဲ့အခါ ဝီရိယရှိရှိ သတိရှိရှိနဲ့ လုပ်ပါပြီ ဆိုပေမယ့် ဒီနှစ်ခုတည်းနဲ့ သွားမယ်ဆိုရင် နောက်က ပဲ့မပါတဲ့ လှေလိုပဲ။ လှော်တော့ လှော်တာပဲ၊ ပဲ့မပါတဲ့ လှေတစ်စင်း မြစ်ရိုး ချောင်းရိုးသွားတဲ့

အခါ ဟိုကပ် ဒီကပ် ဟိုတိုက် ဒီတိုက် ဟိုဆိုက် ဒီဆိုက် ဖြစ်တတ်တယ်။ ပဲ့လေးနဲ့ ထိန်းပေးလိုက်ပြီဆိုတော့မှ လမ်းဟာ ဖြောင့်သွားတယ်။

"ပညာ" ဟာ "ပဲ့" နဲ့ တူတယ်။ ဘာပဲလုပ်လုပ်၊ စနစ်တကျ ခွဲခြမ်းဝေဖန် စိစစ်နိုင်တဲ့ အသိဉာဏ် ပညာ ဆိုတာလည်း ရှိထားရမယ်။

## ဒါန သီလ ဘာဝနာမှာပါ သမ္ပဇာန ပညာလိုတယ်

ဒါနလုပ်မယ်ဆိုရင် ဒါနပြုပုံပြုနည်း စနစ်တကျ ခွဲခြမ်း ဝေဖန်တတ်တဲ့ အသိဉာဏ်ပညာ၊ သီလဆောက်တည်မယ် ဆိုရင်လည်း စနစ်တကျ သီလဆောက်တည်ပုံကို ခွဲခြမ်းစိစစ်နိုင်တဲ့ ပညာ၊ ဝိပဿနာ အားထုတ်မယ် ဆိုပြန်တော့လည်း ရုပ်ရယ် နာမ်ရယ် ရုပ်နာမ်တို့ရဲ့ သဘာဝလက္ခဏာ သာမညလက္ခဏာတွေကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နိုင်တဲ့ပညာ။

ဒီလို ဒါနသီလမှာရော ဘာဝနာမှာပါ အသေးစိတ် အဟုတ်နဲ့ မဟုတ်၊ အမှန်နဲ့ အမှား၊ အကောင်းနဲ့ အဆိုး၊ အကျိုးနဲ့ အပြစ် ခွဲခြားဝေဖန် ဆန်းစစ်နိုင်တဲ့ပညာကို **သမ္ပဇာနပညာ** လို့ ခေါ်ရမယ်။

## သုခအစစ်ကို ရချင်တယ်ဆိုရင်

တဏှာဒိဋ္ဌိနဲ့ စွဲလမ်းပြီးတော့ ဒုက္ခဖြစ်နေကြရရှာတဲ့ ဒီလောကကြီးထဲမှာ တကယ့်သုခအစစ်ကို ရချင်တယ်ဆိုရင်တော့ **ဝီရိယ၊ သတိ၊ ပညာ** ဒီသုံးလုံး လက်ကိုင်ထားပြီးတော့ အလုပ်လုပ် သွားကြရမယ်။

ဒါမှ **ဥပါဒါန်**တွေ **လျော့**ပါးသွားမယ်။

**ဥပါဒါန်**တွေ **လျော့**ပါးမှ **နိဗ္ဗာန**တွေ ကင်းလာမယ်။

**နိဗ္ဗာန**ကင်းမှ စိတ်ချမ်းသာမယ်။

## သန္တိသုခသာ ချမ်းသာအစစ်

ကာမချမ်းသာဟာလည်း ချမ်းသာမှု ရှိတန်သလောက် ရှိတာမှန်ပါရဲ့၊ ဒါပေမဲ့ ရှာဖွေရတဲ့ ဒုက္ခ၊ စောင့်ရှောက်ရတဲ့ ဒုက္ခ၊ ရန်သူမျိုးငါးပါး နှိပ်စက်တဲ့ ဒုက္ခတွေကြောင့် တကယ့်ချမ်းသာ အစစ်မဟုတ်သေးဘူး။ ဈာန်ချမ်းသာကျတော့ အတော့်ကို ချမ်းသာပြီး နတ်စည်းစိမ်တမျှကို နှစ်သက်စရာ ကောင်းလာပြီ၊ ဒါပေမဲ့ ဈာန်တရားတွေဆိုတာ

**သင်္ခါရတရား** တွေသာ ဖြစ်တာကြောင့် တစ်နေ့မှာ သူလည်း ပျက်စီးဦးမှာပဲ၊ တကယ့် ချမ်းသာအစစ် မဟုတ်သေးဘူး။

**အမတ** ခေါ်တဲ့ **သန္တိသုခ** မှသာလျှင် တကယ့်ချမ်းသာ အစစ်ချမ်းသာမှန်လို့ နားလည်ထားရမယ်။

## ဒါကြောင့် သန္တိသုခလို့ခေါ်တယ်

ကိလေသာတွေ အကုန်လုံး ငြိမ်းပြီးသွားပြီဖြစ်တဲ့အတွက်ကြောင့် ကိလေသာမျိုးစေ့လေး မရှိတော့တဲ့အတွက်ကြောင့် ခန္ဓာငါးပါးဆိုတဲ့ အပင်ကြီး မပေါက်တော့တာကို **အမတ** လို့ ခေါ်ရတယ်။

ခန္ဓာငါးပါး အသစ်မဖြစ်တဲ့ အတွက်ကြောင့် ထပ်ပြီး မအိုရ၊ မနာရ၊ မသေရ မဖြစ်ရတော့ဘူး။ အဲဒီလို အိုနာသေ ကင်းတာကိုက ချမ်းသာတာ။ ဒါကြောင့် **သန္တိသုခ** လို့ ခေါ်ရတယ်။

**မမေ့နဲ့နော်** လို့ ဒီကနေ့လူတွေ ပြောနေကြတယ်။ ဘုရားအလိုတော်ကျ ဘာကို မမေ့ရမှာလဲဆိုတော့ ဒါနပြုဖို့ မမေ့ရဘူး။ သီလဆောက်တည်ဖို့ မမေ့ရဘူး။ သမာဓိထက်သန်ဖို့ မမေ့ရဘူး။ ပညာပွားဖို့ မမေ့ရဘူး။

မမေ့တဲ့ **သတိ** ကို ဒီလေးဌာနပေါ်မှာ မပြတ်တင်ပြီး စောင့်ရှောက်ပေးကြရမယ်။

## သီလဥပမာ

ကိုယ်ကျင့်သီလဟာ နတ်ရွာသုဂတိသွားဖို့ **အကောင်းဆုံးသော စောင်းတန်းလှေကား**။ ကိုယ်ကျင့်သီလဟာ နိဗ္ဗာန်မြို့တော်ဝင်ဖို့ **အကောင်းဆုံးသော တံခါးပေါက်**။

## ဗုဒ္ဓါနုဿတိ လုပ်ကြည့်ပါ

သမထ(၄၀)ထဲမှာ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကို အဖန်ဖန်အထပ်ထပ် နှလုံးသွင်းတဲ့ ဗုဒ္ဓါနုဿတိဘာဝနာကသာ အကောင်းဆုံး အမြတ်ဆုံးပဲ။ ဒါကြောင့် သမထသာလုပ်မယ်ဆိုလို့ကတော့ ''ဗုဒ္ဓါနုဿတိပွားရင် စိတ်ထဲမှာ ကြံနေတဲ့ အလိုဆန္ဒမှန်သမျှ ပြည့်စုံသွားစေရမယ်''လို့ ဘုရားကိုယ်တိုင် အာမခံတိုက်တွန်းထားတော်မူခဲ့တာ ဖြစ်တယ်။

## ဘဝပြဿနာ ဖြေရှင်းမယ်ဆိုရင်

အမှန်တရား မသိသမျှ ငြိမ်းချမ်းရေးဆိုတာ မရနိုင်ဘူး။ အမှန်တရားကို သိမှ လူ့ဘဝပြဿနာအားလုံး ဖြေရှင်းလို့ရတယ်။

## ပြဿနာရဲ့ အရင်းအမြစ်

ဘဝပြဿနာအားလုံးရဲ့ ရေသောက်မြစ်ဟာ ကိလေသာပဲ။ ကိလေသာ အားလုံးတို့ရဲ့ ခေါင်းဆောင်ဟာ အဝိဇ္ဇာနဲ့ တဏှာပဲ။

## ဘုရားဟောအတိုင်း ရှိပါစေ

ဘုရားမဟောတာကို ဘုရားဟောလုပ်ပြီး ပိဋကတ်ထဲ မထည့်ကြပါနဲ့။ ဘုရားဟောတာတွေကိုလည်း ပယ်လား၊ နုတ်လား၊ ပြင်ဆင်လား မလုပ်လိုက်ကြပါနဲ့။ ဘုရားဟောတဲ့အတိုင်းပဲ လိုက်နာကြပါစို့။

## ထေရဝါဒ ဂုဏ်ရည်

သစ္စာတရားနဲ့ အမှန်တရားကို မူရင်းမပျက် ထိန်းသိမ်းနိုင်ခဲ့တာဟာ ထေရဝါဒပဲ။

## ဓမ္မစွမ်းရည်

စိတ်ဓာတ်တွေ အေးချမ်းသာယာဖို့ဆိုတာ မြတ်စွာဘုရားရဲ့ ဓမ္မမပါဘဲ ထိရောက်အောင်ဆောင်ရွက်ဖို့ မလွယ်ပါဘူး။

## သုခရဲ့ အင်အား

ဓမ္မဟာ လူသားတို့ရဲ့ စိတ်နှလုံးအေးချမ်းရေးမှာ အစွမ်းထက်ဆုံး အင်အားတစ်ခု ဖြစ်တယ်။

## စိတ်ဓာတ်တွေ ဆင်းရဲနေမယ်ဆိုရင်

ရုပ်ဝတ္ထုအနေအထား ဘယ်လောက်ပဲ တိုးတက်နေစေကာမူ **စိတ်ဓာတ်က အလွန်တရာ ဆင်းရဲနေရင်** ကမ္ဘာ့လူသားတွေအဖို့ ဒုက္ခများစွာ ဖြစ်စရာ အကြောင်း ရှိပါတယ်။

## ဓမ္မဆိုတာ

ဓမ္မဟာ လူသားအားလုံးတို့ရဲ့ အလင်းရောင်။

Dhamma is the light of your life ဓမ္မမှာ belief, worship, prayer တို့က အရေးပါလှဘူး။ ဓမ္မဆိုတာ သင်ဖို့နဲ့ ကျင့်ဖို့ပဲ။

## အဘိဓမ္မာဆိုတာ

အဘိဓမ္မာဆိုတာ ဘဝရဲ့ သဘာဝကို အသေးစိတ် ပြောထားတာ။

Abhidhammar is the nature of our life (or) mentality and materiality.

## ဗုဒ္ဓဘာသာ မှတ်ကျောက်

"ပိဋကတ်သုံးပုံကို ယုံကြည်ပါ၏၊ ရှိခိုးပါ၏" ဆိုရုံနဲ့ ဗုဒ္ဓဘာသာ မဖြစ်နိုင်ဘူး။

## စိတ်ငြိမ်းချမ်းရေး ကျင့်စဉ်

သမထဆိုတာ စိတ်ကို ငြိမ်းချမ်းစေသောကျင့်စဉ်။ စိတ်ကို တစ်နေရာတည်းမှာထား၊ ဝီရိယ၊ သတိနဲ့ ညှပ်ပြီးတော့ ထိန်း၊ အဲဒါ သမာဓိပဲ။

## ဝေဖန်စိစစ်တဲ့ ဉာဏ်ရှိပါစေ

ဗုဒ္ဓရဲ့ ဂုဏ်ပုဒ်နှစ်ပုဒ် ဖြစ်ပါတယ်။

ဝိဘဇ္ဇဝါဒီ= အရာရာမှာ ဝေဖန်လေ့ရှိတယ်။

စိစစ်လေ့ရှိတယ်။ မြတ်ဗုဒ္ဓရဲ့ တရားတော်ဟာ ဝေဖန် စိစစ်ထိုက်တဲ့ တရား၊ အရာမှန်သမျှ ဝေဖန်စိစစ်တဲ့ ဉာဏ်ရှိသူတို့ရဲ့ တရားဖြစ်ပါတယ်။ ဗုဒ္ဓဝါဒမှာ ဝေဖန်ခွင့်ရှိပါတယ်။ စိစစ်ခွင့် ရှိပါတယ်။ ဗုဒ္ဓဘာသာ တရားတော်ဟာ ဝေဖန်စိစစ်ခွင့်ရှိတဲ့ ဘာသာတရားမျိုးပါ။ ဝေဖန်စိစစ်ခွင့် မရှိတဲ့ ဘာသာတရားမျိုး မဟုတ်ပါဘူး။

## မြတ်စွာဘုရားဟာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုရင်

"ဝိဘဇ္ဇဝါဒီ=အရာရာမှာ ဝေဖန်စိစစ်လေ့ရှိတဲ့ ပုဂ္ဂိုလ်ထူးတစ်ဆူ"

ဖြစ်ပါတယ်။ လူတော်ကောင်းတို့လည်းပဲ ဝေဖန်စိစစ်တဲ့ဉာဏ်တော့ ရှိရမှာပဲ။ ဝေဖန်စိစစ်ဉာဏ်ရှိမှ ကိုးကွယ်ရာဟာ မှန်မြတ်တဲ့ ကိုးကွယ်ရာမျိုး ဖြစ်နိုင်ပါတယ်။ ဝေဖန်စိစစ်တဲ့ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ ကိုးကွယ်ရာမျိုး မဖြစ်သင့်ပါဘူး။

## ဗုဒ္ဓရဲ့ ဝေဖန်စိစစ်ခွင့်

ဝိဘဇ္ဇဝါဒ= ဝေဖန်ခွင့် ရှိတယ်။ စိစစ်ခွင့် ရှိတယ်။ ကိုးကွယ်မိပြီဆိုရင် အဲဒီ ကိုးကွယ်ခဲ့တဲ့ ဘုရားကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ၊ ဘာမှ ဝေဖန်ခွင့်မရှိဘူး ဆိုတဲ့ ဘာသာတရားမျိုး မဟုတ်ဘူးတဲ့။ ဗုဒ္ဓဝါဒဟာ အလွန်တရာ လွတ်လပ်တယ်။

သားစွန့်၊ မယားစွန့်၊ ထီးစွန့်၊ နန်းစွန့်၊ အိုးစွန့်၊ အိမ်စွန့်၊ ဒီလောက်စွန့်ရုံနဲ့ အားမရသေးဘဲ သံယောဇဉ်ကို အကြွင်းမရှိ ဖြတ်တယ် ဆိုပြီးတော့ အဝတ်ကိုပါ အကုန်စွန့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ကိုယ်သူတို့ **အောင်မြင်သူတွေ** တဲ့။

**ဘာ အောင်တာလဲ** ဆိုတော့ **ကိလေသာကို အောင်တာ** တဲ့။ အဝတ်ကလေးမှာ စွဲနေတဲ့ အစွဲဆိုတဲ့ သံယောဇဉ် ကိလေသာကိုတောင် အောင်ပြီးတဲ့အတွက်ကြောင့်မို့လို့ သူတို့က အောင်မြင်သူတွေလို့ ပြောပါတယ်။ **အောင်မြင်သူ** ဆိုတဲ့ စကားဟာ **ဇိန** ပါပဲ။

အဲဒီ **ဇိန** ဆိုတဲ့စကားကို အိန္ဒိယအသံထွက်တော့ **ဂျိန** လို့ အသံထွက်ပါတယ်။ **ဂျိန** ကနေ နောက်တော့ **ဂျိန်း** လို့ အမည်ခံတဲ့ ပုဂ္ဂိုလ်ကြီးဟောတဲ့ တရားတွေဟာ **ဂျိန်းနစ်စင် (Jainism)** ဖြစ်လာတာ ပါပဲ။

## ဓမ္မရသ ပေါ်အောင်

ဗုဒ္ဓရဲ့ စကားစစ်စစ်ကို ဘုန်းကြီးတို့နှုတ်ထဲထည့်ပြီး ဆိုလိုက်ရတဲ့အတွက်ကြောင့် ပါဠိနားလည်ကြတဲ့ ပုဂ္ဂိုလ်များနဲ့တကွ ဘုန်းကြီးတို့ပါ အလွန်ပဲ ဓမ္မရသ=တရားအရသာ သိပ်ရှိပါတယ်။

ပါဠိမလိုက်စားမိတဲ့ ပုဂ္ဂိုလ်များအတွက်တော့ အရသာ သိပ်ပြီး ပေါ်မှာ မဟုတ်ပါဘူး။

## ရီလေးဂျင်းဆိုတာ

အောက်စဖို့အဘိဓာန် (Oxford Dictionary) တစ်အုပ်က "ရီလေးဂျင်း" ဆိုတဲ့ဥစ္စာကို ဖွင့်ပြရာမှာ

Belief in worship of a GOD.

ဘုရားသခင်ထံ ဆုတောင်းမှု၌ ယုံကြည်ခြင်း။

Belief in worship of a GOD. ပြီးတော့ (or)

Super natural ruling power.

GOD သို့မဟုတ် Super natural ruling power ကို ကိုးကွယ်ယုံကြည်တဲ့သဘောကို "ရီလေးဂျင်း (Religion)" လို့ ခေါ်တာ။

GOD သို့မဟုတ် Super natural ruling power သဘာဝတရားတွေအတွက် လွန်ကဲနေတဲ့ တန်ခိုး၊ အဲဒီတန်ခိုးက ဒီလောကကြီးကို လွှမ်းမိုးပြီးတော့ အုပ်ချုပ်တယ်။ Super natural ruling power သဘာဝထက် လွန်ကဲနေတဲ့ ကမ္ဘာကြီးကို လွှမ်းမိုးအုပ်ချုပ်တဲ့တန်ခိုး၊ အဲဒီ တန်ခိုးကို ယုံကြည် ကိုးကွယ်တာကို ရီလေးဂျင်း (Religion) လို့ခေါ်တယ်။

## ကိုးကွယ်မှု အမျိုးမျိုး

ဘေးအန္တရာယ်အမျိုးမျိုးတွေနဲ့ ခြိမ်းခြောက်ခံကြရတဲ့ သတ္တဝါတွေဟာ ကိုးကွယ်ရာအမျိုးမျိုးကို ရှာကြတယ်။

ဘာတွေကိုများ ကိုးကွယ်ကြသလဲ?

တချို့က တောင်ကြီးတွေကို၊ တချို့က တောကို၊ တချို့က ဥယျာဉ်ကြီးတွေကို၊ သစ်ပင်ကြီးတွေကို၊ စေတီကြီးတွေကို၊ တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ၊ လေ၊ နက္ခတ်၊ တာရာ၊ သစ်ပင်၊ ဥယျာဉ်၊ စေတီ အဲဒါတွေကို ကိုးကွယ်ကြတယ်။

## ဗုဒ္ဓရဲ့ စေတီအမျိုးမျိုး

မြတ်ဘုရားရဲ့ ရုပ်ပိုင်းကဖြစ်တဲ့ ဓာတ်တော်၊ အသွေး၊ အသား၊ ဆံပင်၊ မွေးညင်းတွေက ဖြစ်တာကို **ဓာတုစေတီ** လို့ ခေါ်တယ်။

ဉာဏ်တော်ကဖြစ်တဲ့ ဓမ္မက္ခန္ဓာ၊ ပိဋကတ်သုံးပုံစာတာ တွေကိုတော့ **ဓမ္မစေတီ**။

ဘုရားသုံးဆောင်တဲ့ ဗောဓိပင်၊ ဇေတဝန်ကျောင်း၊ သပိတ်၊ သင်္ကန်း စတဲ့ ပစ္စည်းတွေက **ပရိဘောဂစေတီ**။

ဗုဒ္ဓကိုပုံတူပြု ရည်ညွှန်းပြီး ထုလုပ်ထားတဲ့ပုံတူတွေက **ဥဒ္ဒိဿက စေတီ**။

အဲဒီ စေတီတွေဟာ ဗုဒ္ဓပေါ်မှ ပေါ်တယ်။ ဗုဒ္ဓမပေါ် ခင် ဒီစေတီတွေ မရှိနိုင်ဘူး။

## စေတီဆိုတာ

"စိတီတဗ္ဗံ အပစိတီတဗ္ဗံ ပူဇိတဗ္ဗံ ဧတ္တာတိစေတိယံ" ရှိခိုးအပ်သော အရာဌာန၊ အရိအသေပြုအပ်သော အရာဌာန၊ ပူဇော်အပ်သော အရာဌာန၊ ဒါတွေအားလုံးကို ဘာခေါ်သလဲ?

စေတီလို့ခေါ်ရတယ်။

## ဟိန္ဒူဝါဒကို ဘယ်သူထောင်ခဲ့သလဲ

ဒီကနေ့ ကမ္ဘာမှာ အလွန်ထင်ရှားတဲ့ ကိုးကွယ်ရာ ဘာသာကြီး လေးခု ရှိတယ်။ အဲဒီလေးခုမှာ (Religion) လို့ခေါ်တဲ့ ဘာသာကို စတင်ထူထောင်တဲ့ ပုဂ္ဂိုလ်နဲ့ ဒီဘာသာတရား စပေါ်တဲ့ သက္ကရာဇ်ကို ရှာမရတာကတော့ ဟိန္ဒူဝါဒပါပဲ။

Hindusism ဟိန္ဒူဘာသာကို ထူထောင်တဲ့ပုဂ္ဂိုလ် ဘယ်သူလဲ ဆိုတာ မယ်မယ်ရရ ရှာမရဘူး။ အဲဒီ ဘာသာတရား ဘယ်အခါက စခဲ့တယ်ဆိုတဲ့ သက္ကရာဇ်ကိုလည်းပဲ ဘုန်းကြီးတို့ ရှာလို့မရဘူး။

## ဗုဒ္ဓနဲ့ အထောက်အထား

(၁) ဘီစီ (B.C 623) ၆၂၃-မှာ ဖွားမြင်ပါတယ်။

(၂) ဘီစီ (B.C 588) ၅၈၈-မှာ ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပါတယ်။

## ခရစ်တော်နဲ့ မိုဟာမက်ရဲ့ ဖွားသက္ကရာဇ်

ခရစ်တော်ဟာ မြတ်ဗုဒ္ဓရဲ့ နောက် ၆၂၃-ခုနှစ် နောက်ကျပြီးမှ ဖွားပါတယ်။

အစ္စလာမ်ဘာသာကို ထူထောင်ခဲ့တဲ့ မိုဟာမက်ကတော့ အေဒီ (A.D 571) ၅၇၁-မှာ ဖွားတယ်။ အေဒီ (A.D) ဆိုတော့ သူက (A.D 610) ၆၁၀၊ သက်တော် (၄၀)ခန့်မှာ မိုဟာမက်ဟာ တရားတော်များ စတင်ဟောတယ်။ ဖွားတဲ့ သက္ကရာဇ်ကတော့ သေချာတယ်။ အေဒီ ၅၇၁ မှာပါ။

## ဗုဒ္ဓဘာသာနဲ့ အစ္စလာမ်ဘာသာ ဘယ်ဘာသာက စောသလဲ

မြတ်ဗုဒ္ဓဟာ အစ္စလာမ်ဘာသာကို တည်ထောင်တဲ့ မိုဟာမက် ထက် နှစ်ပေါင်း (၁၁၉၄)နှစ် စောပြီးပွင့်ပါတယ်။

## ကိုးကွယ်ခြင်းရဲ့ အကြောင်းရင်း

**ဘယတဇ္ဇိတာ** တဲ့။

ဘာကြောင့် ကိုးကွယ်သလဲဆိုရင် အဖြေက ဘေးအန္တရာယ်တွေ ခြိမ်းခြောက်ခံရလို့ ကိုးကွယ်ကြတာ ဖြစ်ပါတယ်။ အဲဒါကို ပါဠိတော် ဝေါဟာရမှာ **ဘယတဇ္ဇိတာ** လို့ သုံးတယ်။

ဘေးအန္တရာယ်အမျိုးမျိုးနဲ့ ခြိမ်းခြောက်ခံရပြီဆိုရင် ခြိမ်းခြောက် ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ ကြောက်စိတ်ဝင်လာတယ်။ အဲဒီ (Awe) ဆိုတဲ့ဥစ္စာဟာ ကြောက်စိတ်ပဲ။ ပါဠိလို **ဘယတဇ္ဇိတာ** လို့ ခေါ်ပါတယ်။

## ကိုးကွယ်ခြင်းရဲ့ အကြောင်းရင်း

ဒီတောတောင်တွေ၊ သစ်ပင်တွေ၊ နေတွေ၊ လတွေ၊ နက္ခတ်တွေ၊ ဂြိုဟ်တွေ၊ ဥယျာဉ်တွေ၊ နတ်စင်တွေ၊ နတ်ကွန်းတွေကို ဘာကြောင့် ရှိခိုးသလဲဆိုတော့ **ကြောက်စိတ်နဲ့ ရှိခိုးကြ၊ ကိုးကွယ်ကြတာပါ**

## ဘာသာကြီးလေးခု ပေါ်ပေါက်ရာကာလ

(၁) ဟိန္ဒူဝါဒ၊ တည်ထောင်သူနဲ့ တည်ထောင်သည့် သက္ကရာဇ် ဖွေရှာလို့ မရဘူး။

(၂) ဗုဒ္ဓဝါဒ၊ ခရစ်တော်ရဲ့ ရှေ့ ၆၂၃ ခုနှစ် စောပြီး ပေါ်ပေါက် ခဲ့ပါတယ်။

(၃) ခရစ်ယာန်ဝါဒ၊ ဗုဒ္ဓဝါဒရဲ့ ၆၂၃ ခုနှစ် နောက်ကျပြီးတော့ ပေါ်ပေါက်ခဲ့ပါတယ်။ စောတာနဲ့ နောက်ကျတာ။

(၄) အစ္စလာမ်ဝါဒ၊ ဗုဒ္ဓပွင့်ပြီးနောက် ၁၁၉၄ ခုနှစ် နောက်ကျပြီးတော့မှ ပေါ်ပေါက်ပါတယ်။

## ဟိန္ဒူဝါဒ စစ်တမ်း

ဟိန္ဒူဝါဒ စတင်ပေါ်ပေါက်တဲ့သက္ကရာဇ် ဘာကြောင့် မပြောနိုင်သလဲ ဆိုရင် အဖြေကတော့ အဲဒီဝါဒကို တည်ထောင်တဲ့ပုဂ္ဂိုလ်ကို မရှိတဲ့အတွက်ကြောင့် အဲဒီဟိန္ဒူဝါဒ တည်ထောင်တဲ့ သက္ကရာဇ်ကို မပြောပြနိုင်ခြင်း ဖြစ်ပါတယ်။

## ဗုဒ္ဓဝါဒ ပေါ်ပေါက်ရာကာလ

မင်းသိဒ္ဓတ်ဖွားတာနဲ့ တစ်ပြိုင်နက်တည်း ဗုဒ္ဓဝါဒ ပေါ်ပေါက်လာတာ မဟုတ်သေးပါဘူး။

ဗုဒ္ဓဝါဒ ဘယ်တော့မှ ပေါ်လာတာလဲဆိုတော့ ဗုဒ္ဓအဖြစ်သို့ ရောက်မှပဲ ဗုဒ္ဓဝါဒဆိုတာ ပေါ်လာတာဖြစ်တယ်။

## ကိုယ့်ကိုယ်ပဲ အားကိုးရမယ်

ကိုယ့်အားကိုယ်ကိုးဆိုတာ ဗုဒ္ဓတရားပါ။ ဟိုအနောက်ဘက်က လူတွေက အဲဒါမကြိုက်ဘူး။

"ခင်ဗျားတို့ ဗုဒ္ဓတရားက ကယ်မယ့်လူမှ မရှိတာ။ ကျုပ်တို့ မကြိုက်နိုင်ဘူးတဲ့" တချို့ ဒီလိုပြောတယ်။ မကြိုက်ချင်လည်း မတတ်နိုင်ဘူးပေါ့။ သဘာဝက ဒီအတိုင်းပဲ မဟုတ်လား။ ကိုယ့်ကိုကိုယ် အားကိုးရမှာ၊ တကယ်တမ်းမှာ ကယ်မယ့်လူမှ မရှိဘဲ။

## ယုံကြည်မှုစွမ်းအား

**သဒ္ဓါယ တရတိ ဩဃံ**

**ယုံကြည်ချက်ရှိသူတိုင်းဟာ အခက်အခဲအားလုံးကို ကျော်လွှားနိုင်တယ်။**

သဒ္ဓါဖြင့် သံသရာပင်လယ်ကို ကျော်ဖြတ်နိုင်တယ်တဲ့။ ကိုယ့်အစွမ်းကို ကိုယ်ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ သံသရာကြီးကို ကျော်ဖြတ်နိုင်တယ်။ အခက်အခဲ မှန်သမျှကို လွန်မြောက်နိုင်တယ်။

## စိတ်ညစ်တယ်ဆိုရင် သဒ္ဓါလိုနေလို့ပဲ

ဟိုဘက်ကမ်းကို ဖြတ်သန်းနိုင်တဲ့ကိစ္စကို သဒ္ဓါက ဆောင်ရွက်တယ်၊ ဒီလို သွားမယ်ပေါ့။

သဒ္ဓါကောင်းနေတဲ့ပုဂ္ဂိုလ်မှာ စိတ်ညစ်တယ်ဆိုတာ ဘယ်တော့မှ မရှိဘူး။ စိတ်ညစ်တယ်ဆိုရင် ဘာလိုနေလို့လဲ၊ သဒ္ဓါလိုနေလို့ပဲ။ သဒ္ဓါစေတသိက် နှလုံးသားထဲမှာ မကိန်းရင် ဒီနှလုံးအိမ်ဟာ အမြဲတမ်းညစ်နေမှာပါ။ စကြာမင်းရဲ့ ပတ္တမြား ရေအိုးထဲမထည့်တော့ အနည်လည်း ထတယ်။ အပေါ်ယံက မြူလည်းလွှမ်းတယ်။ ဒီအတိုင်းပဲ သဒ္ဓါမဖြစ်တော့ ကိလေသာတွေ ထကြွနေတယ်။ စိတ်ပေါ်မှာ အညစ်အကြေးတွေလည်း လွှမ်းအုပ်နေတယ်။

## သဒ္ဓါရဲ့သဘော

သဒ္ဓါကောင်းရင်

(၁) စိတ်မညစ်ဘူး၊

(၂) ကိုယ့်အစွမ်းကို အားကိုးပြီးတော့ အခက်အခဲတွေကို ကျော်ဖြတ်မယ်ဆိုတဲ့ အဆုံးအဖြတ်ကို ချမှတ်ပါတယ်။

အဲဒါ သဒ္ဓါရဲ့သဘောပါပဲ။

## သဒ္ဓါရဲ့ အခြေခံ

သဒ္ဓါဟာ ဘာကြောင့်ဖြစ်သလဲ။ တန်ခိုးရှင်တစ်စုံ တစ်ယောက် လုပ်ပေးလို့ မဟုတ်ဘူး။ သဒ္ဓေယျဝတ္ထုကြောင့်ဖြစ်တာ။

သဒ္ဓေယျဝတ္ထုဆိုတာ အားကိုးလောက်တဲ့ အခြေခံ ဝတ္ထုကို ခေါ်တာပါပဲ။

(၁) အမှန်တရားကို အမြဲတမ်းပြောပြတဲ့ ငါတို့ရဲ့ဆရာ ဗုဒ္ဓဆိုတာ ရှိတယ်။

(၂) ဗုဒ္ဓပြောပြတဲ့ ဓမ္မဆိုတဲ့ သစ္စာတရားတွေရှိတယ်။

(၃) သစ္စာတရားတွေကို ထိန်းသိမ်းတော်မူကြတဲ့ သံဃာတော်တွေ ရှိတယ်။

အားကိုးလောက်တဲ့ ဝတ္ထုတွေဆိုတာ ဒါတွေပဲ။ အဲဒီ အားကိုးလောက်တဲ့ အခြေခံဝတ္ထုကြောင့် သဒ္ဓါဖြစ်ရတယ်။

## သဒ္ဓါဘာကြောင့်ဖြစ်

စိတ်ကောင်းနဲ့ စေတသိက်ကောင်းတွေဟာ အားကိုးလောက်တယ်လို့ ယုံကြည်တာဟာ သဒ္ဓါပါပဲ။ သဒ္ဓေယျဝတ္ထုက အတွင်းရော အပြင်ပါ နှစ်မျိုး ရှိတယ်။

(၁) အပြင်ပိုင်းက ရတနာသုံးပါး

(၂) အတွင်းပိုင်းက မိမိအဇ္ဈတ္တကိုယ်ထဲမှာ စိတ်ကောင်းနဲ့ စေတသိက်ကောင်းများ။

အဲဒါတွေဟာ အားကိုးလောက်တယ်။ အားကိုးလောက်တဲ့ အခြေခံဝတ္ထုတို့ကြောင့် သဒ္ဓါတရားဟာ ဖြစ်လာတယ်။

## ဓမ္မကိုမြင်မှ ဗုဒ္ဓကိုမြင်မယ်

မြတ်ဗုဒ္ဓက ဒီလိုစကားမျိုးကို ရဲရဲတင်းတင်းပြောတယ်။ လူ၊ နတ်တို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ဗုဒ္ဓက ငါဘုရားကိုမြင်တဲ့ ပုဂ္ဂိုလ်ဟာ တရားမြင်တယ်လို့ ဦးစားပေးပြီးတော့ မပြောလိုက်ဘူး။ ဦးစားပေး ပြောလိုက်ပုံက ဓမ္မကိုမြင်မှ ဗုဒ္ဓကိုမြင်တယ်တဲ့ တရားမြင်တဲ့သူမှ ဘုရားကို မြင်တယ်လို့ဆိုတော့ ဝက္ကလိရဲ့ မျက်နှာကို ဘယ်ဘက်လှည့်ပေးလိုက်သလဲ။ တရားဘက်ကို လှည့်ပေးလိုက်တာ ဆန်းကြယ်တယ်။

## ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဆိုတာ

ငါ့ကို ကြည်ညိုရင် ပြီးစတမ်း၊ ငါ့ ကိုးကွယ်ရင် ပြီးစတမ်း၊ ငါ့ရှိခိုးနေရင် ပြီးစတမ်း၊ ငါ့ ကြည်ညိုဖို့ ရှိခိုးဖို့သာ အဓိကဆိုပြီးတော့ ကြိုးစားနေကြတဲ့ အကိုးအကွယ်ခံ ဘုန်းကြီးတို့ ဗုဒ္ဓက အဲဒီကိုးကွယ်ခံ ပုဂ္ဂိုလ်တွေထဲက ခွဲထွက်လာတာ ဆန်းကြယ်တယ်။

ငါဘုရားကိုရှိခိုးရင် သင်တို့ရဲ့ ကိစ္စပြီးတယ်ဆိုတာမျိုးကို ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဘယ်တော့မှ မပြောပါဘူး။

"စရဏ" ဘက်ကို ဦးလှည့်ပေးတယ်။ ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဆိုတာ ဓမ္မကိုမြင်အောင် ကျင့်သုံးခြင်း ဖြစ်ပါတယ်။

## သဒ္ဓါသီလ အညီအမျှရှိပါစေ

လှေပေါ်တက်ဖို့ ခြေထောက်ရှိမှ ဖြစ်မယ်။ ခြေထောက် ဆိုတာ သီလ (Morality)။ ကိုယ်ကျင့်တရားမရှိရင် ခြေပြတ်နေတဲ့သူလိုပဲ။ ဘဝသံသရာကို ကူးဖြတ်မယ့်လှေပေါ်မှာ ရပ်တည်နိုင်ခွင့် မရှိဘူး။

ကိုယ်ကျင့်တရားကင်းတဲ့သူဟာ လောကကြီးကို ဘယ်မှာမှ ရပ်တည်ရာ မရဘူး။ လက်နှစ်ဘက်ဆိုတာက ခုနကပြောခဲ့တဲ့ သဒ္ဓါပါ။ လက်မရှိရင် ဘာမှ မကိုင်နိုင်ဘူး။ သဒ္ဓါဆိုတဲ့ လက်မရှိရင် ဘယ်ကောင်းမှုကိုမှ မကိုင်နိုင်ဘူး။ မပြုလုပ်နိုင်ဘူး။

## သဒ္ဓါဆိုတာ လက်နဲ့တူတယ်

လက်ကလေးက ကိုင်တော့မယ်ဆိုရင် ပူမယ်ဟဲ့ မကိုင်နဲ့၊ မစင်ဟဲ့ မကိုင်နဲ့။ ဘာပဲကိုင်ကိုင် ဒီလက်ဟာ ကောင်းတာလေးမှ ရွေးကိုင်တယ်။

သဒ္ဓါတရားဟာ ဘယ်တော့မှ မကောင်းမှုတွေကို မကိုင်တွယ်ဘူး။ သဒ္ဓါဆိုတဲ့လက်က မကောင်းမှုတို့ကို ဘယ်တော့မှ မကိုင်ဘူး။ ကောင်းမှုကိုသာလျှင် ကိုင်တွယ်ပါတယ်။ သဒ္ဓါဆိုတာ လက်နဲ့တူတယ်။ လက်ကောင်းမှ တက်ကိုကိုင်မိတယ်။ တက်ဆိုတာက လှေကိုလှော်ဖို့ ဝီရိယပဲ။

## ဘဝရဲ့ ပဲ့ကိုင်

Super Natural Ruling ဆိုတာ အဲဒါပဲ။ အဲဒီ power ဆိုတာ ကောင်းကင်ကနေ ဆင်းမလာဘူး။ ဘဝကို ပညာနဲ့ ထိန်းရတယ်။ ဘဝသံသရာ ပင်လယ်ကြီးကို ဖြတ်သန်းမယ့် ပုဂ္ဂိုလ်တွေရဲ့ အထိန်းဆိုတာ ပညာပဲ။ လက်ဆိုတာ သဒ္ဓါ။ ခြေထောက်ဆိုတာ သီလပဲ။

## လှေကွဲကြီး မစီးမိပါစေနဲ့

"လှေကွဲကြီးမစီးပါနဲ့" ဆိုတာ "စေတနာဆိုးတွေကို မွေးမထားပါနဲ့"လို့ ပြောလိုတာပါ။

စေတနာဆိုးတွေ အများကြီး သိုလှောင်ထားရင် လှေကွဲကြီး စီးသလိုပဲ၊ ရေလယ်ခေါင်မှာ မြုပ်မလား၊ မျောမလားတစ်ခုခုပဲ။ ရေဝင်တာကတော့ သေချာတယ်။

- လှေဆိုတာက **စေတနာ**
- လှော်တက်ဆိုတာက **ဝီရိယ**
- လက်ဆိုတာက **သဒ္ဓါ**
- ခြေထောက်ဆိုတာက **သီလ**လို့ မှတ်ရမယ်။

## စေတနာဆိုး မွေးမိရင်

စေတနာဆိုးတွေကို များများကြီး မွေးထားမိရင် လောဘတွေ ဝင်လာတယ်။ ဒေါသတွေ ဝင်လာတယ်။ မောဟတွေ ဝင်လာတယ်။ ဒုစရိုက်တွေ ဝင်လာတယ်။ ဒီတော့ သံသရာရဲ့ ဟိုဘက်ကမ်းကို ရောက်ဖို့ ဝေးနေတယ်။

## စေတနာဆိုတာ ကံ

စေတနာလေးကိုပဲ ကံလို့ခေါ်ပါတယ်။

(၁) စိတ်နဲ့ ကြံတဲ့အလုပ်

(၂) ပါးစပ်နဲ့ ပြောတဲ့အလုပ်

(၃) ခြေနဲ့ လက်နဲ့ လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ လုပ်တဲ့အလုပ်။ အဲဒီအလုပ်တွေကို စေတနာက လုပ်တယ်။

## သစ္စာရဲ့ သဘော

သစ္စာတရားဆိုတာဟာ -

(၁) ကာလတိုင်းမှန်တယ်

(၂) ဒေသတိုင်းမှန်တယ်

(၃) ပုဂ္ဂိုလ်တိုင်းမှန်တယ်။

## စေတနာမကောင်းရင် ခရီးမတွင်

စေတနာ ဘယ်လောက်ကောင်းကောင်း **ဝီရိယမကောင်းရင် ထမင်း မစားရဘူး။**

အသိဉာဏ်ကင်းတဲ့ စေတနာမှာ အလုပ်၊ လုပ်ပင် လုပ်သော်လည်းပဲ အထိန်းမရှိ၊ ဝေဖန်စိစစ်ခြင်းမရှိတဲ့အတွက်ကြောင့် ခရီးမတွင်ဘူး၊ မအောင်မြင်ဘူး။

## အားကိုးစရာ

ကိုယ့်စေတနာကို ကိုယ်စီးပြီးတော့ ဟိုဘက်ကမ်းကို သွားရမှာ၊ အားကိုးစရာဟာ -

(၁) စေတနာ

(၂) ဉာဏ်

(၃) ဝီရိယ

ကိုယ့်စေတနာ ကိုယ်အားကိုး

ကိုယ့်ဝီရိယ ကိုယ်အားကိုး

ကိုယ့်အသိဉာဏ် ကိုယ်အားကိုး

အဲဒါ အားကိုးစရာ တရားသုံးပါးပဲ။

## ကိုယ့်ကိုယ်ကို ကိုးကွယ်

''မိမိတို့ကိုယ်ကို မှီခိုကြကုန်သည်ဖြစ်၍ မိမိတို့ကိုယ်ကို ကိုးကွယ်ကြကုန်သည်ဖြစ်၍ နေကြကုန်လော့''

ဒီစကားမျိုးကို ဘုန်းကြီးတို့ သဗ္ဗညုဗုဒ္ဓပဲ ပြောပါတယ်။ ဒီအပြင် တခြားသူက ပြောတာမျိုးမရှိပါဘူး။ ကိုယ့်ကိုယ်ကို ကိုးကွယ်ရမယ်ဆိုတဲ့ စကားမျိုးကို ဗုဒ္ဓပဲပြောပါတယ်။

ဗုဒ္ဓဘာသာရဲ့ ကိုးကွယ်မှုဟာ တခြားကိုးကွယ်မှုတွေနဲ့ တဖြည်းဖြည်း ခွဲထွက်ကာ တဆင့်တဆင့် ဒီလိုတက်လာပါတယ်။

## ကိုယ့်ကိုယ်ကို ကိုးကွယ်ရမယ်ဆိုတာ

အနောက်တိုင်း ပညာရှင်တချို့က -

အတ္တသရဏာ၊ အတ္တကို ကိုးကွယ်ရမယ်လို့ ဗုဒ္ဓက ဟောတယ်။ အဲဒါကြောင့် ဗုဒ္ဓဝါဒဟာ အတ္တဝါဒကြီးပဲလို့ဆိုတဲ့ ပုဂ္ဂိုလ်တွေ အနောက်တိုင်းမှာ တချို့ရှိတယ်။ ကိုယ့်ကိုယ်ကို ကိုးကွယ်လို့ဆိုတာကို အတ္တအရ မိမိကိုယ်ကို မိမိကိုးကွယ်လို့ ပြောတာ။ ဟို အတ္တလို့ခေါ်တဲ့ soul ကို ကိုးကွယ်ဖို့ ပြောနေတာ မဟုတ်ဘူး။

## ကိုယ့်ကိုယ်ကို မှီခိုကိုးကွယ်

| | |
|---|---|
| အတ္တဒီပါ | = မိမိကိုယ်ကို မှီခိုကြပါ။ |
| အတ္တသရဏာ | = မိမိတို့ကိုယ်ကို ကိုးကွယ်ကြပါ။ |
| ဓမ္မဒီပါ | = ဓမ္မကို မှီခိုကြပါ။ |
| ဓမ္မသရဏာ | = ဓမ္မကို ကိုးကွယ်ကြပါ။ |

ကိုယ့်ကိုယ်ကို မှီခို ကိုယ့်ကိုယ်ကို ကိုးကွယ်ဆိုတာ ကိုယ့်နှလုံးသားမှာ တကယ်ရှိတဲ့ ပရမတ္ထဓမ္မကို မှီခိုရမယ်။ ကိုးကွယ်ရမယ်လို့ ဆိုလိုပါတယ်။

ကိုယ့်နှလုံးသားမှာ ဘာရှိသလဲ။ စေတနာရှိတယ်။ သဒ္ဓါ ရှိတယ်။ ဝီရိယရှိတယ်။ ပညာရှိတယ်။ သတိရှိတယ်။ သမာဓိရှိတယ်။ ကောင်းတဲ့ စိတ်စေတသိက်တွေ အများကြီးရှိတယ်။ အဲဒါတွေကို ကိုးကွယ်ဖို့ပါပဲ။

## လှေနဲ့ ပဲ့ကိုင်

စေတနာက လှေနဲ့တူတယ်။ ထိန်းသွားမှာက **ပညာ, ဝီရိယ, သဒ္ဓါ**။

## နေရာတကာ ပြုပြင်မယ်ဆိုရင်

ပြုပြင်ရင် ကောင်းတယ်ဆိုပေမယ့် နေရာတိုင်း ပြုပြင်ရင် မကောင်းကြောင်း သဘောပေါက်ဖို့လိုတယ်။ နေရာတကာမှာ ပြုပြင်ရင် မူရင်းတွေ ပျောက်သွားလိမ့်မယ်။

## စေတနာ အဓိပ္ပာယ်

စေတယတီတိ စေတနာ။

စေတယတိ၊ စေ့ဆော်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် စေတနာ၊ စေတနာမည်၏။

ဘယ်လောက်ကျစ်ကျစ်လျစ်နိုင်သလဲ **စေ့ဆော်** ဆိုတဲ့နေရာမှာ **စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်**တယ်လို့ အဓိပ္ပာယ်ရတယ်။

## စေ့စပ်ရေးတရား

(၁) တိုင်းပြည်ရဲ့ အရေးအရာ

(၂) ရှင်ဘုရင်ရဲ့ အမိန့်နဲ့ ဆုံးဖြတ်ချက်

အဲဒီနှစ်ခုကိုအလယ်ကနေ စေ့စပ်ပေးနေတာ စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်ပေးနေတာ အိမ်ရှေ့မင်းပဲ။ စိတ်ဆိုတာက ရှင်ဘုရင်နဲ့ တူတယ်။ စေတနာက အိမ်ရှေ့မင်းနဲ့ တူတယ်။ ဒီလို သေချာမှတ်ပါ။

## အဘိဓမ္မာဆိုတာ

အလွန်ခက်ခဲတဲ့သဘော၊ အလွန်နူးညံ့တဲ့သဘော အလွန်သိမ်မွေ့တဲ့ သဘောတွေရှိလည်း ရှိနေတယ်။ မှန်လည်း မှန်တယ်။ တကယ်ရှိ တကယ် မှန်ပေမယ့် သိဖို့ကျတော့ ခက်ခဲနေတယ်။ Subitle truth ဆိုတာ အဲဒါပဲ။

တကယ်ရှိ တကယ်မှန်ပေမယ့် သိဖို့ သိပ်ခက်ခဲလွန်းလို့ အလွန်နတဲ့ သဘောတရားတွေပါ။ Subitle truth အဘိဓမ္မာဆိုတာ Subitle truth အလွန်နူးညံ့သိမ်မွေ့တဲ့ သစ္စာတရားကို အဘိဓမ္မာလို့ ခေါ်ပါတယ်။

## စေတနာသဘော

စေတနာဟာ -

စေ့ဆော်ခြင်း သဘောရှိတယ်။

အားစိုက်ခြင်း သဘောရှိတယ်။

စီမံခန့်ခွဲခြင်း သဘောရှိတယ်။

## စီမံခန့်ခွဲရေးတရား

စေတနာဟာ ဘယ်မှာ ကိန်းဝပ်သလဲ၊ ဦးနှောက်မှာပဲ ကိန်းကိန်း၊ နှလုံးသားဆိုတဲ့ ဟဒယဝတ္ထုမှာပဲ ကိန်းကိန်း၊ ကိန်းချင်တဲ့နေရာမှာပဲ ကိန်း၊

စေတနာကတော့ သေချာတယ်။ အရာရာမှာ တိုက်တွန်း နှိုးဆော်ပေးပြီးတော့ အားစိုက်ပေးတယ်။ ပြီးတော့ လုပ်ငန်းတွေကို စီမံခန့်ခွဲပေးတယ်ဆိုတဲ့ စေတနာရဲ့ သတ္တိအထူးကို နားလည်ကြလို့ရှိရင်၊ လက်ခံကြလို့ရှိရင်၊ အပြင်အပတန်ခိုးအမျိုးမျိုးကို အကူအညီခေါ်ပြီးတော့ မည်သည့်အရာဝတ္ထုကို ပြုလုပ်ပေးဖို့ ဖန်ဆင်းပေးဖို့ တောင်းဆိုနေဖွယ်ရာ လိုပါဦးမလား၊ မလိုတော့ပါဘူး။

## စွမ်းရည်တွေ စုပေါင်းအသုံးချလိုက်တော့

မြတ်ဗုဒ္ဓဟာ ဗောဓိဉာဏ်ကို ရတော်မူတဲ့အခါမှာ Unaided, Unguided လို့ ဘုန်းကြီးတို့ ဒီလိုလေးထည့်ပြီးတော့ ရေးထားတယ်။ အပြင်ဘက်က အကူအညီတစ်ခုခု၊ အပြင်ဘက်က လမ်းညွှန်တစ်ခုခု ဘယ်သူ့ထံကမှ မယူပါဘူး။

မိမိရင်ထဲ နှလုံးထဲမှာ ခေတ်လိုပြောကြတော့ ဦးနှောက်ထဲမှာ ကိန်းနေတဲ့ ဒီစေတနာတွေ၊ သဒ္ဓါတွေ၊ ပညာတွေ၊ ဝီရိယတွေ ဒီစွမ်းရည်သတ္တိတွေကို စုပေါင်းပြီးတော့ အသုံးချလိုက်တာ နောက်ဆုံး ဗောဓိဉာဏ်ထိအောင် ရောက်သွားပါတယ်။

## လှေဝမ်းထဲ ရေမဝင်ပါစေနဲ့

**စေတနာဆိုတဲ့ လှေဝမ်းကြီးထဲကို ကိလေသာဆိုတဲ့ ရေတွေ မဝင်ဖို့ အရေးကြီးပါတယ်။ လှေကွဲကြီးကိုလည်း မစီးမိကြပါစေနဲ့။**

ဆိုလိုတာက စေတနာမဆိုးပါနဲ့တဲ့။

## ကံကောင်းချင်သလား၊ ကံဆိုးချင်သလား

စေတနာဆိုးရင် ကံဆိုးတာပါပဲ။ စေတနာကောင်းရင် ကံကောင်းတာပါပဲ။ ကံကောင်းဖို့ ဘာမှ အခက်အခဲမရှိဘူး။ ငါ ကံကောင်းသလား မကောင်းသလားဆိုတာကို ဗေဒင်မတွက်ဘဲနဲ့ သိတယ်။ လက္ခဏာ မမေးဘဲနဲ့ သိတယ်။

ကံကောင်းသလား၊ မကောင်းသလားဆိုတာကို ကိုယ့် စေတနာကို ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဟာကိုယ် တွက်ကြည့်ရင် မသိဘူးလား။ စေတနာ

ဆိုးကြရင် ကံဆိုးကြတာပါပဲ။ စေတနာ ကောင်းရင် ကံကောင်းကြတာ ပါပဲ။ စေတနာကိုပဲ "ကံ" လို့ ခေါ်ကြတာ။

## ကိုယ့်ကိုယ်ကို မေးပါ

ကိုယ့်စေတနာ ကိုယ်တွက်မှသိတာ။ သူများတွက်လို့ ကိုယ့်စေတနာကို သိပါ့မလား။ အဲဒါ ကိုယ့်စေတနာ ကိုယ့်ဟာကိုယ်တွက်ရင် သိနိုင်လျက်နဲ့ ဟိုလူ့သွားမေးရ၊ ဒီလူ့သွားမေးရ ဘယ့်နှယ်ကြောင့် သူများသွားသွားပြီး ကိုယ့်စေတနာကို မေးနေရတာလဲ၊ ကံကောင်းကံဆိုး သူများကို မမေးနဲ့၊ ကိုယ့်ကိုယ်ကိုမေး။

## သင်္ဘောဝမ်းကြီး မပေါက်ပါစေနဲ့

စေတနာထဲ **လောဘဝင်ရင်တော့ ငါရဖို့ချည်း** အားစိုက်တော့မှာပဲ။ ဒီစေတနာထဲ **ဒေါသဝင်ရင်** သူတစ်ပါးကို **ညှဉ်းဆဲဖို့ချည်း** အားစိုက်တော့မှာပဲ၊ စီမံတော့မှာပဲ။ စေတနာထဲ **မောဟဝင်ရင်တော့ မိုက်မိုက်မဲမဲ** အားစိုက်ခြင်း၊ စီမံခြင်း၊ စေ့ဆော်ခြင်းဆိုတာတွေကို လုပ်တော့မှာပဲ။ အဲဒီ တော့ ဘာဖြစ်တာလဲ၊ **သင်္ဘောဝမ်းကြီး ပေါက်သွားတော့တာပေါ့**။

## ဗုဒ္ဓဗေဒင်

ပရိသတ်တွေ ဗေဒင်တွက်တတ်ချင်သလား၊ တွက်ပေါ့။ ဒီကနေ့ ကစပြီး တွက်ကြဖို့ ကိုယ့်ဟာကိုယ်တွက်ကြ၊ ငါ့စေတနာ ဘယ်လောက် ကောင်းသလဲ၊ ငါဟာ လောကွဲကြီးကို စီးလာမိပြီလား၊ ဗုဒ္ဓဗေဒင်က ဒီလိုတွက်တာ။

မိမိတို့ကိုယ်ကို မှီခိုကြပါ။ မိမိတို့ကိုယ်ကို ကိုးကွယ်ကြပါ။ ဓမ္မဆိုတဲ့ ဒီစိတ်စေသသိက်တွေရဲ့ သဘောတရားတွေကို မှီခိုကြပါ။ ကိုးကွယ်ကြပါ။ အားကိုးကြပါလို့ မြတ်ဗုဒ္ဓက ပြောထားတယ်။

## စေတနာကို စောင့်ကြည့်ပါ

"စေတနာက ဟို-မိုးကောင်းကင်၊ နေထဲ၊ လထဲ၊ နက္ခတ်ထဲ ရှိတာလား၊ ကိုယ့်နှလုံးသားထဲ ရှိတာလား"

ဒီတော့ ကောင်းကင်ပေါ်သွားပြီး မတွက်နဲ့တော့၊ နေ လ နက္ခတ် တာရာတွေကို သွားပြီးတော့ ရှိမခိုးနဲ့တော့၊ မလိုတော့ဘူး။ ငါ့ စေတနာဟာ ငါ့ နှလုံးသားထဲမှာ ရှိတယ်ဆိုတာကို လက်ခံထားတဲ့အချိန်ကစပြီးတော့ စေတနာကို စောင့်ကြည့်ကြပါ။

သတိနဲ့ စောင့်ကြည့်ရမယ်။ ပညာနဲ့ စိစစ်ရမယ်။

## စေတနာနဲ့တွက်ကိန်း

သတိပညာနဲ့ စေတနာကို စောင့်ကြည့်လို့ရှိရင် ငါ ကံဆိုးတယ်၊ ကံကောင်းတယ်ဆိုတာကို ကိုယ့်ဟာကိုယ်ကြည့်လို့ တွက်လို့ ရပါတယ်။

## မကြွားပါနဲ့

ပရိယတ္တိကျမ်းဂန်ကို မိမိ ဘယ်လောက်တတ်ပါတယ်လို့ လာဘ သက္ကာရ သိလောကကို ငဲ့ပြီးတော့ ကြွားလိုသောစိတ်နဲ့ မပြောရဘူး။ သိုသိပ်ထားရမယ်။ ကျစ်လျစ်ရမယ်။ ဒါ သူတော်ကောင်းလမ်းစဉ်ပဲ။ သူတော်ကောင်းမှန်ရင် မိမိရရှိထားတဲ့ဉာဏ်ကို ဈာန်တို့ မဂ်ဖိုလ်တို့ကို ပရိသတ်ကို မပြောရဘူး။ သိုသိပ်ရမယ်။ ကျစ်လျစ်ရမယ်။

## ဘုရားလောင်းနဲ့ မဂ်ဖိုလ်

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ပြီးရင်လည်း ဘုရား မဖြစ်တော့ဘူး။ သေချာတယ်။

ဘုရားအလောင်းဆိုရင်လည်း ဘာမဂ် ဘာဖိုလ်မှ ယူကို မယူ ရဘူး။ ဘုရားဆုပန်ပြီး ဆုပန်တာတွေပြည့်မှ မဂ်ဖိုလ်လေးပါးကို အားလုံး ယူကြတယ်။

## သီလ အဆင့်အတန်း

ရဟန်းတော်တွေကျ (၂၂၇)။ ဘိက္ခုနီတွေကျတော့ သိက္ခာပုဒ် (၃၀၀) ကျော်တယ်။

အဲဒါတွေဟာ အိမ်နေသူ လူ ဒကာ ဒကာမတွေ ပုဆိုးနဲ့ ထဘီနဲ့ အိမ်မှာ ကျင့်ခွင့်မရတဲ့ သီလတွေဖြစ်တယ်။

## သာသနာတိုးချဲ့ ပြုစွမ်းနိုင်သူ

အိမ်နေသူ လူ ဒကာ ဒကာမတွေဟာ ပစ္စည်းဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ၊ တရားအားထုတ်လို့ အနာဂါမ်ပဲ တည်တယ်၊ သာသနာမှာ အထောက်အပံ့ အကူအညီလောက်သာပဲဖြစ်ပါတယ်။ သာသနာကို တိုးချဲ့ပြုစုရာမှာတော့ ရဟန်းတော်များမှ စွမ်းနိုင်ပါတယ်။

## အလိုနည်းပါစေ

ပစ္စည်းနဲ့ ပတ်သက်လို့ အလိုနည်းရမယ်။

## မြန်မာပြည်ရဲ့ အဦးဆုံးသာသနာပြု ပုဂ္ဂိုလ်နှစ်ဦး

မြန်မာပြည် သာသနာပြုခဲ့တဲ့ ရှင်သောဏနဲ့ ရှင်ဥတ္တရ ရဟန္တာ မထေရ်ကြီးနှစ်ပါးတို့ရဲ့ကျေးဇူးကို မမေ့ကြနဲ့။ တကယ် သာသနာပြုသွားခဲ့ကြတဲ့ မထေရ်သူမြတ်တွေရဲ့ ကျေးဇူးကြောင့် ဒီကနေ့ တို့တစ်တွေ သာသနာနဲ့ တွေ့နေကြရတာ ဖြစ်တယ်။

## အရိယာနဲ့ အပ္ပိစ္ဆဂုဏ်

အရိယာစင်စစ်မှန်ခဲ့ရင် **အပ္ပိစ္ဆဂုဏ်**နဲ့ ပြည့်စုံလို့ **အလိုနည်း**တော်မူတဲ့အတွက်ကြောင့် မိမိတို့ တရားထူးကို ဘယ်တော့မှ ထုတ်ဖော်မပြောဘူး။

## ပုထုဇဉ်ရဟန်းကို အရိယာ ဒကာ ဒကာမတွေ ဘာကြောင့် ရှိခိုးရသလဲ

ပုဂ္ဂိုလ်နဲ့ တရား ဘယ်အရာက မြတ်သလဲ၊ တရားက မြတ်ရင် အရိယာ ဒကာ ဒကာမတွေက ပုထုဇဉ်ရဟန်းတွေကို ရှိခိုးဖို့ မလိုတော့ဘူး။ ပုဂ္ဂိုလ်က မြတ်တယ်ဆိုရင်လည်း တပည့်တော်တို့ အရိယာ ဒကာ ဒကာမတွေက ပုထုဇဉ်ကို ရှိခိုးကြရမှာလားဆိုတဲ့ ပြဿနာမှာ-

(၁) အသွင်နှစ်မျိုးကိုက ပူဇော်ထိုက်လို့ ရှိခိုးရတယ်။

(၂) သီလအနေနဲ့ကိုက အလွန်တရာ သာလွန်နေတဲ့အတွက်ကြောင့် ဒကာ ဒကာမတွေက ရှိခိုးရတယ်။

(၃) ရှင်ပြုခြင်း၊ ရဟန်းခံခြင်းဆိုတဲ့ သာသနာတိုးချဲ့နိုင်မှု အခွင့်အရေးဟာ ရဟန်းတော်တွေရဲ့ လက်ထဲမှာသာရှိပါတယ်။ ရှင်ဘုရင်တွေပင် မလုပ်နိုင်တဲ့ အခွင့်အရေးကြီးပါ။

ဒါကြောင့် ပုထုဇဉ်ရဟန်းတွေပင် ဖြစ်ပေမယ့် အရိယာ ဒကာ ဒကာမတွေက ရှိခိုးကြရတယ်။

## ချစ်သူနဲ့ မခွဲချင်ရင်

ချစ်တဲ့သူနဲ့ ခွဲရတာကို **မကြိုက်ရင်** အစကတည်းက ချစ်တဲ့သူနဲ့ **မပေါင်းပါနဲ့**။

## သောတာပန် ဒါတွေပယ်

သောတာပတ္တိမဂ်ဉာဏ်သည် သုံးခုသော သံယောဇဉ်တွေကိုပယ်တယ်။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာနဲ့ သီလဗ္ဗတပရာမာသသံယောဇဉ်တွေပါ။

## သုခလမ်းညွှန်

ချစ်တာက တဏှာ**လောဘ**၊ မုန်းတာက **ဒေါသ**။ အဲဒီ တဏှာ၊ လောဘ၊ ဒေါသကင်းရင် (အချစ် အမုန်းတွေ ကင်းရင်) ချမ်းသာရာရပြီ။

## လောကကြီးကို ချုံ့လိုက်ရင်

လောကကြီး ကျယ်ချင်တိုင်း ကျယ်ပါစေ။ စုလိုက်ရင် ခန္ဓာငါးပါးမှာ အကုန်ဝင်တယ်။ ဘုံသုံးဆယ့်တစ်အနေနဲ့ များချင်တိုင်းများ သတ္တဝါ အမျိုးအစားတွေအနေနဲ့ များချင်တိုင်း များပါစေ၊ သတ္တာဝါသ ဝိညာဏဋ္ဌိတိ၊ ဘယ်လိုပဲပြောပြော စုလိုက်လို့ရှိရင် ဒီငါးခုထဲ အကုန်လုံးဝင်တယ်။

## စိတ္တဝိဝေက ဆိုတာ

စိတ်ထဲ အာရုံငါးပါး အပေါင်းအဖော်နဲ့ ကိလေသာ အပေါင်းအဖော်တွေကို အကုန်လုံး ပယ်ပစ်လိုက်ပြီး တစ်ခုတည်းသော အာရုံမှာ စိတ်ကလေး ငြိမ်ပြီး ဧကဂ္ဂတာဖြစ်နေတာကို စိတ္တဝိဝေကလို့ ခေါ်တယ်။

## အရှိကို အရှိအတိုင်းမြင်ပါ

လူနဲ့ ငါတို့ အတ္တတို့ဆိုတာက မရှိတဲ့ တရားတွေပါ။ တကယ်ရှိနေတာက သင်္ခါရဆိုတဲ့ ခန္ဓာငါးပါးပဲ။ ဒီသင်္ခါရ ဆိုတဲ့ တကယ်အရှိကို အရှိအတိုင်းမြင်ရင် သူလို့ ငါလို့ ထင်နေတဲ့ အတ္တအယူဟာ အလိုလိုစင်သွားတာပေါ့။

## အိမ်နေသူတွေ မကျင့်သုံးနိုင်တဲ့ သီလ

ရဟန်း ယောက်ျားပဲဖြစ်ဖြစ်၊ ရဟန်းမတွေပဲဖြစ်ဖြစ် လူနဲ့သာယှဉ်ရင် သိက္ခာအနေနဲ့ လူတွေထက်သာပြီးသားမို့ အိမ်နေသူ ဒကာ ဒကာမတွေ မကျင့်သုံးနိုင်တဲ့ သီလကို အဲဒီ ရဟန်းတွေက ကျင့်သုံးထားပြီ။

## ရုပ်ရဲ့ သဘော

ဘယ်ရုပ်ကိုပဲကြည့်ကြည့် ဖောက်ပြန်တဲ့သဘောဟာ အားလုံးမှာ ရှိတယ်။

## ဝေဒနာနဲ့ ငါ ခွဲထား

ဝေဒနာနဲ့ ငါ ခွဲထား၊ ဝေဒနာနဲ့ငါ အတူတူ အလုပ်လုပ်ရင် တော်ကြာ ငါ **မသက်သာဘူး** ဆိုတာ ဖြစ်လာမယ်။

## ကာမရဲ့ အကျိုးပေး

ကာမကိုကြိုက်တဲ့ တဏှာဟာ အဲဒီကာမ ပျက်စီးတဲ့နေ့မှာ ဒုက္ခ ဖြစ်လာလိမ့်မယ်။

## တဏှာရှိရင် တုန်လှုပ်မယ်

ဘဝတဏှာသမားဟာ ဘဝပျက်မိရင် တုန်လှုပ်တယ်။ ဝိဘဝ တဏှာသမားက ဘဝဖြစ်ရင် တုန်လှုပ်တယ်။

## အန္တပုထုဇဉ်

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဆိုတဲ့ စကားကို မကြား

ဖူးဘူး၊ နားမလည်ဘူး၊ မမှတ်သားဖူးဘူးဆိုရင် အဲဒီလူ ပရမတ္တဉာဏ် မျက်စိကန်းနေပြီ။ ဒါမျိုးကို အန္ဓပုထုဇဉ်မျိုးလို့ ခေါ်ရမယ်။

## အန္ဓမှ ကလျာဏသို့

ဆရာတော် သံဃာတော်များ တရားဟောတဲ့အခါ စိတ်၊ စေတသိက်၊ ရုပ်တို့ကို သဒ္ဒါသန်သန်၊ စေတနာသန်သန်များ သိပ်ဟော နေရင် နားမလည်တဲ့ စကားတွေ ငြီးငွေ့စရာ ကောင်းလိုက်တာလို့ သဘော မထားကြနဲ့၊ ကြိုးစားပြီး နားထောင် မှတ်သားကြပါ။ ဒါမှ အန္ဓဉာဏ် မျက်စိကန်းတဲ့ ဘဝကနေ ကလျာဏအဖြစ်ကို ရောက်လိမ့်မယ်။

## အန္ဓပုထုဇဉ်နဲ့ ကျင့်သုံးမှု

အရိယာ သူတော်ကောင်းတွေရဲ့ စကားကို မကြားဖူးတဲ့ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အရိယာသူတော်ကောင်းတွေကို ဖူးလေ့မရှိပါဘူး။ သူလည်း ရုပ်နာမ်နှစ်ပါး ကိုယ်လည်း ရုပ်နာမ်နှစ်ပါးမို့ ဘာမှမထူးပါဘူး လို့တောင် ပြောတတ်ပါသေးသတဲ့။

## ခန္ဓာအိမ်ကြီး တင့်တယ်သလား

ခန္ဓာအိမ်ကြီးကို ကြိမ်ဖန်များစွာ ဆောက်လာခဲ့တဲ့ တဏှာဒိဋ္ဌိဆိုတဲ့ လက်သမားတွေက ခန္ဓာအိမ်ကြီးဟာ တင့်တယ်တယ်။ တင့်တယ်တယ်လို့ ပြောတယ်။

## လူနဲ့ အရိပ်

လူတစ်ဦးချင်းစီရဲ့ မျက်နှာမှာ ထင်နေတဲ့အရိပ်တွေဟာ လောဘ ရိပ်၊ ဒေါသရိပ်၊ မောဟရိပ်၊ မာနရိပ်၊ ဒိဋ္ဌိအရိပ်၊ ဣဿာအရိပ်၊ မစ္ဆရိယ အရိပ်စတဲ့ အရိပ်တွေပဲ ဖြစ်တယ်။

## ခန္ဓာနဲ့ ဥပါဒါန်

ဥပါဒါန်ဟာ ခန္ဓာမဟုတ်၊ ခန္ဓာဟာ ဥပါဒါန်မဟုတ်၊ ခန္ဓာမှ ကင်းပြီးတော့လည်း ဥပါဒါန်မဖြစ်နိုင်ဘူး။

## အတ္တဆိုတာ

အတ္တကိုမြင်ဖို့ မလိုဘူး။ အတ္တဟာ ရှိကိုမရှိတဲ့အတွက်ကြောင့် မြင်စရာလည်း မလိုဘူး။ ရှုစရာလည်း မလိုဘူး။

## ခန္ဓာအိမ်က တဏှာမီး

ခန္ဓာနဲ့ ခန္ဓာရဲ့ ပျက်စီးမှုကိုမြင်ရင် တဏှာဒိဋ္ဌိစင်ပြီး ခန္ဓာအိမ်ကို စွဲလောင်နေတဲ့ တဏှာမီးငြိမ်းလို့ သက်သာရတယ်။

## မဂ်ဖိုလ်ကို ရချင်တယ်ဆိုရင်

**သီလ**ဆိုတာ **ဆောက်တည်**ယူရတယ်။ **သမာဓိ**ဆိုတာ **ပွားများ** ယူရတယ်။ **ပညာ**ဆိုတာ **အားထုတ်**ယူရတယ်။ သီလ၊ သမာဓိ၊ ပညာစုံမှ မဂ်ဖိုလ်ကို ရနိုင်တယ်။

## သမာဓိရဲ့ အခြေခံ

သတိ၊ ဝီရိယနှစ်ခုကို အခြေခံမှ သမာဓိဖြစ်ပါတယ်။ သတိဟာ သမာဓိရဲ့ အကြောင်းရင်းပဲ၊ ဝီရိယကတော့ သမာဓိရဲ့ အကူအညီပေါ့။

## ဝိပဿနာ ရှုတယ်ဆိုတာ

အပူအအေးတို့ကြောင့် ဖောက်ပြန်တာကို ဘယ်သူ့ လက္ခဏာလို့ မှတ်ကြမလဲ။

ရုပ်ရဲ့ လက္ခဏာနော်၊ အဲဒီ ဖောက်ပြန်တယ်ဆိုတဲ့ သဘော လက္ခဏာဟာ ထင်ရှားရှိသလား၊ မရှိဘူးလားဆိုရင် ထင်ရှားရှိနေတယ်။ ထင်ရှားရှိနေတာကို ရှုခြင်းဟာ အဲဒါ ဝိပဿနာပါပဲ။

## သောတာပန်နဲ့ ခန္ဓာဖြစ်ခွင့်

သောတာပန်တို့ရဲ့ သံသရာဟာ အပါယ်သံသရာတော့ မရှိတော့ဘူး။ အပါယ်ခန္ဓာတော့ မရှိတော့ဘူး။ ဒါပေမဲ့ ဟောဒီ ကာမသုဂတိ ဘုံမှာ ခန္ဓာတော့ သူ ဖြစ်နိုင်ခွင့်ရှိသေးတယ်။

## တောင့်တ ကြောင့်ကြမှုတွေ ရှိနေတယ်

ဖောက်ပြန်တဲ့သဘောဟာ တက်လိုက် ကျလိုက်နဲ့ တယ်နိုပ်စက်တယ်လို့ သဘောကျမှ တောင့်တမှုကင်းတယ်။ တောင့်တမှုကင်းရင် ကြောင့်ကြမှု ကင်းတယ်။ တောင့်တမှု ကြောင့်ကြမှု မပြေပျောက်သေးသမျှတော့ မသက်သာဘူး မှတ်ထား။ **တောင့်တတာက တဏှာ၊ ကြောင့်ကြတာက ဒေါသ**။

## အရိယာနဲ့ ဂုဏ်သိက္ခာ

တရားအားထုတ်ထားလို့ ဘယ်ဉာဏ်ရောက်ပြီလဲ။ဘယ်မဂ်ဖိုလ်ဆိုက်ပြီလဲလို့ ဒီလိုမေးလိုက်လို့ရှိရင် ဖြေတဲ့ပုဂ္ဂိုလ် ''ဟာ-ကျုပ်အားထုတ်ထားတာ ဘယ်ဉာဏ်ရောက်ပါပြီ၊ ဘယ် မဂ်ဖိုလ်ဆိုက်ပါပြီ''လို့ ဖြေလိုက်ရင် မိမိရရှိထားတဲ့ အဓိဂမလို့ ဆိုရတဲ့ တရားထူးတရားမြတ်ကို ထုတ်ဖော်ကြေငြာရာရောက်တယ်။ ကိုယ်ရရှိထားတဲ့ တရားထူး တရားမြတ်ကို ထုတ်ဖော်ကြေငြာခြင်းဖြင့် အရိယာတို့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားတော့တာပါပဲ။

## ရုပ်နဲ့ ဒုက္ခ

ရုပ်ကိုနှစ်သက်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခကို နှစ်သက်နေတာပါပဲ။ ရုပ်ကို မျှော်လင့်ရင် ဒုက္ခကို မျှော်လင့်တာနဲ့ အတူတူပါပဲ။

## တရားလိုလားတဲ့ ပုဂ္ဂိုလ်နဲ့ ကျင့်သုံးမှု

ငါ့ရဲ့ တရားအကျင့်တွေကို လူမြင်ပြီးတော့ ပစ္စည်းလေးပါး လာဘ်လာဘနဲ့ ပူဇော်သက္ကာရတွေ မလာပါစေနဲ့။ ငါ့အကျင့်ကို လူမသိပါစေနဲ့ ဆိုပြီး သိုသိပ်ကျစ်လျစ်တဲ့ သဘောဟာ **စုတင်္ဂအပွိစ္ဆ** ခေါ်ပါတယ်။ တရားတကယ် လိုလားတဲ့ ပုဂ္ဂိုလ်များဟာ ဒီလိုပဲ ကျင့်သုံးကြတယ်။ သိုသိပ်ကြတယ်။

## ပုထုဇဉ်စိတ်ဆိုတာ တောမျောက်လို

ပုထုဇဉ်စိတ်ဆိုတာ တောမျောက်လိုပဲ၊ တောမျောက်ဟာ တစ်ပင်

ပြီးတစ်ပင် ခုန်နေတယ်။ ဘယ်အပင်မှာမှ ငြိမ်ငြိမ်နေလေ့မရှိဘူး။ ပုထုဇဉ် တို့ရဲ့ စိတ်ဆိုတာဟာလည်းပဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာ ဝိတက်၊ ဉာတိဝိတက်၊ ဇနပဒဝိတက်၊ လာဘသက္ကာရ သိလောက ပဋိသံယုတ္တဝိတက်၊ အနဝညတ္တိ ပဋိသံယုတ္တဝိတက်၊ အမရာဝိတက်၊ ပရာနုဒ္ဒယ ဝိတက်ဆိုတဲ့ မိစ္ဆာဝိတက် ကိုးပါးတွေနဲ့ နှိပ်စက်ပြီးတော့ စိတ်ဟာ တောမျောက်လို တစ်အာရုံပြီး တစ်အာရုံ တစ်အာရုံပြီး တစ်အာရုံ ခုန်ပျံပြီးတော့နေတတ်တာ။

## ကာယာနုပဿနာ

ပူတယ်၊ အေးတယ်ဆိုတဲ့ ရုပ်တစ်ခုဟာ တကယ် အထင်အရှား ရှိနေတယ်။ ဗဟိဒ္ဓမှာလည်း ရှိတယ်။ အဇ္ဈတ္တမှာ လည်း ရှိတယ်။ အဲဒီ အပူအအေးတွေ စုပေါင်းနေတာကို ကာယလို့ခေါ်တယ်။ ဒီကာယကို ရှုနေတာသည်ပင် ဝိပဿနာပါပဲ။ **ကာယကို ရှုတာ** အဲဒါ **ကာယာ နုပဿနာ** တဲ့။

## တဏှာရဲ့ လက်သည်

အဖြစ်တရားမှန်ရင် ဒုက္ခတရားတွေလို့ နားလည်ထားရမယ်။ ဒုက္ခ တရားတွေ ဖြစ်ပေါ်တာကို လိုလားတာမှန်သမျှ **တဏှာ** ပဲ။

## ငါ ဝင်မလာပါစေနဲ့

ထင်ရှားရှိနေတဲ့ ရုပ်တရားပေါ်မှာ ထင်ရှားမရှိတဲ့ ငါ ပူတာ၊ ငါ အေးတာဆိုတာ အဲဒီ ''ငါ''ဆိုတဲ့ တရားတင်လာတဲ့သူမှာ ဒိဋ္ဌိဝင်လာ ပြီ။ အဲဒီ ငါဆိုတဲ့ ဒိဋ္ဌိဝင်မလာအောင် တေဇောကို တေဇောအတိုင်းရှုရင် ဒိဋ္ဌိစင်တယ်။

## လက္ခဏာရေးသုံးပါးနဲ့ ခန္ဓာ

အနိစ္စဆိုတာလည်း ခန္ဓာ၊ ဒုက္ခဆိုတာလည်း ခန္ဓာ၊ အတူတူပဲ၊ ခန္ဓာကို တွေ့ရင် အနိစ္စကို ဆက်တိုက်တွေ့ရမယ်။ ခန္ဓာကိုတွေ့ရင် ဒုက္ခကိုလည်း ဆက်တိုက်တွေ့ရမယ်။ ခန္ဓာကိုတွေ့ရင် အနတ္တဆိုတာလည်း

တွေ့ရမယ်။ သဘောက အနိစ္စဆိုတာ ခန္ဓာ၊ ဒုက္ခဆိုတာ ခန္ဓာ၊ အနတ္တဆိုတာ ခန္ဓာ။

## အနတ္တလက္ခဏာ ထင်အောင်

အပေါင်းအစုကြီးကို အစိတ်အစိတ်ခွဲရှုရင် သက္ကာယပေါ်မှာ အတ္တဒိဋ္ဌိစင်သွားတယ်။ ဃနပြိုအောင် ဖြိုခြင်းဖြင့် သက္ကာယဒိဋ္ဌိကို ပယ်ပါတယ်။ အဲဒီအခါ အနတ္တလက္ခဏာ အသေအချာထင်ပြီ။

## ကာမဂုဏ် ဒုက္ခ

ကာမတပ်မက်တဲ့ တဏှာရှိတဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်တဏှာကြောင့် ဒုက္ခရောက်တယ်။ ဘဝတပ်မက်တဲ့ တဏှာရှိတဲ့ပုဂ္ဂိုလ်ဟာ ဘဝပျက်ရင် ဒုက္ခဖြစ်တယ်။ ကာမဂုဏ်ကြိုက်တဲ့ တဏှာသမားတွေက ကာမဂုဏ်တွေ ပျက်ရင် သူတို့ ဒုက္ခဖြစ်တာပဲ။

## ဦးဆောင်မှု မှန်ပါစေ

ဒီကနေ့ခေတ်က တယ်ငြင်းချင်တာ၊ ရုပ်သမားတွေက ဒို့ရုပ်က ဦးဆောင်တာတဲ့၊ ရုပ်က ဦးဆောင်တယ်ဆိုရင် လှေချည့် ဒီအတိုင်း လွှတ်လိုက်၊ ဟိုဘက်ကမ်းကို မရောက်ဘူးနော်။ နာမ်က ဦးဆောင်တယ်ဆိုရင် လှေမပါဘဲနဲ့ လူချည်းကူးကြ။ မြုပ်မှာပဲ။

## အရိယာနဲ့ ပဟာနကိစ္စ

သောတာပန် သကဒါဂါမ်က ဒုစရိုက်မဖြစ်ရုံလောက်သာ စွန့်နိုင်တယ်။ အနာဂါမ်ပုဂ္ဂိုလ်တွေက ကာမဂုဏ်ကို မကြိုက်ရုံလောက်ပဲ စွန့်နိုင်တယ်။ ဘဝနဲ့ ခန္ဓာတော့ကြိုက်သေးတယ်။ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ အကုန်လုံး တစ်ပြုလုံး မကျန်အောင် စွန့်တယ်။

## တကယ့် အရှိတရား

အကျဉ်းချုံးရင် ထင်ရှားရှိနေတာဟာ ဒီရုပ်နာမ် နှစ်ပါးပဲ။ တကယ်ထင်ရှားရှိနေတာဟာ ဒီတရားနှစ်ပါးပဲနော်။ တခြား "ဖန်ဆင်း

ရှင်'' တို့၊ ''အတ္တ''တို့၊ ''ဇီဝ''တို့၊ ''လိပ်ပြာ''တို့၊ ကောင်းကင်ဘုံက တစ်စုံတစ်ခုတို့ စတာတွေ ဘာမှမရှိဘူး။ အရှိတရားက ဒီ ရုပ်နာမ်နှစ်ပါးပဲ။

## ရှုပွားခြင်း ရလာဒ်

ရုပ်၊ ဝေဒနာ၊ ဝိညာဏ်တို့ကို ရှုလို့ ထင်ရှားလာလေလေ သက္ကာယဒိဋ္ဌိက ပျောက်ပျောက်သွားလေလေပဲ၊ သက္ကာဝါ ပျောက်ပျောက်သွားလေလေ ခုနက ရုပ်တွေ၊ ဝေဒနာတွေ၊ ဝင်လေလေ ထင်ထင် ထင်ထင်လာလေလေပဲ၊ အဲဒီ အထင် အားသန်လာရင် **သမ္မာဒိဋ္ဌိ** ဖြစ်ပြီး ''သက္ကာယဒိဋ္ဌိ'' ကြီး ပျောက်သွားတယ်။

**သီတဂူအဆိုအမိန့်များ ပြီးပါပြီ။**

ဓမ္မဒါန အလှူရှင်

ဤစာအုပ်ကို

ရွှေဟင်္သာဆရာတော်ဘုရားကြီး

သီတဂူဆရာတော် နှင့်

ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ တို့အား

ပူဇော်သောအားဖြင့်

အရှင် ဆန္ဒာဓိက

( ရွှေပါရမီတောရ)

က

ကုန်ကျစရိတ် အားလုံး

မ, တည် လှူဒါန်း ပူဇော်ပါသည်။

| သာသနာတော်နှစ် | မြန်မာသက္ကရာဇ် | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၅၅ | ၁၃၇၃ | ၂၀၁၁ |

# စစ်ကိုင်းရွှေဟင်္သာ စိန်ရတုသဘင် အမှတ်တရ